

ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်

ချင်းခရစ်ယာန်ရာပြည့်ခမ္မာသဘင်

၁၉-၂၂ မတ်လ ၂၀၀၄၊ ခေါ်ဆ

ချင်းခရစ်ယာန်ရာပြည့်မဂ္ဂဇင်း

၁၉၀၄ - ၂၀၀၄

Jesus Our Light

John 1:5

Vum 2004



ZBC Officers' Council (2001-2004)

Sitting: Revd. J. Tial Dum (Vice President 1), Revd. M. Thawng Kam (President),
L to R Revd. E. Hlawn Piang (Gen. Secretary), Revd. T. Sang Kham (Asso. Gen. Secretary),
Revd. Do Sian Thang (ZTC Principal), Revd. P. Tum Ceu (Asst. Treasurer).

Standing: Revd. Pa Hrang Hmung (E&M Secy.), Pr. Elly Mang (C.E.Secy.), Pr. Man Hau Cing (WF Secy),
L to R Revd. Kai Khan Lian (Youth Secy.), Revd. S. Thi Bil (Treasurer).



Chin Christian Centenary Central Committee (CCCCC)



ချင်းခရစ်ယာန်ရာပြည့်မဂ္ဂဇင်း

၁၉၀၄ - ၂၀၀၄

Jesus Our Light

John 1:5

ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့.ချုပ်
ချင်းခရစ်ယာန်ရာပြည့်ဓမ္မသဘင်
၀၉ -၂၂ မတ်လ ၂၀၀၄၊ ခေါ်ဆ

မြန်မာနိုင်ငံ ခရစ်ယာန် သဘင်းတော်များ ကောင်စီ

THE MYANMAR COUNCIL OF CHURCHES
ECUMENICAL SHARING CENTRE
601, Pyay Road, University P.O., Yangon 11041, Myanmar.
G P.O. Box 1400, Cable - OIKOUMENE, YANGON.
E-mail: oikom@yangon.net.mm **Phone** 537957
513579

သဝဏ်လွှာ

စာအမှတ် ။ ၂၄ / မခသက / အုပ်ချုပ်ရေး
ရက်စွဲ ။ ၂၀၀၄ ခု ၊ ဖေဖော်ဝါရီလ (၂) ရက်

အိုထာဝရဘုရား၊ အကျွန်ုပ်သည် စိတ်နှလုံးအကြွင်းမဲ့ ကိုယ်တော်ကိုချီးမွမ်းပါမည်။ အံ့ဘွယ်သော အမှုတော် ရှိသမျှတို့.ကိုပြည့်စုံပါမည်။ ကိုယ်တော်ကိုအမှီပြု၍ ဝမ်းသာရွှင်လန်းပါမည်။ နာမတော်ကို ထောမနာသီချင်း ဆိုပါမည်။ အမြင့်ဆုံးသောဘုရား။ (ဆာလံ ၉း၁-၂)

ချင်းခရစ်ယာန်သာသနာ နှစ်ပေါင်းတစ်ရာတိုင်အောင် လမ်းပြပို့.ဆောင်တော်မူသော ထာဝရဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းအပ်ပါသည်။ နာမတော်သည် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူ စေသတည်း။

ဇုံမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့.ချုပ်၏ ချင်းခရစ်ယာန်ရာပြည့်ဓမ္မသဘင်ပွဲတော် အစီအစဉ်ကို ဘုရားသခင် ကောင်းချီးပေးတော်မူပါစေ။ အနာဂတ်ချင်းခရစ်ယာန်သာသနာကိုလည်း ဘုရားသခင် ဆက်လက် လမ်းပြကောင်းချီး ပေးတော်မူပါစေ။ ဘုရားသခင်အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့. ချင်းလူမျိုးများအပေါ်၌ ပြည့်စုံလျက်၊ နာမတော်ဘုန်းတော်ထင်ရှားတော်မူပါစေ။ အာမင်။

(သီကွာတော်ရဆရာစမစ်ဇူလီဇထောင်း)
အထွေထွေအတွင်းရေးမှူး

မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ် အထွေထွေအတွင်းရေးမှူး သိကွာတော်ရဆရာဦးဇောဒီထူးလွမ် ၏နှုတ်ခွန်းဆက်သခြင်း

၁၉၀၅ခုနှစ်၊ မေလ(၁၁)ရက်နေ့တွင် ဒေါက်တာအီး(စ်)(East) သည် ချင်းအမျိုးသားထဲမှ ဦးထွမ်းဟန်(Thuam Hang) နှင့်ဦးပေါင်စွမ်း (Pau Suan) နှင့်သူတို့၏ဇနီးများကို ခေါ်ဆနှင့် ထုတ်လိုင်ကြားရှိရေအိုင်တွင် နှစ်ခြင်းမင်္ဂလာကိုပေးခဲ့ပါသည်။ သို့သော် ၁၉၀၄ခုနှစ်ကစပြီး ၄င်းတို့သည် သခင်ခရစ်တော်ကို လက်ခံယုံကြည်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ၁၉၅၄ခုနှစ်တွင် ခေါ်ဆကျေးရွာတွင် ပထမဦးဆုံးနှစ်ခြင်းမင်္ဂလာခံယူကြသော ချင်းအမျိုးသားများကို သတိရအောက်မေ့ဖို့ရန် အနှစ် (၅၀)ပြည့် ယုဘိလပွဲတော်ကို ကျင်းပခဲ့ပါသည်။ ၄င်းနှစ်တွင်ပင်လျှင် ဇက်ဘီစီ၏အခြေခံစည်းမျဉ်း (Constitution) ကိုကျင့်သုံးသွားရန် လက်ခံအတည်ပြုခဲ့ပါသည်။ ဇက်ဘီစီကို တီးတိန်၊ ဖလမ်း၊ ဟားခါး နှင့် ကလေးချိုင့်ဝှမ်းနယ်အသင်းတော်များအဖွဲ့များဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ယခုနှစ် ၂၀၀၄ခုနှစ်တွင်လည်း ချင်းအမျိုးသားထဲမှ ပထမဦးဆုံးနှစ်ခြင်းမင်္ဂလာ ခံယူကြသောသူများ၏ အနှစ် (၁၀၀)ပြည့် ရာပြည့်ဓမ္မသဘင်ကြီးကို ခေါ်ဆကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပနိုင်ရန် ပြင်ဆင်လျက် ရှိနေပါသည်။

ချင်းနှစ်ခြင်းခရစ်ယာန်သာသနာ အနှစ် (၁၀၀)ပြည့်မြောက်သော အချိန်အခါသမယတွင် လွန်ခဲ့သောအတိတ်ကာလ၌ ခရစ်တော်၏သတင်းတော်ကို တည်ဆောက်ဦးဆောင်ခဲ့သောချင်းနှစ်ခြင်း သာသနာ့ခေါင်းဆောင်များနှင့် သာသနာပြုဆရာကြီးများ၏ဆက်ကပ်လုပ်ဆောင်မှုကို ပြန်လည် သတိရကာ ယနေ့ထိသယ်ဆောင်လာခဲ့သော သာသနာအမွေအနှစ်များကို အမွေဆက်ဆံ၍ အနာဂါတ် သာသနာတော်အတွက် သာသနာ့ မီးရှူးတိုင်ကို ကိုင်ဆောင်ပြီးတစ်ကာလ အသစ်တဖန်ခွန်အားယူကာ ရဲရင့်စွာဖြင့် ခရစ်တော်၏နိုင်ငံတော်တျယ်ပြန့်ကြီးပွားတိုးတက်ရေးအတွက် ခရစ်တော်၏နာမ၌ ဆက်လက်ကြိုးပမ်းလုပ်ဆောင်စေလိုပါသည်။

ရာပြည့်ဓမ္မသဘင်ကို ဆင်နွှဲကျင်းပနေချိန်တွင် ချင်းနှစ်ခြင်းခရစ်ယာန်များ (ဇက်ဘီစီ)သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားနှင့် တစ်လုံးတစ်ဝတည်းရှိ သည်သာမက အခြားညီအစ်ကို ချင်းခရစ်ယာန်များနှင့်လည်း တစ်လုံးတစ်ဝတည်းရှိပြီး မြန်မာ နိုင်ငံ နှစ်ခြင်းအသင်းချုပ်နှင့်လည်း တစ်လုံးတစ်ဝတည်းရှိလျက် မြန်မာနိုင်ငံ၌ဘုရားသခင်၏နိုင်ငံတော် အတွက် ကြိုးပမ်းလုပ်ဆောင်အောင်မြင်မှုရယူနိုင်သောကြောင့် များစွာရွှင်လန်းဂုဏ်မွမ်းနိုင်ကြပါစေ။

ပထမဦးဆုံးသော သာသနာပြုဆရာကြီး အာသာနှင့်လော်ရာကာဆင် (Arthar and Lawra Carson) တို့၏ရွှေကျမ်းချက် (Motto) သည် ယနေ့ချင်းနှစ်ခြင်းခရစ်ယာန်များအတွက်လည်း ခွန်အားနှင့်ပြည့်ဝစေနိုင်ပါသည်။

"ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏" (ဖိလပ္ပိ ၄:၁၃)
" I can do all things through Christ who strengthens me" (Phi 4:13)

ဗိုလ်မှူးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ အမှာစာ

ချင်းဧဝံဂေလိနှစ်တစ်ရာပြည့်ဓမ္မသဘင်ကြီးမှ နှစ်မကြာမြင့်သေးသောအချိန်တွင် ချင်းခရစ်ယာန်ရာပြည့်ဓမ္မသဘင်ကြီး ပြန်လည်ဆင်နွှဲခွင့်ရရှိခြင်းသည် ချင်းလူမျိုးများအတွက် တန်ဖိုးဖြတ်၍မရသော ဘုရားသခင်၏ ကောင်းချီးမင်္ဂလာတစ်ပါးဖြစ်ပါသည်။ ချင်းလူမျိုးများအပေါ် ဘုရားသခင်၏ ကျေးဇူးတော်သည် အလွန်ကြီးမြတ်လှပါသည်။

ကျွန်ုပ်တို့ချင်းလူမျိုးများနေထိုင်ကျက်စားရာ ပြည်နယ်သည် တောင်စွယ်တောင်တန်းကြီးများ၊ ချောင်းကြီး၊ ချောင်းငယ်များကွာခြားမှုကြောင့် ဆက်သွယ်ရေးအလွန်ခက်ခဲသည့် အားလျော်စွာ ဒေသခံများပြောဆိုသောဘာသာ စကားများမှာကွဲယဉ်ဝလှပါသည်။ ဤခြားနားမှုကြောင့် ကျွန်ုပ်တို့၌ရှိအပ်သော တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ထင်ထင်ရှားရှားပေါ်လွင်စေရန် အခွင့်အရေးအလွန်နည်းပါးခဲ့ပါသည်။ အကျယ်အဝန်းအားဖြင့် ကျဉ်းမြောင်းလှသောချင်းပြည်နယ်၊ လူဦးရေအားဖြင့် နည်းပါးလှသော ကျွန်ုပ်တို့ချင်းလူမျိုးများသည် မြို့နယ်ကိုအစွဲပြု၍ လူမျိုးခြားများသဖွယ် ပုံဖော်ပြောဆိုတတ်ကြ ပါသည်။ လုံးဝမှားပါသည်။ အကြောင်းမှာ ချင်းလူမျိုးများသည် တစ်အူတုံဆင်း လူမျိုးတစ်မျိုးတည်းသာဖြစ်ကြောင်းကို အသိပညာခေါင်းလောင်းတီးပေးခြင်းသည် သတင်းကောင်းပင်ဖြစ်ပါသည်။

တဖန် ခရစ်တော်၏သတင်းကောင်းသည် လည်း ချင်းလူမျိုးများအား လူမျိုးတစ်မျိုးတည်းသာဖြစ်ကြောင်းကို အသိပေးနေပါသည်။ ထို့ကြောင့် ချင်းခရစ်ယာန်ရာပြည့်ဓမ္မသဘင်ကြီး သည် အလွန်မွန်မြတ်လှပါသည်။ နှစ်ခြင်း ခရစ်ယာန်များသည် Unity in Diversity ကို လက်ခံယုံကြည်လျက် ကျင့်သုံးနေကြပါသည်။ ၄င်းကို ချင်းခရစ်ယာန်များအားလုံး တစ်လုံး တစ်ဝတည်းဖြစ်ရေးအတွက် အသုံးချ၊ ကျင့်သုံး တတ်ရန် အလွန်အရေးကြီးပါသည်။ သို့သော် အချို့က ကိုယ်ကျိုးအတွက် အသုံးချနေကြသည်မှာ အလွန်ပင် ဝမ်းနည်းစရာဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ချင်းခရစ်ယာန်များသည် ထာဝရမြဲမြံခြင်းဆီသို့ ဦးတည်လျက် လှိုင်းလုံးကြီးသဖွယ် အသက်ရှင်လှုပ်ရှားနေမည်သာ ဖြစ်ပါသည်။ ဤရာပြည့်မဂ္ဂဇင်းသည် ၄င်းရေလှိုင်းကို အားဖြည့်ပေးသောအင်အားတစ်ရပ်ဖြစ်ပါစေဟု ဆန္ဒပြုရင်း. . . . ။

သိက္ခာတော်ရဆရာအမ်ထောင်ကမ်း

ဆကားချီး

လွန်ခဲ့သောနှစ်ပေါင်းတစ်ရာအချိန်က အဖက်ဖက်မှအနိုင်ကျင့်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း သာမကဘဲ အမျိုးမျိုးသောညှဉ်းပန်းနှိပ်စက်ခြင်းများစွာခံခဲ့ကြသော ချင်းခရစ်ယာန်များ၏ သားစဉ်မြေးဆက်တို့သည် ယနေ့နှစ်ခြင်း ခရစ်ယာန်များ ဖြစ်ကြပါသည်။ ကနဦး ယုံကြည် သူ ချင်းလူမျိုးများသည် ယုံကြည်ခြင်းခွန်တည်တံ့ ခိုင်မြဲစွာရပ်တည်ကာ ကျောက်ပေါ်၌ တည်ဆောက်ထားသောအိမ်ကဲ့သို့ မရွှေ့မလျားမားမားမတ်မတ်ရပ်တည်ပြီး ဖန်ဆင်းရှင်သခင်အပေါ် သစ္စာရှိသောသူများ ဖြစ်ကြပါသည်။ ထိုသူတို့၏ယုံကြည်ခြင်းကျေးဇူးကို ခံစားရသော သားစဉ်မြေးဆက် ကျွန်တော်/မတို့က ယခုကဲ့သို့ ချင်းခရစ်ယာန်ရာပြည့်ဓမ္မသဘင်ကြီးဆင်နွှဲခြင်း ကျေးဇူးတော်ခံစားနိုင်ခြင်းဖြစ်ပါသည်။

ဤကဲ့သို့ သမိုင်းဖြစ်စဉ်မှတ်တိုင်ကို စိုက်ထူ နိုင်ဖို့ရန် ကနဦးယုံကြည်သူများထားရှိခဲ့သော အမွေအနှစ်ဖြစ်သည့် "ဇိုမီးနှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ်" (ဇက်ဘီစီ)ကို ယနေ့ယုံကြည်သူ နှစ်ခြင်းခရစ်ယာန်များအနေဖြင့် ခေတ်အဆက် ဆက်လက်ဆင့်ကမ်း ထိန်းသိမ်းကြရန် တာဝန်ရှိပါသည်။

ယနေ့သမိုင်းကို ပြုစုရေးသားသော ကျွန်ုပ်တို့ ယုံကြည်သူများသည် နောင်လာနောက် သားများအတွက် ဖတ်၍ကောင်းသောသမိုင်းကို ပြုစုရေးသားနိုင်ကြရန် အလွန်အရေးကြီးလှပါ သည်။ ဘုရားရှင်၏ပေးစာဖြစ်သော ကျွန်ုပ်တို့ ယုံကြည်သူခရစ်ယာန်များသည် စည်းလုံးညီညွတ် ခြင်းရှိမှသာ ကျွန်ုပ်တို့ကိုးကွယ်ယုံကြည်သော ထာဝရဘုရားသည် မယုံကြည်သေးသောသူများ အတွက် အစစ်အမှန်ဖြစ်ကြောင်း ထင်ရှားမည် ဖြစ်ပါသည်။

ဓမ္မသစ်ကျမ်းတွင် သတင်းကောင်း (Gospel) လေးစောင်ရှိသည်ဖြစ်ရာ ချင်းယုံကြည်သူ ခရစ်ယာန်များသည် ပဉ္စမသတင်းကောင်း(The Fifth Gospel) ဖြစ်ကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

(သိက္ခာတော်ရဆရာ အက်ဒွပ်လော်နပြန်း)
အထွေထွေအတွင်းရေးမှူး

ကျေးဇူးတင်လွှာ

ချင်းခရစ်ယာန်နှစ်တစ်ရာပြည့်ဓမ္မသဘင်ပွဲတော်ကြီး၏ အထိမ်းအမှတ်အဖြစ်၊ မဂ္ဂဇင်းထုတ်ဝေခွင့်ရရှိသောကြောင့် ဘုရားရှင်၏ ကျေးဇူးတော်ကို ရှေးဦးစွာ ချီးမွမ်းပါသည်။

ဤရာပြည့် မဂ္ဂဇင်းဖြစ်မြောက်နိုင်ရေး အတွက် မအားမလပ်သည့်ကြားမှ စာမူများ ရေးသားပေးပို့သောစာမူရှင်များအပေါ်၌သော် လည်းကောင်း၊ ငွေရေး၊ ကြေးရေးအားဖြင့် တာဝန်ယူစိုက်ထုတ်ပေးသော စီးယင်းနှစ်ခြင်းခရစ်ယာန် အသင်းတော်(ရန်ကုန်)အပေါ်၌သော်လည်းကောင်း၊ အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

စာမူများသည် စာမူရှင်တစ်ဦးစီ၏အာဘော် သာဖြစ်ပြီး အမည်နာမများသည်လည်း စာမူပေါ် ရေးသားပေးပို့ထားသည့်အတိုင်း ဖော်ပြပေးသည်ဖြစ်ကြောင်း၊ နားလည်ပေးကြစေလိုပါသည်။

အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက် ကျော်လွန်ပြီး နောက်ကျရောက်လာသောစာမူများရှိသော်လည်း နှစ်တစ်ရာပြည့်ပွဲတော်ကြီးပီပီ လူတိုင်းပါဝင်စေလိုသောစိတ်ဆန္ဒ၊ မေတ္တာဖြင့် စိတ်ရှည်လက်ရှည်၊ ဖတ်ရှုတြည့်ရှပေးသော လုပ်ဖော်ဆောင်ဖက်ကော်မီတီဝင်များအပေါ် ကျေးဇူးတင်မဆုံးဖြစ်မိပါသည်။ ပေးလှူရသောအချိန်၊ ဆက်ကပ်ရသောလုပ်အားများအပေါ် အဆတစ်ရာမတ ဘုရားရှင်ကောင်းကြီးပေးပါစေ ဟု မေတ္တာပို့သအပ်ပါသည်။

အားပေး၊ ဝယ်ယူ၊ ဖတ်ရှုသူတိုင်းအပေါ်၌လည်း ကျေးဇူးတင်ရှိပြီး ချင်းခရစ်ယာန်နှစ်တစ်ရာလွန်သည်အထိ "ယေရှုကျွန်ုပ်တို့၏အလင်း" ဖြစ်တော်မူသောခရစ်တော်ဘုရား၌ တစ်လုံးတစ်ဝတည်းရပ်တည်လျက် အမှုတော်မြတ်၌ လက်တွဲကာရှေ့ဆက်လှမ်းကြပါစို့ဟု ဆန္ဒပြုလိုက်ပါသည်။

(သိက္ခာတော်ရဆရာ တယ်ရီဆန်းခမ်း)
တာဝန်ခံ၊ မဂ္ဂဇင်းဆပ်ကော်မတီ

ထုတ်ဝေသူ၏အမှာစာ

ချင်းအမျိုးသားများ၏ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံသော နှစ်တစ်ရာပြည့် အချိန်အခါသမယ၌ ဤရာပြည့်ပွဲတော်· ကျေးဇူးတော်ချီးမွမ်းခြင်းကို တစ်ထောင့်တစ်နေရာမှ ပါဝင်ခွင့်ပေးသော ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းပါသည်။

လွန်ခဲ့သောနှစ်ပေါင်း တစ်ရာအတွင်း ချင်းအမျိုးသားများ၏ ရှင်သန်လှုပ်ရှားမှုတို့ ယင်ဟပ်စေမည့် ဤရာပြည့်မှတ်တိုင် မဂ္ဂဇင်း၏ထုတ်ဝေသူအဖြစ် ဆက်တပ်ခွင့်ပေးသောကြောင့်လည်းအထူးဂုဏ်ယူ မိပါသည်။

ဤမဂ္ဂဇင်းထွက်ရှိနိုင်ရန် ချင်းခရစ်ယာန်ရာပြည့်ဓမ္မသဘင်ကျင်းပရေးဗဟိုကော်မတီ (CCCCC) ၏ဦးဆောင်မှုနှင့် ချင်းခရစ်ယာန်ရာပြည့်မဂ္ဂဇင်းကော်မတီ (ZBC)၏ ကြီးကြပ်မှုဖြင့် ရန်ကုန်စီးယင်း နှစ်ခြင်းအသင်းတော်(YSBC)မှ စီးယင်းနယ်နှစ်ခြင်းခရစ်ယာန်အဖွဲ့(SRBA) ကိုယ်စား ဖြစ်မြောက်ရေးအတွက်ပါ Chin Christian Centenary Magazine Committee နာမည်ဖြင့် အကောင် အထည်ဖော် စုပေါင်းထုတ်ဝေခြင်းဖြစ်ပါသည်။

ဝိုင်းဝန်းပူးပေါင်းမှု၊ အပြန်အလှန်နားလည်မှုနှင့် ဤကဲ့သို့ ချင်းခရစ်ယာန်ရာပြည့်မဂ္ဂဇင်း ထုတ်ဝေနိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းနှင့်လည်းကောင်း စာမူနှင့်လည်းကောင်းအားပေးသူများ၊ သဝဏ်လွှာရေးပေးသောဘာသာရေးခေါင်းဆောင်များ၊ ဤမဂ္ဂဇင်းစာမူခွင့်ပြုချက်ရရှိနိုင်ရန် စီစစ်ပေးသော ပြည်ထဲရေးဝန်ကြီးဌာန၊ ပုံနှိပ်သူနှင့်ထုတ်ဝေသူများအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေးထွန်း နှင့်တာဝန်ရှိပုဂ္ဂိုလ်များအပေါ်၌ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တိုတောင်းလှသောအချိန်ကာလအတွင်း စာမူတောင်းခံခြင်း၊ စီစစ်ခြင်း၊ ခွင့်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်ခြင်းများ ပြုလုပ်ရပါသောကြောင့် အမှားများ၊ မပြည့်စုံမှုများရှိမည်ဖြစ်၍ နားလည် ခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ထုတ်ဝေသူ
(သိကွာတော်ရဆရာ ဒီ၊ ကိတ်ချင့်ပေါင်)

မာတိကာ

အမှာစာများ

- မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ အထွေထွေအတွင်းရေးမှူး၏ သဝဏ်လွှာ iii
- မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ် အထွေထွေအတွင်းရေးမှူး၏ နှုတ်ခွန်းဆက်သခြင်း iv
- ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ အမှာစာ v
- စကားချီး vi
- ကျေးဇူးတင်လွှာ vii
- ထုတ်ဝေသူ၏အမှာစာ viii

မာတိကာ .... ix - xv

ဓါတ်ပုံမှတ်တမ်းများ .... xvi - xxiii

ကာတွန်း

Christ Historical Roadmap

- *Zozam* ၁

အဘတို့ခေက်တုန်းက

- ဇိုဇမ် ၂

ကဗျာ

ဂုဏ်ယူထိုက်ရာ ခွာဆ(ခေါ်ဆ)ရွာ

- ဆလိုင်းအွှခ်လားဘိခ်(မတူပီ) ၄

ဇက်ဘီစီ (ဖလမ်း)သို့လွမ်းချင်း

- ချင်းတွင်းမောင် (ဟုမ္မလင်း) ၅

ဇက်ဘီစီရွှေရထု ခမွသဘင်မှတ်တိုင်သစ်
- ဆလိုင်းအွခ်လားဘိခ်(မတူပီ) ၆

ရာပြည့်လွန်၌
- ကြည်ခင်မောင် (တူကီးမြေ) ၉

ရာပြည့်လွန် အဓိဌာန်
- ယံစီးဖွလ်းဗား ၁၀

မြန်မာစာဆောင်းပါးများ

ချင်းခရစ်ယာန်များ၏ရာပြည့်သမိုင်းဝင်အဖြစ်အပျက်အတွေ့အကြုံများ
- *Revd. Robert Hniar Ceu* ၁၁
နှစ်တစ်ရာ တောင်းချီးမဇ်လာများနှင့် စိန်ခေါ်ချက်များ
- *Revd. စောမာဂေကြီး* ၁၅
ကျွန်ုပ်၏မွေးနေ့.ပွဲတော် ကျင်းပခြင်း
- သိကွာတော်ရတယ်ရီဆန်းခမ်း ၂၂
အဖွဲ့ချုပ်စဝံဂေလိနှင့်သာသနာပြုရေးဌာနသမိုင်းအကျဉ်း
- ဂျေပေါလ် (ဇက်ဘီစီ) ၂၇
Revd. Thuam Hang (1930-1950) နှင့် သာသနာ့ အမွေဆက်ခံသောသားများ
- *U Thian Khup* ၃၂
Pu Pau Suan(1875-1951) နှင့် Revd. Lian Zam(1900-1940) အထူးပတ္တိ
- *Revd. Vum Khat Pau* ၄၅
ခရစ်ယာန်ဘာသာနှင့်ချင်းတိုင်းရင်းသားဘိုးဘေးဓလေ့ထုံးတမ်း (Gospel and Culture)
- *Revd. Dr. S. Pau Khan En* ၆၀
အသင်းတော်၏ဆုတောင်းခြင်းကဏ္ဍမြင့်မားစေခြင်းဖြင့်ခရစ်ယာန်သာသနာပြုရေး
- *Revd. ဒေါက်တာအော်နယ်ညို* ၇၀
ခရစ်ယာန်သာသနာနှင့် ချင်းလူမျိုးများ၏ပညာရေး
- *စီ၊ ထန်ဇာတွင်း၊ ဒုတိယညွှန်ကြားရေးမှူး* ၇၅

ရာပြည့်ပွဲတော်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်း
- *Revd* လမ်ကျင်ထန် ၈၁

အောင်နိုင်သူအမျိုးသမီးအဖြစ်သို့.(Towards Becoming A Victorious Woman)
- *Revd. Hau Lun Cing* ၈၈

လေးမြတ်သောဇစ်မြစ်ပြစကားထာ၊ သင်္ကေတနှင့်နှောင်းဖြစ်အချို့.
- *Vial Khan Mang. M.A* ၉၉

CMC လုပ်ငန်းနှင့် ကျွန်တော့်အမြင်
- *ဒေါက်တာမှူထန်* ၁၀၉

မြောက်မှတောင်သို့ဖြာသည့်အလင်း
- *Revd. ဒီ၊ ကိတ်ချင့်ပေါင်* ၁၁၂

ခရစ်ယာန်အသက်တာ
- *ဗိုလ်မှူးကြီးခင်ဇာမုံ(အငြိမ်းစား)* ၁၁၇

နောက်ကျသောသူအချို့တို့သည် အရင်ကျလိမ့်မည်
- သိက္ခာတော်ရဆရာဦးလျင်ဇဒါလ်း (ထွန်းလင်း)..... .... ၁၂၁

ကျွန်တော့်ရင်သွေးရာပြည့်ခရစ်ယာန်သာသနာ
- *ရန်ဝင်း* ၁၂၄

စီးယင်းနယ် ခေါ်ဆရွာမှ ခရစ်ယာန်အဦးသီးပေါ်ထွန်းလာရခြင်း
- *Dr. A. Lian Za Nang* ၁၂၇

နှစ်တစ်ရာအတွင်း ချင်းအမျိုးသားထဲမှ နိုင်ငံဝုက်ဆောင်အားကစားပုဂ္ဂိုလ်များ
- *ချင်းခုတ်* ၁၃၃

သက်ရှိထင်ရှားရာစုသားကောင်းတစ်ဦး
- *မဂ္ဂဇင်းကော်မိတီ (ရန်ကုန်)* ၁၃၅

ချင်းတို့ဗက်လင် ခေါ်ဆရွာ
- *ပါမောက္ခဒေါက်တာကဲမ်ကျင့်ဒါးလ်* ၁၃၈

ပြုပြင်ရန်လိုအပ်သောအသင်းတော်များ၏အနေအထားအချို့.
- *Revd. Dr. Bernard Luai Hre* ၁၄၃

In God we trust
- *Revd. Eloi Thawng Khan Khai* ၁၅၀

အဦးသီးများထံမှရရှိသောအမွေအနှစ်များ
- *Revd. D.Kip Thian Pau* ၁၅၃

ဓမ္မအမှုတော်ဆောင်များသို့အိတ်ဖွင့်ပေးစာ
- ဦးပုမ်ကော့ (ကလေး) ၁၅၉

ဝိတိုရိယတောင်ထိပ်ပေါ်က ဆုတောင်းသံ
- ဖွန်ကာရ်ထန်း - *FBCY* ၁၆၂

မတူလူမျိုးနှင့်ခရစ်တော်၏အလင်း ဧဝံဂေလိသွတင်းကောင်း
- *Revd. Van Peng* (မြန်မာနိုင်ငံကျမ်းစာအသင်း) ၁၆၈

ချင်းတောင်နှစ်ခြင်းအစပြုရာဒေသ၏သမိုင်းအကျဉ်း
- *Revd.* ဟန်ခန့်နန် ၁၇၂

ဘုရားကျောင်းဆောက်လုပ်ခြင်း (သို့) ဘုရားတည်ခြင်း
- ကမ်ကျင်လျန် - *Y.S.B.C* ၁၇၄

လက်စားချေခြင်းဟူသည်
- ကိုချို ၁၇၇

ဇက်ဘီစီ ကျန်းမာသန်စွမ်းဖို့
- သိကွာတော်ရဆရာထန်းသင်စွမ်း ၁၈၁

ပလက်ဝမြို့နယ် (ခူမီးသာသနာနယ်)သို့သာသနာပြုခြင်း သမိုင်းအကျဉ်း
- *Revd. James Mın Dein* ၁၈၃

ချင်းခရစ်ယာန်များ ဘယ်ဆီသို့
- ဒေါက်တာ ထန်ဘီလွယ် ၁၈၅

ဇက်ဘီစီ လက်တင်ရအမျိုးသမီးဓမ္မအမှုတော်ဆောင်များ၏ အတ္ထုပတ္တိအကျဉ်း
- မန်ဟောက်ကျိန် ၁၉၀

သင်၏တဲရာကိုကျယ်စေလော့
- *Revd Job Thawngno* ၁၉၇

ချင်းဘာသာနှင့်သမ္မာကျမ်းစာ
- မဂ္ဂဇင်းကော်မတီ ၂၀၂

အနာဂတ်ကို ဖန်တီးခြင်း
- ဖွန်ဟရမ်းအွဲယ် ၂၀၇

အင်္ဂလိပ်စာဆောင်းပါးများ

Glimpses of Chin Baptist History
- *Revd. Kam Khaw Thang (Yangon)* ၂၁၃

Chin Christian Centenary (1904-2004)
- *Revd. Pa Hrang Hmung* ၂၂၀

Uniqueness of Khuasak and Blessing in Disguise
- *Revd. Dr. Cung Lian Hup* ၂၂၂

To Ordain or not to Ordain Women: That is the Question
- *Revd. Stephen Hre Kio, Ph.D.* ၂၂၅

Promoting for A Beautiful Correspondence between Theological Principle and Ministerial Practice
- *Revd. Dr. Do Sian Thang* ၂၃၆

A Man who never Fears though Heavens Fall
- *Pastor Kenneth Htang Suanzanang* ၂၄၀

Writing : A Providence of God
- *Colonel H.Kam Pum (Rtd)* ၂၄၈

Come and See
- *Major A. Shuang Howe (Rtd)* ၂၅၄

Life Changing Experience of the first Chin Converts a Century ago
- *Prof. Suantak Von Kamcindal* ၂၅၈

Praise-Life Through Optimism
- *U Ngin Thian Pum; B.A.(Ed)., B.Ed., B.R.E (1st Year)* ၂၆၀

The Plowing of A Fruitful Land
- *Khup Lamh Cin . B.R.E(1971)* ၂၆၂

McGavran's Theology of Mission (in Brief)
- *Revd. Dr. Hrang Cung Nung* ၂၆၃

Chin Religious Thoughts: Retrospect and Prospect
- *Revd. Dr. Henry Siang Kung* ၂၃၀

The Chin Towards AD 2000 & Beyond Movement
- *Revd. Herbert Tum Ceu* ၂၃၅

The Need for Pastoral Ministry to Chin Migrant Workers
- *Revd. Van Bik (ZTC)* ၂၃၉

Unity in Diversity
- *Revd. Dr. John Cuai Sang* ၂၈၃

Centennial Socio-Economic Developments of the Enchanting Chinland
- *Lawrence Tun Htawng*..... .... ၂၈၄

The Siyin and their Sacrifices
- *P. Ngin Za Thang* ၂၉၀

From an old scrap book (A century ago this time)
- *Son Za Howe* ၂၉၃

Siyin Foot ballers (Soccer-Players) During The Past Century
- *L.P.Nang Za Vungh* ၃၀၀

Chin Theological Colleges, Seminaries and Training Centres In Myanmar
- *Magazine Committee* ၃၀၃

Chin Doctorates in the Theological Field in One Cencury
- *Magazine Committee* ၃၀၉

Chin Doctorates Secular Era in One Century
- *Magazine Committee* ၃၀၂

ချင်းစာဆောင်းပါးများ

Baibal Tialmi Le Lehmi
- *Stephen Hre Kio* ၃၁၃

Chin Miphun: Hitihin Maw Kan Um Ko Rih Lai?
- *Pu Chawn Kio (Hakha)* ၃၂၆

Thupha ngah minam
- *Revd. Khuang Lian Thang* ၃၂၉

Zeisu Tel muhna
- *Revd. Dam Suan Mung* ၃၃၃


Thaangnuai Aksi
- *Pa Ngin Kang* ၃၃၆

Zongam atu mai sang mu kholna (Perspective ZBC Associations)
- *Dr. Pau Za Nang, MBBS* ၃၄၀

Tunung kum 50 lai thute (Chin Chirstian Golden Jubilee 1954)
- *K.T. Ngo Za Lian* ၃၄၄



၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလ(၁၈)ရက်တွင် ဤချင်းတောင်၏ ကနဦးဘုရားရှိခိုးကျောင်း၌ ပထမဆုံး ကနဦးချင်းခရစ်ယာန်များ ပွဲတော်မင်္ဂလာဝတ်ကိုပြုခဲ့သည်။



ချင်းတောင်၏ ပထမဆုံးအသင်းတော် (ခေါ်ဆ)
လက်ရှိဘုရားရှိခိုးကျောင်း ဆောက်ပြီးခါစ ၁၉၅၅

ဓါတ်ပုံမှတ်တမ်းများ



Revd. Lian Hrang (Suit အဖြူ) နှင့် Pu Pek Thang (Suit အနက်) တို့မှ
ZBC Golden Jubilee ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် (၂၁ - ၂၃ မတ်လ ၂၀၀၂)



ZBC နှင့် KBC (Kachin) အထိမ်းအမှတ် အလံနှင့်ဓား လဲလှယ်နှုတ်ဆက်နေစဉ်
ZBC Golden Jubilee, 21-23 March 2002



ချင်းခရစ်ယာန်ရာပြည့်ဓမ္မသဘင်ကျင်းပရေးဗဟိုကော်မတီအစည်းအဝေး
၂၀၀၃ခုနှစ် ဩဂုတ်လ (၆)ရက် ၊ ဇက်ဘီစီရုံး၊ ဖလမ်းမြို့



ချင်းခရစ်ယာန်ရာပြည့်ဆုတောင်းရိပ်သာတည်ဆောက်မည့်နေရာ
သိုင်းငင်းရွာအနီးရှိ ရှလ်စိတာအ်တောင်ကုန်း

ဓါတ်ပုံမှတ်တမ်းများ




ချင်းဧဝံဂေလီရာပြည့်ဒမ္မသဘင်မုဒ်ဦး နှင့် ရာပြည့်ခန်းမ (၁၉၉၉)




ချင်းဧဝံဂေလီရာပြည့်ဒမ္မသဘင်၊ ဟားခါး ၁-၄ ပြီလ ၁၉၉၉
ဖဲကြိုးဖြတ်ဖွင့်လှစ်အပြီး မဏ္ဍပ်သို့ချီတက်စဉ်

စိတ်ပုံမှတ်တမ်းများ




ချင်းဧဝံဂေလိရာပြည့်အထိမ်းအမှတ်ကျောက်တိုင်
Revd. E Hlawn Piang (ဇော်ဘီစီ ဥက္ကဋ္ဌ) မှ စက်ခလုတ်နှိပ်ဖွင့်လှစ်နေစဉ်




ချင်းဧဝံဂေလိရာပြည့်ဓမ္မသဘင်၊ ဟားခါး၊ ၁-၄ ဧပြီလ ၁၉၉၉

စိတ်ပုံမှတ်တမ်းများ



ချင်းတောင်မှ ပထမဆုံးခရစ်ယာန်ယုံကြည်သူ ဆရာပေါင်စွမ်း နေအိမ် (ခေါ်ဆ)




Chin Christian Diamond Jubilee Stone

စိတ်ပုံမှတ်တမ်းများ




ချင်းခရစ်ယာန်စိန်ရတုဓမ္မသဘင်၊ ၁၉၇၉ - ခေါ်ဆ
လူ ၇၅ ဦးမှ Hallelujah Chorus ကျူးနေစဉ်




ချင်းခရစ်ယာန်စိန်ရတုဓမ္မသဘင်၊ ခေါ်ဆ ၊ ၁-၄ ဖြေဖြေလ ၁၉၇၉
နှစ်ခြင်းမင်္ဂလာ၊ Luipi ချောင်း (Ak-awm)

စိတ်ပုံမှတ်တမ်းများ

၁၉၅၃ မှ ၂၀၀၃ ခုနှစ်အထိ နှစ်ပေါင်း ၅၀ အတွင်း
ဇိမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့.ချုပ်၏ အထွေထွေအတွင်းရေးမှူးများ




Rev.S.T.Hau Go
1953-57




Rev. Mang Ko Pau
1957-62



Rev. E. Kyon Bil
1962-68



Rev. Sang Awi
1968-77




Rev. C. Hrang Tin Khum
1977-83




Rev. Dr. S. Pau Khan En
1983-86



Rev. R. Hniar Ceu
1986-89



Rev. J. Tial Dum
1989-92




Rev. Dr. Chum Awi
1992-96



Rev. Tuang Khan Kap
1996-2000



Rev. E. Hlawn Piang
2000-


THE CHRIST'S HISTORICAL ROADMAP –
AD 1900
AD 1905
AD 2000


အဘိုးတို့ ခေတ်တွင်းက
အသိပါ ပြော ချင်တယ်
အမေတော်တော်ကြီး၊ ပေါ်ကျပါကြီး။


အို - မင်းတို့ကျတော့ - အားကား ပဲ - - -
ပေါ်ကျလို့တယ် - တော်တော်ကြတယ်
ဒါလေမယ့် - အမေတော် ချင်ကြပါကြီး။

ဂုဏ်ယူထိုက်ရာ ခွာဆ(ခေါ်ဆ)ဂွာ

ဆလိုင်းအွခ်လားဘိခ်(မတူပီ)



မြူခိုးဝေဆိုင်း ၊ နှင်းရစ်သိုင်း၍
ချင်းတိုင်းရင်းသားရယ် ၊ ဇာတိနွယ်ရာ
ချင်းတို့နယ် ။

အပင်ကမ္ဘေး ၊ အလှပွေးကြွယ်
မိုးသွေးပြာဖုံး ၊ အသိပြုန်းရာ
ချင်းတို့နယ် ။

ချင်းတောင်အရောက် ၊ ခရီးပေါက်၍
ဝမ်းမြောက်သတင်း ၊ ကယ်တင်ခြင်းကြောင်း
အလင်းဆောင်ကာ ၊ သာသနာပြု
ကာဆင်မောင်နှံ ၊ စေတော်ခံ၍
ဒို့ထံအရောက် ၊ ခရီးပေါက်ခဲ့ ။

အမောင်ထုကို ၊ အရိပ်ခိုရာ
ထိုထိုစနက် ၊ အနေခက်လည်း
ငို့မျက်ရည်စု ၊ အဖော်ပြုစဉ်
မောင်ထုကိုခွင်း ၊ နက်နဲလင်းမည်
နေမင်းသစ္စာ ၊ မင်းမူရာ၏
ရှေကျမ်းချက်လာ ၊ ပုံသက်သေဖြင့်
ဆိုကာနှစ်သိမ့် ၊ သူဖြေသိမ့်၏ ။

မေတ္တာကိုခင်း ၊ လမ်းဟောင်းရှင်းခဲ့
အလင်းပျိုးပင် ၊ ပညာဆင်ခဲ့
တိထွင်စာပေ ၊ ပညာဝေခဲ့
လူနေမှုရေး ၊ ပညာပေးခဲ့
သူပေးဆပ်ရာ ၊ အဖြာဖြာ ။

အံ့ဖွယ်သတင်း ၊ သောကလင်း၍
စီးယင်းဌာနေ ၊ ခွာဆမြေမှ
သန္ဓေဖွားလာ ၊ မျိုးသက်လာကြောင်း
သရာရွှေဇံ ၊ စေတော်ခံလျက်
ခရစ်ယာန်အယူ ၊ သက်ဝင်သူအား
အတ်အောမ်မည်တွင် ၊ ချောင်းရေပြင်၌
ခံယူနှစ်ခြင်း ၊ သစ္စာနှင်း၍
အသင်းတော်ထွန်း ၊ ပင်မညွှန်းသူ
ပေါင်ဆွန်း ၊ ထွမ်းဟန်မှသည် အစမည်၏ ။

အဦးသီးနယ် ၊ နှစ်လည်သဘင်
ဆက်နွယ်ခညောင်း ၊ ဘုရားကျောင်းနှင့်
မြေကောင်းပျိုးပင် ၊ ပွဲတော်မင်္ဂလာ
ဆင်ယင်ကျင်းပ ၊ မော်ကွန်းခ၏ ။

ထောင့်ကိုးရာရှစ် ၊ သက္ကရာဇ်ဝယ်
နှစ်လည်သဘင် ၊ ဓမ္မဆင်ရာ
ကာဆင်တက်ရောက် ၊ ခရီးပေါက်ရာ
တစ်ထောက်ဆင်နွဲ ၊ တရားပွဲနှင့်
စွဲမြဲလာရာ ၊ လေသာတောင်ကြော
ထင်းရှူးပေါရာ ၊ ခွာဆရွာ ။

သမ္မာကျမ်းလာ ၊ အချုပ်ချာဟု
ပညာမူလ ၊ ဘုရားမှသည်
အစပေါ်ထွန်း ၊ သမိုင်းစွန်းတိုင်
မော်ကွန်းရတနာ ၊ မျိုးချစ်ဇာနည်
ရေးထိုးမှတ်တမ်း ၊ လက်ကမ်းပြသော်
''ဗိုလ်ခိုင်ကမ်း ၊ ဝမ်းကိုဟော ၊
လွန်ပုမ်း ၊ ဆွန်ခိုလျန်
ကမ်ကိမ်ငင်း ၊ ခိုင်မွန်မန် ၊
ဆန်ခိုဝင်း ၊ ဒေါက်တာငင်ထောင်း
တောင်ဇာခိုင် ၊ ဝိုက္ခင့်ပေါင် ၊
မန်ခိုပေါင် ၊ မက်ဗိုင်ပုမ်း'' စသည် ---
များစွာမွေးဖွား ၊ ပြည်တစ်လွှား၌
ချစ်သားမြတ်တွေ ၊ ကောင်းကြီးဝေ၏ ။

အတိတ်မကွယ် ၊ အရိပ်နွယ်ဆဲ
မြေဝယ်မလွတ် ၊ သီးနှံဆွတ်၏
ပြွတ်သိပ်စုံစွာ ၊ ပင်မျိုးဖြာသော
တောင်ယာခြုံမြေ ၊ ရွှေသီးဝယ်ကာ
ရိုးရာဆွာနို ၊ ဗုံမောင်းကွဲချို
မြင့်မိုရ်အလား ၊ အောင်သံကြားရ ။

ညာဏ်ပညာ ၊ စာကဗျာနှင့်
ရွတ်ဖတ်စာအံ ၊ တည်ညီ ။
လောကုတ္တရာ ၊ မေတ္တာဖြာလျက်
ဘုရားသမ္မာ တစာစာ ။

ရှေးယခင် ၊ တစ်ကိုယ်စာလမ်း
လက်တစ်ကမ်း ၊ လျှင်စမ်းပါဘိ
ကားကြီးကားငယ် ၊ အသွယ်သွယ်နှင့်
ခုခါဝယ် ၊ ပေါ်ကြွယ်တဲ့လမ်း ။

တို့ချင်းဌာနို ၊ ပြည်နယ်မက
နာမကျော်ကြား ၊ ပြည်မတစ်လွှား
ထင်ရှားခဲ့သူ ၊ လူစွမ်းကောင်းများ
မွေးဖွားခဲ့ရာ ၊ ခွာဆရွာ ။

သမိုင်းတစ်ခေတ် ၊ တွင်ကျန်ရစ်သည့်
မျိုးချစ်တို့ရွာ ၊ ခွာဆရွာလျှင်
ရှစ်နှစ်ရတု ၊ နှစ်ထူရှည်စွာ
ရှည်ကြာသက်တမ်း ၊ ဖြတ်သန်းခဲ့ပြီ
ပြည် ရွာကောင်းကျိုး ၊ သယ်ပိုးခဲ့ပြီ ။

တို့ချင်းဌာနေ ၊ တည်နေသမျှ
ချင်းမြေချင်းရပ် ၊ မြတ်နိုးအပ်သည့်
ခွာဆရွာလေး ၊ အေးချမ်းစေကြောင်း
တိုးတက်ထပ်လောင်း ၊ ဆုမွန်တောင်း
အခွန်ရှည်ပါစေ ၊ နှစ်ထောင်သောင်း ။ ။


ဇက်ဘီစီ (ဟလမ်း)သို့လွမ်းချင်း

ချင်းတွင်းမောင် (ဟုမ္မလင်း)

ဂိမ္မာန်နွေဦး ၊ ပုရစ်ဖူးလျှင်
ရွက်ဟောင်းညာတွေ ၊ ရွက်နုဝေပေါ့
ပင်ယံအိုထက် ၊ နားခိုလျက်ကယ်
နွေးတေးအဖွင့် ၊ ခွန်းချိုဆင့်၍
မြူးလွင့်ချိုသာ ၊ တွန်သံသာမှာ
ခွန်းဆက်လွမ်းပို ၊ တေးသီဆို

ကြည့်လေရာတိုင်း ၊ ပင်သစ်ကိုင်းတို့
ပြိုင်းပြိုင်းရိုးတံ ၊ မိုးသို့ဆန်တက်
တောင်ဇလပ်ပန်း ၊ ချယ်ရီပန်းတို့
စုံညီပွင့်ကြ ၊ ရောင်သွေးကြွလျက်
လေရူးပတ်မွေ့ ၊ ချင်းတောင်မြေ၌
နေရှိန်ဖြာဆင်း ၊ ပူလောင်ပြင်း

သော့.....
မှုတောင်ခဲ့သည် ၊ ဇက်ဘီစီ၌
ကြာခဲ့လေတာ ၊ ခြောက်နှစ်တာပေါ့
ဂိမ္မာန်ချိန်မှာ ၊ ရောက်လာခဲ့တာ
နွေဦးချိန်ဝယ် ၊ ပြန်ရမယ်လို့
လွမ်းရတော့မယ် ၊ ချင်းတောင်နယ်ကို
သွားတော့မယ်လေ ၊ ကူကီးမြေ
မြင်ယောင်နေမည်.....ဇက်ဘီစီရယ်



ဇကိဘီစီဌေရတု ဓမ္မသဘင်မှတိုင်းသစ်

ဆလိုင်းအွန်လားဘိခ်(မတူပီ)

မိုးခဲပြာဖုံး
နှလုံးသားတွေအလင်းရှိသည်
ခံယူချက်တွေ အဆင်းရှိသည်
နဂိုအနှစ် အစင်းရှိသည်
ဘယ်အရာ ကာရံထားလို့
အသွင်ရိုင်းနေပါသလဲ။

ပတ္တမြားနှံနှစ်
ယဉ်ကျေးမှု စုံလင်လှသည်
ရိုးသားမှု ခုံမင်စရာနှင့်
ပွင့်လင်းမှု ယူတင်စရာများ
ဘာသတင်း ဖုံးကွယ်ထားလို့
အချင်းပြိတ္တာဆန်သလဲ။

သတိမမူ မသိသူမို့
အယူလွဲမှား တမူခြားဟု
တရားမဲ့နှိုင်း အသွင်ရိုင်းတဲ့
ညှိုမှိုင်းရစ်နွယ် ချင်းပြည်နယ်သို့
အိုဘယ်လူသား ဘယ်တရားကို
ဘုရားသခင် ဘိသိက်တင်၍
ကယ်တင်ဆောင်ရွက်ခဲ့သလဲ။
ရွက်နသစ်ဝေ ရွက်ဟောင်းကြွေခိုက်
ချင်းမြေဟားခါး ချင်းလူများထံ
တရားမျိုးကြဲ မျက်ရည်ဝဲ၍
ပုလဲပျိုးပင် အသက်ရှင်ရေး
ကာဆင်မောင်နှံ ဆက်ကပ်သံများ
မြဲမြံသစ္စာ ပေးဆက်လာ၏။

ဟားခါးစကား စာပေများနှင့်
တရားဓမ္မ သူကစသည်
ဗေဒအစုံ အမျိုးဂုဏ်နှင့်
ဆေးရုံပင်ပူး တမူထူး၍
ထင်းရှူးမြေခ သူ့ခေါင်းချရာ
ခရစ်ထောင်နှစ် ကိုးရာရှစ်၌
ဘဝတစ်ပါး ခိုနားသွားခဲ့။

တီးတိန်စာပေ ကျမ်းဂန်ပေလွှာ
ထုတ်ဝေဖြန့်ချိ မြေစာညို၍
ဇာတိမျိုးမာန် နှစ်ထောင်းဟန်သည်
ခုပ်ဏိမျိုးပင် ရင်နှစ်ပင်စည်
နယ်ဆင်၊ ဂျွန်ဆင် စထရိတ်တွင်သော
ဖခင်များလည်း ရင်သွေးသည်းချာ
သာသနာ၏ ဖိသုကာပေ။

သွေးချင်းဌာနေ ဇလပ်၊ စွယ်တော်မြေ
အရှေ့အနောက် တောင်နှင့်မြောက်သို့
ပေါက်ရောက်ခရီး လေဟုန်စီး၍
အသီးပွင့်ဝေ သခင့်စေရာ
ထပ်ဒွန်း၊ပါဟရက် မတူခွင်း၍
ဆရာလုံတုမ်း မင်းတပ်နယ်ခွင်
ဆရာကြိုက်ကျော် ကန်ပက်လက်နယ်
နယ်ပယ်တလွှား အသက်ပွား၏။

တစ်ထောင့်ကိုးရာ လေးဆယ်ရှစ် ၊ ဓမ္မသဘင်သစ်
ခရစ်နှစ်လာ ဆာတောမ်ရွာ၊ ဓမ္မပွဲတော်မှာ
ခြေရာတစ်တိုင် ရှေ့သို့ဆိုင် ၊ ကိုယ်ပိုင်နယ်အဖွဲ့
ဖလမ်း၊ ကလေး အမည်များ
တီးတိန်နှင့်ဟားခါး

တစ်ထောင့်ကိုးရာ ငါးဆယ့်သုံး
အမျိုးသားစည်းလုံး
ရှင်ပြုံးကြည်သာ ဆိုင်ကရွာ
သာသနာခရီး
'' ဖိမိုးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်''''
နာမဘွဲ့သမုတ်။

ယနေ့ထပ်ဆိ ဇက်ဘိစိနယ်
ရှေ့သို့လှမ်းကျယ် အနယ်နယ်တွေ
သူလေဦးဆောင် ထွင့်ခေါင်တို့မှာ
''ဟောဂို၊ မန်ခိုပေါင် ကြွန်ဘီလ် နှင့်
ဂျိမ်းဆန်အွဲ၊ ဟရန်သင်ခုမ်းနှင့်ပေါင်ခန်အဲန်
နီယာရ်ကျဲအို ၊ဂျိမ်းတျလ်ဒုမ်း ၊ ဒေါ်ကတာချွမ်အွဲ၊
တွောင်ခန့်ကပ် ၊ အက်ဒွပ်လွှန်ပြန်း ''''တို့ပေါ့
တို့ချင်းမြေမှာ မော်ကာကြွားခဲ့
ဤသူတို့မှာ သင်းတော်သာတွက်
မပါကိုယ်ကျိုး စွမ်းဆောင်ပျိုးသည့်
အမျိုးကိုချစ် ဝိညာဉ်သစ်ရရေး
ဟစ်ကြွေးကာရယ် ချင်းနယ်ဖြာနှံ့
ခြေစုံဖြန့်၍ တပ်လှန့်နိုးထ
တွေးသစ်ဆကြံ့ မှန်လှတရား
အလားမောရှေ ရှေ့ဆောင်ချေပြီ
သာသနာအမှု ရှင်ပေါလုလို
ရှေ့ချုပြုလျက် တို့များတွက်ဆို
သက်ထွက်မမှု ကျေးဇူးပြု၍
ရင်ထုမနာ ချစ်တွယ်တာလျက်
အကာမဟုတ် အနှစ်ချုပ်၍ သက်မြုပ်ခဲ့လေပြီ။

ဓမ္မပညာ သင်အံရာ
ခြေဦးတည့်မတ်စွာ
အမွေပေးတဲ့ ကျမ်းစာကျောင်း
ဖလမ်း၊မတူဝိ၊တီးတိန်၊ကလေးနှင့်တမူး
နေရာအနှံ့ဆောင်း
သုံးနှစ်သဘင်မဂ်လာ
ခွာဆပ်၊ဘွယ်ခွာနှင့်ဟားခါးမှာ
ကျင်းပအစ ပထမ
ခန်းပတ်၊ ဟားခါးနှင့် နာရိန်းနယ်အဆုံး။

စီစီအိုစီ သာသနာ
တစ်ကိုးရှစ်သုံးမှာ
သွေးမြေမှာခ ထာဝရ
စေတမန်ဘဝ။

ချင်းတို့အမွေ လိုင်ဟား၊ ရိကန်အလား
တရားဓမ္မစီးဆင်းရာ ဘွေပါးသေလာ။

သာသနာ့အောင်လံ ဝေဟင်ယံသို့
မြန်းစံဝင်းပ ဝိတိရိယ တောင်ခြေဝယ်
သာသနာ့ဟိန်းသံ မြိုင်ဝေယံ၌
ထင်ကျန်ရစ်ကာ ဘုံတလာလည်မျိုဦးဝယ်
သာသနာ့တန်ဆောင် ချောင်းတစ်ထောင်ဆုံရာ
ကုလားတန်မြစ်ကမ်း
ပလက်ဝမှန်သောင်ပြင်ဝယ်။

အသက်ကိုလျှူ ပူဇော်သက္ကာ
အသွေးကိုသွန်း သမိုင်းစွန်ကြ
စေတမန် ကိုယ်ကျိုးစွန့်လို့
အရိုးလည်းကျေ အရေလည်းခန်း၏
ပင်ပန်းလည်းခံ နစ်နာခံ၏။

တစ်ကိုးသုံးပွင့် ဂုဏ်ရည်တင့်စွာ
သခင့်ရင်ခွင် အောင်ပွဲဆင်နွဲ
စည်ပင်ခန်ငြား မြို့ဟားခါးတွင်
စည်ကားသံပြိုင် ဘဝ်တိုင်သို့
မြိုင်ဆိုင်တေးညံ ချိုးမွမ်းသံများ
စံတင်ရတု ချင်းရာစုနှစ်
သာသနာ့အောင်လံ မိုးထက်လျှံ၏။

ရေလှိုင်းကိုဆိုင် မယိုင်တဲ့ခြေလှမ်း
မုန်တိုင်းကိုယှဉ် အောင်မြင်ခြင်းအလံနှင့်
သာသနာ့ခရီး ရှုမငြီးဖွယ်
ရာစု၏သမီး ချစ်မငြီးစဘူး
လူမျိုး၏ရုဝံ ကြယ်ရာဇာအသွင်မို့
ရှေ့မီးတိုင်ခရီး ဆီမီးထွန်းသတည်း ။ ။

ရာပြည့်ထွန်ခြင်း

ကြည်ခင်မောင် (တူကီးမြေ)

၁၉၀၄ ခုနှစ်
ချင်းတောင်ပေါ် ၊ ခေါ်ဆရွာ၌
ယုံကြည်သူတွေ ၊ စတင်လေတဲ့
ပူပေါင်စွမ်းရယ် ၊ ပိုခမ်ကျန်နဲ့
ဆရာတော်ထွမ်းဟန် ၊ ဒိမ့်ခေါ်ကျိန်တို့
ချင်းတောင်နှစ်ခြင်းခရစ်ယာန်သမိုင်းအစပျိုးခဲ့ပေါ့

၁၉၀၇ခုနှစ်
ချင်းတောင်တန်းဝယ် ၊ ယုံကြည်သူတွေ
တိုးပွားပျံနှံ့ ၊ နေရာအနှံ့
ဘိုးဘွားများဟာ ၊ စုစည်းခဲ့တာ
စုပေါင်းကာဖွဲ့ ၊ နယ်အဖွဲ့ဟု
ချင်းတောင်နှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့
သမုတ်ခဲ့ပေါ့

၁၉၄၈ခုနှစ်
တီးတိန်၊ ဖလမ်း ၊ ဟားခါးနယ်တိုင်
နေရာနှံ့ပြား ၊ တိုးပွားများပြား
မျိုးနွယ်စုတွေ ၊ ခွဲဖွဲ့လေတော့
တိဘိအော၊ အက်ဖ်တိအော ၊ အိပ်ချ်ဘိအောဟူ
ကနဦးနယ်အဖွဲ့ (၃)ပါး ၊ စတင်တည်ထောင်ခဲ့ပေါ့

၁၉၅၃ခုနှစ်
နယ်အဖွဲ့များ ၊ ကွဲပြားသော်လည်း
ခွဲရသည့်တိုင် ၊ သွေးမကွဲသင့်
ဆင်ခြင်မိကြ ၊ ပူးပေါင်းကြဖို့
စိတ်ကူးခဲ့မှ ၊ စုပေါင်းကြတော့
ဇို မီ း နှ စ် ခြ င် း ခ ရ စ် ယ ာ န် အ ဖွဲ့ ချု ပ်
၊သမိုင်းမှတ်ထိုင်ထူခဲ့ပေါ့

၂၀၀၄ခုနှစ်
၁၉၀၄ခုနှစ်မှ ၊ စတင်ကြကွဲ့
ခရစ်ယာန်နှစ် ၊ တစ်ရာနှစ်ပြည့်
မြူးတူးပျော်ရွှင် ၊ ကြည်နူးရင်မှာ
ပီတိမနော ၊ ဖြာဝေဇောနှင့်
ချင်းခရစ်ယာန်ရာပြည့်ဓမ္မသဘင် ဆင်နွဲကြပေါ့

ရာပြည့်အလွန်၌
ချင်းခရစ်ယာန်တွေ ၊ သွေးချင်းလေတဲ့
ဘုရားမေတ္တာ ၊ ရင်ခွင်မှာလေ
ယေရှုမျက်နှာ ၊ ထောက်ရှုကာရယ်
စည်းလုံးကြဖို့ ၊ စုစည်းဖို့ရဲ့
ချင်းနှစ်ခြင်းသာသနာယုံကြည်သူအပေါင်းတို့ရယ်

ရာပြည့်လွန်အဓိဋ္ဌာန်

ယဲစီးဖွာလ်းဗား

အမှောင်ထုလမ်းကြမ်းဝယ်
ကျင်လည်နေသူအား
မီးတိုင်တော်လမ်းခင်းပြ
လင်းကြစေသား ။

မုန်းတီးခြင်းသံသရာ
ကြင်နာငတ်သူအား
မေတ္တာရှင်တရားချ
ချစ်ကြစေသား ။

ညှင်းဆဲတဲ့လောကဓံ
ကြိတ်ခံနေသူအား
ငြိမ်သက်ခြင်းတရားပေါက်
လွတ်မြောက်စေသား ။

ရုန်းမရပြစ်နွံတွင်
နစ်ကျွံနေသူအား
ကင်တင်ခြင်းတရားရောက်
လွတ်မြောက်စေသား ။

စည်းစိမ်ဂုဏ်ဓနရောင်
ကျွမ်းလောင်ခံသူအား
သက်ရှေကြည်စမ်းတွင်းတွေ့
ချမ်းမြေ့စေသား ။

ခရစ်တော်သာသနာ
မေတ္တာနှင့်တရား
သွားလေရာမျိုးစေ့ချ
ပြန့်ကြစေသား ။

ရာပြည့်လွန်တဲ့လက်ဖော်
တပည့်တော်စစ်မျှား
အလိုတော်မြတ်ဥဿုံ
ပြည့်စုံစေသား ။

ချင်းခရစ်ယာန်များ၏ ရာပြည့်သမိုင်းဝင်အဖြစ်အပျက်အတွေ့အကြုံများ

Revd. Robert Hniar Ceu

နှစ်ပေါင်းတစ်ရာအတွင်း ချင်းခရစ်ယာန်များတို့၏သမိုင်းဝင်ဖြစ်သော ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(Zomi Baptist Convention) ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းအား ဖော်ပြလိုပါသည်။

ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်သည် ၁၉၅၃ ခုနှစ်၊ မတ်လတွင် ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယခုခသ-၂၀၀၃ခုနှစ်၊ မတ်လ (၂၁-၂၃)နေ့များတွင် နှစ်(၅၀)ပြည့်ပြီးဖြစ်၍ ချင်းခရစ်ယာန်သမိုင်းတွင် လစ်လျူရှုမရသောအဖွဲ့ချုပ်ကြီးအဖြစ် ကျေးဇူးတော်ချီးမွမ်းအပ်ပေသည်။

ကြီးမားခိုင်ခန့်သောအဆောက်အဦးတစ်ခုတည်ဆောက်ရာတွင် မရှိမဖြစ်အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးသောအရာသည် အခြေခံအုတ်မြစ် (Foundation) ဖြစ်ပေရာ၊ ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဖြစ်ပေါ်လာပုံကိုသေချာစွာ လေ့လာခြင်းသည် ယုံကြည်သူချင်းခရစ်ယာန်မျိုးဆက်သစ်များအတွက် အခြေခံအုတ်မြစ်သဖွယ်ဖြစ်မည်ဟုမှုတ်ကြည့်လျက် ရေးသားဖော်ပြအပ်ပါသည်။

ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်သည် "ချစ်ခြင်းမေတ္တာတည်းဟူသောအုတ်မြစ်"၌ အခြေခံ၍ ဖွဲ့စည်းတည်ထောင်ခဲ့သောကြောင့် ချစ်ခြင်းမေတ္တာအဆောက်အဦ (House Of Agape) တစ်ခုဖြစ်ပေသည်။

အစကနဦးတွင် Tedim Baptist Association, Falam Baptist Association, Haka Baptist Association တည်းဟူသော နယ်အဖွဲ့(၃)ဖွဲ့တို့သည် ခရစ်တော်၌တစ်လုံတစ်ဝတည်းသော ချစ်ခြင်းမေတ္တာဖြင့် မကွဲမကွာတွဲလက်ခိုင်လျက် စုစည်းတည်ထောင်ခဲ့ကြရာမှ ယခုနှစ်(၅၀)ပြည့် ကျေးဇူးတော်ချီးမွမ်းသည့် အချိန်အခါတွင် နယ်အဖွဲ့ (Association) ပေါင်း(၂၂)ဖွဲ့အထိခိုင်ခန့်တည်ကြည်စွာ တိုးပွားလာခဲ့ပေပြီ။

အဆိုပါကနဦးအဖွဲ့(၃)ဖွဲ့မှ ခေါင်းဆောင်များ၊ ယုံကြည်သူများသည် ဘာသာရေးနှင့်စပ်လျဉ်းသောအစည်းအဝေးပွဲများ ကျင်းပပြုလုပ်သည့်အခါတိုင်း ခြေလျင်ခရီးဖြင့် မပျက်မကွက် သွားရောက်ပါဝင်တက်ရောက်တွေ့ဆုံကြကြောင်း၊

အစည်းအဝေးပြီးဆုံး၍ နေရပ်ဌာနေသို့ပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး မခွဲနိုင်မခွာရက် ဝမ်းနည်းမျက်ရည်များ စီးကျလျက် ခွဲခွာကြသည်ဟု Revd. Sang Fen ၏အဆိုအရ သိရှိရပါသည်။

ဤကဲ့သို့သော ယုံကြည်သူများ၏ရင်းနှီးမှု၊ ချစ်ခင်မှု၊ မကွဲမကွာသောစည်းလုံးမှုကို မြင်တွေ့ကြသောမယုံကြည်သူများအနေဖြင့် မိန်းမောတွေဝေအံ့အားသင့်လျက် "သူတို့ဟာဘယ်လိုလူတွေလဲ.. ဘယ်ကလူတွေလဲ.. ဘာလို့အချင်းချင်းရင်းနှီးစွာ ဆက်ဆံကြပါသလဲ" ဟူ၍ မေးခွန်းများထွက်ပေါ်လာခဲ့ပြီ။ "They love each other. They praise their Lord together. They worship their God together. They sing together." ဟူ၍လည်းကောင်း၊ "ငါတို့လည်း သူတို့လိုရင်းရင်းနှီးနှီးနေချင်တယ်.. ငါတို့လည်း ခရစ်ယာန်ဖြစ်ချင်တယ်.." ဟူ၍ ပြောဆိုကြကြောင်း သိရှိရပါသည်။

ဤသို့ဖြင့် ကနဦးအဦးသီးယုံကြည်သူများဖြစ်သော Pu Thuam Hang, Pu Pau Suan, Pu Thang Cin, Pu Chia Khaw တို့၏ဆက်ကပ်မှု၊ ချစ်ခြင်းမေတ္တာကို မြင်တွေ့ကြည့်စမ်းကြရာမှ ဘုရားရှင်အား ယုံကြည်လက်ခံလာကြရာ ယခုနှစ် (၅၀)ပြည့် ယုဘိလပွဲတော်ကျင်းပသည့်အချိန်အခါတွင် ဇီမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၌ -

(က) ယုံကြည်သူနှစ်ခြင်းခရစ်ယာန်ဦးရေ (၁၆၈၁၃၆) ရှိပေပြီ။

(ခ) နယ်အဖွဲ့(Association) (၃)ဖွဲ့မှအစပြုကာ ယခု (၂၂)ဖွဲ့ရှိပေပြီ။

(ဂ) အချိန်ပြည့်ဓမ္မအမှုတော်ဆောင်ဆရာ/ဆရာမ (၁၀၆၆) ပါး ရှိသည်အထိ ဘုရားရှင်ကောင်းချီးပေးခြင်းခံစားရပြီဖြစ်ပေသည်။

The 1st Z.B.C President, Revd. Sang Fen ၏ဩဝါဒအမှာစကား

၁၉၇၂ခုနှစ်တွင် Zokhua Baptist Church Pastor ဖြစ်သော Revd. Sang Fen က စာရေးသူအား Zokhua Baptist Church Pastor အဖြစ် တာဝန်လွှဲအပ်သောနေ့တွင် အောက်ပါအတိုင်း ဩဝါဒအမှာစကားပြောကြားခဲ့ပါသည်။

(က) "သစ္စာရှိသောငယ်သားကောင်း" မှသည် "သစ္စာရှိသောသိုးထိန်းကောင်း"ဖြစ်စေရန် ဘုရားသခင်အလိုတော်ရှိကြောင်း၊ သေသည့်တိုင်အောင်သစ္စာရှိလော့။ အသက်သရဖူကို ငါပေးမည် (ဗျာ ၂း၁၀)ဟူသောစကားသည် သစ္စာစကားဖြစ်၍ စိုးရိမ်ခြင်းမရှိဘဲ ခရစ်တော်၏မျက်နှာတော်ကိုထောက်ထားလျက် မဖောက်မပြန် သစ္စာရှိစွာ အမှုတော်မြတ်အား ဆောင်ရွက်လျက် အသက်ရှင်ပါဟူ၍လည်းကောင်း၊

(ခ) (မဿဲ ၂၅း၁၄-၃၀)တွင် ခရစ်တော်ဖော်ပြသည့်အတိုင်း "သစ္စာရှိသောငယ်သားကောင်း၊ သင်သည်ငယ်သောအမှုအရာတို့၌ သစ္စာရှိသောကြောင့် ဆက်လက်၍သာ၍ကြီးသောအမှုအရာတို့ကို ငါပေးမည်။ သင်၏သခင်နှင့်အတူစည်းစိမ်ကို ဝင်လော့" ဟု သစ္စာရှိသော ငယ်သားကောင်းအား ကောင်းချီးပေးခဲ့သည့်နည်းတူ သင်သည်လည်း ခရစ်တော်၏ခြေရာတော်အတိုင်း လိုက်လျှောက်အသက်ရှင်လျှင် ဘုရားသခင်သည် သင့်အားခိုးမြှောက်၍ သာ၍ကြီးမားသောအမှု(တာဝန်)ပေးခြင်းခံရမည်ဟူ၍လည်းကောင်း၊

(ဂ) ZBC ၏တာဝန်ကို ထမ်းဆောင်ရာ၌လည်း ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကိုသာအရင်းခံအုတ်မြစ်ထားပြီး ဖွဲ့စည်းထားသောအဖွဲ့ချုပ်အဖြစ်လည်းကောင်း၊ Zokhua Area ရှိ အသင်းတော်များအား ကြည့်ရှုစောင့်ရှောက်ရာတွင်လည်းကောင်း ကျွန်ုပ်အသုံးပြုခဲ့သော လုံတံတော်နှင့်တောင်ဝှေးတော်ကို ကိုင်စွဲလျက် သခင်အပ်နှင်းသောတာဝန်(အလုပ်)အပေါ် သစ္စာရှိစွာဖြင့် ဆောင်ရွက်ပါဟူ၍လည်းကောင်း ဩဝါဒအမှာစကားဆိုခဲ့ပါသည်။

The 1st Z.B.C General Secretary, Revd. S.T.Hau Go ၏အမှာစကား

၁၉၈၇ခုနှစ်တွင် စာရေးသူသည် Z.B.C အထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်စဉ် Z.B.C ၏ပထမဦးဆုံးအထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့သူ Revd. S.T.Hau Go သည် ကျန်းမာရေးအခြအနေဆိုးရွားလာခြိန် ကျွန်ုပ်အား ခေါ်ဖိတ်လျက် ၄င်း၏နောက်ဆုံး ဩဝါဒအမှာစကားကို အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်။

(က) Z.B.C သည် ချင်းခရစ်ယာန်ယုံကြည်သူများ၏ချစ်ခြင်းမေတ္တာဖြင့် တည်ဆောက်ထားသည်ကို ထာဝစဉ်မမေ့သင့်ကြောင်း၊

(ခ) Z.B.C ဟူသောစကားလုံးမှ Zomi ဟူသော ဝေါဟာရကို ပထမဦးဆုံးသော Z.B.C အထွေထွေအတွင်းရေးမှူး ကျွန်ုပ် Revd. S.T. Hau Go နှင့် ပထမဦးဆုံးသော Z.B.C ဥက္ကဋ္ဌဖြစ်သူ Revd. Sang Fen တို့မှ အကျေအလည်ဆွေးနွေးပြီး Z.B.C ရှိ ယုံကြည်သူအားလုံးမှ သဘောတူအတည်ပြုခဲ့သောအမည်နာမဖြစ်ကြောင်း မမေ့ရန်၊

(ဂ) မည်သည့်အခါမျှ ဤ Z.B.C အဖွဲ့ချုပ်ကြီးအား မပြိုကွဲမပျက်စီးစေရန်အတွက် ယုံကြည်သူအားလုံး၏တာဝန်ဖြစ်၍ ထိန်းသိမ်းသွားဖို့ မမေ့ရန်၊

(ဃ) (ဧဖက် ၄း၁-၆)ကို အခြေခံ၍ ဘိုးဘေးများမှ တည်ဆောက်ခဲ့သည့် Z B C အဖွဲ့ချုပ်ကို ခရစ်တော်၌ တစ်လုံးတစ်ဝတည်းရှိခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦးအားနည်းချက်များကို နားလည်ခွင့်လွှတ်သည်းခံလျက် မေတ္တာရှေ့ထား ထိန်းသိမ်းသွားဖို့မမေ့ရန်-စသည်ဖြင့် ဩဝါဒအမှာစကားဆိုခဲ့သည်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ -

ချင်းလူမျိုးများသည် လွန်ခဲ့သောနှစ်ပေါင်းများစွာ အမှောင်ထုလွှမ်းမိုးဖုံးလွှမ်းအုပ်စိုးခြင်းခံခဲ့ရသော်လည်း ယခုကဲ့သို့ အလင်းတော်၏အောက်တွင် ရောက်ရှိဖို့ နှစ်ပေါင်းတစ်ရာတိုင်အလင်းတွင်းသို့ ပို့ဆောင်လမ်းပြတော်မူသော ဘုရားသခင်၏ကျေးဇူးတော်၊ ဂုဏ်တော်၊ နာမတော်ကို ချီးမွမ်းကြပါသည်။

ဤကဲ့သို့သော ရာပြည့်ပွဲတော်ကို အောင်မြင်စွာနှင့်စည်ကားသိုက်မြိုက်စွာ အတူတကွ ချီးမွမ်းရသောအခွင့်ထူးကိုလည်း ပြင်ဆင်ပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်၊ ဂုဏ်တော်ကို ချီးမွမ်း၍ မကုန်နိုင်ပါ။

(ဟေ ၁၃း၂-၄) တွင် ဖော်ပြသည့် နှုတ်တပတ်တော်ကို ယနေ့ချင်းခရစ်ယာန်

ယုံကြည်သူများအနေဖြင့် ခွန်အားအသစ်၊ ရူပါရုံအသစ်ဖြင့်ခံယူလျက် ယခုကျင်းပပြုလုပ်ခဲ့သော ရာပြည့်ပွဲတော်ထက် ကြီးမားသောနှစ်(၂၀၀)ပြည့်ပွဲတော်ကို မျှော်လင့်လျက် ကျွန်တော်တို့၏ တဲရာကို ကျယ်စေ၍ ကျွန်တော်တို့၏တဲရာ၊ 'မျက်နှာတော်'တို့ကို တိုးချဲ့ကာ တဲရာ၏ကြိုးကိုလည်း ရှည်စေ၍ တိုင်တို့ကိုလည်း မြဲမြံခိုင်ခန့်စွာ စိုက်ရန် အချိန်တန်ပြီဖြစ်သည်။

သို့ပါ၍ ကျွန်တော်တို့သည် လက်ယာ၊ လက်ဝဲဘက်၌ တိုးပွားစေဖို့ရန် ဘုရားသခင်မှ လမ်းဖွင့်ကောင်းချီးပေးပြီးဖြစ်သောကြောင့် မိန့်မှာခဲ့သည့်အတိုင်း ခရစ်တော်၌ တစ်လုံးတစ်ဝတည်းလက်တွဲဆောင်ရွက်သွားပါက ကတိတော်ရှိသည်အတိုင်း စိုးရိမ်ခြင်း၊ ရှက်ကြောက်ခြင်း၊ မျက်နှာပျက်ခြင်း၊ အရှက်ကွဲခြင်းမရှိဘဲ ကောင်းချီးရေတွက်လျက် နှစ် (၁၅၀)ပြည့်ပွဲတော်မှ နှစ်(၂၀၀)ပြည့်ပွဲတော်များသို့ ဆက်လက်ကျင်းပနိုင်ရန် ခွန်အားအသစ်ရယူလျက် အတူတကွလက်တွဲ၍ ခြေလှမ်းသစ်ဖြင့် ရှေ့သို့ချီတက်ကြပါစို့ဟု ဆုတောင်းလျက် နိဂုံးချုပ်အပ်ပါသည်။

HOW DOES YOUR LIFE ADD UP?

Someone has calculated how a typical lifespan of 70 years is spent We must ask God to "teach us to number our days, that we may gain a heart of wisdom." (Ps. 90 12) Then the years of our lives will add up to something truly worthwhile

Sleep	23 0 years	32.9 %
Work	16.0 years	22 8 %
TV	8.0 years	11 4 %
Eating	6 0 years	8.6 %
Travel	6 0 years	8 6 %
Leisure	4 5 years	6 5 %
Illness	4.0 years	5 7 %
Dressing	2 0 years	2 8 %
Religion	0 5 years	0 7 %
	70.0 years	**100.0 %**

A WISE PERSON DOESN'T JUST SPEND TIME. .HE INVESTS IT. (Our Daily Bread, Nov 25, 1992)

YOUR AGE and YOUR TIME

In his book *"Time for God,"* Leslie Weatherhead makes a mathematical calculation that compares the normal human lifespan of seventy years with the hours of a single day beginning at seven in the morning and ending at eleven at night

If your age is... ..

15, the time is 10 25 A M
20, the time is 11:34 A M
25, the time is 12 42 P M
30, the time is 01 51 P M
35, the time is 03 00 P M
40, the time is 04 08 P M
45, the time is 05 16 P M
50, the time is 06 25 P M
55, the time is 07 34 P M
60, the tme is 08 42 P M
65, the time is 09 51 P M
70, the time is 11 00 P M

(The Way of excellence HOPE, page 21)

နှစ်တစ်ရာ ကောင်းခြိုးမင်္ဂလာများနှင့် စိန်ခေါ်ချက်များ

Revd. စောမာဂေကြီး

ချင်းခရစ်ယာန်ရာပြည့် မဂ္ဂဇင်းတော်မတီက ဤအထူးထုတ်မဂ္ဂဇင်းတွင် စာမူတစ်ခု ရေးသားပေးပို့ရန်အတွက် မေတ္တာရပ်ခံစာကို ဇူလိုင်လ အကုန်တွင် လက်ခံရရှိခဲ့ပါသည်။ စာမူတောင်းခံသောစာအရ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ(၃၁)နေ့ အမှီ ပေးပို့ရမည်ဖြစ်သည်။ ကျွန်တော့် လက်ဝယ်ရရှိထားသော ချင်းနှစ်ခြင်းခရစ်ယာန်သမိုင်းစာအုပ်နှင့် ချင်းဧဝံဂေလိရာပြည့် အထူးထုတ် မဂ္ဂဇင်းတို့ကိုပြန်လည်ဖတ်ရှုပြီး၊ ရရှိသောအချက်အလက်များကို အခြေခံ၍ စာမူတစ်ခုရေးသားပါက ကောင်းမည်ဟု စဉ်းစားမိသည်။သို့သော်ရရှိထားသော ယင်းစာအုပ်များကို မည်သည့်နေရာတွင် ထားရှိသည်ကို စဉ်းစား၍မရတော့၊ ရှာ၍လည်းမတွေ့။ ခရစ်ယာန်သာသနာ့တာဝန်အမျိုးမျိုးဖြင့် ပြည်တွင်း၊ ပြည်ပခရီး ဆက်တိုက်ထွက်ခဲ့ရသည်။ အခြားအရေးပေါ်လုပ်ငန်းများကိုလည်း အချိန်ပေး၊အာရုံစိုက်၍ ဆောင်ရွက်ရသည်။ ချင်းခရစ်ယာန်ရာပြည့်မဂ္ဂဇင်းအတွက် စာရေးရန် သတိမရတော့။ မေ့ယောင်ဆောင်သည်မဟုတ်၊ အမှန်တကယ်ပင် မေ့သွားခဲ့သည်။

မမျှော်လင့်ဘဲ ၇-၁၁-၀၃ နေ့တွင် မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ၊ လုပ်ဖော်ဆောင်ဖက်ဖြစ်သော သိက္ခာတော်ရ ဆရာဒီကိတ်ချင်းပေါင်သည် ကျွန်တော်ရုံးခန်းသို့ ရောက်လာပြီး စာမူတောင်းသည်။ မရေးရသေးကြောင်း ရှိုးသားစွာ ဝန်ခံလိုက်သည်။ ဆရာ Kip က အချိန်ရှိသေးကြောင်း၊ မဖြစ်မနေရေးသားပေးရန် ဆိုသည်။ အထူးသဖြင့် ချင်းတောင်ဒေသသို့ အကြိမ်ပေါင်းများစွာ ရောက်ရှိခဲ့ပြီး ချင်းခရစ်ယာန်သာသနာလုပ်ငန်းများတွင်၊ ယနေ့အထိ တစ်နည်းမဟုတ်တစ်နည်း ပါဝင်ခဲ့သူအနေဖြင့် မိမိအတွေ့အကြုံများကို အခြေခံ၍ ချင်းခရစ်ယာန်များအတွက် အကျိုးပြုမည့် အကြောင်းအရာတစ်ခုခုတို့ ရေးသားပေးရန် ထပ်မံမေတ္တာရပ်ခံလာသည်။ ဤသို့ဆိုလာပြန်သောအခါ၊ အကြောင်းအရာတစ်ခုကို ရေးသားပေးရန် စိတ်ထဲတွင်လှုံ့ဆော်မှုကို အမှန်တကယ်ခံရသည်။ ထို့ကြောင့် ရေးပေးမည်ဟု ဂတိပြုလိုက်သည့် သူဆိုသည့် အတိုင်း ကျွန်တော်သည် ချင်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းဒေသများသို့ ခရစ်ယာန်သာသနာ့ကိစ္စအမျိုးမျိုးဖြင့်

သွားခဲ့ရသည်။ ၁၉၇၄ မှ ၁၉၇၉နှစ်များ အတွင်းတွင် တနှစ်တစ်ကြိမ်မက သွားခဲ့ရသည်။ ခရစ်ယာန်ရိပ်သာ၊ ဧဝံဂေလိလုပ်ငန်း၊ ဖွဲ့ဖြိုးရေးလုပ်ငန်း၊ ယုဘိလဓမ္မသဘင်၊ အစည်းအဝေးကြီးများနှင့် အသင်းတော်ပြဿနာ ဖြေရှင်းခြင်း. အစရှိသော ခရစ်ယာန်သာသနာ့ကိစ္စမျိုးမျိုးဖြင့် သွားရောက်ခဲ့သည်။ ထို့ကြောင့် ချင်းနှစ်ခြင်း ခရစ်ယာန်ခေါင်းဆောင်များနှင့် သိကျွမ်းရင်းနှီးခင်မင်ခဲ့ရသည်။ အချို့တို့သည် ညီကိုမောင်နှမ အရင်းပမာ ချစ်ခင်ရင်းနှီးမှုရှိခဲ့သည်။ ယနေ့ အထိပင် ဖြစ်သည်။ ဤသို့ချင်းပြည်နယ်ဒေသသို့ သွားရောက်ခဲ့သည့်ကာလအတွင်း၊ ချင်းတောင်၏ ဘုရားသခင်၏လက်ရာတော်၊ သဘာဝအလှကို တွေ့မြင်ကြည်နူးခဲ့ရသည်။ ရိုးသားဖြူစင်သော ချင်းညီအစ်ကိုမောင်နှမများနှင့် တွေ့ဆုံမိထ်သဟာယဖွဲ့၍ သူတို့၏မေတ္တာ၊စေတနာဖြင့် ပြုစုမှု အမျိုးမျိုးခံစားခဲ့ရသည်။ ယခုကျွန်တော် နေထိုင်လျက်ရှိသော မြန်မာနိုင်ငံကျမ်းစာ အသင်းတိုက် အထွေထွေအတွင်းရေးမှူးနေအိမ်၊ ဧည့်ခန်းသည်ချင်းဒေသမှ မေတ္တာဖြင့် ပေးကမ်းမှုကို သက်သေထူလျက်ရှိသည်။ နွားနောက်ဦးချို၊ ပလိုင်း၊ ဒါး၊ စောင်များ၊ လွယ်အိတ်များ အစရှိသည်တို့ဖြစ်သည်။ ရရှိခဲ့သော လွယ်အိတ်အချို့ကို အခြားလူတော်တော်များများအား ပေးဝေခဲ့ပြီးဖြစ်သည်။ ချင်းဒေသတွင် အသင်းတော်များ၏တိုးတက်အောင်မြင်မှုအမျိုးမျိုးကို တွေ့မြင်ခဲ့ရသည်။ ဖလမ်းမြို့တွင် ယခင်က သစ်ဘုရားရှိခိုးကျောင်းမှ ယခုအခါမြို့လယ်ခေါင်တွင် ခန့်ညားထည်ဝါသော ဘုရားရှိခိုးကျောင်းကြီး၊ အဆောက်အအုံနှင့် အဆင့်အတန်းပါတိုးတက်လာသော ဇိုမီးဓမ္မတက္ကသိုလ်၊ မြို့တော် ဟားခါးခရစ်ယာန်ဓမ္မကောလိပ်အစရှိသည်တို့ဖြစ်သည်။ ဤခရစ်ယာန်သာသနာ့လုပ်ငန်းတွင် တိုးတက်အောင်မြင်မှုများနှင့်အတူ၊ အသင်းတော်အတွင်း ပဋိပက္ခနှင့် ကွဲပြားမှုအမျိုးမျိုးကိုလည်း ဝမ်းနည်းဖွယ်ရာ ကြားသိတွေ့မြင်ခဲ့ရသည်။

ဤအတွေ့အကြုံများကို အခြေခံ၍၊ ချင်းခရစ်ယာန်ရာပြည့်မဂ္ဂဇင်းအတွက် စာမူတစ်ခုရေးသားပါက ကောင်းမည်ဟုစဉ်းစားမိသည်။ အလေးအနက်ထား၍ စဉ်းစားရာ၊ ခေါင်းထဲတွင် အကြောင်းအရာတစ်ခုကိုစဉ်းစားမိသည်။ ထပ်၍ အပြန်အလှန်စဉ်းစားသောအခါ ထိုအကြောင်းအရာခေါင်းစဉ်ကို သဘောတွေ့ပြီး၊ ရေးသားရန် ရွေးချယ်ဆုံးဖြတ်လိုက်သည်။ ရွေးချယ်လိုက်သော အကြောင်းအရာခေါင်းစဉ်မှာ **"နှစ်တစ်ရာ၏ ကောင်းချီးမင်္ဂလာများနှင့် စိန်ခေါ်ချက်များ"** ပင်ဖြစ်သည်။

နှစ်တရာ၏ကောင်းချီးမင်္ဂလာများ။

ကောင်းချီးမင်္ဂလာသည်၊ အင်္ဂလိပ်စကားအားဖြင့် blessing ဖြစ်သည်။ အဘိဓါန်ထဲတွင် တွေ့ရှိရသော blessing ၏အဓိပ္ပါယ်များမှာ ဘုရားသခင် မစကူညီခြင်းနှင့် ကာကွယ်ခြင်း (God's favour and protection)၊ ဝမ်းမြောက်စရာ၊ ဝမ်းမြောက်ခြင်းကို ပေးသောအရာ (A thing that one is glad about, a thing that brings happiness)

လွန်ခဲ့သောနှစ်တစ်ရာကာလအတွင်းတွင် ချင်းတိုင်းရင်းသားများသည် ဘုရားသခင်၏ မစကူညီခြင်း၊ ကာကွယ်ခြင်းတို့ကို နည်းအမျိုးမျိုးရရှိခဲ့သည်။ ဝမ်းမြောက်အားရစရာ၊ ဂုဏ်ယူစရာများတို့ကိုလည်းတွေ့မြင်ရရှိခံစားခဲ့ရသည်။

တစ်နည်းဆိုရသော် နှစ်တစ်ရာ၏ ကောင်းချီးမင်္ဂလာများပင် ဖြစ်သည်။

ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများတို့သည် ကျွန်တော်တို့ ကရင်တိုင်းရင်းသားများကဲ့သို့ တောင်ပေါ်ဒေသများနှင့်ခေါင်ခိုက်သော ကျေးလက်ဒေသများတွင် နေထိုင်ခဲ့ကြသည်။ ယခုတိုင်နေထိုင်လျက်ရှိကြသည်။ လွန်ခဲ့သော နှစ်တစ်ရာအချိန်ကာလနှင့် နှောင်းပိုင်းတွင် ကျွန်တော်တို့တောင်ပေါ်တိုင်းရင်းသားများတို့၏ လူမှုရေး၊ စီးပွါးရေးအခြေအနေသည် တွေးခေါ်စဉ်းစားနိုင်သည်ထက် အဖက်ဖက်တွင် အလွန်နိမ့်ကျခဲ့သည်။ ဘာသာတရားတွင်လည်း နတ်ကိုးကွယ်သူများဖြစ်ကြပြီး၊ မှားယွင်းသော အယူဝါဒများ၏ချုပ်နှောင်မှုအမျိုးမျိုးအောက်တွင် အသက်ရှင်ခဲ့ရသည်။ ခရစ်ယာန်သာသနာသည် ချင်းတောင်တန်းဒေသသို့ ခရစ်ယာန်သာသနာပြုဆရာများနှင့် တိုင်းရင်းသား ဧဝံဂေလိအမှုတော်ဆောင်များ အားဖြင့်ရောက်ရှိလာသောအခါ ချင်းတိုင်းရင်းသားများ၏ လူမှုရေးဘဝသည် တဖြည်းဖြည်းတိုးတက်လာခဲ့သည်။ ဤသမိုင်းဖြစ်ရပ်အမှန်ကို ချင်းတိုင်းရင်းသားခေါင်းဆောင်ကြီးများ မကြာခဏဖော်ထုတ် သက်သေခံကြသည်ကို ကြားနာရပါသည်။ ဤသို့ဖော်ထုတ် သက်သေခံကြရာတွင် ချင်းတောင်တန်းဒေသသို့ ရောက်ရှိခဲ့ကြသော ကရင်တိုင်းရင်းသား ဧဝံဂေလိအမှုတော်ဆောင်များနှင့် သာမန်အသင်းသားများ၏ကိုယ်ကျိုးစွန့်ဆက်ကပ်လုပ်ဆောင်မှုတို့ကို ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်ကြပါသည်။ ဤသို့ကျေးဇူးတင်မှတ်တမ်းတင်ခြင်းကို ကရင်လူမျိုးတစ်ဦးအနေဖြင့် ဂုဏ်ယူမိပါသည်။ မိမိရရှိခံစားရသော ဝမ်းမြောက်ဖွယ်သတင်းနှင့် ကယ်တင်ခြင်းကျေးဇူးကို ဝေမျှသက်သေခံခြင်းသည် ခရစ်တော်ဘုရား၏မဟာစေစားချက်နှင့် ခရစ်ယာန်တိုင်း၏တာဝန်ဖြစ်သည်။ ဧဝံဂေလိသတင်းကောင်းဟူသည် ထာဝရဘုရားသခင်၏ ဥဿုံကယ်တင်ခြင်းဆိုင်ရာ ထူးကဲသော သတင်းတော်မြတ် ဖြစ်သည်။ လူ၏ဝိညာဉ်အသက်တာကို ပြောင်းလဲစေပြီး ခရစ်တော်၌တည်သောဘဝသစ်ကို ပေးသည်။ မှားယွင်းသော အယူဝါဒနှင့် လွှမ်းမိုးမှုအမျိုးမျိုးတို့မှ လွတ်မြောက်စေပြီး ဥဿုံဘက်စုံဖွံ့ဖြိုးသော အသက်တာ၊ ပြည့်စုံကြွယ်ဝသော ကယ်တင်ခြင်း ဆုကျေးဇူးကို ခံစားရရှိစေသည်။ ချင်းတိုင်းရင်းသား ခရစ်ယာန်များတို့၏ အနှစ်တစ်ရာ ခရစ်ယာန်သာသနာ့သမိုင်းတွင် ဤဧဝံဂေလိတရားတော်မြတ်၏ အနှစ်သာရများတို့သည် ပေါ်လွင်ထင်ရှားလျက်ရှိပါသည်။ အချို့တို့ကို မီးမောင်းထိုး၍ ဖော်ပြရသော်. . . .

(၁) နတ်စားဘဝမှ ခရစ်ယာန်များ ဖြစ်လာကြပြီး နတ်စားဘဝတွင် ယုံကြည်ကိုးကွယ်မှုကြောင့် အမျိုးမျိုးသော ကြောက်မက်ဖွယ် စိုးရိမ်မှုများမှ လွတ်မြောက်မှုကို ရရှိခဲ့သည်။ မိမိတို့၏ ဖန်ဆင်းရှင်ထာဝရဘုရားသခင်နှင့် ကယ်တင်ရှင်ခရစ်တော်ကို ယုံကြည်ကိုးကွယ် ကိုးစားကြသည်။ တမလွန်အရေးအတွက်လည်း စိတ်ချရမှုအပြည့်အဝရှိကြသည်။

(၂) ချင်းစာပေကိုတည်ထွင်ရရှိခဲ့ပြီး ထာဝရဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာကျမ်းစာကို ချင်းတိုင်းရင်းသားဘာသာစကားများဖြင့် ဖြန်ဆိုခဲ့သည်။ ထို့ကြောင့် သမ္မာကျမ်းစာကို အလွယ်တကူဖတ်ရှုနားလည်နိုင်သော မိမိတို့

ဘာသာစကားဖြင့် ရရှိခဲ့သည်။ ချင်းစာပေတိုးတက်ဖွံ့ဖြိုးရေးကိုလည်း တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်နိုင်ခဲ့သည်။

(၃) ပညာသင်ကြားခွင့် ရရှိလာကြပြီး၊ ပညာ၏တန်ဖိုးသိမြင်ခံယူလာကြသည်။ ထို့ကြောင့် ယခုအခါ ပညာရေးဖက်တွင် တိုးတက်ဖွံ့ဖြိုးလာပြီး၊ အမြင့်ဆုံးဘွဲ့များ ဆွတ်ခူးရရှိကြသည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် သီအိုလိုဂျီနှင့် ဓမ္မပညာဆိုင်ရာပါရဂူဘွဲ့များ ရရှိသူများထဲတွင်၊ ချင်းတိုင်းရင်းသားများ အများဆုံးဖြစ်သည်။ ပညာတတ်ဖြစ်လာသဖြင့်၊ ပြည်တွင်း၊ ပြည်ပတွင် အဆင့်မြင့်မားသော တာဝန်အမျိုးမျိုးကို ထမ်းဆောင်လျက်ရှိပါသည်။

(၄) အသင်းတော်များ တိုးပွားလာပြီး၊ ခရစ်ယာန်သာသနာ့အဖွဲ့အစည်းအမျိုးမျိုးကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။ ဧဝံဂေလိလုပ်ငန်း၊ ခရစ်ယာန်သာသနာပြုလုပ်ငန်းများတို့ကို ကြီးမားသောပန်းတိုင်များချမှတ်၍ စိတ်အားထက်သန်စွာ ဆက်ကပ်၍ လုပ်ဆောင်ကြသည်။ အခြားဒေသများရှိ ချင်းလူမျိုးမဟုတ်သော အခြားတိုင်းရင်းသားများအကြားတွင် တိုးဝင်ရောက်၍ ခရစ်ယာန်သာသနာပြုလုပ်ငန်းများကို ကျယ်ပြန့်စွာ လုပ်ဆောင်လျက်ရှိကြသည်။ ကျမ်းစာကျောင်းများကို ဦးဆောင်ဖွင့်လှစ်၍ ဂိုဏ်းဂဏ၊ လူမျိုးပေါင်းစုံတို့အား သင်ကြားပြုစုပေးလျက်ရှိသည်။

(၅) လူမှုရေး၊ စီးပွားရေးတွင်လည်း အဘက်ဘက်တိုးတက်လာပြီး၊ မြို့ကြီးပြကြီးများတွင် ရွှေ့ပြောင်းနေရာယူကြသည်။ ချင်းတိုင်းရင်းသားများ၏အမျိုးသားရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် ချင်းခရစ်ယာန်များဦးဆောင်ပါဝင်ပြီး နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(၆) အသိအမြင်တိုးတက်လာသည်နှင့် အမျှ၊ မိမိတို့၏ဘဝတိုးတက်မြင့်မားရေးအတွက်၊ ပြည်ပနိုင်ငံများတွင် သွားရောက်ပညာသင်ကြားခြင်း၊ အလုပ်လုပ်ခြင်းနှင့် အတည်အကျနေထိုင်ခြင်း အတွက် လုပ်ဆောင်ခဲ့ရာ၊ ယခုအခါ ချင်းတိုင်းရင်းသားများသည်၊ နိုင်ငံအတော်များများတွင် ရောက်ရှိနေကြပြီဖြစ်ပါသည်။

စိန်ခေါ်ချက်များ။

ထာဝရဘုရား၏ကျေးဇူးတော်ကို ချီးမွမ်းကြလော့၊

ကိုယ်တော်သည် ကြီးမြတ်တော်မူကြောင်းကို ထုတ်ဖော် ကြေညာကြလော့။

ကိုယ်တော်ပြုတော်မူသော အမှုတော်တို့ကို လူမျိုးတကာတို့အား ပြောကြားကြလော့။

သီချင်းဆို၍ ထာဝရဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းကြလော့။

ကိုယ်တော်ပြုတော်မူသော အံ့သြဖွယ်ရာ အပေါင်းတို့ကို ဖော်ပြကြလော့။

(ဆာလံ ၁၀၅း၁-၂ ခေတ်သုံး)

ချင်းခရစ်ယာန် နှစ်တစ်ရာသမိုင်း အတွင်းတွင် ချင်းတိုင်းရင်းသားများ ခံစားရရှိခဲ့သော ဝိညာဉ်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကျေးဇူးတော်မြတ်များတို့ကို ရေတွက်၍ကုန်နိုင်မည် မဟုတ်ကြောင်း၊ ချင်းခရစ်ယာန်တိုင်း ဝန်ခံကြမည်သာဖြစ်သည်။ ထို့ကြောင့် ၁၀၅ ခုမြောက်သော ဆာလံ(၁)နှင့်(၂)တွင် ဖော်ပြသည့်အတိုင်း ဘုရားသခင်၏ဂုဏ်တော်၊ ကျေးဇူးတော်အပေါင်းတို့ကို နှလုံးထဲမှ အမှန်တကယ် ချီးမွမ်းပြီး

ပြုတော်မူသော အံ့သြဖွယ်ရာအမှုများကို ဖော်ပြကြေညာသက်သေခံကြရမည် ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုသော် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်အတူ ဘုရားရှင်အတွက် ဆက်ကပ်လုပ်ဆောင်ကြရမည်ဖြစ်သည်။ ဘုရားရှင်အတွက် ဆက်ကပ်လုပ်ဆောင်ခြင်း ဟူသည် လက်ရှိဖြစ်ရပ်အခြေအနေတွင် ဘုရားရှင်၏ ခရစ်ယာန်သာသနာတော်မြတ်အတွက် ဖြစ်ပေါ်တည်ရှိနေသော စိန်ခေါ်ချက်များတို့ကို တုံ့ပြန်၍ ပေးဆက်ပြီး အစွမ်းကုန် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဘုရားသခင် အလိုတော်ပြည့်စုံစေရန်နှင့် ဘုန်းတော်ထင်ရှားစေရန် ယနေ့ ချင်းခရစ်ယာန်များအတွက် စိန်ခေါ်ချက်အချို့ကို ဖော်ပြလိုပါသည်။

(၁) ဧဝံဂေလိလုပ်ငန်းနှင့်ခရစ်ယာန်သာသနာပြုလုပ်ငန်း။

အသင်းတော်နှင့် ခရစ်ယာန်တစ်ဦးစီ၏ အဓိက ခရစ်ယာန်သာသနာ့တာဝန်သည် ဧဝံဂေလိလုပ်ငန်း၊ ခရစ်ယာန်သာသနာပြုလုပ်ငန်းဖြစ်သည်။ ချင်းခရစ်ယာန် အသင်းတော်များနှင့် ခရစ်ယာန်သာသနာ့အဖွဲ့အစည်းတို့သည်၊ ဧဝံဂေလိလုပ်ငန်းနှင့် ခရစ်ယာန်သာသနာပြုလုပ်ငန်းတို့ကို အတတ်နိုင်ဆုံးလုပ်ဆောင်ခဲ့သည်။ သမိုင်းတွင်လောက်အောင်လုပ်ဆောင်ခဲ့သည်။ (ဥပမာ။ ချင်းရာစုခရစ်ယာန်သာသနာ) ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ချင်းတိုင်းရင်းသားများထဲတွင် အထူးသဖြင့်၊ တောင်ပိုင်း ချင်းပြည်နယ်နှင့် မြေပြန့်ဒေသများတွင် မယုံကြည်သူမြောက်များစွာ ရှိနေသေးရာ၊ ချင်းခရစ်ယာန်များအတွက် ကြီးမားသော စိန်ခေါ်ချက် တစ်ရပ်ဖြစ်ပါသည်။ ထို့အပြင် ယနေ့ပြောင်းလဲနေသော အခြေအနေနှင့်မြေခံရေခံအရ ဆီလျော်ထိရောက်သော ဧဝံဂေလိလုပ်ငန်း၊ ခရစ်ယာန်သာသနာလုပ်ငန်း ဗျူဟာများနှင့် နည်းစနစ်တို့ကို စဉ်းစားဖော်ထုတ်၍ လုပ်ဆောင်ရန်လိုအပ်ပေသည်။

(၂) ချင်းခရစ်ယာန်အသင်းတော်များ ပီပြင်စွာရပ်တည်ရေးနှင့် စည်းလုံးညီညွတ်ရေး

ချင်းခရစ်ယာန်များနှင့် အသင်းတော်များတို့၏ တိုးတက်ဖွံ့ဖြိုးမှုသည် ယေဘုယျအားဖြင့် အလွန်အားရစရာကောင်းပါသည်။ သို့သော် ယနေ့ ချင်းခရစ်ယာန် အသင်းများအတွင်း ဖြစ်ပေါ်နေသောကွဲပြားမှုများ၊ ခြားနားမှုနှင့် အပြိုင်အဆိုင်သဘောကဲ့သို့ ဖြစ်ပေါ်နေသော လှုပ်ရှားမှုများသည်၊ အလွန်ဝမ်းနည်းဖွယ်ကောင်းပါသည်။ အခြားတိုင်းရင်းသား ခရစ်ယာန်များသာမက ခရစ်ယာန်မဟုတ်သူများပါ အထင်အမြင်သေးစွာ ရှုံ့ချပြောဆိုသည်ကို တဖွဖွကြားရလျက်ရှိသည်ကို ရှိုးသားစွာ ဖော်ပြလိုပါသည်။ အသင်းတော်နှင့်ခရစ်ယာန်သာသနာတော်၏ဂုဏ်သိက္ခာကို အမှန်တကယ် ထိခိုက်နစ်နာစေသောအရာများ ဖြစ်ကြောင်းကိုလည်း သုံးသပ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍၊ ချင်းခရစ်ယာန်ခေါင်းဆောင်များအနေဖြင့်၊ ချင်းအသင်းတော်များ၊ အသင်းတော်ပီသစွာရပ်တည်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် အလေးအနက်ထား၍ လုပ်ဆောင်ရန် လိုအပ်ပါသည်။ ဤသို့လုပ်ဆောင်ရာတွင်၊ -

- မည်သည့် အဓိကအကြောင်းများကြောင့် အသင်းတော်များကွဲပြားရသည်။

- မည်သူကအဓိက တာဝန်ရှိသည်။
- အသင်းတော်များ စည်းလုံးညီညွတ်မှု ရရှိရန် ဆောင်ရွက်ရမည့် နည်းလမ်းများ တို့ကို ဖော်ထုတ်လျက် အာရုံစိုက်၍ လုပ်ဆောင်ရန် အထူး လိုအပ်လျက်ရှိပါသည်။

(၃) ချင်းတိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရေး

ချင်းတိုင်းရင်းသားများသည် မြန်မာနိုင်ငံ၏ အဓိက တိုင်းရင်းသားလူမျိုး(၈)မျိုးတွင် ပါဝင်ပါသည်။ ချင်းတိုင်းရင်းသားများတွင် လူမျိုးနွယ်စု (၃၆)မျိုးရှိကြောင်း ဖော်ပြထားသည်ကို လေ့လာမှတ်သားရပါသည်။ လူမျိုးနွယ်စုများအကြားတွင် မျိုးနွယ်၊ ဒေသ၊ စာပေနှင့်ဓလေ့ထုံးစံများကို အခြေခံ၍ ကွဲပြားခြားနားမှုများသည်၊ စည်းလုံးညီညွတ်မှုကို ဖြစ်ထွန်းစေသည်ထက်၊ ဆန့်ကျင့်မှုနှင့် ပဋိပက္ခဖြစ်ရန်ဦးတည်မှုနှင့် လုပ်ဆောင်မှုများ တို့ကို တွေ့ရှိရပါသည်။ ယနေ့မြန်မာနိုင်ငံ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နေသောအခါသမယတွင်၊ တိုင်းရင်းသားလူမျိုးတစ်မျိုးအတွင်း စည်းလုံးညီညွတ်မှုသည်၊ မရှိမဖြစ်လို အပ်ပါသည်။ ခရစ်ယာန်များအနေဖြင့်၊ ခရစ်တော်၌အချေ၊ အနောက်၊ တောင်၊ မြောက်မရှိ၊ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ယုံကြည်ခံယူကြသည့်အလျောက်၊ ချင်းတိုင်းရင်းသားများအားလုံး၏စည်းလုံးညီညွတ်ရေးကို ဦးထိပ်ထား၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လူမျိုးတစ်မျိုးအနေဖြင့်၊ စည်းလုံးညီညွတ်မှုရှိမှသာ အင်အားရှိပြီး၊ မိမိလူမျိုး၏ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးကို ထိရောက်စွာ ဆောင်ရွက်မည်ဖြစ်သည်။

(၄) ချင်းတောင်တန်း ဘက်စုံတိုးတက်ဖွံ့ဖြိုးရေး

ချင်းခရစ်ယာန်များအနေဖြင့် ချင်းတောင်ဒေသ၊ ချင်းပြည်နယ်သည်၊ ချင်းလူမျိုးအားဘုရားသခင်ပေးသော သဘာဝအမွေအနှစ်ဟူ၍ ခံယူစရာရှိပေသည်။ ထိုအမွေအနှစ်ကို ထိန်းသိမ်းပြုစုရန်နှင့်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်အတွက် တာဝန်ရှိပါသည်။ လမ်းပန်းဆက်သွယ်ခြင်းအခက်အခဲ၊ သဘာဝရေမြေအနေအထားနှင့် အခြားအကြောင်းများကြောင့်၊ စိတ်ပျက်အားငယ်ပြီး၊ မိမိတို့၏ဒေသ အမွေအနှစ်ကို ပစ်ပယ်ခြင်း၊ လစ်လျူရှုခြင်းမပြုသင့်ပါ။ အထူးသဖြင့်၊ ချင်းခရစ်ယာန်များအနေဖြင့် ဖန်ဆင်းခြင်း၏တန်ဖိုးကို သိရှိခံယူကြသည့် အလျောက်ဘုရားသခင်၏လက်ရာတော်ဖြစ်သော ချင်းတောင်တန်းဒေသ ထာဝရစိမ်းလန်းစိုပြေသာယာလှပစေရန်နှင့် ထိုဒေသရှိ မိမိညီအစ်ကိုမောင်နှမ ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးအတွက်၊ တာဝန်သိသိ၊ သစ္စာရှိရှိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

(၅) ပြန်လည်သင့်မြတ်ခြင်းနှင့် ငြိမ်းချမ်းသာယာရေး

ချင်းတောင်တန်းဒေသ၏ ထူးခြားသော ဝိသေသတစ်ခုမှာ ရာသီဥတု အလွန်အေးခြင်းနှင့်အတူ နယ်မြေဒေသသည်လည်း အလွန်အေးချမ်းသာယာခြင်းဖြစ်သည်။ သို့သော်ယခုအခါ၊ အကြောင်းအမျိုးမျိုးကြောင့် နယ်မြေများတွင် အေးချမ်းသာယာမှု လျော့နည်းလာပြီး၊ ပဋိပက္ခများကြောင့် ပြည်သူများအနေဖြင့် စိုးရိမ်ကြောက်ရွံ့မှုများဖြင့် အသက်ရှင်ကြရပါသည်။ သမ္မာကျမ်းစာတော်မြတ်၌ သွန်သင်ချက်အရ ခရစ်ယာန်များတို့၏အဓိက ခရစ်ယာန်သာသနာ

တာဝန်တစ်ရပ်မှာ၊ ပြန်လည်သင့်မြတ်ခြင်းအတွက် လုပ်ဆောင်ခြင်း၊ တရားမျှတခြင်း၊ ငြိမ်းချမ်းရေးပြုစု တည်ဆောက်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ၊ ချင်းခရစ်ယာန်ခေါင်းဆောင်များနှင့် ချင်းခရစ်ယာန်များတို့သည်၊ ချင်းတောင်ဒေသ တစ်ခုလုံးတွင် ပေါ်ပေါက်နေသော ဆန့်ကျင်မှုများ၊ ပဋိပက္ခများအားလုံးချုပ်ငြိမ်းပြီး၊ တရားမျှတခြင်း၊ ငြိမ်ချမ်းသာယာခြင်းကို တည်ဆောက်နိုင်ရန်၊ ပြန်လည်သင့်မြတ်ခြင်း အမှုတော်လုပ်ငန်း ဆက်ကပ်ပါဝင်လုပ်ဆောင် ကြရမည် ဖြစ်ပါသည်။

နိဂုံး။

ချင်းခရစ်ယာန်များအားလုံး အတွက် အလွန်ထူးမြတ်သော ချင်းခရစ်ယာန်သာသနာ နှစ်တစ်ရာပြည့် အခါသမယတွင်၊ နှစ်တစ်ရာအတွင်း ခံစားခဲ့ရသော မရေမတွက်နိုင်သည့် ကောင်းချီးမင်္ဂလာအမျိုးမျိုးများအတွက် ကျေးဇူးတော်ကိုချီးမွမ်းကြပြီး၊ ခရစ်ယာန်သာသနာတော်မြတ်နှင့် မိမိတို့လူမျိုးများ ရင်ဆိုင်နေရသော စိန်ခေါ်ချက်များတို့ကို အသက်ရှင်တော်မူ၍ အရာခပ်သိမ်းတို့ကို တတ်စွမ်းနိုင်သော ဘုရားသခင်အား အပြည့်အဝ ယုံကြည်ကိုးစားလျက် ဘုရားထံတော်မှ ရရှိခံစားရသော တန်ခိုးစွမ်းများဖြင့် တုံ့ပြန်၍ ဆက်ကပ်လုပ်ဆောင်ကြမည်ဆိုပါက ချင်းခရစ်ယာန်များ၏ ထူးခြားပြောင်မြောက်သော သမိုင်းမှတ်တိုင်သစ်များအမှန်တကယ် စိုက်ထူနိုင်ကြမည်ဖြစ်ပါသည်။

ခရစ်တော်ဘုရားမိန့်တော်မူသည်မှာ "ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကို ယုံကြည်သောသူသည် ငါပြုသောအမှုတို့ကိုပြုလိမ့်မည်" (ယော၊ ၁၄း၁၂)

နှစ်တစ်ရာမှသည် အနာဂတ်တွင်၊ ချင်းခရစ်ယာန်တို့သည် ဘုရားသခင်အတွက် သာ၍ကြီးသောအမှုတို့ကိုပြုနိုင်ကြပါစေဟုဆုမွန်ကောင်းတောင်းလျက်. . . .

မေတ္တာမွန်ဖြင့်

Revd. စောမာဂေကြီး



- Salvation is achieved by Christ's atonement, not by our attainment.
- Salvation is received, not achieved.
- Our value is not in what we do for God, but in what Christ has done for us.
- Grace and mercy are unearned blessings given to unworthy sinners.
- We are saved by God's good work, not by our good works.
- Every sinner must either be pardoned or punished.
- Christ was delivered *for* our sins that we might be delivered *from* our sins.
- The blood of Christ makes us SAFE; the word of God makes us SURE.
- We can "whitewash" sin, but only Jesus' blood can wash it white
- Why pay the high price of being lost when salvation is free
- We cannot work for salvation, but salvation is followed by works

ကျွန်ုပ်၏မွေးနေ့ပွဲတော် ကျင်းပခြင်း

သိက္ခာတော်ရတယ်ရီဆန်းခမ်း
တွဲဘက်အထွေထွေအတွင်းရေးမှူး(ဇက်ဘီစီ)

မွေးနေ့ပွဲတော်ကျင်းပခြင်း

၂၀၀၃ခုနှစ်၊ မတ်လ (၂၁-၂၃)ရက်နေ့တွင် ကျွန်ုပ်၏နှစ် (၅၀)ပြည့် မွေးနေ့တော်ကို ဖလမ်းမြို့ ချင်းပြည်နယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။ မွေးနေ့ပွဲတော်တွင် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ (၇၀၀) ကျော်ပါဝင်နိုင်ခဲ့ပြီး ဝတ်ပြုစည်းဝေးတိုင်းတွင်မူ အိမ်နီးနားချင်းယုံကြည်သူများနှင့်အတူ လူဦးရေ လေးထောင်မှငါးထောင်ပတ်ဝန်းကျင်တက်ရောက်နိုင်ခဲ့ကြပါသည်။

မွေးနေ့ပွဲကို အကျွန်ုပ်၏ရှေ့ရေးလမ်းစဉ်ချမှတ်စဉ်က ပါဝင်ခဲ့ကြသော Revd. Lian Hrang နှင့် U Pek Thang တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းဖြင့် အစပြုခဲ့ကြပါသည်။

မွေးနေ့ပွဲတော်အတွက် အဓိကအချက်မှာ "ခရစ်တော်၌ တစ်လုံးတစ်ဝတည်း" "Unity in Jesus Christ" (ယော ၁၇း၂၁-၂၂)ဖြစ်ပြီး တရားဟောရာ၌သော်လည်းကောင်း၊ သီချင်းဆိုရာ၌သော်လည်းကောင်း၊ ယေရှုခရစ်တော်၌ တစ်လုံးကစ်ဝတည်းဖြစ်ခြင်းကို အဓိကထားဟောပြောကြ၊ သီဆိုကြပါသည်။ ဤကဲ့သို့ပင် အခြေခံကာ Pu G Biak Nawl မှ ရေးစပ်ပေးသော "Jesuh Khrih Chungah Pumkhat" ဓမ္မသံစုံသီချင်းကြီးကိုလည်း လူပေါင်းတစ်ရာကျော်သော သံစုံအဖွဲ့က သီဆိုသောအခါ နားသောတဆင့်သူများအတွက် ကောင်းကင်တမန်များလေလားဟု အောက်မေ့လျက် ဝိတိဖြာခဲ့ကြရပါသည်။

ပွဲတော်လာပရိသတ်များ ဝလင်စွာစားသောက်နိုင်ရေးအတွက် ဖလမ်းမြို့ပေါ်ရှိယုံကြည်သူများက ချက်ပြုတ်ရေးတာဝန်ကို ယူသည့်နည်းတူ ကျွန်ုပ်၏နာမည်မှည့်ခေါ်စဉ်က ပါဝင်ခဲ့ကြသော နောင်တော်ကြီးများဖြစ်သည့်

ဖလမ်းနယ်၊ ဟားခါးနယ်နှင့် တီးတိန်နယ်တို့မှ နွားနောက်တစ်ကောက်စီ ပေးလှူခဲ့ကြပါသည်။

ကျွန်ုပ်မွေးဖွားလာရမည့် အကြောင်းနှင့် ရှေ့ဆက်ပြီး မည်သို့မည်ပုံစည်းရုံးပြီး တိုးတက်အောင်မြင်မှုရလာမည့်အကြောင်း ရှေ့ဆောင် လမ်းညွှန်မှုပေးခဲ့သူ Revd. S.T. Hau Go (ကွယ်လွန်) ၏ကျန်ရစ်သူမိသားစုမှ ပေးလှူခြင်းဖြင့် ဆောက်လုပ်ခဲ့သော နှစ်ထပ်တိုက်ကလေး "S T Hau Go Memorial Residence" ဖွင့်လှစ်ခြင်း၊ "Revd. Sang Fen Hall" ဖွင့်လှစ်ခြင်းနှင့် ကျွန်ုပ်၏နှစ် (၅၀)ပြည့် အမှတ်တရကျောက်တိုင်ဖွင့်ပွဲအခမ်းအနားများကို တစ်ခုပြီးတစ်ခု စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြပါသည်။

ကျွန်ုပ်၏ဆွေမျိုးများဖြစ်သော ရပ်နီးရပ်ဝေးမှ ယုံကြည်သူများသာမက ညီအစ်ကိုတော်စပ်သော ကချင်လူမျိုးထဲမှ ဆရာကြီး Revd. Dr.Sa Bwe Jum နှင့် Revd. K D Tu Lum တို့လည်း ပါဝင်နိုင်ခဲ့ကြသောကြောင့် ဝမ်းသာမဆုံးဖြစ်ခဲ့ကြရပါသည်။

ဤကဲ့သို့ ဝမ်းပန်းတသာဖြစ်နေကြချိန်တွင် နောင်တော်ကြီးတစ်ချို့ အိမ်ခွဲပြီး သီးသန့်နေချင်ပါသည်ဟု တဆာဆာပူဆာလာပါသဖြင့် စိတ်မသက်မသာဖြစ်ခဲ့ရကြပါသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၊ ကရုဏာတော်အားဖြင့် နားလည်ခွင့်လွှတ်ပြီး စိတ်မကောင်းကြီးစွာဖြင့် လက်လွှတ်ခဲ့ကြရပါသည်။ ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းမှ နှစ်လုံးမက ဝေးကွာခဲ့ကြရပါသည်။ သခင်ခရစ်တော်က ငါထံသို့လာပါဟု ဖိတ်ခေါ်သံကို ကြားယောင်မိပြီး တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဘုရားသခင်၏အလိုတော်သည် မည်သို့မည်ပုံဖြစ်လာမည်ကို မျှော်လင့်စောင့်ဆိုင်းသည်မှအပ မတတ်စွမ်းနိုင်ခဲ့ကြပါ။

ကျွန်ုပ်၏အမည်နာမ မှည့်ခေါ်ခြင်း

လူတစ်လုံးသူကစ်လုံးရယ်လို့ ဖြစ်လာသော အခါ အမည်နာမသည် မရှိမဖြစ် လိုအပ်သော အရာ တစ်ခုဖြစ်ပါသည်။ မှည့်ခေါ်သော အခါ၌လည်း အဓိပ္ပါယ်ရှိရှိ မှည့်ခေါ်လေ့ရှိ ကြပါသည်။ ကျား၊ ဝက်ဝံစသည့် တောရဲတိရစ္ဆာန်များရလာသောအခါ၌ တင်စားမှည့်ခေါ် သောအခါ ရှိသလို သူတစ်ပါးထက် ထူးချွန်သောအခါ၌ တင်စားမှည့် ခေါ်တာမျိုး ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့်ပတ်ဝန်းကျင်တွင် ကိုယ့်ယဉ်ကျေးမှုနှင့် စပ်ဟပ်သော အမည်နာမမှည့်ခေါ်တာမျိုး ပြုခဲ့ကြရပါသည်။ အချို့သောသူတို့သည် မွေးနေ့ရက်ကို တွက်ချက်ပြီး မှည့်လေ့မှည့်ထရှိတတ်ကြပါသည်။

ဘုရားသခင်၏လူမျိုးတော်ဟု အခေါ်ခံရကြသော ကသရေလလူမျိုးများသည် ပို၍တင်စားပြီး အမည်နာမကို မှည့်တတ်ကြရပါသည်။ ရှင်မသဲ ၁း၂ နှင့် ၂၃တွင်လည်း "ယေရှု" ဟူသည် "မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည်" ဟူ၍လည်းကောင်း၊ "ဧမာနွေလ"ဟူသည် "ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်" ဟူ၍လည်းကောင်း၊ ပါရှိသည်ကို တွေ့ရပါသည်။

ဤကဲ့သို့ ကျွန်ုပ်၏အမည်နာမကိုလည်း

မျိုးနွယ်စု၊ အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်တွင် ယဉ်ကျေးမှုနှင့် စပ်ဟပ်သော အမည်နာမမျိုးမှည့်ခေါ်နိုင်ရေးအတွက် Revd. S.T Hau Go မှ သက်ဆိုင်ရာဆွေးမျိုးများထံသို့ အကောင်းဆုံးသော အမည်ရွေးပြီး မှည့်ကြပါရန် ကြိုတင်အကြောင်းကြားထားခဲ့ပါသည်။ အကြောင်းကြားထားသည့်အတိုင်း နောင်တော်ကြီးများဖြစ်ကြသော ဟားခါးနယ်၊ ဖလမ်းနယ်နှင့် တီးတိန်နယ်တို့မှ အားကိုးအားထားရသော ကိုယ်စားလှယ်တော်ကြီးများသည် ၁၉၅၃ခုနှစ်၊ မတ်လ (၅-၇) ရက်အတွင်း ဆိုင်က(Saikah) ကျေးရွာ၊ ယခုထန်တလန်မြို့နယ်တွင် စည်းဝေးထိုင်ကာ တိုင်ပင်ခဲ့ကြရပါသည်။ ၄င်းဆွေးနွေးတိုင်ပင်ချက်အပေါ်မူတည်ပြီး အများ၏ဆန္ဒအရ Zomi Baptist Convention "ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်" (ဇက်ဘီစီ) ဟု ကျွန်ုပ်၏အမည်နာမကို ကင်ပွန်းတပ်မှည့်ခေါ်ခဲ့ကြရပါသည်။

ဟားခါးနယ်၊ ဖလမ်းနယ်၊ တီးတိန်နယ်မှ ကိုယ်စားလှယ်များသည် မြို့နယ်ကိုအစွဲပြုပြီး ကိုယ်စားလှယ်စေလွှတ်ခဲ့ကြရပါသည်။ နေထိုင်ရာဒေသအလိုက် မိမိကိုယ်မိမိ ဇိုမီး၊ လိုင်မီး၊ ခူမီး၊ ကူကီး၊ ထာဒိုစသည်ဖြင့် ခေါ်ဝေါ်သမုတ်ကြရပါသည်။ သို့သော် အမိနိုင်ငံတော်ကြီးနှင့် ကမ္ဘာကျင်းတောင်၊ ချင်းလူမျိုးဟုသာ ခေါ်ဝေါ်ခဲ့ကြရပါသည်။ မည်သို့ပင်ဖြစ်စေ၊ အခေါ်အဝေါ်အမည်နာမ အမျိုးမျိုးထဲမှ ဇိုမီးကို နှစ်သက်ကြခြင်းကြောင့် " ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (ဇက်ဘီစီ)" ဟု အမည်နာမမှည့်ခေါ်ကြရပါသည်။ ၄င်းမှစတင်ကာ ယခုနှစ် ၂၀၀၃ခုနှစ်၊ မတ်လ (၂၁-၂၃)ရက်အတွင်း ကျွန်ုပ်၏အသက် (၅၀)ပြည့်မွေးနေ့ပွဲတော်ကို ကျင်းပနိုင်ခဲ့ခြင်းသည် ဘုရားသခင်၏ဘုန်းတော်နာမတော်ထင်ရှားစေခဲ့ကြောင်း မှတ်တမ်းတင်ရပါသည်။

ဥမကွဲသိုက်မျက်

ကျွန်ုပ်၏အမည်နာမအပေါ် မကျေနပ်ချက်များ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ အမျိုးမျိုးသောတွေးခေါ်ယူဆချက်၊ ထင်မြင်ချက်များ တစ်ချို့သောသူများ၌ မွေးဖွားလာကာ ကျွန်ုပ်၏ခွန်အားသည် ချိနဲ့လို့လာပါသည်။ သို့သော် ဧမာန်ရေလဘုရားဖြစ်သော ကျွန်ုပ်၏ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် လွှမ်းခြုံပြီး ကာကွယ်စောင့်မတော်မူမည်ဟု ယုံကြည်မိပါသည်။ သင်းလုံးကျွတ်အစည်းအဝေးကြီး၌ တက်ရောက်သော ကိုယ်စားလှယ်အချို့၏ တောင်းဆိုမှုကြောင့် ၁၉၉၂ ခုနှစ် နိုဝင်ဘာလတွင် ဖလမ်းမြို့၌ တွဲရောခွဲရေး ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ကြရာ အကျေအလည် ဆွေးနွေးတိုင်ပင်ပြီးမှ မဲထည့်ကြရာ၊ ဘုရားသခင်၏အလိုတော်အရ တွဲရောမှအနိုင်ရခဲ့ပါသည်။ ဤကဲ့သို့ ဘုရားသခင်က ကျွန်ုပ်ကို အဖက်ဖက်မှ ဖေးမကူညီမစမှုကြောင့် ၁၉၉၅ခုနှစ် ဧပြီလ (၅-၁၀)ရက်အထိ ခွာဆကျေးရွာ၊ တီးတိန်မြို့နယ်တွင် ကျင်းပပြုလုပ်သော (၁၅)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် ဆုံးဖြတ်ချက် ဇဘစ - သလက - ၉၅/၁၃ ဖြင့် ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်

(ဇက်ဘီစီ)သည် ဥမကွဲ သိုက်မပျက် တစ်လုံး တစ်ဝတည်း ရပ်တည်တော့မည်ဟု အားလုံး သဘောတူညီချက် ရယူခဲ့ကြရပါသည်။

သို့သော် များမကြာမီ အချိန်တွင် နောင်တော်ကြီးတစ်ဦးဖြစ်သည့် တီးတိန်မြို့နယ် နှင့် သူမပေါက်ဖွားသော သားတော်မြေးများမှ အစ ကျွန်ုပ်ကို ကျောခိုင်းပြီး သီးခြားရပ်တည်လာ ပါတော့သည်။ ပြန်လည်ပေါင်းစည်းဖို့ရန် အမျိုးမျိုးခေါ်ဆောင်ပါသော်လည်း လူပင်ပန်း၊ ငွေကုန်သည်သာ အဖတ်တင်လိုက်ရပါသည်။ ကျွန်ုပ်ဘာတတ်နိုင်မှာလဲ?

ဘုရားသခင်၏အလိုတော်ကို ရှာကြပါစို့

၁၈၉၉ခုနှစ်၊ မတ်လ (၁၅)ရက်နေ့တွင် အကျွန်ုပ်၏မျိုးနွယ်စုတစ်ခုလုံး ဥဿုံကယ်တင် ခြင်းရရှိရေးကို ရှေ့ရှုလျက် တိုင်းတစ်ပါးမှ Dr. Carson နှင့် မမLaura Carson ဇနီးမောင်နှံတို့ ဟားခါးမြို့သို့ ရောက်ရှိလာသည့်နှစ်(၁၀၀)ပြည့် ပွဲတော်ကြီးကို ၁၉၉၉ခုနှစ်၊ ဧပြေလ (၁-၄)ရက် အထိ သူတို့ခြေချခဲ့သော ဟားခါးမြို့တော်မှာပင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြရပါသည်။

အမှောင်မှအလင်းသို့၊ မသိခြင်းမှသိခြင်းသို့ နားမလည်ရခြင်းမှ နားလည်ရခြင်းများစွာသို့၊ မယုံကြည်ခြင်းမှ ယုံကြည်ခြင်းအဆင့်သို့ တိုးတက် လာပြီး အမြင်လည်းကျယ်၊ အတွေးအခေါ်လည်း ကောင်းလာ၊ ယုံကြည်စိတ်ချမှုမှာလည်း ရင့်ကျက် လို့လာပါတော့သည်။ ထို့ကြောင့် ဟောင်းနွမ်း သော အတွေးအခေါ်အယူအဆများကို ကျော်လွှားကာ အမြင်သစ်အတွေးသစ်များဖြင့် အစစအရာရာ တိုးတက်လာပါသည်။ ယခင်က မျိုးရိုးကိုခံကာ နာမည်မှည့်ခေါ်တာမျိုး၊ ကျော်ကြားမှု၊ အောင်မြင်မှုကို တင်စားပြီးမှည့် ခေါ်တာမျိုးကို ပယ်ဖျက်ကာ ကျမ်းစာကို အခြေခံ ပြီး ဘုရားသခင်နှင့်စပ်ဆိုင်သောအမည်နာမများ ကျေးဇူးတော်ခံစားရခြင်းနှင့် ဘုရားသခင်၏ဘုန်း တော်ထင်ရှားရေးကို ရည်စူးပြီး မှည့်ခေါ်လာ တတ်ကြပါသည်။ မိမိအသိုင်းအဝိုင်းမှ ကျော်လွှားပြီး၊ သူတစ်ပါး အသိုင်းအဝိုင်းမှ လူ့ ဘောင်အသိုင်းအဝိုင်းအထိ ဝင်ဆန့်အောင် နေ ထိုင်တတ်လာကြပါသည်။ လူ့ဇာတိခံစိတ် သဘောထားမှ ဘုရားသခင်၏အလိုတော်နှင့် အညီ အသက်ရှင်ရေးနှင့်အများ၏သဘောတူညီ ချက်များကိုပါ ဦးစားပေးတတ်လာကြရပါသည်။

ဘုရားသခင်၏အမျိုးတော်ဟု ခံယူသူ ယာကုပ်(Jacob) သည်လည်း မွေးဖွားစဉ်က အစ်ကို ဧသော(Esau) ၏ဖနောင့်ကိုကိုင်လျက် ဖွားလာရသလားဟု ယာကုပ်(Jacob)ဟု အမည် မှည့်ခေါ်ကြောင်း ကမ္ဘာဦးကျမ်း ၂၅:၂၆တွင် တွေ့ရပါသည်။ အစ်ကိုကြီးဧသော(Esau) နှင့် ဖခင် ဣဇက်(Isaac) တို့ကို လှည့်စားပြီး ဘုရားသခင်ကိုပင် လုံးပန်းရသူဖြစ်သောကြောင့် ယာကုပ်မှ အစ္စရေး (Israel) သို့ နာမည်ပြောင်း ခြင်း ခံခဲ့ရပါသည်။ (ကမ္ဘာဦးကျမ်း ၃၂:၂၈၊ ၃၅:၁၀)။ ဘုရားသခင်၏အလိုတော်အတိုင်း အသက်ရှင်လာသောအခါ ယာကုပ်မှ အစ္စရေးသို့ နာမည်ပြောင်းလဲမှည့်ခေါ်ခြင်းခံရသော်လည်း၊

ကောင်းကြီးမင်္ဂလာမြောက်များစွာ ခံစားလာရသည်သာမက ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ခံစားလာရသည်ကို မှတ်သားရပါသည်။

ချင်းခရစ်ယာန် ဓမ္မသဘင်ပွဲတော်များ

ကျွန်ုပ်၏အဖွဲ့အစည်းအောက်တွင် ယုံကြည်သူများသည် ကယ်တင်ခြင်းရလာသည်နှင့် ကျွန်ုပ်၏နာမည်ကို မှီခိုပြီး တိုင်းသိ၊ ပြည်သိဖြစ်သော အမည်နာမကို အရယူကာ ချင်းခရစ်ယာန်နှစ် (၅၀)ပြည့် ရွှေရတုမမွသဘင်ကို ၁၉၅၄ခုနှစ်၊ ဧပြီလ (၁၆-၁၈)ရက်အတွင်း ခေါ်ဆရွာ၌ ကျွန်ုပ်၏ပထမအကြိမ်သင်းလုံးကျွတ်အစည်းအဝေးကြီးနှင့်ပူးတွဲကာ ယုံကြည်သူ (၅၆၂၉)ဦးနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြရပါသည်။ ၁၉၇၉ခုနှစ်၊ ဧပြီလ (၁၃-၁၅)ရက်တွင်လည်း ခေါ်ဆရွာ၌ပင် ကျွန်ုပ်၏အလုပ်အမှုဆောင်ကော်မတီနှင့်ပူးတွဲကာ " အလင်းသည် မှောင်မိုက်ထဲ၌ လင်းပြီ" (ယော ၁း၅) ကို အခြေခံပြီး ချင်းခရစ်ယာန် (၇၅)နှစ်ပြည့် စိန်ရတုသဘင်ပွဲတော်ကြီးကို ဆင်နွှဲခဲ့ကြရပြန်ပါသည်။

ယခုအခါတွင်လည်း ချင်းခရစ်ယာန်နှစ်တစ်ရာပြည့်ပွဲတော်ကြီးကို "ယေရှု ကျွန်ုပ်တို့၏အလင်း" (ယော ၁း၅)ကိုပင် အခြေခံကာ၊ ကျွန်ုပ်အဖွဲ့ချုပ်ကြီး၏ (၁၈)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကြီးနှင့်ပူးတွဲပြီး၊ ၂၀၀၄ခုနှစ်၊ မတ်လ (၁၉-၂၁)ရက်အတွင်း ခေါ်ဆကျေးရွာ၌ ကျင်းပပြုလုပ်ရန် စိုင်းပြင်းလျက်နေပါသည်။

ယုံကြည်သူခရစ်ယာန်ဖြစ်လာရခြင်း နှစ်တစ်ရာပြည့်ပွဲတော်ဆင်နွှဲနိုင်ကြသလို ကျွန်ုပ်၏အနှစ် ၁၀၀ ပြည့်ပွဲတော်ကိုလည်း ဆင်နွှဲနိုင်ကြပါရန် ကျွန်ုပ်တို့၏အလင်းဖြစ်သော ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ဘုရားသခင်အလိုတော်ရှိပါသည်။ ကျွန်ုပ်၏အမည်နာမကို ပြောင်းလဲသည်ဖြစ်စေ၊ မပြောင်းလဲသည်ဖြစ်စေ၊ ယုံကြည်သူအယောက်တိုင်းက ဘုရားသခင်၏အလိုတော်ကို ခံယူပြီး သဘောထားကြီးစွာဖြင့် ကျွန်ုပ်ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ပြီး ယုံကြည်သူ သူတော်ကောင်းများစွာ မာတုရမြောက်များစွာ မွေးဖွားနိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

ကိုးကားသောစာအုပ်။

၀၁။ နှစ်တစ်ရာ သာသနာလုပ်ငန်း

၀၂။ သမ္မာကျမ်းစာအုပ်

၀၃။ ဇက်ဘီစီဆုံးဖြတ်ချက်များ



✧ Jesus took our place and gave us His peace.
✧ Christ paid a debt He didn't owe to satisfy a debt we couldn't pay.
✧ The pleasures of sin are only for a time, its wages are for eternity.

အမဲ့ချုပ်ဝံဂေလိနှင့်သာသနာပြုရေးဌာနသမိုင်းအကျဉ်း

(ဂျေပေါလ်) ဇက်ဘီစီ

နိဒါန်း

၁၉၇၅ ခုနှစ်ဧပြီလ (၁၁-၁၂)ရက်များတွင် မတူပီမြို့နယ် ဇိုတုန်းနှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့ ရေဇွာနှစ်ခြင်းအသင်းတော်၌ပြုလုပ်သော (၃၅)ကြိမ်မြောက် ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ ချုပ် အလုပ်အမှုဆောင်ကော်မတီ၏ဆုံးဖြတ်ချက် ဇဘစ၊ အမဝ ၃၅၊ ၁၉ အရ ဧဝံဂေလိနှင့် ခရစ်ယာန်သာသနာပြုရေးဌာနစတင်ခဲ့ပါသည်။

၁၉၇၇မှစ၍ ဧဝံဂေလိနှင့် ခရစ်ယာန် သာသနာပြုရေးဌာန တာဝန်ခံကိုလည်း ရွေးချယ် တင်မြှောက်ခဲ့သော်လည်း ၁၉၇၉ခုနှစ်မှသာလျှင် အချိန်ပြည့်ဌာနတာဝန်ခံကို ခန့်ထားနိုင်ခဲ့ ပါသည်။ ၁၉၇၉ ခုနှစ်မှ အချိန်ပြည့်တာဝန် ထမ်းဆောင်သူများကို အောက်ပါအတိုင်း မှတ်တမ်းတင်ပါသည်။

ဌာနအမှုတော်ဆောင်များ

ဌာနအတွင်းရေးမှူးများ

၁၉၇၉-၁၉၈၃ - သိကၡာတော်ရ ဂျေကြွယ်ဆန်း
၁၉၈၃-၁၉၈၆ - သိကၡာတော်ရ စီနှီရ်ကီးယို
၁၉၈၆-၁၉၈၉ - သိကၡာတော်ရ ဟရန်ကျုံးနုံး
၁၉၈၉-၁၉၉၂ - သိကၡာတော်ရ တီပါဟရန်း
၁၉၉၂-၁၉၉၅ - သိကၡာတော်ရ ဂင့်ခန့်ခွါလ်
၁၉၉၅-၁၉၉၈ - သိကၡာတော်ရ ခုပ်ထန်
၁၉၉၈-၂၀၀၄ - သိကၡာတော်ရ ပါဟရန်မှန်း

တွဲဖက်အတွင်းရေးမှူးများ

၁၉၈၉-၁၉၉၅ - သိကၡာတော်ရ အက်စ်ဟရန်ကပ်နှင်
၁၉၉၅-၁၉၉၈ - သိကၡာတော်ရ ဝိုင်းဟုန်းအွမ်
၁၉၉၈-၂၀၀၁ - သိကၡာတော်ရ ပေါလ်ကိုးလုံ
၂၀၀၁-၂၀၀၄ - ပါစတာ ဂျေပေါလ်ကျင်ခန်မုန်

လက်ထောက်အတွင်းရေးမှူးများ

၁၉၉၂-၁၉၉၅ - သိကၡာတော်ရ အက်စ်ဟရန်ကပ်နှင်
၁၉၉၅-၁၉၉၈ - သိကၡာတော်ရ ဝိုင်းဟုန်းအွမ်
၁၉၉၈-၂၀၀၁ - သိကၡာတော်ရ ပေါလ်ကိုးလုံ
၂၀၀၁-၂၀၀၄ - ပါစတာ ဂျေပေါလ်ကျင်ခန်မုန်

ဧဝံဂေလိဆရာများ

၁၉၉၄-၂၀၀၄ - သိကၡာတော်ရ ဟေလိန်း
၁၉၉၅-၂၀၀၀ - သိကၡာတော်ရ ဗျက်ဆူမ်း
၁၉၉၅-၁၉၉၇ - သိကၡာတော်ရ ခွေါင်းလျန်ထန်း
၁၉၉၈-၂၀၀၁ - သိကၡာတော်ရ နန်ခန်မုန်
၁၉၉၉-၂၀၀၀ - သိကၡာတော်ရ ပေါင်နန်
၂၀၀၀-၂၀၀၁ - သိကၡာတော်ရ အက်စ်နွန်အုပ်
၂၀၀၁- - သိကၡာတော်ရ ဂျေထန်ဇဟောက်
၂၀၀၁- - ပါစတာ အေးမော့စ်ဖိုးစံ

ချင်းအပေးရောက်တာဝန်ခံ

၁၉၉၅-၁၉၉၆ - သိက္ခာတော်ရ တိမောသေပါဟရန်း

၂၀၀၀- - သိက္ခာတော်ရ ပေါင်နန်

ခရစ်ယာန်သာသနာလုပ်ငန်းဆောင်ရွက်ချက်များ စီစီအိုစီလုပ်ငန်း

စီစီအိုစီ (ခေါ်) ချင်းရာစုခရစ်ယာန်သာသနာလုပ်ငန်းကို ၁၉၈၃ခုနှစ်မှ ၁၉၉၉ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ (၁၆)နှစ်တာအတွင်း စီစီအိုစီစေတမန် (၉၀၆) ဦးစေလွှတ်ခဲ့သည်။ စီစီအိုစီလုပ်ငန်းအားဖြင့် ၁၉၈၉ခုနှစ် ဂန့်ဂေါ နှစ်ခြင်းခရစ်ယာန်နယ် အဖွဲ့၊ ၁၉၉၂ခုနှစ်တွင် မင်းတပ်မြို့နယ်နှစ်ခြင်း ခရစ်ယာန်နယ်အဖွဲ့၊ ၁၉၉၅ခုနှစ် ကန်ပက်လက်မြို့နယ် နှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့များ ပေါ်ပေါက်ခဲ့သည်။ (၁၆)နှစ်တာအတွင်း ယုံကြည်သူသစ်(၂၀၀၀၀) ခန့်ရရှိခဲ့သည်။ ဤစီစီအိုစီလုပ်ငန်း လုပ်ဆောင်သောကာလအတွင်း စေတမန်ကျင့်ခေါ်ထောန်း၊ စေတမန်ဘွာလ်ကျုံး၊ စေတမန်ဝုန်ခန့်ခမ်၊ စေတမန်ဝိုင်ဇဆီယမ်၊ စေတမန်ဟွေ့လန်း၊ စေတမန်နီယန်လောမဲကိမ်၊ စေတမန်ကပ်ကျင်ခိုင်တို့မှ အသက်စတေးခဲ့သည်။

ချင်းတွင်းခရစ်ယာန်သာသနာနယ်

၁၉၇၉ခုနှစ်မှ ၁၉၉၁ခုနှစ်အထိ ချင်းတွင်းနှစ်ခြင်းပူးတွဲသာသနာလုပ်ငန်းမှလည်းကောင်း၊ ၁၉၉၉ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းချုပ်မြေပြန့်သာသနာလုပ်ငန်းမှလည်းကောင်း ဦးဆောင်ခဲ့သည်။ ၂၀၀၃ခုနှစ်မှစ၍ နှစ်ခြင်းအသင်းချုပ်မှ ဇက်ဘီစိသို့ ပြောင်းခဲ့ပြီး ချင်းတွင်းသာသနာနယ်၌ သာသနာပြုလုပ်ငန်းများကို ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ရေဦးမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည်။

ပခုက္ကူနှစ်ခြင်းခရစ်ယာန်သာသနာနယ်

၁၉၉၁ခုနှစ်မှစ၍ စတင်သာသနာပြုခဲ့ပြီး ယခုအချိန်တွင် ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်၊ ရေစကြိုမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ မြိုင်မြို့နယ်၊ ပုလဲမြို့နယ်တွင် ခရစ်ယာန်သာသနာပြုနေပါသည်။

ဧရာဝတီပူးတွဲခရစ်ယာန်သာသနာနယ်

၁၉၉၆ခုနှစ်မှစ၍ စတင်သာသနာပြုခဲ့ပြီး အရှိုချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်နှင့်ပူးတွဲ၍ သာသနာပြုခဲ့ခြင်းဖြစ်သည်။ ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ကဲမမြို့နယ်၊ မြန်အောင်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ငပုတောမြို့နယ်တို့တွင် သာသနာပြုလျက်ရှိပါသည်။

ရခိုင် (အမ်း) နှစ်ခြင်းခရစ်ယာန်သာသနာနယ်

၁၉၉၂ခုနှစ်မှစတင်သာသနာပြုသောနယ်ဖြစ်ရာ ယခုအချိန်တွင် အမ်းမြို့နယ်အတွင်း၌ သာသနာပြုလျက်ရှိပါသည်။

ချင်းအဝေးရောက်ခရစ်ယာန်သာသနာနယ်

ချင်းအဝေးရောက်ခရစ်ယာန်သာသနာလုပ်ငန်းကို ၁၉၉၆ခုနှစ်မှစ၍ စတင်သာသနာပြုခဲ့ရာ ယခုအချိန်တွင် တောင်ကြီး၊ လွိုင်ကော်၊ မိုးကုတ်၊ ပြင်ဦးလွင်၊ ဖားကန့်ဆိုင်းတောင်၊ မော်ဝမ်းလေး /ကြီး၊ ဗန်းမော်၊ မော်ရွန်၊ ဝေ့ခါ၊ ရွှေဘခ၊ မော် မောင်းလွန်ရှိ အသင်းတော်များသည် အခြေကျ အသင်းတော်များအဖြစ်ရပ်တည်နိုင်ကြပြီဖြစ်ပြီး ဒေသန္တရ အသင်းတော်များနှင့် ပူးပေါင်း၍ ၂၀၀၄ခုနှစ်တွင်

အထက်မြန်မာပြည်ချင်းနှစ်ခြင်းခရစ် ယာန်နယ်အဖွဲ့ဖွဲ့စည်းရန် ပြင်ဆင်နေဆဲဖြစ်ပါသည်။

ခသ ၂၀၀၀ ခရစ်ယာန်သာသနာလုပ်ငန်း

ခသ ၂၀၀၀ ခရစ်ယာန်သာသနာလုပ်ငန်းကို ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့သည်။ ဂန့်ဂေါ်မြို့နယ်၊ တမူးမြို့နယ်၊ ဇိုတုန်းနယ်၊ ထီးလင်းမြို့နယ်များတွင် လုပ်ဆောင်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်အထိ လုပ်ဆောင်ခဲ့သည်။

ကျမ်းစာကျောင်းနှင့်သင်တန်းကျောင်း

သာသနာလုပ်ငန်းအထောက်အကူပြုရန် အတွက် ဇက်ဘီစီ ၈/သဌာနမှ ယူနီယံကျမ်းစာကျောင်းကို ၁၉၈၄ခုနှစ်တွင် မတူပီမြို့၌ ဖွင့်လှစ်ခဲ့သည်။

ကျောင်းအုပ်ကြီးများ

၁၉၈၄-၁၉၈၆ -- သိကွာတော်ရ တီပါဟရန်း
၁၉၈၆-၁၉၈၇ - သိကွာတော်ရ နိုဗျက်ကဲအို
၁၉၈၇-၁၉၉၂ - သိကွာတော်ရ ခေါ်သင်ထန်း
၁၉၉၂-၁၉၉၄ - သိကွာတော်ရ ထောင်လိန်း
၁၉၉၄-၁၉၉၅ - သိကွာတော်ရ တယ်ရီဆန်ခမ်း
၁၉၉၅-၁၉၉၈ - သိကွာတော်ရ ဟရန်ကုန်း
၁၉၉၈-၁၉၉၉ - ပါစတာကျော့ပူးဝါး (ယာယီ)

၁၉၉၉ခုနှစ် နောက်ပိုင်းတွင် ယူနီယံခမ္မကောလိပ်ဟုပြောင်းလဲသမုတ်လျက် ဘီတီအိပ်ခ်ျဘွဲ့ပေးနိုင်သောကျောင်းဖြစ်လာခဲ့သည်။၁၉၉၉ ခုနှစ် နောက်ပိုင်းမှစ၍ ဇက်ဘီစီ ၈/သဌာနမှ ဒေသခံနယ်အဖွဲ့များသို့ လွှဲအပ်ဦးစီးစေခဲ့ခြင်းဖြစ်သည်။

ဇက်ဘီစီ၈/သဌာနရာပြည့် ခရစ်ယာန် သာသနာစေတမန်များအတွက် ရည်ရွယ်လျက် ၁၉၉၉ခုနှစ် အောက်တိုဘာလမှ ၂၀၀၀ခုနှစ် ဖေဖော်ဝါရီလအထိ ကလေးမြို့ပင်လုံ (ဂ)ရပ်ကွက်ရှိ ကလေးနယ်နှစ်ခြင်းခရစ်ယာန်အဖွဲ့.ရုံးဝင်း၌ ရာပြည့်ခရစ်ယာန်သာသနာသင်ကန်းကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ၄င်းနောက် ခရစ်ယာန်သာသနာနယ်စေတမန်များနှင့် သာသနာပြုလုပ်ငန်းဆောင်ရွက်လိုသူများအတွက် ရည်ရွယ်လျက် ၂၀၀၂ခုနှစ် စက်တင်ဘာလမှစ၍ ပခုက္ကူမြို့အမှတ်(၆)ရပ်ကွက် ဇောတိကလမ်းရှိ ပခုက္ကူနှစ်ခြင်းခရစ်ယာန်အသင်းတော်ဝင်း၌ သာသနာပြုသင်တန်းကျောင်းကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ခရစ်ယာန်သာသနာပြုသင်တန်းကျောင်း၌ အောက်ပါအမှုတော်ဆောင်များဖြင့် လုပ်ငန်း လည်ပတ်လျက်ရှိပါသည်။

(၁) ပါစတာထပ်လျှန်- ကျောင်းအုပ်ကြီး
(၂) ဆရာတော်ပီတာဗန်မူန်း(နယ်တာဝန်ခံ)- ဒုကျောင်းအုပ်ကြီး
(၃) ပါစတာရိုဆန်း (လ/ထ သင်းအုပ်) -ကျောင်းသားရေးရာမှူး
(၄) ပါစတာဗန်နေဇိန်း - မော်ကွန်းထိန်း

ရာပြည့်ခရစ်ယာန်သာသနာလုပ်ငန်း

ရာပြည့် ခရစ်ယာန်သာသနာလုပ်ငန်း (စီအမ်စီ) ကို ၁၉၉၉ ခုနှစ်မှစ၍ စတင်ခဲ့သည်။ ၁၉၉၃ခုနှစ်မှစ၍ ဧရာဝတီပူးတွဲခရစ်ယာန်သာသနာနယ်၊ ပခုက္ကူနှစ်ခြင်းခရစ်ယာန်သာသနာနယ်၊ အမ်းနှစ်ခြင်းခရစ်ယာန်သာသနာနယ်တို့တွင် လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှစ၍ ချင်းတွင်းနှစ်ခြင်းခရစ်ယာန်သာသနာနယ်တွင်လည်းကောင်း၊ ခရစ်ယာန်သာသနာပြုမမွအမှုတော်ဆောင်၊ စေတမန်များကို စေလွှတ်၍ ယနေ့ထိခရစ်ယာန်သာသနာပြုနေပါသည်။ ကျေးလက်ကျောင်းသား ထောက်ပံ့ခြင်း၊ ကျမ်းစာကျောင်းသားထောက်ပံ့ခြင်း

ဖြင့်လည်း ပညာရေးနှင့်ဓမ္မအမှုတော်ဆောင်မွေးထုတ်ရေးကိုလည်း ဆောင်ရွက်နေပါသည်။ အသင်းတော်ရှင်သန်နိုးကြားရန်နှင့် ရံပုံငွေရှာဖွေရန် နှစ်စဉ်နိုးကြားရေး စေတနာမန်များကိုလည်း စေလွှတ်လျက်ရှိပါသည်။

မိတ်ဖက်ခရစ်ယာန်သာသနာလုပ်ငန်း

မိတ်ဖက်ခရစ်ယာန်သာသနာလုပ်ငန်းကို ငွေကြေးအားဖြင့် ပံ့ပိုး၍ခရစ်ယာန်သာသနာပြုနေပါသည်။

အခြားနယ်အဖွဲ့/ အဖွဲ့ချုပ်များနှင့် မိတ်ဖက်ခရစ်ယာန်သာသနာပြုခြင်း

(၁) 'ဝ' နှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့နှင့် ၁၉၉၅ခုနှစ်မှ ၂၀၀၁ခုနှစ်အထိ မိတ်ဖက်ခရစ်ယာန်သာသနာပြုခဲ့ပါသည်။

(၂) ရခိုင်အဖွဲ့ချုပ်၊ ရန်ကုန်ချင်းနှစ်ခြင်းအသင်းတော်များမိတ်သဟာယနှင့်သုံးပွင့်ဆိုင်သာသနာ (တောင်ကုတ်)၌ ၁၉၉၃ခုနှစ်မှယနေ့အထိ မိတ်ဖက်ခရစ်ယာန်သာသနာပြုနေပါသည်။

(၃) အာခါနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်နှင့် ၁၉၉၉ခုနှစ်မှစ၍ ယနေ့အထိ မိတ်ဖက်ခရစ်ယာန်သာသနာပြုနေပါသည်။

(၄) မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်နှင့်မြေပြန့်ခရစ်ယာန်သာသနာလုပ်ငန်းတွင် ၁၉၉၉ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ မိတ်ဖက်သာသနာပြုခဲ့ပါသည်။

(၅) ရှမ်းပြည်နယ်မြောက်ပိုင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်နှင့် ၂၀၀၃ခုနှစ်မှစ၍ မိတ်ဖက်ခရစ်ယာန်သာသနာပြုနေပါသည်။

ဇော်ဘီစီအတွင်း၌ မိတ်ဖက်ခရစ်ယာန်သာသနာပြုခြင်း

(၁) မင်းတပ်မြို့နယ်နှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့၏ရွှေရတုခရစ်ယာန်သာသနာလုပ်ငန်း၌ ၂၀၀၂ခုနှစ်မှစ၍ မိတ်ဖက်သာသနာပြုနေပါသည်။

(၂) ကန်ပက်လက်မြို့နယ်နှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့၏ကန်ပက်လက်ခရစ်ယာန်သာသနာလုပ်ငန်း၌ ၂၀၀၂ခုနှစ်မှစ၍ မိတ်ဖက်ခရစ်ယာန်သာသနာပြုနေပါသည်။

(၃) ကူကီးချင်းနှစ်ခြင်းနယ်အဖွဲ့၏ရာစုသစ်ခရစ်ယာန်သာသနာလုပ်ငန်း၌ ၂၀၀၂ခုနှစ်မှစ၍ မိတ်ဖက်ခရစ်ယာန်သာသနာပြုနေပါသည်။

(၄) ဇိုတုန်းနှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့၏ဂန့်ဂေါ်သာသနာလုပ်ငန်း၌ ၂၀၀၃ခုနှစ်မှစ၍ မိတ်သဟာယပြုနေပါသည်။

နိဂုံး


ဇော်ဘီစီ/သဌာနသည် ၁၉၇၉ခုနှစ်မှစတင်ခြင်းဖြစ်၍ ၂၀၀၄ခုနှစ်တွင် (၂၅)နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်ရာ ချင်းခရစ်ယာန်ရာပြည့်ဓမ္မသဘင်ပွဲတော်၌ ဇော်ဘီစီ/သဌါနငွေရတုယုဘိလကို ကျင်းပမည်ဖြစ်ပါသည်။ ချင်းအဝေးရောက်ခရစ်ယာန်သာသနာရှိအသင်းတော်များနှင့် ဒေသန္တရအသင်းတော်များ စုပေါင်း၍ ၂၀၀၄ခုနှစ်တွင် အထက်မြန်မာပြည်ချင်းနှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့ကို ဖွဲ့စည်းတော့မည်ဖြစ်ပါသည်။ နယ်အဖွဲ့ရရှိပြီးသော ခရစ်ယာန်သာသနာနယ်များရှိ ကျေးလက်ကျောင်းသားထောက်ပံ့ခြင်းမပြုတော့ဘဲ မိတ်ဖက်ခရစ်ယာန်သာသနာလုပ်ငန်း၌ ထောက်ပံ့ရန်နှင့် နယ်အဖွဲ့မရရှိသေးသော သာသနာနယ်ရှိ ကျေးလက်ကျောင်းသား

များကိုမူ ဆက်လက်ထောက်ပံ့ရန် ရည်ရွယ်ထားသည်။ အမ်းနှစ်ခြင်း ခရစ်ယာန်သာသနာကို ရခိုင်နှစ်ခြင်းအဖွဲ့ချုပ်သို့လည်းကောင်း၊ ဧရာဝတီပူးတွဲခရစ်ယာန်သာသနာနယ်ကို အရှိုချင်းနှစ်ခြင်းအဖွဲ့ချုပ်သို့လည်းကောင်း၊ ပြန်လည်အပ်နှံပြီး ချင်းတွင်းနှစ်ခြင်းခရစ်ယာန်သာသနာနယ်နှင့် ပခုက္ကူနှစ်ခြင်းခရစ်ယာန်သာသနာနယ်ကို အဖွဲ့ချုပ် ဖြစ်လာသည့်အထိ တွန်းအားပေး၍ ခရစ်ယာန်သာသနာပြုရန်လည်း ရည်ရွယ်ချက်ရှိပါသည်။

စေတမန်ဟရမ်ဝုန်း (စီ– ၁၇၇)

ရာပြည် ခရစ်ယာန်သာသနာလုပ်ငန်း၌ ပထမဦးဆုံးအသက်စတေးခဲ့သူ စေတမန်ဟရန်ဝုန်း (စ-၁၇၇) အား ခရစ်တော်၏နာမတော်မြတ်၌ ဂါရဝပြုမှတ်တမ်းတင်အပ်ပါသည်။

ထန်တလန်မြို့နယ် ထန်ဇန်ကျေးရွာအုပ်စု၊ ဖုန်ကကျေးရွာနေအဖ ဦးဟရမ်ကျုံး (ကွယ်လွန်) နှင့် အမိဒေါ်ဒါးရှဲပန်းတို့၏သားသမီး (၄)ဦးအနက် အထွေးဆုံးသောသားဖြစ်သည်။ ပညာရေးတွင် ဒဿမတန်းကို အောင်မြင်ခဲ့သည်။ ၂၀၀၃ခုနှစ် မေလ (၁၉-၃၁)ရက်များတွင် အဖွဲ့ချုပ်ရုံး၌ ပဉ္စမအကြိမ်ရာပြည့် ခရစ်ယာန်သာသနာနှိုးကြားရေးသင်တန်းကို တက်ရောက်ပြီးနောက် နှိုးကြားရေးအဖွဲ့ (၂)အဖွဲ့ဝင်အဖြစ် ဇီနှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့၊ ထာဒိုနှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့များအတွင်းရှိ အသင်းတော်တိုင်း၌ အမှုတော်မြတ်ထမ်းဆောင်နေဆဲမှာပင် ကျောက်ကပ်၊ နှလုံး သွေးတိုးရောဂါများ ဖြစ်နေသဖြင့် ဆရာဝန်များနှင့် ဆေးကုသရင်း ခရစ်တော်အတွက် အရှိုးကြေကြေ၊ အရေခမ်းခမ်း၊ အမှုတော်မြတ်ကို ထမ်းဆောင်ရန် ဆက်ကပ်ထားသည့်အတိုင်း အနားမယူဘဲသွားခဲ့ရာ ကူကီချင်းနှစ်ခြင်း ခရစ်ယာန်နယ်အဖွဲ့၊ ဗေသလနှစ်ခြင်းအသင်းတော် (တမူးမြို့)ရောက်ရှိနေစဉ် ရောဂါပြင်းထန်လျက် ကိုယ်ဖောကိုယ်ယောင်ပြီး စကားမပြောနိုင်ဘဲဖြစ်သဖြင့် အဖွဲ့ခေါင်းဆောင်ဦးဂျိမ်းစ်မှ ထန်တလန်မြို့အထိ လိုက်ပါပို့ဆောင်၍ ဗေဇေဒဲဆေးကုဂေဟာမှ ဒေါက်တာမူဆန်မှ ဆေးကုပေးခဲ့သော်လည်း နောက်ဆုံးတွင် ၁၇/၉/၂၀၀၃နံနက် ၁၀း၁၀ နာရီတွင် အဖ ခမည်းတော်၏ရင်ခွင်၌ အနားယူခဲ့ပြီဖြစ်သည်။



- ✧ The price of freedom is often paid in blood.
- ✧ No one is too good nor too bad to be a candidate for salvation.
- ✧ Life with Christ is an endless hope; without Him it is a hopeless end.
- ✧ There is nothing wrong with being an "amen" Christian, but don't shout it louder than you live it!
- ✧ Man needs more than a NEW START . .he needs a NEW HEART!
- ✧ Christ took the guilt of our sin that we might have the gift of His salvation.
- ✧ The gospel has two requirements believing it and bahaving it!
- ✧ For time and for eternity, Jesus is all we need.
- ✧ Calvary's Cross is the only bridge to eternal life.

REVD. THUAM HANG (1930-1950)

နှင့် သာသနာ့ အမွေဆက်ခံသောသားများ

U Thian Khup



Pu Thuam Hang & Pi Dim Ko Cing

REVD. THUAM HANG သည် Pu Hang Suang ၏သားဦးဖြစ်သည်။ မွေးချင်း (၄) ယောက်မှာ Pu Thuam Hang, Pu Huat Kam, Pu Thuam Kam, Naib Commandant Pau Cin တို့ဖြစ်ကြသည်။ သားကြီးဖြစ်သည့်အလျောက် ဦးဆောင်သည့်အပြင် ခေါ်ဆ (Khuasak) ရွာတွင် အကြီးအကဲ (Chief) ဖြစ်သည်ကို Dr..East မှတ်တမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

In May 1904 . The first Chief we met us by the name THUAM HANG 36, wife Dim Ko Cing 30, I will tell later of their Struggle In May 1904 this work progressed *(Burma munuscript by Revd. E.H. East, M.D. Edited by Siapi C: Thang Za Tuan Deputy Director General , Higher Education Ministry of Education).*

Revd. Thuam Hang ယုံကြည်သူဖြစ်လာခြင်းအကြောင်းကို သားကြီး U Suang Ko Kam ၏ဘဝဖြစ်စဉ်တွင် ဆက်လက်ဖော်ပြထားပါသည်။ ဆရာကြီး၏ညီအစ်ကိုများမှာ ထင်ရှားသောပုဂ္ဂိုလ်များဖြစ်ကြပါသည်။

Pu Huat Kam ၏ သားသမီး၊ မြေးများထဲမှ ထင်ရှားသောပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

(၁) Lt.Col. E.K. Kim Ngin သည် လမ်းစဉ်ပါတီခေတ်တွင် ဒေသပါတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။

(၂) Dr.Mang Cin Pau ၊မြို့နယ်ဆရာဝန်ကြီး (အငြိမ်းစား)

(၃) Pa Khan Lian Za Pum လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမြို့နယ်ဦးစီးမှူး။

(၄) Maj. Kam Cin Lian သည် လက်ရှိတပ်ရင်းမှူးရာထူးဖြင့် (B.E)တပ်တွင် တာဝန်ထမ်းဆောင်ဆဲဖြစ်ပါသည်။

Pu Thuam Kam ၏သားသမီး၊မြေးမျှားမှ Revd. Raymond Pome Za Lyan သည်လက်ရှိ MCC တွင် အမှုတော်ဆောင်တစ်ဦး ဖြစ်ပါသည်။

Pu Pau Cin (Naib Commandant) သည် ညီအငယ်ဆုံးဖြစ်ပြီး အင်္ဂလိပ်အုပ်ချုပ်သောကာလတွင် အာရှသားများအတွက် ရာထူးအမြင့်ဆုံး (Lt. Col. Post) အဆင့်အထိရရှိသူ ဖြစ်ပါသည်။ ၄င်း၏သားသမီး၊မြေးမျှားမှာ

(၁) U Pau Za Kam သည် ပြည်နယ်ပညာရေးမှူးစစ်ဆေးရေးအဖြစ်၎င်း၊ ပြည်နယ်တရားသူကြီးဖွဲ့ဝင်အဖြစ်၎င်း၊

(၂)Maj Shuang Howe(Rtd.) သည် မြန်မာ့တပ်မတော်တွင် နှစ်ပေါင်းကြာမြင့်စွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

(၃) Revd. Max. Vai Pome သည် ZBC. AGS အဖြစ် အမှုတော်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။

ဆရာကြီး Thuam Hang ၏ သားသမီး (၅)ယောက်အနက်ထင်ရှားသော သားသမီးများမှာ Saya Suang Ko Kam, Revd. Mang Ko Pau, Daw Khan Hwe နှင့် Sayama Mang Za Cing တို့ဖြစ်ကြပါသည်။

ဆရာမ Mang Za Cing သည် ချင်းလူမျိုးထဲမှ ပထမဦးဆုံးသော ပညာတတ်အမျိုးသမီး ဖြစ်သည့်အပြင် ပထမဦးဆုံးသောကျောင်းဆရာမလည်း ဖြစ်ခဲ့ပါသည်။

Saya Suang Ko Kam သည် ဧဝံဂေလိတရားဟောဆရာဖြစ်ပြီး၊ သူ့အကြောင်းကို ဒုတိယအပိုင်းတွင် ဖော်ပြထားပါသည်။

သားငယ် Revd. Mang Ko Pau သည် (1957-1962)အထိ ZBC-GSတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

ဆရာကြီးသည် Revd. Za Khup၏ အစ်မ Pi Dim Ko Cing နှင့်အိမ်ထောင်ပြုခဲ့ပါသည်။ Revd. Za Khupသည် ချင်းပြည် နယ်၏ပထမဦးဆုံးသော မူလတန်းကျောင်း (Khuasak) ရွာတွင် မူလတန်းကျောင်းအုပ်အနေနှင့်သော်၎င်း ကွယ်လွန်သည့်အထိ Thuklai Baptist Church Pastor အဖြစ် အမှုတော်ဆောင်ခဲ့သူဖြစ်ပါသည်။ အငြိမ်းစားသံအမတ်ကြီးဒေါက်တာဦးဝမ်ကိုဟော (Dr. U Vum Ko Hau)၏ဖခင် ဖြစ်ပါသည်။ Headmaster Sayagyi Za Khup The only Primary School h ead ever a warded" "CERTIFICATE OF HONOUR" by the British Governer of Burma in history.

ဆရာကြီးတို့လင်မယားသည် Pu Pau Suan တို့ လင်မယားနှင့်အတူ ကရင် အမျိုးသားခရစ်ယာန် သာသနာပြုဆရာ ရွှေဇံမှတဆင့် ယုံကြည်သူဖြစ်လာသည့်အကြောင်း အကျဉ်းချုပ်ကို သားကြီး၏အတ္ထုပ္ပတ်တွင် ဖော်ပြထားပါသည်။ သူတို့ ဇနီးမောင်နှံလေးဦးတို့အား Dr. East မှ 11th May ၁၉၀၅တွင် Khuasak ရွာအောက်ရှိ Aakawm Pool တွင် နှစ်ခြင်းပေးခဲ့ပါသည်။

ပထမဦးဆုံးပွဲတော်ကို Saya Shwe Zan မှ ဦးဆောင်ပြီး သမ္မာကျမ်းစာမှ ရှင်မသဲခရစ်ဝင် အခန်းကြီး ၂၆ အခန်းငယ် ၂၆ ကို ဖတ်ပြပါ သည်။ "The Lord's Supper" While they were eating, Jesus took apiece of bread gave prayer of thanks , broke it and give it "He Said" This is my body, 18th February 1906 တွင် The first Baptist Church in Chinland ကို Khuasak ၌ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ဂင်းတို့မှာ

Pau Suan & his wife
Thuam Hang & his wife
Lam Suan & wife
Tun Lian & his wife
Son Tun singleman
Thang Nei (Single)
Thuam Tun (Single man), တို့ဖြစ်ကြပါသည်။

Saya Shwe Zan သည် အမူတော်ဆောင်သင်းအုပ်ဆရာဖြစ်ပြီး Thuam Hang နှင့် Pau Suan တို့မှာ သင်းထောက်လူကြီးများဖြစ်ကြပါသည်။

Saya Thuam Hang သည် Theizang ကျေးရွာတွင် ဧဝံဂေလိဆရာအဖြစ်ခန့်ထားသော်လည်း၊ ရွာသူကြီးမှ အင်္ဂလိပ်အစိုးရတီးတိန်မြို့ဝန်ထောက်ထံ တိုင်ကြားပါသဖြင့် Khuasak ရွာသို့ ပြန်လာခဲ့ရပါသည်။

ထိုအချိန်မှစ၍ အနယ်အနယ်အရပ်ရပ်သို့သွား၍ ဧဝံဂေလိအမူတော်ဆောင်ခဲ့ပါသည်။ ဆရာကြီးသည် ဟားခါးမြို့၌ကျမ်းစာကျောင်းတက်ခဲ့ပြီး သမ္မာကျမ်းစာကို ပိုမို သဘောပေါက်လာသဖြင့် ယုံကြည်မှုပိုမိုလေးနက်လာပါသည်။ ကျမ်းစာတွင်ပါရှိသည့်အတိုင်း ကျင့်သုံးသူဖြစ်ပြီး၊ လူမှုရေးဖောက်ပြန်မှုလုံးဝမရှိသည့် အပြင် သေရည်၊ သေရက်လုံးဝကင်းရှင်းသူဖြစ်ပါသည်။

ဤသို့အနယ်နယ်အရပ်ရပ်သို့ နယ်လှည့်အမှုတော်အဖြစ် မြင်းနှင့်ခရီးသွားလာရာတွင် အချို့ကျေးရွာလူကြီးများမှ မလိုလားသည့်အတွက် စားသောက်တည်းခိုမည့်နေရာ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ၎င်းအပြင် နယ်လှည့်ခရီးသွားအမှုတော်ဆောင်ရန် ဆရာ Thuam Hang ပထမဦးဆုံးဝယ်သောမြင်းမှာ ကျားကိုက်ခံရသဖြင့် သေဆုံးခဲ့ပြီး ဒုတိယဝယ်ယူသောမြင်းမှာလည်း မုဆိုးတစ်ဦးက ကျားထင်မှတ်သဖြင့် ပစ်သတ်ခြင်းခံခဲ့ရပါသည်။ တတိယဝယ်ယူသောမြင်းသည် အခိုးခံရသောမြင်းဖြစ်ရာ ပိုင်ရှင်မှလာရောက်သိမ်းယူသွားပြန်ပါသည်။ စတုတ္ထအကြိမ်ဝယ်ယူသော မြင်းမှာ လည်းပျောက်ဆုံးသွားပြန်ရာ ဂျပန်စစ်သားများ ကသတ်ဖြတ်သည်ဟု ယူဆရပါသည်။

Sya Thuam Hang နေအိမ်ကို ၁၉၂၅ခုနှစ်တွင် မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရပါသည်။ အကြောင်းမှာ ရွာတွင် အကျင့်စာရိတ္တမကောင်းသူသုံးဦးတစ်ဦးက နှစ်ခြင်းမင်္ဂလာပေးရန် တောင်းခံခြင်းကို လက်မခံသဖြင့် မကျေနပ်၍ မီးရှို့သည်ဟု ယူဆကြပါသည်။ ထို့ကြောင့် ဆရာတို့၏မှတ်တမ်းမှတ်ရာအားလုံးပျောက်ပျက်ခဲ့ရပါသည်။ ဆရာကြီး၏ဧဝံဂေလိခရီးစဉ်များမှာ Siyin နယ်အားလုံး၊ Sukte နယ်၊ Ngunngal နယ်များသို့ခြေဆန့်ခဲ့ပါသည်။ Teddim မှ သင်းထောက်လူကြီး U Ngul Lang ၏ ပြောပြချက်အရ Sya Thuam Hang ခရီးသွားတရားဟောရာတွင် Satan ပုံနှင့် သခင်ယေရှုခရစ်၏ပုံများကို ခွဲခြားပြီးဟောပြောလေ့ရှိ

ကြောင်း၊ နှစ်ဖက်ချွန်ခါးရှည်ကို အမြဲကိုင်ဆောင်ကြောင်းသိရပါသည်။

၁၉၂၅ခုနှစ်၊ ဟားခါးအစည်းအဝေးတွင် ဆရာကြီး Thuam Hang အား လက်တင်ဆရာအဖြစ် ခန့်အပ်ခဲ့ပါသည်။ ၁၉၁၇ခုနှစ် ဆရာရွှေဇံ ဟသ်ာတသို့ပြန်သွားသောအခါန်မှစ၍ Khuasak ရွာ၌ အချိန်ပြည့် အမှုတော်ဆောင်အဖြစ် ဆောင်ရွက်ရာ ၁၉၅၀ခုနှစ် ဇူလိုင်လ (၁၇) ရက်နေ့တွင် ခေါ်တော်မူခြင်းခံခဲ့ရပါသည်။ ဆရာတော်၏ဘဝအသက်တာ၌ စုံစမ်းနှောင့်ယှက်ခြင်း အမျိုးမျိုးကြုံတွေ့ရသော်လည်း ယုံကြည်မှုခိုင်မြဲစွာ အမှုတော်ထမ်းဆောင်သူဖြစ်ပါသည်။ ဆရာကြီး၏အကြိုက်ဆုံးကျမ်းပိုဒ်ဖြစ်သည့် (ဆာလံ ၄၆း၁၀) " ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍ ခွန်အားကိုပေးတော်မူ၏။ ဘေးရောက်သည်ကာလ အထူးသဖြင့် ကူမတော်မူကြောင်းထင်ရှားလျက်ရှိ၏" နှင့် အညီ ဘုန်းတော်ဝင်စားသည်အထိ သာဓုသစ္စာနှင့်ပြည့်စုံသော ဘုရားသားဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Saya Suang Ko Kam (1900-1938)

ငယ်စဉ်ဘဝ

သိကွာတော်ရ Revd. Thuam Hang နှင့်Pi Dim Ko-Cing တို့၏သားကြီးဖြစ်ပါသည်။ ငယ်စဉ်ကပင် ကျန်းမာရေးချို့တဲ့သူဖြစ်ပြီး ဘုရားသခင်၏ပို့ဆောင်ပေးမှုကြောင့် ချင်းအမျိုးသားထဲမှ ဦးဆုံးခရစ်ယာန်မိသားစုဖြစ်အောင် ဤသားကြီးမှတစ်ဆင့် ပေါ်ထွန်းလာခြင်းဖြစ်သည်။

ရိုးရာနတ်(မိရိုးဖလာနတ်) ကိုသာကိုးကွယ်သောအမှောင်ခေတ်ထဲသို့ ကရင်လူမျိုးခရစ်ယာန်သာသနာပြုဆရာရွှေဇံသည် ချင်းပြည်နယ်၊ ခေါ်ဆရွာသို့ ခရစ်တော်၏ဝမ်းမြောက်ဖွယ် ဧဝံဂေလိတရားကို လာရောက်ဟောပြောသက်သေခံခဲ့သည်။ ဆရာရွှေဇံသည် ကိုယ်တိုင် ဆရာကြီး ဦးထွမ်းဟန်၏နေအိမ်သို့ လာရောက် ဟောပြောသက်သေခံခဲ့သည်။ ထိုအချိန်တွင် ဆရာကြီးဦးထွမ်းဟန်၏သားကြီး Suang Ko Kam နေမကောင်းသဖြင့် ရိုးရာနတ်ကိုးတွယ်ပူဇော်ပသရန်အတွက် အိမ်ရှေ့ရှိ သစ်ထွင်းရေလှောင်ကန်ထဲတွင် ကြိုးတစ်ချောင်းစိမ်ထားသည်ကို ဆရာရွှေဇံ တွေ့မြင်ပြီး ဦးထွမ်းဟန်အား အဘယ်ကြောင့် ဤသို့ပြုလုပ်ထားကြောင်းမေး မြန်းလေသည်။ ထိုအခါ ဆရာကြီးဦးထွမ်းဟန်က ယင်းကြိုးမှာ နွားနှောက်ချည်ရန်ဖြစ်ပြီး နွားနောက်သတ်၍ ရိုးရာနက်အား ပူဇော်ပသမှသာ မိမိ၏သားကျန်းမာလာမည်ဖြစ်ကြောင်း ရှင်းပြခဲ့လေသည်။

ထိုအခါဆရာရွှေဇံသည် "သားကြီးပြန်လည်ကျန်းမာစေရန်အတွက် ရိုးရာနတ်ကို ကိုးကွယ်ပူဇော်ပသစရာမလိုကြောင်း ကောင်းကင်နှင့် မြေကြီးကိုဖန်ဆင်း၍ ပိုင်သအုပ်စိုးတော်မူသောအဖဘုရားသခင်ထံ ယုံကြည်ကိုးစားဆုတောင်း၍ တောင်းလျှောက်ပါက ဆရာကြီး၏သားကြီးမှာ ကျန်းမာလာမည်ဖြစ်ကြောင်း ပြောကြားပြီး ဆုတောင်းပေးလိုက်လေသည်။ ဆရာရွှေဇံဆုတောင်းပေးခြင်းအားဖြင့် သားကြီး Suang Ko Kam ၏ရောဂါပျောက်ကင်းကျန်းမာလာပါသည်။ ထိုအချိန်မှစ၍ ဆရာကြီးဦးထွမ်းဟန်သည် ထာဝရဘုရားသခင်၏အံ့သြဖွယ်နိမိတ်လက္ခဏာများကို လက်ခံယုံကြည်လျက် အပြစ်မှကယ်တင်တော်မူသော အရှင်

သခင်အဖြစ် နတ်ကိုးကွယ်သောဘဝမှခရစ်ယာန်ဘာသာအဖြစ်သို့ မိသားစုအားလုံးပြောင်းလဲလာကြပါသည်။

(From Myanmar manuscript Page 59, 3 rd Para to Page 60, 4th and 5th para) In May 1904 this work was crowned with converts,one chief that first met us, by the name Thuam Hang and his wife Dim Ko Cing had gone though great struggles before they were able to forsake <nat> worship. Thuam Hang was 36 and his wife 30, I will tell later of thier struggle. In May 1904 this work progressed. The second chief Pau Suan age 27, and his wife, Kham Ciang had also determined to worship the God of Heaven and in July 2004. I received the letter from Shwe Zan he wrote me.:Dear Master: please remember, one man's name Thuam Hang, he is chief among the three chief.

ခရစ်ယာန်သာသနာပြုဆရာဖြစ်လာရခြင်း

Saya Suang Ko Kam သည် ဖခင်၏ အသက်တာပြောင်းလဲမှုများနှင့်အတူ ဖခင်၏ သွန်သင်မှုများ မိခင်၏ဆုံးမမှုများကို ငယ်စဉ်အရွယ်မှစ၍ ခံယူခဲ့ရသူဖြစ်သည်။ ဖခင်၏ အသက်တာသည် သူ၏ဘဝတွင် ပုံသက်သေကောင်းများအဖြစ် မျက်မြင်ခံစားခဲ့ရသည်။ ထို့ကြောင့် အရွယ်ရောက်လာသောအခါ အင်းစိန်နော်မန်ကျမ်းစာကျောင်းတွင် ဓမ္မပညာကို တက်ရောက်အောင်မြင်ခဲ့ပါသည်။ ထို့နောက် ဇာတိသို့ပြန်လာကာ ခေါ်ဆန့်ခြင်းအသင်းတော်ဧဝံဂေလိခရစ်ယာန်သာသနာပြုဆရာအဖြစ် Sakhiling ယခု Limkhai ကျေးရွာတွင် ဧဝံဂေလိတရားများ ဟောကြားသွန်သင်သခြင်းဖြင့် ခရစ်ယာန်သာသနာ့တာဝန် စတင်ထမ်းဆောင်ခဲ့ပါသည်။ အမှုတော်ဆောင်ရွက်စဉ်တွင် ဘုရားသခင်က မိမိအားဖွင့်ပြချက်များ ပရောဖက်ပြုမှုများ အံ့သြဘွယ်ရာအိပ်မက်အားဖြင့် ဖွင့်ပြချက်များ ထူးဆန်းသောရူပါရုံများ၊ ထူးခြားသော ဘာသာစကားများတတ်ကျွမ်းမှုကို သူ၏နေ့စဉ်မှတ်တမ်းများတွင် အောက်ပါအတိုင်း ရေးသားမှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါသည်။

Limkhai Bungh နှင့် Zongal ခရီးဌာ တွေ့ကြုံခဲ့သည့် ရူပါရုံများ

၁၉၂၃ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့တွင် Limkhai Bungh ရွာဌာ ယုံကြည်သူမိသားစု (၇)အိမ်ထောင်နှင့်အတူ တနင်္ဂနွေနေ့ ဘုရားရှိခိုးဝတ်ပြုပြီးသောအခါ Zongal ရွာမှ နတ်ကိုးကွယ်သည့်အိမ်တစ်အိမ်အား ခရစ်ယာန်ဘာသာအရနတ်များကို နှင်ထုတ်၍ ပရိတ်ရွတ်၊ သရဖွာယ်အလို့ဝှါ ဆရာဦး Suang Ko Kam ဦးဆောင်လျက် အဖွဲ့ဖြင့် သွားကြပါသည်။ ဆရာကြီးသည် Bungh ဌာဘုရားဝတ်ပြုခုံနှင့် နေထိုင်မကောင်းဖြစ်လျက် ခြေလက်များတုန်လျက်ပင် တရားဓမ္မတိုက်ကျွေးခဲ့ပါသည်။

(က) မေ့လဲ၍ နတ်ဆိုးများအား မြင်တွေ့ခြင်း

Bungh မှ (၇)ဖာလုံရှိသည် U Mang Tual တောင်ယာအနီး Damtui ချောင်းအရောက်တွင် ထာဝရဘုရားသခင်၏ကျေးဇူးကရုဏာတော်များကို ကြည်ညိုအောက်မေ့လျက်ရှိစဉ် ဆရာကြီးမှာရူတ်တရက် မူးဝေသောဝေဒနာကို ခံစားရပြီး ခဏအကြာတွင် သတိလစ်မေ့မြောသွားပါသည်။

သတိမမေ့ခင် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းရင်း ဆုတောင်းခဲ့သေးသည်ဟု ဆိုပါသည်။ ခရီးသွားဖော်များအားလုံးက ဂရုတစိုက်ပြုစုပေးကြပါသည်။ အမျိုးသမီးကြီး Nu Thawng Vung က ကျောဘက်မှထောက်ထားပြီး အမျိုးသားကြီး Pa Thuam Suang က ရှေ့ဘက်မှမေးကိုင်လျက်ရှိစဉ် ဆရာကြီးထံသို့ ရှေ့ရှုလျက်ဝတ်ရုံအမဲဝတ် ဆင်ထားသောနတ်ဆိုးများ၊ ထောင်ဇောင်းအောက်ဘက်မှတက်လာသည်ကို တွေ့မြင်လိုက်သည်။ ထိုနတ်ဆိုးများက ဆရာကြီးဝေဒနာခံစားနေသည်ကို ကြည့်ရင်း ကျေနပ်အားရစွာပြုံးနေသည်ကို တွေ့မြင်ရပါသည်။ ယင်း Damtui နေရာတစ်ဝိုက်သည် နတ်ဆိုးများကျက်စားရာနေရာဖြစ်သည်ဟု ဒေသခံများက သတ်မှတ်ထားပါသည်။

(ခ) ကောင်းကင်မှသန့်ရှင်းသောဝိညာဉ်တော်အသံကြားရခြင်း

ယင်းနတ်ဆိုးများကို ကြည့်နေစဉ် လှပသောမိန်းမပျိုများ၏နှုးညံ့ချိုသာသောအသံကဲ့သို့သောအသံတစ်ခုကို ကောင်းကင်မှကြားရပါသည်။ ယင်းအသံက ၄င်းနတ်ဆိုးများ၏ပြောစကားများကို လုံးဝချေပပြောဆိုခြင်းမပြုရန် တားမြစ်ပါသည်။ ထိုစဉ် ယင်းနတ်ဆိုးများက "ဆရာတော်. . . ဘာဖြစ်နေတာလဲ. . "ဟု ကျေနပ်နှစ်သိမ့်စွာပြောဆိုလာပါသည်။

(ဂ) သန့်ရှင်းသောဝိညာဉ်တော်အလင်း

သန့်ရှင်းသောဝိညာဉ်တော်၏သွန်သင်မှုအတိုင်း ပြန်လည်ချေပခြင်းမပြုဘဲနေချိန်တွင် အံ့သြဖွယ်ကောင်းလောက်အောင် ထူးဆန်းသောအရာတစ်ခုကို တွေ့လိုက်ရသည်။ ၄င်းမှာ လောကကြီးတစ်ခုလုံး အလင်းမှအမှောင်သို့ ရုတ်ချည်းပြောင်းလဲသွားပြီး လောကကြီးမှာ အမှောင်ထုဖြစ်သွားလေသည်။ ထိုခဏအတွင်း မှာပင် တောက်ပသောအလင်းတန်းတစ်ခုသည် ဆရာကြီးအပေါ်ဖြာကျထွန်းလင်းနေပါသည်။ ယင်းအဖြစ်အပျက်များကို ဆရာကြီးတစ်ဦးတည်းကသာ တွေ့မြင်သိရှိခံစားရပြီး ယင်းအလင်းတန်းဆရာကြီးကိုယ်ပေါ်ရောက်ရှိချိန်တွင် တစ်ကိုယ်လုံးဖြူစင်ဝင်းလက်တောက်ပနေကြောင်း ပတ်ဝန်းကျင်ရှိလူများ၏ပြောပြချက်အရ သိရှိရပါသည်။ ဆရာကြီးသတိမေ့နေချိန်တွင် တွေ့မြင်ရသောအရာများကို ပြန်လည်ပြောပြသောအခါ အဖွဲ့သားများအားလုံးက တွေ့မြင်ခြင်းမရှိသော်လည်း ဆရာကြီး၏စကားပြောသံများကို ကြားရကြောင်းနှင့် ယင်းကာလတစ်လျှောက် ဆရာကြီး၏မျက်လုံးမှာ မှိတ်ထားခြင်းမရှိကြောင်း ပြန်လည်ပြောပြကြပါသည်။

(ဃ) ကောင်းကင်ဘုံနှင့်ငရဲမီးအိုင်အားမြင်တွေ့ခံစားရခြင်း

ထိုသတိမေ့နေချိန်အတွင်းမှာပင် ထူးဆန်းသောအရာမှာ ငရဲမီးအိုင်ထဲတွင် နတ်ဆိုး စာတန်ဟုထင်ရသော နတ်ဆိုးကြီးကိုပါ တွေ့ခဲ့ရပါသည်။ ထိုငရဲမီးအိုင်မှာ အလွန်ပူပြင်းလှသောကြောင့် ကြည့်နေသောဆရာကြီးပင် ပြင်းထန်သောအပူဒဏ်ကို ခံစားရပါသည်။ ထိုကဲ့သို့အလွန်ပြင်းထန်သောငရဲမီးအိုင်ထဲ ရောက်သွားပါကဟု စဉ်းစားရင်းတွေးကြောက်၍ စိတ်ထိခိုက်နေပါသည်။

ထိုအချိန်တွင် ထပ်၍မြင်ရသောအရာမှာ မိမိကိုယ်ကိုလည်း ဒုစရိုက်ကောင် ဆိုးညစ်သောသူဖြစ်ပြီး၊ သခင်ယေရှု လက်ဝါးကပ်တိုင်ပေါ်အသတ်ခံရချိန် ညာဘက်မှလူဆိုး၏ နောင်တရ

လျက် Paradiseမှာ သခင်ယေရှုနှင့်အတူ ရာသက်ပန် နေခွင့်ရသည်နည်းတူ မိမိအား ကယ်တင်ခွင့်ရရန် မျှော်လင့်ချက်ဖြင့် အသင်းတော်လူကြီး U Thuam Suang အား ဆုတောင်းပေးရန် တောင်းဆိုလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်ဆိုးနတ်ဆိုးများ လာနေစဉ် ဆရာကြီးအား ကယ်တင်ရန်အတွက် အသင့်ပြင်ဆင်ထားကြောင်း ရူပါရဲတွင် တွေ့မြင်ထားပြီး ဖြစ်ပါသည်။ U Thuam Suang ကိုယ်တိုင်ကလည်း ဆရာတော်အနား၌ အနီးကပ်စောင့် ကြပ်လျက်ရှိသူဖြစ်ပြီး U Thuam Suang အား နာမတော်၌ ယုံကြည်မှုခိုင်မြဲသူချင်း ဖြစ်မည်ဟု ယုံကြည်လျက်ရှိပါသည်။

U Thuam Suang အနေနှင့်လည်း အသက်တာပြောင်းလဲရုံမဟုတ်ဘဲ သူသည် Saya Suang Ko Kam အတွက် ဆုတောင်းပေးခြင်း အပြင်ဆရာကြီးနှင့်အတူ ရောက်ရှိရာအရပ်တိုင်းတွင် သက်သေခံဝေငှခြင်းဖြင့် ဘုရားအမှုတော်ဆောင်သူအဖြစ်လည်း ရူပါရုံတွင် တွေ့မြင်ခံစားရပါသည်။

U Thuam Suang သည်ဆရာတော်အတွက် ဆုတောင်းပေးရာ "မိမိတို့၏ ဆရာတော် Saya Suang Ko Kam သည် အမျိုးသမီးတစ်ဦးဦးနှင့် ပြစ်မှားသောအမှု ကျူးလွန်ခဲ့မိသော် ခွင့်လွတ်ပေးသနားတော်မူပါ" ဟု ဆုတောင်းသံကို ကြားသော် ဆရာကြီးသည် အလွန်စိတ်ဆိုးလျက် ချက်ခြင်းပင် မိမိသည်ပညတ်တော်ထဲမှ တခြားသော ပညတ်တော်များပြစ်မှားမိက ပြစ်မှားမည်ဖြစ်သော်လည်း ဤပညတ်ချက်ကိုတော့ဖြင့် လုံးဝမပြစ်မှားပါဟုတုန့်ပြန်ခဲ့သည်။ ထိုအခါ ကောင်းကင်မှ "မင်းရဲ့အပြစ်များ အားလုံး ခွင့်လွှတ်ပြီ"ဟု အသံတော်ကြားရသော် အလွန် ဝမ်းသာပီတိဖြစ်သွားပါသည်။ U Thuam Suang သည် ဆုတောင်းခြင်းကိုရပ်တန့်ခြင်း မပြုဘဲ ဆက်လက်၍ တောင်းလျှောက်ခဲ့ပါသည်။ ဆုတောင်းချက်ပြီးဆုံးမှ 'အာမင်' ဟုဆိုပြီးသော် ဆရာကြီး၏ အမြင်အာရုံသည် ပကတိအနေအထားသို့ ပြန်ရောက်ခဲ့ပါ သည်။

(c) ကယ်တင်ခြင်းနှင့်ချစ်ခြင်းမေတ္တာဟောပြောခြင်း

ထိုနောက် ဆရာကြီးက ချွေးများ ပြန်သည်အထိဟောကြားသည်မှာ "ကျွန်ုပ်ချစ်သောယုံကြည်သူအိမ်ထောင်စု(၈)စုတို့ သင်တို့ကိုငါအလွန်ချစ်၏။ သို့ဖြစ်၍ လောကီဘဏ္ဍာကို မရှာဖွေဘဲ ကောင်းကင်ဘဏ္ဍာကို ကြိုးစား၍ရှာဖွေကြပါ။ မိမိ၏အလိုဆန္ဒအတိုင်း မလိုက်လျောက်ဘဲ ဘုရားသခင်၏အလိုတော်နှင့်အညီ လျောက်၍ အသက်ရှင်ရန် ကောင်းကင်ဘုံရှိ အဖဘုရားသခင်ထံ ရောက်အောင်သွားကြပါ" ဟု မှာထားခဲ့ပါသည်။

ထို့နောက် Saya Suang Ko Kam သည်၄င်းအနီးတွင်ရှိနေကြသော U Lam Zam အား "ခင်ဗျား. . ဝန်ခံပြီးသည့် အတိုင်း ယုံကြည်သူအဖြစ် ပြောင်းလဲအသက်ရှင်ပါ။ လူသစ်အဖြစ် နေထိုင်သွားပါ။ ကောင်းကင်အဖဘုရား၏ အိမ်တော်မှာ နေခွင့်ရပါစေ" ဟုလည်းကောင်း၊ U Kham Tuang အား "ခင်ဗျားလည်း ရိုးရာနတ် ကိုးကွယ်ခြင်းကို စွန့်လွှတ်လိုက်ပါ။ ကောင်းသော အသက်ရှင်မှုနှင့် အသစ်သောအသက်တာဖြင့် ကျွန်ုပ်နှင့်အတူ ယုံကြည်သူဖြစ်ပါလော့။ ထို့အပြင်မိမိအိမ်အတွင်းထားရှိသော ရိုးရာနတ်ကိုးကွယ်မှုများကို ဖယ်ရှားပါ။ သို့သော် ကျွန်ုပ်နေမကောင်းသေးသဖြင့် မနက်ဖြန် တနလ်ာနေ့ကျမှ ဆောင်ရွက်

မည်" ဟုမှာကြား ပြီး "ခင်ဗျားတို့ အားလုံး ဘုရားနောက်လိုက်ကောင်း တပည့်တော်များ ဖြစ်ကြပါစေ"ဟု ဆုတောင်း ကောင်းချီး ပေးလေသည်။

Liim Khai ရွာလုံးကျွတ်ကိုလည်း ရိုးရာနတ် ကိုးကွယ်ခြင်းကို စွန့်ပစ်၍ ရှင်မသဲ ဂုဒ္ဓ တွင် "အတွင်း၌ ကြမ်းတမ်းသောတောခွေးဖြစ် လျက်၊ သိုးရေကိုခြုံ၍ သင်တို့ရှိရာသို့ လာသော မိစ္ဆာပရောဖက်တို့ကို သတိနှင့် ရှောင်ကြလော့" ဟု ပါရှိသည့် အတိုင်း အပေါ်ယံအားဖြင့် သိုးသူငယ်ကဲ့သို့ စိတ်ထားရှိပြီး အတွင်း စိတ်နှလုံး မူကား မြေခွေးကဲ့သို့သော စိတ်ထားရှိသူများ သည် သင်တို့အနီးသို့ချဉ်းကပ်လာကြမည်ဖြစ်ရာ သတိနှင့် ရှောင်ရှားကြရန်၊ သမ္မာကျမ်းစာပါ အတိုင်းလိုက်လျောက် အသက်တာပြောင်းလဲ အသက်ရှင်ကြရန် ဟောကြားနေသည်။ သင်တို့ကို ဖြားယောင်းသွေးဆောင်သူသည် Pau Cin Hau မဟုတ်လော ထိုသူ၏နောက်ကို မလိုက်မိစေနှင့် ဟုအထပ်ထပ်မှာ ကြားပါသည်။

(စ) သခင်ယေရှုနှင့်ကောင်းကင်တမန်များအား မြင်တွေ့ရခြင်း။

ထိုခဏအတွင်းမှာပင် ဆရာကြီးသည် ဝတ်ဖြူစင်ကြယ်နှင့်မျက်နှာတွင် ထူခြားသော အဆင်းရောင်များရှိသည့် ထူးဆန်း၍သန့်ရှင်း ဖြူစင်သော ပုဂ္ဂိုလ်မြတ်ကို မြင်တွေ့ရလေသည်။ ထိုပုဂ္ဂိုလ်မြတ်ကို မြင်တွေ့ပြီး နောက်တွင် ကောင်းကင်တမန်တော် ၁၂ပါး ကိုလည်းတွေ့မြင်ရသေးသည်။ ကောင်းကင်တမန်တော်များ ပျောက်သွားပြီးနောက် သန့်ရှင်းဖြူစင်သော ပုဂ္ဂိုလ်က "သင်တောင်းလိုသောအရာတစ်ခုခုကို တောင်းပါလေ" ဟုပြောဆိုလာသောအခါ ဆရာကြီးသည် စဉ်းစား၍ တောင်းဆိုလိုက်သော အရာမှာ ၁၉၂၀ အင်းစိန်၊ နော်မန်ကျမ်းစာသင် ကျောင်းတက်ရောက်စဉ် ဝေဒနာခံစားလာခဲ့ သောလိပ်ခေါင်းရောဂါကြောင့်သွေးယိုဆင်းမှုများနှင့် နားနှင့် မျက်စိအာရုံချို့တဲ့နေသောအခြေအနေ ကို အောက်မေ့မိ၍ ပျောက်ကင်းကျန်းမာ ကောင်းမွန်လာရန်အတွက်တောင်း လျှောက်လိုက် သည်။

ထိုသို့ကျန်းမာရေးအတွက်သာ တောင်း ဆိုမိသောကြောင့် ထိုပုဂ္ဂိုလ်က "အခြားအချက် များကိုလည်း တောင်းပါ"ဟု ပြန်လည် ဖြေကြား ခဲ့ပါသည်။ ထိုအခါဆရာကြီးကလည်း ယောရှု ကဲ့သို့ခိုင်မြဲသောစိတ်ဓါတ်နှင့် အင်အား တောင့်တင်းသောကိုယ်ခန္ဓာကို ပေးသနား တော်မူပါဟု တောင်းလျှောက်ရာ ထိုပုဂ္ဂိုလ်မှာ ပျောက်ကွယ်သွားပြီး တဖန် ကောင်းကင်တမန် များ ပေါ်လာပါသည်။ ၄င်းကောင်းကင်တမန် ၁၂ပါး မပျောက်ကွယ်ခင် မိမိလိုအပ်သော တောင်းဆိုချက်တစ်ခုကျန်နေကြောင်း ပြောပြ လိုက်ရာ ထူးဆန်းသော ပုဂ္ဂိုလ်မှာ ပြန်လည်ပေါ် ထွက်လာခဲ့သည်။ ထိုပုဂ္ဂိုလ်က "ဘာကို တောင်း မလဲ" ဟု ပြောဆိုလာသောအခါ လေထုအတွင်းရှိ ပိုးမွှားများအော်သံကြားနိုင်သည်အထိ နား ကောင်းမွန်စွာကြားနိုင်ရန် ဟုတောင်းဆိုမိလေ သည်။

ထိုအခါပုဂ္ဂိုလ်ကြီးက "မဖြစ်နိုင်ဘူး" ဟု ဆိုကာ " မမြင်ဖူးသည့် ပတ်ဝန်းကျင်နှင့် လေထု အတွင်းရှိ ပိုးမွှားများကိုကြည့်ပါဟုပြောဆိုပြီး အရပ်(၈)မျက်နှာ ရှိ မြေကြီးထဲမှ ပိုးမွှားများ ပေါ်ထွက်လာကာ နေရာအနှံ့မြေမှုန့်ကဲ့သို့ ပိုးမွှားများပျံသန်းလျက် ကောင်းကင်သို့ ပျံတက်သွားသည်ကိုတွေ့မြင် လိုက်ရသည်။

ထို့နောက် ကောင်းကင်တမန်များအား မျက်စိအာရုံကောင်းအောင်ထပ်မံကောင်းဆိုရာ။ တောင်းဆိုပြီးသောအရာများကို ထပ်မံမတောင်းဆိုရန်ပြောဆို၍ ပျောက်ကွယ်သွားလေသည်။

ဤသို့ဖြင့် ရှိနေစဉ်သဘာဝပတ်ဝန်းကျင်၏ အလင်းများကို မမြင်နိုင်သေးသောကြောင့် ကောင်းကင်တမန်တို့မှာခဲ့ သည့်အတိုင်း "အာမင်" ဟုတောင်းလျှောက်သောအခါ ပကတိအတိုင်း ပြန်လည်မြင်လာခဲ့သည်။ ဤအဖြစ်အပျက်များ အားလုံးကို ဆရာကြီးအနားမှာရှိသောသူများသည် တွေ့မြင်ကြခြင်းမရှိကြပဲ တစ်ဦးတည်း ခံစား တွေ့မြင်ရပါသည်။(တမန် ၉း၇) ဆရာကြီး နှုတ်မှ အဆက်မပြတ် ထွက်လာသော စကားလုံးများကို အဖော်များက ကြားကြသောအခါ အလွန်အံ့ဩ လျက်ရှိနေကြသည်။

ထို့နောက်ဆရာကြီးလည်း အမှန်တကယ် တောင်းလျှောက်မည့်အရာများကို မတောင်းဘဲ မလိုအပ်သည်များကို တောင်းမိသည့် အတွက် အကယ်၍ ထူးဆန်းသောပုဂ္ဂိုလ် တဖန်ပြန်ပေါ်လာပါကဟု စဉ်စားမိသော ခဏတွင် ထိုပုဂ္ဂိုလ်လည်း အမှန်ပေါ်လာသည်။ ချက်ခြင်းပင် တောင်းဆိုလိုက် သည်မှာ ဤကမ္ဘာပေါ်ရှိ လူသားအားလုံး သခင်ယေရှုကို ယုံကြည်လက်ခံရန်၊ ကယ်တင်ခြင်းသို့ ရောက်ရှိပြီး ကောင်းကင်ဘုံသို့ ဝင်ခွင့်ပြုပါဟု တောင်းလျှောက်လိုက်သည်။ ထိုအခါ ထိုပုဂ္ဂိုလ်က "မဖြစ်နိုင်ဘူး" ဟုပြန်ပြော၍ ပျောက်ကွယ်သွားခဲ့သည်။ ထိုစဉ်တွင် "အာမင်" ဟု တောင်းလျှောက်လိုက်မှ သဘာဝ အလင်းကို တွေ့မြင်ရသည်။

ထို အဖြစ် အပျက် ဖြစ်ပြီးသည့် နောက် ဆရာကြီးလည်း ကိုယ်အပူခိုန်ပြင်းထန်လာကာ ရေငတ်လာသဖြင့်ရေရရှိရန် Zongal သို့ခရီးဆက်ခဲ့ကြသည်။ Zongal မှာ U Kham Tuang အိမ်သို့သွားပြီး အိမ်အတွင်း ကိုးကွယ်ပသထားသည့် ရိုးရာနတ် နှင့်ပတ်သက်သော ပစ္စည်းများ၊ နတ်ဆိုးများ၊ ဝိညာဉ်ဆိုးများကိုဖယ်ရှားသန့်စင်ပေးခဲ့သည်။ ထိုနောက် Bungh ရွာမှ ယုံကြည်သူ Pa Hang Son ၏အိမ်ကို ဆက်လက်၍ အိမ်တွင်းအိမ်ပြင်နတ်ဆိုး၊ ဝိညာဉ်ဆိုးများကို မောင်းထုတ် ဖယ်ရှားပေးခဲ့သည်။

အထက်ပါအဖြစ်အပျက်များကို ပြန်လည် ဆင်ခြင် ကြည့်မိသောအခါ မိမိတောင်းဆို သင့်သည်များတို့ မတောင်းလျှောက်ပဲ ဇာတိပကတိနှင့် သွေးသားဆန္ဒအတွက်သာ တောင်းလျှောက်မိ၍ မှားသွားကြောင်း၊ ထို့အပြင် မိမိတွေ့ မြင်ခဲ့ရသော ထူးဆန်းသောပုဂ္ဂိုလ်မှာ အခြားသူ မဖြစ်နိုင်ကြောင်း၊ သားတော်သခင်ယေရှုသာ ဖြစ်မည်ဟု ယုံကြည်ကြောင်း၊ မိမိသည် ဘုရားပေးလိုသောဆုကျေးဇူးကို မသိနားမလည်ဘဲ အလိုတော်မရှိသောအရာများကိုသာ တောင်းဆိုခဲ့မိကြောင်း၊ ဘုရားအလိုတော် အတိုင်းသာ တောင်းရမည်ဖြစ်ကြောင်း၊ မိမိမှားကြောင်း တွေးမိကာ နောင်တရ၍ သက်ပြင်းချ နေမိသည်ဟု သူ၏နေ့စဉ်မှတ်တမ်းများမှတဆင့်ဖတ်ရှုမှတ်သားခဲ့ရပါသည်။

Saya Suang Ko Kam သည် Liimkhai မှ ကြို့သုံးပင်ရွာ တည်ထောင်သူများတွင် ပါဝင်သည့် U Thuam Kam နှင့်လက်တွဲ၍ ဧဝံဂေလိ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေစဉ် ကြို့သုံးပင် နှစ်ခြင်းအသင်းတော်များ၏ မှတ်တမ်းအရ ၁၉၃၈ခုနှစ် မတ်လ (၅) ရက်နေ့တွင် ဘုန်းတော်ဝင်စားခဲ့သည်ဟု ယူဆရပါသည်။

Saya Suang Ko Kam ၏ဝိညာဉ်ရေးရာလုပ်ဆောင်ချက်မှတ်တမ်းအများအပြားရှိခဲ့

သော်လည်း အတိုချုံး၍ ဖော်ပြလိုသည်မှာ -

(၁) Other Tongue ခေါ်အခြားသော ဘာသာစကားကို ဆုကျေးဇူးအဖြစ် ရရှိသူ ဖြစ်သည်။ ထိုအခြားသော ဘာသာစကားဟု ခေါ်ဆိုရာတွင် လူအများနားမလည်သော စကား မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် Saya Suang Ko Kam သည် ဧဝံဂေလိတရားကို နေရာဒေသ အနှံ့သွားရောက်၍ ဝေဌသက်သေခံခဲ့ရာ ရောက်ရှိသောဒေသ၏ ဘာသာစကားကို လုံးဝ နားလည်တတ်ကျွမ်းထား ခြင်းမရှိပါ။ သို့သော် ဆရာကြီးသည် မိမိ ဇာတိဘာသာ စကားဖြင့် သာ ဝေဌ သက်သေခံသော်လည်း လာရောက် တရားနာသူများက ၎င်းတို့၏ ဒေသသုံး ဘာသာ စကားဖြင့် ဟောပြောသကဲ့သို့ ကြားနာရပါသည်။ ဆရာကြီးသည် ဒေသတစ်ခုသို့ ရောက်ပါက မိမိပြောဆိုသော စကားသံသည် ယခင် ပြော ခဲ့သော စကားမဟုတ်တော့ကြောင်း သတိပြု မိကာ ကိုယ်တိုင်လည်း အံ့သြရပါကြောင်း မှတ်တမ်းတင် ထားခဲ့ပါသည်။

(၂) Saya Suang Ko Kam သည် နေ့ခင်းဘက် ဘုရားသခင်နှင့် မိတ်သဟာရ ပြုပြီးနောက် မှောင်ဆက်အနားယူသောအချိန် များတွင် ဘုရားသခင်၏ ကောင်းကင်တမန်များ နှင့် တွေ့ဆုံခြင်းများမှာ အံ့သြ၍ မကုန်နိုင် အောင်ပင် ခံစားရကြောင်း နေ့စဉ် မှတ်တမ်းများ အရသိရှိရပါသည်။

(၃) တစ်ခါကလည်း ဦးလေးတော်သူ Naib Commandant Pau Chin က၊ ကလေးကဘော် ဒေသရှိ တောနက်ကြီးထဲတွင် အစွယ်တစ်ချောင်း တည်းသာ ပါရှိသည့် ဆင်ကြီးတစ်ကောင်ကို ပစ်သတ်သည်ဟု မိမိရူပါရုံဖြင့် မြင်တွေ့ကြောင်း ပြောကြားခဲ့ပါသည်။ အမှန်ပင် ယင်းသို့ပြောဆို ခဲ့သည့် အချိန်တွင် ဆင်ကိုပစ်သက်ခဲ့သည့် အချိန်နှင့် ကိုက်ညီကြောင်း နောင်တွင် ပြန်သိ ကြရသည်။

(၄) လောကတွင်ဖြစ်ပျက်နေသော အရာများ ကို ဘုရားသခင်၏ဖွင့်ပြချက်အရ ကိုယ်တိုင် တွေ့မြင်ခံစားရသကဲ့သို့ ဗျာဒိတ်ရူပါရုံများ ရရှိခြင်းကြောင့် ဧဝံဂေလိလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်းကိုလည်း နေ့စဉ် မှတ်တမ်းများအရသိရှိရပါသည်။

(၅) ထို့အပြင် အလွန်ထူးဆန်းသည်မှာ ဆရာကြီးသည် ဘုရားသခင်ဖွင့်ပြသောနေရာ များကို သွားရာ၌ သူတစ်ပါး (၁၀)ရက်ခရီးသည် မိမိအတွက်(၀)ရက်ပင် မကြာဟုဆိုကြောင်း သူတစ်ပါး၏ပြန်လည်ပြောပြချက်များအရ သိရှိခဲ့ရသည်။

(၆) ထိုခေတ်အခါက လူတို့အမြင်တွင် ဆရာကြီး သည်အလွန်ထူးဆန်းသူဖြစ်ကြောင်း တရားဟောရာတွင် ဆရာ၏မျက်နှာသည် အလွန်ထူးဆန်းကြောင်းနှင့် ဆရာကြီး ခရီး သွားရာလမ်းများတွင် ဆရာကြီးနောက်၌ ထူးဆန်း၍ဖြူဖွေးစင်ကြယ်သော (ထိုခေတ် လူပြောများသည်မှာ ဖြူဖွေးသောသိုးကဲ့သို့) သတ္တဝါများသည် ဆရာကြီးအား အစဉ်အမြဲ စောင့်ရှောက်တတ်ကြောင်းကို မျက်မြင်တွေ့ရှိ သူများက ပြောကြကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

ဆရာကြီးသည် ၁၉၃၁ မတ်လ ၂၆ ရက်နေ့ တွင် ခရီးသွားရာမှ မိမိဇာတိ အိမ်သို့ ပြန်ရောက်ရှိ မလာတော့ပါ။ ဆရာကြီး အသက်ရှင်ခဲ့စဉ်တွင် သူ၏အမှုတော်ထမ်းဆောင်မှုများနှင့် ခရစ်တော် ၏ဝမ်းမြောက်ဖွယ် သတင်းတော်မြတ် (ဧဝံဂေလိ) ဟောကြားသက်သေခံ လုပ်ဆောင်ချက်များသည်

ထိုခေတ်က တန်ဘိုးမထားခဲ့သော်လည်း ယခု ခေတ်ယုံကြည်သူများ၊ အသက်တာပြောင်းလဲ လာသူများ၊ ကယ်တင်ခြင်းကို ရရှိလာသူများသည် ဆရာကြီးကို တမ်းတလျက်ရှိကြောင်းဖော်ပြ အပ်ပါသည်။

Revd. Mang Khaw Pau(1915-2002) (ZBC-GS, 1957-1962)

ချင်းအမျိုးသားများအနက်မှ အဦးဆုံးခရစ် ယာန်ဖြစ်သူ သိကွာတော်ရဆရာ Thuam Hang နှင့် Daw Dim Ko Cing တို့၏အထွေးဆုံးသား ဖြစ်ပြီး (၁၈-၂-၁၉၁၅)ရက်နေ့တွင် မွေးဖွားခဲ့ပါ သည်။ မိခင်ဖြစ်သူမှာ Revd. Za Khup ၏အစ်မ၊ (အငြိမ်းစားသံအမတ်ကြီး Dr. Vum Ko Hau ၏အဒေါ်ရင်း)ဖြစ်ပါသည်။ အထွေးဆုံးသားဖြစ် သဖြင့် မိခင်ကိုအလွန်တွယ်တာပြီး တတိယတန်း သင်သည်အထိ မိခင်နို့စို့လျက် ကြီးပြင်းခဲ့သူ ဖြစ်ပါသည်။

ဖခင်ဆရာတော်၏အိပ်မက်အရ မွေးလာ သောသားဖြစ်၍ Mang Khaw Pau ဟု ကင်ပွန်းတပ်ခြင်းဖြစ်ပါသည်။ Khuasak ၌ တတိယတန်းအထိတက်ရောက်ပြီး တီးတိန်မြို့ တွင် အလယ်တန်းကျောင်းအောင်သည့်အထိ တက်ခဲ့ ပါသည်။ ၄င်း ကျောင်းတွင် အဓိက English စာကို သင်ကြားခဲ့ပါသည်။ ဆရာတော် ၏ဖခင်ဘက်မှဦးလေး အထွေးဆုံးတော်စပ်သူ Naib Commandant Pau Chin ထံသို့ ရောက်ပြီး English စစ်တပ်ထဲဝင်ရာ Havildar အထိရရှိပြီး လွတ်လပ်ရေးမတိုင်မီ ဗိုလ်လောင်း ဖြေဆိုရာတွင် အင်္ဂလိပ်ကို အထင်ကြီးသူဟု သတ်မှတ်ပြီး ဗိုလ်မဖြစ်ခဲ့ပါ။ ၁၉၄၇ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူ ခဲ့ပါသည်။

ဖခင်ဆရာတော် Thuam Hang မှာ အသက်ကြီးပြီဖြစ်၍ ဖခင်၏ဆန္ဒအရ တီးတိန်မြို့ တွင် Revd. F.Q.Nelson ဖွင့်လှစ်သော ကျမ်းစာ ကျောင်းသို့ တက်ရောက်ခဲ့ပါသည်။ (၁၉၄၈-၁၉၅၁)ခုနှစ်အထိ (၃)နှစ်ဖြစ်ပါသည်။ သင်တန်း ကာလအတွင်း ၁၇-၇-၁၉၅၀ခုနှစ်တွင် ဖခင် Revd. Thuam Hang ဘုန်းတော်ဝင်စားခဲ့ပါ သည်။ ကျမ်းစာသင်တန်းအပြီး ၁-၁-၁၉၅၁ ခုနှစ်တွင် ခေါ်ဆ Pastor တာဝန်ထမ်းဆောင်ခဲ့ ပါသည်။

ဤသို့ အမှုတော်ဆောင်ရင်း (၁၇-၂-၁၉၅၃)ခုနှစ် TuiTum TBA အစည်းအဝေး၌ လက်တင်ဆရာအဖြစ် ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

၁၉၅၃ ခုနှစ်တွင် ဖလမ်းနယ် Bual Khua ကျေးရွာမှ ဦးဆုံးခရစ်ယာန်ဖြစ်သူ Revd. Tsong Kham Golden Jubilee တက်ရောက်ပြီး လက်ရှိ ZBC-GS, Revd. S.T.Hau Go ကျန်းမာရေး အရ နှုတ်ထွက်သဖြင့် ဆရာတော်အား ဒုတိယ မြောက် ZBC-GS တာဝန်ကို (၁၉၅၃ - ၁၉၆၂) ခုနှစ်အထိ သက်တမ်း(၂)ကြိမ်တိုင်တိုင် တာဝန် ထမ်းဆောင်ခဲ့ပါသည်။

Falam, ZBC-GS ၏အိမ်တွင် မိသားစုနှင့် နေထိုင်ပြီး ZTC ကျမ်းစာကျောင်းကို ZBC မှ ရံပုံငွေ ၃၀,၀၀၀/- ခွင့်ပြု၍ Revd. R.G Johnson ၏တာဝန်ပေးအပ်ချက်အရ အထူး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါသည်။

၁၉၆၀ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ပုဒ္ဓ ဘာသာအား နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ် နိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ကလေးမြို့သို့ လာရောက်ရာ ZBC-GS အနေဖြင့် သွားရောက် ဆွေးနွေးရန် ZBC မှ တာဝန်ပေးခဲ့ပါသည်။

Teddim နယ်၊ Siyin နယ်၊ Falam နယ်၊ ဟားခါးနယ်အသီးသီးမှ ၄င်းကိစ္စမကျေနပ်၍ စာတမ်းအသီးသီးကို သက်ဆိုင်သူများထံပေးပို့ကြပါသည်။ ဆရာတော်နှင့်အတူ Revd. Dr. David Van Bik, Revd. Sang Awi တို့လည်း ပါရှိကြပါသည်။ ဆွေးနွေးပွဲတွင် Major Awn Ngin၊ ဝန်ကြီးဟောင်းဦးဝမ်းကိုဟောတို့လည်း ပါဝင်ခဲ့ပါသည်။ Enquiry Commission အဖွဲ့တွင် သတင်းထောက်လှမ်းရေးများပါဝင်ပြီး နာမည်ကျော် ဘုန်းတော်ကြီးအပါး(၃၀)၏ ရှေ့မှောက်တွင် အမေးအဖြေများပြုလုပ်ခဲ့ပါသည်။ အဓိက- တင်ပြခဲ့သည့်အချက်မှာ နိုင်ငံတော်ဘာသာအဖြစ် ဗုဒ္ဓဘာသာအား သတ်မှတ်ခဲ့ပါက တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားပြီး တိုင်းပြည်၏အေးချမ်းသာယာမှုကို ထိခိုက်နိုင်မည် ဟု တင်ပြခဲ့ပါသည်။

အချက်ပေါင်းများစွာထဲမှ အထက်ဖော်ပြပါ အချက်သည် သူ့ဘဝ၏အဓိကဆောင်ရွက်ချက်လုပ်ငန်းဟု သူ၏မှတ်တမ်းတွင် မှတ်တမ်းတင်ရေးသားခဲ့ပါသည်။

ZBC-GS သက်တမ်းတလျှောက်တွင် အခက်အခဲပေါင်းများစွာ ကျော်လွှားခဲ့ပြီး (၁၉၆၂) ခုနှစ်မှစ၍ အငြိမ်းစားယူခဲ့ပါသည်။ ZBC- Compound တွင် ရေရှားပါးမှုဖြစ်ပြီး မိသားစု သားသမီးများမှ ပြည်သူ့ဆေးရုံးမှ၄င်း၊ Babu ချောင်းမှ၄င်း၊ ရေများခပ်ယူရပါသည်။ ZBC တွင် မော်တော်ယာဉ်မရှိသေးတဲ့အတွက် အခြိန်မှီအ ရောက်ခရီးသွားရန် အခက်အခဲများရှိခဲ့ပါသည်။ Falam Hospital သို့ တက်ရောက်မည့် Siyin နယ်မှ ဆွေမျိုးများ အလုပ်ရှာဖွေသူများ၊ ဧည့်သည်များစွာ ဧည့်ခံခဲ့ရသည့် ကျေးဇူးတော်ကြောင့် ချီးကျူးခြင်းခံရပါသည်။ ဧည့် သည် ဆို သည် မှာ ပြည် နယ် တွင်းမှ လည်းကောင်း၊ BBC မှလည်းကောင်း၊ နိုင်ငံခြားမှလည်းကောင်း၊ အသီးသီးလာရောက်ကြရာသီးခြားဆောင် မရှိသည့်အတွက် ZBC-GS အဆောက်အဦးကစ်လုံးထဲ မှာသာ ဧည့်ခံနေရပါသည်။

တောင်ပိုင်းချင်းပြည်နယ်သို့ ခရီးထွက်ခဲ့ရာတွင် မော်တော်ကားလမ်းမရှိသေးသည့်အတွက် ကျောက်ထုမှ မင်းကပ်-ကန်ပက်လက်၊ မတူပီ-ဟားခါးတောလမ်းကို နှင်ပြီး တစ်လကြာမှ ဖလမ်းရုံးစိုက်ရာသို့ ကျန်းမာစွာ ပြန်ရောက်နိုင်ခဲ့ပါသည်။

ဆရာတော်၏မှတ်တမ်းအရ Kuki Baptist Association ၏ဖိတ်ကြားချက်အရ Humalinသို့ သင်္ဘောဖြင့် ခရီးထွက်ခဲ့ရာ အခက်အခဲပေါင်းများစွာနှင့် ကြုံတွေ့သော်လည်း အရှင်ဘုရား၏ကျေးဇူးတော်ကြောင့် မိမိရုံးစိုက်ရာ ဖလမ်းမြို့သို့ ချောမောစွာ ပြန်ရောက်နိုင်ခဲ့ပါသည်။

ဆရာတော်သည် ၁၉၅၁ မှ ၁၉၇၆ခုနှစ် ထိ မိခင် အသင်းတော် Khuasak Baptist Church တွင် တာဝန်ထမ်းဆောင်ပြီး ၁၉၇၇-၇၈၊ SRBA- GS, Siyin Region Baptist Association တွင် SRBA-GS တာဝန်ယူခဲ့ပါသည်။

ဆရာကြီးသည် ၁၉၃၅ခုနှစ် ဇူလိုင်လ (၁၅)ရက်နေ့တွင် Nu Niang Ko Mang နှင့် ထိမ်းမြားလက်ထပ်ခဲ့ပြီး သားသမီး(၆)ယောက် ထွန်းကားခဲ့ပါသည်။

(1) Daw Cing Za Uap + (U Tun Aung)

(2) U Thian Khup (Deputy Director Department of Fisheries, Cretiria National Fishery Consultent FAO,Managing

Director Chin & Son's Aquaculture Production Co.,Ltd)+ Daw Ciin Ko Pau
(3) Saya Hang Za Pome (Headmaster, Middle School) + Daw Ciang Ko Neam
(4) Daw Niang Za Hau + (Col. Ngo Cin Pau)
(5) Daw Vum Za Huai (Staff Nurse)
(6) Sgt. Kam Za Lian + Daw Ciang Thian Huai တို့ဖြစ်ကြပါသည်။

၁၉၇၉ ခုနှစ်တွင် ဇနီး Nu Niang Ko Mang မကျန်းမာ၍ Diamond Jubilee မတိုင်ခင် မတ်လ (၂၇) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ဆရာတော်အား စောင့်ရှောက်ရန်လိုအပ်သဖြင့် U.P. Ngin Za Thang ညီမ Nu Men Dim နှင့် ၂၅-၆-၁၉၈၆ ရက်နေ့တွင် ဒုတိယအကြိမ် အိမ်ထောင်ပြုခဲ့ပါသည်။ သားသမီးမထွန်းကားခဲ့ပါ။

ဆရာတော်သည် ဘုရားအမှုတော်ဆောင်ဖြစ်သည်နှင့်အညီ စိတ်နှိမ့်ချခြင်း၊ သည်းခံခြင်းနှင့်ပြည့်စုံပြီး ၂၀၀၂ခုနှစ် ဩဂုတ်လ (၂၀)ရက်နေ့ အသက် (၈၈)အရွယ်တွင် ဘုန်းတော်ဝင်စားခဲ့ပါသည်။ သားသမီး (၆)ယောက်နှင့် မြေး (၂၅)ယောက်၊ မြစ် (၇)ယောက်ကျန်ရစ်ခဲ့ပါသည်။

ဓာပနာအခမ်းအနားသို့ ZBC-GS, Revd. S. Hlawn Piang နှင့်အတူ ZBC မှ လူကြီးများ ZBC-GS ဒဿမမြောက်တာဝန်တမ်းဆောင်ခဲ့သူ Revd. Tuang Khan Kap, SRBA-GS Revd. Hang Khan Nang နှင့် EC များ အားလုံးနှင့်အတူ ခေါ်ဆနှစ်ခြင်းအသင်းတော်သင်းအုပ်ဆရာကြီး Revd. L.Do Cin Pau ၏ ဦးဆောင်မှုဖြင့် အသင်းလူကြီးများ အားလုံး စီးယင်းနယ်မှ ယုံကြည်သူများအားလုံးလာရောက်ဂါရဝပြုကြပါကြောင်း မိသားစုမှ မှတ်တမ်းတင်ဂုဏ်ပြုလျက်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။



- Using your few days wisely can make an eternal difference.
- The Victim of Calvary became the Victor of Easter
- There are none so good that they can save themselves...none so bad that God cannot save them.
- Believing Christ died....that's history; Believing Christ died for me.... that's salvation.
- Forgiveness is Christinity in action
- If we could merit our own salvation, Christ would not have died to provide it
- The real measure of our wealth is what we shall own in eternity.
- You don't need to know where you are going provided you know who you are following
- God formed us; Sin deformed us; Christ transforms us
- No gift is more needed by a dying world than a life-giving Saviour.
- A Christless Christmas is like a counterfeit dollar!
- The conversion of a soul is the miracle of a moment, the growth of a saint is the task of a lifetime
- Salvation is given not gained

Pu Pau Suan (1875-1951)

နှင့်

Revd. Lian Zam (1900-1940) အထူးပတ္တိ

Revd. Vum Khat Pau



Pu Pau Suan & Pi Kham Ciang

ခေါ်ဆရွာ Thuan Tak မျိုးဆက်၊ Kun Tong အနွယ် Khan Vum ဆွေမျိုးစုဝင် ဦး Do Thang (G.No. 74-19) နှင့် ဒေါ် Vum Vung (G.No. 140-21) တို့၏ သား ပေါင်စွမ်း သည် မွေးချင်းညီအစ်ကို သုံးယောက်ထဲမှ အကြီးဆုံးသား ဖြစ်ပြီး ၁၈၇၅ ခုတွင် ခေါ်ဆရွာ၌ ဖွားမြင်သည်။ မိခင် ဒေါ်Vum Vung မှာ ဘွမ်မံရွာ Thuan Tak မျိုးဆက်၊ Kim Lai အနွယ်၊ Khiap Thuam ဆွေမျိုးစုဝင် ဦးThuam Khup ၏ သမီး ဖြစ်သည်။

ပေါင်စွမ်း သည် အရွယ်ရောက်လာပြီး အိမ်ထောင်ပြုနိုင်မည့်အချိန်တွင် တစ်ရွာသား ချင်း သာမက Khan Vum ဆွေမျိုးစုဝင်ထဲမှပင် ဖြစ်သော ဦးZong Tuang ၏ သမီး Kham Ciang နှင့်

မေတ္တာသက်ဝင်ကြသည်။ သူတို့၏ ဆွေမျိုး နီးစပ်ပုံတို့ Zo မျိုးနွယ်ဆက်မှ နံပါတ်ရှစ်မြောက် Thuan Tak မှ ပြန်တွက်ကြည့်လျှင် ပေါင်စွမ်း နှင့် ခမ်ကျန် အထိ အောက်ပါအတိုင်းဖြစ်ပါသည်။[1]

8. Thuan Tak
9. Nge Ngu
10. Lamh Tam
11. Nei Zalh
12. That Lang, That Mun
13. Tong Seal, Khum Thang, Kun Tong, Khup Thang
14. Mat Kim
15. Khan Vum

16.	Mat Tuang,	Lu Mang,	Sawn Mang
17.	Kham Hong	Tuah Thang	
18.	Ngo Suang	Mang Pau	
19.	Zong Tuang	Do Thang	
20.	**Kham Ciang**	**Pau Suan**	

ဖော်ပြပါ Thuan Tak မှစ၍ မျိုးဆက်နံပါတ် (၁၂) အထိ မျိုးနွယ်စု၊ ဆွေမျိုးစု အတွင်း သာမက တစ်ရွာသားအချင်းချင်း စုဖက်အိမ်ထောင်ပြုခြင်း မရှိခဲ့ချေ။ ဤသည်မှာ ရှေးယခင်က ကျင့်သုံးခဲ့သော စီးယင်းချင်းရိုးရာ အစဉ်အလာတစ်ခု ပင်ဖြစ်သည်။

သမိုင်းနောက်ခံ

ဦးပေါင်စွမ်းနှင့်ဒေါ်ခမ်ကျန်တို့အရွယ် ရောက်သည်အထိ စီးယင်းနယ်၌ " Phung khawm" ဟု ခေါ်သော တစ်ရွာသားချင်း၊ ဆွေမျိုးစုအတွင်း စုဖက်အိမ်ထောင်ပြုခြင်းကို ရှောင်ကြဉ်ကြသည်။ လူပျိုတစ်ယောက် အိမ်ထောင်ပြုမည်ဆိုလျှင် အိမ်ထောင်ဖက်အတွက် အပျိုကို အခြားရွာမှ စေ့စပ်တောင်းရမ်း လက်ထပ်ယူရသည်။ တစ်ရွာသားချင်း လူပျိုအပျို မေတ္တာမျှ၍ အချစ်နယ်ကွဲကာ ကလေးမွေးခဲ့လျှင်ပင် လက်ထပ်စုံဖက်ခွင့်မပေးဘဲ၊ ရလာသော ကလေးကို အရှင်လတ်လတ် တစ်နေရာ၌ စွန့်ပစ် ရသည်။ ခေါ်ဆရွာမှ ဤသို့ မွေးကင်းစကလေးများ လွှင့်ပစ်လေ့ရှိသောနေရာကို တလေးသခြိုင်း

[1] *Captain K A Khup Za Thang, Zosuanh Khang Simna Laibu, p 71, 74*

"Nauthan Liang" ဟု ယနေ့ထိတိုင် ခေါ်ဝေါ်ပါသည်။ ဤအချိန်တွင် စီးယင်းနယ်၌ တစ်ရွာသားချင်းမှ ရသောကလေး၊ အဖေမပေါ်သောကလေးများ အရှင်လတ်လတ် လွှင့်ပစ်သကဲ့သို့ တရားဝင်လက်ထပ်ပြီးသော အိမ်ထောင်စုမှပင် ခြေမစုံ လက်မစုံ၊ နှူတ်ခမ်းပဲ့၊ နှူတ်ခမ်းရွဲ့ အစရှိသည့် အင်္ဂါမစုံ၊ ပုံမမှန်သော ကလေးများ မွေးလာလျှင်လည်း အရှင်လတ်လတ် ပင် လွှင့်ပစ်ရသည်ချည်းပင် ဖြစ်သည်။

ထိုအချိန်တွင် ထူးခြားသောဓလေ့တစ်ခုမှာ အိမ်ထောင်စုဝင်လင်မယားအကြား၌ ကျင့်သုံးစောင့်ထိန်းရသော "Saninten" ခေါ် အိမ်ထောင်ရှင်မိန်းမများ ၄င်းတို့၏ယောကျ်ားမရှိသော အချိန်တွင် အသားမစားရသောဓလေ့ဖြစ်သည်။ အိမ်ထောင်စုယောကျ်ားများ အလည်သွားချိန်၊ ခရီးထွက်ချိန်များတွင် အိမ်ထောင်ရှင်မများ အသားလုံးဝမစားရချေ။ အသားစားမိပါက ယောကျ်ားအပေါ်၌ မေတ္တာမဲ့သူ၊ သစ္စာမဲ့သူ၊ အပြစ်ပြုသူဟုယူဆရသည်။ တစ်နည်းပြောရလျှင် မိမိ၏လင်ယောကျ်ားအပေါ်၌ မေတ္တာရှိကြောင်း၊ သစ္စာရှိကြောင်းကို လင်မရှိသောအချိန်တွင် မယားဖြစ်သူက သက်သတ်လွတ်စားခြင်းဖြင့် ပြရသည်ဟုဆိုရပေမည်။

စီးယင်းယောကျ်ားများ၏အဓိက ဝါသနာထုံသောအလုပ်မှာ စစ်တိုက်ခြင်းနှင့်အမဲလိုက်ခြင်း ဖြစ်သည်။ ရန်သူကိုနှိုင်လျှင်ဦးခေါင်းကိုဖြတ်၍ ရန်အောင်ပွဲကျင်းပသည်။ အမဲလိုက်ရာမှ သားမင်းသားကောင်များမိပါက ခေါင်းကိုဖြတ်ယူ၍ သားမင်းအောင်ပွဲ၊ သားကောင်အောင်ပွဲ ကျင်းပသည်။

အသုဘရှိလျှင် ချက်ချင်း သုဿန်၌မချဘဲ ခြောက်အောင်မီးကင်ရင်းအိမ်၌ပင် လ၊ နှစ် ကြာအောင်ထားရသည်။ အသုဘချသောအခါ သားကောင် များများသတ်၍ အသုဘချပွဲပြုလုပ်နိုင်မည့် အချိန်ကို စောင့်ရသည်။ ဤသို့သားကောင်များများသတ်၍ ပို့ဆောင်သင်္ဂြိုလ်ခံရသောသူသည် တမလွန်၌ သားကောင်များစွာပိုင်ဆိုင်ရသည်ဟု အယုံအကြည်ရှိသည်။ ရန်အောင်ပွဲ၊ သားမင်းအောင်ပွဲများ ကျင်းပနိုင်သူသည်လည်း တမလွန်၌အကြီးအကဲဖြစ်သည်ဟု ယုံကြည်ကြသည်။

ကိုးကွယ်မှုနှင့် ပတ်သက်၍ မိရိုးဖလာ ရိုးရာနတ်ကို ကိုးကွယ် ကြသည်။ တောနတ်၊ အိမ်နတ် အမျိုးမျိုးရှိကြသည်ဟု ယုံကြည် ကြပြီး နာမကျန်းဖြစ်လျှင် နတ်ဖမ်းစားသည်ဟု ယုံကြည်ကာ တိရစ္ဆာန်တစ်ကောင် ကောင်သတ်၍ သက်ဆိုင်ရာနတ်ကို ပူဇော်ပသကြသည်။ နတ်ပူဇော်ရာ၌ ကြက်၊ ဝက်မှစ၍ နွား၊ နွားနောက် အထိ အသုံးပြုတတ်သည်။ အများအားဖြင့် နာမကျန်းဖြစ်သည့်အချိန်နှင့် ဘုန်းကံနိမ့်သည်ဟု ထင်ရသော အချိန်များတွင် သက်ဆိုင်ရာနတ်ကို ပူဇော်ပသကြသည်။

အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စစ်တိုက်ခြင်း၊ အမဲလိုက်ခြင်းနှင့်တောင်ယာခုတ်ခြင်းဖြစ်သည်။ စစ်တိုက်ခြင်း၊ အမဲလိုက်ခြင်းနှင့် အိမ်ဆောက်ခြင်းများသည် ယောကျ်ားများ၏ အလုပ်ဟု မှတ်ယူပြီး တောင်ယာလုပ်ငန်းနှင့် ထင်းခွေခြင်းကို အဓိက အမျိုးသမီးများ၏အလုပ်ဟု မှတ်ယူကြသည်။[2]

[2] *K T Ngo Za Lian, Khuasak khua Tangthu, (Unpubilish)*

"Phungkhawm"

တစ်ရွာသားချင်း စုံဖက်မှု စတင်ခြင်း

ပေါင်စွမ်းသည် ဆွေမျိုးသားချင်း အပျို ခမ်ကျန်နှင့် ချစ်ကြိုက် ပြီးခွဲခွာဖို့ရန်စိတ် မကူးတော့ သောကြောင့် "Phung khawm" ခေါ် တစ်ရွာသားချင်းစုံဖက် ပြုနိုင်ရန် နည်းလမ်းကို အမြဲရှာကြံ ခဲ့လေသည်။ မိရိုး ဖလာအရ ရှောင်ကြဉ်သော ဤစုံဖက်မှုကို ပြုမည်ဆိုလျှင် ထိမ်းမြား မင်္ဂလာ၌ ဘိသိတ်ပေး မည့် ဘိသိက်ဆရာကို ရမည်မဟုတ်ချေ။ မည်သူမျှ အမုန်းခံ၍ ပေါင်စွမ်းတို့ အတွက် ဘိသိတ်ဆရာ လုပ်မပေးရဲကြချေ။ ပေါင်စွမ်းသည် ကိုယ်တိုင် ဘိသိတ်ဂါထာကို ရွတ်ဆိုမှသာ မင်္ဂလာ အခမ်းအနားအထမြောက်မည်ဟု ခံယူသည်။ ထို့ကြောင့် ပေါင်စွမ်းသည် တောထဲသို့သွား၍ ထောင်ချောက်ဆင်ရာ ဂျိုးမောင်နှံနှင့် ခိုမောင်နှံကို အရှင်ဖမ်းမိလေသည်။ ဤငှက် မောင်နှံများကို အိမ်သို့ယူလာပြီး ကောင်းမွန်စွာ ကျွေးမွေးသည်။ ၁၉၀၀ပြည့်နှစ် အောက်တိုဘာ (၁)ရက်နေ့တွင် ပေါင်စွမ်းသည် ချစ်လှစွာသော သူ့ချစ်သူခမ်ကျန်အား သူ၏အိမ်သို့ခေါ်ယူခဲ့ပြီး မင်္ဂလာဘိသိက် သွန်းလောင်းသည့်အနေဖြင့် ဖမ်းမိထားသော ဂျိုးမောင်နှံနှင့် ခိုမောင်နှံကို ကိုင်ဆောင်လျက် အိမ်ထောင်တံစက်မြိတ် အောက်မှ ငှက်မောင်နှံတို့အား ငုံထားသော ခေါင်ရည်ဖြင့် ပန်းမှုတ်၍ အောက်ပါအတိုင်း ရွတ်ဆိုခဲ့သည်။

"အို.. အသင်ခို၊ အသင်ဂျိုးတို့.. သင်တို့ သည် မောင်နှမစုံဖက်ပြီး၊ ပင်ယံထက်တွင် ရင်သွေးလေးများ ပေါက်ဖွားများပြားစေလျက် ပျော်ရွှင်မြူးတူးနိုင်ကြသည်တကား။ အသင်ခို.. အသင်ဂျိုးတို့.. ငါတို့လည်း သင်တို့ နောက်ကို လိုက်ရအံ့.. သင်တို့သည် ပင်ယံထက်တွင် ရင်သွေးလေးများ ဆက်လက်ပေါက်ဖွားပွားများ စေလျက် ရှေ့ဆက်ပျော်ရွှင်မြူးတူးနိုင်ကြပါစေ သတည်း..." ဟု ရွတ်ဆိုပြီး ခိုမောင်နှံနှင့် ဂျိုးမောင်နှံကို ပြန်လွှတ်ပေးခဲ့သည်။

ဤသို့ ပေါင်စွမ်းသည် ခမ်ကျန်နှင့် စုံဖတ်၍ "Phungkhawm" ခေါ် ရွာသားချင်းအိမ်ထောင်ပြုခြင်းကို စတင်သောအခါ တစ်ရွာလုံး၊ တစ်ဒေသလုံး၏မုန်းတီးခြင်း၊ ဆဲဆိုရန်ပြုခြင်း ခံခဲ့ရသည်။ သူတို့၏ အသက်အန္တရာယ်ပင် စိုးရိမ်လာရ၍ ပေါင်စွမ်းသည် တီးတိန်မြို့သို့သွားပြီး အရေးပိုင်မင်း ထံတိုင်ကြားရာ အစိုးရ၏အမိန့်စာကြောင့် ပေါင်စွမ်းတို့ဇနီးမောင်နှံအသက်ချမ်းသာ ရာရခဲ့သည်။ ထိုမှစ၍ စီးယင်းနယ်၌ "Phung khawm" ခေါ် တစ်ရွာသားချင်းစုံဖက် အိမ်ထောင်ပြုခြင်းကို စတင်ခဲ့သည်။ သို့သော်လည်း ပေါင်စွမ်းတို့ဇနီးမောင်နှံမှာ ဆွေမျိုး သားချင်းများ၏မျက်စောင်းထိုးခြင်း၊ စောင်းမြောင်း ဆဲဆိုခြင်းကို ခံနေရမြဲခံနေရသဖြင့်၊ လွတ်လပ်မှုနှင်ကန်စွာ စုံဖက်အိမ်ထောင်ပြုခွင့်ပေးသော ရိုးရာအစဉ်အလာ၊ ကိုးကွယ်ယုံကြည်မှုတစ်ခုခု ရှိရမည်ဟု မျှော်တွေးရင်း အယူဝါဒဟောင်းများကို ခေတ်နှင့်အညီ ပြောင်းလဲနိုင်ရန် အမြဲ တွေးတော်ကြံဆလေသည်။ [3]

[3] *K T Ngo Za Lian, Khusak khua Tangthu, (Unpubilish)*

ခရစ်ယာန်သာသနာရောက်လာခြင်းနှင့်
ခရစ်ယာန်ဘာသာဝင်ဖြစ်လာခြင်း

ပေါင်စွမ်းတို့ဇနီးမောင်နှံသည် ဒေသခံလူများ၏မုန်းတီးပစ်ပယ်ခြင်းခံနေရသောအချိန်တွင် ခရစ်ယာန်သာသနာပြုရန်နှင့် ကျောင်းဆရာတာဝန်ယူရန်အတွက် ကရင်သာသနာပြုဆရာ၊ သရာရွှေဇံ ခေါ်ဆရွာသို့ရောက်လာသည်။ သရာရွှေဇံ ခေါ်ဆသို့ရောက်ရှိလာသောအချိန်သည် ၁၉၀၄ ခုနှစ် ဧပြီလအတွင်းဖြစ်ကြောင်းကို အောက်ပါ Revd. Robert G. Johnson ရေးသောစာအရ သိရှိနိုင်ပါသည်။

On March 31, 1904, Shwe Zan, his wife, and baby Samuel left Hakha for the journey to Khuasak to begin the school. Two coolies followed, carrying all their worldly goods. East records his feelings at the sight of these Karen missionaries leaving for their field of service:

> In my heart I wept for them! We had barely committed this brave couple into the hands of God and already were sending them to one of the most Godless places on earth! This was the beginning of a new day in the Chin Hills (Bur.Ms., p.70).[4]

သရာရွှေဇံသည် ခေါ်ဆရွာတွင် ကျောင်းဆရာလုပ်ရင်း ခရစ်တော်၏ကယ်တင်ခြင်းအကြောင်းကို ဟောပြောခဲ့ရာ သုံးလမျှကြာသောအခါ ပေါင်စွမ်းနှင့်ခမ်ကျန်တို့သည် ယေရှုခရစ်ကို ကယ်တင်ပိုင်ရှင်အဖြစ်လက်ခံပြီး ချင်းတောင်မှ ပထမဦးဆုံး ခရစ်ယာန်ယုံကြည်သူများ ဖြစ်လာခဲ့ကြောင်း အောက်ပါ Revd. Dr.E.H.East ထံသို့ သရာရွှေဇံ ရေးခဲ့သော July 25,1904 ရက်စွဲပါ စာက သက်သေခံပါသည်။

July 25, 1904
Khuasak Village

Sir,

Your letter came to me and tell about the school which you spoke with Mr. Fowler. We little three here (meaning his family) were very glad. The time when we arrived here in Koset (Khuasak) till this time, we try as well as we can for preaching so that one man name Paung Shwin (Pau Suan), he is among three chiefs which you had been seeing, he believes Jesus can save him from his sin into life. He gave up all the bad things and come to us for worship God together every time with his wife and mother.

He's very earnest in preach to other. Some men spoke to him and made him afraid, but he do not care what was the people said to him. As he knew more about Christ the preach more and more to other people. The time when you come to Khuasak he will (be) Baptist at once. As well as my master can, come soon.

Now we little here glad every time to preach. We hope our master and Ma Ma and Saya San Win and his wife will glad with us in prayer. I cannot write English well; if I can write you will glad more than this.

One man name's Tum Harm (Thuam Hang) he is a chief among the three chiefs. Now he begin to believe Jesus. Thum Hang

[4] *Robert G Johnson, History of American Baptist Chin Mission Vol 1, p 96*

this night he come up to me for prayer God. Dear Master, please remember for Thuam Hang in your prayer. O my dear master if you arrive here this time, how you will be very glad for Christ.

As to school the people begin to build the school now. They got some post to the school place, in a few days I think school will finish. Sometime I wrote about to stop school until the school (house) finish, and you tell I must stop; but I think in my heart it is better to learn every day so that I have school in my house.

Remember Pau Suan and his household in your prayer. As well as I can I try in write English. Please know what I mean as well as you can.

Your obedient servant
Shwe Zan [5]

သရာရွှေဇံ၏စာအား ချင်းခရစ်ယာန်စိန်ရတုသဘင်၊ အစီအစဉ်လမ်းညွှန်စာအုပ်၌ အောက်ပါအတိုင်း ဘာသာပြန်ထားသည်။

ဝန်ထောက်မင်းဖိုလာနှင့်ဆွေးနွေးခဲ့သောစာသင်ကျောင်းကိစ္စအတွက် ပေးပို့ခဲ့သောစာကို ရပါတယ်။ ဤစာရေးချိန်တွင် ကျွန်တော်တို့မိသားစု သုံးယောက်တို့သည် ကျန်းမာပျော်ရွှင်လျက် ရှိကြပါတယ်။ ခေါ်ဆောက်ပြီးကတည်းမှစ၍ ကြိုးစားပြီးတရားဟောခဲ့ပါတယ်။ သို့ဖြစ်ရာရွာသူကြီးသုံးဦးအနက် တစ်ဦးဖြစ်သော ပေါင်စွမ်းက ခရစ်တော်သည် ကျွန်တော်တို့ကို ကယ်တင်နိုင်ကြောင်းကို လက်ခံယုံကြည်နေပါပြီ။ အပြစ်ထဲတွင် နစ်မြုပ်နေသော်လည်း အသက်ရှင်နိုင်သေးကြောင်းကို နားလည်နေပါပြီ။ သူသည် မကောင်းမှုတို့ကို ရှောင်ရှားပြီး သူ့ဇနီး၊ သူ့မိခင်တို့နှင့်အတူ ဘုရားရှိခိုးအမြဲတက်ခဲ့ပါတယ်။ တစ်ချို့လူတို့က စိတ်ဓါတ်ကျဆင်းစေသောသွေးထိုးစကားများပြောပြခဲ့သော်လည်း လက်ခံယုံကြည်ခြင်းမရှိကြတော့ပါ။ ခရစ်တော်ကို လက်ခံယုံကြည်ပြီးမှစ၍ တရားဟောခြင်းကို ပိုမိုကြိုးစားနေပါတယ်။ ခေါ်ဆသို့လာနိုင်သောအခါ ချက်ချင်းနှစ်ခြင်းမဂ်လာခံယူကြပါမယ်။ ကျွန်တော့သခင်အမြန်လာပါ။

ထွမ်းဟန်ဆိုသူသည်လည်း သူကြီးသုံးဦးထဲမှတစ်ဦးဖြစ်ပါတယ်။ သူလည်း ယေရှုကို ယုံကြည်စပြုလာပါပြီ။ ယနေ့ညတွင်လည်း ကျွန်တော့ဆီလာပြီး ဘုရားသခင်ထံသို့ဆုတောင်းခိုင်းပါတယ်။

ချစ်သောသခင်ဆုတောင်းသောအခါ၌ ပေါင်ဆွမ်းတို့မိသားစုကိုလည်း သတိရဆုတောင်းပေးစေလိုပါတယ်။ ဩော်. . ကျွန်တော့သခင်ယခုအချိန်ဒီနေရာသို့ ရောက်လာနိုင်ပါက ခရစ်တော်အတွက် ဘယ်လောက်ဝမ်းသာလိမ့်မလဲ။ အင်္ဂလိပ်စာ မကျွမ်းကျင်သော်လည်း ဆိုလိုရင်းကိုတော့ နားလည်လိမ့်မယ်လို့ ယုံကြည်ပါတယ်။


သစ္စာရှိသောတပည့်
ရွှေဇံ
၂၅. ၇. ၁၉၀၄ [6]

---

[5] *Robert G Johnson, History of American Baptist Chin Mission Vol 1, p 98-99*

[6] ချင်းခရစ်ယာန်စိန်ရတုသဘင် ခေါ်ဆ၊ အစီအစဉ်လမ်းညွှန် စာ-၄

ဦးပေါင်စွမ်းသည် စီးယင်းနယ်၌ "Phung khawm" ခေါ် တစ်ရွာသားချင်းစုံဖက် အိမ်ထောင်ပြုခြင်းနှင့် ချင်းတောင်မှ ကနဦး ခရစ်ယာန် ယုံကြည်သူဖြစ်လာကြောင်းကို သူ၏မှတ်တမ်းလက်ရေးစာမူရင်းတွင် အောက်ပါ အတိုင်း တွေ့ရပါသည်။



ဆရာပေါင်စွမ်းကိုယ်တိုင်ရေးလက်ရေးမှတ်တမ်း

[7] ဆရာပေါင်စွမ်း၏လက်ရေးစာမူရင်း မိတ္တူကို သူ၏သား U Vum Za Lian ထံမှ ရရှိပါသည်

ဦးပေါင်စွမ်းတို့ ဇနီးမောင်နှံသည် ၁၉၀၄ခုနှစ် ဇူလိုင်လ(၁၀)ရက်နေ့တွင်၊ ခရစ်ယာန်ဘာသာဝင် များဖြစ်လာပြီးနောက် ဦးထွမ်းဟန်တို့.ဇနီးမောင်နှံနှင့်အတူ ၁၉၀၅ခု မေလ ၁၁ ရက်နေ့တွင် ခေါ်ဆရွာ၊ Aak-awm ချောင်း၌ Revd. Dr.E.H.East ၏ နှစ်ခြင်းမင်္ဂလာ ပေးခြင်း ခံယူခဲ့ကြောင်း Revd. Dr. Robert G. Johnson က အောက်ပါအတိုင်းမှတ်တမ်းတင် ထားသည်။

The First Baptisms, May 11, 1905

The site of the first baptism of Northern Chins took place near Khuasak in the Siyin valley, near Fort White in the Tiddim subdivision. A small stream called by East the "Pok boy River," although it is merely a small creek, was dammed up for the occasion, and on May 11, 1905, in the presence of a large number of curious villagers, Pau Suan and his wife Kham Ciang, and Thuam Hang and his wife Dim Khaw Cing, were baptized by Dr. East. East wrote:

> These are the first-fruits in the Chin Hills, and from the depths of our hearts we praise God and take courage. We have four more candidates in that district and hope to baptize them this year. This will give us a constituency for the organization of a church.
> (East ltr., 11/3/05).[8]

ချင်းတောင်၏ပထမဆုံး
ခရစ်ယာန်အသင်းတော်၌ ပါဝင်ခြင်း

ချင်းတောင်၏ပထမဆုံး ခရစ်ယာန်ယုံကြည်သူလေးဦး နှစ်ခြင်းခံပြီးနောက် ၁၉၀၆ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် နှစ်ခြင်းခံသူ (၇)ဦး ပေါ်လာခဲ့ပြန်သည်။ ၄င်းကို.(၇)ဦးကို Dr. East ကပင် ခေါ်ဆရွာ၌ နှစ်ခြင်းမင်္ဂလာပေးခဲ့သည်။ ဤသို့ဖြင့် ချင်းတောင်စီးယင်းနယ်၌ ခရစ်တော်ကို ယုံကြည်၍ နှစ်ခြင်းခံပြီးသူ (၁၁)ဦးရှိပြီး ၄င်းတို့ဖြင့်ပင် ၁၉၀၆ ဖေဖော်ဝါရီ(၁၇)ရက်တွင် ချင်းတောင်၏ ပထမဦးဆုံးအသင်းတော် (ခေါ်ဆနှစ်ခြင်းအသင်းတော်)ကို ဖွဲ့စည်း၍ Dr.East က ဆက်ကပ်ဆုတောင်းပေးခြင်းပြုခဲ့သည်။ ဤသည်တို့.ကို Revd. G.Johnson က အောက်ပါအတိုင်းမှတ်တမ်းတင်ထားခဲ့.သည်။

After the events of the second baptism, Dr. East remained in Khuasak village for about a week. He then moved east ward to Theizaang village for more preaching and medical treatments, returning to Khuasak for an important event for the formation of a little Church, among the new Christians. On the 17 February 1906, a Sunday morning was a red-letter day in the history of Christianity among northern Chins. On that day Dr.East organized the first Christian Church in the Chin Hills, the first of any denomination, at Khuasak among the Siyin people. This Khuasak Baptist Church was

[8] *Robert G Johnson, History of American Baptist Chin Mission Vol.1, p 128*

established by the following persons and dedicated by Dr. East.[9]

Pastor - Thra Shwe Zan
Deacons - (1) Pu Pau Suan
(2) Pu Thuam Hang
Member - (1) Pi Kham Ciang
(2) Pi Dim Ko Cing
(3) Pu Lam Suan
(4) Pi Vum Vung
(5) Pu Tun Lian
(6) Pi Khup Vung
(7) Pu Son Tun
(8) Pu Thuam Tun
(9) Pi Thang Nei

ဤကဲ့သို့ ချင်းတောင်၏ပထမဦးဆုံး ခရစ်ယာန်အသင်းတော်ဖွဲ့စည်းပြီး နောက်တစ်နေ့ ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင် ပွဲတော်မင်္ဂလာဖြင့် ဝတ်ပြုခြင်းကို ကျင်းပခဲ့ရာ Revd.Dr.East နှင့် သရာရွှေဇံတို့ဦးဆောင်ပြီး ဦးပေါင်စွမ်းတို့ ဇနီးမောင်နှံတို့နှင့်အတူ ချင်းတောင်မှနှစ်ခြင်းခံပြီးသောယုံကြည်သူအားလုံး တက်ရောက်နိုင်ခဲ့ကြသည်။ [10]

ကနဦးခရစ်ယာန်များညှင်းဆဲခြင်းခံရ

ဦးပေါင်စွမ်းတို့ ဇနီးမောင်နှံသည် ဒေသခံလူများ၏ မုန်းတီးခြင်းကို ခံနေရစဉ်၌ပင် ခရစ်ယာန်ယုံကြည်သူများဖြစ်လာသောအခါ ပို၍ မုန်းတီးခြင်းခံရသည်။ ထိုအချိန်တွင် ခရစ်ယာန်ဘာသာဝင်ဖြစ်လာကြသော ဦးထွမ်းဟန်တို့ မိသားစုနှင့် နောင်တွင် ခရစ်ယာန်ဘာသာဝင်ဖြစ်လာကြသူများနှင့်အတူ ခေါ်ဆရွာအတွင်း နေထိုင်ခွင့် မပြုဘဲ ရွာ၏အပြင်ဘက် Khua khuan ဟုခေါ် သောနေရာ၌ သီးခြားနေထိုင်စေခြင်း ခံခဲ့ရပါသည်။

ထို အချိန်တွင် ခရစ်ယာန်များအား မိရိုးဖလာကိုးကွယ်မှုကို ပြန်ကိုးကွယ်ရန် စည်းရုံးခြင်းခံရပြီး လိုက်လျောခြင်းမရှိသောအခါ ဆဲဆိုညှဉ်းဆဲခြင်း အမျိုးမျိုးခံရုံမက အသက်အန္တရာယ်ပါ စိုးရိမ်စရာဖြစ်လာသည်။ သူတို့ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များ၊ ကောက်ပဲသီးနှံများ၊ သစ်သီးဝလံများကို ဖျက်ဆီး၍ အစာရေဆာပြတ်ကာ ငတ်မွတ်သေစေရန် ကြံစည်ခြင်းခံခဲ့ရသည်။ ထို့ပြင် ဦးပေါင်စွမ်း၏နေအိမ်မှာ ၉. ၃. ၁၉၂၅ တွင် မီးရှို့ ဖျက်ဆီးခံ ခဲ့ရပါသည်။ ထို့အတူ ဦးထွမ်းဟန်နေအိမ်မှာလည်း ၁၉၂၇တွင် မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ ဦးပေါင်စွမ်း၏ စွမ်းဆောင်မှုကြောင့် ခရစ်ယာန်ဘာသာဝင်များ၏အသက်အန္တရာယ် ကို အစိုးရရုံးတော်မှအကာအကွယ်ပေးခဲ့သည့် အပြင် ဘုရားသခင်ထံ ဆက်ကပ်ဆုတောင်းခြင်း အမြဲပြုခဲ့သည်။ "သူတို့သည် မည်သည့်အမှုပြုမိသည်ကို မသိကြသောကြောင့် သူတို့၏အပြစ်ကို လွှတ်တော်မူပါ။ နောင်အခါ သူတို့သည်လည်း ကိုယ်တော်၏ချစ်ခြင်းအမှုန်ကို သိ၍ ယေရှုခရစ်တော်ကို လက်ခံကာ ထာဝရအသက်ကို ရစေခြင်းငှါ ကိုယ်တော်ပြုပြင်တော်မူပါ" စသည့်အချက်များ ထည့်သွင်းကာ ၄င်းတို့အား ရန်ဘက်ပြုသူများအတွက် ဆုတောင်းပေးလေ့ရှိသည်။ ဤသို့ကနဦးချင်းခရစ်ယာန် ယုံကြည်သူများ၏ဆုတောင်းချက်ကို ဘုရားသခင်နားညောင်းတော်မူ၍ ခရစ်ယာန်သာသနာသည် နောင်တွင် ချင်းတစ်မျိုးသားလုံး၌ ပျံ့နှံ့ ယုံကြည်လာခဲ့ကြောင်း တွေ့နိုင်သည်။

---

[9] *Robert G Johnson, History of American Baptist Chin Mission Vol 1, p.130*

[10] *Robert G Johnson, History of American Baptist Chin Mission Vol 1, p 131*

ဦးပေါင်စွမ်းသည် ၄င်းအစပြုခဲ့သည့် ရွာသားအချင်းချင်း စုဖက်နေနိုင်မှုနှင့် ခရစ်ယာန်ဘာသာဝင်ဖြစ်လာခြင်းကြောင့် အများ၏ဝိုင်းဝန်းပစ်ပယ်ခြင်းခံရခြင်းများကို အောက်ပါတေးကဗျာများဖြင့် မှတ်တမ်းတင်ထားပါသည်။ [11]

1 *(a) Phung taw tua tu Zaangsi lai a, pupa ngam bang tang sa'ng nge.*

(b) Vaimang taw tongdam ciam ing nge, Zaangsı tuanglam tam sak nge.

အနက်ကား-

စီးယင်းဘိုးဘေးများသည် တစ်ရွာသားအချင်းချင်းစုဖက်အိမ်ထောင်ပြုခြင်းကို အစဉ်အလာတစ်ခုအဖြစ် ရှောင်ကြဉ်ကြပါသည်။

မိမိခေတ်တွင် ဤခေတ်မမှီသော ရှေးအစဉ်အလာကို အစိုးရနှင့်လက်တွဲ၍ ပြောင်းလဲချေဖျက်နိုင်ခဲ့ပါသည်။

2 (a) *Sen a pupa sang le lal taw Zaangsi thimkhua zing sak ze,*

(b) Khan a maa bang ka pat cıang a, khua van nuai a taang nam maw

အနက်ကား-

စီးယင်းဘိုးဘေးများသည် စစ်တိုက်၊ အမဲလိုက်ပြီး ရန်အောင်ပွဲ၊ သားမင်းအောင်ပွဲများ၌သာနစ်မွန်း၍ အမှောင်ထုတွင်ကျင်လည်ခဲ့ပါသည်။

မိမိခရစ်ယာန်ဘာသာကို အစပြု ယုံကြည်လာသောအခါ စီးယင်းဒေသ၌ လင်းရောင်ခြည်သန်းလာပြီး အမြင်ပွင့်လာခဲ့ပါသည်။

3. *(a) Kıl bang khan a len ngual laı pan Vaı tong cıantel masa nge*

(b) Pupa thei lo Zanglun Thianmang kiak maw tuanglam sial ıng nge.

အနက်ကား-

ဒေသဆွေမျိုးများအကြားမှ မိမိသည် မှန်ကန်သောတရားကို ပထမဆုံးသိမြင်ခဲ့ပါသည်။

ဘိုးဘေးတို့မသိသေးသော ဘုရားကို သိမြင်လက်ခံ၍ ထာဝရအသက်လမ်းကို လျှောက်လှမ်းနိုင်ခဲ့ပါသည်။

4 *(a) Thianmang tongdam za ii lai pan a sang masa kei hi nge*

(b) Lei bang hong leal hau ka ngual te'n sai bang hong sawm thiam sa'ng nge.

အနက်ကား-

မိမိသည် ချင်းတောင်ဒေသအများသူငှာ ထဲမှ ထာဝရဘုရား၏တရားကို ကနဦးလက်ခံယုံကြည်သူဖြစ်ပါသည်။

ဤသည်တို့ကြောင့် ဆွေမျိုးများ၊ တစ်ပါးသူများ၏ရန်လိုမုန်းတီးခြင်းကို ထင်ရသည်ထက်ပို၍ ခံခဲ့ရပါသည်။

5. *(a) Pupa puak lel zinleang zatam khan a sum bang nial ing nge.*

(b) Hong leal lo aw hau ka ngual awng thang vuisi bang theau sak nge.[11]

အနက်ကား-

ဘိုးဘေးတို့၏အရှုံးပေးခဲ့သော နတ်မျိုးပေါင်းအလုံးစုံကို မိမိခေတ်တွင် စွန့်ပစ်နိုင်ခဲ့ပါသည်။

ဤသည်တို့သည် မှားယွင်းသော အတွေးအခေါ်များစွန့်ပစ်ခြင်းသာဖြစ်၍ မိမိအား ရန်လိုမုန်းတီးစရာမဟုတ်ပါ။

---

[11] *K T Ngo Za Lıan, Khusak khua Tangthu, (Unpubılısh)*

ခရစ်ယာန်တို့အတွက် ကျင့်ထုံးရေးဆွဲ

ဦးပေါင်စွမ်းမိသားစု၊ ဦးထွမ်းဟန်မိသားစုနှင့် ခေါ်ဆရွာမှ ယုံကြည်သူများသည် အသင်းတော်တစ်ခုအဖြစ် ရပ်တည်လာသောအခါ အသင်းဝင်သူများ၏လိုက်နာရမည့်ကျင့်ထုံးကို အောက်ပါအတိုင်းရေးဆွဲခဲ့သည်။

(၁) ခရစ်ယာန်အသင်းတော်၌ အသင်းဝင်သူတိုင်း အရက်သေစာမသောက်ရ၊ အသုဘရှိသောအခါ ရိုးရာဘာသာဝင်များ၏ အစဉ်အလာကဲ့သို့ Lamtak ခေါ် သားကောင်သတ်ခြင်းများမပြုရ။ သားကောင်များသတ်ပါကလည်း ရိုးရာထုံးတမ်းစဉ်လာအတိုင်း ဆွေမျိုးများအတွင်း အမဲတုံး၊ အသားတုံးဝေခြမ်းခြင်းမပြုဘဲ ရုပ်ဝေးမှ အသုဘရှုလာ ဧည့်သည်များအား ဧည့်ခံရန် အတွက်သာ ပြုလုပ်ရမည်။

(၂) အသုဘရှိသောအခါ ရက်လကြာရှည်စွာ မထားဘဲ သင်္ဂြိုလ်ရမည်။ ခရစ်ယာန်လမ်းစဉ်ဖြင့် ပြုလုပ်ရမည်ဖြစ်၍ သုဿန်တဲတွင် မထားဘဲ မြေမြှုပ်သင်္ဂြိုလ်ရမည်။

(၃) ထိမ်းမြားမင်္ဂလာပွဲများတွင် ခရစ်ယာန်ကျင့်ထုံးနှင့်အညီလုပ်ဆောင်ရမည်။

ဤသို့ဖြင့် ရိုးရာဘာသာအစဉ်အလာနှင့် ထူးခြားသွားအောင် အသင်းတော်၏လိုက်နာရမည့်ကျင့်ထုံးဥပဒေများထားရှိကြသော်လည်း တစ်ယောက်သောပုဂ္ဂိုလ်တစ်ဦး၏အသုဘအတွက် ခရစ်ယာန်သာသနာပြုဆရာ Revd.J.H. Cope ၏လိုက်လျောမှုကြောင့် တားရှိသောအသုဘဆိုင်ရာကျင့်ထုံးဥပဒေများ ပျက်ပြားသွားခဲ့ရသည်။ သို့သော်လည်း ဦးပေါင်စွမ်းသည် သူ၏ဦးဆောင်မှုဖြင့်ရေးဆွဲသော အသင်းတော်၏ကျင့်ထုံးဥပဒေဖြစ်သည့်အလျောက် သူ၏မိသားစုအတွင်း သေသည့်တိုင်အောင် လိုက်နာကျင့်သုံးခဲ့သည်။ ထို့ကြောင့် ဦးပေါင်စွမ်းခေါ်တော်မူခြင်းခံရသောအခါ သူ၏သချိုင်းကပွဲည်းတိုင်တွင် အောက်ပါအတိုင်း ရေးထားသည်။

"Saya Pau Suan, 73 years, Founder of P hungkhawm, First Christian Convert in Chin Hills and who strictly prohibited Sangaw Lamtaak rest in Jesus on 3rd March 1951." [12]

မည်သို့ပင်ဖြစ်စေ ဆရာပေါင်စွမ်း၏အမျှော်အမြင်ကြီးမားမှုနှင့် ခရစ်ယာန်ကျင့်ထုံးဆိုင်ရာဆောင်ရွက်မှုများသည် ခေတ်နှင့်မဆီလျော်သော ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများ ပြုပြင်ပြောင်းလဲလာစေပြီး နောင်လာနောက်သားများ လိုက်နာကျင့်သုံးခြင်းဖြင့် ယနေ့အခြေအနေသို့ ရောက်လာနိုင်ခြင်းဖြစ်သည်။

အမှုတော်ဆောင်ခြင်း

ဆရာပေါင်စွမ်းသည် ၁၉၀၇ခုနှစ် အောက်တိုဘာလ (၁) ရက်မှစ၍ ဇဝံဂေလိသတင်းကောင်းဝေငှရန် တာဝန်ပေး ခြင်းခံခဲ့ရာ အခကြေးငွေမယူဘဲ စေတနာဝန်ထမ်းအဖြစ် လုပ်ဆောင်ခဲ့သည်။ ၁၉၁၁ ခုနှစ် တွင် ဇဝံဂေလိတရားဟောပြောရန် ထန်နွေးရွာသို့ စေလွှတ်ခြင်းခံရပြီး အချိန်ပြည့်အမှုတော်ဆောင် အဖြစ် အမှုတော် ထမ်းဆောင်ခဲ့သည်။ ထန်နွေးရွာ၌ အမှုတော်ထမ်းဆောင်နေစဉ် မျက်စိအားနည်းခြင်းကြောင့် တစ်ကြောင်း၊ ခရစ်ယာန်သာသနာလုပ်ငန်းအတွက် ဘဏ္ဍာငွေအခက်အခဲရှိသော

[12] *K T Ngo Za Lian, Khuasak khua Tangthu, (Unpubilish)*

ကြောင့် တစ်ကြောင်း အခြိန်ပြည့်ဓမ္မအမှု တော်ဆောင် အဖြစ်မှ အနားယူခဲ့သည်။ သို့သော် မိမိ တတ်နိုင်သည့်ဘက်မှ အမှုတော်ကို အင်တိုက် အားတိုက် ထမ်းဆောင်မြဲထမ်းဆောင်ခဲ့သည်။ ဆရာ ပေါင်စွမ်း အခြိန်ပြည့်အမှုတော်ဆောင် ခြင်းမှ အနားယူ သောအခါ Revd. Dr.J. Herbert Cope ၏ အောက်ဖော်ပြပါအမိန့်စာအတိုင်း သူ၏သား ဆရာလျန်ဇမ်းအား အခြိန်ပြည့်ဓမ္မ အမှုတော် ဆောင်အဖြစ် ဝင်ရောက်စေခဲ့သည်။

Revd. J. Herbert Cope
Haka Chin State,
Myanmar

This is to certify that Lian Zam of Koset village, Tiddim Sub-division is a regularily appointed evangelist of the American Baptist Mission. He has served in that capacity since 1922 during which time he has worked steadly and given no trouble.

He was appointed to succeed his father Pau S uan, who w orked a s a n evangelist from 1906 untill 1928 when on account of the bad condition of his eyes and the lack of funds he was laid aside and his son took his place.

Sd. xxxxxxxxx
J. Herbert Cope
American Baptist Mission

Fort White - July 24, 1924

(Copy Right)

မိသားစုအခြေအနေ

ဆရာပေါင်စွမ်းနှင့် ဆရာကတော်ခမ်ကျန် တို့၏ သားသမီး (၅)ဦးမှာ1. Lian Zam (1900), 2 . Thang Ko Kam (1902), 3.Vung Ko Cing (1904) 4. Tuang Ko Hau (1906) 5.Vai Ko Thang (1908) တို့ဖြစ်သည်။ လူလားမြောက်လာသော သားနှစ်ဦးဖြစ်သည့် လျန်းဇမ်းနှင့်ဝိုင်ခေါ်ထန်တို့အား ၂၃. ၁၁. ၁၉၂၆ ရက်နေ့၌ တပြိုင်တည်း ထိမ်းမြားမင်္ဂလာ ဆောင်နှင်းပေးခဲ့သည်။ ဆရာကတော်ခမ်ကျန် သည် ၁၀. ၆. ၁၉၃၉ နေ့တွင် ဆရာကြီးထက် စောလျှင် ခရစ်တော်၌အိပ်ပျော်သွားရာ အောက်ပါ ချင်းရိုးရာကဗျာဖြင့် ဝမ်းနည်းခြင်းမှတ်တမ်း ရေးခဲ့သည်။

Maa bang patpui sen ka ngualkoai thal bang khom la thong ing nge.

Von min lawpui koaimang awng nge, tuum bang huaipui nuam ing nge


ဇနီးသည် ခေါ်တော်မူခြင်းခံရပြီးနောက် ဆရာပေါင်စွမ်းသည် ဒေါ်စွမ်ခေါ်ဒိမ့်နှင့် အိမ်ထောင်ပြုကာ သား Vum Za Lian ကို ဖွားမြင်ခဲ့သည်။ ဆရာပေါင်စွမ်းသည် သားထွေး ဖြစ်သူ Vum Za Lian အိမ်ထောင်မပြုမီ ၃. ၃. ၁၉၅၁ ရက်နေ့တွင် ခရစ်တော်၌အိပ်ပျော် သွားခဲ့ပါသည်။

ဘိုးဘေးတို့၏ဂူဖိမာန်


ချင်းတောင်၏ပထမဦးဆုံးခရစ်ယာန် ယုံကြည်သူဆရာပေါင်စွမ်းနှင့်ဆရာတော်ထွမ်ဟန် တို့၏ဂူဖိမာန်ကို ကြည့်ရှုအောက်မေ့နိုင်ရန် ခေါ်ဆရွာသုဿန်မြေ၌ ပြုလုပ်ပြီး တစ်ဖက်ပါ အတိုင်း ကပွဲည်းထိုးထားသည်။

ဓမ္မသဘင်ပွဲများ

ဆရာပေါင်စွမ်း ဇနီးမောင်နှံနှင့် ဆရာတော် ထွမ်းဟန်ဇနီးမောင်နှံတို့၏ ခန္ဓာကိုယ်မှာ သေဆုံး ပြီဖြစ်သော်လည်းဂင်းတို့၏အမည်နှင့်ချင်းတောင်



ဆရာ Pau Suan ဇနီးမောင်နှံ၏ဂူဗိမာန်



ဆရာဒေဘ် Thuam Hang ဇနီးမောင်နှံ၏ဂူဗိမာန်

SACRED TO THE MEMORY OF SYA PAU SUAN, PI KHAM CIANG		
Born in	1875	
Born in	1879	(wife)
Converted	10.7.1904	
Baptized	11.5.1905	
Died on	3.3.1951	
---- do ----	20.6.1939	(wife)

SACRED TO THE MEMORY OF REVD.THUAM HANG, PI DIM KHAW CING		
Born on	1.7.1870	
Born in	1876	(wife)
Converted	25.7.1904	
Baptized	11.5.1905	
Ordained	25.11.1925	
Died on	7.7.1950	
---- do ----	31.5.1945	(wife)

ရောက်နှစ်ခြင်းခရစ်ယာန်သာသနာမှာ ဆက်လက်ရှင်သန်လျက် ခေါ်ဆမြေပေါ်၌ ချင်းခရစ်ယာန်ရွေရတုဓမ္မသဘင်ကို ၁၉၅၄ ခုနှစ် ဧပြီလ (၁၆-၁၈) ရက်များတွင် လည်းကောင်း၊ စိန်ရတုဓမ္မသဘင်ကို ၁၉၇၉ ခုနှစ် ဧပြီလ (၁၃-၁၅) ရက်များတွင်လည်းကောင်း ကျင်းပနိုင်ခဲ့ပြီး ယခု ရာပြည့်ဓမ္မသဘင်ကို ၂၀၀၄ခုနှစ် မတ်လ (၁၉-၂၂) ရက်များတွင် ကျင်းပရခြင်း ဖြစ်လေသည်။

ဆရာပေါင်စွမ်း၏နောက်တွင် သူ၏ခရစ်ယာန်သာသနာ့အမွေကို ဆက်ခံ၍ တီးတိန်နယ် ခရစ်ယာန်သာသနာပြုလုပ်ငန်းတွင် ပါဝင်ခဲ့သောသူမှာ Revd. Lian Zam ဖြစ်ပါသည်။

Revd. Lian Zam (1900-1940)

Revd. Lian Zam သည် ချင်းတောင်တွင် ပထမဆုံးခရစ်ယာန်ယုံကြည်သူ Pu Pau Suan နှင့် Pi Kham Ciang တို့၏သားဦးဖြစ်ပြီး ၁၉၀၀ ပြည့်နှစ် ဇူလိုင်လ (၁၅)ရက်နေ့တွင် ခေါ်ဆရွာ၌ ဖွားမြင်သည်။ ခေါ်ဆရွာ၌ ABM ခရစ်ယာန်သာသနာကျောင်းဖွင့်လှစ်သောအခါ ကျောင်းဝင်နံပါတ် (၁) ဖြင့် ကျောင်းအပ်နှံခြင်းခံရပြီး ဆရာရွှေဇံတပည့်အဖြစ် ပညာဆည်းပူးခဲ့သည်။ ၁၉၁၄ ခုနှစ် မတ်လ (၂၉) တွင် ခေါ်ဆရွာ "Aak awm" ချောင်း၌ ဆရာရွှေဇံ၏ နှစ်ခြင်းမင်္ဂလာပေးခြင်းခံယူခဲ့သည်။

၁၉၁၈ ခုနှစ်တွင် ခုနှစ်တန်းအောင်မြင်သောအခါ ဘုရားသခင်၏အမှုတော်ဆောင်ရန် ဆန္ဒရှိ



Revd. Lian Zam & Pi Thang Ko Cing

သဖြင့် ၁၉၁၉ ခုနှစ်မှစ၍ ရန်ကုန်မြို့အင်းစိန် Burman Theology Seminary ၌ ဓမ္မပညာဆည်းပူးခဲ့ရာ ၁၉၂၃ ခုနှစ်တွင် အောင်မြင်ပြီးစီးခဲ့သည်။

ကျမ်းစာကျောင်းအောင်မြင်ပြီး ၁၉၂၃ ခုနှစ်မှာပင် သာသနာအမှုတော်ဆောင်အဖြစ် စတင်ဝင်ရောက်ခဲ့သည်။ ခေါ်ဆနှစ်ခြင်းအသင်းတော်၏သင်းအုပ်ဆရာအဖြစ် တာဝန်ယူနေစဉ် ၁၉၂၅ ခုနှစ်တွင် "Sukte Ngunngal" နယ်၌ ခရစ်ယာန်သာသနာပြုရန်စေခိုင်းခြင်းခံရသဖြင့် တီးတိန်မြို့ "Mission Quarters" သို့ပြောင်းရွှေ့ပြီး Revd. Dr. J.H Cope နှင့်တွဲကာ ခရစ်ယာန်သာသနာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ "Sukte Ngunngal" နယ်တွင် ခရစ်ယာန်ယုံကြည်သူများလာသောအခါ Saya. Thang Ngin (Dolluang) အားခေါ်ယူ၍ ၁၉၂၈ ခုနှစ်မှစ၍ သူနှင့်တွဲကာ ခရစ်ယာန်သာသနာလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၂၉ ခုနှစ် Phungmual အစည်းအဝေးမှ Saya. Lian Zam အားလက်တင်ဆရာအဖြစ် ချီးမြှင့်ခြင်းခံရသည်။

Revd. Lian Zam သည် Revd. J.H. Cope ၏သမ္မာကျမ်းစာ တီးတိန်ဘာသာသို့ဘာသာပြန်ဆိုရာ၌ တတ်အားသရွေ့ ပါဝင်ကူညီခဲ့သူဖြစ်သည်။

၁၉၂၆ ခုနှစ် နိုဝင်ဘာလ (၂၃) ရက်နေ့တွင် ထုတ်လိုင်ရွာ Suum Niang အနွယ်၊ Len Teng ဆွေမျိုးစုမှ Pa Thuam Ngin & Nu Cing Zam တို့၏သမီးကြီး Thang Ko Cing နှင့် အိမ်ထောင်ပြုခဲ့သည်။ ထွန်းကားသောသားသမီးငါးယောက်တို့မှာ/-1. Suan Ko Dim (1927), 2. Suan Ko Pau (11.10.1929), 3. Vai Cin Thang (29. 9.1931), 4. Zam Cingh (19.10.1933), 5. Ciang Za Lian (29. 1.1936), 6. Mang Za Cingh (3. 3.1940) တို့ဖြစ်သည်။

Revd. Lian Zam သည် သူ၏ကျန်းမာရေးအခြေအနေကြောင့် ၁၉၃၆ခုနှစ်မှစ၍ သာသနာအမှုတော်ဆောင်ခြင်းမှ အနားယူခဲ့ရာ ၁၉၄၀ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်ခဲ့ပါသည်။

Revd.Lian Zam နှင့် ပတ်သက်၍ ထူးခြားသောအဖြစ်အပျက်လေးတစ်ခုကို သူ၏မှတ်တမ်းစာအုပ်တွင် အောက်ပါအတိုင်းရေးသားထားသည်။

(("Ngunngal" နယ်ဘက်တွင် သာသနာပြုအဖြစ် တာဝန်ကျသောအခါ နှင့် ဖြစ်သည်။ ဇဝံဂေလိတရားဟောရန် သွားသောနေ့တစ်နေ့၌ နေအရမ်းပူသဖြင့် ရေလည်းဆာ၊ ဝိုက်လည်းဆာ၍ အလွန်ပင်ပန်းနွမ်းနယ်နေပါသည်။ ထိုစဉ် ချောင်းတစ်ခုနားသို့ရောက်သောအခါ သောက်စရာရေရှိလိုရှိငြား ချောင်းထဲသို့ဆင်း၍ သွားကြည့်ပါသည်။ နွေရာသီဖြစ်၍ ချောင်းရေခမ်းခြောက်သဖြင့် သောက်စရာရေတစ်စက်မျှ မရှိပါ။ စိတ်ပျက်စွာနှင့် ခမ်းခြောက်နေသော ချောင်းဘေးတွင် ရပ်နားနေစဉ် ဝတ်ရုံဖြူဝတ်ထားသော အဖိုးအိုတစ်ယောက်ပေါ်လာသည်။ အဖိုးအိုသည် သူ၏လက်တွင်ကိုင်ထားသော သခွားစေ့အနည်းငယ်ကို ကျွန်တော့်အား ကမ်းပေးခဲ့သည်။ ထိုအခါ ကျွန်တော်က လက်မခံချင်ဘဲ " အခု. . ကျွန်တော်ရေဆာတယ်. . ဝိုက်လဲဆာတယ်. . အဲဒီသခွားစေ့နဲ့ ဘာလုပ်ရမလဲ. . သခွားသီးဆိုရင် ချက်ချင်းစားလို့ရသေးတယ်. . " ဟု ပြောလိုက်ပါသည်။ ထိုအခါ အဖိုးအိုသည် ဘာမှပြန်ပြောခြင်းမရှိဘဲ သူ၏တောင်ဝှေးနှင့် ချောင်းနဘေးသဲမြေကို အနည်းငယ်တူးဆွပြီး သခွားစေ့များကိုချကာ မြေအနည်းငယ်မြှုပ်ဖို့၍ ထားခဲ့ပါသည်။ နှစ်ယောက်သားယှဉ်လျက် မျိုးစေ့ချသောနေရာကို စိုက်ကြည့်နေစဉ် နေကျဲကျဲပူနေသည် အချိန်ဖြစ်လင့်ကစား ၄၄်းနေရာတစ်ဝိုက်တွင် မိုးတိမ်များအုံ့လာပါသည်။ ထို့နောက် ၄၄်းနေရာ၌ မိုးရေများကျလာပြီး မကြာခင်မှာ သခွားစေ့မှအပင်ပေါက်လာ၍ တဖြည်းဖြည်းကြီးထွားလာပါသည်။ မျက်စိအောက်မှာပင် အရွက်များအန္တယ်များထွက်လာပြီး အပွင့်ပါပွင့်လာခဲ့သည်။ အပွင့်မှအသီးငယ်ငယ်လေးများ ထွက်လာပြီး တဖြည်းဖြည်းကြီးထွားလာသည်။ သခွားသီးများ စားရန်အနေတော်သောအရွယ်သို့ ရောက်သောအခါ အဖိုးအိုက "ခူးယူ၍ စားလေ" ဟုပြောလိုက်ချိန်တွင် ကျွန်တော်သည် အံ့သြငေးမောမင်သက်မိပါသည်။ ထိုစဉ်မှာပင် အဖိုးအိုက အကြီးဆုံးသော သခွားသီးကို ခူးယူ၍ ကျွန်တော့်အားကမ်းပေးပြန်ရာ သခွားစေ့ကမ်းပေးစဉ်က ကဲ့သို့မဟုတ်ဘဲ ချက်ချင်းစား၍ရသောအသီးဖြစ်သောကြောင့် ကျွန်တော်လက်ခံယူမိပါသည်။ သခွားသီးကို ကျွန်မြွေမဆည်နိုင်တော့ဘဲ အားရပါးရကိုက်စားပြီး ကုန်သွားသောအခါ မေ့ကြည့်လိုက်ရာ အဖိုးအိုရော သခွားပင်ပါမရှိတော့ချေ။ ထိုအခါကျမှ အိပ်မက်လေမျှားလား? တကယ်မှဟုတ်ရဲ့လား? ဝေခွဲမရဖြစ်ခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ သခွားသီးစားရသောကြောင့် ရေငတ်လည်းပြေ၊ ဝိုက်ဆာလည်းပြေသွားပြီး ပင်ပန်းနွမ်းနယ်ခဲ့သမျှ လန်းဆန်းတက်ကြွလာကာ လိုရာခရီးသို့ဆက်နိုင်ခဲ့ပါသည်။))

ဘုရားသခင်သည် သူ၏လူများအပေါ်၌ လိုအပ်ခဲ့ရင် သူ့အချိန်နှင့်သူ အချိန်မှီဖြည့်ဆည်းပေးလျက်ရှိရာ Revd. Lian Zam သည် ဤကဲ့သို့သော အဖြစ်မျိုးတစ်ခါမက ကြုံခဲ့ဘူးသည်။ ယခုနှင့်နောင်ကာလများ၌လည်း သူ၏လူများအပေါ်၌ လိုအပ်လျှင် လိုအပ်သလို ဘုရားသခင်က အံ့ဘွယ်အရာများ လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

ခရစ်ယာန်ဘာသာနှင့်ချင်းတိုင်းရင်းဘိုးဘေးဓလေ့ ထုံးတမ်း
(Gospel and Culture)

Revd. Dr. S. Pau Khan En

ရှေးလမ်းဟောင်းတို့.ကိုရှာဖွေလျက်. . .
ထိုလမ်းသို့.လိုက်ကြလော့။ ယေရမိ ၆း၁၆

စကားဦး (Preamble)

ချင်းတိုင်းရင်းသားတို့.အတွက်ကြုံတောင့်ကြုံခဲ့ ဓမ္မရာပြည့်သဘင်ကြီးကို ဆင်နွှဲကြရပေတော့မည်။ တို့.အတူ ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်းသည်လည်း ဖြစ်တည်ခဲ့ရပြီ။ ဤတွင် ခရစ်ယာန်ဘာသာနှင့် ချင်းတိုင်းရင်းဘိုးဘေးဓလေ့ထုံးတမ်းအကြောင်း. ရေးသားပါဝင်ခွင့်ရခြင်းသည်လည်း ကျေးဇူးတော်သက်သက်သာဖြစ်သောကြောင့် ဘုရားသခင်၏နာမတော်ကို ဦးစွာ ချီးမွမ်းပါသည်။ လွန်လေပြီးသောနှစ်ပေါင်းတစ်ရာကာလက ချင်းလူမျိုးတို့.ကို အောက်မေ့ကာ Pu Thuam Hang, Pu Pau Suan, Pu Vial Nang, Pu Mang Kam, Pu Dam Khup တို့.နှင့်သူတို့.၏ မိသားစုယုံကြည်သူများမှတဆင့်ထင်ရှားတော်မူသောဘုန်းတော်ရှိသောဘုရားသခင်၏ကြွယ်ဝသောကောင်းကြီးမင်္ဂလာအလုံးစုံသည် ဤရာပြည့်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် ယုံကြည်သူအယောက်တိုင်း၏အပေါ်သို့. သက်ရောက်ပါစေသောဝ်။

၁။ ဝမ်းမြောက်ဖွယ်သတင်းနှင့်ဘိုးဘေးဓလေ့ထုံးတမ်းကို အနက်ဖွင့်ခြင်း။ (Definition)

က။ ဝမ်းမြောက်ဖွယ်သတင်း (Gospel)

ယခုပြောရမည့်အကြောင်းအရာကို သဘောပေါက်နိုင်ရန် ဝမ်းမြောက်ဖွယ်သတင်းနှင့် ဘိုးဘေးတို့.၏ဓလေ့ထုံးတမ်းဆိုသည်မှာ အဘယ်သို့.နည်းဟူဦးစွာလေ့လာရန်လို.ပါသည်။ ဝမ်းမြောက်ဖွယ်သတင်း Gospel ဆိုသည်မှာ "အမြင်အာရုံ၊အထိအတွေ့. အာရုံတို့.ဖြင့် ခံစားထိတွေ့.၍ မရသည့် ဘုရားရှင်၏ဘုန်းတော်၊ တစ်နည်းအား ဖြင့် ဘုရားသခင်နှုတ်ထွက်စကားတော် (The word-logos ယော ၁း၁)" ဖြစ်ပါသည်။ ဓမ္မဟောင်းခေတ်တွင် ဤဝမ်းမြောက်ဖွယ်သတင်းသည် မမြင်တွေ့.နိုင်သော ဘုရားရှင်အဖြစ် တည်ရှိနေသည့်အတွက် ဣသရေလလူမျိုးများအနေဖြင့် လုံးဝသဘောပေါက်လက်ခံနိုင်ခြင်းမရှိခဲ့ပါ။ ထို့.ကြောင့်ပင် ဘုရားရှင်၏ နှုတ်ကပတ်တော်သည် နှုတ်ကပတ်တော်အဖြစ်၌သာ မတည်ဘဲ လူသားတို့. သဘောပေါက်နားလည်နိုင်ရန် လူ.ဇာတိကိုခံယူပြီးသကာလ ယုဒဘိုးဘေးတို့.၏ဓလေ့ထုံးတမ်းထဲတွင် "ယေရှု"အမည်ဖြင့် မွေးဖွားလာပါသည်။ (ယော

၁း၁၄)။ သို့ဖြစ်၍ ဝမ်းမြောက်ဖွယ်သတင်းဆိုသည်မှာ သူ့ချည်းထီးထီး (naked gospel) မနေဘဲ လူသားတို့၏ဘိုးဘေးမလေထုံးတမ်းတစ်ခုခုတွင် ကိန်းဝပ်လာ သည့်အခါမှသာလျှင် လူသားတို့ သဘောပေါက်နိုင်၊ ကောင်းကျိုးဖြစ်နိုင်လာတော့သည်။ လူသားတို့ကို ကယ်တင်နိုင်သည့်အကြောင်းအရာ ဖြစ်သောကြောင့် ရှေးအင်္ဂလိုဆက်ဆွန်လူမျိုးများက ဝမ်းမြောက်ဖွယ်သတင်း Godspell ဟုခေါ်ဆိုခဲ့ပြီး ယခုခေတ်တွင် Gospel ဂရိဘာသာဖြင့် evangelism ဟူ၍ ဖြစ်လာသည်။ ဘုရားရှင်၏ကယ်တင်ခြင်းသတင်းကောင်းကို ဆိုလိုပြီး ဤသတင်းကောင်း၏အနှစ်ချုပ်မှာ ယော ၃း၁၆ ဖြစ်ပါသည်။

(ခ) ဘိုးဘေးတို့၏ဓလေ့ထုံးတမ်း **(Culture)**

မနုဿဗေဒပညာရှင်အီးဘီတေလာ (၁၈၇၁ ခန့်) က ဘိုးဘေးမလေထုံးတမ်းဆိုသည်မှာ "လူမျိုးတစ်မျိုး၏ဘာသာစကား၊ အတွေးအခေါ် နေထိုင်စားသောက်ပုံ၊ လူမှုရေး၊ ဝတ်စားဆင်ယင်ပုံ၊ ပွဲလမ်းသဘင်များ၊ သာရေးနာရေးကျင်းပပုံမှအစ နေထိုင်အသက်ရှင်ပုံ အဝဝတို့ဖြစ်သည်" ဟုဆိုသည်။ လက်တင်ဘာသာဖြင့် colere သို့မဟုတ် culture ဟုခေါ်ပြီး အဓိပ္ပါယ်မှာ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းမွမ်းမံခြင်းဖြစ်သည်။ ဆိုလိုသည်မှာ လူသားများအသက်တာကို ပဲ့ပြင်သွန်သင်စောင့်ထိန်းပေးသောအကြောင်းတရားများပင်ဖြစ်သည်။ ဂျာမန်ဘာသာအားဖြင့် kultur ဟုခေါ်ပြီး ပြည့်စုံကြွယ်ဝ၍နှစ်သက်ဖွယ်သောအမူအကျင့် (proper refined way of acting) ဟုအနက်ရသဖြင့် ယနေ့ခေတ်အင်္ဂလိပ်ဘာသာစကား civilization (ယဉ်ကျေးမှု) နှင့်ပို၍နီးစပ်သည်ကို တွေ့ရသည်။ တကယ်တမ်းတွင် ယဉ်ကျေးမှုဆိုသည်မှာ ဘိုးဘေးတို့၏ဓလေ့ထုံးတမ်း၏တစ်စိပ်တစ်ဒေသသာဖြစ်သည်။ ဘိုးဘေးတို့၏ဓလေ့ထုံးတမ်းသည် အစဉ်အမြဲတစ်ပုံစံတည်း (static) မဟုတ်မူဘဲ၊ ပတ်ဝန်းကျင်အနေအထားနှင့် အပြောင်းအလဲအလျောက် ဖြောင်းလဲခြင်း (dynamic) ဖြစ်သည်။ ယခုကျင့်သုံးနေသော ဘိုးဘေးတို့၏ ဓလေ့ထုံးတမ်းသည်လည်း နေရာဒေသနှင့် အချိန်ကာလအလိုက်ပြောင်းလဲ မှုရှိသွားမည်ဖြစ်သည်။

၂။ ခရစ်ယာန်ကိုးကွယ်မှုနှင့် ဘိုးဘေးဓလေထုံးတမ်းတို့အကြားပဋိပက္ခ။ **(Tension between gospel and culture)**

(က) ရှေးယုဒလူမျိုးများ (ဓမ္မဟောင်းကာလ)

ဓမ္မဟောင်းကာလတွင် ဝမ်းမြောက်ဖွယ်သတင်းသည် အကောင်အထည်မပေါ်သေးသည့်အတွက် ယုဒလူမျိုး၊ ဂ္ဂသရေလလူမျိုးတို့ကို ပရောဟိတ်၊ ပရောဖက်များမှတဆင့်ဖော်ပြခဲ့ရာ ဤသည်ကို သူတို့၏ကောင်းမှု၊ ကျွမ်းကျင်မှုအဖြစ်ကြွားဝါမှာန်တက်ခဲ့ကြသဖြင့် သာသနာပြု (missionary) ရန် ရွေးခန့်ထားပြီးမှ အသုံးတော်မခံရသည့်အခြေသို့ရောက်ရပါသည်။ ရွေးခန့်ခြင်း (the meaning of election)၊ ဝမ်းမြောက်ဖွယ်သတင်းနှင့်ဘိုးဘေးဓလေ့၊ ရိုးရာထုံးစံများကို ခွဲခြားသတ်မှတ်ခြင်းမရှိသောကြောင့် ဖြစ်တော့သည်။

(ခ)ဓမ္မသစ်ကာလယုဒထုံးတမ်းနှင့် ဝမ်းမြောက်ဖွယ်သတင်း

ဓမ္မသစ်ကာလရောက်သည့်အခါ ဝမ်းမြောက်ဖွယ်သတင်းကောင်းသည် ယုဒထုံးတမ်းဓလေ့တွင် အကောင်အထည်ပေါ်လာခဲ့သည်။ ထို့ကြောင့် ခရစ်တော်ကိုယ်တိုင်ယုဒထုံးတမ်းဓလေ့ကိုမပယ်၊ လိုက်နာခဲ့သည်။ ဝမ်းမြောက်ဖွယ်သတင်းကောင်းသည် ယုဒထုံးတမ်းဓလေ့ပုခက်

အတွင်းမှပေါက်ဖွားလာပြီး (The gospel was cradled in Jewish culture) ယုဒထုံးတမ်းများဖြင့် ပတ်ရစ်ထားပါသည်။ ခမ္မဟောင်းကာလလူများကဲ့သို့ပင် ဓလေ့ထုံးတမ်းနှင့် ဝမ်းမြောက်ဖွယ်သတင်းကောင်း၏ဆက်နွယ်မှုကို ဆက်စပ်ကျွမ်းကျင်မှုမရှိကြသေးပါ။ ယုဒထုံးတမ်းအတွင်းမှ ပေါ်ထွက်လာသည့် သတင်းကောင်းဖြစ်သည့် အားလျော်စွာ ယုဒလူမဟုတ်သည့် အခြားယုံကြည်လက်ခံသူများကိုလည်း ယုဒဘိုးဘေးဓလေ့ထုံးတမ်းကို လိုက်နာစေတော့သည်။ ဤကာလကို ယုဒခရစ်ယာန်ကာလ (Jewish Christianity) ဟုခေါ်သည်။

ဝမ်းမြောက်ဖွယ်သတင်းပေါ်ထွန်းရာ အချက်အချာဖြစ်သော ယေရှုရှလင်မြို့လမ်းခရီးသွားခရစ်ယာန်များ (တမန် ၉း၂) ကို ညှဉ်းပန်းခြင်းကြောင့် ဆီးရီးယားနိုင်ငံ အန္တိအုတ်မြို့၌ခိုလှုံကြရာမှ ပထမဆုံးခရစ်ယာန်အမည်ကို ရရှိကြခြင်းဖြစ်သည်။ (တ ၁၁း၂၆)။ ထိုအန္တိအုတ်အသင်းတော်မှ ယုဒလူမဟုတ်သော တစ်ပါးအမျိုးသားများသို့ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ဝေငှရန် တမန်တော်ကြီးရှင်ပေါလုနှင့်ဗာနဗကို စေလွှတ်သဖြင့် ရောမတစ်နိုင်ငံလုံး ဝမ်းမြောက်ဖွယ်သတင်းကောင်း ပြန့်နှံ့သွားပြီး တစ်ပါးအမျိုးသားများစွာ ခရစ်ယာန်သင်းဝင်များဖြစ်လာကြသည်။ ထိုအခါ ယုဒခရစ်ယာန်များသည် တစ်ပါးအမျိုးသားခရစ်ယာန်များကို ယုဒဘိုးဘေးဓလေ့ထုံးတမ်းအတိုင်း လိုက်နာကျင့်သုံးရန် တိုက်တွန်းသွေးဆောင်မှုများ ရှိလာသဖြင့် ခရစ်ယာန်အသင်းတော်အတွင်း ရှုပ်ထွေးကွဲပြားမှုကို ဖြစ်ပေါ်စေပါသည်။ ထိုရှုပ်ထွေးကွဲပြားမှုကို ဖြေရှင်းရန် အတွက် ဦးဆောင်သူများမှ ယေရှုရှလင်ကောင်စီခေါ်ယူစေ့စပ်ခဲ့ရပါသည်။ ခရစ်ယာန်များ၏ပထမဆုံးစေ့စပ်ရေးကောင်စီဖြစ်ပါသည်။ (တ-၁၅)။ ထိုသို့ဝမ်းမြောက်ဖွယ်သတင်းပေါက်ဖွားရာသည် ယုဒထုံးတမ်းမလေ့အတွင်းမှဖြစ်သော်လည်း၊ ဘုရားရှင်၏အလိုတော်မှာ လူသားအားလုံးအတွက်ဖြစ်သောကြောင့်၊ တစ်ပါးအမျိုးသားများအတွင်းသို့ ပြန့်နှံ့လာကာ ထိုစဉ်က ဒဿနိကပညာ၊ ဘာသာစကားပညာ၊ စာပေပညာနှင့် ဘိုးဘေးဓလေ့ထုံးတမ်းများ၌ကမ္ဘာတွင် ပြိုင်စံရှားခဲ့သောဂရိလူမျိုးများထံသို့ ဝင်ရောက်လာသည့်အခါ ဘိုးဘေးဓလေ့ထုံးတမ်းများ၏လွှမ်းမိုးမှုရှိလာပြန်ပါသည်။ ထိုမျှမက ဝမ်းမြောက်ဖွယ်သတင်း (Gospel) ကို ဂရိဘာသာစကားဖြင့် မှတ်တမ်းဖြုကာ ယနေ့ခမ္မသစ်ကျမ်းအဖြစ် တွေ့ရပါသည်။ ထိုကာလကို ဂရိခရစ်ယာန်ကာလ (Hellenistic Christianity) ဟုခေါ်သည်။

(ဂ) အနောက်တိုင်းသားဘိုးဘေးဓလေ့ထုံးတမ်းရောမနိုင်ငံမှအနောက်နိုင်ငံအားလုံး (ဥရောပနှင့်မြောက်အမေရိက)တို့သို့ ဧဝံဂေလိတရား (ဝမ်းမြောက်ဖွယ်သတင်း) ပြန့်နှံ့ပြီးနောက် နှစ်ပေါင်းများစွာကြာသောအခါ အနောက်တိုင်းသားဘိုးဘေးဓလေ့ထုံးတမ်းများ၏လွှမ်းမိုးခြင်းရှိလာပြန်ပါသည်။ အနောက်တိုင်းဓလေ့၊ ဘာသာစကားနှင့်အတွေးအခေါ်အားလုံး၏လွှမ်းမိုးမှုကြောင့် ဝမ်းမြောက်ဖွယ်ဧဝံဂေလိတရားနှင့်သူတို့၏ဓလေ့ထုံးတမ်းမှာ ခွဲခြားမရနိုင်လောက်သည့် အခြေအနေသို့ရောက်ခဲ့ပါသည်။ ထိုအခါမှိန်က အနောက်တိုင်းသားတို့အမြင်ကျဉ်းမှုကြောင့် ဧဝံဂေလိတရားကို လွှမ်းမိုးထားသည့် သူတို့၏ဓလေ့ထုံးတမ်းသာလျှင် အမြင့်မြတ်အကြီးကျယ်ဆုံးဟု ထင်မှတ်ကာ အခြားအာရှ၊ အာဖရိက၊ တောင်အမေရိကစသည့် လူမျိုးများ၏ဓလေ့ထုံးတမ်းများကို မှားယွင်းရိုင်းစိုင်းသည်ဟု

အထင်အမြင်သေးခဲ့ကြသည်။ အနောက်တိုင်းသား လူဖြူတေးရေးဆရာ " ရူယပ်ကိပလင်" ဆိုသူသည် ကမ္ဘာအရပ်ရပ်လှည့်လည်ခဲ့သူဖြစ်ပြီး လူဖြူမဟုတ်သောသူတို့၏ဓလေ့ထုံးတမ်းများကို ရိုင်းပျမူအဖြစ်သုံးသပ်ကာ "လူဖြူအနောက်တိုင်းသားတို့... ဤအရှုးများကို စာနာသနားပြီး အမြန်ကယ်တင်ကြလော့! (The White Men's Burden) " ဟူ၍ သီချင်းတစ်ပုဒ်စပ်ဆိုခဲ့ဖူးပါသည်။ ထိုကာလရှိ ခရစ်ယာန် သာသနာပြုဆရာကြီးများပင်လျှင် ထိုအမြင်ထိုဓလေ့ရှိသည်ဖြစ်ရာ ရောက်လေရာခရစ်ယာန်သာသနာနယ်ရှိ ဓလေ့ထုံးတမ်းများကို ခရစ်ယာန်ကိုးကွယ်မှု၊ ဝမ်းမြောက်ဖွယ်သတင်းတို့နှင့်ဆန့်ကျင်သည် (anti - Christian culture) ဟုယူဆပြီး ချွတ်ပယ်ပြောင်းလဲပစ်လေ့ရှိကြပါသည်။ ခရစ်ယာန်သာသနာပြုများ ပျိုးထောင်လေ့ကျင့်ပေးစဉ်ကပင် ထိုအယူအဆကို သွတ်သွင်းတားခြင်းဖြစ်သဖြင့် ခရစ်ယာန်သာသနာပြုဆရာများကို အပြစ်မဆိုသာဘဲ နေရာကာလအလိုက်ဖြစ်ပေါ်ခြင်းဟုသာ မှတ်ယူရပေသည်။ ထိုကာလကို အနောက်တိုင်းတို့၏ခရစ်ယာန်ဘာသာ(Western Christianity) ဟုခေါ်သည်။ ခရစ်ယာန်သာသနာပြုလုပ်ငန်းအတွက် သီချင်းရေးစပ်ရာတွင်လည်း "ဘုရားကိုမသိသူများသည် မျက်ကန်းများပမာ တွေ့လေရာအရာဝတ္ထုတို့ကို ကိုးကွယ်ကြသည်" (ZBC ဓမ္မသီချင်းနံပါတ် ၄၀၁) ဟု တွေ့ရသည်မှာ ရင်နာဖွယ်ဖြစ်ပါသည်။ ကျွန်တော်တို့ဘိုးဘေးများ၏ဓလေ့ထုံးတမ်းမှကောင်းနိုးရာရာလေးများကိုပင် ကျင့်သုံးလိုက်နာခွင့်မပေးတော့ပါ။ ခရစ်ယာန်သာသနာနယ်ရှိ တိုင်းရင်းသားကျွန်တော်များ ကလည်း ခရစ်ယာန်သာသနာပြုသူများထက် ယဉ်ကျေးမှု အတွေးအခေါ်နိမ့်ကျသဖြင့် သူတို့သွန်သင်သမျှကို လိုက်နာရမည်ဟုပင် မှတ်ယူထားကြပါသည်။ ကျွန်တော်တို့ကို ရည်ညွှန်းစပ်ဆိုထားသည့် သီချင်းများကို အားပါးတရသီဆိုကြပါသေးသည်။ ထိုသို့သောအကြောင်းများကြောင့် ခရစ်ယာန်ဘာသာဧဝံဂေလိတရားရောက်ရှိလေရာဒေသများ၌ ခရစ်ယာန်မဟုတ်သည့် လူများစုတို့က သွေးခွဲသူများ၊ စည်းလုံးညီညွတ်မှုပျက်ပြားစေကာ အနောက်တိုင်းသားများကို အထင်ကြီးသူများအဖြစ် အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်စေပါသည်။ ခရစ်ယာန်များကိုယ်တိုင် ဧဝံဂေလိဝမ်းမြောက်ဖွယ်သတင်းကောင်း (Gospel) နှင့်ယင်းကို လွှမ်းမိုးသောအနောက်တိုင်း ယဉ်ကျေးမှုဓလေ့ကို ရောထွေးလက်ခံခဲ့ကြသကဲ့သို့ သာသနာပလူတို့ကလည်း ခရစ်ယာန်ဘာသာသည် အနောက်တိုင်းယဉ်ကျေးမှုသာဖြစ်ကြောင်း တွေ့မြင် ယူဆသဖြင့် တရားတော်ကို ဘဝင်ကျသော်လည်း လက်ခံနိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် ခရစ်ယာန်သာသနာရောက်ရှိရာနိုင်ငံတိုင်းတွင် ထိုခရစ်ယာန်ဘာသာနှင့် ဒေသခံယဉ်ကျေးမှုဓလေ့တို့အတွင်း ပဋိပက္ခ ဖြစ်ပွားလေ့ရှိပါသည်။

၃။ အကျိုးအကြောင်းဆီလျော်မှုရှိလာခြင်း (Paradigm Shift in Gospel and Culture)

ဤသို့ ခရစ်ယာန်ဧဝံဂေလိတရားနှင့် ဘိုးဘေးထုံးတမ်းဓလေ့တို့ ပဋိပက္ခဖြစ်ပေါ်လာသောအခါ အတွေးအခေါ်အချို့ပေါ်ထွန်းလာရသည်။အချုပ်ဆိုရလျှင်ဘုရားရှင်၏ဘုန်းတော်သာ၍ လေးနက်ကြွယ်ဝပြည့်စုံလာမှု (progressive revelation)ကို တွေ့လာရပါသည်။ ဤအမှုဖြစ်ပေါ်စေသည့်အချက် (၃)ချက်ကို ဖော်ပြပါသည်။

(က) မနုဿဗေဒ **Anthropology** လေ့လာမှု

ရိုးရာယဉ်ကျေးမှုနှင့် ကိုးကွယ်မှုများစွာ ထပ်မံတွေ့ရှိလာပါသည်။ ခရစ်ယာန်ဆာသနာမထွန်းကားမီက ရှိနှင့်သောဘိုးဘေးဓလေ့နှင့်ကိုးကွယ်မှုများတွင် သမ္မာကျမ်းစာနှင့်ကိုက်ညီသော အချက်များစွာ ရှိခဲ့ကြောင်း လေ့လာတွေ့ရှိလာကြသည်။ အတိုချုပ်အားဖြင့် အနောက်တိုင်းဓလေ့လွှမ်းမိုးသောခရစ်ယာန်ဘာသာမဟုတ်သည့် လူမျိုးခြားတို့၏ဘိုးဘေးဓလေ့နှင့်ကိုးကွယ်မှု (primal religio- cultures) တို့တွင် ဧဝံဂေလိဝမ်းမြောက်ဖွယ်သတင်း (Gospel) အချို့ ရွက်ပုန်းသီးအဖြစ်ပါဝင်နှင့်ပြီးဖြစ်ကြောင်း တွေ့ရှိလာသည်။ သမ္မာကျမ်း နီးပါး ကောင်းမွန်လှသည့် တရားနှင့် ရိုးရာဓလေ့များကို ချင်းလူမျိုးဘိုးဘေးဓလေ့ထုံး တမ်းစဉ်လာတွင် ရှိနှင့်ပြီးဟု ဆိုလိုပါသည်။

(ခ)ခရစ်ယာန်သာသနာပြုများ၏လုပ်ဆောင်မှု
(Missionary Enterprise)

ခရစ်ယာန်သာသနာပြုလုပ်ငန်းအားဖြင့် ခရစ်ယာန်သာသနာနယ်ခံလူမျိုးတို့၏ဓလေ့နှင့် ကိုးကွယ်မှုကို ဆန်းစစ်လာကြပါသည်။ ရှေးပဓေသဏီကာလကဲ့သို့ မဟုတ်တော့ဘဲ လွန်ခဲ့သည့်နှစ်ပေါင်း (၅၀)ခန့် မှစ၍ ခရစ်ယာန်သာသနာပြုစေလွှတ်သောအဖွဲ့နှင့် စေလွှတ်ခံခရစ်ယာန်သာသနာပြုဆရာများ ကိုယ်တိုင် အတွေးအခေါ်ခံယူချက်ပြောင်းလဲလာပါသည်။ အနောက်တိုင်းဓလေ့ထုံးတမ်းသာလျှင်ဘုရားသခင် အလိုနှင့်ညီသည်ဟု ထင်မှားကာ ခရစ်ယာန် သင်းဝင်တိုင်းကို အနောက်တိုင်းဓလေ့သို့သွတ်သွင်းခြင်းသည် မဟာအမှားကြီးဖြစ်ကြောင်းသိလာကြပါသည်။ ဂျာမနီနိုင်ငံရှိ ကျမ်းတတ်ပုဂ္ဂိုလ် (Theologist) ဖြစ်သူ ပေါလ်တီလစ် Paul Tillich ၏ ဘိုးဘေးဓလေ့ထုံးတမ်းဆိုင်ရာ Theology of Culture အမည်ရှိစာအုပ်အားဖြင့် အနောက်တိုင်းသားတို့၏အတွေးအခေါ်ပြောင်းလဲရခြင်းဖြစ်သည်။ ဤနာမည်ကျော်ကျမ်းတတ်ပုဂ္ဂိုလ်ကြီး ပေါလ်တီလစ်က "ကိုးကွယ်မှုဆိုသည်မှာ ဘိုးဘေးဓလေ့ထုံးတမ်း၏အနှစ်ချုပ်ဖြစ်ပြီး ဘိုးဘေးဓလေ့ထုံးတမ်းဆိုသည်မှာ ကိုးကွယ်မှု၏ အကာအခွံဖြစ်သည်" (Religion is the substance of culture and culture is the form of religion) ဟူ၍ ကိုးကွယ်မှုနှင့်ဘိုးဘေးဓလေ့ ထုံးတမ်းတို့ကို ခွဲခြားရန်မဟုတ်ကြောင်း ခိုင်မာစွာ ကြေငြာခဲ့ပါသည်။ ထိုအချိန်မှစ၍ ခရစ်ယာန်သာသနာပြုဆရာများသည် ရောက်လေရာဒေသ၏ဓလေ့ထုံးတမ်းကို မပစ်ပယ်ပဲ အလေးအနက်ထားစူးစမ်းဖော်ထုတ်လာကြရာ ဝမ်းပြောက်ဖွယ်ဧဝံဂေလိတရားနှင့် ဆန့်ကျင်မှုမရှိသော အဘိုးထိုက်လှသည့် အကြောင်းတရားများကို တွေ့လာကြပါသည်။ "ကိုယ်တော်စီရင်ထားသည့် တစ်ပါးအမျိုးသားတို့၏ဘိုးဘေးဓလေ့ထုံးတမ်းကောင်းများကို ပစ်ပယ်မိသည့်အတွက်တောင်းပန်ပါ၏။ ခွင့်လွှတ်တော်မူပါဘုရား" ဟူ၍ အပြစ်ဝန်ခံလာကြပါတော့သည်။ ခရစ်ယာန်သာသနာပြုဆရာများသည် မိမိတို့ကို မိမိ ယုခင်က ရွှေကုန်သည် (gold-dealers) အဖြစ်မှ ယခု ရွှေတွင်းပိုင်ရှင် (gold-miners) များအဖြစ် သဘောပေါက်ခံယူလာကြ ပါသည်။

(ဂ) ကိုလိုနီခေတ်စူးစမ်းရှာဖွေမှု
(Research from Colonial period)

ကိုလိုနီနိုင်ငံများရှာဖွေထားရှိလာမှုကြောင့် အခြားလူမျိုးတို့၏ဘိုးဘေးဓလေ့၊ ပွဲတော်နှင့် နေထိုင်စားသောက်ပုံများကို သုံးသပ်လာကြကာ ကောင်းသောအရာများစွာကို တွေ့လာကြပါသည်။ ခရစ်တော်တစ်ပါး ပါဝင်ခြင်းမရှိသည်မှ

လွဲ၍ ပြည့်စုံသလောက်ဖြစ်သည်။ ရိုးရာသီချင်းစာသားများ၊ စကားပုံများ မှတ်တမ်းမှတ်ရာများနှင့် ရိုးရာပွဲတော်များတွင် ပေါ်လွင်ကြောင်း တွေ့ရသည်။ ဓမ္မဟောင်းကျမ်းစာပါဓလေ့နှင့် ပွဲတော်တို့သည်လည်း အမှန်အားဖြင့် ယုဒလူမျိုးတို့၏ဓလေ့နှင့် ပွဲတော်များဖြစ်ပါသည်။ လူမျိုးတည်တံ့ ခိုင်မြဲရေးအတွက် မပျက်မကွက် ပြုလုပ်ရသော ပွဲတော်များ ပင်ဖြစ်သည်။

၄။ ဝမ်းမြောက်ဖွယ်သတင်းနှင့်ဘိုးဘေးဓလေ့ထုံးတမ်းဆက်နွယ်မှု **(Mutual Roles of Gospel and Culture)**

(က)ခရစ်ယာန်သာသနာပြု **(mission)** လုပ်ငန်းဆိုသည်မှာ

သမ္မာကျမ်းစာနှင့် အသင်းတော်သမိုင်း (Church History) ကိုလေ့လာသောအခါ ခရစ်ယာန်သာသနာလုပ်ငန်း (mission) ဆိုသည်မှာ ဝမ်းမြောက်ဖွယ်သတင်းကို စေလွှတ်သည့်နိုင်ငံ၏ ဘိုးဘေးမလေ့မှလက်ခံမည့်လူမျိုး၏ ဘိုးဘေးဓလေ့အတွင်းသို့ သွတ်သွင်းခြင်းဖြစ်ကြောင်း တွေ့ရသည်။ (Mission is the transfer or expression of the gospel from the sending culture to receiving culture). ကနဦးဆုံး ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ဖြန့်ဝေပေးသောသူ၏ ဘိုးဘေးဓလေ့မှလက်ခံသူ၏ဘိုးဘေးဓလေ့အတွင်း သို့သွတ်သွင်းသည့်အခါ လက်ခံသူ၏ဓလေ့ထုံးတမ်း၏လွှမ်းမိုးမှုရှိပါက ထိုသတင်းကောင်းသည် လက်ခံသူလူမျိုးအတွင်း အမြစ်တွယ်ကာ များစွာသောအသီးကိုသီးမည်ဖြစ်ပြီး လက်ခံသူဓလေ့၏လွှမ်းမိုးမှုမရှိသော သတင်းကောင်းမှာမူအမြစ်မတွယ်၊ အသီးသီးခြင်း မရှိနိုင်ပေ။ တနည်းအားဖြင့် ယင်းအခြေအနေတွင် ခရစ်တော်သည် အိမ်ရှင်နေရာတွင် မရှိနိုင်ဘဲ ဧည့်သည်အဖြစ်သာ ပါဝင်နိုင်မည်ဖြစ်သည်။ မည်သည့်ဓလေ့ထုံးတမ်းမဆို ခြောက်ပြစ်ကင်းသဲလဲစင်မဟုတ်ပါ။ သို့သော်လည်း ဝမ်းမြောက်ဖွယ်သတင်းကို လွှမ်းမိုးမှုမရှိနိုင်လောက်သော ဘိုးဘေးဓလေ့သည်လည်းမရှိပါပေ။ ဆိုးညစ်သောမလေ့ထုံးတမ်းများစွာကြားမှ ပင်ဧဝံဂေလိသတင်းကောင်းကို ကာကွယ်လွှမ်းခြုံနိုင်စွမ်းရှိကြသည်ချည်းပင်။

(ခ) ဝမ်းမြောက်ဖွယ်သတင်းအားဖြင့် ဘိုးဘေးဓလေ့အပေါ်လုပ်ဆောင်ခြင်း။

ဘိုးဘေးဓလေ့ထုံးတမ်းများ အပေါ် ဝမ်းမြောက်ဖွယ်သတင်း၏လုပ်ဆောင်ရန်များစွာ အနက်အချက်ကြီးနှစ်ချက်ကို ဖော်ပြလိုပါသည်။

ပထမအချက်အဖြစ် ဝမ်းမြောက်ဖွယ်သတင်းအားဖြင့် ဘိုးဘေးဓလေ့ထုံးတမ်းရှိ ထိုသတင်းကောင်းနှင့်ဒွန်တွဲ၍မရသော မကိုက်ညီသော မကောင်းသောအချက်များကို လုံးဝငဲ့ညှာမှုကင်းမဲ့စွာ ဖြတ်တောက် (Pruning) စေရန်ဖြစ်သည်။ လူသားတို့၏ဘဝကို ကောင်းကျိုးပြုသော၊ မြင့်မြတ်စေသော၊ ခွန်အားပေးသော (life-affirming values) ဘိုးဘေးဓလေ့များနှင့် လူသားတို့၏ဘဝကို ဖျက်ဆီး၍ပျက်စီးစေသော (life rejecting values) ဘိုးဘေးဓလေ့များ ရောပြွန်းပါဝင်လျက်ရှိရာ ဝမ်းမြောက်ဖွယ်သတင်း အားဖြင့် လူသားတို့၏ဘဝအတွက် ဆုတ်ယုတ်ဖွယ်ဖြစ်သည့်နှုတ်ကပတ်တော်သည် "သန်လျက်တကာ တို့ထက် ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍ (ဟေ ၄း၁၂)" ဟု သမ္မာကျမ်းတွင် အတိအလင်းဖော်ပြထားပါသည်။ ထို့ကြောင့် ဘိုးဘေးဓလေ့မှ မကောင်းသည်များအားလုံးကို နှုတ်ကပတ်တော်ခေါင်းဖြင့် အမြစ်ပါမကျန်ရှင်းလင်းရန်ဖြစ်သည်။ ကျွန်တော်တို့ချင်းလူမျိုးများအနေဖြင့်လည်း

ဘဝအသက်တာအတွက် ကောင်းကျိုးမပြုသော ဓလေ့ထုံးတမ်းများကို ဝမ်းမြောက်ဖွယ်သတင်းအားဖြင့် ပယ်ရှင်းနိုင်ရန်၊ ဖော်ထုတ်စွန့်လွှတ်ရန် လိုအပ်ပါသည်။ မည်သည့်အရာများကို စွန့်လွှတ်ပယ်ရှင်းရမည်ကို သိနိုင်ရန်အချိန်ယူ၍ ဘိုးဘေးဓလေ့များကို စေ့စပ်စွာဖော်ထုတ်ခြင်း (culture analysis) လိုအပ်ပါသည်။ ဘိုးဘေးဓလေ့မဟုတ်သောနတ်ကိုးကွယ်မှုမှပေါ်ပေါက်လာသည့် အစဉ်အလာများ ခေတ်နှင့်ဓလေ့ဥပဒေတော့သည့် တိုးတက်ရာတိုးတက်ကြောင်းနှင့် ဘုရားရှင်ရွေးကောက် သောသူဖြစ်ကြောင်းတို့ကို တားဆီးဖျက်ဆီးနိုင်သည့်အရာအားလုံးကို ဝမ်းမြောက်ဖွယ် သတင်းအားဖြင့် ပယ်ရှင်းရန် ဖြစ်သည်။

ဒုတိယအချက်အဖြစ် ဝမ်းမြောက်ဖွယ်သတင်းအားဖြင့် လူမျိုးကို အကျိုးပြုမြှင့်တင်ပေးသော ဘိုးဘေးမလေ့များကို ရှင်သန်စေရန် (fertilized) လိုအပ်ပါသည်။ ဝမ်းမြောက်ဖွယ်အမြင် (gospel perspective) ဖြင့် သုံးသပ်ကာ ဓလေ့ကောင်းအားလုံးကို ရှင်သန်စေပြီး အသီးသီးစေရန်လိုအပ်သည်။ ဥပမာအားဖြင့် တစ်ဦးနှင့်တစ်ဦးကို ရင်းနှီးချစ်ခင်စွာ မိတ်သဟာယဖွဲ့စေသော ရိုးရာပွဲတော်များကို သုံးသပ်ကာ မကောင်းသည့်အချက်များကို ပြုပြင်သွားရန် ဖြစ်သည်။ အတိုချုံးရသော် လူသားများ ခရစ်ယာန်သင်းဝင်ကာ နှစ်ခြင်းမင်္ဂလာခံယူသကဲ့သို့ ဓလေ့ထုံးတမ်းအချို့ကိုလည်း ခရစ်ယာန် သင်းဝင်စေကာ နှစ်ခြင်းမင်္ဂလာခံယူစေပြီး ထိန်းသိမ်းစောင့်ရှောက်သွားရန်ဖြစ်သည်။ သမ္မာကျမ်းစာ၌ "ရှေးလမ်းဟောင်းတို့ကို ရှာဖွေလျက်... ထိုလမ်းသို့လိုက်ကြလော့၊ ယော ၆း၁၆" ဟု ဖော်ပြထားပါသည်။

(၈) ဘိုးဘေးဓလေ့အားဖြင့် ဝမ်းမြောက်ဖွယ်သတင်းကို ပြည့်စုံစေခြင်း။

ဘိုးဘေးဓလေ့ထုံးတမ်းအားဖြင့် ဝမ်းမြောက်ဖွယ်သတင်းကို ပြည့်စုံစေရန် အချက်ကြီးနှစ်ချက်ရှိရာ ယင်းတို့မှာ ထုတ်ဖော်ခြင်း(expression) နှင့်ပြီးပြည့်စုံစေခြင်း (enrichment) တို့ဖြစ်ပါသည်။ ဝမ်းမြောက်ဖွယ်သတင်း၏အနှစ်သာရမှာ အဂ္ဂပေမေတ္တာဖြစ်သည့်အလျောက် ဘိုးဘေးဓလေ့ထုံးတမ်းအတွင်းတွင် ရွေးကာလကတည်းကတည်နေပြီးဖြစ်သည်။ သွေးသားချင်းကို ကြည့်ရှုစောင့်ရှောက်ခြင်း၊ ယောက္ခမဂိုဏ်းဝင်များ (Sung le Pu)ကို ဂါရဝတရားဖြင့် စောင့်ရှောက်ခြင်းစသည်တို့မှာ ကျွန်တော်တို့ချင်းအမျိုးသားများ အစဉ်အဆက် ကျင့်သုံးလာခဲ့ပြီးဖြစ်သည်။ ဥပမာအားဖြင့် နှစ်ဆုံး၊ နှစ်သစ်၊ ကောက်သစ်စားပွဲများတွင် မိခင်ဘက်မှအမျိုးများ (Pu te) ကို မေတ္တာပြဂါရဝပြုပြီး ကောင်းကြီး တောင်းခံသည့် (Zukholh) ဓလေ့၊ သွေးသားချင်းအတွင်း သာရေးနာရေးတွင် တာဝန်အသီးသီးယူရသည့် (Tanu, Thalloh, thusa) ဓလေ့စသည်တို့မှာ မေတ္တာကို အရင်းခံသည့် ဝမ်းမြောက်ဖွယ်သတင်းများပင်။ ဝမ်းမြောက်ဖွယ်သတင်းနှင့် ဆန့်ကျင်ဘက်မဟုတ်သည် သာမက ဝမ်းမြောက် ဖွယ်သတင်းကို စုံလင်စေခြင်းပင် ဖြစ်သည်။ (culture enriches the gospel). "ပွဲလမ်းသဘင် မရှိသည့် လူမျိုးဓလေ့သည် ပြည့်စုံမှုမရှိပါ" ဟူ၍ နှစ်ခြင်းကျမ်းတတ် အကျော်အမော် တစ်ဦးဖြစ်သူ ဟာဗေးကော့စ်၏အဆိုအမိန့်ရှိခဲ့သည့်အတိုင်း ကျွန်တော်တို့ ဘိုးဘေးဓလေ့ပွဲသဘင်များက ကျွန်တော်တို့လူမျိုး၏ပြည့်စုံခြင်းကို သက်သေထူနေခြင်းဖြစ်တော့သည်။ ထို့ကြောင့် ထိုအရာများကို ခရစ်တော်၌ ပတ္တိဇံခံစေပြီး ဘုရားရှင်၏နာမ

တော်ထင်ရှားစေရန်နှင့် လူသားတို့၏ချစ်မေတ္တာပိုမိုနက်ရှိုင်းလာစေရန် ဆက်လက်စောင့်ရှောက်ကျင့်သုံးရန် သင့်လျော်လှပါသည်။

၅။ လူမျိုးတကာအတွင်း ပဋိပက္ခများ

(The Universality of Gospel and Culture issue)

သာသနာပြုလုပ်ငန်းစတင်သည့်အချိန်မှစ၍ ဝမ်းမြောက်ဖွယ်သတင်းနှင့်ဘိုးဘေးဓလေ့ထုံးတမ်းကြားတွင် ပဋိပက္ခများစွာပေါ်ပေါက်လာသဖြင့် လူအများဆင်ခြင်လေ့လာရန် အချက်ဖြစ်လာပါသည်။ ယင်းပဋိပက္ခကို ဖြေရှင်းနိုင်ရန် အတွေးအခေါ်များစွာပေါ်ပေါက်သည့်အနက် အမေရိကမှဘာသာရေးတွေးခေါ်ရှင် ရစ်ချက် နေဘာ၏တွေ့ရှိချက်ကို ရေးထားသည့် "ခရစ်တော်နှင့်ဓလေ့ Christ and Culture" စာအုပ်ပါ အချက်များသည် ယနေ့တိုင်စံထား၍ ကျင့်သုံးလျက်ရှိသည်။ ၄င်းတို့မှာ

(က) ခရစ်တော်နှင့်ဘိုးဘေးဓလေ့ဆန့်ကျင်ခြင်း (Christ against Culture)

(ခ) ဘိုးဘေးဓလေ့ကို လက်ခံသောခရစ်တော် (The Christ of Culture)

(ဂ) ဘိုးဘေးဓလေ့၏ဦးသျှောင်ခရစ်တော် (Christ above Culture)

(ဃ) ဘိုးဘေးဓလေ့နှင့်ယှဉ်တွဲသောခရစ်တော် (Christ and Culture in Paradise)

(င) ဘိုးဘေးဓလေ့ကို အသွင်ပြောင်းပေးသောခရစ်တော် (Christ the Transformer of Culture)

အထက်ပါအချက်တစ်ခုစီတိုင်းကို ထောက်ခံသူ ကျမ်းတတ်ပုဂ္ဂိုလ်များစွာပေါ်ပေါက်ပြီး မိမိတို့ထောက်ခံသည့် အချက်ကို အကောင်းဆုံးဟုယူဆကျင့်သုံးကြတော့သည်။ တကယ်တမ်းတွင် အချက်တစ်ခုတည်းကိုသာအမှန်ဟု တရားသေမှတ်၍ မရပါ။ အချက်အားလုံးကို သူ့နေရာနှင့်သူအသုံးချနိုင်ပါမှပြည့်စုံနိုင်မည်ဖြစ်သည်။ ခရစ်တော်လက်မခံငြင်းပယ်သောအချက်များရှိမည်ဖြစ်သည့်အလျောက် လက်ခံသောအချက်များလည်းရှိမည်ပင်။ လာမည့်အနာဂတ်ကာလတွင်လည်း အထက်ပါအချက်များကိုပင် အခြေခံကာ သုံးသပ်ပြီး ကျင့်သုံးသွားရန်ဖြစ်သည်။

၆။ ဝမ်းမြောက်ဖွယ်သတင်းနှင့်ချင်းဘိုးဘေးဓလေ့

(Gospel and Chin Culture)

အခြားဘိုးလေးဓလေ့များနည်းတူ ချင်းတိုင်းရင်းသားဘိုးဘေးဓလေ့တွင်လည်း ဆက်လက်ကျင့်သုံးရန်ကောင်းသောအချက်များစွာရှိသကဲ့သို့ ချန်ရစ်ကာ ပယ်ဖျက်ရမည့်အချက်များစွာ ရှိမည်ဖြစ်သည်။ ပယ်ဖျက်ပစ်ရန် (abandon) ပြင်ဆင်ကျင့်သုံးရန် (carried over) ထို့ရှိမည်ဖြစ်သည်။ ယင်းအားလုံးကို ဘုရားအလိုတော်ဝမ်းမြောက်ဖွယ်သတင်းအမြင် (Gospel perspective) တို့ဖြင့် သုံးသပ်ရမည်ဖြစ်သည်။ ဝမ်းမြောက်ဖွယ်သတင်းမျက်မှန်ဖြင့် သုံးသပ်ပါမှအမှန်ကို သိနိုင်မည်ဖြစ်သည်။ ကိုယ့်စိတ်ကြိုက်၊ ကိုယ့်သဘောနှင့်ကိုက်ညီသည်ကိုသာယူပြီး အကျန်ကိုပစ်ပယ်ခြင်း သို့မဟုတ် "ဘိုးဘေးဓလေ့ထုံးတမ်းကိုမပယ်ကောင်း" ဟူ၍ ပြန်လည်သုံးသပ်မှုမရှိ အားလုံးကို လက်ခံကျင့်သုံးခြင်းများမဖြစ်သင့်ပါ။ အဘယ်ကြောင့်ဆိုသော် ဘိုးဘေးဓလေ့အားလုံးကောင်းသည်မဟုတ်ပါ။ ခရစ်ယာန်ဖြစ်၍ ဘိုးဘေးဓလေ့အားလုံးကို ပစ်ပယ်ရန်လည်း မလိုပါ။ ခရစ်ယာန်သာသနာမရောက်လာမီကတည်းကပင် ဘိုးဘေးဓလေ့ထုံးတမ်းများအားဖြင့် လူမျိုးတစ်မျိုးအဖြစ် ရပ်တည်လာခဲ့ပြီးဖြစ်သည်။ ဆွေမျိုးသားချင်းယိုင်းပင်း

ထောက်ပံ့မှု၊ ရပ်ဆွေရပ်မျိုးသိတတ်ကူညီမှုများ ရှိခဲ့ပြီးဖြစ်ရာ ယင်းတို့ကိုသာ၍ လေးနက်ခိုင်မြဲစေမည့် ခရစ်တော်နှင့် ဝိညာဉ်တော်ဘုရားကို အုပ်စိုးစေရန် သာလို့ပါတော့သည်။ ဒီကနေ့ ခရစ်တော်ဘုရားသာ ချင်းအမျိုးသားများထဲကြွလာမည်ဆိုလျှင် " သင်တို့၏ဘိုးဘေးဓလေ့ထုံးတမ်းများကို ဖယ်ရှားရန်လာသည်မဟုတ်၊ ထိုအရာများကို ပြည့်စုံစေခြင်းငှါ ငါလာသတည်း" ဟုပင် မိန့်တော်မူပေမည်။ ပြည့်စုံခြင်းဆိုသည်မှာ မကောင်းသည်များကိုပယ်၍ ကောင်းသည်များကို ပြုစုထိန်းသိမ်းခြင်းပင် ဖြစ်တော့သည်။

နိဂုံးချုပ် (Conclusion)

သို့ဖြစ်၍ ဘိုးဘေးဓလေ့များမှ မှတ်သားလိုက်နာဖွယ်အချက်အချို့ကိုပင် အဆိုးမြင်ဝါဒဖြင့် ပယ်ဖျက်လိုသည့်သဘောတရားကို ပြန်လည်သုံးသပ်ဆန်းစစ်ရန် လိုအပ်လှကြောင်း ဖော်ပြလိုပါသည်။ ပမာအားဖြင့် ဘိုးဘေးဓလေ့ကို ပယ်ဖျက်ရန် ဆန္ဒကို ဖြစ်စေသော အကြောင်းတစ်ခုမှာ ဘိုးဘေး ဓလေ့၌ လုံးဝမပါဝင်ခဲ့သော အရက်သေစာ သောက်ကျူးခြင်းကိစ္စကို ဘိုးဘေးဓလေ့ဖြစ်လေ ယောင်ထင်မှတ်မှားသည့် အချက်ဖြစ်သည်။ ထို့ကြောင့်ပင် အရက်သေစာမပါလျှင် ပွဲမစည် သလောက်ဖြစ်ရသည်။ သေရည်လေးမှမပါလျှင် သာရေး၊ နာရေးကိစ္စများ၌လည်း စကားလက်ဆုံ ကျစရာမရှိတော့သလောက်ပင်။ ထို့ကြောင့် ရိုးရာပွဲသဘင်ဆင်ယင်တော့မည်ဆိုလျှင် သေရည်သေရက်ကို စီစဉ်ကြရပါတော့သည်။ သောက်မိပြီဆိုလျှင်လည်း အကန့်အသတ်မရှိ၊ အသော မသတ်နိုင်ကြတော့ပေ။ ဘုရားရှင်၏သဏ္ဌာန် တော်နှင့်အညီဖန်ဆင်းထားခြင်း (The Image of God) ဖြစ်သည့် လူစင်စစ်မှတိရစ္ဆာန်ဘဝသို့ရောက်သွားတတ်ပါသည်။ မည်သို့မျှမပတ်သက်သော အရက်သေစာနှင့်ဓလေ့ရိုးရာကို ရောနှောမိခြင်းသည် ယနေ့တိုင်ချင်းလူမျိုးများ၏အသက်တာတွင် ဝမ်းနည်းဖွယ်တွေ့မြင်နေရပါသည်။ ယင်းတို့အနက် အချို့ကိုဖော်ပြပါသည်။

(က) စီးပွားရေးလုပ်ငန်းနှင့်သောက်စားခြင်းကို မိတ်ဖက်(Combination) ဟုယူဆကာ စီးပွားရေးနယ်ပယ်တွင် ဝင်ဆန့်ရန် သောက်စားခြင်းအမှုကို ကြိုးစား၍ အတတ်သင်ကြသည်။ ထို့ကြောင့်ပင် မျိုးဆက်နှစ်ဆက်သုံးဆက်အထိ မဆိုထားနှင့် မိမိတစ်ဘဝအတွက်ပင် မခံစားရသော သူဌေးများစွာတွေ့ရသည်။

(ခ) ရာထူးရာခံနှင့် အရက်သေစာကိုလည်း ဒွန်တွဲမြဲဟုမှတ်ယူကာ ရာထူးရာခံရှိလာသည်နှင့် အရက်ကို သုံးစွဲလာကြသည်။ အနာဂတ်လူငယ်လေးများအတွက် "တည်ဆောက်စရာ" ဖြစ်မလာတော့ပေ။

(ဂ) အားကစားနှင့်အရက်သေစာကိုလည်း အတွဲဟုမှတ်ယူကာ အော်မြင်မှုရသည်အခါ အပေါင်းအသင်းများနှင့် သုံးစွဲရာမှ ကျွန်တော်တို့ချင်းလူမျိုး အားကစားထူးချွန်သူတစ်ဦးစ နှစ်ဦးစ လေးများပင် သက်ဆိုးမရှည်နိုင်ဖြစ်ရပါသည်။

အထက်ဖော်ပြပါအချက်များအားဖြင့် သေရည်သေရက်ကို ဓလေ့ရိုးရာအဖြစ် (part of our culture) တင်မှတ်မှားမှုဖြစ်ကြောင်းတွေ့ရသည်။ သေရည်သောက်ကျူးခြင်းသည် ဓလေ့ရိုးရာမဟုတ်ပါ။ ဘုရားရှင်၏မျက်မှောက်တော်တွင် တမျိုးသားလုံး ပျက်စီးလမ်းလွဲစေကြောင်း၊ စာတန်၏သွေးဆောင်မှုသာဖြစ်သည်။

ယနေ့ကျင်းပမည့် ရာပြည့်ကျေးဇူးတော်ချီးမွမ်းသဘင်ကြီးတွင် အဓိကဖော်ထုတ်ပေါ်လွင်စေလိုသောအချက်များမှာ၊

(၁) စိတ်ကိုတက်ကြွပြောင်းလဲစေနိုင်သော

အထောက်အကူပြုပစ္စည်း (ဆေးဝါး၊ အရက်သေစာ) များကင်းစင်လျက် ပကတိစင်ကြယ်သော နှလုံးသားမှ ယိုစီးလာသည့် ဝမ်းမြောက်ကျေးဇူးတင်မြင်းဖြင့်သာ ပျော်ရွှင်စွာ ကခုန်ချီးမွမ်းခြင်းအားဖြင့် ဓမ္မသဘင်ကြီးကို ဆင်နွှဲနိုင်ကြောင်း၊

(၂) ဘိုးဘေးတို့အပေါ်မှစ၍ ခံရသော ကျေးဇူးတော်အလင်းကို ဆက်ခံထိန်းသိမ်းသွားနိုင်သော ခရစ်ယာန် အသင်းသားကောင်းတစ်ဦးဖြစ် ရုံမျှမက မြန်မာတပြည်လုံးရှိ ချင်းတိုင်းရင်းသား တို့၏ ဘိုးဘေးဓလေ့ထုံးတမ်းကိုပါ ထိန်းသိမ်း စောင့်ရှောက်ထားနိုင်ကြောင်း၊ (အဓိပ္ပါယ်ပြည့်ဝ သော ဓလေ့ရိုးရာပွဲသဘင်များကို ပိုင်ဆိုင်သည့် အထင်ကရ လူမျိုးဖြစ်ကြောင်း ဖော်ပြရာ ရောက်ပါသည်။ ဝမ်းမြောက်ဖွယ်သတင်းကောင်း ရောက်လာသည်မှာ အနှစ်တစ်ရာတိုင်ပြီဖြစ်ရာ ကျွန်တော်တို့ ခရစ်ယာန်များလည်း ခရစ်ယာန်ဖြစ်စက ဓလေ့ထုံးတမ်းများကို ကောင်းဆိုး မစီစစ်နိုင်ခဲ့သကဲ့သို့ မဟုတ်မူဘဲ မကောင်းကိုပယ်အကောင်းကို ဆောင်ဖို့ရန် ဖြစ်သည်။ မိမိတို့၏ရိုးရာကို ကိုယ်တိုင်သုံးသပ်ထိန်းသိမ်းရန်သာဖြစ်သည်။ ချင်းတိုင်းရင်းသားများ၊ ဘုရားရှင်၏ကောင်းကြီးသက်ရောက်စေကြောင်း စေတနာစိတ်အမှန်ရှိသူသည် ဘိုးဘေးဓလေ့ကောင်းများ၊ ပွဲတော်များကို ထိန်းသိမ်းရပေမည်.)

(၃) အနာဂတ်မျိုးဆက်သစ်များသို့ ဘိုးဘေးမလေ့ထုံးတမ်းကောင်းများ၊ ယဉ်ကျေးမှုအနုပညာများကို အစဉ်အဆက်မပြတ်ဆက်ခံရန် ပခုံးပြောင်းတာဝန်လွှဲခြင်းဖြစ်ကြောင်းတို့ဖြစ်ပါသည်။

တောင်ပေါ်မြေမြှင့်မြှင့်မာတပြည်လုံးနှင့် ကမ္ဘာတစ်ဝှမ်းသို့နှံ့ပြားရောက်ရှိနေကြသော ချင်းတိုင်းရင်းသားအားလုံးခင်ဗျား.. ဘုရားရှင်၏ကျေးဇူးတော်ကိုချီးမွမ်းကြပါ။ အမျိုးမလေ့ရိုးရာသီချင်းများကို ရွှင်လန်းစွာသီဆိုကခုန်ကြပါ။ ဘိုးဘေးအစဉ်အဆက်တီးခတ်လာသော တူရိယာအစုံကို တီးမှုတ်လျက်ကျေးဇူးတော်ကို ချီးမွမ်းကြပါ။ ကုန်လွန်ခဲ့သောအတိတ်မှ မာနထောင်လွှားကာ မုန်းတီးခွဲခြားမှုမှန်သမျှ ဤပွဲတော်တွင် ဆေးကြောပယ်ရှားစေကြပါ။ ချင်းလူမျိုးအချင်းချင်းဖြစ်လျက်နေရာဒေသ၊ ဘာသာစကား၊ မျိုးနွယ်စု၊ အသင်းတော် (denomination) အလိုက် ကွဲပြားနေမှုကို ချွတ်ပယ်ကာ ဘုရားရှင်ရှေ့မှောက်တွင် တစိတ်တဝမ်းတည်း သီဆိုကခုန်ကြပါ။ အဘယ်ကြောင့်ဆိုသော် မကွဲပြားလောက်သော တစ်မိတည်းပေါက် တစ်အူတုံဆင်းများဖြစ်ကြပါသည်။ တစ်ဦးနှင့် တစ်ဦးအမြင်မကြည်လင်မှု၊ ဆန့်ကျင်မှုများကို ယနေ့ပင် ခရစ်တော်၏နာမ၌ ပြေပျောက်စေကြပါ။ အကြောင်းမှာ ဘုရားရှင်သည် ယနေ့တိုင် ကျွန်တော်တို့ကို မစသနားကာ ပြည့်စုံသော လူမျိုးနွယ်စုတစ်စု အဖြစ် ရောက်စေပြီ ဖြစ်သည်။ ချင်းသူရဲကောင်းများစွာ၏အသွေးတို့ စီးဆင်းခဲ့ရာ ဤပြည်မြန်မာတွင် နေရာကျစေခဲ့ပါပြီ။ ဘုရားရှင်သည် ကျွန်တော်တို့ဘက်၌ရှိနေပါသည်။ အရပ်ရပ်ကွဲပြားရာမှ စုစည်းပြီး သူ၏ဘုန်းတော်ထင်ရှားရန်နှင့်မေတ္တာနိုင်ငံတော်တည်ထောင်ရန် အသုံးပြုမည်ဖြစ်ကြောင်းသေချာလှပါသည်။ စကားမျိုးစုံသောချင်းတိုင်းရင်းသားများအားလုံးမိမိ၏စကားဖြင့် " ယေရှုသည်သခင်ဖြစ်သည်" ဟုဝန်ခံကြွေးကြော်ကြပါစို့။ နှစ်တစ်ရာတိုင် ရင်းနှီးကျွမ်းဝင်စွာပို့ဆောင်တော်မူသော ဘုရားရှင်၏နာမတော်သည် သာ၍ကြီးမြတ်ပါစေသော။

အသင်းတော်၏ဆုတောင်းခြင်းကဏ္ဍမြင့်မားခေခြင်းဖြင့် ခရစ်ယာန်သာသနာပြုရေး

သိကွာတော်ရဒေါက်တာအော်နယ်ညို

နိဒါန်း

လူသားအားလုံးကယ်တင်ခြင်းရရှိရန် ဘုရားသခင်၏အလိုတော်ဖြစ်ပါသည်။ (၁တိ ၂း၄။ ၂ပေ ၃း၉) David Brayant က "ဘုရားသခင်သည် ကျွန်ုပ်တို့အား ရွေးကောက်ခေါ်တော်မူခြင်းမှာ ဆုတောင်းသောလူကြီးဖြစ်ရန်ဖြစ်ပါသည်။ (ယေဇကေ၊ ၂၂း၃၀)

ခရစ်တော်သည် ခရစ်ယာန်သာသနာပြုကွင်းတွင် ကြီးမားသောလိုအပ်ချက်ကို တွေ့မြင်သောအခါ အထူးဆုတောင်းရန် မိန့်ဆိုခဲ့ပါသည်။ (မဿဲ ၉း ၃၆-၃၈)

ဆရာကြီးကျော့ချ်မူးလာက "ဆုတောင်းသောအချိန်၊ ဆုတောင်းသောနေရာသည် ဝိညာဉ်များကို ဘုရားသခင်ထံသို့ ပို့ဆောင်သောအချိန်ကာလဖြစ်ပါသည်။ သွားရောက်သက်သေခံခြင်းနှင့်ခရစ်ယာန်သာသနာပြုခြင်းမှာဆုတောင်းခြင်း၏အသီးအပွင့်များကိုသွားရောက် ရိတ်သိမ်းခြင်းပင်ဖြစ်ပါသည်။

(၁) ဆုတောင်းခြင်းသည် မည်သူ အုပ်ချုပ်မင်းလုပ်နေသည်ကို သတိမူစေပါသည်

"The most powerful position on earth is kneeling before the Lord of the universe" ဆာ ၄၆း၁၀ "ငြိမ်ဝပ်စွာနေကြလော့။ ငါကားဘုရားသခင်ဖြစ်သည်ဟု သိမှတ်ကြလော့။ လူမျိုးတို့တွင် ငါသည်ဘုန်းပွင့်မည်။ မြေကြီးပေါ်မှာဘုန်းပွင့်မည်"။

Malcolom Muggeridge က "ဘုရားသခင်သည် တိတ်ဆိတ်ငြိမ်သက်ခြင်း၏မိတ်ဆွေဖြစ်ပါသည်။ ကျွန်ုပ်တို့ တိတ်ဆိတ်စွာနေသည့်အခါ သူ၏ပြောစကားကို ကြားရပေမည်။"

ကျွန်ုပ်တို့ တိတ်ဆိတ်စွာနေသည့်အခါ ဘုရားရှင်သည် ကျွန်ုပ်တို့တန်ဖိုးထားသောတွေးခေါ်ဆင်ခြင်မှုများမှ လွတ်မြောက်စေမည်ဖြစ်ပြီး သူသာလျှင် လောကတစ်ခုလုံးကို အုပ်ချုပ်သောသူ ဖြစ်ကြောင်း သတိမူလာပေမည်ဖြစ်သည်။

စာတန်မာရ်နတ်က ဆုတောင်းခြင်းထက် ကျွန်ုပ်တို့ခွန်အားဖြင့် ပို၍စွမ်းဆောင်နိုင်ကြောင်းတွေးခေါ်စေမည်။

အမည်မသိရသော ပုဂ္ဂိုလ်တစ်ဦးက "ဆုတောင်းခြင်းထက် စာတန်ကြောက်သောအရာမရှိပါ။ ကျွန်ုပ်တို့ဆုမတောင်းရန် သူ၏အဓိကလုပ်ငန်းဖြစ်ပါသည်။ အလုပ်တွေပဲလုပ်ပြီး၊ ဆုမတောင်းရန် သူတွေ့မြင်လိုပါသည်။ ဆုတောင်းခြင်း မရှိသည့် ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှု၊ စိတ်အားထက်သန်မှု၊ သမ္မာကျမ်းစာဖတ်ရှု လေ့လာခြင်းများကို လုံးဝမကြောက်ပါ။"

အခြားပုဂ္ဂိုလ်တစ်ဦးက "Satan laughs at our toiling, mocks at our wisdom,but trembles when we pray"ဟုရေးသားခဲ့ပါသည်။

အဘယ်ကြောင့်စာတန်သည် ဆုတောင်းခြင်းကို ကြောက်ရွံ့ပါသလဲ။ အဘယ်ကြောင့်ဆိုသော် ဆုတောင်းခြင်းသည် အမြင့်ဆုံးသောဘုရား၊ ကမ္ဘာကိုပြောင်းလဲစေနိုင်သောတန်ခိုးရှင်ထာဝရဘုရားနှင့် ကျွန်ုပ်တို့အား ထိတွေ့ပေးခြင်းကြောင့် ဖြစ်ပါသည်။

Tom Wells က ကမ္ဘာ့သာသနာပြုရေးတွင် ဆုတောင်းခြင်းကို အဓိကဦးစားပေးထားရှိရန် အောက်ပါအတိုင်းပြောဆိုခဲ့ပါသည်။

"ခရစ်ယာန်သာသနာပြုကွင်းတစ်ခုတွင် ကျွန်ုပ်တို့ ပထမဦးစွာပြုရမည့်လုပ်ငန်းမှာ ဆုတောင်းခြင်းပင်ဖြစ်ပါသည်။ ခရစ်ယာန်သာသနာပြုကွင်းပိုင်ရှင်ရှိပါသည်။ သူသည် ထိုခရစ်ယာန်သာသနာပြုကွင်းကို အုပ်ချုပ်သူဖြစ်၏။ ခရစ်ယာန်သာသနာပြုဆရာများကို သူကပဲ ရွေးကောက်မည်။ တိုးတက်အောင်မြင်မှုများကို သူပဲလမ်းပြပို့ဆောင်မည်။ ထိုသူသည် ဘုရားသခင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ပထမလုပ်ငန်းမှာ ဆုတောင်းခြင်းပင်ဖြစ်ပါသည်။

"The great point is to never give up until the answer comes."(George Muller)

(၂) ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ကို ပြောင်းလဲစေမည်

ကျွန်ုပ်တို့ဆုတောင်းသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာတွင် မည်သည့်အရာကို ဦးစားပေးလုပ်ဆောင်ရမည်ကို သိရှိလာမည်။

Hudson Taylor ဆုတောင်းသောအခါ သူ၏အသက်တာပြောင်းလဲခဲ့ပါသည်။ တရုတ်နိုင်ငံနှင့်ကမ္ဘာ့ခရစ်ယာန်သာသနာပြုရေးတွင် ဘုရားသခင်သည် သူ့ကိုအံ့သြဖွယ်ရာ အသုံးပြုခဲ့ပါသည်။

Leo Tolstoy က " Everybody thinks of changing humanity, and nobody thinks of changing himself" ဟု ပြောခဲ့ပါသည်။

ရှင်ပေါလု ဆုတောင်းသောအခါ သူ့ကိုယ်ခန္ဓာ၌ရှိသောဆူးသည် ပြောင်းလဲခြင်းမရှိသော်လည်း၊ သူ၏အသက်တာပြောင်းလဲခဲ့ပါသည်။

ဂျော့ခ်ျမူလာက "ကျွန်ုပ်သည် အမှန်တကယ်အားနည်းသူ တစ်ဦးဖြစ်သောကြောင့် ဘုရားသခင်သည် ကျွန်ုပ်ကို ရွေးကောက်ခဲ့ပါသည်။ ဘုရားသခင်သည် ကော်မတီကြီးများအားဖြင့် ကြီးမားသောအလုပ်ကိုမလုပ်ပါ။ ပုဂ္ဂိုလ်တစ်ဦးအား ငြိမ်ဝပ်စွာနေရန် သွန်သင်ပြီး၊ နှိမ့်ချသူ

တစ်ဦးဖြစ်ရန် ဆုံးမပဲ့ပြင်ပြီးနောက် ထိုသူကို အသုံးပြုပါသည်။

ဆုတောင်းခြင်းသည် Adoniram Judson အား ဝိညာဉ်ရေးရာ၌ နက်နဲစွာအသက်ရှင်ရန် နှင့် ဘုရားသခင်ရှေ့၌ ငြိမ်ဝပ်စွာနေရန် အနိုင် အထက်ပြုစေခဲ့သည်။ သူ၏လုပ်ငန်းအားလုံးနှင့် ဖြစ်မြောက်မှုအားလုံးကို ဘုရားရှင်လက်ထဲအပ်နှံ ခဲ့သည်။

ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ကို ပြောင်းလဲ စေခြင်းအကြောင်းမှာ၊ ဆုတောင်းသောအခါ မိမိတို့အသက်တာကို ဘုရားသခင်လက်ထဲသို့ ဆက်ကပ်ပူဇော်လိုက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ် တို့၏ လိုအင်ဆန္ဒအားလုံးကို သူ့လက်ထဲသို့ အပ်နှံလိုက်ခြင်းကြောင့်ဖြစ်သည်။ ဤအရာသည် လွယ်ကူသောအရာ တစ်ခုမဟုတ်ပါ။ ဆုတောင်း ခြင်းသည် ကျွန်ုပ်တို့အား လောကနှင့်ဆန့်ကျင် ဘက်ဖြစ်စေမည်။ " To pray is to change, Prayer is the center avenue God uses to transform us." Richard Foster

(၃) ဆုတောင်းသူများ ကမ္ဘာကို ပြောင်းလဲစေမည်

(က) နေဟမိ (၁း၄-၅)

- ဘုရားသခင်သည် လောကတစ်ခုလုံး၏ အုပ်ချုပ်သူဖြစ်သည်ကို ယုံကြည်၏။

- မိမိ၌ရှုပါရုံရှိငြားသော်လည်း ဘုရားသခင် မပါရှိလျှင် ဘာမျှအကျိုးရှိမည်မဟုတ်ဟု သိရှိခဲ့ ၏။

- ဘုရားသခင်၏ကတိတော်ကို သိ၏။ ကကိတော်ကို စွဲကိုင်သောဆုတောင်းခြင်းသည် အလွန် ထိရောက်၏။

- သူ၏အားနည်းချက်၊ သူလူမျိုး၏အားနည်း ချက်အပြစ်များကို ဝန်ချတောင်းပန်ခဲ့၏။

- မယုံကြည်သောလူများ ဘုရားသခင်ကို သိရှိလာရန် ဆုတောင်းသည်။

(ခ) **Hudson Taylor** - ဤလူငယ်၏စိတ်နှလုံး သားထဲတွင် တရုတ်နိုင်ငံအတွက် ဝန်ထုပ်လေး လျက်ရှိပါသည်။ ဆုတောင်းခြင်းသည် သူနှင့်သူ၏ လုပ်ဖော်ဆောင်ဖက်များအတွက် ဗဟိုအချုပ်အ ချာဖြစ်၏။ သူတ "ဆုတောင်းခြင်းသည် မိမိထို့ စိတ်နှလုံးထဲရှိ ဝန်ထုပ်ဝန်ပိုးဖိစီးခြင်းများမှ ငြိမ်သက်ခြင်းပြန်လည်ရရှိရန် တစ်ခုတည်းသော လမ်းဖြစ်၏" ဟု ပြောခဲ့ပါသည်။ သူဆုတောင်း သောအခါ သူ၏အသက်တာ၊ သူ၏လုပ်ငန်းများ သည် ကမ္ဘာ့ခရစ်ယာန်သာသနာပြုရေး၏ သဘာဝကို တစ်မျိုး တမည်ပြောင်းလဲစေခဲ့ ပါသည်။ လူမျိုးခြားများကို ခရစ်ယာန်သာသနာ ပြုရာတွင် သူ၏နည်းဗျူဟာ၊ လုပ်ငန်းများသည် အခြားသူများ လိုက်လျောက်ရန် လမ်းညွှန်မှုဖြစ်ခဲ့ သည်။

(ဂ) **Jim Elliot** - ၂၀ ရာစုခရစ်ယာန် သာသနာ ပြုဆရာများထဲတွင် နာမည်ကျော်ကြားဆုံးသော ပုဂ္ဂိုလ်များထဲမှ တစ်ဦးဖြစ်ပါသည်။ ၁၉၅၅ ခုနှစ်တွင် သေဆုံးသွားသော်လည်း သူ၏အသက် ရှင်မှု၊ လုပ်ဆောင်ချက်လှိုင်းဂယက်များသည် ယနေ့ ထက်တိုင် ဩဇာလွှမ်းမိုးလျက်ရှိပါသည်။ အကြောင်းရင်းမှာ သစ္စာ ရှိရှိအမြဲ ဆုတောင်းသူ ဖြစ်သည်။ သူက "The saint who advances on him knee never retreats" ဟုပြော ခဲ့ပါသည်။

စာတစ်အုပ်ကို ဖတ်သောအခါ ကျေညက်စွာ

ဖတ်ကာ ရေးမှတ်လေ့ရှိပြီးနောက်၊ ဆုတောင်းပါသည်။ ဆုတောင်းပေးရန် နာမည်စာရင်းများထားရှိပြီး နေ့တိုင်းအပါတ်တိုင်း မိမိအခန်းထဲတွင် ဆုတောင်းပေးပါသည်။ အချိန်မလောက်ပါက လမ်းလျှောက်သည့်အခါ ခရီးသွားသည့် အချိန်များတွင် ဆုတောင်းပေး လေ့ရှိပါသည်။

ဆုတောင်းခြင်းသည် "ဝိညာဉ်ရေးရာတိုက်ပွဲ" တစ်ခုဖြစ်ကြောင်း နားလည်ထားသည်။ ဘုရားသခင်သည် သူ၏အရှင်သခင်ဖြစ်သည်။ ၂၀ရာစုဌ် မာတုရတစ်ဦးဖြစ်ပါသည်။ သေလွန်သွားသော်လည်း တရားဟောသေးသောသူဖြစ်ပါသည်။ (ဟေဗြဲ ၁၁း၄)

အသင်းတော်တွင် ထိရောက်စွာ ဆုတောင်းနိုင်ရန်၊ ဆုတောင်းခြင်းသည် "Passionate" "Fervent" ဖြစ်ရမည်။ အချိန်ကြာမြင့်ခြင်းဖြင့် ဆုတောင်းခြင်းကို မသတ်မှတ်ရန် အရေးကြီးသည်။

(၄) အသင်းတော်ဆုတောင်းခြင်းနှင့်သာသနာပြုရေး

Emil Brunner က " The church exists by mission as a fire exists by burning" ဟုပြောသည့်အတိုင်း အသင်းတော်သည် ခရစ်ယာန်သာသနာပြုရမည်။အမှန်တကယ် ဆုတောင်းခြင်းတွင် အားသန်သောအသင်းတော်တစ်ပါးသည် ခရစ်ယာန်သာသနာမပြုဘဲမနေနိုင်။ အမှန်တကယ် ခရစ်ယာန်သာသနာပြုသော အသင်းတစ်ပါးသည် ဆုမတောင်းဘဲနေနိုင်မည်မဟုတ်ပါ။ ဆုတောင်းခြင်းနှင့် ခရစ်ယာန်သာသနာပြုခြင်းကို ခွဲခြား၍ မရပါ။

အသင်းတော်များထိရောက်စွာ ခရစ်ယာန်သာသနာပြုနိုင်ရန် အောက်ဖော်ပြပါအချက်များအတိုင်း ဆုတောင်းစေလိုပါသည်။

(က) ဂုဏ်တော်ချီးမွမ်းခြင်းဖြင့် အစပြုပါ။ ကောင်းကင်မြေကြီးအရှင် ထာဝရဘုရား၏ဂုဏ်တော်ကိုရေတွက်လျက် ချီးမွမ်းပါ။ ယုံကြည်ခြင်းခွန်အား တိုးပွားလာမည်။

(ခ) အပြစ်ကို ဝန်ချတောင်းပန်ပါ။ ကျွန်ုပ်တို့အသက်တာပြောင်းလဲရန် ဘုရားသခင်၏အကြံအစည်တော်ဖြစ်သည်။ အဖြစ်ဝန်ချတောင်းပန်ခြင်းအားဖြင့် ကိုယ်တော်၏စကားကို ကြားနိုင်ရန် မိမိစိတ်နှလုံးတံခါးပွင့်လာမည်။

(ဂ) သေးငယ်သောအရာမှအစပြုပါ။ တစ်ဦးတစ်ယောက်အတွက် တိတိကျကျတစ်ခါမျှ ဆုမတောင်းသေးလျှင် ယခုတစ်ဦးတစ်ယောက်အတွက် စတင်ဆုတောင်းပေးပါ။ တိုးတက်ကောင်းမွန်လာမည်။

(ဃ) တိတိကျကျဆုတောင်းပါ။ "ခရစ်ယာန်သာသနာပြုဆရာအားလုံးကို ကောင်းကြီးပေးပါ" ဟု ဆုမတောင်းပါနှင့်။ နာမည်ဖော်၍သူ၏လိုအပ်ချက်ကို တိကျစွာတောင်းပါ။

(င) ဆုတောင်းခြင်းချဉ်းပိယံဖြစ်ပါ။

၁။ Prayer = တစ်ခါတစ်ရံဆုတောင်းသူ

၂။ Prayer Worrior = အမြဲဆုတောင်းသူ

၃။ Prayer Champion = အမြဲဆုတောင်းသူသာမကဘဲ ဆုတောင်းချက်များကို အခြားသူများအား ကူညီဆုတောင်းပေးစေသူ

(စ) ဆုတောင်းပေးရန် အချက်အလက်များ (Prayer a vailable resources) ထားရှိပါ။ ခရစ်ယာန်သာသနာပြုကွင်း၌အမှန်တကယ်လိုအပ်ချက်များကို သိရှိမှသာ ထိရောက်စွာ ဆုတောင်းပေးနိုင်မည်ဖြစ်သည်။ ထိုခရစ်ယာန်သာသနာပြုကွင်း သို့ ကိုယ်တိုင်သွားနိုင်လျှင် ပိုကောင်းမည်။

(ဆ) ခရစ်ယာန်သာသနာပြုဆရာများအတွက် ဆုတောင်းပေးသောအခါ သူတို့ထံမှလာသောသတင်းလွှာများ၊ စာရေးသားပေးပို့ချက်များကို ဆုမတောင်းခင် ဖတ်ပြပါ။ မြို့ပေါ်နေသော ခရစ်ယာန်သာသနာ ပြုဆရာများနှင့်ရှေ့တန်း၊ တောရွာဘက်တွင်နေသော ခရစ်ယာန်သာသနာပြုဆရာများ၏လို အပ်ချက်၊ ရင်ဆိုင်မှုများ တူညီမည်မဟုတ်ပါ။ "Soul winning is the chief business for all ministers and every true Christian pursuits it" C.H.Spurgeon.

"As long as the Church were scars, they made headway. When they began to wear medals, the cause languished. It was a greater day for the Church when Christians were fed to the lions than when they bought season tickets and sat in the grandstand".

"အသင်းတော်သည် ဒဏ်ရာဒဏ်ချက်အမာရွတ်တို့နှင့်ရှိနေသမျှ ကာလပတ်လုံးအမြဲတိုးတက်နေပေမည်။ ဂုဏ်ပြုတံဆိပ်များကို စတင်လွယ်လာသောအခါ ဆုတ်ယုတ်ယိုယွင်းလာ ပေလိမ့်မည်။ ခရစ်ယန်များ ခြင်္သေ့စာကျွေးခြင်း ခံရသောအချိန်ကာလသည် အထက်တန်း လက်မှတ်များဝယ်ပြီး၊ အထူးတန်းတွင် ထိုင်ကြည့်နေသောအချိန်တို့ထက် အသင်းတော်သည် ပို၍ အောင်မြင်မှုများရရှိနေမည်"

သိက္ခာတော်ရဒေါက်တာအော်နယ်ညီ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်

နိဂုံး

ခရစ်ယာန်သာသနာပြုခြင်းတွင်ပထမဦးဆုံးလုပ်ရမည့်လုပ်ငန်းမှာ "ဆုတောင်းခြင်း" ပင်ဖြစ်ပါသည်။ အသင်းတော်၏ ဆုတောင်းခြင်းကတ္တာမြင့်မားစေခြင်းဖြင့် ထိရောက်စွာ ခရစ်ယာန်သာသနာပြုနိုင်ကြပါစေ။



- Salvation is free, but it cost Someone an enormous price
- Sin deceives, then defiles, then deadens
- Salvation is not something we *achieve* but something we *receive*
- The Bible assures us that all who have a "second birth" shall never experience the "second death "
- Some who expect to be saved at the 11th hour die at 10 30!
- Man's soul finds no rest until it rests in God

ခရစ်ယာန်သာသနာ၊ ချင်းလူမျိုးများ၏ပညာရေးခရီးစဉ်အကျဉ်းနှင့် အနာဂတ်အတွက် မီးမောင်းထိုးတင်ပြချက်

စီ၊ ထန်ဇာတွင်း
ဒုတိယညွှန်ကြားရေးမှူးချုပ်

စကားပလွင်ခံချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် မှီတင်းနေထိုင်ကြသော "တောင်ပေါ်နေချင်း" နှင့် "မြေပြန့်နေချင်း" တို့အနက် ယခုချင်းပြည်နယ်ဟုသတ်မှတ်သော တောင်ပေါ်နေချင်းလူမျိုးများ၏ ပညာရေးခရီးစဉ်ကို အဓိကထား၍ သုံးသပ်တင်ပြရခြင်းဖြစ်သည်။ ထိုသို့ရေးသားရာတွင် အေဒီ ၁၉၀၀ အထိကို အတိတ်ကာလ အဖြစ်လည်းကောင်း၊ ၁၉၀၀ မှ ၂၀၀၃ အထိ ပစ္စုပ္ပန်ကာလ အဖြစ်လည်းကောင်း၊ ၂၀၀၃ မှ ၂၁ ရာစုနှစ်နှင့် တတိယ ထောင်စုနှစ်ကို အနာဂတ်ဟူ၍ တင်ပြအပ်ပါသည်။ ချင်းလူမျိုးများ၏ ကျောင်းတွင်းသင် ပညာရေး (Formal Education) သည် နှစ်၁၀၀ အထိသာ ရှိပါသေးကြောင်း၊ အရှိန်အဟုန်နှင့်တိုးတက် လာနေကြောင်း ဂုဏ်ယူအားရစရာအကြောင်း ဖြစ်နေပေသည်။ ကမ္ဘာနှင့်အဝှမ်းတိုးတက်ပြောင်းလဲနေသောလူမှုရေးနှင့် ပညာရေးအရမည်သို့ ပြင်ဆင်သင့်သည်ကို ပညာရေးတပ်လှန်နှိုးဆော် ရေးသားအပ်ပါသည်။ 'ပညာသည်သာရတနာ' ပညာသည်သာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေသည်ကို မြန်မာနိုင်ငံ ပညာရေး ပြုပြင်ပြောင်းလဲမှု နှင့် ယှဉ်၍ ဖော်ပြအပ်ပါသည်။

အတိတ်ကာလချင်းလူမျိုးများ၏ပညာရေး

ပညာရေးတိုးတက်ပြောင်းလဲမှု လှိုင်းကြီးသုံးခုဟု သတ်မှတ်ထားကြသည်။ ဘီစီ ၉၀၀၀မှ အေဒီ ၁၆၅၀ အထိ ပထမလှိုင်းကာလကို စိုက်ပျိုးမွေးမြူရေးခေတ်ဟူ၍လည်းကောင်း၊ အေဒီ ၁၆၅၀ မှ ၁၉၅၀ အထိ နှစ်ပေါင်း ၃၀၀ မျှရှိသော ကာလကို စက်မှုလက်မှုထွန်းကားပြန့်ပွားခေတ်ဖြစ်ပြီး ဒုတိယလှိုင်းဟု သမုတ်ကြသည်။ ၁၉၅၀ နောက်ပိုင်းကို တတိယလှိုင်းဟူ၍ ဆက်သွယ်ပညာပြန့်ပွားရေးခေတ် သို့တည်းမဟုတ် ကွန်ပျူတာနှင့်အီလက်ထရောနစ်ပညာခေတ်သို့ အရှိန်ပြင်းစွာဖြင့် ချဉ်းနင်းဝင်ရောက်လာပြီးဖြစ်ပါသည်။

ယခင်သမိုင်းအထောက်အထားများအရ ဘီစီ ၅၀၀၃နှစ်က မြောက်ဘက်စွန်းမှ ဝင်ရောက်

လာကြသော တိဘက်-မြန်မာအုပ်စု 'ပျူ'နှင့် 'သက်' အုပ်စုရောနှော၍ ဝင်ရောက်လာကြသော ချင်း လူမျိုးများသည် ချင်းတွင်းမြစ်နှင့် ရောဝတီမြစ် ဆုံဆည်းရာ တစ်ဝိုက်တွင် အလုံးအရင်းနှင့်နေထိုင် ကြသဖြင့် "ချင်းတွင်း" ဟု ခေါ်ဆိုကြသည်ဟု ဆို၏။ ထိုအချိန်တွင် ပုဂံ၊ ပုပ္ပါး၊ မကွေး၊ အောင်လံ၊ သရက်၊ တောင်တွင်းကြီး၊ နတ်မောက်ဒေသတွင်လည်း ရောနှော နေထိုင် ကြသည်။ ၁၁ရာစုမှ အနောက်မြောက်ဘက် တောင်တန်းသို့အုပ်စုအလိုက် ပြောင်းရွှေ့ နေထိုင်ကြပြီး နောက်ဆုံး အသုတ်သည် ၁၄ ရာစု ဦးပိုင်းတွင်ဖြစ်ကာ ယနေ့ချင်းပြည်နယ် ဒေသအသီးသီးတွင် ၁၉ ရာစု နှောင်းပိုင်း၌ ပြန့်နှံ့နေကြမြင်း ဖြစ်ကြောင်း သမိုင်းအရ သိရှိရသည်။

မြေပြန့်ဒေသတွင် ကျန်ရစ်ခဲ့သောချင်းများကို 'အရှိုချင်း' ဟူ၍လည်းကောင်း၊ တောင်ပေါ် ဒေသသို့ ရောက်ရှိသူများကို ဒေသအခေါ်အဝေါ် အရ 'ဇို၊ လိုင်ဇို၊ လိုင်၊ ချိုး၊ မတူနှင့်ခူမီး' စသည်ဖြင့် သတ်မှတ်ထားသူအားလုံးသည် ချင်းတစ်မျိုး တစ်နွယ်တည်းသားဖြစ်ပေသည်။

ပုဂံခေတ်အနော်ရထာမင်းလက်ထက်မှစ၍ ဗုဒ္ဓဘာသာထွန်းကားပြီး စာပေအရေးအသား ပေါ်ထွန်းကာ ဘုန်းတော်ကြီးသင်ပညာကျောင်း များ၊ တက္ကသိုလ်များအထိ ပေါ်ထွန်းနိုင်ခဲ့သော်လည်း တောင်ပေါ်နေချင်းလူမျိုးများသည် ရိုးရာ နတ်ကိုးကွယ်ပြီး စာပေအရေးအသားမပေါ်ထွန်း ခဲ့သေးဘဲ၊ သက်ကြီးစကားသက်ငယ်ကြား သို့မဟုတ် ပညာရေးဝေါဟာရ ကိုယ်တိုင်လေ့လာ သင်ယူသောပညာရပ် (Informal Education) အဆင့်၌သာ ကျင်လည်နေခဲ့သည်။

သို့သော်ငြားလည်း ချင်းလူကြီးများအတွင်း ပညာရှိ၊ ပညာရှင် (man of wisdom) များရှိခဲ့ ပါသည်။ ထိုပုဂ္ဂိုလ်များ၏အဆိုအမိန့်များကို စကားပုံ၊ စကားထာ၊ စည်းမျဉ်းဥပဒေကဲ့သို့ မှတ်ယူကြသည်။ ရိုးရာယဉ်ကျေးမှုကို ပေါ်ထွန်း စေခဲ့သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ မြင့်မား စွာ ထိန်းသိမ်းခဲ့ပြီး ရိုးရာဓလေ့ထုံးတမ်းစဉ်လာ များ ကြားနာ၊ မှတ်ယူ၊ ကျင့်သုံးခဲ့ပေသည်။ ဒေသကွဲပြားမှုကြောင့် ကျင့်သုံးမှု၌အနည်းငယ် ကွဲပြားမှုရှိသော်ငြားလည်း ပင်ရင်းအခြေခံရိုးရာ ယဉ်ကျေးမှုသည် အတူတူပင်ဖြစ်သည်။ ထိုသို့ဖြင့် အတိတ်ဘဝသည် စိုက်ပျိုးမွေးမြူရေးခေတ်၏ လွှမ်းမိုးမှုဖြင့် စာပေအရေးအသားမပေါ်ထွန်းခဲ့ ဘဲ ၁၉၀၀ခုနှစ်အထိ ပင်ဖြစ်သည်။

ခရစ်ယာန်သာသနာနှင့်ကျောင်းတွင်းသင်ပညာရေး (၁၉၀၀–၂၀၀၀)

ခေတ်ပညာရေးစနစ်ဟု ခေါ်ဆိုသော ကျောင်းတွင်းသင်ပညာရေး (Formal Educatıon) သည် ချင်းပြည်နယ်၌ ခရစ်ယာန် သာသနာ ပြုများ ရောက်ရှိလာသောအချိန်မှသာ စတင်ပေါ် ထွန်းလာခြင်းဖြစ်သည်။ ၁၈၉၉ ခု မတ်လ(၁၅) ရက်နေ့တွင် ဟားခါးမြို့သို့ ပထမဦးဆုံးခရစ်ယာန်သာသနာပြုရန် ရောက်ရှိ လာသော Revd. Arthur Carson တို့ ဇနီး မောင်နှံရောက်ရှိချိန်တွင် ၄င်းတို့၏စကားပြန် အဖော်အဖြစ် လိုက်ပါလာကြသော ဆရာစံဝင်း၊ ဆရာဖိုးကူး၊ ဆရာရွှေဇံ၊ ဆရာမောင်ကြား၊ ဆရာဖိုးအေး၊ ဆရာမောင်ကွန်းစသော ဓမ္မပညာရှိပုဂ္ဂိုလ်များက ၁၉၀၁ခုနှစ်မှစ၍ ဟားခါး၊ တီးတိန်၊ ခေါ်ဆ၊ တွန်းဇံ၊ ဇိုခွါး၊ လုံဘန်း၊ ဖလမ်း၊ ထန်တလန် စသောမြို့/ရွာကြီးများတွင် မြန်မာစာဖြင့် စတင်သင်ကြားပေးခြင်းသည်

ချင်းလူမျိုးများ၏ ပထမဦးဆုံးသောကျောင်းတွင်း ပညာသင်ကြား ခြင်း၏အစကနဦးဖြစ်သည်။ ၁၉၀၁ ခုနှစ်တွင် ဟားခါးမြို့၌ (ဆရာစံဝင်း)က သင်ကြားပေးခြင်းသည် ချင်းပြည်နယ်၏ ပထမဆုံးသော မြန်မာစာသင်ကြားခြင်းနှင့် ကျောင်းတွင်းပညာ သင်ကြားခြင်း၏အစဖြစ်ပါသည်။ ချင်းစာပေဟူ၍ မရှိသေးသဖြင့် မြန်မာစာဖြင့် စတင်သင်ကြားပေးခြင်းသည် ထူးခြားမှုတစ်ခုပင် ဖြစ်သည်။

ထိုစဉ်က ချင်းလူမျိုးထဲမှ Pu Pau Cin Hau သည် ချင်းစာပေတီထွင်သူနှင့် ချင်းဓလေ့ဖြင့် ဘုရားကိုးကွယ်ရေးစတင်သူ (Lai Pian Pa) သည် စကားလုံးပေါင်း (၁၀၅၀) ပါ သင်္ကေတအက္ခရာ ချင်းစာပေကို တီထွင်ပေးခဲ့သည်။ အုပ်စု(၆)စုခွဲ၍ သင်ကြားစေခဲ့သော်လည်း တွင်ကျယ်စွာ အသုံးမပြုနိုင်ခဲ့ပါ။

Surgeon Major A.E.G Newland ဆိုသူ ဗြိတိသျှစစ်ဗိုလ်ဆရာဝန်သည် ၁၈၉၇ခုနှစ် တွင် ရောမအက္ခရာသုံး ချင်းဘာသာစာပေကို ကျောင်းသင် ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်း သင်ကြားနိုင်ခဲ့ပါသည်။ ထိုသို့ချင်းစာပေ ပေါ်ထွန်း သင်ကြားနိုင်ခဲ့ချိန်မှစ၍ ချင်းလူမျိုးများ အတွင်း ကျောင်းနေနှုန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါသည်။ ၁၉၂၀-၂၁ခုနှစ်အထိ ချင်းလူမျိုးများထဲမှ စာတတ်သူဦးရေ ၁၅၉၉ ယောက်ရှိကြောင်း မှတ်တမ်းတင်ရှိထားပါသည်။

၁၉၂၉ ခုနှစ်တွင် အစိုးရမူလတန်းကျောင်း ၁၂ကျောင်းနှင့် အလယ်တန်းကျောင်း (၃) ကျောင်းရှိခဲ့ရာမှ ၁၉၃၅ခုနှစ်တွင် အစိုးရ မူလတန်းတျောင်း (၆၅) ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်လိုက်ပြီး၊ ကျောင်းသားကျောင်းသူပေါင်း (၃၀၀၅) ယောက်ရှိခဲ့ပါသည်။ ၁၉၃၅ ခုနှစ်တွင် ဖလမ်းမြို့ရှိ အစိုးရအလယ်တန်းကျောင်းကို နဝမကန်းအထိ သင်ကြားပေးသော အစိုးရ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ခဲ့ရာ ချင်းလူမျိုးများထဲမှ အထက်တန်းကျောင်းအထိ သင်ကြားနိုင်သော ပညာတတ်ပုဂ္ဂိုလ်များတိုးတက်လာခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးလွတ်လပ်ရေးရရှိလာသောအချိန် ၁၉၄၈ခုနှစ်တွင် ချင်းပြည်နယ်၌ အစိုးရအထက်တန်းကျောင်း (၁)ကျောင်း၊ အလယ်တန်းကျောင်း (၁) ကျောင်းအပါအဝင်စုစုပေါင်းအစိုးရကျောင်း (၈၉) ကျောင်းရှိခဲ့ပါသည်။

ကျောင်းတွင်းပညာသင်ကြားမှု အခွင့် အလမ်းပွင့်ချိန်မှစ၍ ချင်းလူမျိုးများသည် စာပေသင်ကြားလိုက်စားမှု အထူးခုံမင်နှစ်ခြိုက်လာကြသည်။ စာတတ်သူများအစိုးရဝန်ထမ်းအဖြစ် လက်ခံလာသောအခါ ပိုမိုတိုးတက်လာခဲ့သည်။ နိုင်ငံရေးခေတ်အဆက်ဆက်၌ နိုင်ငံတော်အစိုးရသည် ပြည်နယ်ပြည်မ မခွဲခြားဘဲ အုပ်ချုပ်ခဲ့သည်။ အထူးသဖြင့် ယခုမျက်မှောက်ခေတ်၌ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နှင့်တာဝန်ယူဆောင်ရွက်ကြသောအခါ ချင်းပြည်နယ်ရှိကျောင်းများသည် အောက်ပါအတိုင်းအဆင့်ဆင့်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ပညာရေးစီမံခန့်ခွဲမှုသည်လည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။

အဆင့်မြင့်ပညာရေးကဏ္ဍတွင် ပထမဦးဆုံးသောဘွဲ့ရသူတစ်ဦး ၁၉၃၈ ခုနှစ်တွင် ပေါ်ပေါက်လာရာ ၁၉၆၈ ခုနှစ်အထိချင်းလူမျိုးများထဲမှဘွဲ့ရပေါင်းစုံ (၂၃၄)ဦး၊ ၁၉၈၁ခုနှစ်တွင် (၁၃၁၉) ဦးနှင့် ၂၀၀၀ခုနှစ်အထိ (၁၁၅၂၉)ဦး အထိတိုးတက်လာခဲ့ပါသည်။ ၄င်းတို့အနက် ပါရဂူဘွဲ့ရသူ (၂၀)ကျော်၊ မဟာ (Master) အထိဘွဲ့ရ(၁၄၅)ဦး

နှစ်	တက္ကသိုလ် ကောလိပ်	အ.ထ.က	အ.လ.က	အ.မ.က	ဆရာ/မ	ကျောင်းသား
၁၉၀၁	-	-	-	၁	၁	၈
၁၉၁၀	-	-	-	၅	-	၂၃၀
၁၉၂၅	-	-	၃	၁၅	-	
၁၉၃၅	-	၁	၃	၅၈	၃၁	၂၁၃၉
၁၉၄၈	-	၁	၃	၈၅		
၁၉၆၂	-	၃	၂၂	၃၀၉	၃၉၃	၂၃၈၂၀
၁၉၈၈	-	၁၈	၃၉	၁၀၂၃		၃၉၆၄၀
၂၀၀၃	၁	၂၅	၈၃	၁၀၆၀	၄၄၅၂	၁၁၂၃၄၈

နှင့်ဘာသာရေး၌ပါရဂူဘွဲ့ရ(၃၂)ကျော်ရှိခဲ့ပါသည်။

ပစ္စုပ္ပန်ကာလဟုသတ်မှတ်ရမည့် ၁၉၀၀မှ ၂၀၀၃ခုနှစ်အထိ နှစ်တစ်ရာမျှသာရှိသောကာလသည် ချင်းလူမျိုးများ၏ပညာအလင်းခေတ်၊ ပညာသင်ကြားသောခေတ်ဟုခေါ်ဆိုရပေသည်။ ပညာသင်ယူသူများအနက် အမျိုးသမီးများသည် (၄၈%)အထိ ပါဝင်လာပြီး အမျိုးသားများနှင့် အတူ ရင်ဘောင်တန်း၍ ပညာသင်ကြားနိုင်ခဲ့ပါသည်။

ပညာရေးစနစ်သစ်အရ ၁၉၆၆ခုနှစ်နောက်ပိုင်းမှစ၍ တက္ကသိုလ်ဝင်ခွင့်ကို အမှတ်စနစ်ဖြင့် Professional Line သတ်မှတ်လာသောအခါ ချင်း လူမျိုးများထဲမှ ဆေးပညာ၊ အင်ဂျင်နီယာ၊ စီးပွားရေး၊ ကွန်ပျူတာပညာစသော အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်သူ နည်းပါးလာခဲ့သည်ကို သုံးသပ်မိပါသည်။

ရာစုသစ်အနာဂတ်ပညာရေးသို့

၁၉၅၀ ခုနှစ်နောက်ပိုင်းတွင် ကမ္ဘာ့ပညာရေးနှင့် လူမှုရေးသည် ကွန်ပျူတာ အသုံးပြု၍ E-Education ခေတ်သို့တစ်ဟုန်ထိုး ဝင်ရောက်လာနေပြီ ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ပညာတိုးပွား၍ 'ပညာခေတ်'(Knowledge Age)ဟုပင် အများက ခေါ်ဝေါ်လာသည်။ ပညာသင်ယူမှုသည် ကိုယ်ပိုင်ပညာရေး (Informal Education)၊ ကျောင်းတွင်း သင်ပညာရေး (Formal Education) နှင့် ကျောင်းပြင်ပ ပညာရေး (Non-formal Education) ဟူသော ချဉ်းကပ်နည်းဗျူဟာသုံးသွယ်ကို အစုံသုံးကာ အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်း (Learning Society) အဖြစ်သို့ ကူးပြောင်းလာသည်။ 'ပညာလိုအိုသည်မရှိ' သည်မှာ မှန်ကန်ထင်ရှားလာသည်။ နယ်နမိတ်အကန့်အသတ်မရှိ၊ နိုင်ငံနှင့် လူမျိုးမရွေး E- Education ဖြင့် ကမ္ဘာကြီးတစ်ခုလုံး၌ ပညာလေ့လာသင်ယူနိုင်သော အခြေအနေသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်ရောက်လာပြီးဖြစ်သည်။

ထို့သို့ပြောင်းလဲလာသောကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်၍နေနိုင်စေရန် မြန်မာနိုင်ငံ ပညာရေးစနစ်နှင့် ကျင့်သုံးမှုသည် ၁၉၉၈ ခုနှစ်မှ

စ၍ ပညာရေးမြှင့်တင်မှုအစီအစဉ် (Education Promotion Programme) ဖြင့် နှစ်စဉ်ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကာ ပညာရေးကို အရှိန်အဟုန်ပြင်းစွာနှင့် ပြောင်းလဲနေပြီဖြစ်သည်။ ကွန်ပျူတာ၊ ရုပ်မြင်သံကြား၊ Language Lab များကို အထက်တန်းကျောင်းတိုင်း၌ အသုံးပြုခြင်း၊ အများပြည်သူသင်ကြားရေးအတွက် "ရပ်ရွာပညာပဒေသာဌာန' (Community Learning Centre) များဖွင့်လှစ်လာခြင်းဖြင့် " ယခုမျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့်အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းလာစေရန်" မျှော်မှန်းချက် (Vision) ထားရှိလာခဲ့ပါသည်။ ထိုမျှော်မှန်းချက်များနှင့်အညီ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက် အံ့" ဟူ၍ ပညာရေးဆောင်ပုဒ်ကို မော်ကွန်းတင်ပြဋ္ဌာန်းလာပြီးဖြစ်သည်။

ရာစုသစ်နှင့်မျိုးဆက်သစ်အတွက် မြန်မာနိုင်ငံ၏ပညာရေးကို ပြင်ဆင်ရာတွင် နှစ်သုံးဆယ်ပညာရေးစီမံကိန်းရေးဆွဲလျက် အောက်ပါအတိုင်းဆောက်ရွက်နေသည်ကို ချင်းလူမျိုးမိဘပြည်သူများအပါအဝင် ကျောင်းသား၊ ကျောင်းသူများက သိရှိသဘောပေါက်စေရန် အကျဉ်းချုံးဖော်ပြအပ်ပါသည်။

(၁) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အသစ်ရေးဆွဲခြင်း။

(၂) လူတိုင်းအတွက် စာတတ်မြောက်ရေးမှလူတိုင်းအတွက် ပညာရေးသို့ (Education for All) ဦးတည်ခြင်း။

(၃) အစဉ်လေ့လာသင်ယူနေသောလူအဖွဲ့အစည်းသို့(Learning Centre)များဖွင့်လှစ်ခြင်း။

(၄) အစဉ်လေ့လာသင်ယူနိုင်ရန် ကျေးရွာပညာပဒေသာဌာနများ (Learning Centre) ဖွင့်လှစ်ခြင်း။

(၅) ဘဝအတွက် ကျွမ်းကျင်စရာ (Life- Skills) များပူးတွဲသင်ကြားခြင်း။

(၆) ကလေးပျော်ကျောင်း(ဝါ) ကလေးရှာဖွေသောကျောင်းများ တည်ထောင်လာခြင်း (Child Friendly Schools or Child Seeking Schools)

(၇) မူကြိုပညာရေးနှင့်ကလေးသူငယ်ပြုစုပျိုးထောင်၍ ပညာရေးအလေးထားခြင်း (Pre-schools for Early Child Care and Education)

(၈) မူလွန်ကျောင်းများ၊ တွဲဖက်နှင့်ကျောင်းခွဲများတိုးချဲ့ဖွင့်လှစ်ခြင်း။

(၉) အရည်အချင်း၊ အရည်အသွေးရှိသောပညာရေးရရှိစေရန် အတန်းတင်ပေးစနစ်နှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲများတွင် အရည်အချင်းမှတ်တမ်းချုပ်များပါ ထည့်သွင်းစဉ်းစားလာခြင်း၊ သင်ကြားရေးစနစ်ကို စာသင်သားဗဟိုပြုစနစ် (Child Centred Approach) သို့ ပြုပြင်ဦးတည်လာခြင်း။

(၁၀) ဆရာများပြုစုပျိုးထောင်ရေးစနစ်သစ်အသုံးပြုခြင်း၊ လုပ်ငန်းခွင်အကြိုသင်တန်း၊ PGDMA, PGDT များ ဖွင့်လှစ်ခြင်း။

(၁၁) E-Education အတွက် ကွန်ပျူတာ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ကက်ဆက်နှင့် Language Lab တို့ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာခြင်း။

(၁၂) တက္ကသိုလ်ပညာကို လူတိုင်းသင်ယူနိုင်အောင် အခွင့်အလမ်းများ တိုးချဲ့ဖွင့်လှစ်ခြင်း။

(၁၃) ကမ္ဘာတစ်ခုလုံး ကွန်ယက်ဖြင့် ဆက်နွယ်နေရာတွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသား

ယဉ်ကျေးမှုထိန်းသိမ်းနိုင်အောင် တိုးမြှင့်ဆောင်ရွက်လာခြင်း။

(၁၄) ပညာရေးသုတေသနကို အမြဲတိုးမြှင့်ဆောင်ရွက်ခြင်း။

တိုက်တွန်းနှိုးဆော်ချက်

လူမျိုးတိုင်း၌ ယဉ်ကျေးလိမ္မာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေထွန်းကားရေးသည် ဘာသာရေး၌ အရင်းခံနေသကဲ့သို့ ချင်းလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်ရေးအစသည် ခရစ်ယာန်ဘာသာမှ စပြီး စာပေအရေးအသားပေါ်ထွန်းနိုင်ခဲ့ကာ အခြားလူမျိုးများနည်းတူ ရင်ဘောင်တန်းနိုင်အောင် လေ့လာဆည်းပူးနေရပါသည်။

ယခုမျက်မှောက်ကာလ၏စိန်ခေါ်မှုများရင်ဆိုင်နိုင်ရန်အတွက် ချင်းလူမျိုးများသည် လက်မနှေး၊ အတွေးအခေါ်မနှေး၊ လုပ်ရပ်မနှေး စေရလေအောင် နိုင်ငံတော်မှ ချမှတ်သော ပညာရေးစနစ်ကိုကောင်းစွာ သဘောပေါက်နားလည်၍ တတ်မြောက်အောင် လေ့လာရပေသည်။

ပညာသင်ကြားရခြင်းသည် ဘဝအတွက် ပြင်ဆင်ခြင်း၊ လူသားဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက်ဖြစ်သကဲ့သို့ ပညာသင်ကြားရခြင်း (၁) တတ်ခြောက်ဖို့သင်ယူခြင်း၊ (၂) လုပ်ဆောင်တတ်ဖို့သင်ယူခြင်း၊ (၃) လူကောင်းသူကောင်းဖြစ်အောင်သင်ယူခြင်း၊ (၄) အေးချမ်းစွာအတူ ယှဉ်တွဲနေထိုင်နိုင်ဖို့သင်ယူခြင်း ဟူဆိုသော ပညာရေးမဏ္ဍိုင်လေးရပ်အပြင် (၅) အများပြည်သူနှင့်ကူးလူးဆက်ဆံတတ်အောင် သင်ယူခြင်းနှင့် (၆) ထိရောက်ထက်မြက်သော သင်ယူခြင်းတို့လည်း ပါဝင်နေပေသည်။ ယခုအချိန်တွင် အထူးသဖြင့် ကွန်ပျူတာပညာ၊ သခ်ၤာ၊ အင်္ဂလိပ်စာများကို အလေးပေးရန် လိုအပ်နေပါသည်။

အချုပ်ဆိုရသော်

-အစဉ်လေ့လာသင်ယူနေသောပတ်ဝန်းကျင်တွင် သင်ယူမှုသည် သော့ချက်ဖြစ်သည်။

- လိုအပ်သည်များ ပြန်လည်လေ့လာခြင်းနှင့် မလိုအပ်သည်များ ချန်ထားနိုင်ခြင်း။

- သင်ယူခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှုရစေခြင်းသို့ Learn to earn

- အသက်မွေးဝမ်းကျောင်းမှုမှ ရှင်သန်ခြင်းသို့ Earn to live

- ရှင်သန်ခြင်းမှလုပ်ဆောင်ခြင်းသို့ Live to serve

- လုပ်ဆောင်ခြင်းမှ ထိရောက်ထက်မြက်ခြင်းသို့ရောက်အောင် အစဉ်လေ့လာတွေးတောသင်ယူ (Serve to be effective) ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပေသည်။



✧ Salvation put off too long brings the tragedy of too late
✧ Jesus came into the world to talk to men for God, He is now in heaven talking to God for men
✧ Jesus came to save the LOST, the LAST, and the LEAST
✧ The poorest man is he whose only wealth is money

ရာပြည့်ပွဲတော်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်း

Revd. **လမ်ကျင်းထန်**

မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ကမ္ဘာနှင့်အဝှမ်းတွင်ဖြစ်စေ၊ ခရစ်တော်၌ တစ်လုံးတစ်ဝတည်း ဖြစ်ရန်လိုအပ် လှသော ကြောင့်မြန်မာနိုင်ငံနှစ်ခြင်း ခရစ်ယာန် အသင်းချုပ်၏ ခရစ်နှစ် ၂၀၀၃ အတွက် ဆောင်ပုဒ်မှာလည်း "အသင်းတော်များ တစ်လုံးတစ်ဝတည်းဖြစ်ရေး"ပင် ဖြစ်ပါသည်။ ကျနော်တို့ချင်းတိုင်းရင်းသားများအတွက် အလင်းရခဲ့သည်မှာ နှစ်တစ်ရာတိုင်ခဲ့ပြီ ဖြစ်သော်ငြားလည်း ဤတစ်လုံးတစ်ဝဖြစ်ရေးမှာ လူပြောအများဆုံးနှင့် လိုက်နာကျင့်သုံးမှု အနည်းဆုံးအရာ တစ်ခုဖြစ်နေလျက်ရှိရာ၊ အလိုအပ်ဆုံး အကြောင်းအရာတစ်ခုအဖြစ် ဖော်ပြလိုပါသည်။ သို့ဖြစ်လျှင်-တစ်လုံးတစ်ဝတည်းဆိုတာဘာလဲ? တကယ်တမ်းလိုက်နာကျင့်သုံးဖို့ရန်တွက် ဘာများလိုအပ်နေသလဲဆိုသည့်အချက်များကိုသိရှိရန် လိုအပ်လာပါသည်။ တစ်လုံးတစ်ဝတည်းဖြစ်ရေးတွင် လောကီပိုင်းဆိုင်ရာ (Organizational) တစ်လုံးတစ်ဝဖြစ်ရေးနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ (Spiritual) တစ်လုံးတစ်ဝတည်းဖြစ်ရေးဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။ ထိုနှစ်မျိုးလုံးပင် လိုအပ်ချက်ဖြစ်သော်လည်း ဝိညာဉ်ရေးတွင် တစ်လုံးတစ်ဝတည်း ဖြစ်ရေးမရှိပါက ခရစ်ယာန်များအတွက် အမိပ္ပါယ်မရှိနိုင်တော့ပါ။ ကျနော်တို့ချင်း တိုင်းရင်းသားဌာနေကို တစ်ဦးနှင့်တစ်ဦး တစ်လုံးတစ်ဝဖြစ်မှု အခေါင်းပါးဆုံးဌာနေဟုဆိုလျှင် မှားအံ့မထင်ပါ။ ချင်းနှစ်ခြင်း ခရစ်ယာန်အသင်းတော်များတွင် လောကီရေးနှင့် လောကုတ္တရာရေးတို့ တစ်လုံးတစ်ဝမဖြစ်မှု ကြောင့် သင်းကွဲများစွာ ဖြစ်ပေါ်လာရပါသည်။ ထိုသင်းကွဲများအတွင်းမှာလည်း တစ်လုံးတစ်ဝဖြစ်မှု မရှိကြသည့်အတွက် မဆုံးမသတ်နိုင်သော သင်းကွဲအသစ်များ ခွဲထွက်နိုင်ချေရှိကြောင်း အများအသိပင် ဖြစ်ပါသည်။ ခရစ်ယာန်များ တစ်လုံးတစ်ဝဖြစ်ရေးသည် အလိုအပ်ဆုံး ဖြစ်သောကြောင့် တမန်တော်ကြီးရှင်ပေါလုက (ဧဖက်၊ ၄း၄-၆)တွင် ဝိညာဉ်တစ်လုံးတစ်ဝဖြစ်ခြင်းဆိုင်ရာ အချက် (၇)ချက်ကို ယုံကြည်သူ ခရစ်ယာန်များအတွက် ဖော်ပြထားပါသည်။ (ယော၊ ၁၇း၂၁)

၁။ ကိုယ်တကိုယ် (One Body)

အရှင်ယေရှုကို အမှန်တကယ်လက်ခံယုံကြည်သောသူသည် ခရစ်တော်၏ခန္ဓာကိုယ်

အစိပ်အပိုင်း (ခြေ၊ လက်၊ မျက်စိ. . . စသည့်) အင်္ဂါတစ်ခုခုဖြစ်သည့်အလျောက် စစ်မှန်သော အသင်းတော်လည်း ဖြစ်ပေသည်။ အသင်းအဖွဲ့ ဂိုဏ်းဂဏအသီးသီးတွင် ပါဝင်နေကြစေကာမူ မိမိတို့၏ခန္ဓာသည် ခရစ်တော်တစ်ခုတည်း သာဖြစ်သည့် အတွက်ယုံကြည်သူ အားလုံးမှာ တစ်လုံးတစ်ဝတည်း ဖြစ်စဉ်မှသွေဖီ၍ မရပါပေ။ သင်းကွဲပြီးငြင်းခုံနေကြသည့် ကောရန္ထိ၊ အသင်းတော်သို့ တမန်တော်ကြီးရှင်ပေါလုက တစ်လုံးတစ်ဝဖြစ်ရေးကို တိုက်တွန်း နှိုးဆော် ခဲ့ရပါသည်။ ကောရန္ထိအသင်းတော် အတွင်းတွင် ပေါလု၏တပည့်၊ အာပေါလု၏တပည့်၊ ကေဖ၏ တပည့်ဟူ၍ ကွဲပြားကာ မသင့်မမြတ် ဖြစ်ခဲ့ ကြသည်။ လူပုဂ္ဂိုလ်အပေါ်တွင် ဗဟိုပြုခြင်း ဖြစ်သည့်အတွက်ခရစ်တော်၌ တစ်လုံးတစ်ဝ ဖြစ်ခြင်းကို ပျက်သုဉ်းစေခဲ့သည်။ခရစ်တော်ကို ဦးထိပ်မထားဘဲ သူ့ထက်ငါသာ မာန်တက် ကြသည့် အတွက် တစ်လုံးတစ်ဝဖြစ်စဉ် မတည်ရှိ နိုင်တော့ပေ။ ခန္ဓာကိုယ်တွင်အစိပ်အပိုင်း အမျိုးမျိုး ပါဝင်ရသကဲ့သို့၊ ထိုအစိပ်အပိုင်းများမှာ သူနေရာနှင့်သူ အရေးပါကြသည်သာဖြစ်သည်။ အသင်းတော်သည် ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်ပြီး၊ အသင်းသား ကျွန်တော်ကျွန်မတို့ ယုံကြည်သူ တိုင်းသည် ထိုကိုယ်ခန္ဓာ၏ အစိပ်အပိုင်း (ခြေလက်အင်္ဂါများ) ဖြစ်ကြကြောင်းကို သာ အားလုံးက သဘောပေါက် နားလည်နိုင်မည် ဆို လျှင်၊ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ပြု၍ ငြင်းခုံစရာရှိတော့မည် မဟုတ်ပေ။ ကိုယ်ခန္ဓာ အင်္ဂါတစ်ခု ဝေဒနာခံရလျှင် ကျန်အင်္ဂါအပေါင်း တို့သည်လည်း အတူခံရသည်။ အင်္ဂါတစ်ခုသည် ချီးမြှောက်ခြင်း ကိုခံရလျှင် ကျန်အင်္ဂါ အပေါင်း တို့ပါ အတူဝမ်းမြောက် ရကြသည်။ ထို့ကြောင့်ပင်၊ ယုံကြည်သူများအတွင်း တွင်ဝမ်းနည်းသောသူနှင့် အတူဝမ်းနည်း ပူဆွေးခြင်း၊ ဝမ်းမြောက်သောသူ နှင့် အတူဝမ်းမြောက်ခြင်းတို့သည် တစ်လုံးတစ်ဝ ဖြစ်ခြင်း၏ နိမိတ်လက္ခဏာ ဖြစ်ပါသည်။ (၁ကော ၁၂၁၀-၁၃၊ ၁ကော ၁၂း၁၂-၃၀၊ ရော ၁၂း၄-၈)

၂။ ဝိညာဉ်တစ်ပါး (One Spirit)

ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်သော အသင်းတော်အတွင်းတွင် တစ်လုံးတစ်ဝဖြစ်ခြင်း တည်ရှိနိုင်ခြင်းမှာ တစ်ဦးချင်းစီအတွင်းရှိ တူညီသော သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ဖြစ်သည်။ ဘုရားရှင်၏အမှုကို ဆောင်နိုင်ရန်ရရှိသော ဆုကျေးဇူးကို ယုံကြည်သူ တစ်ဦးချင်း၌ ကိန်းဝပ်သော ထိုဝိညာဉ်တော်မှ ပေးခြင်းဖြစ်သည်။ ဝိညာဉ်တော်တစ်ပါးတည်း၌ တစ်လုံးတစ်ဝရှိခြင်းဆိုရာတွင် ယုံကြည်သူ အားလုံး၏အစွမ်းအစ ဆောင်ရွက်နိုင်မှုကို တစ်မျိုးတည်း တူညီစေခြင်းမဟုတ်ဘဲ တစ်မျိုး တစ်ဘာသာစီ စွမ်းဆောင်နိုင်မှုကို ပေးထားခြင်း ဖြစ်သည်။ ထိုသို့အစွမ်းအစ အမျိုးမျိုးပေးထား သည့်အတွက်ကြောင့် ခရစ်တော်၏ခန္ဓာကိုယ် အတွက် လိုအပ်သမျှဆောင်ရွက်နိုင်ခြင်းဖြစ် သည်။ အချို့က သာသနာပြု၊ အချို့ပရောဖက်၊ အချို့ဧဝံဂေလိ၊ အချို့သင်းအုပ်၊ အချို့စာချုပ်ဂိုလ် စသည့်ဖြင့် စွမ်းရည်ပညာအမျိုးမျိုးကို ပေးပါ သည်။ ကိုယ်ရသည့် စွမ်းရည်ပညာကိုသာ ပစာန တားပြီး၊ အခြားသူရသည့်စွမ်းရည်ကို အလေး မထားတတ်ပါက တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ပြတ်တောက်စေပါသည်။ ထို့ကြောင့်ပင်၊

တမန်တော်ကြီး ရှင်ပေါလုက ဧဖက်အသင်းတော်အား "အရာရာ၌ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့်ပြည့်စုံသဖြင့် မေတ္တာစိတ်နှင့်တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်း ရှိကြ၍. . . "ဟု သတိပေး တိုက်တွန်းခဲ့ပါသည်။ လူသားတစ်ဦးကယ်တင်ခြင်းရနိုင်ရန်အတွက် ဝိညာဉ်တော်အားဖြင့် အပြစ်သားဖြစ်ကြောင်း သွန်သင်ပြီးမှ အပြစ်လွတ်ခြင်း (ကယ်တင်ခြင်း) ခံရကြောင်းကို သဘောပေါက်နားလည် စေပါသည်။ ဝိညာဉ်တော် ကိန်းဝပ် (ကယ်တင်ခြင်းရပြီး) သူတစ်ဦး အဖို့၊ အခြားသူတစ်ဦးနှင့်တစ်လုံးတစ်ဝတည်းဖြစ်ရန် မခဲယဉ်းတော့ပေ။ ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းရှိသူအတွက် တစ်လုံးတစ်ဝတည်းဖြစ်ရန် သာ၍ခက်ခဲမှု မရှိနိုင်တော့ပါ။ ဝမ်းနည်းဖွယ်ရာအကြောင်းတစ်ခုမှာ- ယနေ့ခေတ် ဝိညာဉ်တော်နှင့်ပြည့်ဝသူ အဖြစ် ကြွေးကြော်နေသူ အချင်းချင်းတစ်လုံးတစ်ဝတည်း မဖြစ်နိုင်ကြသည့် အချက်ပင်ဖြစ်သည်။ (ဧဖက် ၄း၁၁-၁၂။ ၄း၂။ ၅း၁၈)

၃။ မျှော်လင့်ခြင်းတစ်ပါး (One Hope)

စစ်မှန်သောယုံကြည်သူများအတွက်၊ သူတို့၏လောကီအသက်တာမည်သည့် အခြေအနေတွင်ရှိနေပါစေ၊ မျှော်လင့်ချက်တစ်ခုရှိမြဲပင်။ ထိုမျှော်လင့်ချက်ကို ကယ်တင်ခြင်း လက်ခံသည်နှင့်အတူတပါတည်းရရှိသည်ဖြစ်၍ အဘယ်အရာကမျှ မလုမယူနိုင်အောင် ခိုင်မာသည့် မျှော်လင့်ခြင်းဖြစ်သည်။ ချစ်ခင်သူတို့နှင့် ခွဲခွါရချိန်တွင်ပင် "မျှော်လင့်ခြင်း မရှိသော အခြားသူတို့ ဝမ်းနည်းသကဲ့သို့ သင်တို့ ဝမ်းမနည်း မည့်အကြောင်း. . . "ဟု ရှင်ပေါလုက တိုက်တွန်းထားပါသည်။ မျှော်လင့်ခြင်းမရှိသူတို့၏လမ်းဆုံးမှာငရဲ (**Hell**) ဖြစ်သည့်အတွက် ခွဲခွာရသည့် နောက်ဆုံးအချိန်တွင် ဝမ်းနည်းငိုကြွေးသမှု ပြုသင့်ပါသည်။ သူတို့သည် အပြစ်လွတ်ကြောင်းကို နားမလည်၊ သေခြင်းမှ ရှင်ပြန်ထမြောက်သူ ဖြစ်ကြောင်းကိုလည်း မသိသည့်အတွက် မျှော်လင့်ခြင်း အကြောင်းနှင့် ဝေးရပေသည်။ အပြစ်လွတ်ကြောင်းနှင့် သေခြင်းမှ လွတ်ကြောင်း နားလည်သဘောပေါက်ပြီးသူ (ကယ်တင်ခြင်းရပြီးသူ)များ၏လောကကို ခွဲခွာခြင်းအမှုမှာ ခရစ်တော် တဖန်ကြွလာချိန်တွင် အဦးထမြောက်ကြမည့် မျှော်လင့်ခြင်းရှိသူများဖြစ်သည့်အတွက် "အိပ်ပျော်နေသူများ" ဟုမှတ်ယူကြရသည်။ ထိုအချိန်တွင် အိပ်ပျော်နေသူများသာမက လောကတွင် အသက်ရှင်လျက်ရှိသေးသော မျှော်လင့်ခြင်းရှိသူများသည်လည်း ပုပ်စပ်တတ်သောခန္ဓာကိုယ်မှ မပုပ်စပ်နိုင်သောခန္ဓာကိုယ်သို့ တစ်ခဏခြင်းတွင် ပြောင်းလဲ၍ ချီဆောင်ခြင်းခံရမည်ဖြစ်သည်။ ကယ်တင်ခြင်း ရရုံသက်သက်ဖြင့် မနေ၊ အမှုတော်မြတ်၌ အလိုတော် ကိုဝန်ခံ၍ အစေခံပါဝင်တတ်သောသူတို့မှာ ဆုလာဒ် ချီးမြှင့်ခြင်းခံရဦးမည်ဖြစ်၍ ထိုမျှော်လင့်ခြင်းဖြင့် လက်ရှိလောက အသက်တာတွင် ကျေနပ်ရောင့်ရဲမှုကို ရကြပြီး ဖြစ်သည်။ ရရှိပြီးသားကယ်တင်ခြင်းကို ပြန်လည်ဆုံးရှုံးနိုင်သည်ဟုယုံကြည်သူများအတွက် ဘယ်သောအခါမျှမှန်ကန်သော မျှော်လင့်ခြင်းကို ရမည်မဟုတ်ပါ။ ထိုသူများအတွက် နေ့ရက် တိုင်းစိုးရိမ်ပူပန်မှု၊ ရှုပ်ထွေး နောက်ကျိမှုကို ကြုံရမည်သာ။ ယုံကြည်သောသူမှာမူ ခရစ်တော်က သူနှင့်

သူခမည်းတော်၏လက်မှ အာဘယ်သူမျှ မနှုတ်မယူနိုင်ရာဟု မိန့်တော်မူပြီးဖြစ်သည့် အတွက် စိုးရိမ်ပူပန်စရာမရှိတော့ပါ။ ဖော်ပြပြီးခဲ့သော မျှော်လင့်ခြင်းမျိုး ရှိသောသူများသာလျှင် စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းဌ် တည်နိုင်မည် ဖြစ်ပါသည်။(၂ကော ၅း၁၀၊ ၁သက် ၄း၁၃-၁၇၊ ယော ၁၀း၂၈-၂၉)

၄။ သခင်တစ်ပါးတည်း (One Lord)

ယုံကြည်သူအားလုံးသည် သဘောညီစွာ သခင်တစ်ပါးတည်း၏ အုပ်စိုးခြင်းကို ဝန်ခံသဖြင့် တစ်လုံး တစ်ဝတည်း ဖြစ်ခြင်းဌ် တည်နေပါသည်။ အဟိတိရစ္ဆာန်ဖြစ်သော ပုရွက်ဆိတ်သည် ဆရာမရှိ၊ ပဲ့ပြင်သောသူမရှိ၊ မင်းမရှိဘဲလျက် သဘောညီစွာ အစာကိုရှာဖွေ သိုထားတတ်ကြောင်း သုတ္တံကျမ်းတွင် သွန်သင်ထားပါသည်။ ခရစ်ယာန်ဂိုဏ်းဂနများစွာတွင်မိမိတို့ အသီးသီး၏ အယူဝါဒလမ်းစဉ် (Doctrine) ကိုသာအဓိက အထင်ကရထားကြ သောအခါ ခရစ်တော်၏ သခင်အရာကို ရွေ့လျော့ ပေါ့ပျက်သွားစေတတ်ပါသည်။ ခရစ်တော်ထက် သူတို့၏အယူဝါဒက ဩဇာသက်ရောက် သွားပါသည်။ သခင်အရာဌ် ခရစ်တော်ကို မထားတော့ဘဲ မိမိတို့ကသာ သခင်အရာကို နေရာယူမိတတ်ပါသည်။ ထို့ကြောင့်ပင် အသင်းတော်အမြဲမျိုးမျိုးဌ် ခိုက်ရန်ဖြစ်ပွားခြင်း၊ နေရာလုခြင်းနှင့် လူစုခွဲခြင်းများ ဖြစ်လာပါတော့သည်။ သခင်တစ်ပါးတည်းကို အားလုံးဝန်ခံနိုင်ကြရန်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သော ခရစ်တော်ကို သိကျွမ်းခြင်းလိုအပ်ပါသည်။ ခရစ်တော်ကို သိကျွမ်းခြင်းသည် ထာဝရအသက်ရှင်ခြင်း၏ အကြောင်းရင်းဖြစ်သည်။ ဟေဗြဲဘာသာအားဖြင့် "သိကျွမ်းခြင်း"၏ အဓိပ္ပါယ်မှာ ဇနီးမောင်နှံ၏ ရင်းနှီးကျွမ်းဝင်မှုမျိုးဖြစ်သည်။ ခရစ်တော်ကို မင်္ဂလာဆောင်လုလင်ဟုလည်းကောင်း၊ ယုံကြည်သူကို မင်္ဂလာဆောင် သတို့သမီးဟူ၍လည်းကောင်း ကျမ်းစာ တွင်ဖော်ပြထားသည်။ သို့ဆိုလျှင် ထိမ်းမြားလက်ထပ်ထားသည့် ဇနီးမောင်နှံကဲ့သို့ သခင်ခရစ်တော်နှင့် ရင်းနှီးကျွမ်း ဝင်မှုမျိုး ရှိပြီးပြီလား ဆိုသည့်အချက်သည် အလွန်အရေးကြီးလှပါသည်။ ဇနီးသည်က ဦးခေါင်းဖြစ်သော ခင်ပွန်းသည်၏ အုပ်စိုးခြင်းကို ဝန်ခံသကဲ့သို့ အသင်းတော်သည်လည်း ခရစ်တော်ကို ဦးခေါင်းအရာဌ်ထားကာ၊ သူ၏ အုပ်စိုးခြင်းကို ဝန်ခံရန်ဖြစ်သည်။ ခရစ်တော်အား ကယ်တင်ရှင်အဖြစ် လက်ခံကြပါသော်လည်း၊ သခင်အဖြစ် လက်ခံသူ နည်းလှ ပါသည်။ ခရစ်တော်ကို ကျနော်တို့ဖက်မှ သိရှိသော်လည်း၊ သင်တို့ကို ငါအလျဉ်းမသိဟု အပယ်ခံရသူ ဖြစ်နေမည်လား? ခရစ်တော်သည် ငါ၏သခင်ဖြစ်သည်ဟု ကြွေးကြော်လျက်နှင့်ပင်၊ အဆိုးမပြင်၊ အကောင်းမမြင် ပို၍ဆိုးလာပြီး မည်သူနှင့်မျှ တစ်လုံးတစ်ဝတည်း မဖြစ်နိုင်သူများ ရှိနေခြင်းသည် လောကတွင်အံ့သြဖွယ် အကောင်းဆုံးပင်ဖြစ်တော့သည်။ (သုတ္တံ ၆း၆-၇၊ ကမ္ဘာ ၄း၁၊ ယော ၁၇း၃၊ မဿဲ ၇း၂၁-၂၃)

၅။ ယုံကြည်ခြင်းတစ်ပါးတည်း (One Faith)

ကယ်တင်ခြင်းရရန် လမ်းတစ်သွယ်သာရှိပြီး၊ ထိုလမ်းမှာ ယေရှုခရစ်တော်သာဖြစ်ပါသည်။ ကယ်တင်ခြင်းရရန် နည်းလမ်းများစွာ ရှိသည်ဟု

၆။ ဗတ္တိဇံတစ်ပါး (One Baptism)

ဗတ္တိဇံတစ်မျိုးတည်း ရှိပါသော်လည်း ဂိုဏ်းဂဏ အမျိုးမျိုးတွင် အတွေးခေါ် အမျိုးမျိုး ပေါ်ပေါက်လာပါသည်။ အချို့က ရေတွင်နှစ်၍ ၎င်း၊ အချို့က ရေလောင်း၊ အချို့က ရေဖျန်း၊ အချို့က ရေကိုလုံးဝအသုံးမပြုစသည်ဖြင့် ကွဲပြားသွားသည်။ မည်သို့ပင်ဆိုစေကာမူ၊ အပြစ်သား တစ်ဦးသည် ခရစ်တော်ကို ကယ်တင်ပိုင်ရှင် အဖြစ်လက်ခံသည့်အချိန်တွင် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းမင်္ဂလာ သက်ရောက်ပြီးဖြစ်သည်။ ပင်တေကုတ္တေပွဲနေ့မတိုင်မီ အထိယောဟန်ဗတ္တိဇံမင်္ဂလာဟုတွင် ပြီး၊ ပင်တေကုတ္တေပွဲနေ့နောက်ပိုင်းတွင် သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံ မင်္ဂလာဟုတွင် ပါသည်။ ထိုဝိညာဉ်တော် တစ်ပါးတည်း ကပင် ယုံကြည်သူ အားလုံးကို ဝိညာဉ်တော် ဗတ္တိဇံမင်္ဂလာပေးပြီး၊ ခရစ်တော်၏ ခန္ဓာကိုယ်အစိပ်အပိုင်းတစ်ခု ဖြစ်စေပါသည်။ ဝိညာဉ်တော်ဗတ္တိဇံမင်္ဂလာ (ဒုတိယမွေးခြင်း) လုံးဝမရှိဘဲလျက် ရေနှစ်ခြင်း ခံသူအများအပြားရှိပါသည်။ နှစ်ခြင်းမင်္ဂလာခံခြင်းဖြင့် ဒုတိယမွေးခြင်းခံရပြီဟု ယူဆတတ်ကြသည်။ နှစ်ခြင်းခံခြင်းဖြင့် ကယ်တင်ခြင်း (ဘုရားသားအဖြစ် ဒုတိယမွေးဖွားခြင်း) ရသည်မဟုတ်ဘဲ၊ကယ်တင်ခြင်းရ၍သာ နှစ်ခြင်းခံခြင်းဖြစ်ပေသည်။ ထိုနှစ်ခြင်းခံခြင်းသည် ကိုယ်ခန္ဓာ အညစ်အကြေးသန့်စင်ရန် မဟုတ်ဘဲ ကိုယ့်ကိုကိုယ်သိသောစိတ်ကြည်လင်၍ ဘုရားရှေ့၌ ဝန်ခံခြင်းဖြစ်ပါသည်။ ခရစ်တော်နည်းတူပြုခြင်းဖြစ်၍ ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်တွင် အသေခံကာ ဂူသချိုင်းတွင် အတူမြှုပ်နှံခြင်းခံပြီး၊ သေခြင်းမှအတူ ရှင်ပြန်ယုံကြည်သူများနှင့် လမ်းတစ်သွယ်သာ ရှိသည်ဟု ယုံကြည်သူတို့သည် ဘယ်သောအခါမျှ တစ်လုံးတစ်ဝတည်း ဖြစ်နိုင်မည်မဟုတ်ပေ။ ယုံကြည်ခြင်းတစ်ခုတည်း ဆိုသည်မှာ၊ ဝမ်းမြောက်ဘွယ်သတင်းကောင်း (ကျွန်ုပ်တို့ကို ကယ်တင်နိုင်သော အမည်နာမ) တစ်ခုတည်း ရှိကြောင်းကို ယုံကြည်ခြင်း ဖြစ်သည်။ တမန်တော်ရှင်ပေါလုက "သင်တို့အား ငါဟောပြောသော ဧဝံဂေလိတရားမှ တစ်ပါး အခြားသော ဧဝံဂေလိတရားကို ဟောမြောသောသူသည် ကျိန်တော်မူမြင်းကို ခံစေ။"ဟု ဂလာတိဩဝါဒစာတွင် အတိအလင်း ဖော်ပြထားပါသည်။ ရှင်ပေါလု၏ ဝမ်းမြောက်ဘွယ် ဧဝံဂေလိတရားမှာ "ခရစ်တော်သည်ငါ၏ အပြစ်ကြောင့် အသေသတ်ခြင်း ခံရပြီး သင်္ဂြိုဟ်ခြင်း ခံကာ၊ သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်တော်မူသည်" ဟူ၍ဖြစ်သည်။ အခြားသောဝမ်း ခြောက်ဖွယ်သတင်းဆိုသည်မှာ အကျင့်နှင့် ပညတ်တော်လိုက်လျှောက်နိုင်မှုကို ဝါကြွားခြင်း၊ ဘာသာရေး ကြိုးစားခြင်းတို့ဖြစ်ပြီး ခရစ်တော်သာလျှင် အရှင်သခင်အဖြစ် ထားသော ယုံကြည်သူတို့နှင့် ယုံကြည်မှုဝါဒ ကွဲပြားကာ တစ်လုံးတစ်ဝတည်း မဖြစ်နိုင်တော့ပေ။ လူသုံးလေးဦးကို မဆိုထားနှင့်၊ မိမိတစ်ကိုယ်တည်း ပင်လျှင် တစ်ခါတစ်ရံ စိတ်တွင်းပဋိပက္ခဖြစ်တတ်ပါသေးသည်။ သို့သော် ဝမ်းမြောက်ဘွယ်သတင်း အနှစ်သာရကို ရရှိသူများအနေဖြင့် အသင်းအဖွဲ့ ကွဲနေကြသော်ငြားလည်း တစ်ဦးနှင့်တစ်ဦး တစ်လုံးတစ်ဝတည်း ဖြစ်နိုင်ကြပါသည်။ (ယော ၁၇း၆၊ ဂလာ ၁း၆-၈၊ ၁ကော ၁၅း၃-၄၊ ဧဖက် ၂း၈-၉)

ထမြောက်ခြင်း အဓိပ္ပါယ်ဖြစ်သည်။ အသင်းတော်အချို့က ယေရှုနာမ၌ ရေနှစ်ခြင်းခံခြင်းဖြင့် ကယ်တင်ခြင်း ရမည်ဟု ယုံကြည်သဖြင့် လမ်းလွဲသူ (**neo-cult**)စာရင်းတွင် ထည့်သွင်းထားပါသည်။ အချို့သူများမှာမူ အခြားသောဘာသာစကား ပြောတတ်ခြင်းဖြင့် ဝိညာဉ်တော် ဗတ္တိဇံ မင်္ဂလာခံယူရရှိပြီဟု ထင်မိမှားကြပြန်သည်။ အခြားကိုးကွယ်မှုများ တွင်လည်း အခြားဘာသာစကား ပြောခြင်းကို တွေ့ရသောကြောင့် အခြားဘာသာ စကားအားလုံးကို ဝိညာဉ်တော်၌ ဗတ္တိဇံမင်္ဂလာခံယူခြင်းဟု တထစ်ချ ပြော၍မရပါ။ သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံ ယူသူစစ်မှန်မှသာလျှင် ခရစ်တော်ကိုယ်တိုင် ဝတ်ဆောင်သောသူ ဖြစ်၍ တစ်လုံးတစ်ဝတည်း အဖြစ်၌ တည်နိုင်မည်ဖြစ်သည်။ (မဿဲ ၃း၁၁၊ ၁ကော ၁၂း၁၃၊ ၁ပေ ၃း၂၁)

၇။ အဘဖြစ်သောဘုရားသခင်တစ်ပါးတည်း (One God and Father)

တပည့်တော်များ တစ်လုံးတစ်ဝဖြစ်ရေးတွင် နောက်ဆုံးနှင့်အဓိက အကျဆုံးအချက်မှာ ခမည်းတော် ဘုရားတစ်ပါးတည်းရှိခြင်း ဖြစ်သည်။ ခရစ်တော်ကိုယ်တော်တိုင် "ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏အဖ" ဟုအစချီ၍ ပဌာနာပြုခဲ့သည်။ ဤပဌာနာတော်ကို ရွက်ဆိုကျင့်သုံးသူတိုင်းသည် ခရစ်တော်ကို ယုံကြည်လက်ခံ ခြင်းဖြင့် ဘုရားသားဖြစ်ပြီးသူ ဖြစ်ရပါမည်။ ကယ်တင်ခြင်းရသူ၏အဖမှာ ထာဝရဘုရားဖြစ်ပြီး၊ ကယ်တင်ခြင်းမရ သောသူ (ခရစ်တော်ကို လက်ခံယုံကြည်ခြင်း မရှိသူ)၏ အဖမှာ စာတန်ဖြစ်သည်။ အဘ (မိသားစု) ပြောင်းပြီးကြောင်း ခံစားရဖူး ပါပြီ လား? ဒုတိယမွေးဖွားခြင်းခံခြင်းဖြင့် ဘုရား သခင်၏ မိသားစုဝင်ဖြစ်ပြီး ခရစ်တော်၏ ညီအစ်ကိုများ ဖြစ်ပါသည်။ ကျနော်တို့မည်မျှပင် ညစ်စွန်းရွံရှာဖွယ်ကောင်းပါစေ၊ ဘုရားသခင်သား အဖြစ်ကိုရသောအခါ ခရစ်တော်ဘုရားက ညီအစ်ကိုဟူ၍ ခေါ်ခြင်းငှါ ရှက်ကြောက်တော်မမူပါ။ ကယ်တင်ခြင်းရပြီးသူအားလုံးသည် အဖတစ်ပါးတည်းဖြစ်သောကြောင့် တစ်လုံးတစ်ဝတည်း ဖြစ်နိုင်သည်။ အချို့ဘာသာဝင်များသည် ဘုရားကိုအဖဟုခေါ်ရန် မဝံ့ရဲဘဲ၊ ထိုသို့အဖဟုခေါ်မိပါက ဘုရား၏နာမကို အသရေရှုတ်ချသကဲ့သို့ ယူဆထားကြသည်။ ကျွန်တော်တို့ ခရစ်ယာန်များအတွက်မူ၊ ဘုရားသားဖြစ်ကြောင်း ကိုယ်ကိုကိုယ် မသိသောသူ၏ဝိညာဉ်မှာ စာတန်၏သားအဖြစ် ထာဝရငရဲသို့ ရောက်ရန်သာရှိတော့သည်။ သုံးပါးတစ်ဆူတွင် ခမည်းတော်ကို အမြင့်ဆုံး အထွတ်တွင် ထားသည်။ အမြင့်ဆုံးနေရာကိုသာ လုနေကြမည်ဆိုလျှင် အဘယ်မျှဝမ်းနည်းဖွယ်ကောင်းမည်နည်း။ လူစီဖာသည် ခမည်းတော်ကဲ့သို့ဖြစ်ရန် ဆန္ဒရှိသဖြင့် ကောင်းကင်တမန်အဆင့်မှ စာတန်ဆိုးဘဝသို့ ရောက်ရသည်မဟုတ်လော။ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားက ခမည်းတော်ဘုရားကို အမြင့်ဆုံးအထွတ်တွင် ထားသည်နည်းတူ၊ ကျွန်တော်တို့ ယုံကြည်သူအားလုံးသည်လည်း ခမည်းတော်ဘုရားကို အမြင့်ဆုံးနေရာတွင် အစဉ်ချီးမြှောက်ခစားကြပါက တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၌ တည်ကြရပြီဖြစ်သည်။ (မဿဲ ၆း၉၊ ယော ၈း၄၄၊ ယော ၃း၃၊ ၁း၁၂၊ ဟေ ၂း၁၁)

နိဂုံး

လွန်လေပြီးသော နှစ်တစ်ရာကာလ မတိုင်မီက ချင်းတိုင်းရင်းသားတို့သည် အမျိုးတစ်မျိုးနှင့် တစ်မျိုး၊ တစ်ရွာနှင့်တစ်ရွာ၊ ဆွေမျိုးစုတစ်စုနှင့် တစ်စုစစ်မက်ပြုခဲ့ကြသည်။ နိုင်သောသူက ရှုံးသောသူကို အနိုင်ကျင့်ကာ အသေသတ်ခြင်း သို့မဟုတ် ကျွန်အဖြစ် ခိုင်းစေခြင်းပြုခဲ့ကြသည်။ နှစ်ခြင်းခရစ်ယာန်သာသနာတော် ထွန်းကားလာသည့် အခါမှသာ၊ ဝမ်းမြောက်ဘွယ်သတင်းကောင်းအားဖြင့် ယုံကြည်ကိုးကွယ်မှု၌ သာမက အတတ်ပညာ၊အသိပညာနှင့် အသက်မွေးဝမ်းကြောင်း ပညာရပ်များတွင် တိုးတက်လာပြီး၊ အသက်တာများ ပြောင်းလဲလာနိုင်ပါတော့သည်။ သို့သော် စိတ်မချမ်းမြေ့စရာကောင်းသည်မှာ ချင်းတိုင်းရင်းသားခရစ်ယာန်များသည် တစ်လုံးတစ်ဝဖြစ်ရေးထက်၊ သင်းကွဲရေးနှင့် အသင်းသစ်ထူထောင်ရေးတွင် စိတ်အားထက်သန်ကြောင်း တွေ့ရသည်။ မိမိတို့အချင်းချင်း ယုံကြည်ကျင့်သုံးသည့်မူဝါဒအလိုက် အသင်းကွဲနေခြင်းကြောင့် အခြားမယုံကြည်သောလူများကို ဝေမျှလက်တွဲခေါ်ရန် အဟန့်အတားဖြစ်ရပါသည်။ ချင်းတွင်းခရစ်ယာန်သာသနာတွင် တာဝန်ယူစဉ်က စုမိသည့် ယုံကြည်သူအသစ်အချို့ကို အခြားအဖွဲ့တစ်ဖွဲ့ ရောက်လာကာ "နှစ်ခြင်းယုံကြည်မှုဖြင့် ကယ်တင်ခြင်းမရောက်နိုင်။ ကျွန်တော်တို့အဖွဲ့၏ခံယူသော ယုံကြည်ကျင့်သုံးမှုအားဖြင့်သာ ကယ်တင်ခြင်းရနိုင်သည်" ဟူ၍ သွေးဆောင်သိမ်းသွင်းခဲ့ပါသည်။ ထိုအခြေအနေတွင် ဗုဒ္ဓဘာသာမှပြောင်းလဲလာသူများက "အဲဒီလို သင်းပြောင်းကြေးဆိုရင်၊ ယေရှုကို ယုံကြည်ရင်ပြီးရော၊ အရင်အတိုင်းပဲ ပြန်နေကြမယ်" ဟုဆိုကြသဖြင့် ကမောက်ကမ ဖြစ်ခဲ့ရပါသည်။ ယနေ့ထိတိုင် ကျွန်တော်တို့ တိုင်းရင်းသားများသည် သူတစ်ပါး၏အားကျ၊ စံထားလောက်စရာ မဖြစ်ကြသေးပါ။ ကုန်လွန်ခဲ့သည့် နှစ်တစ်ရာအတွင်း မည်မျှပင် စည်းလုံးမှုမရှိကွဲပြားနေခဲ့ကြ ပါစေ၊ လာမည့်အနာဂတ်တွင် တစ်လုံးတစ်ဝတည်း ဖြစ်နိုင်ရန် အလေးအနက်ထား၍ ဆုတောင်းဆက်ကပ်ကြပါစို့။ ခရစ်တော်က ခမည်းတော် ဘုရားထံ "ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဘ ကိုယ်တော်သည် အကျွန်ုပ်၌ ရှိတော်မူ၍၊ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှါ ဆုတောင်းပါ၏"ဟူသည့် တောင်းပန်သည့်အချက်သည် ကျနော်တို့ ချင်းတိုင်းရင်းသားများအတွက် အထူးပင် လိုအပ်လှပါသည်။ သူတကာထက် ပို၍ဝန်ခံစရာ ဖြစ်ကြောင်း တိုက်တွန်းလိုပါသည်။ နှစ်တစ်ရာပြည့်ဓမ္မသဘင် ကျင်းပရာ ခေါ်ဆောင်ရွာတွင် ခရစ်တော်ကိုယ်တော်တိုင် တရားဟောမည်ဆိုပါက၊ ချင်းတိုင်းရင်းသားများကို ခီးမွမ်းဂုဏ်ပြုရမည့်အစား၊ ဝမ်းနည်းမျက်ရည်ပင် ကျရာမည်ထင်ပါသည်။ သို့ပါ၍ ခရစ်တော်ဘုရား၏ မျက်နှာတော်တွင် အားရကျေနပ်ခြင်းကို ပြန်လည်တွေ့ရှိနိုင်ရန်အတွက်၊ အလိုတော်ကို သိမှတ်လျက် တစ်ဦးနှင့်တစ်ဦး တစ်လုံးတစ်ဝ ဖြစ်ခြင်း၌ တည်မြဲကြပါစို့။ (ယော ၁၇း၂၁)

အောင်နိုင်သူအမျိုးသမီးအဖြစ်သို့

(Towards Becoming A Victorious Woman)

Revd. Hau Lun Cing

" သင်ထလော့။ လင်းလော့။ သင်၏ အလင်းရောက်လာပြီ။ ထာဝရဘုရား၏ဘုန်းတော် သည် သင်၏အပေါ်မှာ ထွန်းလင်းလျက်ရှိ၏။ ကြည့်ရှုလော့၊ မှောင်မိုက်သည် မြေကြီးကို ဖုံးလွှမ်း လိမ့်မည်။ ထူထပ်သောမှောင်မိုက်သည် မြေကြီးကို ဖုံးလွှမ်းလိမ့်မည်။ သို့သော်လည်း သင်၏အပေါ်မှာ ထာဝရဘုရားသည် ပေါ်ထွန်းတော်မူ၍ ဘုန်းတော်သည် သင်၏အပေါ်မှာ ထင်ရှားလျက် ရှိလိမ့်မည်" (ဟေရှာယ ၆၀း၁-၂)

အမျိုးသမီးတိုင်းသည် အောင်နိုင်သူ (victorious) ဖြစ်နိုင်ခွင့်ရှိသည်။ အောင်နိုင်သူ ဖြစ်ရန်လည်း ဘုရားသခင်သတ်မှတ်ထား၏။ သင်သည် မျော်မှန်းထားသော အောင်မြင်မှုပန်း တိုင်သို့မရောက်နိုင်ခဲ့သော်ငြားလည်း ရှုံးနိမ့်သူ လုံးဝမဟုတ်ပါ။ (you are not a failure or a loser) ရွေးချယ်မှု (choice) မှားယွင်းသူသာလျှင် ဖြစ်သည်။ အဘယ်ကြောင့်နည်း။ မည်သူမဆို မိမိလျှောက်လှမ်းရမည့် ဘဝခရီးလမ်းကြောင်းကို စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်ရှိသည်။ အောင်မြင်ခြင်းနှင့်မအောင်မြင်ခြင်းတို့သည် သင့်ရွေးချယ်မှုပေါ်တွင် မူတည်ပါသည်။[1]

ဤအချက်ကို နားလည်နိုင်ရန် အောက်ပါအဆိုများ (၀၊) နှိုင်းယှဉ်ချက်များကို သေချာစွာ စဉ်းစားပါ။

- ညည်းညူနေသူနှင့်ဇွဲလုံ့လရှိသူ
- မိမိ၏စွမ်းရည်ကို ဥပေက္ခာပြုသူနှင့် စွမ်းရည်ကို လက်ခံအသုံးပြုသူ။
- မည်သည့်တစ်စုံတစ်ရာမျှ မပြုလုပ်သူနှင့် အားသွန်ခွန်စိုက်အလုပ်လုပ်သူ
- ယုံကြည်ချက်ရှိသူနှင့် ဘာမျှယုံကြည်ချက်မရှိသူ

ချစ်သော အမျိုးသမီးသင်သည် မည်သည့်အရာကို ရွေးချယ်ပါသနည်း။ သင်သည် မည်သည့်အုပ်စု၌ ပါဝင်သူဖြစ်သနည်း။

အထက်ပါ ဆန့်ကျင်ဘက်အတွဲများအားလုံး၌ မြားနားစေသောအချက်နှစ်ချက်သာရှိသည်။ " လုပ်သူ/လှုပ်ရှားသူ" (doer) နှင့် " မလုပ်သူ/မလှုပ်မရှားဘဲနေသောသူ" (non doer) ဟူသော အချက်ပင်ဖြစ်သည်။[2] ဤအရာသည် ဘဝ

အသက်တာ အောင်မြင်တိုးတက်ရေး၏ အဓိက သော့ချက် (Key) ပင်ဖြစ်သည်။ အလွန်ပင် ရိုးစင်းလှသောအမှန်တရားလည်း ဖြစ်သည်။

အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းဟူသည် "ပြုလုပ်ခြင်း" နှင့် " လုံးဝမပြုလုပ်ခြင်း" ပေါ်၌သာ မူတည်ပါသည်။ လူမျိုး/မျိုးရိုးနှင့်ဂုဏ်၊ အသားရောင်နှင့်ဂုဏ်၊ လူမှုရေးအဆင့်အတန်းနှင့်ဂုဏ်၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်ဂုဏ်၊ ပြောဆိုသောဘာသာစကားနှင့်ဂုဏ် လုံးဝမသက်ဆိုင်ပါ။ ယောကျ်ား၊ မိန်းမတည်းဟူသော လိင်(sex) အပေါ်၌လည်း မူတည်ခြင်းမရှိပါ။

ပြုလုပ်သူ (doers) နှင့်မပြုလုပ်သူ (non-doers)

ဘုရားသခင်ပေးထားသော အရင်းအမြစ်များဖြစ်သည့် ဥာဏ်ပညာ၊ သတ္တိစွမ်းရည်များကို ယုံကြည်စိတ်ချလက်ခံကျင့်သုံးသူသည် အောင်နိုင်သူ (the winner) ဖြစ်၏။ ထိုအရင်းအမြစ်များကို ကောင်းစွာ အသုံးချသူအား သခင်ဘုရားနှစ်သက်၏။ ယုံကြည်စိတ်ချအားကိုး၍ ချီးမြှောက်၏။ အရင်းအပြစ်ကို အသုံးမပြု ဘာမျှမလုပ်ကိုင်သူအား " ပျင်းရိသူ၊ သစ္စာမဲ့သူ" ဟု သတ်မှတ်၍ စီရင်ပြစ်ဒဏ်ချ၏။

ဤအချက်နှင့်စပ်လျဉ်း၍ သခင်ယေရှုဟောပြောသော ဥပမသုံးခုကို သမ္မာကျမ်းစာ၌ တွေ့ရလေသည်။ ပထမဥပမာ (မဿဲ ၂၅း ၁-၁၃)တွင် ပညာသတိရှိသော ကညာပျိုငါးဦးတို့သည် မီးခွက်နှင့်အတူ "ဘူး၌ပါသောဆီ" ကို ကြိုတင်ရှာဖွေရရှိထားသောကြောင့် မင်္ဂလာဆောင်လုလင်နှင့်အတူ ပွဲသို့ဝင်ရ၏။ မိုက်မဲသော ကညာငါးဦးကား မီးခွက်၌ထွန်းရန် လိုအပ်သော ဆီအတွက် လုံးဝဂရုစိုက်ခြင်းမပြု၊ ဝိရိယကင်းမဲ့စွာ အိပ်ပျော်ကြသဖြင့် အပြင်၌ အမှောင်ထဲတွင်ကျန်ခဲ့၏။

ဒုတိယဥပမာ (၂၅း၁၄-၃၀) ၌ ငယ်သားသုံးဦးအနက် "အသီးသီးအစွမ်းသတ္တိရှိသည့်အတိုင်း" သခင်အပ်နှံထားသော ဘဏ္ဍာငွေသားများကို သခင့်အတွက် တိုးပွားအောင် ကြိုးပမ်းလုပ်ဆောင်ကြသော "သစ္စာရှိ" ငယ်သားနှစ်ဦးသည် သခင်၏ချီးမွမ်းခြင်း၊ ယုံကြည်အားကိုးခြင်းကြောင့် "များစွာသောအမှုအခွင့်ကို ကိုထပ်မံအပ်နှင်းခြင်း" " သခင်နှင့်အတူစည်းစိမ်ဝင်စားခြင်း" ဆုကျေးဇူးခံစားရ၏။ တတိယငယ်သားသည် သခင်ပေးအပ်သောအရင်းအမြစ်ငွေအခွက်တစ်ဆယ်ကို "အသုံးမပြု" ဘဲအလဟသထားခဲ့သောကြောင့် "ပျင်းရိဆိုးညစ်သူ" ဖြစ်၏။ သခင်၏အပြစ်ဒဏ်ချမှတ်ခြင်းခံရ၏။

တတိယဥပမာ (၂၅း၃၁-၄၆)တွင် သခင်ဘုရား၏လက်ျာတော်ဘက်နေရာကျသော "ဖြောင့်မတ်သူ"တို့သည် "ခမည်းတော်၏ကောင်းကြီး မင်္ဂလာခံ၍ ပြည်တော်ကို အမွေခံ"ရ၏။ အဘယ်ကြောင့်နည်း။ ထိုသူတို့သည် မိမိတို့ပိုင်ဆိုင်သော အရင်းအမြစ်များကို အသုံးချသောကြောင့်ဖြစ်သည်။ သူတစ်ပါးအား ကျွေးမွေးပြုစုခြင်း၊ ပေးကမ်းခြင်း၊ မစကူညီခြင်း၊ အားပေးနှစ်သိမ့်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်း စသည်အားဖြင့် မိမိတို့တတ်နိုင်သောပမာဏဖြင့် သူတစ်ပါး၏အကျိုးကို သယ်ပိုးထမ်းရွက်ကြသော ကြောင့်ပင်။ သခင့်လက်ဝဲဘက်ရှိသူတို့သည် မည်သည့်အရာတစ်ခုမျှမလုပ်ခဲ့ခြင်း၊ အများအကျိုးပြုလုပ်ငန်းတစ်စုံတစ်ခုမျှ စိတ်ပါဝင်စားမှု

မရှိခြင်း (မလုပ်သော) အပြစ်ကြောင့် ကျိန်ခြင်းခံ၍ ထာဝရငရဲမီးအိုင်သို့သွားရန် ခမည်းတော်ဘုရား အမိန့်ချ၏။

ထို့ကြောင့် "ငါတို့ရှိသမျှသည် ဘုရားသခင်၏စစ်ကြောတော်မူခြင်းကို ခံရကြမည်" (ရောမ ၁၄း၁၂) တစ်စုံတစ်ရာမျှ စိတ်ပါဝင်စားမှုမရှိ၊ အကျိုးဖြစ်စေမည့် မည်သည့်အရာကိုမျှ ပြုလုပ်လိုခြင်းမရှိသော အမျိုးသမီးသည် "ပျင်းရိသူ၊ သစ္စာမဲ့သူ" ဖြစ်၍ အကျိုးယုတ်သောအမျိုးသမီးဖြစ်၏။ ရှုံ့ချခြင်းခံထိုက်သောသူဖြစ်၏။ ဇွဲလုံ့လဝီရိယရှိသောအမျိုးသမီးမူကား သခင်ဘုရား၏စိတ်တော်နှင့်တွေ့ခြင်း၊ မြောက်စားချီးမြှင့်ခြင်းခံရသော အောင်နိုင်သူ (victorious) အမျိုးသမီးဖြစ်သည်။

သို့ဖြစ်လျှင် အောင်နိုင်သူအမျိုးသမီး (victorious woman) ဖြစ်နိုင်ရန် မည်သို့ပြုရမည်နည်း။

၁။ မိမိ၏ဘဝကို အောက်သို့ဆွဲချခြင်းဖြစ်စေသောမှားယွင်းသည့် အတွေးအခေါ်၊ အယူအဆများကို ဖယ်ရှားစွန့်လွှတ်ရမည်။

၂။ နှုတ်ကပတ်တော်လာသမွှာတရားကို လက်ခံယုံကြည်လျက် ကျင့်သုံးရမည်။

၃။ သူတစ်ပါး၏ထမ်းရွက်သောဝန်ကို ပေါ့ပါးစေသူဖြစ်ရမည်။ ဆိုလိုသည်မှာ မိမိနှင့်ထိစပ်လျက်ရှိသော ပတ်ဝန်းကျင်ကို အကျိုးပြုသောသူဖြစ်ရမည်။

၁။ စွန့်ပယ်ရမည့် မှားယွင်းသောအတွေးအခေါ်များ

ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော ကမ္ဘာ့နိုင်ငံအများအပြားရှိ အမျိုးသမီးများသည် မှားယွင်း သောခံယူချက်များ၏ ချည်နှောင်မှုခံနေရသည်။ မိန်းမဘဝသည် ယုတ်ညံ့သည်။ တန်ဖိုးမရှိ၊ လင်ယူ သားမွေးရန်သာ ဖြစ်သည်။ ထို့ကြောင့် စာတတ်ရန်မလို၊ (သေစာရှင်စာအဆင့် လောက်တော်ပြီ)။ မိန်းမသည် မိဘမောင်ဖွားများ၊ လင်ယောကျ်ားများကို လုပ်ကျွေးပြုစု၍ အစေခံရန် သက်သက်ဖြစ်သည်။ . . . စသောလွဲမှားသော အတွေး အခေါ်များကြောင့်၊ အမျိုးသမီးမြောက်များစွာတို့သည် အရည်အချင်းရှိသော်လည်း "ပတ္တမြား ကောင်းနွံ၌ နစ်သကဲ့သို့" မိမိတို့အရည်အချင်းကို ထုတ်ဖော်အသုံးပြုခွင့်မရဘဲ အသက်တာကုန်ဆုံးရသည်။

မြန်မာနိုင်ငံ၌လည်း အထူးသဖြင့် တိုင်းရင်းသားချင်းအမျိုးသမီးများသည် ယေဘုယျအားဖြင့် "မိမိတို့သည် ခွန်အားနည်းသူ၊ ပညာနည်းပါးသူ၊ အစွမ်းအစကင်းမဲ့သူဖြစ်သည်" ဟု မှားယွင်းစွာခံယူလေ့ရှိသည်။ ဤသို့ ခံယူစေရန်လည်း ပတ်ဝန်းကျင်မှ ဖိအားပေးထား၏။ ချင်းအမျိုးသမီးမြောက်များစွာသည် ဘုရားသခင်ပေးအပ်ထားသော မွေးရာပါစွမ်းရည် အရင်းအမြစ်များအကြောင်းကို သိခွင့်မရှိကြပေ။ ဤသို့ဖြင့် အများစုက မိမိသည် အရည်အချင်းများစွာ ပိုင်ဆိုင်၍ တန်ဖိုးရှိသောသူဖြစ်ကြောင်း မသိသဖြင့် မိမိ၏စွမ်းရည်များဖြင့် ပတ်ဝန်းကျင်ကို တန်ဆာဆင်တိုးတက်စေရန် တာဝန်ရှိကြောင်း မသိရှိကြချေ။ ဤအရာသည် ချင်းလူမျိုးအတွက် ကြီးမားသောဆုံးရှုံးမှုဖြစ်၏။ အသင်းတော်ရပ်ကွက်နှင့်နိုင်ငံအတွက် နစ်နာမှု ဖြစ်၏။

က။ မှားယွင်းသောအတွေးအခေါ်များ ဘယ်က လာသနည်း။

ဤသို့ အမျိုးသမီးများအား နှိပ်ကွပ်မှုကို ဖြစ်စေသောမှန်ကန်သည့် အတွေးအခေါ် အယူအဆများသည် ရှေးဟောင်းလူမျိုးစုဓလေ့ထုံးတမ်း စဉ်လာများမှ အထူးသဖြင့် ရောက်လာ၏။ ရှေးဟောင်း ယဉ်ကျေးမှု ခေတ်များ၌ မိန်းမသည် ယောကျ်ားများ၏ အသုံးအဆောင် တန်ဆာအဖြစ်၄င်း၊ ကုန်ပစ္စည်းတစ်ခုကဲ့သို့၄င်း၊ အစေခံကျွန် အဖြစ်၄င်း ခံယူကျင့်သုံးကြောင်း တွေ့ရသည်။ ကျွန်ုပ်တို့ နားလည်ရမည့်အချက်မှာ ဓလေ့ထုံးစံ ဟူသည် "ကြီးနိုင်၊ ငယ်ညှင်း" ဝါဒကို ကျင့်သုံး သော ရှေးဟောင်းခေတ်၌ လူမျိုးစု စည်းလုံးရေး၊ တည်တံ့ရေးအတွက် ထိုခေတ်ကာလ၌ ကျင့်သုံး ကြသော စည်းမျဉ်း စည်းကမ်းသာလျှင် ဖြစ်သည်[3] သမ္မာတရား မဟုတ်ပါ။ ကောင်းသောမူမလေ့ ထုံးစံများကိုကား ဆက်လက်ထိန်းသိမ်း၍ မဲ့ကောင်းသော အယူအဆဓလေ့များကို စွန့်လွှတ်ရ ပေမည်။

အချို့သောသူများက ဓမ္မဟောင်းခေတ်တွင် ဘုရားသခင်သည် မိန်းမများကို နှိပ်ကွပ် ထားသည်ဟု ထင်မြင်ကြသည်။ ဓမ္မသစ်တွင်လည်း အမျိုးသမီးများ၏ကဏ္ဍကို ကန့်သတ်ထားသည် ဟုခံယူကြ၏။ ခရစ်ယာန်များ၌ ဤမမှန်ကန် သောခံယူချက်သည် အဘယ်ကြောင့် ပေါ်ပေါက် လာပါသနည်း

(က) သမ္မာကျမ်းစာကို ဘက်လိုက် ၍ ဖတ်ရှုခြင်း (biased reading of the Bible)

(ခ) မှားယွင်းသောအနက်ဖွင့်ခြင်း (wrong interpretation)၊

(ဂ) မှားယွင်းသော သွန်သင်ခြင်း (wrong teaching) တို့ကြောင့် ဖြစ်လာရ၏။[4]

ခ။ မှားယွင်းသော အတွေးအခေါ်များကို ဖယ်ရှားခြင်း

ဓမ္မဟောင်းခေတ်

အမျိုးသမီးများ၏ကဏ္ဍနှင့်စပ်ဆိုင်၍ ခရစ်ယာန်တို့၏မှားယွင်းသော ယုံကြည်ချက်များကို ဖယ်ရှားရမည်ဖြစ်သည်။ ဤအချက်ကို ရှင်းပြလိုပါသည်။ ပဋိညာဉ်ဟောင်းခေတ် (old covenant) တွင် ထာဝရဘုရားသခင်သည် မိမိ၏ဇာတိတော် (nature) ကို လူသားအပေါင်းတို့အား ဖော်ပြ (reveal) နိုင်ရန်၊ ဣသရေလလူမျိုးတစ်မျိုးကို အာပြံဟ်အား အခြေခံ၍ ရွေးကောက်ခဲ့၏။ ဣသရေလလူမျိုးတို့ နားလည်သဘောပေါက်နိုင်လောက်သော အဆင့်ပမာဏအားဖြင့် မိမိ၏ကြိုတင်ဟောကြားခြင်း (revelation) ကို တဆင့်ပြီးတဆင့် ဖော်ပြခဲ့၏။ မောရှေပညတ်မှတဆင့် ပရောဖက်များအား အသုံးပြု၍ ဖော်ပြခဲ့၏။

ဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်းအလွန်နည်းပါး၍ ယုတ်မာ၊ ဆိုးသွမ်းရက်စက်မှုများဖြင့် ပြည့်နှက်လျက်ရှိသော ရှေးဟောင်းကမ္ဘာတွင် ထာဝရဘုရားသည် စစ်မှန်၍ ဖြောင့်မတ်တရားမျှတသော ဘုရားသခင်ဖြစ်ကြောင်း၊ အပြစ်ကို မှန်ကန်စွာ စီရင်သောဘုရားသခင် ဖြစ်ကြောင်း ဖော်ပြရန် " မျက်လုံးတစ်ဖက်အတွက် မျက်လုံးကစ်ဖက်. . . " အစရှိသော သေစားသေစေ၊ ပညတ်တော်ကို ပေးအပ်ခဲ့၏။ အမျိုးသမီးများနှင့် ပတ်သက်၍လည်း ပတ်ဝန်းကျင်ဒေသရှိ လူမျိုး

တကာထက်သာ၍ အဆင့်မြင့်တင်မေးထား ကြောင်း၊ အကာအကွယ်ပေးထားကြောင်း တွေ့ရ၏။ (တရားဟောရာကျမ်း ၂၁း ၁၀-၁၄၊ ၂၂း ၁၃၊ ၂၂း ၂၈။ တရားသူကြီး ၄း၄-၆၊ ၄မမ ၂၂း ၁၄-၂၀။ သုတ္တံ ၃၀း ၁၆တို့ကိုရှု)

ဓမ္မသစ်ခေတ်

ပဋိညာဉ်သစ်တွင် သခင်ယေရှုသည် ဓမ္မ ဟောင်း ပညတ်များထက် ကျော်လွန်၍ချစ်ခြင်း မေတ္တာနှင့်ဖြောင့်မတ်ခြင်းတရားကို အခြေခံသော ဘုရားသခင်၏နိုင်ငံတော်ဓမ္မသတ်များ (the laws of the kingdom of God) ကို သွန်သင် ဟောပြောခဲ့၏။ (မဿဲ ၅း၆၊၇။) အမျိုးသမီးများ နှင့် စပ်လျဉ်း၍ ယေရှုခရစ်တော်သည် ထိုခေတ် ကာလ၏ဓလေ့ထုံးစံကို ကျော်လွှား၍ လူရာသွင်း ခြင်းမခံရသော အမျိုးသမီးများကိုပင် ဂုဏ်သိက္ခာ ရှိသော လူသားပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြု၏။ လေးစားခြင်းနှင့် ဆက်ဆံ၏။ (Jesus treated the women with respect as human beings of dignity) သာဓကမြောက်များစွာရှိသည်။ (ယောဟန် ၄း၈၊လုကာ ၈း၂ ၇း၄၄-၅၀၊ ၈း၂ ၁၃း၁၀-၁၃။ မာကု ၅း၂၅-၃၄)။ ဂုဏ်သရေရှိ အမျိုးသမီးများသည်လည်း ခရစ်တော်နှင့်အတူ ဒေသစာရီလှည့်လည်၍ အမှုတော်ဆောင်ကြ၏။ (လုကာ ၈း၂-၃)

ရှေးအသင်းတော်ကာလ

ကနဦးအသင်းတော်ကာလ (early church period - AD 33-100) ၌လည်း သင်း အုပ်တာဝန်ကိုယူသော အမျိုးသမီးသင်းအုပ်(၀ါ) သင်းထောက်များရှိခဲ့ကြ၏။ ဖိဗေ (ရောမ ၁၆း၁) တရုဖန နှင့်တရုဖေါသ၊ ပေရသိ (ငယ် ၁၂၊ ၁၃) မြစ်ကိလ (တမန် ၁၈း၁၈)တို့သည် အသင်းတော် ၌ သင်းအုပ်(သို့)ဆရာ (teacher) များဖြစ်ကြ၏။

ရှေးဟောင်းအသင်းတော်ကာလ (ancient church period - AD 100- 300 ခန့်)တွင်လည်း အခြားသောသင်းအုပ်/ခေါင်းဆောင် အမျိုးသမီး ကြီးများရှိခဲ့ကြောင်း သမိုင်းအထောက်အထား များ ဖော်ထုတ်တွေ့ရ၏။ အာဇာနည်မာတုရ (Martyrs) အမျိုးသမီးများလည်းရှိခဲ့သည်။ သို့သော်လည်း ကျယ်ပြန့်စွာရေး သားဖော်ပြခြင်း မခံရသဖြင့် ထိုအကြောင်းအရာများကို အများက မသိရှိကြပေ။

အလယ်ခေတ်

အလယ်ခေတ်ကာလ (Medieval Age) ၌အမျိုးသမီးများကို တဖန်ချုပ်ချယ်လာကြ သည်။ အလယ်ခေတ်(အကြမ်းအားဖြင့် AD 500 မှ AD 1500) တလျှောက်လုံး၌ ရဟန်းဘုန်းတော်ကြီး များမှအပ အခြားမည်သူမျှကျမ်းစာကို ကိုင်တွယ် ခွင့်မပြုဘဲ ပိတ်ပင်ထား၏။[5] အထက်ထန်းလွှာမှ မင်းမျိုးမင်းနွယ်အချို့နှင့်ခရစ်ယာန်သံဃာဂိုဏ်း ဝင်တို့သာလျှင် စာဖတ်တတ်၏။ အချို့ ခရစ်ယာန် သာသနာ ခေါင်းဆောင်ဘုန်းကြီးများ ပင်လျှင် စာမတတ်ကြပေ။ ထို့ကြောင့် သမ္မာ ကျမ်းစာကို မိမိတို့ထင်မြင်ယူဆချက်များဖြင့် အမျိုးမျိုးအနက်ဖွင့် ဟောပြောကြ၏။ ဤသို့ဖြင့် အလယ်ခေတ်လူတို့သည် မိမိထို့ ဝိညာဉ်အလင်း အတွက် သမ္မာကျမ်းစာကို ဖတ်ရှုနိုင်ခြင်း မရှိသဖြင့် ခရစ်ယာန်သာသနာ့ခေါင်းဆောင်

များ၏ဩဝါဒစကားများပေါ်၌သာ အခြေပြုရ၏။ [6]

ဤအလယ်ခေတ်ကို " အမှောင်ခေတ်" (dark ages) ဟူ၍လည်း ကမ္ဘာ့သမိုင်း၌မှတ်ယူကြ၏။တချို့ကလည်းမှာဝင် ရှေးဟောင်းဂရိယဉ်ကျေးမှုသည် အသင်းတော်သို့ တဖန်ပြန်လည်လွှမ်းမိုးလာသောအခါ အမျိုးသမီးများအား ဖိနှိပ်ချုပ်ချယ်မှုအတွေးအခေါ်များ ခရစ်ယာန်အသင်းတော်အတွင်း ပျံ့နှံ့လွှမ်းမိုးလာ၏။ မိန်းမများသည် ဆင်ခြင်တုံတရားမရှိ၊ မိုက်မဲသည် တန်ဖိုးမရှိဟူသော သွန်သင်မှုများပေါ်ထွက်လာ၏။ [7]

ပြုပြင်ပြောင်းလဲရေးခေတ်

၁၆ရာစုခရစ်ယာန်သာသနာရေးပြုပြင်ပြောင်းလဲမှု (Protestant Reformation) ကာလမှစ၍ အမျိုးသမီးများခရစ်ယာန်သာသနာရေး၊လူမှုရေးကဏ္ဍတို့၌ ဦးဆောင်ပါဝင်ကြသော်လည်း သမရိုးကျအတွေး အခေါ်ကြောင့် အမျိုးသမီးများ၏ကဏ္ဍသည် သမိုင်း၌မှေးမှိန်သွားရ၏။

မျက်မှောက်ခေတ် (Modern Period)

AD 1600 (ဝါ) 17th ရာစုမှစ၍ယနေ့ ထိ အသင်းတော်တိုးတက်မှုများ၊ နှိုးထမှုကြီးများပေါ်ပေါက်လာသောအခါ အမျိုးသမီးခေါင်းဆောင်ကြီးများ မြောက်များစွာတွေ့ရ၏။ လူမှုရေး ကဏ္ဍများတွင် ရှေ့တန်းမှ ဦးဆောင်သူများ၊ ခရစ်ယာန်သာသနာပြုများ၊ အသင်းတော်တည်ထောင်သူများ၊ သင်းအုပ်များ၊ ဧဝံဝေလိဆရာမကြီးများအဖြစ်ဖွင်း၊ သမ္မာကျမ်းစာအနက်ဖွင့် သင်ပေးသူ(teachers)များ၊ စာရေးဆရာမကြီးများတို့၏ကဏ္ဍသည် စာအုပ်စာပေများ၌ မှတ်တမ်းတင်ထားကြောင်း တွေ့ရသည်။

၂၁ရာစု၏ခရစ်ယာန်အမျိုးသမီးများသည် ရှေးဟောင်းအယူအဆများနှင့် မမှန်ကန်သော သမရိုးကျအတွေးအခေါ်များကို မိမိတို့ခံယူချက်မှ တွန်းလှန်ဖယ်ရှားရမည်ဖြစ်သည်။ ထာဝရဘုရား၏နှုတ်ကပတ်သမ္မာကျမ်းစာ၏မှန်ကန်သော ဩဝါဒများကိုသာ မှီဝဲဆည်းကပ်ရန်လိုအပ်သည်။ မိမိ၏တန်ဖိုးနှင့် အရည်အချင်းကိုနှိပ်ကွပ်သော အတွေးအမြင်မှားများ စွန့်လွှတ်လျက် မိမိတန်ဖိုးနှင့်အရည်အချင်းကို အသိအမှတ်ပြုသော သမ္မာတရားကိုသာ ရွေးချယ်လက်ခံရပေမည်။

၂။ လက်ခံယုံကြည်ရမည့်သမ္မာတရား

ဤဆောင်းပါး၏ပထမပိုင်းတွင် အောင်မြင်သူ (winner) ဖြစ်ခြင်းနှင့် ရှုံးနိမ့်သူ (loser) ဖြစ်ခြင်းသည် ရွေးချယ်မှုပေါ်၌မူတည်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ အမျိုးသမီးတိုင်း မိမိသည် အောင်နိုင်သူ (victorious) ဖြစ်သည်ဟူသော ခံယူချက်ကို ရွေးချယ်တတ်ရန် သမ္မာကျမ်းစာ၏သွန်သင်ချက်ကို သိရှိနားလည်ရန်လိုအပ်၏။ (ဟေဗြဲ ၄း၁၂-၁၃)

(၁) အမျိုးသမီးသည် ဘုရားသခင်၏အထူးဖန်ဆင်းရာ (special creation) ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ဖန်ဆင်းခြင်းအားလုံး၏နိဂုံးနှင့်အကောင်းဆုံးအဖြစ် (ကမ္ဘာ ၂း၃၁) လူယောကျ်ားနှင့်လူမိန်းမတို့ မိမိသဏ္ဌာန်နှင့်အညီ ဘုရားသခင်ဖန်ဆင်းတော်မူ၏။ လူမိန်းမကို နောက်ဆုံးနှင့်အထွတ်အထိပ်အဖြစ် ဖန်ဆင်း၏။ (ကမ္ဘာ ၁း၂၇၊ ၂း၂၂)

ထို့ကြောင့်အမျိုးသမီးသည် အမျိုးသားများနည်းတူ ဥာဏ်ပညာ၊ အစွမ်းသတ္တိခွန်အား

ဗလများကို ဘုရားသခင်ပေးအပ်ထား၏။ မိမိဘဝ အသက်တာကို ကောင်းမွန်တိုးတက်အောင် ကြဲ ဆောင်နိုင်စွမ်းသော ပုဂ္ဂိုလ်များဖြစ်သည်။ ဆင်ခြင် တုံတရားကင်းမဲ့၍ မိုက်မဲယုတ်ညံ့သူ မဟုတ်ပါ။ ဤအချက်နှင့်ပတ်သက်၍ ဆရာမကြီး ဒေါက်တာ မေရီဒွန်းကလည်း ဤသို့ဆို၏။

"မြေမှုန့်မှဖန်ဆင်းခြင်းမဟုတ်ဘဲ ယောက်ျား၏နံရိုးကို ထုတ်ယူဖန်ဆင်းခြင်း ပြုသည်။ (ကမ္ဘာ ၂း၂၁-၂၅)၊ ယောက်ျားကိုယ်တွင်းအရိုးမှ ဖန်ဆင်း သဖြင့် ယောက်ျားနှင့်တကိုယ်တစိတ်တည်းသာ ဖြစ်သည်။ သို့သော်အရိုးမှဖန်ဆင်းသဖြင့် စိတ်ဓါတ်ရေးရာတွင် ယောက်ျားများထက် ကြဲခိုင်ကြောင်းတွေ့ရသည်။ [8]"

(၂) ဤကမ္ဘာမြေပေါ်တွင် ခန္ဓာကိုယ်နှင့်ဆိုင်သော အရပ်အမောင်း၊ အချိုးအစား၊ အသားရောင်၊ ရုပ်ရည်ရူပကာအားဖြင့်၄င်း၊ စိတ်ပိုင်းဆိုင်ရာဖြစ်သော အသိဉာဏ်ပညာ၊ အတွေးအခေါ်အားဖြင့်၄င်း၊ အရည်အချင်းနှင့်ဆိုင်သော စွမ်းရည်အမျိုးမျိုးကျွမ်းကျင်မှုများ၌၄င်း၊ သင်နှင့်အစစအရာရာ ချွတ်စွတ်တထေရာတည်း တူညီသော အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ဤလောက၌မရှိ။ (ဆာလံ ၁၃၉း၁၃-၁၆)

(၃) ဘုရားသခင်သည် သူ့အလိုတော်အရ သင်တစ်ဦးတည်းအတွက် သီးခြားသော (unique purpose) ရည်ရွယ်ချက်ဖြင့် သင့်အားအထူးဖန်ဆင်းထားသည်။ (ဆာလံ ၁၃၉း၁၃-၁၆)

(၄) ထို့ကြောင့် အမိဝမ်းမှ မွေးဖွားစဉ်ကပင်လျှင် ဘုရားသခင်ပေးအပ်သောအရင်းအမြစ်ဖြစ်သည့် စွမ်းရည်အမျိုးမျိုးပိုင်ဆိုင်လျက် မွေးဖွားလာသူဖြစ်သည်။

(၅) ယင်းမွေးရာပါ အသိဉာဏ်ပညာ၊ ကျွမ်းကျင်မှု စွမ်းရည်စသော အရည်အချင်းများသည် သင့်ဘဝ အသက်တာအတွက် ဘုရားသခင်ချမှတ်ထား သော မွန်မြတ်သည့်အကြံအစည်များ ပြည့်စုံစေရန် ဘုရားသခင်ကိုယ်တော်တိုင် ပေးသနားတော်မူသော ဘဏ္ဍာ/ဆုကျေးဇူးများဖြစ်သည်။ (ဖိလိပ္ပိ ၁း၆)

အထက်ပါသမ္မာတရားများကို လက်ခံရွေးချယ်ပါ။ မှီဝဲဆည်းကပ်ပါ။ လေ့ကျင့်ပါ။ ဆင်ခြင်မှတ်သားပါ။ (meditate) သင်သည် ယုတ်ညံ့သူ၊ အစွမ်းအစမရှိသူလုံးဝမဟုတ်ပါ။ သင်သည် အရည်အချင်းအပြည့်အစုံပိုင်ဆိုင်သူဖြစ်သည်။ ဘုရားသခင်အပ်နှင်းထားသော မိမိ၏အရင်းအမြစ် (resources) များကို ယုံကြည်လက်ခံ၍ ကျင့်သုံးသောအမျိုးသမီးတိုင်းသည် အောင်နိုင်သူ (winners / victorious) ဖြစ်သည်။

၃။ သမ္မာတရားကို လက်တွေ့ကျင့်သုံးခြင်း

သမ္မာတရားကို သိသော်လည်း မကျင့်သုံးပါက အကျိုးမဖြစ်ထွန်းနိုင်ချေ။ (ယာကုပ် ၁း ၂၃-၂၅)။ ဆိုရိုးစကားတစ်ခုဌ "သဘောတရားမပါသောလက်တွေ့သည် မျက်ကန်းနှင့်တူ၍ လက်ကွေ့မပါသောသဘောတရားသည် အသေနှင့်တူသည်" ဟုဆို၏။ သင့်အသက်တာ အမှန်တကယ်တိုးတက်ရန် အလိုရှိပါက သင်ခံယူသော သမ္မာတရားကို လက်တွေ့အသုံးပြုပါ။

လူသားတိုင်းခန္ဓာ၊ စိတ်၊ဝိညာဉ်နှင့် ဖွဲ့စည်းထား၏။ ထို့ကြောင့် အောင်မြင်တိုးတက်လိုသူတိုင်း ဤသုံးပိုင်းလုံးကို ပြုစုပျိုးထောင်ရပေမည်။ မိမိအသက်တာ တိုးတက်မြင့်မားလာသည်နှင့်အမျှ မိမိနှင့်ထိစပ်သော ပတ်ဝန်းကျင်အားမြင့်တင်ပေးနိုင်မည်။ မိသားစု၊ အသင်းတော်ရပ်ရွာတို့ကို အကျိုးပြုလာနိုင်မည်ဖြစ်သည်။

က။ မိမိ၏အရင်းအမြစ်ကို တိုးပွားစေခြင်း

အိမ်ထောင်ရှင်ဖြစ်စေ၊ လူလွတ်ဖြစ်စေ အမျိုးသမီးများသည် ဝိညာဉ်ခွန်အားနှင့်စိတ်ဓါတ်ရေးရာအရင်းအမြစ်ကို ဦးစွာ တိုးတက်ဖွံ့ဖြိုးစေရမည်ဖြစ်သည်။ အောင်ခြင်ခြင်း၊ တိုးတက်ခြင်း၏ အရင်းခံသည် ယုံကြည်ခြင်းနှင့်စိတ်မါတ်ပိုင်းမှ စတင်၏။ (သုတ္တံ ၄း၂၃)

(က-၁) ယုံကြည်ခြင်းဝိညာဉ်ခွန်အားတိုးပွားစေသော သမ္မာကျမ်းစာကို မခြားမလပ် ဖတ်ရှုဆင်ခြင်ရမည်။ သူတစ်ပါးနှင့်လည်း ဆွေးနွေးဝေဌရမည်။ (ရောမ ၁၀း၁၇။ ၂တိ ၃း၁၄-၁၇) ကျင့် သုံးခြင်းလည်း ပြုရမည်။

(က-၂) ထိုမှတစ်ပါးဉာဏ်ပညာတိုးတက်ခြင်း၊ အတွေးအခေါ်ရင့်ကျက်ခြင်း၊ စိတ်ဓါတ်ကြံ့ခိုင်ခြင်းများဖြစ်စေမည့် ခရစ်ယာန်စာပေနှင့် အခြား စာပေကောင်းများကို ရှာဖွေ လေ့လာခြင်း၊ မှတ်သား ခြင်း၊ လက်တွေ့ကျင့်သုံးခြင်းများ အပြင် တတ်ကျွမ်းနားလည်သူများနှင့်လည်း တိုင်ပင်ဆွေးနွေးခြင်းများကို ပြုလုပ်ရန်လိုသည်။ ထိုမှ မကသေး မိမိအား အကျိုးကျေးဇူးဖြစ်စေသော အရာများကို သူတပါးအား ထပ်ဆင့်ဝေငှခြင်း ပြုပါက သင်သည် ပိုမို၍အကျိုးကျေးဇူး ခံစားရပေမည်။ "သူတပါးအား ရေလောင်းသူသည် မိမိကိုယ်တိုင်ရေလောင်းခြင်းခံရမည်"(သုတ္တံ၁၁း၂၅) လောကၥ အောင်မြင်သူ ပုဂ္ဂိုလ်တိုင်းသည် မိမိ၏ အတွေးအခေါ်ကို တိုးတက်ပြောင်းလဲ စေသော သူများသာဖြစ်ကြသည်။ အတွေးအခေါ် တိုးတက်လာသည်နှင့်အမျှ သင်၌ အသစ်သောရူပါရုံ၊ မျှော်လင့်ခြင်း များပေါ်ပေါက်လာမည်။ ရဲရင့်သော စိတ်ဓါတ်များ တိုးပွားလာမည်။

(က-၃) သင်လေ့လာရှာဖွေရရှိသော ကောင်းခြင်းသောအရာများကို လိုအပ်လျှင်ဟော ပြောပို့ချခြင်းများလည်း ပြုလုပ်ရပေမည်။ သင်ဤသို့ပြုကျင့်ပါလျှင် အသက်တာအမှန်ပင် တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။ ပညာသတိသိလနှင့်ပြည့်စုံသော အမျိုးသမီးအဖြစ် သတ်မှတ်ခြင်းကိုခံလျက် အားကိုးထိုက်သော တိုင်ပင်ဘက်ပုဂ္ဂိုလ်ဖြစ်လာပေမည်။ ပတ်ဝန်းကျင်ကို အကျိုးပြုတန်ဆာဆင်သူ အမျိုးသမီးဖြစ်လာပေမည်။

(က-၄) ပညာရှိသော အမျိုးသမီးသည် မိမိ၏စိတ်ပိုင်းသာမက ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှုကိုလည်း ဂရုစိုက်စောင့်ရှောက်သူဖြစ်သည်။ အားကြိုးမာန်တက်လုပ်ကိုင်ခြင်းနှင့် လုံလောက်သောကိုယ်ခန္ဓာကို အနားပေးခြင်းတို့ကို ဘက်မျှစေတတ်ရမည်။

(က-၅) အောင်နိုင်သူအမျိုးသမီးသည် အသင်းတော်ကို လုံလောက်စွာထောက်ပံ့နိုင်ရန်နှင့် သူတစ်ပါးကို မစနိုင်ရန် မှန်ကန်သောနည်းလမ်းများဖြင့် စီးပွားဥစ္စာရှာဖွေတတ်သူဖြစ်သည်။ ပေးကမ်းခြင်းအရာ၌ တွန့်တိုသူမဖြစ်ရပါ။

ယနေ့ချင်းအမျိုးသမီးအများစူသည် ခင်ပွန်းသည် တစ်ဦးတည်း၏လုပ်စာကို ထိုင်စားနေသူများပြားလှသည်။ ဝင်ငွေရှာဖွေ သူ ခင်ပွန်း (သို့မဟုတ်) သား/သမီးများသည် ရုတ်တရက် အလုပ်အကိုင် အဆင်မပြေခြင်း၊ မမျှော်လင့်ဘဲ ဖျားနာခြင်း၊ ဆုံးပါးခြင်းရှိသောအခါ မိမိနှင့်တကွ ကျန်ရစ်သူသားသမီးများ အလွန်ဒုက္ခရောက်တတ်ပါသည်။ ဤသို့မဖြစ်စေရန် ကြိုတင်၍ ပြင်ဆင်မှုကို ပြုလုပ်သင့်လှသည်။ ဝင်ငွေပိုလျှံတိုးပွားစေမည့် နည်းလမ်းများကို စဉ်းစား

ရမည်။ လိုအပ်လျှင် အချိန်ပိုင်းဝင်ငွေ ရနိုင်သော အလုပ်အကိုင်များကို ရှာဖွေလုပ်ကိုင် သင့်သည်။ သို့မှသာ သူတစ်ပါး အားငင်း၊ ဘုရားသခင်၏ နိုင်ငံတော်အကျိုးကိုငင်း၊ ပိုမို၍ သယ်ပိုးနိုင်မည့် ဖြစ်သည်။ မိသားစု၏နောင်ရေးကိုလည်း စိတ်ချ နိုင်မည်ဖြစ်သည်။

ဝင်ငွေတိုးစေမည့် နည်းလမ်းများကို လုပ်ကိုင်နိုင်ရန် ဘုရားသခင်သည် အရင်းအမြစ် ဉာဏ်စွမ်းအား၊ ခွန်အားဗလများပေးထားပြီးဖြစ်သည်။ ထိုအရာများပေါ်၌ ဆုတောင်းလျက် ယုံကြည်ခြင်းဖြင့် လုပ်ကိုင်နိုင်ရန် လိုအပ်သည်။ မိမိမည်သည့် ကျွမ်းကျင်မှုရှိသည်ကို စဉ်းစားဆင်ခြင်ရမည်။ အရောင်းအဝယ်၊ ဈေးဆိုင်ခင်းကျင်းခြင်း၊ အချုပ်အလုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုပညာ၊ လက်မှုပညာ၊ အနုပညာ၊ ပန်းချီရေးဆွဲခြင်း၊ စာရေး ခြင်းမှစ၍ မိမိလုပ်နိုင်မည့်အရာများ စဉ်းစားပါ။ မတတ်မြောက်သော်လည်း ဝါသနာအရင်းခံရှိလျှင် သင်ကြား၍ ရပါသည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုနှင့် ကြိုးစားမှုသာ လိုအပ်ပါသည်။

၃။ အချိန်ကို အကျိုးရှိစွာအသုံးပြုခြင်း

အောင်နိုင်သူပုဂ္ဂိုလ်တိုင်းသည် အချိန်၏ တန်ဖိုးကို နားလည်၍ အကျိုးရှိစွာအသုံးပြုသူများ ဖြစ်သည်။ အိမ်လည်ခြင်း၊ အတင်းအဖျင်းပြောဆိုနေခြင်း၊ တီဗွီကြည့်နေခြင်း၊ ပေါ့ပျက်သောစာပေဝတ္ထုများဖတ်နေခြင်း၊ အိပ်နေခြင်းစသော အကျိုးမဲ့အရာများကို လုံးဝရှောင်ကြဉ်ရပေမည်။ အချိန်ကို အကျိုးမဲ့ဖြုန်းတီးလေ့ရှိသော အမျိုးသမီးသည် ထိုမှားယွင်းသောရွေးချယ်မှုကြောင့် အောင်နိုင်သူ မဖြစ်နိုင်ချေ။ ပျင်းရိခြင်းသည် ဆင်းရဲခြင်းကို ဖြစ်စေသည်။ (သုတ္တံ ၆း၁၀-၁၁)။ သင်သည် အိမ်ရှင်မတစ်ဦးဖြစ်ပါကလည်း အိမ်မှုကိစ္စနှင့်သာ အချိန်မကုန်စေသင့်ပါ။ သင့်ဘဝမိသားစုအသက်တာ ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သူ ဖြစ်ရန် သင့်အရင်းအမြစ်ကို တိုးပွားစေပါ။

အချုပ်အားဖြင့် ဆိုသော် အောင်နိုင်သူ အမျိုးသမီးသည် ခန္ဓာ၊ စိတ်၊ ဝိညာဉ်အား အစဉ်သဖြင့် တိုးတက်ဖွံ့ဖြိုးအောင် ပြုစုစောင့်ရှောက်လျက် သူတစ်ပါး၏ဝန်ထုပ်ကို ပေါ့ပါးစေသူဖြစ်၏။ နှစ်သိမ့်အားပေးတတ်သူ၊ ဖေးမကူညီတတ်သူ၊ စောင့်ရှောက်တတ်သူ၊ သမ္မာတရားဖြင့် လမ်းညွှန်တတ်သူဖြစ်၏။ ဤသို့ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်ရန် မိမိ၏အရည်အသွေးကို ထက်မြက်လာအောင် ကြိုးစားသူဖြစ်၏။ ထိုမိန်းမသည် အကျင့်ကောင်းနှင့်ပြည့်စုံသောအဖိုးတန်အမျိုးသမီးဖြစ်၏။ (သုတ္တံ ၃၁း၁၀-၃၁)

၄။ ဟန့်တားမှုကို ရင်ဆိုင်ဖြတ်သန်းခြင်း

အောင်နိုင်သူအမျိုးသမီးသည် အထက်ဖော်ပြပါအတိုင်း မိမိအသက်တာတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်ရန်အတွက် အဖက်ဖက်မှကြိုးပမ်းအားထုတ်နေစဉ် မိမိ့အား ဟန့်တားမှုပြုသော အင်အားစုများ (hindering forces) နှင့်လည်း မုချတွေ့ကြုံ ရင်ဆိုင်ရမည် ဖြစ်သည်။ သမရိုးကျဝါဒီများ၏ ရှုံ့ချကဲ့ရဲ့ခြင်း၊ ပုတ်ခတ်ခြင်း များခံရပေမည်။ မသိနားမလည်သူများ၏အထင်အခြင် လွဲမှားခြင်းများ ခံရမည်။ အမျိုးသားများအား အနိုတုသည်။ ပြိုင်ဆိုင်တိုက်လှန်ခြင်းပြုရန် အားထုတ်သည်ဟု ကဲ့ရဲ့ဝေဖန်ကြပေမည်။ ဤသို့သော အပြစ်တင်ခြင်း

များကြောင့် ကြောက်ရွံ့ခြင်း၊ နောက်ဆုတ်ခြင်း မပြုရပါ။ အခြားတဘက်၌လည်း လူများကိုငှင်း၊ ရင်ဆိုင်နေရသော အခြေအနေကို လည်းကောင်း အပြစ်တင်ငြူစူခြင်းများ ရှောင်ကြဉ် ရမည်။

မိမိကိုင်စွဲရမည့် လက်နက်မှာ "မည်သည်ငြူခြင်း၊ စိတ်မပျက်ခြင်း၊ အရှုံးမပေးခြင်း" ဖြစ်သည်။ လူများကိုငှင်း၊ ရင်ဆိုင်နေရသောအခြေအနေကိုငှင်း အပြစ်တင်ခြင်း၊ စိတ်ဆိုးခြင်းများကို ရှောင်ရမည်။ အဘယ်ကြောင့်ဆိုသော် ဤကောင်းသောအရာကို နှောင့်ယှက်ပိတ်ပင်မှုအားလုံး၏ နောက်ကွယ်တွင် ကြိုးကိုင်ညွှန်ကြားနေသူများ အခြားမဟုတ်ပေ။ သင်၏ဘဏ္ဍာအရင်းအမြစ်များကို "ခိုးယူရန်" သင်၏တိုးတက်မှုကို "ဖျက်ဆီးရန်" သင်၏ကောင်းမွန်သောဂုဏ်သတင်းနှင့် ကြိုးပမ်းလုပ်ဆောင်မှုအားလုံးကို "သတ်ပစ်ရန်" အစွမ်းကုန်ကြိုးစားနေသူမှာ ရန်သူစာတန်မာရိန်တပ်ဝင်ဖြစ်သည်။ (ယောဟန် ၁၀း၁၀)

သင်အသုံးပြုရမည့်မဟာဗျူဟာ လက်နက်ကြီးသည် သင့်အားဆန့်ကျင်တိုက်ခိုက်သူ လူပုဂ္ဂိုလ်များအား နားလည်ခွင့်လွှတ်၍ ဆုတောင်းခြင်း၊ ကောင်းကြီးပေးခြင်းပင်ဖြစ်သည်။ သင်ဤသို့ ပြုသည်နှင့်အမျှ သူတို့သည် သင့်ဘက်သို့ ပါဝင်လာကြမည်ဖြစ်သည်။ ထိုမျှမက သင့်ဘက်မှနေ၍ သင့်အားကူညီရန်၊ သုံးပါးတစ်ဆူ ထာဝရဘုရားနှင့် ကောင်းကင်တမန်မင်းများ၊ အသင်္ချေမကသော ကောင်းကင်သားများသည် အဆင်သင့်ရှိနေ၏။ ဤသမ္မာတရားကို သိမှတ် ယုံကြည်လျက် စိတ်ချစွာဖြင့် မိမိလုပ်ရမည့် လုပ်ငန်းဆောင်တာများကို ဆက်လက်လုပ် ဆောင်ပါ။ သင်သည် အမှန်ပင် အောင်နိုင်သူ အမျိုးသမီး(a victorious woman) ဖြစ်ပါသည်။ (ဖိလိပ္ပိ ၄း၁၃)

ဤဆောင်းပါး၏ရည်ရွယ်ချက်သည် အမျိုးသမီးများ(အထူးသဖြင့် တိုင်းရင်းသားချင်း အမျိုးသမီးများ)သည် သိမ်ငယ်စိတ်ဓါတ်မှ လွတ်မြောက်လျက်၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမျိုးနှင့်တိုင်းပြည်အကျိုးကို ပိုမိုပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ နှုတ်ကပတ်တော်ကို အခြေခံလျက် အားပေးတိုက်တွန်းခြင်းဖြစ်သည်။ အင်းစိန်နှစ်ခြင်းဓမ္မတက္ကသိုလ် (Myanmar Institute of Theology)တွင် ယခင် ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါက်တာအယ်ဝါး၏ ရေးသားချက်ကို မြန်မာဘာသာပြန်၍ ကိုးကားလိုသည်။

"အမျိုးသမီးများသည် မိမိတို့၏ပင်ကိုယ်အရည်အချင်းနှင့်စွမ်းရည်သတ္တိများကို သိမြင်လာရန်နှင့် ယင်းစွမ်းရည်များနှောင်ကြိုးမဲ့ဖွံ့ဖြိုးတိုးတက်စေခြင်းအားဖြင့် အမျိုးသားများနှင့် တန်းတူအဆင့်မြင့်လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်း၌ ပါဝင်နိုင်ရန် ကြိုးပမ်းအားထုတ်ရခြင်း၏ရည်ရွယ်ချက်မှာ အမျိုးသားများကို ပထုတ်၍ အမျိုးသမီးများတသီးတခြားလုပ်ဆောင်ရန်မဟုတ်ပါ။ အမျိုးသားများနှင့် အမျိုးသမီးများ အတူတကွဖွံ့ဖြိုးကြီးထွားရန် လိုအပ်ပါသည်။[9] (စာ-၈၂)

အထက်ပါစာပိုဒ်ကို မူရင်း အင်္ဂလိပ်အရ ဖော်ပြရပါလျှင်

The purpose of women's struggle to be recognized on their own to have the freedom to develop and realize their potential so that they can participate on equal status in the society does not mean to be isolated from the men. Both men and

women need to grow together.(page 82)

ချစ်လှစွာသောအမျိုးသမီးများ၊ သခင်ဘုရား အပ်နှံပေးထားသော ဘဏ္ဍာများကို ဖွက်ထားခြင်း၊ ပစ်ထားခြင်းမပြုဘဲ ယနေ့ပင် ထုတ်ယူအသုံးပြုကြပါ။ ထိုဘဏ္ဍာများဖြင့် သင့်အသက်တာအတွက် အကျိုးဖြစ်စေသောအရာများ၊ သူတစ်ပါးအား မင်္ဂလာဖြစ်စေသော အရာများ ရှာဖွေလုပ်ဆောင်ရန် သခင်အလိုရှိ၏။ မိမိတို့ ပိုင်ဆိုင်သော အရင်းအမြစ်ဖြစ်သည့် ဉာဏ်ပညာအတတ်ပညာ၊ အတွေးအခေါ်၊ အစွမ်းသတ္တိ၊ ခွန်အားများဖြင့် မိမိပတ်ဝန်းကျင်အား တန်ဆာဆင်ပါ။

အသင်းတော်၊ ရပ်ရွာ၊ လူမျိုးနှင့်နိုင်ငံအတွက် အမျိုးသမီးများ လုပ်ဆောင်နိုင်သော အရာ ခြောက်မျိုးစွာရှိပါသည်။ ယုံကြည်ခြင်း၊ နာခံခြင်းဖြင့် သခင်ဘုရားထံမှ တောင်းခံပါ။ သင်လုပ်နိုင်သောအရာများ၊ သင်လုပ်ရမည့် လုပ်ငန်းတာဝန် (ministry to others) များကို သခင်ဘုရားဖော်ပြမည်ဖြစ်သည်။ ထိုလုပ်ငန်းစေခိုင်းချက်များကို နှုတ်ကပတ်တော်လာ သမ္မာတရားပေါ်၌ ရဲရင့်စွာ ရပ်တည်လျက် ထမ်းဆောင်ပါ။ သင်သည် ခရစ်တော်နှင့်အတူ အမှန်တကယ် အောင်နိုင်သူ (You are truly a winner with Christ) ဖြစ်ပါသည်။

မှီးငြမ်းကိုးကားချက်များ (End Notes)

[1] Stephen R. Covey, စာမျက်နှာ ၇၂
[2] Daisy W. Osborn စာမျက်နှာ ၄၇
[3] Emmanuel E. James စာ-၃
[4] Gordon D. Fee, စာ -၆၉၉-၇၀၈
[5] E.R.Cairns, စာ- ၂၃၆
[6] Ibid, စာ- ၂၄၄-၂၄၇
[7] Ruth A.Tucker, စာ-၁၅၆။ Margaret E. Howe, စာ-၁၀၅-၁၂၀
[8] Dr. Mary Dun စာ-၃၂
[9] Dr. EhWah, စာ-၈၂

မှီးငြမ်းကိုးကားသောစာအုပ်များစာရင်း (Bibligraphy)

Cairns, Earle E. *Christianity Through the Centuries: A History of the Christian Church* (3rd ed.Revd.C Expend) Grand Rapids, Michigan: Zonclervan Publishing House, 1996.

Covey, Stephen R. *The Seven Habits of Highly Effective People* New York: Simon & Schuster Inc. 1989

Dun, Mary "အထူးဖန်ဆင်းခြင်းရသူလူမိန်းမ"။ အမျိုးသမီးရေးရာမဂ္ဂဇင်း။ *Myanmar SCM Women Concern (1986-1988)* Yangon-MECS, Judson Church & Judson Center, 1988.

Eh Wah " Myanmar Reality from a woman's Perspective" in *Myanmar SCM women concern (1986-1988).*

Fee Gordon D. " The First Epistte to the Conrinthians," *The New International Commentary on the New Testament.* FF Bruce ed. Grand Rapids, Michigan: William B. Eerdmans Publishing Company, 1988.

Howe, Margaret E. *Women Church Leadership,* Grand Rapids, Michigan: Zondervan Corporation, 1982.

James, Emmuel E. *Ethics: A Biblical Perspective.* Bangalore, India: Theological Book Trust, 1992.

Osborn, Daisy W. *New Life for Women* Reprinted Kuala lumpur, Malaysia: Praise Book Centre, 1991.

Tucker, Ruth A. *Women in the Maize More Question and Answers on Biblical Equality* Downers Grove, Illinois: Intervarsity Press, 1992.

လေးမြတ်သောဧစ်မြစ်ပြ စကားထာ ၊ သင်္ကေတနှင့် နှောင်းဖြစ်အချို့

Vial Khan Mang, M.A

နိဒါန်း

ယခုနှစ်တစ်ရာပြည့် (1904-2004) အခါ သမယဝယ် Pu Thuam Hang နှင့် Pu Pau Suan တို့အား ကိုယ်တတ်နိုင်ရာဖြင့် အကောင်းဆုံး ဂုဏ်ပြုလိုပါသည်။ စဉ်းစားရင်းကိုယ့် M.A (Theology) အတွက် Thesis ရေးရန် ပြင်ဆင်ထားချက်ထဲမှ ချင်းလူမျိုးတို့၏သမိုင်းအနှစ်သာရအချို့ကို အခြေခံလျက် ၄င်းပုဂ္ဂိုလ်နှစ်ဦးမှ ပြောပြချင်ဦးမည်ဟု ယုံကြည်ခံစားရသော နှောင်းဖြစ်ရပ်တစ်ချို့ကို တင်ဆက်လိုက်ခြင်းသာ ဖြစ်ပါသည်။

၁။ ဧစ်မြစ်မောင်နှံ။ ချင်းအမျိုးသားသက်ကြီးရွယ်အို အချင်းချင်း စကားဝိုင်းဖွဲ့ပြောဆိုရာ၌ ဧစ်မြစ်ကျကျပြောဆိုကြရအောင်ဟု ဆိုလိုသောအားဖြင့် " Minicipa (Cicipa), Minicinu (Cicinu) မှ အစပြုကြရအောင်" ဟု ပြောစမှတ်ပြုလေ့ရှိပါသည်။ ဤတွင် မိမိတို့၏လက်ခံမှတ်သားထားသော မူလဧစ်မြစ်မောင်နှံကို ဖော်ညွှန်းလိုက်ခြင်းပင်ဖြစ်ပါသည်။ (ထာဒိုနှင့် ဇိုစကားပြောသူများ ပြောထုံးဓလေ့)

၂။ ကမ္ဘာရေလွှမ်းရာမှ လွတ်မြောက်သူမိသားစု။ ခြသေ့နှင့်ကျားမျိုးတို့ကိုရ၍၊ အောင်ပွဲခံရသည့် အခါ ရိုးရာယဇ်ဆရာ (native priest) က ဂါတာမန္တရားကို ရွတ်ဆိုရာ "တောင်ထိပ်ကို ရေလွှမ်းလုစဉ် Pu Khang နှင့် သားများ Tal Sing, Tal Kik, Lu Phaw နှင့် မုဆိုးမတို့ကခြသေ့နှင့်အချင်းချင်း အန္တရာယ်မပြုကြရန် ဟုနှစ်ဘက်သဘောတူ ဂတိပြုသစ္စာဆိုထားပါလျက် အကြင်ခြသေ့က Lu Phaw သားများဖျက်ဆီးခြင်းဖြင့် သစ္စာဖောက်ခဲ့ပြီး၊ လူ့အောက်၌ သင့်သဘောသင်အရှုံးစီရင်လိုက်ပါသတည်း..." ဟုအစချီခဲ့ရာ၊ မိမိတို့သည် ကမ္ဘာရေလွှမ်းရာမှလွတ်မြောက်သူမိသားစုဖွားအဖြစ် အတည်ပြုလိုက်ခြင်းပင် ဖြစ်ပါသည်။

၃။ ပင်လယ်နီကို ဘုရားတန်ခိုးဖြင့် ကျော်ဖြတ် ကြောင်း။

ရိုးရာယဇ်ဆရာကြီးများ နိမိတ်ဟောခြင်းဖြင့် နာတာရှည်ရောဂါသည် တစ်ယောက်၏ဝိညာဉ်ကို နတ်များချုပ်နှောင်ထားသည်ဟု အတည်ပြုလျှင် နတ်ဆိုးအားအမိန့်ပေးရာ "သင်Gulsamnu နားထောင်လော့။ ငါခိုလှုံရာဘုရား၏ အာဏာစက်သည် စီးဆင်းနေသော ပင်လယ်နီရေအလျင်အား ခွဲခြမ်းလျက် ဘယ်သို့ရွှေ့စေ၊ ညာသို့ရွှေ့စေအမိန့်ပင်လယ်ရေနာခံသည်၊ ငါနောက်၌မှောင်မိုက်မဲချ၊ ငါရှေ့၌ အရုဏ်လင်းလက်၊ ကောင်းကင်ဘုရားသားငါ ကောင်းကင်သားက

အမိန့်ပေးသည် လွတ်လော့. . ' ဟု ဂါထာရွတ်ဆို အမိန့်ပေးရာ၌ မိမိတို့သည် ပင်လယ်နီတို့ ဘုရားသခင်ဘုန်းတော်ဖြင့်ကျော်ဖြတ်ခဲ့ရာ ရန်သူလက်မှ လွတ်ခြောက်ကြောင်းကို ဖော်ညွှန်းပါသည်။

၄။ ဘေဘီလုံမျော်စင်နှင့် ယင်းမှပြန့်ကျဲသူများ။

တောင်ထိပ်ပူဇော်သကာ ဝန်ခင်းကျင်းသည့် အခါ ရွှံ့စေးဖြင့်ပင် ပြုလုပ်လျက်ထိပ်၌ ဖိုခနောက်လို လောက်စလုံးပုံ သုံးလုံးကပ်ထားကာ တုတ်ချောင်းဖြင့် ဆက်သွယ်ထားသောရုပ်ပုံကို ၄င်း ပြုလုပ်ထားသည်။ ဆက်ကပ်သည့်အခါ Tattung ဟူ၍မခေါ်ဘဲ Vandodeep ဟု သမုတ်သည်။ ကျန်ပစ္စည်းအား Thuampika ဟု ခေါ်ဝေါ်သည်။

Vandodeep နှင့်စပ်လျဉ်း၍ စိတ်အာရုံတွင် ကောင်းကင်ထောက်ကိုင်ရှိသည်အလား၊ ၄င်း ကောင်းကင်ထောက်တိုင်ကို ပြိုင်နှုန်း၍ ရှုံးနှိမ့်သောအရာကို Vandodeep ဖြစ်တန်သည်။ Thuampika ဟူသည့်သစ်ပင်၏ပင်စည်မှကိုင်း မခက်မများဖြာထွက်ရာအပိုင်းကို ခေါ်ဆိုခြင်းဖြစ်ရာ တဖတည်းဖွာညီအစ်ကိုသုံးယောက်မှ မျိုးဆက်များ Vandodeep ကြောင့် ပြန့်ကျဲရသည်ဟု ဆိုလိုဟန်ရှိသည်။

ဟားခါးချင်းပုံပြင်တစ်ခုတွင် " ရှေးသရော အခါ ချင်းလူမျိုးများသည် ကောင်းကင်မီအောင် မျော်စင်တစ်ခုကို ဇိုခွါ၌ တည်ဆောက်ခဲ့သည်. . " ဟူ၍ ဆိုထားကြောင်း၊ AD 1500 ခန့်မှ ဟားခါးနယ်သို့ ရောက်လာသောသူများက ဇိုခွါ၌မျော်စင်ဆောက်လျှင် လက်ရာတွေ့ရမည်ဖြစ်သည်။ အိန္ဒိယ Kashmir Jews တွေက Jew ကို Joo (The Tribes of Israel p.135) ဟုခေါ်သည့် အလား ဟားခါးညီအစ်ကိုတွေက ဘေဘီလုံရှိနားရှ Jews located place ကို Zo khua ဟုမှတ်သားထားလေသလား?။

၅။ သုံးပါးတစ်ဆူကောင်းကင်ဘုရား။

ဘုရားကို အလင်္ကာ၌ Tung Sianmang ဟုတင်စားခြင်းဖြင့် ကောင်းတင်ဘုရားမှန်းပေါ်လွင်ပါသည်။ စီချမ်နေ 'ချောင်း-ချင်း'တို့၏ ဝေါဟာရ၌ tian က ကောင်းကင်ကို ညွှန်းရာ၊ Patian -Pathen- Pasian ဟုသမုတ်ခြင်းသည်လည်း ကောင်းကင် ဘုရားပင်ဆိုလိုကြောင်း သက်သေထူပါသည်။ တီးတိန်အုပ်စုချင်းတို့၏ ရှေးဘာသာဂါထာ၌မူ တသီတတန်းဖြင့် Ka Siampa (ငါ့ဖန်ဆင်း ရှင်)၊ Ka Khuhpi (ငါ့ကောင်းကင်ကြီး)၊ Pa Phahpi (ငါ့ကမ္ဘာမြေကြီး)၊ Ka Kulhpi (ငါ့ခံတပ်ကြီး)၊ Ka Lungzai (ငါ့ခိုလှုံရာ ကျောက်ဆောင်)၊ Ka Khuavak (ငါ့အလင်း)၊ Ka Khavang (ငါ့ဝိညာဉ်တန်ခိုး) ဟု တင်စားခေါ်ဝေါ်ခြင်းတွင် သုံးပါးတစ်ဆူ ဘုရားအင်္ဂါရပ်ခြုံငုံမိကြောင်း ထင်ရှားပါသည်။

၆။ နတ်ဆိုး (dawi) - ဝိညာဉ်ဆိုး (Khagilo) တို့ကို မှောင်မိုက် (Khuazing) ဟုတင်စားခြင်း။

ယင်းတို့အားလုံးကို ကဗျာအလင်္ကာ၌ Nuai Zinmang ဟုတင်စားခြင်းအားဖြင့် အမှောင်ကို ခို၍ ခြေအောက်လှုပ်ရှားမှုရှိကြောင်း ပေါ်လွင်ပါသည်။ Gulsam or Gulsamnu ဟု ခေါ်ဝေါ်ခြင်းတွင် မြွေအသွင်ဆောင်တတ်ပြီး တန်ခိုးရှိခြင်း၌ ရာခိုင်နှုန်းပြည့်မဟုတ်ကြောင်း အမည်နာမကဖော်ပြသဖြင့် Lucifer- Satan နှင့်ကိုက်ညီမှုရှိပါသည်။

အသေးစိတ်ဖြင့် ခွဲခြားသေးသည်။ သေခြင်းတစ်ဖက်ကမ်း ဂိတ်မှူးကို Sahnu ဟုခေါ်ရာ nu

ပါသဖြင့် ပါဝါမပြည့်ဝဟန်တူသည်။ တောင်ထိပ်၌ မြို့တော်တည်ဟန်တူ၍၊ လေထဲ၌ ပျံဝဲတတ်သော အုပ်စုခေါင်းဆောင်ကြီးကို Zezabul ဟု သမုတ်လိုက်သည်။ Diabolic devil အုပ်စုတွင် Sahnu, Zezabul.. တို့ ပါဝင်ဟန်တူသည်။ ဝိညာဉ်ဆိုး၊ နတ်ဆိုး၊ စုန်းကဝေ (evil wicket spirits, demons) အားလုံးကို khagilo-dawisia, kausia ဟု သိမ်းကျုံး၍ ခေါ်ဆိုသည်။ ကျမ်းစာထဲ၌ ပါသောအချက်အလက်တွေနှင့် ကိုက်ညီသယောင် အံ့သြဖွယ်တွေ့ရှိရသည်။

၇။ နတ်ဘာသာ (animism) မဟုတ်၊ တစ်ဆူဘုရားဘာသာ (monotheism) ဖြစ်ခြင်း။

ချင်းဘိုးဘေးတို့၏ဘာသာကို လွယ်လွယ်ဖြင့် နတ်ဘာသာ (dawibia) ဟုသမုတ်ခြင်းသည် မှားယွင်းကြောင်း၊ အသေးစိတ်စူးစမ်းခြင်းဖြင့် ကောင်းကင်ဘုရားကိုခိုလှုံရင်း နတ်ဆိုးတို့ကို သွေးဆောင်ဖြောင်းဖြ၊ လိမ်လည်လှည့်ဖျား၊ ပြိုင်ဆိုင်အနှိုက်တု၊ နှင်ထုတ်သုတ်သင်ခြင်းသာဖြစ်သည်။ သို့ဖြစ်သဖြင့် ယခုခေတ်ကာလဝိညာဉ်ရေးအထူးပြုလာသည့်အခါ ကျင့်သုံးမှုစနစ်များသည် ရှေးဘာသာဟောင်းကစနစ်တွေ နှင့် ယှဉ်ကြည့်လျှင် အလားသဏ္ဌာန်တူ၍ ကွာခြားမှုနည်းပါးကြောင်းတွေ့ရှိဉီးမည်ဖြစ်သည်။

(က) အသန့်ရှင်းဆုံးယဇ်ကောင်ပူဇော်မှု (Inn sungpi biakna leh Tual biakna)။

အိမ်တွင်း၌ဖြစ်သဖြင့် ရှေးဟောင်းချင်းအိမ်ဆောက်လုပ်ပုံတို့ ဖော်ပြပါအံ့။ ဝဲယာတိုင်နိမ့် (၆) ခုစီဖြင့် (၃၂)ကိုင်၊ ခေါင်းတိုင်ကြီး (Sutpi) (၃)တိုင် မရှိမဖြစ်လိုအပ်သည်။ အိမ်ရှေ့ခန်းခေါင်တိုင်၌ စည်းကမ်းမရှိ။ အိမ်ကြီးလျှင် တိုင်ကျဲ၊ အိမ်သေးလျှင် တိုင်စိပ်လိုက်ရုံပင်။ ခေါင်းတိုင်ကြီးသုံးတိုင်သည် အိမ်မ၊ အတွင်းဆုံး၊ အသန့်ရှင်းဆုံး၊ လူစိမ်းပင် ညအိပ်ခွင့်မပြုသောအခန်းအတွက် ဖြစ်သည်။

ဌင်းအတွင်းဆုံးတိုင်တွင် ခပ်မြင့်မြင့်၌ စင်ထိုးထားသည်။ ထိုတိုင်တွင် ကြိမ်ပလိုင်းငယ်လှလှလေးတစ်လုံး သုံးလွန်းကျစ် ဂုံလျှော်ကြိုးဖြင့် သုံးပတ်စွဲမြဲစွာ ရစ်ခြည်ထားသည်။ အထဲတွင် ကြိမ်ဖြင့် လှပစွာ ကွပ်ယက်ထားသောကျောက်တုံးဝိုင်းဝိုင်းကြီးတစ်လုံး၊ သစ်သားအိုးလွတ်ချောချောလေးတစ်လုံးနှင့် အကိုင်းဖြာသော သစ်ကိုင်းငယ်တစ်ခုကို သုံးလွန်းကျစ်ကြိုးဖြင့် (၁၂) ရစ် ယက်ထားသောအရာဝတ္ထုသုံးမျိုးတို့ကို ထည့်ထားသည်။ အိမ်မွေးတိရစ္ဆာန်များ အပျော်သတ်စားသည်အခါတိုင်း အဆိုပါကျောက်တုံးကို သွေးလိမ်းဖျန်းရသည်ဆို၏။

ယဇ်ကောင်ပူဇော်ဖို့ အဆိုပါတိုင်ဝန်းကျင် ၃' × ၃' အကျယ်ကို ဦးစွာသေသေသပ်သပ်ဝါးခြမ်းစည်းကာ ထားရသည်။ ဆွေမျိုးဆိုင်ရာ ယဇ်ဆရာ (Clan- priest) က ထိုအခန်း၌ အပြစ်အနာအဆာကင်းသော ယဇ်ကောင်ကို သတ်ရသည်။ အသားကောင်းအင်္ဂါစုံကို ဘုရားအတွက် စည်းတားထားသောအတွင်း၌ ပူဇော်ပွဲအဖြစ်တင်ထားသည်။ တစ်ချိန်တည်း၌ ရှေးဘိုးဘေးသန့်ရှင်းသူများအတွက်ပါ အိမ်နောက်တံခါးတဘက်ဘေး၌ တင်ထားသည်။ (၎စနစ်ကို တရုတ်ထံမှ ရဟန်တူသည်)။ အိမ်မနောက်တိုင်၊ အလယ်တိုင်၊ ရှေ့တိုင်နှင့် အိမ်မတံခါးပေါက်ထက်တို့၌ ယဇ်ကောင်သွေး ဖျန်းလိမ်းထားရသည်။ ယဇ်ကောင်၏ခေါင်းခွံကို အဆိုပါစင်မြင့်၌ တင်ထားရသည်။

၎ပူဇော်ပွဲတွင် clan ဆွေမျိုးတူများသာ ပါဝင်ရသည်။ အသန့်ရှင်းဆုံးနေရာနှင့် ကပ်

လျက်တည်ခင်းသောထမင်းဝိုင်းတွင် ဂုဏ်သရေရှိ ယော်ကျ်ားကြီးများသာ ဝိုင်းဖွဲ့စားသုံးရသည်။ ဤပူဇော်ပွဲကို နှစ်စဉ် သို့မဟုတ် သုံးနှစ်တစ်ကြိမ် မလုပ်မနေရပါ။ ချင်းလူမျိုးတို့၏အမြင့်ဆုံးယဇ်ကောင်ပူဇော်ပဿမ္ဘကို Ton-Tonpi, Chon-Chonpi, Khuangcawi စသည်ဖြင့် အသီးသီးခေါ်ဆိုကြရာ၊ အဓိကအားဖြင့် ဤအသန့်ရှင်းဆုံး အိမ်တွင်းပူဇော်ပသမှုပင်ဖြစ်ပါသည်။ ဝါထာမန္တရားတွင် ကောင်းတင် ဘုရားကို ဂုဏ်တင်သော ဌာနာဂါထာများ၊ ခွီးမွမ်းခြင်းနှင့်ဆုတောင်းခြင်းများ ပါဝင်ရာ၊ တကယ့်ဝတ်ပြုပူဇော်ပသခြင်းသက်သက်ဖြစ်ပါသည်။

အလားတူစွာ ကျေးရွာလုံးဆိုင်ရာ ယဇ်ကောင်ပူဇော်ပွဲတွင်လည်း ဘုရားထံသို့ အဝီရပ် (၇)မျိုးဖြစ်သော ကျေးလူတင်ခြင်း၊ ရွာခြေအတွက်၊ ရွာသောက်ရေအတွက်၊ လူကျန်းမာဖို့၊ မွေးမြူရေးဖြစ်ထွန်းဖို့၊ စိုက်ပျိုးရေးဖြစ်ထွန်းဖို့နှင့် မိုးလေရာသီကောင်းမွန်ဖို့ ဆုတောင်းခြင်းများ ပါဝင်သည်။ သတ်မှတ်နေရာတွင် ကျောက်ဖျာရှိသည်။ ကျောက်ဖျာပေါ်၌ ဆားမခပ်သောပူဇော်သကာများ တင်ထားပြီး ညနေဆည်းဆာချိန်တွင် ကျောက်ဖျာအောက်၌ သေချာစွာ မြုပ်နှံထားရသည်။ ခွါဒိုပွဲခေါ် နှစ်သစ်ကူးတိုင်း (အောက်တိုဘာလအတွင်း) ပုံမှန် ယဇ်ကောင်ပွဲ ဝင်ဖြစ်သည်။

အဆိုပါ ယဇ်ကောင်ပူဇော်ပွဲနှစ်မျိုးကို ပူဇော် (bia) ဟူသောဝေါဟာရစကားဖြင့် ခေါ်ဝေါ်ထားသဖြင့် ပူဇော်ပသမှုသက်သက်ဖြစ်ကြောင်း ပေါ်လွင်သည်။

(ခ) တောင်ထိပ်ယဇ်ကောင်ပူဇော်ပွဲ **(Gam Thoihna)** နှင့်အခြား ပူဇော်ပွဲများ။

ဤပူဇော်ပွဲများတွင် အမျိုးမျိုးအဖုံဖုံ ပါဝင်ရာ အသုံးအနှုန်းအရ thoih ဟူသော စကားပါဝင်သည်။ စကားအနက်မှာ ကိုယ့်လိုရာရောက်အောင် ပြုမူခြင်းပင်ဖြစ်ပါသည်။ အဆောင်အယောင်ပူဇော်ပွဲဖြစ်ပါသည်။ သာဓကအနေဖြင့် တောင်ထိပ်ပူဇော်ပွဲတွင် လက်နက်မပါတမ်းဖြင့် တောင်ထိပ်ကို ရှင်းလင်းသည်။ စင်ထိုးသည်။ ဆိုခဲ့ပြီးဖြစ်သော Vandodeep နှင့် Thuampika တို့ကို ဘုရားသားဖြစ်ခြင်းသင်္ကေတအဖြစ် ဆက်ကပ်သည်။ နွားနောက်ရုပ်တစ်ခုကို ရွှဲဖြင့် ပြုလုပ်ပြီး နွားနောက်ဖြင့် ပူဇော်ပါသည်ဟု ရွတ်ဆိုကာ နောက်ထပ်လောက်စလုံးပုံစံရွှဲလုံးများကို တသီတတန်းစီကာ ပေးလှူဆက်ကပ်သွားသည်။ အည့်စားပုတီးများ၊ ရွှေဟူ၍ ကြေးစများ၊ ငွေဟူ၍ သံစများ ပေးလှူပါသည်။ အသားတွင်လည်း နှုတ်သီး၊ ခြေသည်း (ခွာ)၊ အမြီး၊ နားရွက်ဖျား၊ အသားတုံး၊ အသဲ၊ နှလုံးတို့ကို အဂီ (၇)မျိုး တင်ထားရသည်။ ပြီးလျှင် ဤတွင် အောင်ပွဲခံဖြူ၊ နီ၊ ပြာအလံတစ်ခုစိုက်ထူပါသည်။ ချောင်မင်ချင်းတို့က အလံ (၁၂)ခုစိုက်ထူသည်ဟု ဆိုသည်။ ယခင်ကာလ၌ ယဇ်ကောင်ကို မီးရှို့ကြောင်း အဆိုရှိသည်။

အလားတူစွာ အခြားပူဇော်ပွဲများတွင်လည်း ဥာဏ်ကွန့်ပြီး အနုအကြမ်းအမျိုးမျိုးလုပ်ဆောင်သွားခြင်းပင် ဖြစ်ပါသည်။ သို့ရာတွင် ကောင်းကင်ဘုရားအားခိုလှုံရာအဖြစ် အတည်ယူခြင်း၊ ယဇ်ဆရာတို့ ကိုယ်တိုင်ထိုက်ထိုက်တန်တန် စင်ကြယ်စွာ ကျင့်ကြံပြီး၊ တန်ခိုးရှိအောင် မိမိကိုယ်ကို စိတ်ချမှုရှိအောင် အမြဲအားဖြည့်ခြင်းသည်သာ အဓိက နတ်ဆိုးအောင်နိုင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် နတ်ပူဇော်သယောင်နှင့် သွေးဆောင်ဖြားယောင်း၊ လိမ်လည်လှည့်ဖျား၊ အန်တုပြိုင်ဆိုင်၊ သုတ်သင်မောင်းထုတ်၍ ကောင်းကင်ဘုရားအား ခိုလှုံရင်း နတ်ဆိုးကို အနိုင်ယူခြင်း

သက်သက်ဖြစ်ကြောင်း သိသာလှသဖြင့် ချင်းတို့ ရိုးရာဘာသာမှာ တစ်ဆူဘုရားဘာသာ ကိုးကွယ်ကြောင်း စောဒကတက်စရာ ကင်းပါသည်။

၈။ ရိုးရာယဇ်ဆရာ (Native Priest)

လုပ်ငန်းတာဝန်အရ သုံးစားခွဲခြားထားသည်။ ကျေးရွာအသီးသီးသို့ ပြန့်နှံ့သောမျိုးတူစု (the same clan) တို့အား ယဇ်ကောင်ပူဇော်ပသပွဲကို ခင်းကျင်းပေးသော ယဇ်ဆရာ (Tulpi) နှင့် ကျေးရွာတစ်ခုလုံး၏နှစ်စဉ်ယဇ်ကောင်ပူဇော်ပွဲကို လုပ်ဆောင်ပေးသော ယဇ်ဆရာ (Tualteek) တို့၏တာဝန်သက်တမ်းသည် တစ်သက်လျှာဖြစ်သည်။ သေမှသာ သားကြီးက ဆက်ခံသည်။ အခြား ယဇ်ဆရာ(Siampi) များသည် အခြားအခြားသော ယဇ်ကောင်ပူဇော်ပွဲ အသီးသီးတွင် တာဝန်ယူသည်။ ဂုဏ်သရေရှိသူတိုင်း Siampi လုပ်ခွင့်ရှိသည်။ သို့သော်တောင်းဆိုမှု အရသာ Siampi အဖြစ် ခံယူလေ့ရှိပါသည်။

ယဇ်ကောင်ပူဇော်ပွဲတို့တွင် ယဇ်ဆရာများက သင်တိုင်းပုတ်ရုံဖြူလက်ပွ၊ ခါးစည်း၊ ခေါင်းပေါင်းဖြူ၊ ကော်နယ်လီယန်ပုတီး ဝတ်ရသည်။ ခါတ်ရိုက်ခံရောဂါသည် ကုစားရာ၌ ခေါင်းပေါင်းနီနှင့် Tangcing ခေါ် စောင်အနီခံအခြားခရမ်းစသည့်အရောင်ဖြင့် လေးထောင့်ကွက်ဖော် အမိတ်ပါစောင်ကို ဝတ်ရသည်။ ယဇ်ဆရာတိုင်း အပြောအဆို၊ အနေအထိုင်၊ အကျင့်အကြံ၊ အစားအသောက် ဆင်ခြင်ရသည်။ အသေကောင်သား၊ အသားစားကောင်၊ သားရဲကိုက်စားသော အကြွင်းအကျန်၊ ညှင်ဂက်၊ အိမ်ငှက်၊ မြင်းစသည့် ခွါမကွဲသား ရှောင်ကြဉ်သည်။ အလုပ်ဘောင်မတိုင်မီညများ၌ မိန်းမပါရှောင်ရသည်။ ယဇ်ဆရာအတွက် ယဇ်ကောင်မှအသားခွဲတမ်းပုံမှန်ဖြစ်သည်။ Tulpi အား ရင်အုပ်သား၊ ယာခြေတစ်ပေါင်လုံး၊ ကျွဲ၊ နွား၊ နွားနှောက်တွင်သားရေပါပေးခြင်းတို့သည် ကျင့်စဉ်ဖြစ်သည်။ (ရိုးရာကိစ္စ၌ စည်းကမ်းကြီးသော Naulak clan တို့၏ ကျင့်စဉ်အရ တင်ပြခြင်းဖြစ်၍ အခြား clan တို့၌ ကွဲပြားမှုအနည်းငယ်မျှ ရှိနိုင်သည်။

လူမပွားများမီကာလ၌ Tulpi ကသာ ယဇ်ကောင်ပွဲအားလုံး ခင်းကျင်းဟန် ရှိသည်။ ချင်းတို့၏ ရှေးကာလတရားစီရင်ခြင်းသည် တုံးတိတိနှင့် ပြတ်သားသည်။ အပြစ်ရှိသောအမှုသည်အား ချက်ချင်းအမှန်တရားပေါ်လွင်အောင် အပြစ်ရှိသူသေစေခြင်းဖြင့် စီရင်ခြင်းမျိုးလည်း ရှိသဖြင့် ဘုရားကို တိုင်တည်လျက် ဘုရားရှေ့လူရှေ့မှောက်မှာ သစ္စာဆိုစေသောအလုပ်မှာ ယဇ်ဆရာတို့၏တာဝန်ပင်ဖြစ်သည်။ တရားသူကြီးအဖွဲ့တွင် အရေးပါဆုံးနေရာ၊ အစားထိုးမရသောနေရာဖြစ်သည်။ 700-400 BC ကာလတွင် ယခု ဘီဟားရ်တစ်ဝိုက်(အိန္ဒိယ)နယ်မြေနှင့် မြန်မာပြည်သင်းတွဲတို့တွင် နေထိုင်သောလူမျိုးများကို (Sak) သက်ဟုခေါ်ဝေါ်ရသည့် အကြောင်းရင်းမှာ ထိုလူမျိုးတို့၏အုပ်ချုပ်မှုစနစ်၌ အခြေတည်ဟန်တူသည်။ ယဇ်ဆရာက ရပ်ရွာအုပ်ချုပ်မှုတွင် အရေးပါဆုံးအခရာ (Priest Centered Ruling System) ဖြစ်သဖြင့် ပါဠိဘာသာတတ်ခြောက်သူဘေးလူများက Sak လူမျိုးများဟု သမုတ်လိုက်ဟန်တူသည်။ {Sak - Sakya (one who preserves the purity of his race) Saki (the dynastic Sakya clan). (မြန်မာ-အင်္ဂလိပ် အဘိဓါန် pp. 485. 492 ရှု}

ရိုးရာယဇ်ဆရာသည် လူမှုရေးအားလုံးတွင် အရေးပါဆုံးဖြစ်ကြောင်း ထင်ရှားသည်။ ဤသို့

သောစနစ်မျိုးကို စည်းကမ်းတကျ ကျင့်သုံးတတ်သော လူမျိုး၊ မျိုးတူစု (clan) များပင်လျှင် လူမျိုးကြီး စိတ်ဓါတ်ပိုက်ထွေးသူများအဖြစ် ကောက်ချက်ချနိုင်လောက်ပါသည်။

၉။ ဘုရားသားပီပီ

ချင်းလူမျိုးတို့၏ ထူးခြားသောသဘာဝတစ်ခုသည် ကောင်းမလိုနှင့်ဆိုးသည်။ ချက်ချင်းဒေါသဟုန်းမတောက် တေးမှတ်ပြီးမှ အသေနိပ်ကွပ်တတ်သည်။ ရန်မစငြားလည်း အပြစ်ကို မလွတ်၊ ကလဲ့စားချေ ခေါင်းဖြတ်အောင်ပွဲခံသည်။ ဘုရားကချစ်သောသားကို နာနာဆုံးမသဖြင့် ချင်းတို့တွင် အမျိုးနာမသင်္ဃး ဖြစ်၊ ကမ္ဘာအနှံ့ဖြန့်ကျဲခြင်း၊ မျိုးတုံးသတ်ဖြတ်ခြင်း မခံရအောင် အစိုးရနှင့်ပြေလည်ခွင့်ပေးခြင်း၊ ဘုရားအစီအစဉ်က သူတို့နှင့်အတူနေကြောင်း သမိုင်းက သက်သေထူပါ၏။

(က) ဖြန့်ကျဲခြင်း။

အဂ္ဂဖဂန်နှင့် ပါကစ္စတန်နယ်စပ်တလျှောက် တောတောင်အရပ်တွင်၄င်း၊ အိန္ဒိယမြည်အနှံ့ တမန်းအုပ်စုနီပေါတွင်၄င်း၊ မျိုအုပ်စု ရာဂျစတန်တွင်၄င်း၊ ဂျိုးအုပ်စု ကာစမီးရ်တွင်၄င်း၊ ချက်မာအုပ်စု အာသံတွင်၄င်း၊ အသီးသီးသောချင်းများကြီပူရ၊ မဂ္ဂလေးယား၊ မီဇိုရမ်တို့တွင်၄င်း၊ အထွေထွေ အပြားပြားအုပ်စုများ မဏိပူရတွင်၄င်း၊ အမျိုးတူမှန်းပင် မဆက်စပ်တတ်သောတောင်ပေါ်သားများ ဘင်္ဂလားဒေ့ရှ်တွင်၄င်း၊ ဘာသာစကားကွဲ (၆၀)ခန့်မျှကို နာဂမြေတွင်၄င်း၊ မိယင်နို-ယိုနှင့် ချောင်းအုပ်စုများ တရုတ်ပြည်တွင်၄င်း၊ မျို-ယိုများ လာအို၊ ထိုင်းနှင့်ဗီယက်နမ်တောင်ထိပ်များတွင်၄င်း၊ အိုင်းနူးအုပ်စုဂျပန်တွင်၄င်း၊ မျိုးကွဲ (၅၃)အဖြစ် အသိအမှတ်ပြုခံသော ချင်းများ မြန်မာမြည်တွင်၄င်း ဘုရားရှင်က ဖြန့်ကြဲလိုက်သည်မှာ ကံထိုက်ရာအလျောက်ဟု ဆိုရန်သာ ရှိပါတော့သတည်။

(ခ) ပတ်ဝန်းကျင်နှင့်ပြေလည်ခြင်း

မြန်မာပြည်တွင် သင်းတွဲမှ ဟန်လင်း၊ သရေခေတ္တရာ၊ ပုဂံအစောပိုင်းရာဇကုမာရ်အထိမင်းဆက်တို့မှာ ပျူသွေးသားများဖြစ်၍ အနော်ရထာ (1044-1077 or မှန်နန်းအရ 1017-1059) အထိ ပျူမင်းတို့ တဆက်တည်း မင်းပြုကာလဖြစ်ရာ ပျူတို့မှာ သင်းတွဲမှအစပြု၍ သက်တို့နှင့် မကွဲမပြားအတူနေထိုင် အပြန်အလှန် အကျိုးပြုကြကြောင်း တွေ့ရှိရသည်။ တန်နက် (Tan Nek) ၏မြေး၊ စုက္ကတဲ (Sukte) ၏ညီ အနော်ရထာနှင့် ပုပ္ပါးတောင်ရှိ ချင်းတို့ ပြေလည်လှကြောင်း တွေ့ရသည်။ ချင်းအဖိုးအို ဖိုးငမောက်ထံမှ အနော်ရထာတောင်းယူသော ပတ္တမြားငမောက်ပင်လျှင် အကြီးဆုံးနန်းစည်းစိမ်ဖြစ်ခဲ့ပါသည်။ ကျန်စစ်သားလက်ထတ်တွင် စိုက်ထူသော ကျောက်စာတွင် "လူတစ်ရစ်နတ်နှစ်ရစ်" ဟု ရေးသားခြင်းသည်ပင် မကိုးကွယ်သောသူများက ဘုရားအမှုလုပ်ငန်း ၂ဆပြီးမြောက်ကြောင်း ဆိုလိုသည်ဟု သိရသည်။ ထိုစဉ် ပုဂံတဝိုက် နတ်ကိုးကွယ်သူတို့မှာ ကရင်၊ချင်း၊ ပအို့ဝ်တို့ ဖြစ်သည်ဟု သိရသည်။

(ဂ) ဘုရား သူတို့နှင့်အတူနေ

သမိုင်းစဉ်အရ သလ္လာဝတီမြစ်ကြောင်းတလျှောက်ကို 'ချင်တွင်' ဟု ခေါ်ရလောက်အောင် ဤလူတစ်မျိုးတည်း အဘယ်ကြောင့် တောနက်ရာဘက်သို့ ပြောင်းရွှေ့နေထိုင်ကြပါသနည်း။ မွန်ဂိုတို့၊ တရုတ်တို့၊ နန်ချိုတို့၏ထိုးစစ်ကြောင့်လော၊ AD 100 မှ အစပြု၍ ဆက်ဆက်

ဝင်ရောက်လာသော ရှမ်းတွေကြောင့်လော၊ တိဘက်ကုန်းမြင့်နှင့် ဂိုဘီသဲကန္တာရစပ်ကြားမှ (AD 800-900) အတွင်း ကျောက်ဆည်သို့ဝင်ရောက်လာသော ကန်စိုတို့ကြောင့်လော၊ ကန်စိုနှင့် မွန်တို့ကို ပျမင်းတို့က အဖော်ပြု၊ ပူးပေါင်း၍ သက်တို့ နေရာတျဉ်း အခက်ကြုံသလော။ အဘယ့်ကြောင့် ချင်းတွင်းတဝိုက်မြို့ရွာများကို စွန့်ခွာ၍ တောင်ထိပ်သို့တက်ကြပါသလဲ။ ယေဘုယျအဖြေမှန်ကတော့ ထိုခေတ်၌ နေရာကောင်းလုကြ၊ ရှုံးထွက်စနစ်ပင်။

ဤတွင် ချင်းလူမျိုးတို့၏သဘာဝကို ချဉ်တွက်သင့်ပါသည်။ မိမိတို့၏ရှေးဘာသာသည် မျိုးတူစုအခြေခံ၊ မိမိတို့၏ရိုးရာဓလေ့တွင် သာရေးနာရေးဆိုင်ရာ လူမှုရေးပြဌာန်းချက်သည် မျိုးကူစု၊ သွေးနီးရာစု အခြေခံဖြစ်ရကား အမျိုးတူစုသာရွာဖွဲ့၍ အဆင်ပြေသောနေရာသစ်ရှာကြရင်း သူများမနေချင်ဆုံးအရပ်ဘက်ကို မိမိတို့အတွက် အဆင်ပြေရာလည်း ဖြစ်နိုင်ခြေရှိပါသည်။ သို့မှသာ မိမိတို့၏မူရင်းဇစ်မြစ်လက္ခဏာထိန်းသိမ်းရာလည်း ရောက်ပါသည်။ ပင်လယ်ဘက်နားနေထိုင်ဖူးကြောင်း မိမိတို့၏ရှေးဟောင်းပစ္စည်းကနုကမာ၊ ကြွေခရုတို့က သက်သေဖြစ်ပါသော်လည်း လက်ရှိအချိန်တွင်မူ မည်သည့်နိုင်ငံရှိ မည်သည့်ချင်းလူမျိုးမဆို တောင်ပေါ်သားများသာ ဖြစ်ပါတော့ သည်။ မြန်မာ့မြေပြန့်ချင်းများပင် တောင်ပူစာလေးတစ်ခုပေါ် ရွာတည်လေ့ရှိကြောင်း၊ တောင်ပေါ်တွယ်တာသူများဖြစ်ကြောင်း သဘာဝထူးတစ်ခု တွေ့ရှိလေသည်။

၄င်းတို့ထက် စိတ်ဝင်စားဖွယ်အကောင်းဆုံးတစ်ခုမှာ ယေဇကျေလအနာဂတ္တိကျမ်း ၂၀း၂၉ ပါ အချက်အလက်ပင်ဖြစ်ပါသည်။ ခက်ခဲသောမြေမြင့်ရာ ဗာမာအရပ်ဒေသသို့ ထိုလူများနေထိုင်ရမည်ဟူသောအချက်ပင်တည်း။ ဘုရားအစီအစဉ်သည် အကြောင်းတရား၊ လူသမိုင်းသည် အကျိုးတရားဖြစ်ပါသည်။ မျက်မှောက်ကာလမှအပ မြန်မာ့စစ်သမိုင်းတလျှောက်တွင် အရေးကြီးတိုင်း ချင်းတို့မကင်းခဲ့ချေ။ မိမိတို့၌ ဘုရားပါကြောင်းသာဓက တစ်ခုတင်ပြရလျှင် လက်ရှိတီးတိန်အုပ်စု (Ciimnuai အုပ်စု၊ ယခင်ထောရ်ခေါ်၊ ပိုက်တဲခေါ် မြောက်ပိုင်းချင်းအုပ်စု) တို့ ပြည်မမှ တောင်ပေါ်ရွှေ့ပြောင်းရာတွင် ၁၁၀၀ AD? လမ်းခရီး၌ အမှောင်ထုကြီး၊ နဂါးပိတ်ဆို့မှု၊ ကျားရဲဟန့်တားမှု ရင်ဆိုင်ရသော်လည်း အောင်နိုင်ခဲ့သည်။ ရေကြည်ရှိရာကိုပင် ဌက်လိမ္မာက ညွှန်ပြသည်။ ကောင်ပေါ်အရောက် နှင်းလူ အန္တရာယ်ကို ရင်ဆိုင်ရသော်လည်း အောင်နိုင်ခဲ့သည်။

ကျားနှင့်ပျားစစ်ကူ

ကလေးမြို့ ဥမိုင်စခန်း၊ ဗိုလ်ခိုင်ကမ်းကျောက်စာတိုင်တွင် " ဗြိတိသျှစစ်တပ်နှင့် မြောက်ပိုင်းချင်းမျိုးချစ်သူရဲကောင်းတို့ ဒုတိယအကြိမ်တိုက်ပွဲ၌ ပျားကြီးများက ဗြိတိသျှစစ်တပ်အားပြင်းထန်စွာ တုပ်ပြီး၊ တစ်ယောက်အား တျားကကိုက်လိုက်သေးသည်။ သူတို့ဌာနချုပ် ပို့သတင်းတွင် "ဇိုမီချင်းတွေက ပျားနှင့်ကျားစစ်ကူဖြင့် ခုခံသည် " ဟု ပါရှိကြောင်း တွေ့ရသည်။

အလားတူစွာ ဖိုးထန်သွင်း၏မြောက်ပိုင်းချင်းသမိုင်း 1950? p.47 တွင် "မဏိပူရဘုရင်၏ထိုးစစ်နှင့် မြောက်ပိုင်းချင်းတို့ တိုက်ပွဲ၌ ခုခံသူများဖက်မှ ပျားစစ်တပ်ပါဝင်လာသဖြင့် မေးထေစစ်သားသုံးပုံနှစ်ပုံတို့သေဆုံးပြီး၊ ကျန်ရှိသူများရုပ်ပျက်ဆင်းပျက် ရှုံးနှိမ့်စွာ ဆုတ်ခွာသွားသည်" ဟု ပါရှိသည်။

တချို့တုန်းက ချင်းတို့ဌာနေတွင် ဝမ်း

မြောက်ဖွယ်သတင်းဟောပြောဖြန့်ဝေခြင်းသည် အသက်ဘေးမကင်းသောသမိုင်းများစွာ ရှိခဲ့သည်။ တစ်နေ့တွင် ခရစ်ယာန်သာသနာပြုဆရာကြီး J.H.Cope နှင့် Dolluang ရွာသား Pu Ngo Thang တို့နှစ်ဦး အလယ်ပိုင်းချင်းနယ်မြေတစ်နေရာကျေးရွာမှ ရွာသားများကဖြင်းပယ်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦးမှာ ရွာနှင့်မလှမ်းမကမ်း၊ သစ်ပင်ကြီးတစ်ခုကို မှီ၍ မိုးကြီးမှောင်မဲအောက်တွင် ညစာပင်မစားခဲ့ရသော်လည်း ဆာမှန်းမသိ ဆုတောင်းရင်းမှေးရင်းနှင့် မိုးလင်းလာသည့်အခါ ကျားကြီးနှစ်ကောင်တို့က တစ်ဖက်စီ၌ထိုင်လျက် စောင့်ကြပ်နေကြကြောင်းတွေ့ရာ ဘဘ Cope က ဤကျားနှစ်ကောင်ကြောင့် ငါတို့နှစ်ဦးမြားဒဏ်လွန်သည်ဟု ဆိုကာ ကျေးဇူးတော်ချီးမွမ်းကြ၏။ ခရီးဆက်ရန် တိုင်ပင်စဉ် ကျားနှစ်ကောင်မှာ ရှေ့မှပြေးနှင့်ကြပြီ။ ချောင်းတစ်ခုသို့ရောက်လျှင် ချောင်းနံဘေးကျောက်တုံးပေါ်တွင် လတ်လတ်ဆတ်ဆတ်ချေတစ်ကောင်ကို အလျဉ်းသင့်တင်ထားပေးခဲ့ရာ နေလုံးကြီး လည်း ပေါ်ထွက်လာစဖြစ်၍ ချမ်းခိုက်နေတုန်းမီးမွှေး ကာ ချေသားကင်နှင့်အငြိမ့်သားအားဖြည့်ကြရသည်။ (Pu Ngo Thang ၏သားကြီး Navy Chief Khup Poom ထံမှ ရယူလက်ခံသော သတင်းဖြစ်သည်)

ဇက်ဘီစီ၏ရှေးဦး ဧဝံဂေလိဆရာကြီး Revd. Thang Ngin သည် Khuasak အသင်း တော်မှကြီးမှူးလျက် Bo Za Suan Rs.5/-, Bo Pau Cin Rs.5/-, Revd. Mang Kam Rs.2/- တို့က အသီးသီး ထောက်ပံ့ကာ Revd. J.H Cope က ထပ်မံ၍ Rs.3/- ပေးဆပ်ခြင်းဖြင့် မဏ္ဍိပူရအနောက်ခြမ်းသို့ ၁၉၂၈ ခုနှစ်၌ ရောက်ရှိလာခဲ့ပါသည်။ "အခက်အခဲဟာ အမှုတော်မြတ်၏ အနှစ်သာရ" ဟု ပြောပါသည်။ အရေးပေါ် လိုအပ်ချက်အရ ရွာ၏ပြင်ပ၌ အိပ်ခဲ့ရသောဆောင်းညချမ်းဝယ်အိပ်မက်ထဲ တွင် အမေက ချင်းစောင်ကြီး (Puanbu) ခြုံပေး၍ နှစ်နှစ်ခြိုက်ခြိုက်အိပ်ဖြစ်လိုက်သည်။ နံနက်နှိုးသော် လက်စသပ်တော့ ကျားကြီးက ကောင်းကောင်းဖက်အိပ်ထားတာကိုး။ ဖြတ်ကူးရမည့် ပြစ်ရေကလည်းကြီးသနဲ့ ကျားကြီးတပဲ တစ်ဘက်ကမ်းသို့အရောက်ပို့ဆောင်ပေးလိုက်ပါသည်။ အနပ်မှန်စားရဖို့နေနေသာသာ တစ်ခါတလေသူများစွန့်ပစ်စာနှင့် အဆင်ပြေနေရခဲ့ရသည်းကြုံရပါသည်။ ကျားကြီးညွှန်ပြသော ဧဒင်ဥယျာဉ်စာ စားကောင်းသီးလည်း စားဘူးခဲ့သည်။ လမ်းဆုံလမ်းခွ၌ ဇဝေဇဝါမဖြစ်ရအောင်လည်း ကျားကလမ်းပြဘူးပါသည်။" (ပညာသင်ရင်း Sia Thang Ngin, Dolluang အိမ်၌ (၈)နှစ်ကြာနေခဲ့ဖူးသော Pa Hau Ngin ထံမှသတင်း)

စီစီအိုစီလူပ်ရှားမှုကာလတွင် ထန်တလန်နယ်မှကိုပါကီယိုး(Pa Kio) သည် မိမိတစ်ယောက်တည်း စီစီအိုစီဧဝံဂေလိအမှုတော်ဆောင်အဖြစ် ဆက်ကပ်ရန်ညတွင်းချင်းမြို့ဘက်သို့ ခရီးနှင်လာသည်။ လသာသဖြင့် တော့်ပါသေးသည်။ လမ်းထက်၌ ညွှတ်နေသောဧရာမသစ်ကိုင်းကြီးတွင် ကျားကြီးတစ်ကောင် အမြီးတွဲလောင်းနှင့်နားနေသည်ကို မလှမ်းမကမ်းမှမြင်တွေ့ရသည်။ ချက်ချင်းတော့ အိပ်မက်များလား ရပ်ကြည့်ပြီး မျက်စိပွတ်ကာ ပြန်ပြန်ကြည့်လည်း အိပ်မက်မဟုတ်၊ ခဏချင်းတွင် ယောနကို သတိရ၏။ ဒူးထောက်ဆုတောင်းပြီး "ဘုရားရှေ့မှငါမပြေး" ဟု အဓိဌာန်ပြုကာ ကျားမြီးတွဲလောင်းကိုရှောင်၍ ရှေ့တိုးတော့သည်။ နောက်မှကျားဟာ ဇိမ်ကျကျကိုယ်ဆန့်ပြီး ခုန်ဆင်းလာသော်လည်း ပါကီယိုးကို

ချောက်ပင်မချောက်။ ခွေးလိမ္မာလေးကဲ့သို့ နောက်မလှမ်းမကမ်းမှလိုက်ပြီး၊ ပါကီးယို့ခမျာ အဖော်ရရှာသည်။ ရွာကြိုးဝိုင်းထိသာ အဖော်ပြုလိုက်လာကြောင်း၊ ပါကီးယို့း၏မာကျောသော နှလုံးသားကို ပျော့ပျောင်းသွားစေကြောင်း၊ မကြာမီ မိမိ၏ကန်ဖိုးကြိုးသော သက်သေခံချက်နေရာအနှံ့ကြားသိရခြင်း ဖြစ်ပါသည်။

မပြည့်စုံခဲ့သော်လည်း ထာဝရဘုရားကိုပင် အစဉ်အဆက် ကိုးကွယ်ထားသူများ ဖြစ်သည့် အလျောက် ဘုရားရှင်က ဦးစားပေးပါသည်။ ကားရိန်စွန်းတို့ဇနီးမောင်နှံကို ဦးစွာခိုင်းစေလာပါသည်။ မမကာရိုးစွန်း၏ ပထမနေ့ စိတ်ဓါတ်ကျမှုကို အထမ်းသမားအဖြစ် လိုက်လာသော ချင်းမလေးတစ်ယောတ်၏ကိုယ်လုံးကိုယ်ပေါက် အသားအရေအလှနှင့် အပြုံးက ဖမ်းစားကာ ချင်းရိုင်းတို့အား ကြင်နာစိတ်၊ စာနာစိတ်ပျိုးဖြစ်လိုက်ပါသည်။ မကြာလိုတ်ပါ ဘဘကားရိန်စွန်းဆုံးသွားရှာပြီ။ မမကားရိန်စွန်းခမျာ တက်သစ်စအလားအလာကောင်းသော လူငယ်ရှိသမျှကို မေတ္တာမျက်ရည်လက်နက်ဖြင့် တစ်ယောက်ပြီး တစ်ယောက် စည်းရုံးသိမ်းသွင်းနိုင်ခဲ့ရှာပါသည်။

နောက်ထပ်ရောက်ရှိလာသော သာသနာပြုများ၊ ကရင်ဆရာ၊ အရှိ ချင်းဆရာများ၏ အခက်အခဲတွေလည်း ရေတွတ်စရာ များပြားလှပါသည်။

သခင်ယေရှု၏လောကကားတိုင်ခရီးလည်း မချောပါ။ လေးလံသောကားတိုင်ကို ထမ်းသောလမ်း၊ စော်ကားမော်ကားပြုကာ လှောင်ပြောင်၊ တံတွေးထွေး၊ အဝတ်ချွတ်၍ နီရဲသောဝတ်ရုံခြုံခိုင်း၊ ကျူတုတ်ဖြင့် ရိုက်နှက်၊ ဆူးရစ်ဦးဆောင်းကို ဆောင်းစေသောလမ်း၊ ဇောချွေးဇောသွေးပြန်သော လမ်း၊ ကားတိုင်သည် ရေကောင်းအစားရေခါးသောက်ရာနေရာ၊ နံဘေး၌ လှံတံထိုး၍ နှလုံးသွေးယို စီးသောနေရာဖြစ်ရကား ချင်းတောင်ခရစ်ယာန်သာသနာနှင့် လက်ဦးပတ်သက်သူအားလုံး စွန့်လွှတ်ရသည်ချည်း။

စာပေလုပ်ငန်းကိုပင် စိတ်တိုင်းကျမပြီးမြောက်သေး၊ ဘဘ Cope ဆုံးသွားပြန်သည်။ ချင်းတို့အပြစ်နက်လွန်းသဖြင့် ဘဘကားရိန်စွန်း၏ အသက်တစ်ချောင်းသာမလုံလောက်၍ ဘဘခုပ်၏အသက်ကိုပါ ချင်းတို့အပြစ်မြေက ခိုက်နေသေးသလော၊ မမကားရိန်စွန်း၏မျက်ရည်နှင့်မလုံလောက်နိုင်၍ မမCope ၏မျက်ရည်ကိုပါ လိုနေသေးသလော။

မည်သို့ပင်ဖြစ်စေ ဘုရားရှင်သည် သူ့သားသမီးများကို ဆူးခင်းလမ်းအားဖြင့် ပြန်လည်တွေ့ရှိရပါပြီ။ အပြစ်သွေးစွန်းသော် ချင်းလူမျိုးများကို ကယ်တင်ခဲ့ပါပြီ။ ကားတိုင်ပေါ်မှ သခင်ယေရှု၏ Teletestai ဟူသော ကြွေးကြော်သံသည် ချင်းတို့မြေတွင် ပဲ့တင်ထပ်ပါပြီ။ တစ်ချိန်ကမျက်ရည်ပူများ တစ်ပေါက်ပေါက်ယိုဖိတ်သော မမကြီးတို့၏မျက်ရည်များလည်း နှစ်တစ်ရာပြည့်အခါသမယမှာ ဝမ်းမြောက်မျက်ရည်အေးတွေကအစားထိုးဦးမှာပါ. . ဟာလေလုယ။

Pu Thuam Hang, Pu Pau Suan တို့နှစ်ဦးအောင်ပွဲခံမါးသိုင်းအတ ပြိုင်တူကကြလေမလား။ ချင်းဌာနေခရစ်ယာန်သာသနာပြုမိသားစုအားလုံးနှင့် ရှေ့ဦးပြောင်းလဲသော သန့်ရှင်းဆူများ ဝိုင်းဖွဲ့လျက် Pu Thuam Hang က ဗုံတီးကာ Pu Pau Suan က နွားနောက်ကျိုတီးလျက် Common dance အက ပျော်ရွှင်စွာကကြလေမလား။ ထိုစဉ် စီစီအိုစီစေတမန် Vung Khan Kham, Bual Cung, Cin Khaw Thawn, Ngai Za Siam, Niang Lom Kim, Hawi Lam, Kap Cin Khai

တို့က stage ခုံပေါ်မှမိုက်ခွတ်ဖြင့် အောင်ပွဲခံချင်း တေးသီချင်းကြီး သီဆိုပေးကြဦးမလား.. ?၊ ပြီးလျှင် ကောင်းကင်တမန်တို့ တဖျောင်းဖျောင်း လက်ခုပ်တီးသြဘာပေးကြဦးမလား.. ?

နိဂုံး

Pu Thuam Hang က ချင်းတို့၏နှစ်တရာ ကာလဘဝကို သုံးသပ်ချက်ပေးလျှင် ကြားယောင်မိပါသည်ဟူသောစကားမှာ "သားသမီးတို့.. ကောင်းချီးမြောက်များစွာခံစားကြရတယ်နော်။ အပေါ်ယံအားဖြင့် အားရစရာပါ။ ဒါပေမယ့် ကောင်းချီးဆိုတာ အကျိုးတရား။ အကြောင်းတရားဟာ ဘုရားအလိုတော်ပဲလေ။ ကိုယ်တို့ သမိုင်းကြောင်းဟာ ဝုဏ်ယူဖွယ်ရာ အလိုတော် သမိုင်းကြောင်း ဖြစ်တယ်။ ဘုရားချီးမြှောက်လို့ သာ လူတောသူတောရောက်ကြရတဲ့အခါ ဝုဏ်မက်ကြပြန်ရောလား! ကောင်းချီးကို ကိုယ့်အစွမ်းအစထင် ယစ်မူးကြ၊ အလွဲသုံးစားပြု၊ အငယ်ရောအကြီးပါ ဝုဏ်ပြိုင်ကြသနဲ့။ အိမ်ထောင်ဘက် သတိချွတ်ချော်၊ ဘာသာစကားသတိလက်လွတ်၊ ကျီးကန်းဟာ ဒေါင်းမြီးတပ်လည်း ကျီးကန်းပါပဲ။ ချင်းမဟုတ်သူပင် ချင်းမြစ်လာမည်ဆိုတာ မမြင်ယောင်ကြသေးဘူးလားကွယ်။ ဘုရားပေးဇစ်မြစ်မတွယ်ကြရင် ဘုရားသခင်ဘုန်းတော်ရွေ့လုပြီ။ မရွေ့ လျှင်ပင် ကိုယ်နဲ့လွဲချော်တော့မှာပါကလေးလေ။

Pu Pau Suan က မျက်မှောက်အရေးမှာကြား လျှင် ကြားယောင်မိပါသည်ဟူသောစကားမှာ" ကိုယ့်တို့ချင်းလူမျိုးများ ယဉ်ကျေးမှုပကတိလမ်းအကြောင်းဟာ နှစ်ခြင်းဂျူဗလီဘာသာပါပဲ။ အရေးပေါ်လို အပ်ချက်အရအမှုတော်လုပ်ငန်း အောင်နိုင်အောင် ဂိုဏ်းဂဏမြောက်များစွာသို့ ချီးမြောက်ခြင်းခံကြရပြီ။ လုပ်ဆောင်ချက်တွေ မှန်းချက်နှင့်နှမ်းထွက်ကိုတ်ကြရဲ့လား။ ဒီထက်ပြီးမြောက် အောင်မြင်နိုင်ဖို့ ဘုရားအလိုတော်ကို လေးလေးနက်နက်ဆင်ခြင်ရင်း ဘုရား၏အစမ်းခန့်ကာလ ကိုယ့်သမိုင်းကို ဆန်းစစ်ကြပေါ့နော်။ ဘုရားဘက္ကာက ဆယ်မရခိုက်တတ်သတဲ့ကွယ်။ ကားတိုင်လမ်းမှာ ကိုယ်ကျိုးမငဲ့ဘူး။ ဇဝဲဂေလိလုပ်ငန်းတွေ ပူးပေါင်းကြတော့လေ။ တတိယမြောက်ထောင်စုနှစ်ကာလမှာ ကျေးဇူးတော်ကာလနေပင်လုပြီ။ တမဟုတ်ချင်း ကုန်ဆုံးနိုင်ပြီ။ ဘုရားသခင်ဘုန်းတော်တည်နိုင်ကြပါစေ.. သားတို့ သမီးတို့..."

Vial Khan Mang. M.A
(Theology- candidate)
Keizang - Revd. Thang Ngin' Mission

✧ We are saved by Christ's DYING, not by our DOING.
✧ Salvation is free because Christ paid the infinite price.
✧ God's grace can save the best of sinners and the worst of sinners.
✧ When you remember your sins, remember your Sin-bearer.
✧ When God saves us, all our sins are Forgiven, Forgotten, Forever!

CMC လုပ်ငန်းနှင့်ကျွန်တော့်အမြင်

ဒေါက်တာမှူးထန်

CCOC လုပ်ငန်းအပေါ် ကျွန်ုပ်၏အားရ ကျေနပ်မှုနှင့် CMC လုပ်ငန်းအပေါ် မကျေနပ် ချက်အား ဇက်ဘီစီအထွေထွေအတွင်းရေးမှူးထံ အောက်ပါအတိုင်း စာရေးသားတင်ပြလိုပါသည်။

ဒေါက်တာမှူးထန်
ထန်တလန်မြို့

သို့
အထွေထွေအတွင်းရေးမှူး
ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်
ဖလမ်းမြို့

ရက်စွဲ ၁-၉-၀၃

အကြောင်းအရာ။ **CMC** လုပ်ငန်းနှင့်ကျွန်တော့် အမြင်တင်ပြခြင်း

လူကြီးမင်းခင်ဗျား၊

ကျွန်တော်ရိုသေစွာစာရေးပြီး CMC လုပ်ငန်းနှင့် ကျွန်တော့်အမြင်အား တင်ပြခွင့်ပြုရန် ဦးစွာမေတ္တာရပ်ခံအပ်ပါသည်။ ချင်းလူမျိုးများသည် မြန်မာနိုင်ငံအတွင်း မိုတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုး (Native people) များ ပြစ်ပြီး ပြောင်းရွှေ့နေထိုင်လာသော Immigrant များမဟုတ်ပါ။

ချင်းပြည်နယ်၏ ပထဝီအနေအထား မကောင်းမှုကြောင့် တစ်တောင်ခြားတိုင်း ဘာသာ စကားတစ်မျိုးပြောလေ့ရှိသည့်လူမျိုးဖြစ်ပါသည်။ ချင်းလူမျိုးဆိုသည်မှာ လိုင်မီးခေါ်ချင်းမျိုးနွယ်စု၊ ဇိုမီးခေါ်ချင်းမျိုးနွယ်စု၊ ချိုခေါ်ချင်းမျိုးနွယ်စု၊ ခမီးခေါ်ချင်းမျိုးနွယ်စုနှင့် အရှိုချင်းခေါ် ချင်းမျိုးနွယ်စုသာလျှင် ရှိပါသည်။

အချို့က မြို့နယ်ကို အစွဲပြုပြီး တီးတိန်ချင်း၊ ဖလမ်းချင်း၊ ဟားခါးချင်း၊ တွန်းဇံချင်း၊ ထန်တလန်ချင်း၊ မင်းတပ်ချင်း၊ ကန်ပက်လက်ချင်း၊ မတူပီချင်း၊ ပလက်ဝချင်းဆိုပြီး ရေးသားပြောဆိုနေကြတာလည်းတွေ့ရပါသည်။ မြို့နယ်ကိုအစွဲပြုပြီး သမုတ်သည့်လူမျိုးအပေါ် ချင်းအမျိုးသားအချို့ကလည်း အရိုးစွဲနေတာတွေ့

ရပြန်ပါသည်။

ဤသို့ မြို့နယ်စွဲလူမျိုးနာမည်သည်လည်း လုံးဝမှန်ကန်မှုမရှိပါ။ ဤအစွဲကြောင့်ပင်လျှင် တမြို့နယ်နှင့် တမြို့နယ်အထင်အမြင်မှားပြီး မြို့နယ်စွဲစိတ်မါတ်က ချင်းလူမျိုးအချင်းချင်းစိတ်ဝမ်းကွဲပြားစေကာ အိမ်ကြက်ချင်းအိုးမဲသုတ်ခွပ်တတ်ကြခြင်းဖြစ်ပါသည်။ အလွန်ဝမ်းနည်းစရာ ကောင်းပါသည်။

ထို့သို့ဖြစ်နေသောအခြေအနေတွင် မြန်မာပြည်အနှံ့ပြန့်ကျဲနေသော ချင်းလူမျိုးများအား စည်းရုံးနိုင်သည့် တစ်ခုတည်းသောအဖွဲ့အစည်းသည် ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (ZBC) ပင်ဖြစ်ပါသည်။

ZBC ၏ (၁၅)နှစ်တာ CCOC လုပ်ငန်းသည် အလွန်ကျေနပ်အားရစရာဖြစ်ခဲ့ပါသည်။ ချင်းပြည်နယ်တွင်းရှိမယုံကြည်သူ ညီအစ်ကိုများစွာ တို့အား ယုံကြည်သူအဖြစ် ပြောင်းလဲစေပြီး ကယ်တင်ခြင်းရရှိခြင်းသည် ဘုရားရှင်အားခိုးမွမ်း၍ မကုန်ဖြစ်ခဲ့ပါသည်။ ယင်းသို့ပြောင်းလဲလာခြင်းကြောင့် ချင်းလူမျိုးအချင်းချင်း၊ တောင်ပိုင်းမြောက်ပိုင်းမခွဲခြား၊ ချစ်ခြင်းမေတ္တာပွားများလာပြီး စည်းလုံးညီညွတ်မှုရရှိခဲ့ခြင်းကို လူတိုင်းအသိအမှတ်ပြုခဲ့ပါသည်။

CCOC လုပ်ငန်းစခန်းသိမ်းပြီး CMC သို့ လုပ်ငန်းအသွင်သို့ ပြောင်းရွှေ့အကောင်အထည်ဖော်သောအခါတွင်မူ ဝမ်းသာစကားနည်းနည်းပါးပါးကြားရသော်လည်း ဝမ်းနည်းသတင်းကို တော့ တော်တော်ကြားရပါသည်။ တကယ်ပင် ဝမ်းနည်းစရာဖြစ်ပါပေ၏။ အဘယ့်ကြောင့်ဆိုသော် မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များမှ ယုံကြည်သူအချို့သည် နတ်ဘာသာနှင့်အခြားဘာသာသို့ ပြန်လည်ကူးပြောင်းကြသည်ဆိုသည့် သတင်းကြောင့် ဖြစ်ပါသည်။

ဘာသာတရားကွဲပြားခြင်းသည် လူမျိုးကွဲပြားခြင်းကဲ့သို့ အချင်းချင်းယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးမှုကို ပျက်ပြားစေပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ ဘာသာရေးကြောင့်ဖြစ်ပေါ်နေသော မငြိမ်သက်မှု၊ မဋိပက္ခနှင့်ခိုက်ရန်ဖြစ်ပွားမှုစသည်ဖြင့် ပြဿနာမျိုးစုံဖြစ်ပေါ်ခဲ့ဖူးကြောင်းတွေ့မြင်ကြရမှာဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ခရစ်ယာန်ဘာသာဝင်တို့၏ဘုရားသည် ချင်းခြင်းမေတ္တာဖြစ်၍ပင်တည်း။

ချင်းလူမျိုးများ၏အချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ တိုးတက်ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်သောဘာသာတရားသည်လည်း ခရစ်ယာန်ဘာသာပင်ဖြစ်ပါသည်ဟု ကျွန်တော်ယူဆပါသည်။ ချင်းလူမျိုးများ၏လောကီလောကုတ္တရာနှစ်ဖြာအတွက် ခရစ်တော်၏အဆုံးအမနှင့် သွန်သင်မှုသည် အရေးအကြီးဆုံးအရာပင်ဖြစ်ပါသည်။

လောကဘ္ဂအမိဂ်နှင့်သာမညဟူ၍လုပ်ငန်းနှစ်ရပ်ရှိပါသည်။ ချင်းလူမျိုးများ ယုံကြည်သူဖြစ်လာရေးသည် ပထမအဓိကလုပ်ငန်းဖြစ်ပြီး ပြေပြန်ရှိညီအစ်ကို ချင်းလူမျိုးများ ယုံကြည်သူဖြစ်လာရေးသည် ဒုတိယအဓိကလုပ်ငန်း

ဖြစ်ပါသည်။ အခြားမြေပြန့်ရှိ ညီအစ်ကို ချင်းလူမျိုးများယုံကြည်သူဖြစ်လာရေးသည် တတိယ သို့မဟုတ် သာမည လုပ်ငန်းဖြစ်သည်ဟု ကျွန်တော်ခံယူမိပါသည်။ သန်းပေါင်းများစွာ အကုန်ကျခံပြီး ဧဝံဂေလိနှင့်ခရစ်ယာန် သာသနာပြုခြင်းလုပ်ငန်းဆောင်ရွက်ပြီး မြေပြန့်ခရစ်ယာန် သာသနာ ဆောင်ရွက်ခြင်းသည် "ဆင်ပါးစပ်နှမ်းတစ်စေ့" လို သို့မဟုတ် "သဲထဲရေသွန်" လို ပဲ ကျွန်တော်ထင်မြင်မိပါသည်။ ဤလောက်အကုန်အကျခံပြီး CCOC အားဖြင့် လုပ်ဆောင်ခဲ့သော လုပ်ငန်းကို CMC လုပ်ငန်းဖြင့် ဆက်လက်၍ ချင်းလူမျိုးများ အကြားဌာသာ ဆက်လက် ဆောင်ရွက်မည် ဆိုပါက ချင်းညီအစ်ကိုအများစု သည် ယုံကြည်သူများဖြစ် လာမည်သာ ဖြစ်ပါသည်။ ချင်းပြည်နယ်သည်လည်း ခရစ်ယာန်ပြည်နယ်သဖွယ်ဖြစ်လာပြီး အေးချမ်းသာယာကာ တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပါသည်။ ချင်းအမျိုးသားများစည်းရုံးရေးမှသည် ပြည်ထောင်စုကြီး တစ်ခုလုံးစည်းလုံးညီညွတ်မှုကို အထောက်အကူပြုနိုင်မှာဖြစ်ပါသည်။

ထို့ကြောင့် ZBC အနေဖြင့် ချင်းလူမျိုးများအားလုံး ယုံကြည်သူဖြစ်လာရေးအား အဓိက လုပ်ငန်းအဖြစ်ခံယူကာ မြေပြန့်ညီအစ်ကိုများသာမက ချင်းပြည်နယ်မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များသို့ CMC လုပ်ငန်းကို ပြန်လည်စတင်အကောင်အထည်ဖော်သင့်ပြီဖြစ်ကြောင်း စိတ်ကောင်းစေတနာနှင့်အကြံပြုတင်ပြအပ်ပါသည်။



- ✧ God came to dwell with man that man might dwell with God.
- ✧ Make room for Jesus in your heart, and He will make room for you in heaven.
- ✧ It's never too early to receive Christ, but at any moment it could be too late.
- ✧ Life's heaviest burden is to have nothing to carry.
- ✧ Only one life, 'twill soon be past; only what's done for Christ will last!
- ✧ Kneeling keeps you in good standing with God.
- ✧ God's highest gift should awaken our deepest gratitude.
- ✧ God is more interested in our *availabilities* than our *abilities*.
- ✧ Do you have a burden for the lost, or have lost your burden?
- ✧ If we have no trials, we'd have no triumphs!
- ✧ The human spirit *fails*, unless the Holy Spirit *fills*.
- ✧ If your Christianity is worth possessing, it's worth proclaiming.
- ✧ If you are too big to be willing to do little things, you are too little to be trusted with big things.
- ✧ Some denounce the devil openly while agreeing with him secretly.
- ✧ If you *long* to be with Christians, you *belong* to Christ!
- ✧ The thickest clouds often bring the heaviest showers of blessing.

မြောက်မှတောင်သို့ဖြာသည့်အလင်း

Revd. D.Kip Thian Pau

ချင်းပြည်နယ် မြောက်ပိုင်း၌ခရစ်တော်၏ကယ်တင်ခြင်းတရားကို ၁၉၀၄ခုနှစ်မှစ၍ ဦးစွာကြားသိပြောင်းလဲလာကြပါသည်။ တောင်ပေါ်ဒေသသို့အမေရိကနိုင်ငံမှခရစ်ယာန် သာသနာပြုဆရာများနှင့် ကရင်လူမျိုး ခရစ်ယာန်သာသနာပြုဆရာများ ယူဆောင်လာသော သတင်းကောင်းသည် တဖြည်းဖြည်းပျံ့နှံ့ရာမှ အဦးသီးသူများပေါ်လာရပါသည်။ အဆိုပါ အဦးသီးသူများ၏နောက်မှ ယုံကြည်သူ အမှုတော်ဆောင်ဆရာတစ်ချို့ပေါ်လာပါသည်။ သူတို့သည်လည်း ခရစ်ယာန်သာသနာပြုဆရာများ၊ အဦးသီးသူများကဲ့သို့ အရှိုးကျေကျေအရည်ခမ်းခမ်း ခရစ်ယာန်သာသနာပြန့်ပွားရေးအတွက် ပါဝင်လာကြပါတော့သည်။ ၄င်းတို့အနက်တီးတိန်မြို့နယ်၊မြောက်ပိုင်းမှသိက္ခာတော်ရဆရာ Vial Nang တီးတိန်မြို့နယ်တောင်ပိုင်းမှသိက္ခာတော်ရဆရာများဖြစ်ကြသော Za Khup, Mang Kam, Lian Zam, Thang Ngin နှင့် Thang Lian တို့သည် ကျော်ကြား၍ လူသိများသူများဖြစ်သည်။ အလားတူဖလမ်းမြို့နယ်မှ သိက္ခာတော်ရဆရာများဖြစ်ကြသော Lal Bong, Bawka, Lal H rin အစရှိသောပုဂ္ဂိုလ်များ ဟားခါးမြို့နယ် (ယခုထန်တလန်မြို့နယ်အပါ)မှ သိက္ခာတော်ရ ဆရာများဖြစ်ကြသော Sang Ling, Nawl Tling, Sang Fen နှင့် Van Lo စသည်တို့ဆည် တောင်ပိုင်းချင်းပြည်နယ်နှင့် ဂန့်ဂေါမြို့နယ်များ အထိ ခရစ်ယာန်သာသနာပြုသူများ ဖြစ်တြပါသည်။ အထူးသဖြင့် ချင်းပြည်နယ်တောင်ပိုင်းသို့ဦးစွာ ခရစ်ယာန်သာသနာပြုသူဆရာများမှာ Revd. Sang Ling, Revd. Sang Fen တို့ ဖြစ်ပါသည်။ သူတို့နောက်ပိုင်း Revd. That Dun, Revd. Lung Tum, Revd. Caih Kio တို့သည် မတူပီ၊ မင်းတပ်၊ ကန်ပက်လက်မြို့များသို့ ခရစ်ယာန်သာသနာပြုဆရာများအဖြစ် ထင်ပေါ်သူများ ဖြစ်ပါသည်။

ချင်းပြည်နယ်တောင်ပိုင်းခရစ်ယာန်သာသနာအစပြုခြင်း

ချင်းပြည်နယ်မြောက်ပိုင်း၌ တီးတိန်၊ တွန်းဇံ၊ ဖလမ်း၊ ဟားခါးနှင့် ထန်တလန်မြို့နယ်များ ပါဝင်ပြီး တောင်ပိုင်း၌ မတူပီ၊ မင်းတပ်၊ ကန်ပက်လက်နှင့်ပလက်ဝမြို့နယ်များ ပါဝင်ပါသည်။အဆိုပါ တောင်ပိုင်းချင်းပြည်နယ်သို့ ပထမဆုံး ခရစ်ယာန်သာသနာပြုသူများ၏ သမိုင်းဝင်မှတ်သားစရာအချက်တစ်ချို့ကို တင်ပြလိုပါသည်။ Saya Sang Ling နှင့် Saya Heng Cin တို့ Zophei ဒေသရှိရွာတစ်ရွာရောက်ရှိချိန်တွင် ရွာသူကြီးမှ "ငါ မင်းတို့ကို ထမင်းကျွေးမယ်။ ဒါပေမယ့် မင်းတို့ဘုရားကို ငါမကျွေးဘူး။ ဒါကြောင့် မင်းတို့ထမင်းစားဖို့ဆုမတောင်းပါနှင့်" ဟု အမိန့်ပေးခြင်းခံရဖူးပါသည်။ နောက်တစ်ကြိမ်

Saya Sang Ling ၏အမှုတော်ဆောင်ဘဝ၌ ဇနီးမယားထက် သတင်းကောင်းကို ဦးစားပေးပုံမှာ အသည်းအသန်ဖျားနာနေသည့် ဇနီးကို ထားခဲ့ကာ မှာကြားသည်မှာ "နင့်ကိုတော့ ငါထားခဲ့ရမှာပဲ. . ငါမရှိခိုက် နင်သေဆုံးခဲ့ပါက ကောင်းကင်နိုင်ငံမှာ ပြန်ဆုံကြပါစို့" ဟူသတည်း။ ဤအဖြစ်ကို ကြည့်ခြင်းအားဖြင့် မည်မျှအမှုတော်မြတ်၌ စိတ်အားထက်သန်ကြောင်း တွေ့ရှိနိုင်ပါသည်။

ဤကဲ့သို့ Revd. Sang Ling သည် Zophei နှင့် Zotung ပတ်ဝန်းကျင်များ၌ ခရစ်ယာန်သာသနာအတွက် ခြေချခဲ့သူဖြစ်ပါသည်။ ဆရာကြီး၏သတင်းကောင်းဝေငှရင်း ပညာပေးဟောကြားလေ့ရှိသောအချက်များမှာ

(၁) မိရိုးဖလာကိုးကွယ်ခြင်းအားဖြင့် မည်သည့်အခါမျှ တိုးတက်မည်မဟုတ်။ တိုးတက်သူများ၏ ဘုရားသခင်ကို ကိုးကွယ်မှ ငါတို့လည်း တိုးတက်မည်ဖြစ်သည်။

(၂) အိမ်ဆောက်ပုံများကိုပါ ခေတ်မှီအောင် ဆောက်လုပ်ရမည်။

(၃) ရေချိုးရန်မပျင်းရ၊ မှန်မှန်ရေချိုးရမည်။

(၄) မိရိုးဖလာ တောင်ယာစိုက်ပုံများကိုပါ ပြောင်းပစ်ရမည် စသဖြင့် ဖြစ်ပါသည်။

Saya Sang Ling သည် Rev Carson က ၁၉၀၆ ခုနှစ်တွင် နှစ်ခြင်းမင်္ဂလာ ပေးခဲ့ပြီး အမှုတော်ထမ်းဆောင်ရင်း ၁၉၅၃ ခုနှစ်တွင် ဘုန်းကော် ဝင်စားခဲ့ပါသည်။ သို့ဖြစ်၍ Saya Sang Ling သည် တောင်ပိုင်းချင်းပြည်နယ် သို့ ပထမဆုံးခရီးဆန့်ဟောပြောသူအဖြစ် မှတ်တမ်းတင်အပ်ပါသည်။

Saya Sang Ling နှင့်အတူ ချင်းပြည်နယ် တောင်ပိုင်း၌သတင်းကောင်းဝေငှသူထဲတွင် Saya Sang Fen (Revd. Sang Fen) လည်း ရှပ်ရှပ်ခွပ်ခွပ် ပါဝင်သူတစ်ဦးဖြစ်သည်။ သူ့ကို ယ်ရေးအတ္ထုပ္ပတ္တိ၌ "တစ်ခါ Zotung နယ်မြေဖြစ်သော Lotaw ရွာနှင့် Aika ရွာကြား Paiva ချောင်း ရောက်ရှိစဉ် မိုးရွာ၍ရေကြီးခိုနှင့်၌ ချောင်းကိုဖြတ်ကူးရာ ၎င်းကိုင်ထားသော သစ်ကိုင်းပြုတ်ကျ၍ ရေစီးနှင့်အတူ မျောပါသွားခဲ့သည်။ ကျေးဇူးတော်ကြောင့် ချောင်းနံဘေးရှိ အပင်ငယ်တစ်ပင်ဆုပ်ကိုင်မိရာမှ သီသီကလေးလွတ်လာခဲ့ကြောင်း၊ ဤမျှသာမဟုတ် Aika ရွာရောက်သောအခါ အိမ်ရှင်မှ ထမင်းမကျွေးသဖြင့် ညလုံးပေါက်ဆာလောင်စွာ နေခဲ့ရကြောင်း၊ ၎င်းအပြင် မိမိအသက်ကိုပါ အသေသတ်ရန် ချောင်းမြောင်းခံခဲ့ရသော အခိုန်များလည်း ရှိကြောင်းတွေ့ရပါသည်။ ဤကဲ့သို့ဒေသခံများမှ နှိပ်စက်ရခြင်းမှာ ယင်း အခိုန်၌ သတင်းကောင်းဖြန့်သူများသည် ယဉ်ကျေးမှုဖျက်ဆီးသူ၊ ဘာသာရေးဖျက်ဆီးသူများအဖြစ် ခံယူသောကြောင့် ဖြစ်ပါသည်။

မတူပီနယ်၌ခရစ်ယာန်သာသနာပြုခြင်း

မတူပီနယ်သို့ ရှပ်ရှပ်ခွပ်ခွပ်ခရစ်ယာန်သာသနာပြုသူမှာ Revd. That Dun ဖြစ်ပါသည်။

သူသည် ၁၉၀၆ ခုနှစ်၌ Tluangram ရွာ Zophei ဒေသ၌ မွေးဖွားသည်။ သူသည် အိန္ဒိယနိုင်ငံ Asam District မှ ဘာသာရေးပညာကို သင်ယူသူဖြစ်ပြီး၊ (၁၉၄၄)ခုနှစ်၌ မတူပီနယ်သို့ ဧဝံဂေလိဆရာအဖြစ် စေလွှတ်ခြင်းခံရပါသည်။

သူသည် မတူပီသို့သတင်းကောင်းဝေငှရန် ပြင်ဆင်နေစဉ် ဇနီးသည်ထံမှ စုံစမ်းနှောင့်ယှက်ခြင်း ဝင်လာသည်မှာ ဤကဲ့သို့ရပ်ဝေးသို့ သွားပြီးထားခဲ့ပါက မိမိနှင့်သားငယ်တို့မှာ ငတ်သေရန် သာရှိပါသည်မသွားပါနှင့်ဟု တားမြစ်ပါတော့

သည်။ သို့သော် Saya That Dum မှ ငါသည် ဘုရားသခင်ရှေ့လူတို့ရှေ့မှာ ကတိပြုပြီးဖြစ်သည် ဆိုကာ အဖွဲ့မှပေးထားသောငွေ Rs. 80 ကို ထုတ်ပေးခဲ့ပြီး စတင်ခရီးနှင်ပါတော့သည်။

ဤသို့ခရီးသွားရာမှ Fan Then ရွာအရောက်တွင် အသည်းအသန်ဖျားနာ ပါတော့သည်။ မွေးဇာတိရွာသို့ပြန်ပို့ရန် ဖျောင်းဖြကြသော်လည်း ငါဘယ်တော့မှရွာ မပြန်နိုင်။ ငါသေခဲ့လျှင် မည်သည့်နေရာမဆို မြေမြုပ်နိုင်သည်။ စွန့်ပစ်ထားပါလျှင်လည်း ဂရုမစိုက်ပါဟု ပြတ်သားစွာ ဖြေခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း မနားမနေသတင်းကောင်းဖြန့်ရန် အသွား Ruava ရွာအရောက်တွင် ရွာတွင်းသို့ မဝင်နိုင်အောင် ရွာစည်းရိုးပိတ်ခြင်းခံရပါသည်။ သို့ရာတွင် ကံကောင်းထောက်မစွာ ကိုယ်ဆန့်ရုံသာရှိသော ဝင်ပေါက်မှ ရွာထဲရောက်နိုင်သော်လည်း မည်သည့်အိမ်ကမျှ တည်းခိုခွင့်မပြုပါ။ နောက်ဆုံး မုဆိုးမအိမ်၌ တည်းခိုခွင့်ရခဲ့သည်။ ထိုမုဆိုးမသည် ဆင်းရဲနွမ်းပါးစွာ အသက်ရှင်နေရသော်လည်း သူ၏ရှိသမျှသောအစာကိုပေးရာ၊ မိမိအသက်တာတွင် အရသာအရှိဆုံးသောထမင်းတစ်နပ်ဟု ခံစားမိကြောင်း မှတ်ချက်ချခဲ့သည်။ ၄င်းအပြင် Zotung နယ်မြေတွင် ချင်းထုံးစံအရ နပန်းလုံး အနိုင်ရမှ တရားဟောခွင့်ရမည်ဖြစ်ရာ သူသည် တရားဟောခွင့် ရရန်အတွက် အားခဲဆုတောင်းခြင်းဖြင့် တစ်ယောက်ပြီးတစ်ယောက် နိုင်ကာ နောက်ဆုံးတွင် တရားဟောခွင့် ရလေ့ရှိသည်။ တစ်ခါက Dai နယ်မြေ ရောက်နေခိုက် လူသတ် သမားတစ်ယောက်ကြောင့် အဖမ်းခံ ခဲ့ရဖူးသည်။

ဤကဲ့သို့ ဆရာတော် That Dum သည် ဘုရားသခင်နိုင်ငံတော်အတွက် ဆောင်ရွက်ရင်း အခက်အခဲပေါင်းစုံခံရသကဲ့သို့ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကိုလည်းခံစားရပါသည်။ သူ့ကို ကူညီသူမှာ Captain Chawna ဆိုသူဖြစ်ပြီး မတူပီမြို့တွင် အမှုတော်ကို လွတ်လပ်စွာထမ်းဆောင်ခွင့်ရသည်။ စာသင်ကျောင်းများဆောက်ပေးကာ ဝိညာဉ်ရေးသာမက လူမှုရေးကိစ္စများကိုလည်း ဆောင်ရွက်ပေးသည်။ ဤသို့ဖြင့် ၁၉၄၈ ခုနှစ် သူ၏အစီရင်ခံစာအရ မတူပီနယ်မှ ယုံကြည်သူ (၄၂၈)ဦး ရှိပြီး အလှူငွေ (၅၀၆)ကျပ်ရရှိကြောင်းဖော်ပြထားပါသည်။ ထိုနယ်မှလူငယ်အချို့ကိုလည်း ဟားခါးကျမ်းစာကျောင်းသို့ စေလွှတ်နိုင်ရန် စီစဉ်ပေးခဲ့သည်။

မင်းတပ်နယ်၌ခရစ်ယာန်သာသနာပြုခြင်း

မင်းတပ်နယ်၌အဓိကသာသနာပြုသူမှာ Revd. Lung Tum ဖြစ်ပါသည်။ သူသည် ထန်တလန်မြို့နယ် Vuangtu ကျေးရွာ၌ (၁၉၂၀) ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။

သူသည် အိန္ဒိယနိုင်ငံ၊ Mizo ပြည်နယ် Aijal မှ ၄တန်းပညာအထိသင်ယူပါသည်။ ချင်းသေနတ်ကိုင်တပ်ရင်း (၁)၌ အမှုထမ်းခဲ့ပြီးနောက်(၁၉၄၈) ခုနှစ်တွင် အင်းစိန်ကျမ်းစာကျောင်း၌ ဓမ္မပညာဆည်းပူးခဲ့ဖူးသည်။

၄င်း၏ကိုယ်ရေးအတ္ထုပ္ပတ္တိအရ (၁၉၅၃) ခုနှစ် Z.B.C စတင် ဖွဲ့စည်းစဉ်က ကိုယ်စားလှယ်အယောက် (၃၀)အနက် သူတစ်ဦးတည်း၏ရပ်တည်ချက်မှာ Z.B.C အစား C.B.C (Zo အစား Chin) သုံးရန် ဆန္ဒပြုခဲ့သည်။ ကျန် (၂၉)ဦးသည် Z.B.C ကို လက်ခံကြသဖြင့် Z.B.C ဟု အတည်မြုရခြင်းဖြစ်သည်။ Z.B.C မှ စေလွှတ်သူဆရာ Caih Kio နှင့် (၁၉၅၃) ခုနှစ် ဒီဇင်ဘာလ (၅)ရက်နေ့၌ မင်းတပ်သို့ ရောက်ခဲ့ကြပါသည်။ ၄င်းတို့ရောက်ရှိနေချိန်တွင် မင်းတပ်၌ Major Hasing သည် ခရစ်ယာန်ဖြစ်နှင့်နေပြီဖြစ်၍

ဝိုလ်မှူးထံမှ အကူအညီများစွာရရှိခဲ့ပါသည်။

Saya Lung Tum သည် (၁၉၅၇)ခုနှစ်၌ သိက္ခာတော်တင်ပြီး ထိုနှစ်၌ပင် မင်းတပ်မြို့၏ ပထမဦးဆုံးသောနှစ်ခြင်းဘုရားကျောင်းကို ဦးဆောင်ဆောက်လုပ်ဆက်ကပ်ခွင့်ရခဲ့ပါသည်။ မင်းတပ်မြို့နယ်ရှိ လူမျိုးများသည် ကန်ပက်လက်မြို့နယ် လူမျိုးနှင့် လူမျိုးချင်းတူပြီး (Cho ဟုလည်းခေါ်) ကန်ပက်လက်လူမျိုးဟုပင် ခေါ်ဆိုကြသည်။ သူတို့နှင့် ယုဒလူမျိုးတို့ တူညီသောအချက်တစ် ချက်မှာ မျက်စိတစ်လုံး အစား မျက်စိတစ်လုံး၊ သွားတစ်ချောင်းအစား သွားတစ်ချောင်း၀ါဒဖြစ်သည့် လက်စားချေစနစ်ကို ကျင့်သုံးနေခြင်းဖြစ်သည်။ (စာရေးသူသည် ၁၉၇၅မှ ၁၉၇၉ ခုနှစ်အထိ မင်းတပ်တွင် နေခဲ့ဖူးရာ လက်စားချေစနစ်ကြောင့် လူသတ်မှုမကြာခဏရှိကြောင်း ကိုယ်တွေ့ကြုံခဲ့ပါသည်။)

ဤကဲ့သို့ အမှုတော်အတွက် ဆက်ကပ်၍ နယ်လှည့်နေစဉ် Ro ရွာ၌ ရွာသူကြီးမှ မသက်မှုဖြင့် (၃)ရက် နှင့် (၃)ည ချုပ်ထားခဲ့သည်။ မင်းတပ်သို့ ပို့ရာ မင်းတပ်ရောက်မှ ပြန်လည်လွှတ်ပေးခဲ့သည်။ ၄င်းအပြင် U On Ngai မိသားစုသည် Ro ရွာမှ ပထမဆုံးခရစ်ယာန်ဖြစ်လာရာ ခရစ်ယာန်သာသနာ့နယ်မြေကို အစွဲပြု၍ U On Ngai မှ U Ro Ngai အဖြစ်သို့ အမည်ပြောင်း ပေးခဲ့သည်။

မင်းတပ်နယ်မှ လူငယ်နှစ်ဦး Mg.Hung Cuai နှင့် Mg. Cu Reng တို့ကို ကျမ်းစာကျောင်းတက်ရန် မွေးထုတ်ခဲ့သည်။ သူတို့နှစ်ဦးကိုလည်း Mg. Cu Reng အား Mg. Za Hmung ဟုလည်းတောင်း၊ Mg. Hung Cuai အား Mg. Bawi Kung ဟုလည်းကောင်း နာမည်ပြောင်းပေးခဲ့သည်။

Ro ရွာ၌ မစ်ရှင်ကျောင်းတစ်ကျောင်းကို (၁၉၆၁-၆၂)ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ထိုကျောင်းဖွင့်လှစ်နိုင်ရန်အတွက် Z.B.C မှ ထောက်ပံ့ငွေကျပ်၄၀၀၀ ကျော်နှင့် ကျန်လိုအပ်သောငွေကျပ် ၄၀၀၀ကျော်ကို ကိုယ်တိုင်အလှူခံပြီး ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ Ro ရွာဘုရားကျောင်းဆောက်လုပ်ရန်လည်း Saya. Lung Tum မှဦးဆောင်ခဲ့ရာ U F.Za Hoe, Dr. Cope Ya Pome နှင့် Major ဟာရှိန်းတို့က ပံ့ပိုးကူညီပေးကြပါသည်။

သူ၏ဆုတောင်းသံကို ဘုရားသခင်နားညောင်းသဖြင့် သားသမီးမရနိုင်သော အိမ်ထောင်များ သားသမီးထွန်းကားလာခြင်း၊ နာမကျန်းသူများ အနာရောဂါ ပျောက်ကင်းစေခြင်း အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထွန်းလင်းစေခဲ့ပါ သည်။

၁၉၆၄ခုနှစ် မင်းတပ်နယ်အမှုတော်ဆောင်လုပ်ငန်းမှအနားယူပြီး ဇာတိမြေသို့ ပြန်လာချိန်တွင် မင်းတပ်မြို့နယ်၌ခရစ်ယာန် ဘာသာကိုယုံကြည်သူ (၁၇၀)ဦး၊ ဘုရားကျောင်း (၁၁) ကျောင်းနှင့် အမှုတော်ဆောင်ဆရာ (၆)ပါး မွေးထုတ်နိုင်ခဲ့ပါသည်။

ကန်ပက်လက်နယ်၌ခရစ်ယာန်သာသနာပြုခြင်း

ကန်ပက်လက်နယ်သို့ သတင်းကောင်းပို့သူမှာRevd. Caih Kio ဖြစ်ပါသည်။ Revd. Caih Kio သည် Thlan Thang မြို့နယ် Tikir ရွာ၌ မွေးဖွားသူဖြစ်ပြီး ချင်းပြည်နယ်တောင်ပိုင်း မတူပီ၊ မင်းတပ်နှင့် ကန်ပက်လက်မြို့နယ်များသို့ သတင်းကောင်းပါးသူဖြစ်ပါသည်။ ၄င်းအပြင် ကန်ပက်လက်၌ အခြေချနေထိုင်ပါသည်။

Revd. Caih Kio သည်(၁၉၆၀)ခုနှစ်မှစ၍ မင်းတပ်နယ် Ro ရွာ၌ မစ်ရှင်ဆရာအဖြစ်လည်းကောင်း၊ (၁၉၆၄) ခုနှစ်တွင် မင်းတပ် မြို့၌

အမှုတော်ဆောင်အဖြစ်လည်းကောင်း Z.B.C မှ တာဝန်ပေးခြင်းခံရသည်။ (၁၉၆၅) ခုနှစ်၌ Z.B.C ၏တာဝန်ပေးချက်အရ ကန်ပက်လက်မြို့သို့ ပြောင်းရွှေ့ခန့်ထားမြင်းခံရပါသည်။

သူသည် တောကြိုတောင်ကြား၊ တောနက်ထဲသွားရင်း တစ်နေ့ ကျေးရွာတစ်ရွာ ရောက်ရှိနေခိုက် ရွာသူကြီး Nainun ဆိုသူထံသို့ အစာတောင်းရာ ရွာသူကြီးက ဤရွာသည် ငါ့ရွာ၊ဤရွာရှိရေသည် ငါနှင့်သာဆိုင်သည်။ ထင်းနှင့်ပျဉ်များလည်း ငါ့ဥစ္စာမြစ်ပြီး မြေကြီးသည်လည်း ငါ၏မြေကြီးသာဖြစ်သည်ဟု စိတ်ဆိုးမာန်ဆိုးနှင့် ဟိန်းဟောက်ခဲ့သည်။ Revd. Caih Kio က မည်သို့မျှ ပြန်မပြောဘဲ နေခဲ့သည် သူကြီးလည်း မကြာမီ သွေးအံ့ပြီး သေဆုံးသွားပါသည်။

ထိုစဉ်က ကန်ပက်လက်အမျိုးသမီးများသည် မျက်နှာတွင် ပါးမဲထိုးလေ့ရှိသည်။ ပါးမဲထိုးပုံမှာ မျိုးနွယ်စုတစ်စုနှင့် တစ်စုမတူသော်လည်း ပါးမဲမထိုးသူများကို အပေါစားမိန်မပေါ့အဖြစ် သတ်မှတ်ပြီး ပါးမဲထိုးသူများကိုသာ လူပျိုများက ဇနီးလောင်းအဖြစ် စဉ်းစားခဲ့ကြသည်။ ထို့ကြောင့် ဆရာတော် Caih Kio က ဘုရားသခင်သည် မိမိ၏ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းသော မျက်နှာကို အနာခံပြီး ပျက်စီးအောင် မလုပ်သင့်ကြောင်း အကြိမ်ကြိမ်ဟောပြောကာ ပါးမဲထိုးခြင်းကို တိုက်ဖျက်ရန် အစဉ်ကြိုးစားသူဖြစ်သည်။

Saya Caih Kio သည် နေထိုင်စားသောက်ရေးအခက်အခဲ၊ လူမှုရေးအခက်အခဲများစွာ ဖြေရှင်းရပါသည်။ တစ်ခါတွင် သူမရှိခိုက် ကန်ပက်လက်မြို့နှစ်ခြင်းဘုရားကျောင်းဝင်းရှိ သစ်ပင်များ ခုတ်လဲရာမှ ကျလာသောသစ်ကိုင်းက ကလေးငယ်တစ်ယောက်ကို ခိုက်မိရာ သေဆုံးသွားပါသည်။ အသုဘရှင်က ဆရာကတော်ထံသွားပြီး ဤသို့ ပြုလုပ်သူအား လက်စား ချေပြီး အသေသတ်မည် ဖြစ်ကြောင်း အကြောင်းကြားလာပါသည်။ Saya Caih Kio ပြန်ရောက်လာသည့်အခါ နစ်နာသေဆုံးသူ မိသားစုအား မိမိကိုယ်ပိုင်ငွေ (၂၅၀)ကျပ်ဖြင့် ကျေအေးရန် ဖြေရှင်းပေးခဲ့ ပါသည်။

ကန်ပက်လက်နှစ်ခြင်းဘုရားကျောင်းကို (၁၉၅၈)ခုနှစ် မေလ (၁၉)ရက်နေ့၌ ဖွင့်လှစ်နိုင်ပါသည်။ ဤသို့ဖြင့် Saya Caih Kio သည် နှစ်ခြင်းခရစ်ယာန်အနေဖြင့် ကန်ပက်လက်နယ်၌ခရစ်တော်၏သတင်းတော်ယူဆောင်သောသူအဖြစ် နာမည်တွင်ရစ်ခဲ့ပါသည်။

နိဂုံး

ဤကဲ့သို့ တဖြည်းဖြည်းနှင့်မြောက်ပိုင်းမှ တောင်ပိုင်းသို့ ခရစ်ယာန်ပျံ့နှံ့ခဲ့ခြင်းဖြစ်ပါသည်။ ပလက်ဝမြို့နယ်သို့ ပထမဆုံးအင်္ဂလိကန်သာသနာပြုများ ရောက်ရှိသောကြောင့် အင်္ဂလိကန်အသင်းတော်များမှ ဦးဆောင်နေပါသည်။ သို့ရာတွင် မြောက်ပိုင်းမှသာသနာမြုဆရာများ၊ အမှုထမ်းများရောက်ရှိလာသည့်အခါ အခြားဂိုဏ်းဝင်များလည်း တမြည်းဖြည်းများပြားလာပါသည်။ (၁၉၈၃) ခုနှစ်မှ စတင်လုပ်ဆောင်သော CCOC လုပ်ငန်းကြောင့်လည်း ယုံကြည်သူတိုးတက်လာရာ ယနေ့ ပလက်ဝမြို့နယ်၌ (၅၀)ရာခိုင်နှုန်းနီးပါး၊ ကန်ပက်လက်မြို့နယ်၌ (၅၀)ရာခိုင်နှုန်းခန့်၊ မင်းတပ်မြို့နယ်၌ (၆၀) ရာခိုင်နှုန်းခန့်နှင့် မတူပီမြို့နယ်၌ (၉၅) ရာခိုင်နှုန်းခန့် ခရစ်ယာန်ဘာသာဝင်ရှိမည်ဟု ခန့်မှန်းထားပါသည်။

ခရစ်ယာန်အသက်တာ

ဗိုလ်မှူးကြီးခင်ဇာမုံ (အငြိမ်းစား)

ချင်းအမျိုးသားများ၏ခရစ်ယာန်အသက်တာသည် ယခုအခါအနှစ် (၁၀၀)ရှိပါသည်။ ၁၈၉၉ ခုနှစ်တွင် အမေရိကန်နှစ်ခြင်းခရစ်ယာန်သာသနာပြုဆရာ/ ဆရာမတို့နှင့်အတူ ကရင်အမျိုးသားဆရာများ ရောက်ရှိပါသည်။ ၁၉၀၄ ခုနှစ်တွင် ပထမဦးဆုံးသောခရစ်ယာန်ဘာသာယုံကြည်သူများသည် ခရစ်တော်အတွက် သက်သေခံအပ်နှံ ကြပါသည်။ ၁၉၀၅ ခုနှစ်တွင် ပထမဦးဆုံးသော ချင်းအမျိုးသား ခရစ်ယာန်လေးဦးတို့သည် ပထမဦးဆုံးသော နှစ်ခြင်းခံယူသူများ ဖြစ်လာကြပါသည်။ ထိုသူကို့သည် တီးတိန်မြို့နယ် ခေါ်ဆကျေးရွာမှ ဇနီးမောင်နှံ နှစ်စုံဖြစ်ပါသည်။ ခရစ်ယာန်ဘာသာသည် ရိုးရာဘာသာတွင် ဖြည်းညှင်းစွာဝင်ရောက်နိုင်၍ နှစ် (၅၀)ပြည့် ဂျူဗလီပွဲဆင်နွှဲနိုင်သောအချိန်တွင် ခရစ်ယာန်ဘာသာဝင် ချင်းအမျိုးသားများ ၅၀၀၀ကျော် ခေါ်ဆကျေးရွာတွင် စုရုံးနိုင်ခဲ့ပါသည်။ အနှစ် (၁၀၀)ကျော်ရှိသော ယခုအချိန်တွင် ခရစ်ယာန်ဘာသာသည် ချင်းအမျိုးသားအများစု၏ဘာသာ ဖြစ်ပါသည်။

အမေရိကန်နှစ်ခြင်းခရစ်ယာန် သာသနာပြုလုပ်ငန်းတွင် ဘာသာရေးလုပ်ငန်းကို ပံ့ပိုးထောက်ကူသော ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို ပူးတွဲလုပ်ဆောင်လာကြပါသည်။ ထိုမှပြောင်းလဲမှု နှင့် လျော်ညီသော ယဉ်ကျေးမှုပြောင်းလဲမှုများ ဖြစ်ထွန်းလာပါသည်။ ရိုးရာဘာသာနှင့်ရိုးရာ ထုံးတမ်းစဉ်လာများမှ ခေတ်မှီသောယဉ်ကျေးမှု အတွေးအခေါ်နှင့် ကျင့်စဉ်များဖြစ်ထွန်းလာ ပါသည်။ ထို့ ကြောင့် ချင်းအမျိုးသားများသည် အမေရိကန်နှစ်ခြင်းခရစ်ယာန်သာသနာပြုအဖွဲ့နှင့် ခရစ်တော်ကို စတင်ယုံကြည်သူများကို ဤအနှစ် ၁၀၀ကျော် အောက်မေ့ချိန်တွင် ဂုဏ်ပြုပါသည်။

အမေရိကန်ခရစ်ယာန်သာသနာပြုများ ရှိစဉ်ကာလတွင် ချင်းအမျိုးသားခရစ်ယာန်များသည် ဦးရေအားဖြင့် နည်းနေသေးသည်ကတစ်ကြောင်း၊ ပြင်ပနှင့်ထိတွေ့မှုနည်းနေသေးသည်များကြောင့် စုစုစည်းစည်းရှိကြပါသည်။ အမေရိကန်ခရစ်ယာန်သာသနာပြုများတိုင်းပြည်မှထွက်ခွာသော ၁၉၆၀ပြည့်လွန်နှစ်များ

တွင် ချင်းအမျိုးသားခရစ်ယာန်များအတွင်း၌ ကွာဟမှုများ စတင်ပေါ်ပေါက်လာပါသည်။ ၁၉၇၀နှစ်လွန်များတွင် နိုးကြားထကြွလှုပ်ရှားမှုများကြောင့် အတွေးအခေါ်အယူအဆကွဲဖြားမှုများ ဆက်နွယ်လာပါ သည်။ တို့ကြောင့် ယခုအခါတွင် ချင်းအမျိုးသား ခရစ်ယာန်များအတွင်းတွင် များပြားခြားနားသော အတွေးအခေါ်များ၊ အသင်းကော်များ၊ ကျမ်းစာကျောင်းများ တွေ့မြင်ရပါသည်။

ခရစ်ယာန်ဘာသာတွင် ဂိုဏ်းဂဏများရှိသည်မှာ အသစ်အဆန်းမဟုတ်ပါ။ သို့သော် ချင်းအမျိုးသားများကဲ့သို့သော လူနည်းစုများတွင် များပြားခြားနားသော အသင်းတော်များနှင့် ကျမ်းစာကျောင်းများရှိနေသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ပါသည်။ သို့သော် မည်သို့ပင် ကွဲပြားခြားနားမှုရှိစေကာမူ ခရစ်ယာန်များသည် ခရစ်တော်ကို ယုံကြည်လက်ခံ ဆက်ကပ်သောခရစ်ယာန်ဖြစ်ရန် အဓိကဖြစ်ပါသည်။ ခရစ်ယာန်ဘာသာ၏ အုတ်ခြစ်ဖြစ်သော ချစ်ခြင်းမေတ္တာ အပေါ်ကည်နေရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန်ဘာသာသည် ချစ်ခြင်းမေတ္တာအပေါ် အခြေတည်သောဘာသာ ဖြစ်ပါသည်။

ရှင်ယောဟန်ခရစ်ဝင် ၃း၁၆ ၌ ဤသို့ဆို၏ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူ သည့်တိုင်အောင် လောကီသားတို့ကို ချစ်ကော်မူ၏"

ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၂ က ဤသို့ဆို၏။ "ဤစကားကို သင်တို့အားငါဟောပြော၏။ ငါ့ပညတ်ဟူမူကား၊ ငါသည် သင်တို့ကိုချစ်သည်နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့"။

ခရစ်တော်ကို ယုံကြည်လက်ခံသော ခရစ်ယာန်သည် "ကောင်းသောခရစ်ယာန်" ဖြစ်ပါ၏။ ကောင်းသောခရစ်ယာန်သည် ခရစ်တော်ကို အကြွင်းမဲ့ယုံကြည်သူဖြစ်ပါ၏။ ခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ် အကြွင်းမဲ့ယုံကြည်လက်ခံသူဖြစ်ပါ၏။ ထိုကဲ့သို့ ယုံကြည်ခြင်းဖြင့် ထာဝရအသက်ကို ရရှိမည်ဟု ယုံကြည်လက်ခံသူဖြစ်ပါ၏။ ခရစ်ယာန်ဘာသာကို ခိုင်မာစွာယုံကြည်ခြင်းဖြစ်ပါ၏။ ထိုသို့ခိုင်မာသော ယုံကြည်ခြင်းရှိသူသည် ကောင်းသောခရစ်ယာန်ဖြစ်ပါသည်။ ဤကား ဝိညာဉ်ပိုင်းဖြစ်၏။

ဝိညာဉ်ပိုင်းသည် စိတ်နှင့်ဆက်နွယ်၏။ ထို့ကြောင့်စိတ်၏မှန်ကန်မှုနှင့် စိတ်ဓါတ်ခိုင်မာမှုသည် အရေးကြီးလှပါ၏။

စိတ်သည်
စဉ်းစားသည်။
သိတတ်သည်။ဆုံးဖြတ်သည်။
ခိုင်မာသောယုံကြည်ခြင်းအတွက်
ယေရှုခရစ်ကို နားလည်ရမည်။
ယေရှုခရစ်နောက်သို့လိုက်ရမည်။
ကျေးဇူးတော်နားလည်ရမည်။
ကျေးဇူးတော်မှကယ်တင်ခြင်း နားလည်ရမည်။
ကယ်တင်ခြင်းမှထာဝရအသက် ယုံကြည်မျှော်လင့်ရမည်။
လောကမှရှင်ပြန်ထမြောက်ခြင်း ယုံကြည်မျှော်လင့်ရမည်။
ယုံကြည်ခြင်းဖြင့် နိုင်ငံတော်မျှော်လင့်ရမည်။

ထိုကဲ့သို့ စဉ်းစား၊သိတတ်၊ဆုံးဖြတ်နိုင်ရန် သခင်ယေရှုညွှန်ပြသောအကောင်းဆုံးလမ်းကို

လိုက်နာရမည်။ ထိုလမ်းသည်ကား ရှင်ယောဟန် ခရစ်ဝင် ၁၄:၆ ဖြစ်ပါ၏။

"ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ"

သခင်ယေရှုခရစ်ချမှတ်သော အကောင်းဆုံးလမ်းသည် "ဝမ်းခြောက်ဖွယ်သတင်းဖြစ်ပါ၏။ ဝမ်းမြောက်ဖွယ်သတင်းသည် ခမ္မသစ်ကျမ်းဖြစ်ပါ၏။ ခမ္မသစ်ကျမ်းကို ဖတ်ရှုရန်၊ နားလည်ရန်၊ လိုက်နာကျင့်သုံးရန်ဖြစ်ပါ၏။ ခိုင်မာစွာ ယုံကြည်ရန်ဖြစ်ပါသည်။

ခရစ်ယာန်ဘာသာ၏အခြေခံယုံကြည်ချက်ကို အောက်ပါကျမ်းချက်များအားဖြင့် အနှစ်ချုပ်နိုင်ပါသည်။

ရှင်ယောဟန် ၆:၃၅ - " ငါသည် အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တဖန်အဆာအမွတ်မခံရ။ ငါ့ကိုယုံကြည်သောသူသည် နောက်တဖန်ရေငတ်မခံရ။

ရှင်ယောဟန် ၈:၁၂ - " ငါသည်လောက၏အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ၊ အသက်၏အလင်းကို ရလိမ့်မည်။"

ရှင်ယောဟန် ၁၁:၂၅ "ငါသည် ထဖြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကို ယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။"

ကောင်းသောခရစ်ယာန်သည် ဝိညာဉ်ပိုင်းတွင်မက၊ ကိုယ်ခန္ဓာပိုင်းတွင်လည်း ကောင်းသော လူသားဖြစ်ရန်လိုပါ၏။ ဤလောကတွင် အသက်ရှင်စဉ်ကာလ၌ လူသားသည် လုပ်ကိုင်စားသောက် နေထိုင်ရန် လိုအပ်ပါ၏။ ထိုလူသားသည် ကောင်းသောကိုယ်ခန္ဓာ ရှိမှသာလျှင် ကောင်းသော လူသားဖြစ်နိုင်ပါမည်။

ကောင်းသောကိုယ်ခန္ဓာသည်

ကျန်းမာရမည်။
ခွန်အားရှိရမည်။
အကျင့်စာရိတ္တကောင်းရမည်။
စည်းကမ်းကောင်းရမည်။
ဝိရိယကောင်းရမည်။

သို့မှသာလျှင်ကောင်းသော လုပ်ကိုင်စားသောက်နေထိုင်ခြင်းရရှိမည်ဖြစ်သည်။ ကောင်းသောလူသားသည် တောင်းသောခရစ်ယာန်နှင့် ပေါင်းစပ်နိုင်ရန်အတွက် လုပ်ကိုင်စားသောက်နေထိုင်မှုအားလုံးသည် ခရစ်ယာန်၏အသက်တာကို ဖော်ညွှန်းမှုတည်သောလုပ်ကိုင်စားသောက်နေထိုင်ခြင်းဖြစ်ရမည်။ သို့မှသာလျှင် ကောင်းသော လူသားနှင့်ကောင်းသောခရစ်ယာန်ပေါင်းစပ်နိုင်ပါမည်။

ကောင်းသောလူသားသည် လုပ်ကိုင်စားသောက်နေထိုင်ရာတွင် ခရစ်ယာန်၏အသက်တာကို ဂုဏ်ဆောင်နိုင်ရန်အတွက် ခမ္မသစ်ကျမ်းကို မှီခိုလုပ်ကိုင်စားသောက် နေထိုင်ရန် လိုအပ်ပါသည်။ ခမ္မသစ်ကျမ်းတွင် ကိုယ်ခန္ဓာပိုင်းဆိုင်ရာနှင့် စပ်လျဉ်း၍ သခင်ယေရှုခရစ်က ရှင်မဿဲ (၅၊၆၊၇)တွင် ဟောကြားခဲ့ပါသည်။ တောင်ပေါ်ဒေသနာဟုလည်းခေါ်ဝေါ်ပါသည်။ သခင်ယေရှုခရစ်၏ မိန့်မှာချက်များသည် ခရစ်ယာန်အသက်တာ၏ပုံသက်သေဖြစ်ပါသည်။ လူသားကောင်းသည် ထိုမိန့်မှာချက်များအတိုင်း လုပ်ကိုင်စားသောက်နေထိုင်ခြင်းအားဖြင့် ခရစ်ယာန်အသက်တာကို ဖော်ညွှန်း

မူတည် နေမည်ဖြစ်ပါသည်။

သို့ပါသောကြောင့် ကောင်းသောခရစ်ယာန်နှင့်ကောင်းသောလူသားပေါင်းစပ်သော ဝိညာဉ်နှင့်ကိုယ်ခန္ဓာသည် ကောင်းသောခရစ်ယာန်အသက်တာဖြစ်ပါသည်။ ခိုင်မာသောယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းရရှိမည် ဖြစ်ပါသည်။ ကယ်တင်ခြင်းဖြင့် ပြန်လည်ရှင်သန်ထမြောက်၍ ကောင်းကင်နိုင်ငံတော်သို့ ရောက်ရှိမည်ဖြစ်ပါသည်။ လောကတွင် ရှင်သန်နေစဉ်၊ အသိုတော်နှင့်အညီ လုပ်ကိုင်စားသောက်နေထိုင်ခြင်းဖြင့် ခရစ်ယာန် အသက်တာကို ဖော်ညွှန်းမူတည်သောကြောင့်၊ ကောင်းကြီးမင်္ဂလာရရှိမည် ဖြစ်ပါသည်။

သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ပါသည်။

တရားဟောရာ ၃း၂၄ ၌ ဤသို့ဆို၏ " ငါမှာထားသောစကား၌ သင်တို့သည် အသစ်မသွင်းရ။ အလျှင်းမနှုတ်မပယ်ရ။ ငါမှာထားသည်အတိုင်း၊ သင်တို့ဘုရားသခင်ထာဝရဘုရား၏ပညတ်တော်တို့ကို စောင့်ရှောက်ရကြမည်။

တရားဟောရာကျမ်း ၁၂း၃၂ ၌ဤသို့ဆို၏ "ငါမှာထားသမျှတို့ကို ကျင့်အံ့သောငှါ စောင့်ရှောက်လော့။ ထပ်၍မပို၍ နှုတ်၍မလျော့ စေရ"

သုတ္တံကျမ်း ၃၀း ၅-၆ ၌ ဤသို့ဆို၏။ "ဘုရားသခင်၏စကားတော်ရှိသမျှသည် စင်ကြယ်၏။ ခိုလှုံသောသူအပေါင်းတို့၌ ဘုရားသခင်သည် အကာအကွယ်ဖြစ်တော်မူ၏။ စကားတော်တို့၌ ထပ်၍မသွင်းနှင့်။ သို့ပြုလျှင် အပြစ်တင်တော်မူ၍ သင်သည်မုသာသုံးသောသူဖြစ်လိမ့်မည်"

ချင်းအမျိုးသားများ၏ခရစ်ယာန်အသက်တာအနှစ် ၁၀၀ ကျော်ခရီးတွင် ချင်းအမျိုးသားများသည် ဝိညာဉ်ပိုင်းတွင်ဖြစ်စေ၊ ကိုယ်ခန္ဓာပိုင်းတွင်ဖြစ်စေ၊ စစ်မှန်သော ခရစ်ယာန်အသက်တာရှိကြပါ၏လော။ ခိုင်မာသောယုံကြည်ချက်ရှိကြပါ၏လော။ ခရစ်ယာန်အသက်တာကို ဖော်ညွှန်းမူတည်သောလုပ်ကိုင်စားသောက်နေထိုင်ခြင်းရှိကြပါ၏လော။ ဝန်ခံခြင်း၊ နောင်တရခြင်း၊ ခွင့်လွှတ်ခြင်း ရှိကြပါ၏လော။ ကျေးဇူးတော်နှင့် ကောင်းကြီးမင်္ဂလာအတွက် နာမတော်အား ချီးမွမ်းကြပါ၏လော။ လောမျှားကို ဆန်းစစ်ကြပါစို့။ ခရစ်ယာန်အသက်တာ၏မျှော်လင့်ခြင်း ရှိကြပါစို့။ ခိုင်မာသောယုံကြည်ခြင်းမှ မျှော်လင့်ခြင်းဖြင့် စစ်မှန်သောခရစ်ယာန် အသက်တာတွင် ရှင်သန်ကြပါစို့။

ရှေ့အနှစ် ၁၀၀ ကျော်ကာလအဆက်ဆက် စစ်မှန်သောခရစ်ယာန်အသက်တာဖြင့် ချင်းအမျိုးသားများသည် ရှင်သန်၍ သခင်ယေရှုခရစ်၏နာမတော်အား ခိုလှုံနိုင်ပါစေဟု ဆုတောင်းပါသတည်း။



✧ Let Christ conquer within and you will conquer without.
✧ Christians get closer to one another as they draw closer to Christ.
✧ Don't let the abundance of God's gifts cause you to forget the Giver.
✧ Christians should erase from their memory the sins God has erased from the record.
✧ A hurting person needs a helping hand, not an accusing finger.

"နောက်ကျသောသူအချို့တို့သည် အရင်ကျကြလိမ့်မည်" (လုကာ၊ ၁၃း၃၀)

သိက္ခာတော်ရဆရာဦးလျင်ဇဒါလ်း (ထွန်းလင်း)

သခင်ဘုရားကိုယ်တိုင်ပြောခဲ့တဲ့စကားဖြစ်ပါတယ်။ သခင်ဘုရားပြောတဲ့စကားတွေဟာ တဖြည်းဖြည်းနဲ့ပြည့်စုံလျက် ရှိပါတယ်။ ဒီကျမ်းစာကို အပြည့်အစုံဖတ်တဲ့အခါ ဒီလိုတွေ့ရပါတယ်။ "နောက်ကျသောသူအချို့တို့သည် အရင်ကျကြလိမ့်မည်။ အရင်ကျသောသူ အချို့တို့သည် နောက်ကျကြလိမ့်မည်" ဟု မိန့်တော်မူ၏။

မြန်မာမြည်ဟာ လူမျိုးပေါင်း (၁၃၅)မျိုးစုပေါင်းနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်ပါတယ်။ သခင်ဘုရားက ခရစ်ယာန်သာသနာမျိုးစေ့ကို ကြဲခြင်းနဲ့ပတ်သက်ပြီး "လူမျိုးတကာ" ဆိုတဲ့စကားကို အသုံးပြုထားပါတယ်။ မြန်မာပြည်မှာရှိတဲ့ လူမျိုးအားလုံးဆီကို ခရစ်တော်ရဲ့ဝမ်းမြောက်ဖွယ်သတင်းရောက်ရှိနေပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့လူမျိုးများ ဆီကို ခရစ်တော်ရဲ့ဧဝံဂေလိ တရားတော်ရောက် ရှိပုံကို Myanmar Baptist Chronicle ကိုကြည့်တဲ့အခါ ဒီလိုတွေ့ရပါတယ်။ နှစ်အလိုက် ဖော်ပြပါမယ်။

၁၈၁၃ - မြန်မာနဲ့မွန်လူမျိုး
၁၈၂၇ - မြန်မာပြည်ရှိ အင်္ဂလိပ်၊ တရုတ်၊ အိန္ဒိယလူမျိုးများ
၁၈၂၈ - စကောကရင်လူမျိုး
၁၈၃၆ - ပိုးကရင်လူမျိုး
၁၈၃၈ - ပအို့ဝ်လူမျိုး
၁၈၅၃ - တောင်ပေါ်တရင်လူမျိုးများ
၁၈၅၆ - အရှိုချင်းများ
၁၈၆၀ - ရှမ်းလူမျိုးများ
၁၈၇၇ - ကချင်လူမျိုးများ
၁၈၉၉ - တောင်ပေါ်ချင်းလူမျိုးများ Evangel Mission
၁၉၀၄ - လားဟူလူမျိုး၊ ဝလူမျိုး၊ ချင်းလူမျိုး Christian Convent)
၁၉၃၆ - အခါလူမျိုးများ
၁၉၅၃ - နာဂလူမျိုးများ

ချင်းလူမျိုးများဆီကို ခရစ်တော်ရဲ့ခရစ်ယာန်သာသနာ စတင်ရောက်ရှိလာတာဟာ (၁၈၉၉)

ခု မတ်လ (၁၅)ရက်ဖြစ်ပါတယ် ရောက်ရှိလာတဲ့ ခရစ်ယာန်သာသနာပြုဆရာများကတော့ Arthur Carsonနှင့် Laura Carson တို့ဇနီးမောင်နှံ ဖြစ်ပါတယ်။ သရက်မြို့ မြို့ခရစ်ယာန်သာသနာ စခန်းကနေ ဆက်လက်ထွက်ခွာလာပြီး ဟားခါးမြို့ကို ရောက်ရှိလာခြင်းဖြစ်ပါတယ်။ ကရင်အမျိုးသား ဆရာဦးစံဝင်းလည်း ပါလာပါ တယ်။ (၁၉၀၂)ခုနှစ်မှာ Dr.E.H East ရောက် လာတယ်။ သူက ဆေးဆရာဝန် ဖြစ်တဲ့အတွက် များစွာအထောက်အကူပြုဖြစ်တာတွေ့ ရပါတယ်။ ဟားခါးမှာ ကုတင် (၂၀)ဆန့် ဆေးခန်းဖွင့်ပြီး အမှုတော်ဆောင်ခဲ့ပါတယ်။ ကရင်လူမျိုး ခရစ်ယာန်သာသနာပြုဆရာများရဲ့အကူအညီ ကိုရရှိတဲ့အတွက် ခရစ်ယာန် သာသနာပြုစခန်း များတိုးချဲ့ ဖွင့်လှစ်ခဲ့ကြပါတယ်။ Carsonနှင့်အတူ ဆရာဦးစံဝင်းက ဟားခါးနယ်မှာတာဝန်ယူတယ်။ ဆရာရွှေဇံက ခေါ်ဆရွာမှာ၊ ဆရာဦးဖိုးကူက တီးတိန်နောက် တွန်းဇံမှာ၊ ဆရာဦးမောင်ဂွန်းက ဖလမ်းနယ် လိုင်ဇိုမှာ တာဝန်ယူကြတယ်။ ဆရာဖိုးအေးက Lumbang မှာ၊ ဆရာမောင်လွန်းက Zokhua မှာ၊ ဆရာဦးမောင်ကြာက ထန်တလန်မှာ၊ ဆရာကြည်ခိုင်က ဟားခါးစာသင် ကျောင်းမှာ တာဝန်ယူကြတယ်။ ထူးခြားချက်ကတော့ ခရစ်ယာန်သာသနာပြုဆရာများ ရောက်ရှိပြီး ခြောက်နှစ်အကြာ (၁၉၀၄) ခုနှစ်မှာ ဆရာရွှေဇံရဲ့ သက်သေခံချက်ကြောင့် ပထမဆုံး ပြောင်းလဲသူ Revd.Thuam Hang နှင့်ဇနီး၊ Saya PauSuan နှင့်ဇနီးတို့က ခရစ်တော်ကို လက်ခံလာကြပါတယ်။ ဒါကြောင့် (၁၉၀၅)ခု မေလ (၁၁)ရက်နေ့မှာ ဆရာဦးထွမ်းဟန်၊ ဆရာဦးပေါင်စွမ်းတို့ ဇနီးမောင်နှံအဖွဲ့ကို Dr.. E.H East က နှစ်ခြင်းမင်္ဂလာပေးခဲ့ပါတယ်။ ခရစ်ယာန်သာသနာပြုဆရာကြီး Arthur Carson ဟာ (၁၉၀၈)ခု ဧပြီလ (၁)ရက်နေ့မှာ အူအတက် ယောင်ရောဂါနဲ့ သေဆုံးခဲ့ရရှာပါတယ်။

ချင်းပြည်နယ်မှာရှိတဲ့ ချင်းလူမျိုးတွေမှာ စာပေမရှိခဲ့ပါဘူး။ ဒါကြောင့် ချင်းပြည်နယ်မှာ ကျောင်းတွေစဖွင့်တဲ့အခါမှာ မြန်မာစာကိုပဲ စပြီး သင်ကြားခဲ့ကြရပါတယ်။ ဒါကြောင့် လည်း ချင်းပြည်နယ်မှာ လိုအပ်တဲ့သာသနာ့ဝန်ဆောင် မှုများကို လေ့ကျင့်ပေးဖို့ ကျမ်းစာကျောင်းကို ပို့ကြတဲ့အခါ အင်းစိန်မြန်မာစာကျောင်းကိုပဲ ပို့ခဲ့တာတွေ့ရပါတယ်။ ချင်းများအသုံးပြုတဲ့ ရောမစာလုံးသုံးတဲ့ချင်းစာပေဟာ (၁၉၀၈)ခုနှစ် ခရစ္စမတ်ပွဲမတိုင်မီရောက်ရှိလာတဲ့ Herbert J. Cope ရောက်လာမှတည်ထွင်ပေးတာ ဖြစ်ပါ တယ်။ ချင်းစာပေရှိလာတဲ့ အတွက်များစွာ အကျိုးပေးတာကို တွေ့ရပါတယ်။ တဖက်က တွေးကြည့်ရင် ချင်းတွေမှာ စာပေမရှိခဲ့တာဟာ မြန်မာပြည်မှာခရစ်တော်သာသနာပြန့်ပွားရေး အတွက် ဘုရားသခင်ရဲ့ကြိုတင်စီစဉ်မှုပဲလို့ နားလည်ရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဗမာစာဟာ ချင်းတွေအတွက် မခက်ဘူး။ ဆယ်တန်းစာမေးပွဲမှာ ချင်းလူငယ်တွေ ယနေ့ တိုင် ဂုဏ်ထူးနဲ့အောင်နေကြတုန်းပဲ။

ချင်းတောင်ဒေသဟာ သယံဇာတပစ္စည်း၊ တွင်းထွက်ပစ္စည်း၊ ကျောက်သံပတ္တမြားပေါများတဲ့ အရပ်ဖြစ်တယ်။ ရာသီဥတုကောင်းတဲ့ ဒေသဖြစ်တယ်။ ဒါပေမယ့် ထိုအရာများကို ထုတ်လုပ်ပြီး အသက်မွေးနိုင်ဖို့ အချိန်လိုသေးတဲ့အတွက် ချင်းလူငယ်များဟာ စစ်တဲဝင်ကြတယ်။ အစိုးရဝန်ထမ်းလုပ်ကြတယ်။ အဲဒီအခါမှာ ချင်းလူမျိုးတွေအနေနဲ့ စာပေရဲ့တန်ဖိုးကို နားလည်လာကြတယ်။ ငွေရဲ့တန်ဖိုးကိုလည်း နားလည်လာကြတယ်။ ဒေသန္တရဗဟုသုတကိုလည်း ရရှိခံစားလာကြတယ်။ ဒါကြောင့် ချင်းမိဘများအနေနှင့် မိမိသားသမီးကို ပညာသင်ဖို့ တိုက်တွန်းကြပါတယ်။ ပညာတတ်စေချင်ကြပါတယ်။ အောတ်ကျနောက်ကျဘဝက လွတ်ချင်လို့ပါ။

အသက်မွေးဝမ်းကြောင်းခက်ခဲတဲ့အတွက် ဘုရားပါမှအသက်မွေးပမ်းကြောင်းအောင်မြင်နိုင်ကြောင်း သိလာကြတယ်။ ဒါကြောင့် ဘုရားကို ချစ်တတ်ကြတယ်။ ဘုရားရဲ့ကျေးဇူးတော်ကို ခံစားကြရသည်နှင့်အညီ သူတစ်ပါးကိုလည်း အသက်ရှင်တော်မူတဲ့ဘုရားအကြောင်းပြောပြချင်စိတ်ဟာ ချင်းလူမျိုးအများစုမှာရှိလာကြပါတယ်။ ဘုရားသခင်ကလည်း ချင်းလူမျိုးတွေကို ချစ်တဲ့အကွက် ခိုးမြောက်လာတာကို တွေ့ရပါတယ်။ မိမိထက် အနှစ်တစ်ထောင်စောပြီး စာပေရရှိထားတဲ့ အခြားပြည်ထောင်စုသားတွေနဲ့ တန်းတူဆက်ဆံခွင့်ပေးထားတော်မူပါတယ်။

စီစီအိုစီဆိုတဲ့ Chin for Christ in One Century (CCOC) ရာစုနှစ် တစ်နှစ်အတွင်း ချင်းအမျိုးသားအားလုံး ခရစ်တော်အတွက် ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့အညီလုပ်ဆောင်မှုဟာလည်း အောင်မြင်တာ တွေ့ရပါတယ်။ ချင်းပြည်နယ်တစ်ခုလုံးမှာ ခရစ်တော်ကို မသိသေးတဲ့ချင်းလူမျိုးမရှိတော့သလောက်ဖြစ်သွားပါတယ်။

ဒါပေမယ့် အလုပ်ကမပြီးသေးပါ။ သခင်မိန့်မှာတော်မူတာက " သင်တို့သွား၍ လူမျိုးတကာကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်သောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့" လို့ဆိုထားပါတယ်။ ချင်းပြည်နယ်အပြင်ဘက်မှာရှိတဲ့ ညီအစ်ကိုများကိုလည်း ကျွန်တော်တို့တို့ ခိုးမြောက်မြင့်တင်တဲ့ ထာဝရဘုရားနဲ့မိတ်ဆက်ပေးကြပါစို့လား။

ခရစ်တော်၌

သိက္ခာတော်ရဆရာဦးလျင်ဇဒါလ်း (ထွန်းလင်း)
ပင်လုံနှစ်ခြင်းအသင်းတော်

ကျွန်တော်ရင်သွေးရာပြည့်ခရစ်ယာန်သာသနာ

ရန်ဝင်း

"ခေါင်းစဉ်ကြီးကတင်စီးလွန်းတယ်" ဟူ၍ ကျော်မသွားစေချင်ပါ။ အဆုံးထိကြိုးစားပြီး ဆက်ဖက်ကြည့်လျှင်အလိုလို လိပ်ပတ်လည်သွားပါလိမ့်မည်။

ယခင်က ဇိုမီးနှစ်ခြင်းအဖွဲ့.ချုပ်အကြောင်းကို ကျွန်တော်ရင်းရင်းနှီးနှီးမသိခဲ့ပါ။ ၁၉၉၀ခုနှစ်လောက်မှသာစပြီး သတိထားမိသည်။ ထိုစဉ်က ကျွန်တော်သည် အမှုတော်ဆောင်မဟုတ်သေး။ ကလေးမြို့. တာဟန်း-အထက(၂)တွင် အလယ်တန်းပြ ကျောင်းဆရာ။ သို့.သော် အလုပ်မှထွက်ပြီး အမှုတော်ဆောင်ဖို့.ဆုတောင်း ဆက်ကပ်နေဆဲအချိန်။ ခရစ်ယာန် သာသနာပြုလုပ်ငန်းများကို အသည်းအသန်စိတ်ဝင်စားစပြုနေချိန်။ ထိုစဉ်က အဖွဲ့.ချုပ် ဧ/သဌာန အတွင်းရေးမှူးမှာ ဆရာတော်တီ၊ ပါဟရန်း။ ခရစ်ယာန်သာသနာပြုလုပ်ငန်းများ အရှိန်အဟုန်နှင့် စတင်တိုးတက်ခါစဖြစ်သည်။ နောက်ပိုင်းတွင်လည်း ဌာနတာဝန်ခံသာ ပြောင်းသွားသည်။ ခရစ်ယာန်သာသနာပြုစိတ်ဓါတ်ကတော့ လျော့မသွား။ ကွယ်ပျောက်လို့.မသွားသည့်အပြင် တိုးလို့.သာလာသည်မှာ ယနေ့.ဒီအချိန်၊ ဒီအခြေအနေအထိ။

ကျွန်တော်နှင့်အဖွဲ့.ချုပ်လုပ်ငန်းများ စတင်ပတ်သက်တာကတော့ ၁၉၉၆လောက်မှစသည်။ ထိုစဉ်က ကျွန်တော်သည် ဇိုနှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့.တွင် တာဝန်စတင်ထမ်းဆောင်ခါစ အတွင်းရေးမှူးအသစ်စက်စက်။ ထိုအချိန် အဖွဲ့.ချုပ် ဧ/သ တာဝန်ခံကတော့ ဆရာတော် ခုပ်ထန်။

ရာပြည့်ခရစ်ယာန်သာသနာမီးပွားသန့်စင်ခြင်း

၁၉၉၇- မေလကုန်တွင် အဖွဲ့.ချုပ်ရုံး၌ "အဖွဲ့.ချုပ်အနာဂတ်ခရစ်ယာန်သာသနာနှီးနှော ဖလှယ်ပွဲ"သို့ ကျွန်တော်လည်း တက်ရောက်ဖြစ်ခဲ့သည်။ နှီးနှောဖလှယ်ပွဲနောက်ဆုံးနေ့.တွင် အဖွဲ့.သုံးခုခွဲပြီး ကိုယ်တာဝန်ကျရာ ခေါင်းစဉ်အလိုက် ဆွေးနွေးကြသည်။ တွေ့.ရှိချက်ကို အဖွဲ့.အသီးသီးမှ မျက်နှာစုံညီဆွေးနွေးပွဲသို့. ပြန်လည်တင်ပြရန်ဖြစ်သည်။ ကျွန်တော်ကတော့ ဆရာဂျေ၊ တီရဲလ်ဒွန်းခေါင်းဆောင်သောအဖွဲ့.တွင် ပါဝင်သည်။ အဖွဲ့.နှစ်လားသုံးလား မမှတ်မိတော့။ ဆွေးနွေးရမည့်ခေါင်းစဉ်က "အဖွဲ့.ချုပ်၏ အနာဂတ်ခရစ်ယာန်သာဆနာ"။

ဆွေးနွေးပွဲစတော့ မှတ်တမ်းတင်ဖို့.ကျွန်တော့်ကို အဆိုပြုကြသည်။ ကျွန်တော်ကလည်း အကြောက်အကန်ငြင်းသည်။ ဇတ်ဘီစီတွင် အတွေ့.အကြုံက မရှိသေးဘူးမဟုတ်လား။ နောက်ဆုံးတော့ ဆရာထောင်းဒွန်းက မှတ်တမ်းတင်သည်။ ခရစ်ယာန်သာသနာလုပ်ငန်းစီမံကိန်းကို ဆွေးနွေးရာစီမံကိန်းကာလနှင့် ပတ်သက်၍ ဆရာကြီးယုဒသန်မြန်မာပြည်ရောက်သည့် အနှစ်နှစ်ရာပြည့်မည့် ၂၀၁၃ခုကို ပန်းတိုင်ထားရန် ကျွန်တော်တင်ပြခဲ့သည်။ မဝံ့မရဲ။

အားလုံးက သဘောတူကြတော့ အဲ့ဩ ဝမ်းမြောက်ခြင်းနှင့်အတူ ရင်ခုန်မိတာအမှန်။ တကယ်တော့ ၂၀၁၃ကို ပန်းတိုင်ပြုပြီး ကျွန်တော့်ဟာ ကျွန်တော် ဆုတောင်းခဲ့သည်မှာ အတော်ကြာပြီ။ ကျွန်တော့်စိတ်ကူးထဲမှ ထိုခရစ်ယာန်သာသနာပြုလုပ်ငန်းတိုလည်း "ရာစုခရစ်ယာန်သာသနာ-စီစီအိုစီ"ကို သံယောင်လိုက်ပြီး နာမည်လေးတစ်ခုပင် မှည့်ထားလိုက်သေးသည်။

ထိုမျှကျွန်တော်တိတ်တခိုး သံယောဇဉ်တွယ်မိခဲ့သောသာသနာပြုစီမံကိန်းကို လူသိရှင်ကြားဖော်ထုတ်ခွင့်ရတော့အတော့်ကို ကျေနပ်မိတာအမှန်။ ထို့ပြင် တဖွဲ့လုံးက ၂၀၁၃တို့ ပန်းတိုင်ပြုရန် သဘောတူကြတော့ ဝမ်းသာလိုက်တာခိုင်းနှိုင်းစရာမရှိ။

နာမည်ရွေးဖို့ဆွေးနွေးကြတော့ အမျိုးမျိုးထွက်လာသည်။ မှတ်မှတ်ရရအဖွဲ့သားတစ်ယောက်က "ရှာမာရိခရစ်ယာန်သာသနာ" ဟု အကြံပြုခဲ့သေးသည်။ ဇက်ဘီစီ/အီးစီကို တင်ပြတော့ "ချင်းဧဝံဂေလိရာပြည့်မှစပြီး ဆရာကြီးယုဒသန် အနှစ်နှစ်ရာပြည့်တွင် အဆုံးသတ်မည်" ဖြစ်သည့်အတွက် "ခရစ်တော်အတွက် ရာပြည့်ခရစ်ယာန်သာသနာ" ဟူ၍ ခေါ်ဝေါ်ရန် အားလုံးသဘောတူကြသည်။ ကျွန်တော့်ရင်ထဲမှ တအုံနွေးနွေးပိုက်ထွေးခဲ့သည့် စိတ်ကူးထဲမှ ခရစ်ယာန်သာသနာပြုလုပ်ငန်းကလေးမီးဖွားသန့်စင်ပြီးလို့ ကင်ပွန်းတပ်မင်္ဂလာတောင် တိုင်ခဲ့ပြီတကား။

ရာပြည့်ခရစ်ယာန်သာသနာလုပ်ငန်းခွင်သို့

ရာပြည့် ခရစ်ယာန် သာသနာအတွက် ကြိုတင်ပြင်ဆင်နေချိန် "ရာစုခရစ်ယာန်သာသနာ-စီစီအိုစီ"အတွက် စခန်းသိမ်းရန် စိုင်းပြင်းပြင်းဆင်ခိုန်၊၁၉၉၈ခုနှစ်နိုဝင်ဘာလတွင် အဖွဲ့ချုပ်အရာရှိများ၊ ရုံးဝန်ထမ်းများ၊ မွာလ်ဘဲမ်းရွာအနီးတွင် ကားမှောက်သည်။ မည်သူမျှ ဖိတ်ဖိတ်စဉ်စဉ်တော့မဖြစ်ခဲ့။ ဤ သတင်းကြားကြားချင်း ဘုရားသခင်ကို အော်ငိုရှိ ကျွန်တော် ဆုတောင်းခဲ့သည်။ "ရင်သွေးငယ်လေး ရာပြည့်ခရစ်ယာန်သာသနာ" အရွယ်မရောက်ခင် ခြေမလှမ်းတတ်ခင် ဘဝမဆုံးစေမည် အကြောင်းတည်း။

ကျွန်တော့်ရင်သွေး သားသမီးသုံးယောက်ကို အကြာကြီးမခွဲနိုင်သလို ဘယ်သူအသိအမှတ်ပြုပြု မပြုပြု၊ ကျွန်တော့်ရင်ထဲက ရင်သွေးလေး "ရာပြည့်ခရစ်ယာန်သာသနာ"ကို ကျွန်တော် မခွဲနိုင်။ အကြာကြီးမထားခဲ့နိုင်။ လူလားမြောက်သည်အထိ ပြုစုကြီးကြပ်ရဦးမည်။ တတ်နိုင်သလောက် သင်တန်းပေးရဦးမည်။ ဒါက ကျွန်တော့်ရဲ့ ဆုတောင်းချက်ပါ။

ရင်ထဲကဆုတောင်းသံကို ဘုရားသခင် အမှန်တကယ်ကြားပါသည်။၁၉၉၉ အောက်တိုဘာလမှစပြီး ရာပြည့်ခရစ်ယာန်သာသနာစေတမန်များကို သင်တန်းပေးရန် ဆရာတော်ပါဟရန်မှုန်းမှုလာကမ်းလှမ်းတော့ နဲနဲလေးမျှဟန်ဆောင်လို့ပင် မငြင်းမိတော့။ ပျော်ရွှင်စွာပင် သင်တန်းပေးခဲ့သည်။ ကျွန်တော့်ဘာသာရပ်က အသေးစိတ်သင်ရန် လိုသည်ကတစ်ကြောင်း၊ ရပ်ဝေးမှဆရာများက အချိန်လုံလောက်စွာ မပေးနိုင်သည်ကတစ်ကြောင်းကြောင့် အချိန်များစွာယူနိုင်ခဲ့သည်။

၂၀၀၁ခုနှစ် ဇွန်လတွင် ပြည်မြို့၌ မွမ်းမံသင်တန်းတစ်ခါပေးရပြန်သည်။ ထိတွေ့ခဲ့ပြီး ရင်းနှီးခင်မင်ခဲ့ပြီးသား စေတမန်များကို တစ်ခါပြန်ဆုံတွေ့ရသည်မှာ ဝမ်းသာစရာကောင်းလှပါဘိတော့။ ဘုရားသခင်၏အတူပါရှိမှု၊ ခရစ်ယာန်သာသနာပြုလုပ်ငန်းအတွေ့အကြုံအစုစုကို ဝေငှကြသည်မှာအားရစရာ။ အဲ့ဩဖွယ်ရာ နိမိတ်လက္ခဏာပေါင်းများစွာနှင့်အတူ ဘုရားရှင်၏အတူပါရှိမှုမှာ အဲ့ဩစရာ၊ မယုံကြည်နိုင်စရာ။

ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်မိသည်မှာ အခါခါ။ ရင်သွေးငယ်လေး "ရာပြည့်ခရစ်ယာန် သာသနာလည်း ခြေလှမ်းတောင်မှ စတင်လှမ်းနေပြီပဲ။

ရင်သွေးငယ်လေးလူလားမြောက်ပြီ

သားသမီးတွေငယ်တုန်းကတော့ လက်ပွန်းတသီးနေခွင့်ရပြီး ပြုစုခဲ့ရတာ ဖခင်တစ်ဦးအနေနှင့်ကျေနပ်စရာ၊ အားရစရာပါ။ အနည်းငယ်လူလားမြောက်လာတော့ သားသမီးများကိုယ်နှိုက်က သူ့ပညာရေး၊ သူ့လုပ်ငန်းအတွက် သူ့အစီအစဉ်နဲ့သူဖြစ်လာပြီ။ ဖခင်ဖြစ်သူ ကျွန်တော်နဲ့တွေ့ရဖို့ဆုံရဖို့ တောင်မှ ခဲနန်းချက်ဘာညာအရင်ပြမှရသည့် အနေအထားရောက်လာတော့သည်။

ရာပြည့်ခရစ်ယာန်သာသနာနဲ့ကျွန်တော့် အဖြစ်လည်း ဤအဖြစ်နဲ့အလားသဏ္ဌာန်တူလှသည်။ နီးနီးကပ်ကပ်နေနိုင်ခွင့်က သိပ်မကြုံဖြစ်တော့။ သို့သော်အခါအားလျော်စွာ အခွင့်ကိုခွဲတမ်းချ၊ စီမံကိန်းရေးဆွဲပြီး တွေ့ကြဆုံကြရသည်မှာ ကြည်နူးဝမ်းမြောက်စရာကောင်းလှတော့သည်။

၂၀၀၁ခုနှစ် အောက်တိုဘာလတွင် ကျွန်တော်နှစ်ခြင်းအသင်းချုပ်ကို ရောက်သွားသည်။ ၂၀၀၂ခုနှစ် နိုဝင်ဘာလတွင် ပခုက္ကူရှိ ခရစ်ယာန်သာသနာပြုသင်တန်းကျောင်းသို့ အသင်းချုပ်ဝန်ထမ်းတစ်ဦးအနေနှင့် ခရစ်ယာန်သာသနာပြုလောင်းများကို သင်တန်းသွားရောက်ပို့ချဖြစ်ခဲ့သည်။ ၂၀၀၃ခုနှစ်တွင် လည်းနောက်တစ်ကြိမ်ရောက် ဖြစ်ခဲ့သေးသည်။ ဒီတော့ ရာပြည့် ခရစ်ယာန် သာသနာရဲ့ သတင်းစလေးတွေကိုတော့ အခါအားလျော်စွာ ဆက်စပ်ကြားသိရတတ်သည်ချည်းပင်။

၁၉၉၉-၂၀၀၀ အထိကို ရာပြည့်ခရစ်ယာန်သာသနာ၏ပြင်ဆင်ရေးကာလဟု သတ်မှတ်ခဲ့သည်။ မဟာဗျူဟာ၊ နည်းဗျူဟာတွေ၊ နည်းစနစ်တွေ သင်တန်းတွေလည်း အသေအချာချမှတ်ထားခြင်းမျိုးမရှိသေး။ ကျွန်တော်တို့ပို့ချသူများဘက်ကပင် သိပ်ပြီးအားရလှသည်တော့ မဟုတ်သေး။ သို့သော် ဘုရားသခင်ဘက်ကတော့ သစ္စာရှိရှိကောင်းချီးပေးခဲ့သည်ပင်။ တစ်နှစ်တည်း လူသစ်ရရှိမှုက (၁၅၂)နဲ့ စံချိန်တင်သွားခဲ့သည်။ ၂၀၀-၀ အတွင်းကာလများကိုတော့ ဧဝံဂေလိဟောကြားခြင်းအပိုင်း(၁)ကာလဟု သတ်မှတ်ထားသည်။ ၂၀၀၀-၀၁တစ်နှစ်တည်းမှာပင် လူသစ်(၁၂၂)ဦး လောက်ရရှိပြီး နောက်နှစ်တွေမှာတော့အံ့သြဖွယ်ရာကိစ္စတစ်ခုကြုံရသည်။

ယဉ်ကျေးမှုခြားခရစ်ယာန်သာသနာပြုခြင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဘက်က နည်းဗျူဟာတွေ၊ နည်းစနစ်တွေ အတန်အသင့်ကျွမ်းကျင်နေပြီ။ အတွေ့အကြုံလဲ ရသင့်သလောက်ရနေပါပြီလို့ ထင်မှတ်လာတဲ့ဒီဘက်နောက်ပိုင်း ၂၀၀၁-၀၃ အထိ နှစ်နှစ်တာကာလအတွင်းမှာ လူသစ် ရရှိမှုဟာ(၅၁)ဦး၊(၅၆)ဦးစီဆိုတော့ စုစုပေါင်းမှ (၁၀၇)ဦးပဲ ရရှိခဲ့တဲ့ကိစ္စပါ။ ဘုရားသခင်ရဲ့အမှုတော်မှာ "ငါ၏ဝိညာဉ်အားဖြင့်သာ"ဆိုတဲ့ ပရောဖက်ဇာခရိကတဆင့် ဖွင့်ပြခဲ့တဲ့ နှုတ်တော်ထွက်စကားကတော့ ဒီနေ့အထိမှန်ကန်နေဆဲပါပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မှတ်ချက်တစ်ခုပြုခဲ့သည်။

ရင်သွေးငယ်လေး ရာပြည့်ခရစ်ယာန်သာသနာ၊ လူလားမြောက်လို့လာပြီပဲ။

"ရာပြည့်ခရစ်ယာန်သာသနာ" အောင်မြင်ပါစေ။

ဧီးယင်းနယ် ခေါ်ဆရွာမှ ခရစ်ယာန်အဦးသီးပေါ်ထွန်းလာရခြင်း

Dr.A.Lian Za Nang

ချင်းခရစ်ယာန်ဘာသာဝင်များ သိကြသည့်အတိုင်း အမေရိကန်ခရစ်ယာန်သာသနာပြု Revd. Carson ဇနီးမောင်နှံတို့ သည် ၁၈၉၉ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့တွင် ချင်းပြည်နယ်၊ ဟားခါးမြို့သို့ခြေချရောက်ရှိခဲ့သော်လည်း အဘယ်ကြောင့် ဧီးယင်းနယ်မှ ပထမဦးစွာ ခရစ်တော်ကို လက်ခံယုံကြည်သူများ ပေါ်ထွန်းရသနည်းဟူသောမေးခွန်းကို မကြာခဏကြားရပါသည်။ မေးခွန်းထုတ်စရာ၊ စဉ်းစားစရာပင်ဖြစ်သည့်အတွက် စာရေးသူ၏အမြင်ကို ရေးသားဖော်ပြလိုပါသည်။

ဧီးယင်းနယ်၌ ခရစ်တော်ကို ဦးဦးဖျားဖျား လက်ခံယုံကြည်ရသည့် အကြောင်းရင်းများမှာ အောက်ဖော်ပြပါအချက်အလက်များကို အခြေခံ၍ ဖြစ်ပေါ်လာသည်ဟု ယူဆသုံးသပ်မိပါသည်။

၁။ နောက်ခံပထဝီအနေအထား (Geographical Background)

၁၈၈၉ ခုနှစ် ဇန်နဝါရီလ (၁၃) ရက်နေ့တွင် ကိုလိုနီနယ်ချဲ့စစ်မြေပြင်ဦးစီးချုပ် ဂျင်နရယ်ဆာဂျော့ဝိုက် (General Sir George White) သည်လေသာတောင်(Thaangmual) ၌ စစ်စခန်းချ၍ စာတိုက်၊ ကြေးနန်းရုံးစိုက်ခဲ့ပါသည်။ ၄င်း (Sir George White) ကို အကြောင်းပြု၍ ထိုစစ်စခန်းကို ဖေါ်တဝိုက် (Fort White) ဟု ခေါ်တွင်ခြင်းဖြစ်ပါသည်။ ဖေါ်တဝိုက်စစ်စခန်းသည် ကလေးမြို့မှခြေလျင်ဖြင့် တစ်ရက်ခရီးဖြစ်၍၊ ဖလမ်းနှင့်တီးတိန်မြို့သွားရာ လမ်းဆုံလမ်းခွစခန်းလည်း ဖြစ်ပါသည်။(၁၉၆၀ခန့်၌သာသိုင်းငင်းလမ်းဆုံလမ်းခွကိုစတင်အသုံးပြုပါသည်)

ထိုခေတ်က စာပို့လုပ်ငန်းမှာ ပြင်သာ၊ တောင်အူမှ ခိုင်ကမ်းရွာအနောက်ဘက် အမှတ် (၂) ခံတပ်စခန်းအထိ ကလေးမြို့နယ်ခံမှ တာဝန်ယူပြီး၊ ၄င်းမှတဆင့် ဖေါ်တဝိုက်အထိကို ခေါ်ဆပ်ရွာမှ တာဝန်ယူခဲ့ပါသည်။ ဖေါ်တဝိုက်မှ တီးတိန်ကို ထုတ်လိုင်ရွာမှလည်းကောင်း၊ လုံဘန်းအထိကို လိမ်ခိုင်နှင့် ဝက်လပ်ရွာတို့ကလည်းကောင်း အသီးသီးတာဝန်ယူပို့ဆောင်ပေးရပါသည်။ (ဖေါ်တဝိုက်စာတိုက်ကို ၁၉၆၃ ခုနှစ်တွင် ထုတ်လိုင်သို့ ပြောင်းရွှေ့သည်။)

ခေါ်ဆပ်ရွာသည် ဖေါ်တဝိုက်စစ်စခန်း၏အောက်ဖက်တစ်မိုင်ခွဲတွင်တည်ရှိရာ တော်လှန်ရေးတွင် ထင်ရှားသောရွာတစ်ရွာဖြစ်သည့်အလျောက် ဆရာတော် Carson က ခရစ်ယာန်သာသနာပြုဆရာများစေလွှတ်ရာတွင် ထည့်သွင်းစဉ်းစားရခြင်းဖြစ်သည်ဟု ယူဆထင်မြင်မိပါသည်။

၂။ နောက်ခံသမိုင်း (Historical Background)

ယေရှုခရစ်တော်တို့ လက်မခံနိုင်သေးသည့် ခေတ်ကာလတွင် တောရိုင်းတိရစ္ဆာန်များ ပစ်ခတ်ဖမ်းဆီးပြီးအောင်ပွဲခံဝါကြွားခြင်း (Sa aih) ရန်သူခေါင်းကိုဖြတ်၍ ရန်နိုင်အောင်ပွဲခံ (Ngal aih)ခြင်းစသည့်ပွဲများကို ကျင်းပနိုင်သူသည် အမြင့်ဆုံးသောဘွဲ့ထူးပိုင်ရှင်များအဖြစ် ဂုဏ်ယူကြပါသည်။

ထို့ကြောင့် မျိုးနွယ်တစ်မျိုးနှင့်တစ်မျိုး၊ ကစ်ရွာနှင့်တစ်ရွာ တိုက်ခိုက်၍ခေါင်းဖြတ်ခြင်း၊ မြေပြန့်ရှိ ညီအစ်ကိုတိုင်းရင်းသားများကို တွေ့လေရာ ယောကျ်ား၊ မိန်းမ မရွေးခေါင်းဖြတ်၍ ရန်နိုင်အောင်ပွဲအဖြစ် ဂုဏ်ယူဝါကြွားလျှက် **ပွဲလမ်းသဘင်**ကျင်းပလေ့ရှိခဲ့ကြပါသည်။ အချို့ကိုမသတ်ဘဲ ကျွန်အဖြစ် ခိုင်းစေထားလေ့ရှိပါသည်။

ဤကဲ့သို့ လူမဆန်ရိုင်းစိုင်းသောသမိုင်းဖြစ်ရပ်ကို ဓမ္မဟောင်းကျမ်း၌ လူအသက်ကို မသတ်နှင့် (ထွက် ၂၀း၁၂)။ ဓမ္မသစ်ကျမ်းကလည်း လူအသက်ကို မသတ်ရ၊ သတ်သောသူသည် ရုံး၌ အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏ဟု (မ ၅း၂၁)တွင် ထပ်မံဖော်ပြထား၏။ ထို့ကြောင့် ကျမ်းစာအလိုတော် ရှိသည့်အထိုင်း ချင်းလူမျိုးများကို ရုံး၌အပြစ်စီရင်ခြင်းမခံရလေအောင် ခရစ်တော်၏ကရုဏာ၊ ကျေးဇူးတော်ကို စံနမူနာအဖြစ် စီးယင်းလူမျိုးနွယ်တို့၏နှလုံးသား၌ တွေ့ထိစေသည်ဟု ယူဆမိပါသည်။

ခရစ်တော်လက်ခံပြီးသည့် ၁၉၀၇ ခုနှစ်တွင် ဖလမ်း၊ ဟားခါး၊ တီးတိန်လူမျိုးကို ပေါင်းစည်းပေးသည့် Chin Hills Baptist Association အဖွဲ့ဖြင့်လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် Zomi Baptist Convention (ZBC) အဖွဲ့အစည်းဖြင့်လည်းကောင်း၊ ချင်းလူမျိုးများကို တစ်လုံးတစ်ဝတည်း ဖြစ်စေပါသည်။

၃။ ယဉ်ကျေးမှုနောက်ခံ(Cultural Background)

စီးယင်းလူမျိုးနွယ်များ၏ အယူအဆနှင့် ကျင့်သုံးခဲ့ဘူးသော ယဉ်ကျေးမှုထုံးတမ်းများမှာ အလွန်ပင် ခေတ်နောက်ကျပါသည်။

(က)ခင်ပွန်းသည်မရှိခိုက်

ဇနီးမယားများက အသားမစားရ (Sanin ten')

ငါးခုံးမတစ်ကောင်ကြောင့် တစ်လေလုံး ပုပ်ဆိုရိုးရှိသည့်အတိုင်း တစ်နေ့တွင် အမျိုးသမီးတစ်ဦးသည် မီးဖွား၍ အိမ်တွင်အနားယူစဉ် မိမိအိမ်မွေးကြက်များကိုလည်းကောင်း၊ အိမ်နားနီးကြက်များကိုလည်းကောင်း၊ ခင်ပွန်းသည် တောင်ယာအလုပ်ဆင်းခိုက်တွင် ခိုးသတ်၍ စားသည့် မဖွယ်မရာအမှုကြောင့် ဇနီးမယားများ၊ ခင်ပွန်းသည်မရှိခိုက် အသားလုံးဝမစားရဟူသည့် ပညတ်ချက်ထုံးတမ်းစဉ်လာတစ်ခု စတင်ကျင့်သုံးခဲ့သည်။

ဘုရားသခင်သည် မိမိ၏ပုံသဏ္ဌာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းခဲ့သည်။ (ကၡး၂၇)၊ ဘုရားသခင်က လူယောကျ်ား၊ တိရစ္ဆာန်မိန်းမကို ဖန်ဆင်းသည်မဟုတ်ပါ။ ယောကျ်ား၊ မိန်းမမခွဲခြားဘဲ မိမိသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခြင်းဖြစ်၍ ဤကဲ့သို့မိန်းမများကိုဥပက္ခာပြုခြင်းသည် ဘုရားသခင်၏အလိုတော်မဟုတ်သဖြင့် မျက်မှောက်ခေတ်စကားနှင့်အညီ အခွင့်အရေးတန်းတူလိုလားသည့် အတွက် စီးယင်းလူမျိုးနွယ်တို့၏စိတ်ကို ဖြောင်းလဲစေသည်ဟု ယူဆထင်ခြင်မိပါသည်။

(ခ) ဆွေမျိုးသားချင်း၊ တစ်ရွာတည်းသားချင်း အိမ်ထောင်မပြုရ

ယခုသိပ္ပံခေတ် မျိုးရိုးပညာ (Genetic) ဘာသာရပ်ဖြင့်ကြည့်လျှင် ဆွေမျိုးသားချင်း၊ တစ်ရွာတည်းသားချင်း ထိမ်းမြားခြင်းမပြုရဟူသော ပညတ်ကို ခေတ်မီသည်ဟု ဆိုရပေမည်။ သို့သော် ထိုခေတ်၌တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်သော်လည်း ထိုထုံးတမ်းစဉ်လာကြောင့် ထိမ်းမြားခြင်းမပြုဘဲ သန္ဓေသားဖျက်ချခြင်း၊ မွေးကင်းစကလေးများအားသတ်ပစ်ပြီး ကျောက်ကမ်းပါးဂူတွင်ထားခြင်းစသော လူမဆန်သည့်အပြုအမူများစွာ ရှိခဲ့သည်။ ဤသို့သော အပြုအမူများသည် စီးယင်းလူမျိုးနွယ်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ကြောင်းကို ဧဝံဝေလိ သတင်းကောင်းရောက်ရှိလာသောအခါ ချက်ချင်း သဘောပေါက်စေပါသည်။"ဝန်လေး၍ပင်ပန်းသော သူအပေါင်းတို့ငါထံသို့လာကြလော့၊ငါသည် ချမ်းသာပေးမည်. . "(မ ၁၁း၂၇-၃၀) ဤကျမ်းချက်သည် ဆရာ Pu Pau Suan နှင့် ဇနီးတို့၏ဝန်ထုပ်ဝန်ပိုးကို ချက်ချင်းပေါ့သွားစေသည့်အတွက် ပထမဦးစွာလက်ခံရခြင်း၏သာဓကပြစ်ခဲ့ပါသည်။ (ခရစ်တော်ကိုလက်ခံကြသည့်နောက်ပိုင်းတွင် ဆွေမျိုးဆွေးချင်း၊ ရွာသားအချင်းချင်း အလိုအလျောက် ထိမ်းပြားခြင်း (Phung khawm thei)သည်အစဉ်အလာ တစ်ခုဖြစ်လာသည့်အတွက် တစ်ရွာတည်းတွင် တစ်ညတည်းမှာပင် စုံတွဲလေးငါးတွဲခန့် လက်ထပ်ထိမ်းမြားခဲ့ကြသည်ဟု ဆိုသည်။)

(ဂ) အသုဘဆင်ယင်မှု

ဘာသာရေးအမြင်အရ ၁၉၀၄ မတိုင်မီကာလသည် လုံးဝအမှောင်ခေတ်ဖြစ်သည်။ လူသေသောအခါ ယခုတဲ့သို့ တစ်ရက်နှစ်ရက်အတွင်း သင်္ဂြိုဟ်ခြင်းမပြုပါ။ ဆွေမျိုးသားချင်းများနှင့်အတူ အလောင်းကိုခြောက်သွေ့လာသည်အထိ ညစဉ်ညတိုင်းမီးဖြင့် ကင်ပြီး သိမ်းဆည်းထားပါသည်။ ထိုအိမ်တွင် သုံးလေးလောင်းအထိစုပြီးချိန်တွင်မှ စုပေါင်းသင်္ဂြိုဟ်ခြင်းပြုတတ် လေ့ရှိသည်။ ဤသို့ ညစ်ညမ်းသည့်ခေတ်ကို သမ္မာကျမ်းစာတွင်"...ထိုအလင်းသည် မှောင်မိုက်၌လင်း၍ မှောင်မိုက်သည် မခံမယူ ...(ယော ၁း၅)ဟုလာသည်နှင့် အညီ ဘုရားရှင်၏အလိုတော်ရှိသည့်အတိုင်း စီးယင်း တို့၏စိတ်ကို တွေ့ထိ၍ ပြောင်းလဲစေခဲ့သည်ဟု ထင်မြင်ယူဆမိပါသည်။

၄။ ဘာသာရေးနောက်ခံ

(Religious Background)

(က)ယုံကြည်မှု (Faith)

ရှေးဘိုးဘွားချင်းလူမျိုးများ၏ ယုံကြည်မှုကို လေ့လာသုံးသပ်သည့်အခါ ဝိညာဉ်ရှိကြောင်း ယုံကြည်ပြီးဖြစ်သည့်အလျောက် သင်္ဂြိုဟ်သည့်အခါ၊ ကွဲ၊ နွား၊ နွားနောက်ကိုသတ်၍ ဈာပနအခမ်းအနား၌ ဧည့်ပရိသတ်များကို ကျွေးမွေးသည့် ဓလေ့ရှိပါသည်။ ဤသို့ပြုခြင်းသည် သေသူ၏ ဝိညာဉ်ကိုသတ်ထားသော တိရစ္ဆာန်များက ကောင်းကင်ဘုံသို့ သယ်ယူပို့ဆောင်ပေးမည်ဟု ခံယူထားကြောင်း အချို့ရွာများရှိကျောက်တိုင်များတွင် အရုပ်ဖြင့်ဖော်ပြသည်ကို တွေ့မြင်နိုင်သည့်အပြင် ရိုးရာသီချင်းစာသား၌လည်း အထောက်အထားများစွာ ရှိကြောင်း တွေ့ရှိနိုင်ပါသည်။

သာဓကအားဖြင့် ၁၈၉၀-ခုနှစ်ဝန်း ကျင်က စာရေးသူ၏အဘိုး စပ်ဆိုထားသော သီချင်းတွင်

(a) Ka kawi a Lian nu awng nge, sawm

sial kop ma ciang suan te.

ချစ်သောဇနီးသည်ရယ် သင့်စျာပနအခမ်းအနားကို နွားနောက်နှစ်ကောင်ဖြင့် ကုသိုလ်ပြုပေးလိုက်ပါတယ်။

(b) Sawm sial kop taw zang phual mul taw zua siang na tuang tut nam maw!

နွားနောက်နှစ်ကောင်အပြင်၊ အောက်ချင်းဌက်၏ အတောင်မွေးနှင့်ပါသကြိုးပေးလိုက်သည့်အတွက် အဘဘုရား၏ရင်ခွင်သို့ ရောက်မည် မဟုတ်လား။

ရုပ်ကလပ်အလောင်းကို သချိုင်းသို့ပို့ခါနီးတွင် နှုတ်ဆက်သောသီချင်းတစ်ပုဒ်ကို လေ့လာကြည့်ပါစို့။

(a) Tha hong kia ta, tha hong kia ta e, van nuai ci teng tha hong kia ta e.

သေကြမှာပဲ၊ သေရကြမှာပဲ၊ ကမ္ဘာ့လူသားအားလုံး သေကြရမဲ့ သူတွေပါပဲ။

(b) Tha kiak mawk na, khua a om ta leh, thai taw thi mu bang ka zuan tu ze.

မသေနိုင်တဲ့နေရာရှိရင်၊ ဇနီးသည်နဲ့ အတူအဲဒီနေရာကို ပျံသန်းသွားလိုက်ချင်တယ်

ဤကဲ့သို့ ဝိညာဉ်ရှိကြောင်း ယုံကြည်ချက်နှင့် မသေနိုင်သောနေရာ (ထာဝရအသက်) ရှိကြောင်း ယုံကြည်မျှော်လင့်ချက်တို့ အခြေခံရှိပြီးဖြစ်သဖြင့် ခရစ်တော်ကို လွယ်လင့်တကူ လတ်ခံရခြင်း ဖြစ်သည်ဟု ယူဆမိပါသည်။

၄င်းအပြင်-

(a) Ka von min sel, dei lam ma naw kua i lim bang a huai ngawl.

သမီးဦးရယ် အိမ်ထောင်ပြုခဲ့ရာဝယ် - သင့်ရဲ့မိသားစုက ဥပတ္ထာပြုကြတယ်။

(b) Sil puan pha zong duang a bang ngawl, leang van na kai zo tam maw.

အလောင်း ခြံစရာအဝတ်မျှပင်မပါသည့်အတွက် ကောင်းကင်ဘုံသို့ရောက်ပါ့မလားသမီးရယ်-ဟူသည့် သီချင်းကိုသုံးသပ်သည့်အခါ ကောင်းကင်ဘုံ၌ စံစားမည်ဟုယုံကြည်ချက်ရှိပြီးဖြစ်၍ ခရစ်ယာန်ဘာသာကို လက်ခံရန် မခဲယဉ်းတော့ပါ။

(ခ) ယုဒတို့၏တဲတော်နှင့် စီးယင်းချင်း တို့၏ အိမ်ဆောက်ပုံတူညီမှု

ထွက်မြောက်ရာကျမ်းတွင် ပါရှိသည့် အတိုင်း ယဇ်ပူဇော်သည့်နေရာ၊ သန့်ရှင်းသော နေရာ၊ အလွန်သန့်ရှင်းသောနေရာဟူ၍ (၃) မျိုးခွဲခြားထားသကဲ့သို့ စီးယင်းချင်းရိုးရာအိမ်ဆောက်ပုံဟာလည်း တူညီမှုရှိကြောင်း တွေ့ရသည်။ အထူးသဖြင့် စီးယင်းလူမျိုးနွယ်တို့သည် ယဇ်ပူဇော်ရာဌာန (Innkaa mailim) သန့်ရှင်းသောနေရာ (Pialthang) အလွန်သန့်ရှင်းသောနေရာ (Sangtawng =Ngauku sepna / Tedim= pusa biakna တစ်နှစ်တွင် တစ်ခါကျအထူးယဇ်ပူဇော်ရာ နေရာဖြစ်သည်) ဟူ၍ သတ်မှတ်တည်ဆောက်ထားသည်။

ထို့ကြောင့် စီးယင်းချင်းလူမျိုးများသည် ယုဒလူမျိုးနှင့် ဝတ်ပြုပုံဝတ်ပြုနည်း နီးစပ်သည့်အတွက် ခရစ်ယာန်ဘာသာကို ယုံကြည်ရန် လမ်းစ ခင်းထားသကဲ့သို့ဖြစ်သည်ဟု ယုံကြည်ယူဆမိပါသည်။

၅။ စာပေနောက်ခံ (Literary Background)

၁၈၈၀ ခုနှစ်ပတ်ဝန်းကျင်တွင် တောင်အူရွာဘုန်းတော်ကြီးကျောင်းမှ ဦးပညာကို ဖမ်းဆီးခေါ်ဆောင် လာသည့်အတွက် တစ်ချို့က မြန်မာ့စကားနှင့်စာပေတို့ သူ့ထံမှလေ့လာဖူး

ကြသည်။ ၄င်းအပြင် Pu Hang Kip တလည်း ဘုန်းတော်ကြီးကျောင်းတွင် စာသင်ဖူးသူဖြစ်ပါသည်။ အထင်ရှားဆုံးသူမှာ Subedar Pu Mang Pum ဖြစ်ပြီး ၁၈၉၂ ခုနှစ် မြို့အုပ်မင်းကိုလုပ်ကြံမှုကြောင့် ရန်ကုန်တွင်ထောင်ကျနေစဉ် ၄င်း၏မိတ်ဆွေ ဖိုးမောင်ထံမှ မြန်မာစာသင်ယူဆည်းပူးခဲ့သည့်အတွက် မြန်မာစာနှင့်မြန်မာစကား ကိုကောင်းစွာတတ်မြောက်ခဲ့သည်။ ၁၈၉၇ ခုနှစ်တွင် ထောင်မှထွက်ပြီးနောက် ၁၈၉၉ ခုနှစ်တွင်သူကိုယ်တိုင် Khuasak ရွာမှ Pu Kam Lian, Pu Mang Lun, Pu Thuam Pau, Thuklai ရွာမှ Pu Vum Lam, Buanman ရွာမှ Pu Vum Ngin တို့နှင့် တိုင်ပင်ပြီး တီးတိန်ဝန်ထောက်မင်းထံသွားကာ ခေါဆပ်ရွာ၌ စာသင်ကျောင်းဖွင့်ပေးရန်နှင့် မြန်မာစာသင်ပေးမည့် ဆရာတစ်ဦးရလိုကြောင်း တင်ပြလျှောက်ထားခဲ့သည်။ ထိုနှစ်မှာပင် မင်းဘူးမြို့မှ အရှိချင်းအမျိုးသား ဆရာဦးထွန်း အောင်ရောက်ရှိလာသည်။ ထိုခေတ်တွင် ဆရာကို တစ်လလျှင် ရူပီ၆ဝဖြင့် ငှါးရမ်းခဲ့သည်။ (အကြောင်းအမျိုးမျိုးကြောင့် နောက်နှစ်တွင် ဦးထွန်းအောင်ကိုမငှါးတော့ဘဲ ကျောင်းပိတ်ရသည်။)

ခရစ်ယာန်သာသနာပြုဆရာတော် Carson သည်တိုင်းရင်းသားညီအစ်ကို ကရင်ခရစ်ယာန်ဆရာ များကို အသုံးပြု၍ အောက်ပါအတိုင်း ခရစ်ယာန်သာသနာပြု စေလွှတ်တာ ကျောင်းများဖွင့်လှစ် ပါသည်။ ဆရာစံဝင်းကို ဟားခါး၌ ၁၉ဝဝ ပြည့်နှစ်တွင် ဆရာစံဝင်းကို နေရာချထားခဲ့သော်လည်း ကျောင်းသားမရှိသဖြင့် ကျောင်းပိတ်ရပါသည်။ ၁၉ဝ၂ နှစ်တွင် ဆရာဖိုးကူးအား တီးတိန်မြို့သို့ စေလွှတ်ခန့်ထားရာ ကျောင်းသား (၃) ဦးသာရှိ သည့်အတွက် ၁၉ဝ၄ တွင် ပိတ်ရပြန်သည်။ ၁၉ဝ၄ ခုနှစ်တွင် ခေါဆ ရွာသို့ ဆရာဦးရွှေဇ ရောက်ရှိလာရာ၊ ဒေသခံများ အနေဖြင့် ဆန္ဒရှိနှင့် ပြီးဖြစ်သဖြင့် ပံ့ပိုးကူညီကြပြီး ၁၉ဝ၄ ခုနှစ်တွင် ကျောင်းသား (၃၆) ယောက်ဖြင့် အောင်မြင်စွာ ဖွင့်လှစ် နိုင်ခဲ့ပါသည်။ ဆရာဦးရွှေဇသည် အနေပျော်အခြေကျလာသောအခါ သတင်းကောင်းကိုစတင်ရန် အခွင့်အလမ်း ရလာသည်။ ဤကဲ့သို့ အောင်မြင်ရခြင်းကို Revd.Carson က ဘုရင်ခံထံ စီးယင်းလူမျိုးတို့သည် ယုံကြည်အားကိုးရသော လူမျိုးနွယ်ဖြစ်ကြောင်း အစီရင်ခံခဲ့သည်ဟု ဆိုသည်။

၆။ စီးယင်းလူမျိုးနွယ်တို့၏ဗီဇနောက်ခံ

ဤအခန်းကဏ္ဍကို ရေးသားရန် ကျွန်တော် အလွန်လက်တွန့်နေမိပါသည်။ မိမိမျိုးနွယ်ကို အမွန်းတင်သကဲ့သို့ဖြစ်သည်ကို နားလည်ပေးစေလိုပါသည်။

၁၈၈၉ ခုနှစ် ဇန်နဝါရီလ (၂၃) နေ့တွင် နယ်ချဲ့ကိုလိုနီအင်္ဂလိပ်တို့ကို ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်မှု၊ ၁၈၈၉ ခုနှစ် မေလ (၄) ရက်နေ့တွင် ကပ္ပတိန်မိန်း (Captain Mayne) ဦးဆောင်သော တပ်သည် ရှုလ်လုမ်း ခံတပ်သို့ ချီတက်လာရာ ကိမ်းလိုင်မျိုးနွယ် ဦးလျန်ကမ်း ဦးဆောင်သော တော်လှန်ရေးတပ်သားတို့၏ရွှေ့ပြောင်းခွဲခွဲတိုက်ခိုက်မှု၊ ၁၈၉၂ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် ကိုလိုနီမြို့ပိုင် နှင့် အပေါင်းအပါများအား တိုက်ခိုက်လုပ်ကြံသတ်ဖြတ်မှုတို့ကို ကြည့်ခြင်းအားဖြင့် ရဲစွမ်းသတ္တိနှင့် ပြည့်စုံပြီး ပွင့်လင်း ပြတ်သားမှုရှိသော မျိုးနွယ်ဖြစ်ကြောင်း ထင်ရှားစေပါသည်။

သမ္မာကျမ်းစာကို လေ့လာသည့် အခါ ဘုရား၏အသုံးတော်ခံ "မောရှေသည်လည်း အဲဂုတ္တုအတတ်ပညာအလုံးစုံတို့ကို သင်၍ နှုတ်သတ္တိ၊ လက်သတ္တိရှိ၏။ အသက်လေးဆယ်စေ့ သောအခါ ဣသရေလအမျိုးသားဖြစ်သော မိမိ ညီအစ်ကိုတို့ကို အကြည့်အရှုသွားမည်ဟု အကြံရှိ၏။" (တမန် ၇ :၂၂-၂၃)

ထို့အတူ ဒါဝိဒ်မင်းဖြစ်ရန် အခြေခံအရည် အချင်းကို အလေးထားကြောင်းတွေ့ရပါသည်။ "... ရှောလုက သင်သည် ထိုဖိလိတ္တိလူကို သွား၍ မတိုက်နိုင်၊ သင်သည်နုပျိုသောသူဖြစ်၏။ ထိုသူသည် ပျိုသောအရွယ်မှစ၍ စစ်သူရဲဖြစ်ခဲ့ပြီ ဟု ဒါဝိဒ်အားဆိုသော် ဒါဝိဒ်က ကိုယ်တော့်ကျွန် သည် အဘ၏သိုးတို့ကို ထိန်းကျောင်းစဉ်အခါ၊ ခြင်္သေ့နှင့်ဝံသည်လာ၍ သိုးသူငယ်ကို သိုးစုထဲက ကိုက်ခဲ့ပါ၏။ ကျွန်တော် လိုက်၍သတ်သဖြင့်..." ဓမ္မရာဇဝင်ပထမ (၁၇:၃၃-၃၄)တို့ကို လေ့လာ သုံးသပ်သည့်အခါ ရဲစွမ်းသတ္တိနှင့်ပြည့်သောသူ ကို ဘုရားသခင်ကလည်း အသုံးပြုသည်ဟု ယူဆ ပါသည်။

ထို့အတူ (Sukte ngunngal) နယ်များကို Revd.Thang Ngin ကလည်းကောင်း၊ Revd. Mang Kam က Ngawn နယ် Za Hau နယ်အထိ လည်းကောင်း၊ ဆရာ Suang Kho Kam က Hual Ngo နယ် Aizawl အထိ လည်းကောင်း၊ Pu NgoThang (Free Evangelist) က Limkhai ရွာနှစ်ရွာ၊ Buan ရွာနှင့် Ngawn ငါးရွာတို့ကိုလည်းကောင်း၊ ဆင်းရဲပင်ပန်းခြင်းခံပြီး သတင်းကောင်း (ဧဝံဂေလိတရား)ကို အနစ်နာခံ၊ အန္တံအတာခံ၊ သတ္တိရှိရှိနှင့်အမှုတော်ဆောင်ရွက်ခဲ့ကြခြင်းကို ထောက်ခြင်းအားဖြင့် စီးယင်းလူမျိုးနွယ်ကို ပထမဦးစွာလက်ခံယုံကြည်သူအဖြစ် ရွေးနှုတ် သည်ဟု ထင်မြင်ယူဆပါသည်။

ခြုံငုံ၍ နိဂုံးချုပ်ရေးသားလိုသည်မှာ အထက်ပါဖော်ပြခဲ့သည့်အကြောင်းအရာများကို သုံးသပ်ခြင်းအားဖြင့် လောကနိယာမအရ အကြောင်းတရားရှိ၍ အကျိုးတရားရှိသည်က တစ်ကြောင်း၊ (တမန် ၉ : ၄-၅)တွင် ဖော်ပြထား သည့်အတိုင်း တမန်တော်ရှင်ပေါလု (ရှောလု) သည် ရက်စက်ကြမ်းတမ်းသောပုဂ္ဂိုလ်ဖြစ်သော် ငြားလည်း ဘုရားသခင်သည် ဒမာသက်မြို့ လမ်းပေါ်၌ ပြောင်းလဲစေသကဲ့သို့ စီးယင်းလူမျိုး တို့အားအမှောင်ထုကိုခွင်း၍ အလင်းကိုပေးလို ခြင်း၊ ထို့အပြင် ဘုရားသခင်၏အကြံအစည်တော် တွင် လူ့အစွမ်းအစကို အသုံးပြုလိုခြင်းတို့ ကြောင့် စီးယင်းနယ်မှ ခရစ်တော်ကို စတင် လက်ခံယုံကြည်စေသည်ဟု ထင်မြင်ယူဆမိပါ ကြောင်း ရေးသားဖော်ပြလိုပါသည်။

Dr.A.Lian Za Nang, B.V.S.(Ygn)
Dip.I.C.P.H, Dip A.F.M.T. (The Nether Lands)
B.R.E.(T.T.C), M.R.E.(Grand Rapid Baptist Seminary)

နှစ်တစ်ရာအတွင်း ချင်းအမျိုးသားများထဲမှ နိုင်ငံဂုဏ်ဆောင် အားကစားပုဂ္ဂိုလ်များ

ချင်းခုတ်

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် မြန်မာပြည်ကို သိမ်းပိုက်အပြီး (၁၈၈၅)ခုနှစ်တွင် ချင်းပြည်နယ် ဟားခါးမြို့၌ အစိုးရရုံးစိုက်ပြီး နယ်အသီးသီးတွင်လည်း တပ်ခွဲများ၊ အုပ်ချုပ်ရေးမှူးများ၊ နယ်ပိုင်များ၊ မြို့ပိုင်များဖြင့် အုပ်ချုပ်စေခဲ့ပါသည်။ (၁၉၈၉)ခုနှစ်မှ Mission စာသင်ကျောင်းများဖွင့်လှစ်၍ ခရစ်ယာန်သာသနာပြုလုပ်ငန်းများထွန်းကားရန် ရည်ရွယ်ချက်ဖြင့် ခရစ်ယာန်သာသနာပြုဆရာတော်များကို စေလွှတ်ခွင့်ပြုခဲ့ပါသည်။ ဟားခါးမြို့သို့ ပထမဦးဆုံးရောက်ရှိလာသော ခရစ်ယာန်သာသနာပြုဆရာတော်မှာ Revd.A.E. Carsonတို့ လင်မယားဖြစ်ပြီး ဤဟားခါးမြို့မှာပင် အသက်ပေးလှူသည့်အထိ ခြေချနေထိုင်သွားခဲ့ကြပါသည်။

ဆရာတော်တို့နှင့်အတူ ကရင်နှစ်ခြင်းအသင်းတော်မှ ဆရာများလည်း လိုက်ပါနိုင်ခဲ့သည့်အတွက် စာသင်ကျောင်းများ ဖွင့်လှစ်ပြီး ကျန်းမာရေး၊ လူမှုရေးကိစ္စများကို လည်းဆောင်ရွက်ပေးခဲ့ကြပါသည်။ အားကစားနှင့်ပတ်သက်၍ Chin Military Police တည်ထောင်ပေးခဲ့သည်။ အားကစားပြိုင်ပွဲများကို တစ်နိုင်ငံလုံးတပ်ဖွဲ့များ၏ အသင်းလိုက်ဘောလုံးပြိုင်ပွဲကို နှစ်စဉ်မနှစ်လေးမြို့၌ ကျင်းပခဲ့သည်။ ၎င်းအားကစားပြိုင်ပွဲတွင် Chin Hills Battalion - Military Police Team အနေဖြင့် နှစ်စဉ်ဗိုလ်စွဲခဲ့ကြသည်။ ယခင်က ပြိုင်ပွဲများတွင် ဖလားပေးခြင်းများမရှိခဲ့သော်လည်း (၁၉၃၀) နှစ်နှောင်းပိုင်းမှစ၍ ဂျပန် စစ်မတိုင်ခင်အထိ Rowe-Company မှဦးစီးကျင်းပပေးကာ ဆုဖလားများ ပေးအပ်လာခဲ့ပါသည်။ ထိုခေတ်တွင်ဗိုလ်ဝင်ကင်း(Bo Vum Kim -Khuasak) သည်ထင်းရှားသောဘောလုံးသမားဖြစ်ခဲ့ပါသည်။

ဤပြိုင်ပွဲများမှစ၍ လွတ်လပ်ရေး ရပြီးနောက်ပိုင်းများတွင် ချင်းအမျိုးသားများထဲမှ ထူးချွန်သောဘောလုံးသမား အကျော်အမော်များစွာ ပေါ်ထွက်ခဲ့ပါသည်။ ဘောလုံးအားကစားတွင်မြန်မာ့လက်ရွေးစင် အဖြစ်နာမည်ကြီးခဲ့သူများမှာ-ဦးဟန်ခိုလျှဲ(Hang Ko Lian-Dolluang)၊ ဦးဟန်စိန်(Hang Sing-Zo)၊ ဦးလန်ကေထန်(Lang Khat Thang-Tedim)၊ ဦးဟန်းဇာစင်း(Lam Za Cin-Thuk lai)၊ ဦးချင်းခုတ်(Thian Khup-Khuasak) ၊ ဦးရိုအုတ် (Dr. Ro Uk-Mindat)နှင့်ဦးထန်ကျင့်လျှဲ (Thang Cin Lian-Zo)အစရှိသဖြင့် လက်ရွေးစင်ဘောလုံးသမားများရှိသလို နာမည်ကျော်ကြားလူသိများသောဘောလုံးသမားများစွာရှိခဲ့ပါသည်။ သို့ဆော် အထက်ပါပုဂ္ဂိုလ်များမှာ စာရေးသူမှတ်မိသလောက် သာရေးသားခြင်းဖြစ်ပြီး(၁၉၇၀)ခုနှစ် မှယနေ့ထိ ဘောလုံးသမားများစာရင်းမပါရှိသေးပေ။

လက်ဝှေ့ (Boxing)အားကစားတွင်

ဦးဒေါ်လာ(U Dawla)၊ ဦးနီနီး(U Ni Ni) ဟရန်ခမ်း(U Hrang Kham)၊ ထန်ခိုခိုင် (U Thang Ko Khai) အစရှိသော အားကစားသမားများသည် နိုင်ငံတကာပြိုင်ပွဲ များတွင် မြန်မာနိုင်ငံအတွက် ဂုဏ်ထူးဆောင်ပေးခဲ့ကြသည်။ ရွှေတံဆိပ်ဆုများ စွာကိုဆွတ်ပေးသူများဖြစ်ကြသည်။ ချင်းပြည်နယ်၏အကျယ်အဝန်းနှင့် ယှဉ်သော် လူဦးရေမှာ ပြောပလောက်အောင် မရှိသော်လည်း(၁၉၆၇) တွင် SEAP- GAMES ပြိုင်ပွဲကို ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ လာအိုနိုင်ငံသည် ဆုတစ်ခုမှမရှိခဲ့ သော်လည်း မြန်မာနိုင်ငံကိုယ်စားပြုပါဝင် ယှဉ်ပြိုင်ခဲ့သော ဦးဒေါ်လာနှင့် ဦးနီနီတို့သည် ရွှေတံဆိပ်များကို ဆွတ်ခူးနိုင်သဖြင့် ဂုဏ်ယူစရာပင် အလွန်ကောင်းခဲ့ပါသည်။

ကရာတေးဒိုပြိုင်ပွဲတွင် ဟန်ခန့်ကပ် (U Hang Khan Kap) သည် နိုင်ငံကိုယ်စားပြု၍ အရှေ့တောင်အာရှ ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိဘူးသူဖြစ်သည်။

ပြေးခုန်ပစ်အားကစားတွင်လည်း ဦးလှသိန်း(မင်းတပ်)သည် မာရသွန်ပြိုင်ပွဲတွင်၄င်း၊ မခင်ပု(မြေပြန့်-ချင်း)သည် တာတိုပြေး ပြိုင်ပွဲတွင်၄င်းနိုင်ငံတကာဆင့်တွင် ယှဉ်ပြိုင်နိုင်ခဲ့ပါသည်။

Tennis အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အဖြစ် ဦးလျံပေါင်(Lian P au-Thuklai)၊ သည်အပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများတွင် အကြိမ်ကြိမ် ပါဝင်ခဲ့ပြီး ပြည်တွင်းပြိုင်ပွဲတွင် ဆရာရောဘတ်-ဗက်ကျင့် (Saya Robert-Biak Cin-Thantlang)၊ ဦးဟောက်ခိုပေါင် (Hau Ko Pau -Thuklai)၊ ဦးပုမ်းခိုခိုင်း (Pome Ko Khai-Thuklai) တို့သည် ချင်းလူမျိုးထဲမှ Tennis ထူးချွန်သူများ ဖြစ်ကြပါသည်။

ကြက်တောင်ရိုက် အားကစားပြိုင်ပွဲတွင် ဗိုလ်မှူးကြီးငိုကျင်ပေါ (Col. Ngo Cin Pau - Thuklai) သည်ဟောင်ကောင်၊ ယိုးဒယားနိုင်ငံများသို့ နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ခဲ့ပါသည်။ ဗိုလ်မှူးကြီးသည် တက္ကသိုလ်ကျောင်းသားဘဝတွင် တက္ကသိုလ်ဘောလုံးလက်ရွေးစင် အဖြစ်၄င်း၊ အားကစားမြောက်များစွာတွင် ထူးချွန်သူဖြစ်ပြီး နိုင်ငံတော်အစိုးရ၏တပ်မတော်ကိုယ်ခံပညာလေ့ကျင့်ရေးကျောင်း၌ကျောင်းအုပ်ကြီးအဖြစ်၄င်း၊ အားကစားဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ် အဖြစ်၄င်း ဆောင်ရွက်ခဲ့ပါသည်။

နှစ်ပေါင်း ၁၀၀အတွင်း စစ်ကြိုခေတ်မှ လွတ်လပ်ရေးရပြီး ၁၉၇၀ခုနှစ်အထိ သုံးသပ်ပါက လက်ရှိအခြေအနေတွင် ချင်းအမျိုးသားထဲမှ ထူးချွန်သောအားကစားသမားများ ထွန်းပေါက်သင့်သလောက်ထွန်းပေါက်လာခြင်း မတွေ့ရတော့သည့်အတွက် နောင်လာနောင်သားများအနေဖြင့် အနာဂတ်တွင် အားကစား ထူးချွန်ပြီး နိုင်ငံဂုဏ်ဆောင်များအဖြစ်ရပ်တည်နိုင်ရန် ကြိုးစားပါစို့ ဟူ၍တိုက်တွန်းနှိုးဆော်ရင်း ဤဆောင်းပါးကို ဖော်ပြအပ်ပါသည်။

(ချင်းခုတ်)
ရန်ကုန်တက္ကသိုလ်များ
လက်ရွေးစင်ဘောလုံးသမားဟောင်း (၁၉၆၆-၇၁)
မြန်မာ့လက်ရွေးစင်ညွန့်ပေါင်းဘောလုံးသမားဟောင်း

သက်ရှိထင်ရှားရာစုသားကောင်းဘစ်ဦး

မဂ္ဂဇင်းကော်မတီ(ရန်ကုန်)

ချင်းခရစ်ယာန်သာသနာ့သမိုင်းတွင် ချင်းပြည်နယ်ဒေသအသီးသီးမှ ကနဦးယုံကြည်သူ မိသားစုများ၏ သမိုင်းကြောင်းကို ဦးစွာဖော်ပြလို ပါသည်။

တီးတိန်မြို့နယ်၊ ခေါ်ဆရွာမှ အဘိုး Revd. Thuam Hangနှင့် Saya Pau Suan, တွန်းဇံ မြို့နယ်မှ Revd. Vial Nang, U Lam Ko Thang နှင့်ဌင်း၏မိခင် Daw Ciang Zel (Revd. Dr. S. Pau Khan En ၏အဘွား) ဖလမ်းမြို့နယ်မှ Revd.Cong Kham, Revd. Thang Tsin, Revd.Boka, ဟားခါးမြို့နယ်မှ Revd.Sang Ling, Zo Khua မှ Revd. Sang Fen (Revd. Dr. S. Hre Kio ၏ဖခင်)၊ ထန်တလန်မြို့မှ Revd. Van Lo (Revd. Sang Awi ၏ဖခင်) တို့သည် ချင်းခရစ်ယာန်သာသနာ့သမိုင်းတွင် ခရစ်ယာန်သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီးများဖြစ်၍ ၎င်းတို့ကြခဲ့သော ယုံကြည်ခြင်းမျိုးစေ့ပေါက်ဖွားရှင်သန်လာခြင်းဖြစ်ပြီး ယနေ့မျိုးဆက်သစ်လူငယ်များသည် ယင်းဘိုးဘေးများ၏ ယုံကြည်ခြင်းအမွေအနှစ်ကို နှစ်တစ်ရာမက ကပ်ကမ္ဘာကုန်ဆုံးသည့်တိုင် ဆက်လက်ထိန်းသိမ်းရန်တာဝန်ရှိပေသည်။

ချင်းခရစ်ယာန် သာသနာ့သမိုင်းသည် အနောက်နိုင်ငံမှ သာသနာပြုများက စတင်ပြုစု ပျိုးထောင်ပေးခဲ့ခြင်းဖြစ်ရာ ယင်းသာသနာပြုပုဂ္ဂိုလ်ကြီးများနှင့်လက်တွဲပြီး ချင်းနှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းတည်ထောင်လျက် ကိုယ်ကျိုးစွန့်ကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးတာဝန်ယူပေးခဲ့ကြသော Revd. S.T. Hau Go, Revd. Mang Ko Pau, Revd. E. Kyon Bill, Revd. James Sang Awi, Revd. Charles Hrang Tin Khum, Revd. Dr. S. Pau Khan En, Revd. R. Hniar Ceu, Revd. James Tial Dum, Revd. Dr. Chum Awi, Revd. Tuang Khan Kap, Revd. E. Hlawn Piang တို့သည် ချင်းလူမျိုးများ၏ ယုံကြည်ခြင်း၊ ဓမ္မအတွေးအခေါ်၊ စာပေဗဟုသုတ စသည့် ဘာသာရေးလူမှုရေးကဏ္ဍများတွင် ဦးဆောင်သူများဖြစ်ပါသည်။

ယခုအခါ ဇက်ဘီစီအဖွဲ့ချုပ်ကြီး၏သက်တမ်းသည် နှစ်ပေါင်း(၅၀)ကျော်တိုင် ပြီးသကဲ့သို့ ခရစ်ယာန်သာသနာသည်လည်း နှစ်ပေါင်း(၁၀၀)တိုင်လာပြီး ရာပြည့်သဘင်ပွဲကိုပင်ဆင်နွှဲရန် စိုင်းပြင်းလျက် ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်းစာအုပ် ထုတ်ဝေရန်ပါ ပြင်ဆင်ရာတွင် ဘူမိနက်သန်စီးယင်းနယ်မှ ဘုရားကောင်းချီးမင်္ဂလာများကိုခံစားရသူ၊ မြန်မာပြည်တွင်သာမကကမ္ဘာ့နိုင်ငံကပင်

အသိအမှတ်ပြုခြင်း ခံရသူ၊ ကနဦးယုံကြည်သူ Revd. Thuam Hang ၏တူတော်သူ၊ Revd. Za Khup ၏သားဖြစ်သူ ဒေါက်တာ ဝမ်းကိုဟော ကို မဂ္ဂဇင်းကော်မတီက **"သက်ရှိထင်ရှားရာစု သားကောင်းတစ်ဦး"** အဖြစ် ရှုထောင့်မျိုးစုံမှ ရွေးချယ်ထားပါသည်။

သို့ဖြစ်၍ မြန်မာမှုနယ်ပယ်တွင် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မဂ်လာတစ်ပါးဟူ၍ လည်းကောင်း၊ ခရစ်ယာန် အသက်တာတွင်လည်း "ရှိသေထိုက်သောသူကို ရှိသေ ကြလော့" (ရောမ ၁၃း၇)ဆိုသည့် သွန်သင်ချက် ကိုလည်းကောင်း အောက်မေ့လျက် နှောင်းခေတ်လူငယ် မျိုးဆက်သစ်များအတုယူ၊ လေ့လာ ခံယူနိုင်ရန် ဤရာပြည့် မဂ္ဂဇင်း၌ ဂါရဝပြု ကမ္ဘည်းတင်အပ်ပါသည်။

ပါရမီရှင်ဒေါက်တာဦးဝမ်းကိုဟော (အငြိမ်းစားသံအမတ်ကြီး) သည် ကနဦးယုံကြည်သူ သိက္ခာတော်ရဆရာကြီး Revd. Za Khup နှင့် Pi C iang Zam တို့၏သား (၃)ဦး၊ သမီး (၄)ဦးအနက် အကြီးဆုံးသောသား ကြီးသြရသ ဖြစ်ပြီး ၁၉၁၇ခုနှစ် မတ်လ (၁၇)ရက် နေ့ည ၂း၀၀နာရီတွင် မွေးဖွားခဲ့ပါသည်။ မွေးဇာတိမှာ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ရွာ (Old Fort White) ဖြစ်ပါသည်။ ဖခင်ဖြစ်သူ သိက္ခာတော်ရဆရာကြီး Revd.Za Khup သည် ဘုရားအမှုတော်ဆောင်ရင်း မိမိလူမျိုးများ၏ ပညာရေးအတွက် တဖက်တလမ်းမှ စာပေပညာသင်ကြားပေးသောကျောင်းအုပ် ဆရာကြီး တစ်ပါးလည်းဖြစ်ပါသည်။ ဆရာကြီး ဦးဇခုပ်၏ ကြိုးပမ်းစွမ်းဆောင်မှုကို ချီးကျူး ဂုဏ်ပြုသောအားဖြင့် ၁၉၃၆ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် Governor of Burma H.L. Stephenson K.C.S.I, K.C.I.E မှ Certificate of Good Service ကို ချီးမြှင့်ခဲ့ပါသည်။

ဖခင်ကြီး၏အိပ်မက်

ဒေါက်တာဦးဝမ်းကိုဟော၏မိဘနှစ်ပါးမှာ ၁၉၁၆ခုနှစ်ကွင် အိမ်ထောင်ပြုခဲ့ကြပါသည်။ ပထမသားဦးဖြစ်သည့် ဒေါက်တာဦးဝမ်းကိုဟော မွေးဖွားခါနီးတွင် ဖခင်ကြီးက အိပ်မက်တစ်ခု မြင်မက်ခဲ့ပါသည်။ ယင်းအိပ်မက်မှာ ခြေရင်းအိမ်နေ Pu Vum Lam (U Tuang Ko Thang ဖခင်) က အလွန်ကောင်းသောခါးချိတ်ခါး (Kawng Naam) များလာရောင်းရာ ၄င်းခါးများထဲက အကောင်းဆုံးတစ်လက်ကို ရွေးချယ်ဝယ်ယူခဲ့သည်ဟု မြင်မက်ခဲ့ပါသည်။ စီးယင်းချင်းစကားအရ Lam ဆိုသည့် အဓိပ္ပါယ်မှာ ပစ္စည်းဥစ္စာရှာဖွေစုဆောင်းတတ်ခြင်း၊ စည်းစိမ်ချမ်းသာရှိခြင်းဟု အနက်ဖွင့်နိုင်ပါသည်။ အလွန်ကောင်းသည့်အိပ်မက်ဖြစ်ပါသည်။မိမိ၏ဘဝ၌နာမကျန်းဖြစ်ချိန်၊ ဆင်းရဲဒုက္ခရောက်ချိန်များတွင် ဖခင်ကြီး၏အိပ်မက်ကို ပြန်လည်အောက်မေ့လျက် "ငါမသေနိုင်သေး၊ ငါပစ္စည်းဥစ္စာရှာဖွေ စုဆောင်းနိုင်ရမည်၊ ငါချမ်းသာရဦးမည်၊ လူပေါ်လူဇော်လည်းဖြစ်ဦးမည်" ဟု အမြဲခွန်အားရမိပါကြောင်း ပြောလေ့ရှိပါသည်။

ပညာသင်ကြားခြင်း

ငယ်ရွယ်စဉ်ကပင် တစ်မူထူးခြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး၊ ပညာရေးတွင်လည်းကောင်း၊ အားကစားတွင်လည်းကောင်း သူများထက် ထူးချွန်မှု ကျေနပ်သူကစ်ဦးဖြစ်ပါသည်။ ငယ်စဉ်က ဖခင်ကြီး တာဝန်ထမ်းဆောင်ရာ Khuasak ရွာ ABM ကျောင်းတွင် စတင် ပညာသင်ကြားခဲ့ပြီး တီးတိန်နှင့် ဖလမ်းမြို့ အလယ်တန်းကျောင်းတို့၌ ဆက်လက် ပညာသင်ကြားခဲ့ပါသည်။ ဖလမ်းအလယ်တန်းကျောင်းမှ သတ္တမတန်းတွင် ပထမအဆင့်ရရှိ

သဖြင့် ပညာထူးချွန်ဆု (Schoolar-ship) ရရှိကာ စစ်ကိုင်းမြို့အစိုးရအထက်တန်း ကျောင်းသို့ ယင်းပညာချွန်ဆုဖြင့် အထက်တန်းအောင်မြင်သည်အထိ တက်ရောက်ခဲ့ပါသည်။ တက္ကသိုလ်ဝင်တန်းတွင် အင်္ဂလိပ်၊ ပထဝီနှင့် သမိုင်းဘာသာရပ်များတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သောကြောင့် ကျောင်းဂုဏ်ဆောင်တစ်ဦးအဖြစ် ကျော်ကြားခဲ့ပါသည်။

နိုင်ငံဝန်ထမ်းဘဝစတင်ခြင်း

အထက်တန်းပညာအောင်မြင်ပြီးနောက် ချင်းတောင်တန်းဒေသဆိုင်ရာအင်္ဂလိပ်အရေးပိုင်ရုံး၊ ဖလမ်းမြို့တွင် လက်ရေးတိုနှင့်ရုံးအုပ်စာရေးကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ရာ မျက်နှာဖြူအင်္ဂလိပ်အစိုးရအရာရှိကြီးများ ယုံကြည်အားကိုးရသောဝန်ထမ်းတစ်ဦးဖြစ်ပါသည်။

ချင်းတော်လှန်ရေးတပ်တွင် ပါဝင်ခြင်း

နယ်ချဲ့အင်္ဂလိပ်မှ အထက်မြန်မာပြည်ကို သိမ်းပိုက်လာသောအခါ ချင်းပြည်နယ် စီးယင်းဒေသမှ သူကျွန်မခံ အရှုံးမပေး ရွှမ်ရွှမ်ချွဲချွဲ ခုခံတော်လှန် တိုက်ခိုက်ခဲ့ကြသည်။ မျိုးချစ်စိတ်ဓါတ်ပြင်းပြသော ချင်းတော်လှန်ရေးခေါင်းဆောင်အဖို့ Khai Kam နှင့် တိုက်သူကြီး U Khup Lian (Dr. Vum Ko Hau ၏အဖို့) တို့အပါအဝင် သူရဲကောင်းများပေါက်ဖွားရာ ဘူမိနက်သန် အောင်မြေအဖြစ် အစဉ်အလာ ကြီးမားသော ဒေသဖြစ်၍ Field Marshal Sir George White, V.C. Commander in Cheif of Upper Myanmar မှ The most difficult enemy to see or hit I ever fought ဟု အင်္ဂလိပ်စစ်သမိုင်းတွင် မှတ်တမ်းတင်ခဲ့သည်။ ဒုတိယအကြိမ် အင်္ဂလိပ် မြန်မာစစ်ပွဲကာလတွင် Victoria Cross (V.C) ချီးမြှင့်ခံရသူနှစ်ဦးရှိရာ တစ်ဦးမှာ စီးယင်းနယ်တိုက်ပွဲတွင် ပါဝင်ခဲ့သူ ဖြစ်သည်။ [၁၊၂]

ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာပြီး အရှေ့တောင်အာရှနိုင်ငံများ၌ ဂျပန်စစ်ရိပ်စစ်ငွေ့စတင်လွှမ်းခြုံလာသည်။ မြန်မာနိုင်ငံကို ဂျပန်စစ်တပ်မှ သိမ်းပိုက်စပြုလာသောအခါ အရေးပိုင် ဗိုလ်မှူးကြီးနေလာ (Col. Naylar CBE) နှင့် ဗိုလ်မှူးစတီဗင်စင် (Maj. Stevenson) တို့မှ ဦးဆောင်ဖွဲ့စည်းသော ချင်းလဲဗီး (Chin Levies) တပ်တွင် ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ပြီး ချင်းတောင်တန်း စစ်မြေပြင်အသီးသီးတွင် တိုက်ပွဲ ဝင်၍ Col. Stevenson မှယာယီစစ်ဦးစီးဗိုလ်မှူး (Staff Major)အဖြစ် ၁၉၄၃ခုနှစ်၊ အောက်တိုဘာ (၂၀) ရက်နေ့တွင် ချီးမြှင့်ခဲ့ပါသည်။ [၃၊၄]

အင်္ဂလိပ်မဟာမိတ်တပ်ပေါင်းစုကို ဦးစီးသော အရှေ့တောင်အာရှ စစ်သေနာပတိချုပ် Lord Mounth Batten သည် တီးတိန်မြို့တွင် ချင်းတော်လှန်ရေးခေါင်းဆောင်ဦးဝမ်းကိုဟောနှင့်တွေ့ဆုံပြီး အောင်မြင်ခြင်းကိုဂုဏ်ပြုသည့်အနေဖြင့် အမှတ်တရဓာတ်ပုံနှင့်ငွေစီးကရက်ဘူးကို ချီးမြှင့်ခဲ့ပါသည်။

၁။ *Chin Hills Gazetteer Vol. I., p 133-134*

၂။ *Burma's Constitution 1957, 1958, by Dr. Maung Maung p 6*

၃။ *20/10/1943 နေ့ Lt Col Stevenson (S C A.O) Chin Hills and O C Chin wage, S E A commander* ၏အမိန့်စာ

၄။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်မှ ထုတ်ဝေသောတိုင်းရင်းသားလူမျိုးများနယ်ချဲ့ဆန့်ကျင်ရေးသမိုင်း။ စာ ၂၆၉

ချင်းတို့ဗက်လင် ခေါ်ဆရာ

ပါမောက္ခဒေါက်တာကမ်ကျင့်ဒါးလ်

ဒီဇင်ဘာလရောက်တိုင်း ရောက်တိုင်း လူတွေလှုပ်ရှားမှုများ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာတာကို တွေ့ရှိရပါတယ်။ ခရစ္စမတ်အကြောင်း ပြု၍ စျေးပွဲများ၊ ကြော်ငြာများ လှည့်လည်သီချင်းဆို၍ အလှူခံထွက်ခြင်းများ၊ ဧည့်ခန်းများ အလှဖြင်၍ ရောင်စုံမီးများထွန်းခြင်း၊ ခရစ္စမတ်ကဒ်များ ဖလှယ်ခြင်း၊ ကိတ်မုန့်များ လက်ဆောင်ပေးခြင်း စသည်များတွေ့ရှိရခြင်း ဖြစ်ပါတယ်။ ဒီလူမှုများသည် ခရစ္စမတ်ရဲ့ အနှစ်သာရရောသိကြပါသလား။

အဲဒါနှင့် ကျွန်တော်ငယ်ရွယ်စဉ်ဘဝကို ပြန်သတိရပါတယ်။ အဘိုးနှင့်အဖွားနှစ်ဘက်စလုံး ခရစ်ယာန်ဖြစ်၍ ခရစ်ယာန်မိသားစုတွင်မွေးဖွားလာခဲ့ပါတယ်။ အမေဖက်ကအဘိုးမှာ နှစ်ခြင်း ခရစ်ယာန်သင်းအုပ်ဆရာဖြစ်၍ ခရစ္စမတ်နေ့ကို အဘိုးတို့အိမ်မှာပဲ တစ်ရွာလုံးကကျင်းပကြတယ်။ အဘိုးသည် ဆရာထွမ်းဟန်၏ယောက်ဖဖြစ်သည်။ ဒီဇင်ဘာလ(၂၄) ရက်မတိုင်မီ နှစ်ရက်ခန့် အလိုတွင် ရွာကလူငယ် အပျို့လူပျိုများ ဖို့တဝိုက်(လေသာတောင်) တောင်ပေါ်ကိုသွား၍ အဦးဆုံးပွင့်သော တောင်ဇလပ်နီပွင့်များ ခူးကြပါတယ်။ ရွာတွင်ပွင့်နေပြီဖြစ်သော ချယ်ရီပွင့်ကိုလည်း ခူးကြပါတယ်။ ဘုရားရှိခိုးကျောင်းကို တောင်ဇလပ်နီနှင့် ချယ်ရီပန်းပွင့်များဖြင့် လှပစွာ ချယ်သထားပါတယ်။

အကြို(နေ့(၂၄)ရက်နေ့ ညနေတွင် ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြု စည်းဝေးပွဲပြုလုပ်၍ ညသန်းခေါင်အထိစောင့်နေရပါတယ်။ မအိပ်မငိုက် မပျင်းမရိစောင့်နိုင်ရန် ရယ်စရာဟာသပြဇာတ် စသည်များကိုလည်း ပြသကြပါတယ်။ ညသန်းခေါင်ရောက်တာနှင့် အခြောက်များပစ်၍ဂင်း၊ ဗျောက်အိုးများ ဖောက်၍ဂင်း၊ မီးပန်းများရှို့၍ဂင်း ကြိုဆိုကြပါတယ်။ နောက်တစ်နေ့ အဘိုးတို့ အိမ်မှာ နွားသတ်၍ တစ်ရွာလုံး ညနေစာစား ကြတယ်။ ညစာစားပြီးလျှင် လူငယ်များဦး ဆောင်၍ တစ်အိမ်တတ်ဆင်း လှည့်လည်သီချင်းဆိုဆုတောင်းခြင်း (Carol Singing) ပြုလုပ်ကြပါတယ်။ နောက်ပိုင်းတွင် ဤကဲ့သို့ ခရစ္စမတ်ပြီးမှ လှည့်လည်ခြင်းသည်များသည်ဟုဆိုပြီး ခရစ္စမတ် မတိုင်မီ တစ်ပတ်ခန့်ကြို၍ လှည့်လည်ကြသည်။

ရှေးဦးခရစ်ယာန်များသည် ခရစ္စမတ်နေ့ ကို ချင်းလို ဘယ်လိုခေါ်ရမလဲဆိုတာ တိုင်ပင်ကြရာတွင် ခရစ်ယာန်သာသနာပြုဆရာတော်က ခရစ်ယာန်များ ဝမ်းမြောက်ရွှင်လန်းရသောနေ့ဖြစ်၍ ဝမ်းမြောက်ပျော်ရွှင်သောနေ့ဟု

အဓိပ္ပါယ်ရတဲ့ (Lungdam Vawt(bawl ni)) ဟု ခေါ်ကြပါသည်။ ထိုနေ့ကို ဘယ်လိုကျင်းပရင် ကောင်းမလဲဟုတိုင်ပင်ကြရာတွင် တစ်ရွာလုံး စားသောက်ပွဲပြုလုပ်မည်ဟု ဆုံးဖြတ်ကြကြောင်း အဘိုးပြောပြချက်အရ သိရပါသည်။ အမှန်မှာ ယေရှုခရစ်မွေးနေ့ကို "ယေရှုခရစ်ဖွားမြင်တော်မူခြင်း၏ဆုကျေးဇူးမင်္ဂလာသည် သင်တို့အပေါ်၌ သက်ရောက်ပါစေ" ဟူ၍ အချင်းချင်းနှုတ်ဆက်၍ ဝမ်းမြောက်စွာ ကျင်းပကြခြင်းဖြစ်ပါတယ်။ ငယ်စဉ်က ထိုခရစ်မွေးနေ့ကို တကယ်ပဲ ပျော်စရာကောင်းပါတယ်။ ယေရှုကြောင့် ပျော်တာလား. . . ပွဲကြောင့်ပျော်တာလားတော့ စဉ်းစားစရာပဲ။ အောက်တိုဘာလလောက် ရောက်ပြီဆိုရင် ခရစ်မွေးနေ့ ဘယ်နှစ်ရက်လိုသေးသလဲဆိုပြီးရက်များကိုရေတွက် (count down) လေ့ ရှိခဲ့ပါတယ်။

သခင်ယေရှုသည် ဒီဇင်ဘာလ (၂၅)ရက်နေ့တွင် အမှန်တကယ်မွေးဖွားသည်ဟူ၍ ယခင်က ကျွန်တော်ယုံကြည်ခဲ့ပါသည်။ သခင်ယေရှု၏ မွေးနေ့အတိအကျတို့ မည်သူကမှ မသိဘူးဆိုတာကို ကျွန်တော်ငယ်စဉ်က မသိခဲ့ပါ။ တက္ကသိုလ်ရောက်ပြီး စာပေများ ဖတ်လာတဲ့ အခါမှ ဒီဇင်ဘာလ(၂၅) ကို လူတွေက အထင်နှင့်သတ်မှတ်ခြင်းဖြစ်ကြောင်း သိလိုက်ရပါတယ်။ အခြားဘာသာရေး ခေါင်းဆောင်များ၏ အလောင်းဂူများ၊ စွယ်တော်၊ ဆံတော် စတဲ့ ဓါတ်တော်ခေါ် ခန္ဓာကိုယ်အစိတ်အပိုင်းများ မြုပ်နှံရာ ဌာပနာရာ အမှတ်အသားများ ထင်ရှားရှိသော်လည်း သခင်ယေရှုဘုရားနှင့် ပတ်သက်၍ ဂူများ၊ အမှတ်အသားများ မရှိကြောင်းသိခဲ့ရပါတယ်။ အဲဒါနဲ့ ယေရှုအပေါ်ယုံကြည်မှုမရှိဘဲ ဖြစ်ခဲ့ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် သန္ဓေတည်သည်ဆိုတာလဲ သံသယဖြစ်ခဲ့ပါတယ်။ ဒါနဲ့ခရစ်ယာန် အစစ် မဟုတ်တဲ့ သာမန်အမည်ခံခရစ်ယာန်ဘဝနှင့် အသက်(၃၅)နှစ် (၈)လနှင့် (၉) ရက်အရွယ် ရောက်တဲ့အထိ နေခဲ့ပါတယ်။ ခရစ်စမတ်၏ အနှစ်သာရကိုလည်း မသိခဲ့သဖြင့် အပျော်အရက်သောက်ခြင်း၊ အပေါင်းအသင်းများနှင့် ညအခါ တစ်အိမ်တက်ဆင်း လှည့်လည်၍ သီချင်းဆို အလှူခံခြင်း၊ နေအိမ်ကို ထင်းရှူးပင်၊ ရောင်စုံ စက္ကူစသည်များနှင့် ချယ်သ၍ အိမ်သို့လာရောက်သူများအား ဧည့်ခံကျွေးမွေးခြင်းစသည် ပျော်ရွှင်စရာ လောကအရာ များနှင့် ခရစ်စမတ်အချိန်ကို အသုံးချခဲ့ပါတယ်။

အမှန်မှာ လောကသားအားလုံးကို အပြစ်၏ အဘိုးအခသေခြင်းမှ ရွေးနှုတ်ကယ်တင်ရန် ထာဝရဘုရားသခင် လူသားဇာတိခံယူ၍ ယေရှု(Jesus = Greek form of Joshua or Jehushua meaning Jehovah is salvation/ Savior) ဟူသော ဘုရားကယ်တင်ရှင်အမည်ကို ခံယူကာ ထာဝရဘုရား ငါတို့နှင့် အတူနေခြင်း (ဧမာနွေလ) ကို အကောင်အထည်ဖော်ရန် ဖွားမြင်လာခြင်း ဖြစ်တယ်။ (Immanuel = God with us. Is.7:14; 8:8; Mt.1:23) ဖွားမြင်တဲ့အချိန်တွင် ဖွားမြင်ရန်နေရာ/ အိမ် မရှိပါ၊ မရခဲ့ပါ။ အောက်တန်းကျစွာဖြင့် နှိမ့်ချစွာ မွေးဖွားလာသည်။ ဘာဖြစ်လို့လဲ၊ လူတစ်ဦးတစ်ယောက်ကငင်း၊ အိမ်တစ်အိမ်ကငင်း၊ လက်ခံခဲ့ရင် ယေရှုဘုရားဟာ ထိုလူထိုအိမ်အတွက်သာဖြစ်၍ တစ်လောကသားလုံးနှင့် လုနေရမှာဖြစ်တယ်။ ယေရှုဘုရားသည် လူတစ်ဦးစီတိုင်း၏ စိတ်နှလုံးထဲတွင် ဖွားမြင်၍ ကျိန်းဝပ်လိုသောကြောင့် ဖြစ်တယ်။ လူတစ်ဦးစီတိုင်းတွင် တပြိုင်တည်းဖွားမြင်ရန် မဖြစ်နိုင်ပါသဖြင့်

လူတစ်ဦးချင်းအတွက် ခရစ်တော်၏ မွေးနေ့မှာ မတူနိုင်ပါ။ လူတစ်ဦးတစ်ယောက်သည် ခရစ်တော် ယေရှုဘုရားကို ကိုယ်ပိုင်ကယ်တင်ရှင် အဖြစ် လက်ခံယုံကြည်သောနေ့သည် သူ့အတွက် ခရစ္စမတ်နေ့ ခရစ်တော်၏ မွေးနေ့ ဖြစ်ပါတယ်။ ခရစ်တော်သည် လောကသားအားလုံးအတွက် နှစ်ပေါင်း ၂၀၀၀ကျော်က ဗက်လင်မြို့တွင် မွေးဖွားခဲ့တယ်။ ချင်းတို့ဗက်လင်ခေါ် ဆပ်ရွာတွင် မွေးဖွားခဲ့သည်မှာ နှစ်တစ်ရာပြည့်ရုံရှိတယ် လက်ခံသည့်ရွာတိုင်း၊ လူတိုင်းတွင် ဆက်လက် မွေးဖွားအုံးမှာဖြစ်တယ်။

ယေရှုဘုရား၏ဂူများ၊ဂူသွင်းရာအမှတ် အသားများမရှိရခြင်းမှာလည်း ယေရှုဘုရားသည် အပြစ်သားဖြစ်သူ ကျွန်တော်တို့၏ကိုယ်စား အသေခံပြီး သုံးရက်မြောက်နေ့မှာ အသက်ရှင် ပြန်ထမြောက်ပြီး ဖြစ်သောကြောင့် ဖြစ်သည်။ သူသည်နာမ်ဝိညာဉ်ဖြစ်၍ ကျွန်တော်တို့နှင့် အတူတကွ နေထိုင်စားသောက်သွားလာရန်၊ ကျွန်တော်တို့၏စိတ်နှလုံးထဲတွင် ကျိန်းဝပ်လိုခြင်း ဖြစ်တယ်။ အပြစ်ရှိသူ ကျွန်တော်တို့အတွက် လုပ်ဆောင်စရာ "အမှု" ကို ပြီးမြောက်အောင် ဆောင်ရွက်ပေးတဲ့အနေနှင့် ကျွန်တော်တို့ ကိုယ်စားအသေခံတယ်၊ မရဏနိုင်ငံ (သခြင်း) အပေါ်အောင်နိုင်၍ ရှင်ပြန်ထမြောက်တယ်။ ဤကဲ့သို့ လုပ်ဆောင်ပေးခဲ့တဲ့ "အမှု"ကို လက်ခံ ယုံကြည်တဲ့အခါနှင်တွင် ကျွန်တော်တို့အထဲတွင် ယေရှုဖွားမြင်၍ ထာဝရ ကျိန်းဝပ်ခြင်း ဖြစ်တယ်။ ကျွန်တော်တို့၌ ယေရှုရှိ၍ ယေရှု၌ ကျွန်တော်တို့ ရှိခြင်းဖြစ်တယ်။ ထာဝရအသက်ရခြင်း၊ ဝိညာဉ်ကယ်တင်ခြင်းရခြင်း ဖြစ်တယ်။

အဲဒါကြောင့် ကျွန်တော်တို့သည် "ကောင်းကင်ဘုံ ရှင်ဘုရင်၊ ပလ္လင်တော်ကိုစွန့်၍ မြေကြီးပေါ် ကျွန်ုပ်ထွက်ကြွပြီ ဖွားမြင်ခြင်း ခံအံ့၌၊ ဗက်လင်မြို့သို့ကြွလာဖွားရန်အိမ်မရှိ ကျွန်ုပ်စိတ်ထဲ၌ ကျိန်းဝပ်ပါ ကိုယ်တော်ဖို့ အသင့်ပြင်ဆင်ပြီ ကျွန်ုပ်စိတ်ထဲ၌ ကျိန်းဝပ်မူပါ ကိုယ်တော်ဖို့ အသင့် ပြင်ဆင်ပြီ" ဟူ၍သီချင်း သီဆိုတယ် မဟုတ်လား။

ယေရှုဘုရားသည် မယ်တော်မာရိယ၏ ဝမ်းဗိုက်ထဲတွင်သန့်ရှင်းသော ဝိညာဉ်တော်အား ဖြင့် ဝင်စား၍ လောကီသားအားလုံးအကွက် သန္ဓေတည်ခြင်းကို ကျွန်တော်သည် ဧ. ၄. ၁၉၇၇ ရက်နေ့တွင် ယုံကြည်နိုင်ခဲ့တယ်။ ဤနည်း အတိုင်း ကျွန်တော်၏ စိတ်နှလုံး (ဝမ်းဗိုက်)တွင် ယေရှုဘုရားဝင်စား၍ ကျွန်တော် အတွက် (လောကီသားအားလုံးအတွက် မဟုတ်) သန္ဓေ တည်သောအခါမူလပထမအမေ(လောကအမေ) ၏ ဝမ်းဗိုက်ထဲမှ မွေးဖွားလာခဲ့တဲ့အချိန်တွင် ပါလာသော စာတန်၏သား၊ စာတန်၏ဝိညာဉ် သည် ထွက်ခွာသွားပြီး မူလကလူဖန်ဆင်းစဉ်က ထာဝရဘုရားမှတ်သွင်းသော ဇီဝအသက်-သန့်ရှင်းသောဝိညာဉ်တော်၏ သားဝင်လာ ပါတယ်။ ကျွန်တော်၏စိတ်နှလုံးထဲတွင် ယေရှုဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဤကဲ့သို့ ကျိန်းဝပ်တဲ့အချိန်တွင် ကျွန်တော်ဖြစ် သော အတွင်းလူဝိညာဉ်သည် ဒုတိယအကြိမ် မွေးဖွားခြင်း (The second birth-born again) ခံရပြီး ထာဝရအသက်ရရှိခဲ့ပါတယ်။ ဝိညာဉ် ကယ်တင်ခြင်း ရရှိခဲ့ပါတယ်။ ကျွန်တော်၏ စိတ်နှလုံးထဲတွင် ယေရှုမွေးဖွားသောနေ့ ဧ. . ၄. ၇၇ ရက်နေ့သည် ကျွန်တော်အတွက် (ခရစ္စမတ်နေ့) ခရစ်တော်မွေးနေ့ဖြစ်ပါတယ်။

ခင်ဗျားကော ဘယ်လိုလဲ၊ နှစ်စဉ် နှစ်တိုင်း ဒီဇင်ဘာလနှင့် ဒီဇင်ဘာလ (၂၅) ရက်နေ့တွင်

သူများတတွေ ခရစ္စမတ်ပွဲလုပ်တိုင်း ပါဝင်စားသောက်ပျော်ရွှင်နေတယ်။ လောက ပျော်နည်းမျိုးစုံနဲ့ ပျော်နေတယ်။ သို့သော် ခင်ဗျားအတွက် ကိုယ်ပိုင်ခရစ္စမတ် (ခရစ်တော် မွေးနေ့) ကော ရှိပြီလား! လောကသားများက အထင်နှင့် သတ်မှတ်ထားသော ဒီဇင်ဘာလ (၂၅) ရက်နေ့ကို အမြတ်တနိုးထားသယောင်နှင့် အိမ်လှည့်သီချင်းဆို အလှူငွေ ကောက်နေတုံးပဲလား၊ ဒီဇင်ဘာလတိုင်း အပြင်ပန်းသဏ္ဌာန်လှပအောင် ရောင်စုံခြယ်ထားသော ဘုရားရှိခိုးကျောင်း၊ ကုန်တိုက်၊ စျေးဆိုင်၊ ထမင်းဆိုင်၊ နေအိမ်၊ ပန်းခြံစသည်များကို အားကျနေတုန်းပဲလား၊ ဒါမှမဟုတ် ခရစ္စမတ်ခိုန် ပျော်ရမဲ့အခိုန်ပဲဆိုပြီး နည်းမျိုးစုံနှင့် ပျော်ရွှင်မြူးတူးအောင်လုပ်ဆောင်နေတုန်းပဲလား၊ ခရစ္စမတ် အဓိပ္ပါယ်အနှစ်သာရမပါတဲ့ ခရစ္စမတ်သီချင်းအမည်ခံသီချင်းများကို သီဆိုနားထောင်နေတုံးပဲလား (Jingle Bells, Santa Claus is coming to town) စသည့်သီချင်းများသည် ခရစ္စမတ် အနှစ်သာရပါသော သီချင်းများမဟုတ်ပါ)။ အိမ်များသို့ လှည့်သွားတဲ့အခါ မယုံကြည်သူများ၏ အိမ်ကို မသွားပဲ ယုံကြည်ပြီးသူများ၏အိမ်ကိုမှ ရွေးပြီးသွားနေတုန်းပဲလား! ဖော်ပြပါအတိုင်း မိမိကိုယ်တိုင် မပြုကျင့်သော်လည်း ပြုလုပ်သူများကို လက်ပိုက်ကြည့်နေတုန်းပဲလား။

မြန်မာနိုင်ငံသည် ယုံကြည်သူလူနည်းစု၊ မယုံကြည်သူလူများစု ဖြစ်ပါကယ်။ အခြားနိုင်ငံများမှာလည်း ဒီလိုပါပဲ ခရစ်ယာန်စစ်စစ် နည်းပြီး အမည်ခံခရစ်ယာန်များပါတယ်။

ထာဝရဘုရားသခင်သည် လောကီသား များ (ခင်ဗျားတို့၊ ကျွန်တော်တို့) များကို ချစ်သောကြောင့် အပယ်ငရဲမရောက်ရအောင် သူ၏တစ်ဦးတည်းသောသား (ယေရှု)ကို ဤလောကသို့ ဆင်းရဲစွာမွေးဖွားစေပြီး နောက်ဆုံး၌ ရက်စက်ကြမ်းကြုတ်စွာ အသေခံခြင်းဖြင့် "အမှုတော်"ဆောင်ရန် ပေးလှူခြင်းဖြစ်တယ်။ ချစ်ခြင်းမေတ္တာကို ပြသခြင်းဖြစ်တယ်။ ဤအကြောင်းအရာကို ကျေးဇူးတင်၍ ကျေးဇူးတုံပြန်တဲ့အနေနှင့် ကျွန်တော်တို့ ယုံကြည်သူလူနည်းစုတတွေသည် ဝမ်းမြောက်ဖွယ်ကယ်တင်ခြင်းတရား (ယေရှုသည် ကယ်တင်ရှင် ဖြစ်ကြောင်း၊ မိမိဖက်ကတစုံတရာ ကြိုးစားအားထုတ်ရန် မလိုပဲ ယေရှုဆောင်ရွက်ပြီးသော 'အမှု'ကို ယုံကြည်လိုက်ခြင်းဖြင့် ကယ်တင်ခြင်းရကြောင်း၊ ငရဲမလားတော့ကြောင်း သတင်းကောင်း) ဟောပြောဝေငှခြင်း၊ မိမိရရှိသောအခွိန်၊ အတတ်ပညာ ပစ္စည်းစသည်များ ပေးလှူခြင်း စသည်များကို အခွိန်တိုင်း၊ နာရီတိုင်း၊ နေ့တိုင်း၊ လတိုင်း ပြုလုပ်ရမှာ ဖြစ်ပါတယ်။

ဒီဇင်ဘာလရောက်မှအပူတပြင်း လှုပ်ရှားခြင်း (ဒီဇင်ဘာခရစ်ယာန် များဖြစ်ခြင်း၊ ခရစ္စမတ် ခရစ်ယာန်များဖြစ်ခြင်း) ထက် နှစ်စကနှစ်ကုန် အထိ မှန်မှန်အမှုတော်ဆောင်ရန် လိုအပ်ပါတယ်။ အခွိန်တိုင်းနာရီတိုင်းတွင် ဝမ်းမြောက်ပျော်ရွှင်ရန် အခွိန်ဖြစ်တယ်။ နေ့တိုင်းရက်တိုင်း သည်လည်း မင်္ဂလာရှိသော နေ့ကောင်းရက်ကောင်းဖြစ်၍ ဝမ်းမြောက်ပျော်ရွှင်ရန် နေ့ရက်များဖြစ်တယ်။ လတိုင်းသည်လည်း ဝမ်းမြောက်ပျော်ရွှင်ရန် လများဖြစ်တယ်။ ဒီဇင်ဘာလမှ ပျော်ရွှင်မှုဖြစ်တာမဟုတ်ပါ။

ဒါဆိုရင် လောကီသားအများ အသိအမှတ်ပြုတဲ့ ခရစ္စမတ်အခွိန်ကာလကို ကျွန်တော်တို့ ဘယ်လိုအသုံးချရင် ကောင်းမလဲ။ ခရစ္စမတ်အကြောင်းပြုပြီး ခရစ်ယာန်မဟုတ်သော

အိမ်များသို့လှည့်၍ သီချင်းဆို၍ ပြန်သွားရုံ မဟုတ်ဘဲ သတင်းကောင်းဝေဒခြင်း၊ ဆုတောင်း မေတ္တာပို့ခြင်းများ လုပ်ရင် မကောင်းပေဘူးလား။ အလှူခံခြင်းကိုတော့ မလုပ်သင့်ပါ။ မယုံကြည်သူများက အိမ်သို့အဖွဲ့လိုက် သီချင်းဆိုလာရောက်ရင် အလှူငွေ ထည့်ရမယ်လို့ နားလည်တယ်။ အဲဒီအယူလွဲမှားမှုကို ပြုပြင်သင့်တယ်။ လေဟာပြင်ဟောပြောပွဲများ၊ ခမ္မသီချင်း စင်တင်တီးဝိုင်းသီဆိုခြင်းများ၊ အလှကားဖြင့် လှည့်လည်၍ ကယ်တင်ခြင်းတရားဒေသနာဝေစာများဝေခြင်း၊ သီချင်းဆိုခြင်း၊ တရားဟောခြင်းများ မပြုလုပ်သင့်ဘူးလား၊ အိမ်နီးနား မယုံကြည်သူများအား ခရစ်ဝမတ်အလှူ လုပ်ပေးရင်းနှင့် ခမ္မသင်တန်းစသည်များ ပြုလုပ်ပေးနိုင်ရင် မကောင်းဘူးလား။ ကျွန်တော်တို့နိုင်ငံသည် ပွဲကြိုက်သူများပြားပါတယ်။ ထို့ကြောင့် ခရစ်ဝမတ် ပွဲပြုလုပ်ရင်းနှင့် ကယ်တင်မြင်းတရား၊ ဝမ်းမြောက်ဖွယ်သတင်းကောင်းများဖြန့်၍ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်သူ အယောကိုတိုင်းအား ယေရှုဘုရားကယ်တင်ရှင်နှင့် မိတ်ဆက်ပေးရန် အချိန်ကောင်းဖြစ်ပါတယ်။ ထာဝရဘုရားသခင် ကောင်းကြီးပေးပါစေ။

ယေရှုနာမတော်မြတ်၌

ပါမောက္ခဒေါက်တာကမ်ကျင့်ဒါးလ်
11/25 (A) Baho (Zeyar) Road
West Gyokon, Insein 11011.

BAPTISTS

B = Biblical Authority
A = Autonomy of the Local Church
P = Priesthood of All Believers
T = Two Ordinaces
(a) Baptism
(b) The Lord's Supper
I = Individual Soul Liberty
S = Saved Church Membership
T = Two Officers
(a) Pastor
(b) Deacon
S = Separation of Church and State

ပြုပြင်ရန်လိုအပ်သောအသင်းတော်များ၏ အနေအထားအခြို့

Revd. Dr. Bernard Luai Hre

စကားချီး

လွန်ခဲ့သော ၂၀၀၂ခုနှစ် အောက်တိုဘာလ ၂၈-၂၉ ရက်နေ့များတွင် ဖလမ်းမြို့၌ ဖလမ်းနှစ်ခြင်းမိတ်သဟာယအဖွဲ့၏ အချိန်ပြည့် အမှုတော်ဆောင်များတွေ့ဆုံဆွေးနွေးပွဲမှ ဖလမ်းမျိုးနွယ်စုများ၏အားနည်းချက်နှင့်အားသာချက်များ ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်ဟု သိရ၍ ကျေနပ်အားရမိပါသည်။ မိသားစုကျန်းမာရေးပြဿနာကြောင့် မပါဝင်နိုင်ခဲ့ပါ။ ပါဝင်နိုင်ခဲ့ပါက ဆွေးနွေးလိုသည့် အချက်များဖြစ်၍ ယခုကဲ့သို့ ပြန်လည်တင်ပြရ ခြင်းဖြစ်ပါသည်။ ယခုရေးသားမည့် အချက်များ သည် ပြုပြင်ရန်လိုအပ်သည်ဟု ယူဆသောအချက်များဖြစ်သောကြောင့် ရှင်းရှင်းလင်းလင်း နားလည်နိုင်အောင် ရေးသားရမည်ဖြစ်ရာ အဆိုးမြင်ဝါဒဘက်မှတင်ပြခြင်းဖြစ်၍ ဖတ်ရှုသူများအတွက် နားခါးစရာများ ဖြစ်ပါလိမ့်မည်။ သို့ရာတွင်ဖြစ်သည့်အတိုင်း ပေါ်လွင်အောင် ဖော်ပြရေးသားရန် လိုအပ်သောကြောင့် နားလည်ပေးကြစေလိုပါသည်။ ၄င်းတို့မှာ -

၁။ အသင်းတော်၏သဘောသဘာဝ **(Nature)**

ချင်းအမျိုးသားများသည် "အသင်းတော် Church" နှင့် " ဂိုဏ်းဂဏ denomination " မခွဲခြားနိုင်သေးပါ။ အိမ်ခြေအနည်းငယ်၊ လူဦးရေအနည်းငယ်တို့မှ လူမျိုးတစ်စုသည် ဦးဆောင်မှုအားနည်းပါလျက် အလိုတူဝါဒတူများကို ခွဲထွက်၍ အဖွဲ့အစည်းတစ်ခုဖွဲ့စည်းသည်ကို "အသင်းတော်တည်ထောင်သည်" ဟု မှတ်ယူကြသည်။ ဦးဆောင်သူဖြစ်လိုခြင်း၊ တရားဟောခွင့်ရရှိနိုင်ရေးကို ရည်ရွယ်၍ "နိုးထသူများ" ဟု မိမိကိုယ်ကို ယူဆသူများ အတူတကွစုစည်းနေထိုင်ခြင်းကို "အသင်းတော်" ဟု ခံယူကြသည်။ အုပ်ချုပ်မှု ပုံစံ (organization) ကဲ့သို့ နေထိုင်ခြင်း၊ ယုံကြည်ပြီးသူများ စုစည်းအသင်းဝင်ခြင်းကို အသင်းကော်တိုးတက်သည်ဟု ခံယူသူများ အခြောက်အများရှိသေးသည်။ ကြီးမားသော ဘုရားကျောင်းများဆောက်လုပ်၍ ပစ္စည်းဥစ္စာများစွာပိုင်ဆိုင်ခြင်း၊ အသင်းတော်ဘဏ္ဍာငွေတိုးတက်ခြင်းကို အသင်းတော်၏ အဓိကလုပ်ငန်းဟု ယူဆနေကြ

ဆဲဖြစ်သည်။ အသင်းတော်၏အဓိကရည်ရွယ်ချက်ကို နားမလည်ကြသေးပါ။ ဘုရားသခင်နိုင်ငံတိုးတက်ရန် အဟန့်အတားအနှောင့်အယှက်ဖြစ်သူများဖြစ်မှန်း နားမလည်ကြသေးဘဲ ဖြစ်နေကြပါသည်။

၂။ ပြုစုစောင့်ရှောက်ခြင်း (Nurture)

အသင်းသားများ ပြုစုပျိုးထောင်ရေးဌာန အားနည်းကြသေးသည်။ အသင်းတော်ကျောင်းကို နှစ်ခြင်းမခံသေးသူများ သင်တန်းပေးသော အဆင့်၌ အသုံးများနေဆဲဖြစ်သည်။ ယုံကြည်သူများ ရင့်ကျက်ရန် ပြုစုပျိုးထောင်ရာ၌ တပါတ် ၃၊ ၄၊ ၅ ခါ တရားဟောရုံမျှနှင့် ကျေနပ်နေဆဲဖြစ်သည်။ တစ်နှစ်တစ်ခါ၊ နှစ်ခါ သင်တန်းရက်တိုလေးပေးရုံမျှနှင့်ကျေနပ်နေဆဲ၊ သင်တန်းပေးရာ၌လည်း ရှေ့သို့ချီတက်မည့်အစား နောက်ကြောင်းပြန်စေသော မိမိကိုယ်ကို ရှုံးစေသည့် အပြစ်အကြောင်းများနေဆဲဖြစ်ရာ အပြစ်ကို သင်ပေးသကဲ့သို့ ထင်မှတ်ရသည်။

ယုံကြည်ခြင်း၌တိုးတက်ရေး ဖြောင့်မတ်ခြင်းနှင့် မိမိကိုယ်ကိုစစ်ဆေးရေးများ ဟောကြားပါက "ကယ်တင်ခြင်းမရသေးဘူး" သို့မဟုတ် "ဝိညာဉ်တော်မရှိဘူး" ဟု အဝေဖန်ခံရသည်။ မည်သည့်နေရာ၊ မည်သည့်အချိန်၌ လိုအပ်သည်ကို မစမ်းသပ်ဘဲ ရောဂါနှင့်ပြဿနာတိုင်းအား camping crusade များနှင့်သာ ကုစားလိုကြသည်။ အနာရောဂါဟူသမျှ APC နှင့်ကုစားသည့်အလားသဏ္ဌာန်တူသည်ကို နားမလည်ကြပါ။ အခြေခံယုံကြည်ချက်၌ ပတ်ချာလည်ကာ နို့ရေကိုသာသောက်လိုကြပြီး မာသောအစာကို စားရန် ရည်ရွယ်ချက်မရှိကြသေးပါ။ အသင်းတော်၌ သင်ပေးသူ လိုအပ်မှန်းမသိ။ သင်းအုပ်ဆရာများသည် "သင်ပေးနိုင်သူ ဖြစ်ရမည်" ဟူသော ကျမ်းစာကို နားမလည်သည့်အပြင် အသင်းတော်အတွင်း၌ ဧဝံဂေလိဆရာဖြစ်ရမည့် အနေအထားကို ကျောခိုင်းသောကြောင့် အသင်းတော်ပြင်ပမှ ဆရာများ ဖိတ်ခေါ်ပြီး သင်ပေးစေခြင်းကြောင့် မိမိသည် သင်ပေးနိုင်သောအဆင့်မှ ကျဆင်းသည်ကို သတိမထားမိကြသော အခြေအနေ၌ရှိပါသည်။

၃။ အုပ်ချုပ်မှုနှင့်ခေါင်းဆောင်မှု (Administration and Leadership)

အချို့သောအသင်းတော်များအနေနှင့် မိမိတို့ကျင့်သုံးသောမူအရ အုပ်ချုပ်မှုစနစ်ဖြစ်သောကြောင့်အသင်းတော်အား သင်းထောက်လူကြီး များကအုပ်စိုးကြသည်မှာ ပြဿနာမဟုတ်ပါ။ သို့သော် နှစ်ခြင်းအသင်းတော်များ၌ အသင်း တော်လူကြီးများမှ သင်းအုပ်ဆရာကို မလှုပ်သာအောင် အုပ်ချုပ်သော အသင်းတော်များရှိသေးသည်မှာ နည်းလမ်းမကျပါ။ အသင်းတော်ဆိုင်ရာ ဓမ္မပညာကို (Theology) မသိဘဲအုပ်ချုပ်နေသည်။ သင်းအုပ်ဆရာအချို့သည် အားနာမှုရှိ လွန်းသောကြောင့် အသင်းတော်ရှိ ဂုဏ်အသရေ ရှိသူနှင့် သူဌေးများ၏အိတ်ထဲအထည့်ခံရသည့်အဆင့်သို့ရောက်ရှိသွားသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်များကို ဓမ္မပညာသင်ပေးမည့်အစား သူတို့၏အလိုကျလိုက်လျောခြင်းသည် သင်းအုပ်ဆရာအချို့၏ အလုပ်ဖြစ်လာသည်။ အချို့သော သင်းအုပ်ဆရာများသည် အာဏာကို အလွဲသုံးစားကာ အသင်းသူ/ သားများသာမက မိမိ၏လုပ်ဖော်ကိုင်ဖက်များကိုပါ အုပ်စိုး၍ ဖိနှိပ်ချုပ်ချယ်ကာ

အခိုင်းအစေများကဲ့သို့ ဆက်ဆံသည်လည်းရှိ၏။ အသင်းတော်၏ဦးခေါင်းဖြစ်သည့် ခရစ်တော်၏ နေရာကို လုယူကာ အသင်းတော်၏ဦးခေါင်းအဖြစ် မိမိကိုယ်ကိုသင်မှတ်လျက် ပြုမူလုပ်ဆောင်ကြသည်မှာလည်း ဝမ်းနည်းစရာအဖြစ်တစ်ခုပေတည်း။

အချိန်ပြည့်နှင့် အချိန်ပိုင်းအမှုတော်ဆောင်အချို့တို့သည် မိမိအား ဘုရားသခင်က မည်သည့်နေရာတွင် အသုံးပြုသည်ကို နားမလည်ဘဲ အမှုတော်ဆောင်နေကြသည်။ သို့ဖြင့် အသင်းတော်နှင့် ဘုရားသခင်အတွက်လည်း အကျိုးမရှိ၊ အပင်ပန်းကြီးပင်ပန်းပြီး သေလုမတတ်ဖြစ်နေကြသော်လည်း ပင်ပန်းရကျိုးမနပ်ပါ။ အသင်းတော်ရှိ လူထုက မိမိတို့၏စိတ်ကြိုက်ပုဂ္ဂိုလ်ကိုရွေးပြီး မိမိနေစေလိုသောနေရာ၌ထားသည်ကို ဦးဆောင်သူအချို့အနေနှင့်ကျေနပ်မိပြီး ထင်ပေါ်ကျော်ကြားလိုမှု (Popular Politic) နောက်သို့လိုက်နေမှန်းမသိသူများလည်း ဒုနှင့်ဒေး။ ဦးဆောင်သူများအနေနှင့်လည်း ဘုရားသခင်၏ခန့်ထားသောနေရာကို အချင်းချင်းအသိအမှတ်ပြု (mutual recognition) ကြမည့်အစား မနာလိုမုန်းတီးမှုရှိနေသူ များနေသေးသည်။ ပုဂ္ဂိုလ်စွဲဖြင့် အုပ်စုကွဲခြင်း (cliques) ကို မုန်းတီးမည့်အစား လူထု၏ခိုးမြောက်ခံရသူဖြစ်ခြင်းကို ဝုန်းယူနေသူလည်းရှိသေးသည်။

အချို့ဒေသနေရာများ၌ မိန်းမများ၏ဦးဆောင်မှုအခန်းကဏ္ဍကို ဖန်တီးမပေးနိုင်ခဲ့ကြသေးပါ။ မိန်းမများကိုယ်တိုင် မိန်းမသင်းအုပ်ဆရာမအလိုမရှိသူများ ရှိနေဆဲဖြစ်၏။ အလိုမရှိခြင်းသည် ယဉ်ကျေးမှုအရငင်း၊ ကျမ်းစာအရသမိုင်းအရငင်း၊ မှုန်ကန်ကြောင်း ထောက်ခံနိုင်ခြင်းမရှိဘဲ လိုင်ခွဲခြားခြင်းသက်သက်နှင့် (prejudice) ဖြစ်သည့်အကြောင်း နားလည်ဟန်မတူကြသေးပေ။

ခံယူချက်အမြင် မတူညီသောအချိန်မျိုးတွင် ကျယ်ကျယ်ပြန့်ပြန့်လည်သွင်းစုစည်းပြီး အဖြေကို မရှာတတ်ဘဲမဲခွဲပြီး ဆုံးဖြတ်သဖြင့် စိတ်ဝမ်းကွဲမှုများ မည်မျှများပြားလာသည်ကို မသိနားမလည်ကြသေး။ အများသဘောတူခြင်းသည်လည်း အင်အားများသောအုပ်စုတစ်စု၏နိုင်ထက်စီးနင်းပြုမူဖြစ်နိုင်သည်ကို မစဉ်းစားတတ်သေးပါ။

အသင်းတော်၊ အသင်းသားနှင့်တရားပလ္လင်အသုံးပြုမှု၌လည်း ပေါ်လျော်မှုများနေသေးသည်။ အကြောင်းမသိသော ဧည့်သည်များကို ဦးစားပေးပြီး တရားဟောစေခြင်း၊ သင်တန်းပေးစေခြင်း၏ အန္တရာယ်ကို နားမလည်ကြသေးပါ။ ယုံကြည်ခြင်း၌ အစားကောင်းကြိုက်သူ အစားကြီး (အစားမက်)သူ ဖြစ်မှန်းကိုယ့်ကိုယ်ကို မသိကြပါ။ အသင်းသူ/သားများ၏တရားဆာငတ်မှု မပြေသောကြောင့်အခြားအသင်းတော်များ၌ ဝိညာဉ်အစာရှာထွက်တတ်ကြသည်။သင်းအုပ်ဆရာ၏လုပ်ငန်းဖြစ်သည့် ပြုစုအကြံပြုခြင်းများ မနိုင်နင်းသောကြောင့် လေလွင့်ကြပြီး အသင်းသားအဖြစ်မှန်တိုင်းသောအချိန်မျိုး၌ မိမိအားနည်းချက်ကို မကြည့်ဘဲ ထိုသူတို့ကိုသာ အပြစ်ဖို့တတ်ကြသည်။ တရားဟောခြင်းနှင့်ဆုတောင်းရာ၌ တန်ခိုးမပါရှိသောကြောင့် "ဆုတောင်းကောင်းခံရသူများ" ထဲ သွားရောက် ဆုတောင်းခံယူသူများလည်း မနည်းတော့ပေ။

အသင်းတော်အချို့၌ ဦးဆောင်သူများသည် ခေတ်အပြောင်းအလဲကိုလိုက်မမှီနိုင်ဖြစ်နေမှန်းမိမိကိုယ်ကိုနားမလည်ကြသေးပါ။ အတွေးသစ်အမြင်သစ်နှင့်သွား၍ ရှေ့သို့ချီတက်မည့်အစား အဟောင်းတကဲ့အဟောင်းအတိုင်း လိုက်

လျှောက်သူများ၊ များနေသေးသည်။ အနှစ် ၂၀ခန့် အသင်းတော်၌ အသင်းသူ/သား ဖြစ်ပြီး သူများ အသင်းတော်၌သင်းထောက်လူကြီးအဖြစ် ကြာရှည်စွာလုပ်ဆောင်ပါက အသင်းတော် တိုးတက်ရေး၌ အဟန့်အတားဖြစ်သည်ကို အခြားသူများမပြောမီ မိမိကိုယ်ကို သိရှိရန် လိုကြောင်းကို မသိသူများပြီး၊ အခြားဘက်၌ ရှိနိုင်သော ပြဿနာတစ်ခုမှာ ပခုံးပြောင်းမည့် လူငယ်များ၏ ယုံကြည်ခြင်းနှင့်အကျင့်စာရိတ္တပိုင်း ကို ယုံကြည်စိတ်ချမှု မရှိသေး၍ လူဟောင်းများကို ပင် နေရာပေးနေရသော အခြေအနေများလည်း ရှိပေသည်။

၄။ ဆက်သွယ်မှုနှင့်ပြုစုမှု (Relationship and Care)

အသင်းတော်တစ်ပါးနှင့်တစ်ပါးဆက်သွယ် ခြင်း၊ မိတ်သဟာယဖွဲ့ခြင်း၌ Fellowship အစား အုပ်ချုပ်ခြင်း (Administration) ပုံစံများနေဆဲ ဖြစ်သည်။ အထက်အဖွဲ့အစည်း (Area) အစရှိ သည်များ၏ ဦးဆောင်မှုအောက်၌အသင်းတော် များ လှုပ်ရှားနေကြသည်။ အသင်းတော်တစ်ပါး အပေါ်၌ အခြားအဖွဲ့အစည်းတစ်ခုက ဩဇာ ညောင်းသည်ကို မှန်ကန်သည်ဟု ယူဆကာ နားမလည်သေးသူများနေဆဲဖြစ်ပါသည်။

အသင်းတော်အသီးသီး၏ငွေကြေးဘဏ္ဍာ ထဲမှ ဆက်သွယ်သောအဖွဲ့အစည်းသို့ပေးရန် သတ်မှတ်ထားခြင်းထက် လျော့နည်းစွာပေးသူ များအား သူခိုးဟုထင်မှတ်နေကြဆဲ။ ထိုအချိန်၌ ပင်လျှင် အချိန်ပြည့်အမှုတော်ဆောင်များ၏လုပ် အားခ (လခ)ကို မိမိတို့က လိုသလို ခန့်ထားသူ များဖြစ်သည်ဟု သဘောထားကာ ချွေတာစွာ ပေးပြီး တိုးပေးရန်ထက် လျော့၍ပေးလိုသော ဆန္ဒရှိသူများ အမြောက်အများရှိနေဆဲဖြစ်သည်။ အမှုတော် ဆောင်များ၏အခက်အခဲများ တင်ပြပါက လက်မခံလိုကြ။ သို့သော် ကိုယ်ချင်းစာပြီး ကြိုတင်စဉ်းစားပေးရန်ကား သတိမရကြပါ။ ဆယ်ပို့တစ်ပို့များ ရောက်ရှိမည့်နေရာသို့ မရောက်ဘဲ အုပ်ချုပ်ရေးနှင့် အခြားလုပ်ငန်းများ ၌ အသုံးများနေသည်မှာ မမှန်ကန်ကြောင်းကို အလှူငွေပေးခြင်းနှင့် စပ်ဆိုင်၍ သင်ကြားပေး သောသူများက မသင်ပေးမိသလောဟု မေးစရာ ဖြစ်နေသည်။

အသင်းသူ/သားများအား ပြုစုမှုတွင် အသင်းသူ/သားများ၏ သာရေးနာရေးများ၌ မည်ကဲ့သို့ အားပေးကူညီမစသည်မှာ အရေးကြီး ပါသည်။ အစားအသောက်နှင့် ဖိတ်ခေါ်ပြီး ဆုတောင်းပွဲလုပ်နိုင်သူများထဲသို့ ခြေတံရှည်ကြ သော်လည်း၊ ဤကဲ့သို့ မပြုလုပ်နိုင်သူများကို မေ့ပစ်၍ သူတို့ထဲသို့ မရောက်ရှိနိုင်ကြပါ။ မကျေနပ်သောကြောင့် အသင်းသားအဖြစ်မှ နှုတ်ထွက်ပါကလည်း အပြစ်တင်ခြင်းကိုသာ ခံကြရသည်။

သာရေးနာရေး၌ အထူးပြုစုသူ ဆင်းအုပ် ဆရာ များထဲ လက်တွန့်တတ်သော်လည်း တစ်ခါ တစ်ရံ လာရောက်အချို့ပွဲကျွေးသူများအား အလုံး လိုက်အခဲလိုတ်ပေးကမ်းတတ်သူလည်း မနည်းပါ။ ပြုစုရန်အတွက် သီးသန့်အလှူထားရှိရန် အခက်အခဲရှိသော်လည်း ဆယ်ဖို့တစ်ဖို့ကို အခြားသူများအတွက် အသုံးပြုခြင်းကိုမူ ဂရုမစိုက် မိကြ။ အသင်းသားထဲမှဆင်းရဲသူများအား ကူညီ ထောက်ပံ့ခြင်းသည် ကြီးမားသောတာဝန်ဖြစ် သည်ကို မေ့ပစ်ကြ၏။ ဓမ္မဟောင်း၌သွန်သင်ထား သည့်အတိုင်း သုံးနှစ်မြောက်သောနှစ်တွင်

ဆယ်ဖို့တစ် ဖို့သည် ဆင်းရဲသူ/သားများအတွက် ဖြစ်သည်ကို သတိမရကြပေ။ သတိရသည့်တိုင် အောင် နှမျောခြင်းက ပို၍လွမ်းမိုးနေဆဲဖြစ်ပါသည်။ (တရားဟော ၁၄း၂၈-၂၉၊ ၂၆း ၁၂-၁၅)

အသင်းသားများအား ပြုစုစောင့်ရှောက်ရသည့် အမှုတော်ဆောင်များမှာ ကာယကံရှင်၏ အမှန်တကယ်လိုအပ်ချက်နှင့် အခက်အခဲများကို မသိရှိဘဲ အလုပ်သဘောနှင့်သာ ဆုတောင်းပေးပါက ကာယကံရှင်သည်လည်း အပေါ်ယံသာ ဝမ်းသာနိုင်ပါမည်။ ဤကဲ့သို့ စွမ်းဆောင်နိုင်သူ (competent) မဟုတ်သည်ကို သိသော်လည်း အသင်းသားများမှ ကျွန်ုပ်တို့အား ပြောပြရန် ဝန်လေးမည်ကို သဘောမပေါက်သူ အမှုတော်ဆောင် လည်း ဒုနှင့်ဒေး။ ကျမ်းစာအုပ် တစ်အုပ်၊ သီချင်း စာအုပ်တစ်အုပ်ကိုင်ပြီး ဆုတောင်းရုံနှင့် မလုံလောက်ကြောင်း နားမလည်သေးသူ အမှုတော်ဆောင်များနေဆဲဖြစ်သည်။

ဘုရားပေးတာဝန်ကို ဆောင်ရွက်ရာ၌ လက်ဖက်ရည်ဖိုး(သို့) မေတ္တာပြလက်ဆောင်ကို မပေးပါက မကျေနပ်နိုင်သူလည်းမနည်းပါ။ ဤကဲ့သို့သော ပေးကမ်းခြင်းကို မျှော်လင့်ပြီး သွားလာလှုပ်ရှားသူရှိသကဲ့သို့ ဤကဲ့သို့ပြုလုပ်သည်ကို ဆန္ဒမပါတပါနှင့်ပေးသူ၊ သဘောပေါက်ပြီးပေးကမ်းသူလည်းရှိကြ၏။ အချို့တရားဟော ဧဝံဂေလိဆရာများအနေနှင့် ကျပ်မည်မျှရရှိပါမှ ဟူ၍ ရေတွက်ပြီး "ပေါက်စျေး" သတ်မှတ်ထားကြသည်။ လက်ခံသူ (ရယူသူ) ၏အမှားလော ပေးကမ်းသူ၏အမှားလောဟူသည်ကို မဝေခွဲနိုင်ကြသူလည်းများနေဆဲဖြစ်သည်။

၅။ ဓမ္မသဘော (Theology)

ဓမ္မတက္ကသိုလ် ကျမ်းစာကျောင်းများ၌ (Theology) သင်တြားကြပြီး အသင်းတော်သို့ သယ်ယူပို့ချရန်ဖြစ်သည်ဟု ယူဆသူများစွာ ရှိသေး၏။ ကျမ်းစာထဲမှ သို့မဟုတ် သူတစ်ပါးရေးသောစာအုပ်ကို လေ့လာမှတ်သားပြီး ဆင့်ပွားရန်သာ စဉ်းစားသူလည်း အမြောက်အများရှိသေး၏။ ယုံကြည်သူများစုဝေးရာ၌ တရားဟောကြားချက်၊ သီချင်းဆိုခြင်း၊ ဆုတောင်းခြင်းနှင့် တွေးတောဆင်ခြင်ချက်များအား (Theology) မဟုတ်ဟု ခံယူသူလည်း များနေဆဲပါ။ ကျမ်းစာတျောင်းသည် Theology ထုတ်လုပ်သောနေရာ producer အသင်းတော်သည် ဈေးကွက်နှင့် စားသုံးသူ (market and consumer) ဟု ခံယူသူလည်း အမြောက်အများရှိသေး၏။ ထို့ကြောင့် ကျောင်းမှ သင်ကြားသည့်အတိုင်းပို့ချပါက ရှုပ်ထွေးမှုရှိပြီး မခံယူတတ်၊ နားမလည်နိုင်ကြပါဟု ပြောဆိုသံများစွာ ကြားနေရ၏။

အကြောင်းအရာတစ်ခုအပေါ်၌လည်း စစ်ဆေးခြင်း၊ နက်နဲစွာ စဉ်းစားဝေဖန်သုံးသပ်ခြင်းမပြုဘဲ ယုံကြည်လက်ခံပြီး အနည်းငယ်နိုးကြားလာပါက ဟုတ်လှပြီဟု ခံယူခြင်းရှိ၏။ ဦးနှောက်နှင့် စိတ်နှလုံးကိုခွဲပြီး ဦးနှောက်ကို ငရဲသွားရာလမ်း၊ စိတ်နှလုံးကို ကောင်းကင်လမ်းဟု ဟောကြားသူလည်းရှိ၏။ ဝိညာဉ်နှင့် ကိုယ်ခန္ဓာသီးခြားစီခွဲထုတ်ပြီး ဝိညာဉ်အကြောင်း ပြောမှုနားထောင်လိုခြင်း၊ ကယ်တင်ခြင်းအား ဝိညာဉ်ပိုင်းနှင့်သာ သက်ဆိုင်စေခြင်း၊ ကယ်တင်ခြင်းအကြောင်းကို မဝံနိုင်လောက်အောင်ကြားနာလိုသော်လည်း အသက်ရှင်ရမည့် နည်းလမ်းနှင့် ကိုယ်ကျင့်တရားအကြောင်း ဟောပါက နားထောင်လိုခြင်းမရှိသူများလည်း များနေသည်။ မိမိလူမျိုး၏ယဉ်ကျေးမှုနှင့် စပ်ဟပ်သော Theology (contextual) ဖြစ်စေ၊ Theology

(indigeneous) များကိုဖြစ်စေ မဖော်ထုတ်ဘဲ နိုင်ငံခြားမှ သယ်ဆောင်လာသော (directly imperted theology) သာ လက်ခံနားလည်နေကြဆဲဖြစ်၏။ Fundamen-tal, Libereral Evangelicalနှင့်Liberalကဲ့သို့သော သီသြလော်ဂျီလမ်းကြောင်းနှင့် ပတ်သက်၍ဖြစ်စေ တယူသန်လက်ခံကျင့် သုံးခြင်း၊ Augustine မှ Calvin တို့၏ခံယူချက်များကို တသဝေမသိမ်း လက်ခံခြင်းများ နေကြသေးသည်။ အဝေးတစ်နေရာမှ ထောက်ပံ့ကူညီ သူများ၏ခံယူချက်ယုံကြည်ချက်ကို အလိုလိုနှင့် လက်ခံခြင်းများနေသေးသည်။ ဤကဲ့သို့သော ယုံကြည်ချက်ခံယူချက်များသည် တစ်ဘက်၌ ကောင်းဟန် ရှိသော်လည်း ချင်းအမျိုးသားများအား နှောင့်ယှက်ဖျက်ဆီးနေသည်ကို သဘောမပေါက်ဘဲ စိတ်ဆိုးရမှန်း မသိတတ်သူများလည်း များနေသေးသည်။

ထို့မျှမကပါ။ ကျမ်းစာဘာသာပြန်ခြင်း (version) အမျိုးမျိုးရှိသည်ကို သိပါလျက် တစ်မျိုးတည်းသာ အကောင်းဆုံးအမှန်ဆုံးဖြစ်သည်ဆိုကာ ကျန်version များကို မမှန်ကန်ဟုဝေဖန်ရှုံ့ချသူ များသေးသည်။ ကျမ်းစာသည် ပြန်လည်သင့်ခြတ်ခြင်း၏အခြေခံဖြစ်သော်လည်း ကွဲပြားခြားနားစေသောအကြောင်းအဖြစ် (အဆင့်) ၌ထားရှိသူ များနေသေးသည်။

အထက်ပါအချက်များသည် ယုံကြည်ခြင်းတိုးတက်ရင့်ကျက်ရာ လေ့ကာထစ်များနှင့် ပတ်သက်နေသည်ကို မသိနားမလည်ခြင်းကြောင့်ဖြစ်ကြောင်း သိရှိရန်လည်း မကြိုးစားကြပါ။ ဤကဲ့သို့ နားမလည်နိုင်သေးသောကြောင့် သင်းအုပ်ဆရာနှင့် တရားဟောဆရာများသည် အသင်းသူ/သားသိုးစုများ၏ယုံကြည်ခြင်းအဆင့်အတန်းများမတူညီသည်ကို နားလည်ခြင်းမရှိဘဲ အားလုံးအတွက် ယေဘူယျအားဖြင့်သာ ဟောနေကြဆဲဖြစ်သည်။ ယုံကြည်ခြင်းအဆင့်အတန်းမတူညီ၍ သူတို့၏လိုလားတောင့်တမှုလည်းခြားနားသည်ကို နားလည်ပြီး သီသြလော်ဂျီကိုလည်း ခွဲခြားကာ အသုံးပြုစခန်းသွားနိုင်သူ နည်းနေသေးသည်။

ဤခေတ်သည် ရွေးချယ်ရန်များစွာထားသည်။ အမြင်ကို အလေးအနက်ထားသောကာလ (Pluralism) ဖြစ်သောကြောင့် ပရိသတ်မှ ရွေးချယ်နိုင်ခြင်းအလို့ငှါ မဟောပြော၊ မသွန်သင်နိုင်ကြ။ မိမိ၏ဟောပြောချက်တစ်ခုအပေါ်၌သာ ယုံကြည်စေလိုသော ခေတ်မဟုတ်သည်ကို နားမလည်သူ တရားဟောဆရာဒုနှင့်ဒေး။ မည်သည့်ဂိုဏ်းဂဏနှင့်မည်သည့်ပုဂ္ဂိုလ်မျှ သီသြလော်ဂျီအလုံးစုံကို ပိုင်ဆိုင်သူရှိမည်မဟုတ်ပါ။ မိမိတို့အတွက် အဓိပ္ပါယ်ရှိ၍ စပ်ဟပ်သော (relevant) အသုံးပြုနိုင်သော (Functional) သီသြလော်ဂျီဖြစ်စေ ရွေးချယ်ပိုင်ခွင့်ရှိသည်ကို မဝေခွဲနိုင်ကြသေးခြင်းသည် ကြီးမာသောအခက်အခဲတစ်ခုဖြစ်သည်။ နိုင်ငံခြား၌ ပြဿနာမဟုတ်တော့သော သီသြလော်ဂျီကို ပြဿနာလုပ်ကာ ယူဆောင်လာရမည့်ခေတ်ကျော်လွန်ပြီးဖြစ်ကြောင်း နားမလည်နိုင်ကြပါ။ ဤကဲ့သို့ မလိုအပ်ဘဲ ပြဿနာများဖန်တီးနေကြခြင်းကိုပင်လျှင် နားမလည်နိုင်သေးဘဲ ကြီးမားသောအမှုကဲ့သို့ မှတ်ယူဆောင်ရွက်ကြသည်မှာ ပြဿနာပါတကား။

ပေးလှူခြင်းနှင့်ပတ်သက်၍ များစွာပေးကမ်းနိုင်မှများစွာခံစားနိုင်သည်ဟူ၍လည်းကောင်း၊ ဆယ်ဖို့တစ်ဖို့သည် ကယ်တင်ခြင်းမရသေးသူသင်းအုပ်ဆရာထံပေးမည့်အစား ဒုတိယမွေးဖွားခြင်းခံပြီးသူ ဧဝံဂေလိဆရာထံ၌သာ ပေးသင့်သည်ဟူ၍လည်းကောင်း၊ ဆယ်ဖို့တစ်ဖို့မဟုတ်

စိတ်စေတနာရှိသမျှနှင့် ပေးကမ်းရန်ဖြစ်သည်ဟူ၍ငင်း၊ ဟောပြောသွန်သင်ချက်လည်း ရှိနေဆဲဖြစ်သည်။ ထို့အပြင် ဆယ်ဖို့တစ်ဖို့အတိအကျပေးရန်မလိုဟု ဟောကြားသူလည်းရှိနေသေးရာ၊ မည်သည့်ကျမ်းချက်ကို ကိုးကားပြီး မည်သည့်သီဩလော်ဂျီကို အခြေခံသည်ကို မသိနိုင်ပါ။

ပေးကမ်းခြင်းနှင့် ပတ်သက်၍ ယုံကြည်ခြင်းမျိုးစေ့ကျဲပြီး ဆုတောင်းခိုင်းသူ၊ ဤကဲ့သို့သော နည်းစနစ်ကို တင်ပြနေသူများလည်း အခါမလပ်ရှိနေဆဲပါ။ အသင်းတော်တစ်ချို့တွင် ဆယ်ဖို့တစ်ဖို့ကို တြိုတင်သုံးသောရောဂါစွဲနေကြသည်မှာလည်း ကုသ၍မရနိုင်လောက်အောင် ကူးဆက်လျက်ရှိ၏။ ဆယ်ဖို့တစ်ဖို့ကို မှန်မှန်မပေးကြသည့်အပြင် အရေးပေါ်အသုံးပြုရန် ချေးငှါးနေကြသော်လည်း ပြန်လည်ပေးဆပ်ရန် ပျက်ကွက်တတ်ကြသည်။ ဤကဲ့သို့သော ဓမ္မတရားကို မတွေ့ဘူးပါ။ ရှိခဲ့ပါကလည်း နားမလည်သော ဓမ္မပညာ၊ လော်ဘဓမ္မပညာ၊ မရိုးမသားဓမ္မပညာ ဖြစ်ရန်သာရှိသည်။ ရုံးအဖွဲ့က အနည်းငယ်မှားယွင်းအသုံးပြုမိသည်ကို ရေးကြီးခွင်ကျယ်ထားပြီး ဆယ်ဖို့တစ်ဖို့ကြိုတင်ခိုးသုံးခြင်းကိုမူ ဂရုမစိုက်ခြင်းသည် မည်မျှလောက်အပြစ်ကြီးလေးသည်ကို မည်သည့်အချိန်၌နားလည်နိုင်ကြမည်နည်း။

အလွန်များများမည်စိုး၍ ဤမျှနှင့် နိဂုံးချုပ်ပါရစေ။ ဤဖော်ပြသောအချက်များကို မည်ကဲ့သို့ကုစားရမည်ကို နောင်တစ်ချိန်၌ ပြန်လည်ဖော်ပြပါမည်။ ဖော်ပြပါအချက်များသည် သင်းအုပ်ဆရာအနေနှင့် အသင်းတော်၏ရောဂါအားရှာဖွေစမ်းသပ်တွေ့ရှိချက် (Pastoral diagnosis) များသာဖြစ်ပါသည်။

(ဖလမ်းစကားဖြင့် ရေးသားသော Vankau Arsi Vol 6, No. 2 မှ ဘာသာပြန်ရေးသားခြင်းဖြစ်သည်။ ဆောင်းပါးရှင်ကိုယ်တိုင် စီစစ်၊ ပြင်ဆင်ဖြည့်စွက်ချက်များပြုလုပ်သည့်အတိုင်း ပြန်လည်တင်ပြခြင်းဖြစ်သည်။)



- If you have God's light in your heart, it will show on your face
- To be rich in God is better than to be rich in goods.
- The darker the night, the nearer the dawn!
- Christians who act like beggars have forgotten that God is their Father.
- Give your all to Christ; He gave His all for you.
- Live as if Christ died yesterday, rose this morning, and is coming back today
- Thanksgiving is good, Thanks-living is better.
- Death is the sinner's penalty, but the saint's promotion.
- People of prayer are people of power.
- God never asks us to bear tomorrow's burdens with today's grace.
- It is far better to forgive and forget than to resent and remember.
- One who serves God only for money is spiritually bankrupt.
- Youth misspent can make old age miserable.

IN GOD WE TRUST

Revd. Eloi Thawng Khan Khai

လူလောကတွင် လူသားတစ်ယောက်အဖြစ် မွေးဖွားရှင်သန်ပြီး ဘဝအတွက်တိုက်ပွဲအလိလီ နွဲ့ခဲ့ရသည့် လူဘဝခရီးတလျှောက်၌ ကြုံရဆုံရ ရှောင်လွှဲ၍မရသော ပြဿနာပေါင်းသောင်း ခြောက်ထောင်ရှိတတ်ပါသည်။ ထိုသို့သောအချိန် တွင်ယုံကြည်သူခရစ်ယာန် တစ်ယောက်အနေဖြင့် ဘုရားသခင် မတသူ၊ အားမကိုးသူဟူ၍မရှိခဲ့ပါ။ ဤသည်တို့၏အခြားတစ်ဖက်ကမ်းတွင် မျှော်လင့်၍သော်လည်းကောင်း၊ မမျှော်လင့်၍ သော်လည်းကောင်း၊ အကျိုးကျေးဇူးများ ခံစားမှု တွေ့၊ စံစားမှုတွေ့၊ အောင်မြင်ပေါက်မြောတ်မှု တွေကို ရရှိတတ်ပါသည်။ ဤအချိန်မျိုးတွင် တစ်ချို့သောသူများသည် ဝမ်းသာရကောင်းမှန်း ပျော်ရွှင်ရကောင်းမှန်း၊ ကျေးဇူးတင်ရကောင်းမှန်း မသိဘဲဖြစ်နေတတ်သည်။ သိသောသူအချို့တို့မှာ လည်း ဘုရားသခင်၏ကျေးဇူးတော်ကို မေ့ပျောက် ကာ သူတို့၏ဝမ်းသာပျော်ရွှင်မှုအတွက် သောက်စားမူးယစ်ပျော်ပါးကြသည်။

ဝမ်းသာခြင်းပျော်ရွှင်ခြင်းသည် သဘော သဘာဝအားဖြင့်ကောင်းသောသဘော လက္ခဏာ ဆောင်သော်လည်း ယုံကြည်သူခရစ်ယာန်တစ် ယောက် အနေဖြင့်ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းခြင်းမပါသော ဝမ်းသာပျော်ရွှင်ခြင်းသည် စာတန်မာန်နတ်၏ အလိုတော်ကိုလိုက် ခြင်းသာ ဖြစ်ပြီး ဘဝအတွက် ရေရှည်အကျိုးကိုဖျက်ဆီး သည့် မိုးခါးရည်သောက်မိခြင်းသာ ဖြစ်သည်။ သို့ ဖြစ်၍ကျွန်ုပ်တို့ ယုံကြည်သူခရစ်ယာန်အားလုံးအ တွက် ဘုရားသခင်၏ အလိုတော်ကျဝမ်းသာခြင်း၊ ပျော်ရွှင်ခြင်းဖြင့် ဇာတိ(လောကီ)အတွက်သော် ၄င်း၊ ဝိညာဉ်(လောကုတ္တရာ) အတွက်သော်၄င်း ကျေးဇူးတော် မင်္ဂလာအဖြာဖြာကို စဉ်ဆက် မပြတ်ခံစားစံစား နိုင်ရန်အလို့ငှါ အတုယူဖွယ်ရာ အမေရိကန်နိုင်ငံ၏ ကျေးဇူးတော်ချီးမွမ်းခြင်း အကြောင်းကိုတင်ပြလိုပါသည်။

၁၆၀၀ ခုနှစ်ဝန်းကျင်တွင် အင်္ဂလန် နိုင်ငံ၌ ခရစ်ယာန်အယူဝါဒ ပိုင်းဆိုင်ရာနိုးထမှု အကြီးအကျယ်ဖြစ် ပေါ်လာခဲ့သည်။ ဤသို့ဖြစ် လာသောအခါ ဘာသာရေးခေါင်းဆောင်များ အနေဖြင့် လုံးဝလက်မခံနိုင်သည့် အပြင်ဘာသာ ရေးကျင့်စဉ်များကို ဖျက်ဆီးခြင်းအဖြစ်ပါ ရှုမြင် သုံးသပ်ပြီး အလွန်တရာ မုန်းတီးခဲ့ကြသည်။ ဤ သို့ဖြင့် ၁၆၂၀ ခုနှစ်သို့ရောက်လာ သောအခါ နိုးထမှုကိုခေါင်းဆောင်သူများနှင့် အမာခံလူများ ကိုဖမ်းဆီးကာ "မေဖလားဝါး" ခေါ်ရွက်သင်္ဘော တစ်စီးပေါ်တွင် ရိက္ခာအပြည့်အစုံနှင့်တင်၍ "သွားလိုရာသွားနိုင်သည်" ဟုဆိုကာအင်္ဂလန်နိုင်ငံ မှနှင်ထုတ်လိုက်သည်။

ဤသို့ဖြင့် ပင်လယ်ပြင်တွင် လမ်းမမြင် ကမ်းမမြင်ဖြင့် လေတိုက်ရာဖက်သို့မျောပါ ရွက် လွှင့်ခဲ့ကြသည်။သူတို့၏စိတ်ထဲတွင်မူ ကမ္ဘာအရှေ့ ဘက် အိန္ဒိယနိုင်ငံကိုရောက်မည်။ထိုအရပ် တွင် ကယ်ထင် ခြင်းတရားဟောမည်ဟု မျှော်လင့်ရင်း စိတ်ဓါတ်တက်တက်ကြွကြွဖြင့် ဆုတောင်းလိုက် ဓမ္မသီချင်းကျူးဓလိုက်နှင့် နေ့ရက်တွေကုန်

လွန်စေခဲ့သည်။ ဤသို့ဖြင့် ပင်လယ်ပြင်တွင် ရက်အတန် ကြာလာသောအခါ ရိက္ခာများလည်း ကုန်ခါနီးဖြစ်လာသည်။ ဤသို့ဖြင့် မျောရင်း မျောရင်းဖြင့်တစ်နေ့ အိပ်ရာထပြီး အပြင်ဘက်ကို ငေးမောသည့် အခါ ကုန်းမြေကိုတွေ့ရှိပြီးအားလုံး ဝမ်းသာအဲလဲ ဖြစ်ကာ "အိန္ဒိယနိုင်ငံရောက်တော့ မယ် တောင်စွယ်ကွေ့မြင်နိုင်ပြီ စိတ်ခါတ်မကျနှင့်" ဟုတစ်ယောက် ကို တစ်ယောက် အားပေးစကား ဆိုကြသည်။ မကြာမီ သင်္ဘောကို ကမ်းကပ်ခိုင်း လိုက်ပါ သည်။

သူတို့ကမ်းကပ်လာသောအခါ သူတို့၏ မျှော်လင့်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်လာသည်။ သူတို့ကို ကြိုဆိုသူများမှာ ဝတ်လစ်စလစ်နှင့် လူသားစား လူရိုင်းများဖြစ်သည့်အပြင် သူတို့ကို လုံဖြင့် ထိုးရန်နှင့် မြားဖြင့်ပစ်ရန် အသင့်ချိန်နေ ကြသည်။ ဤလူများကိုသူတို့မြင် တွေ့သောအခါ သူတို့၏ အသားအရေသည် ကြေးနီကဲ့သို့နီရဲသည့် အတွက် အသားနီသောကုလားလူမျိုး(Red Indian) များဖြစ်မည်ဟု ပြောကြသည်။ ထိုမှစ၍ Red Indian ဟူသော စကားလုံးလည်း ပေါ်လာ သည်။ ဤသို့ဖြင့် ကမ်းသို့တက်မည် ဆို လျှင် လူရိုင်းများ၏ သတ်ဖြတ်မှုကို ခံရမှာဖြစ်ပြီး ပင်လယ်ဘက်သို့ပြန် လှည့်မည်ဆိုပါကလည်း မကြာမီ ရိက္ခာပြတ်ကာ ငတ်၍သေကြမည် ဖြစ်သည်။ သူတို့၏အခြေအနေမှာ ရှေ့တိုး၍ လည်းမရ နောက်ဆုတ်၍လည်းမရ ဖြစ်နေသည်။ ဤတွင် တစ်ချို့သောသူများသည် လူရိုင်းများ၏ သတ်ဖြတ်ခြင်းကို ခံရခြင်းထက် ပင်လယ်ပြင်တွင် ငတ်သေခြင်းသည် ပို၍ကောင်းသည် ဟုဆိုလာ သည်။ တချို့ကမူ ဘယ်လိုဘဲဖြစ် ဖြစ်ကုန်းပေါ် တက်ရမည် ဟုဆိုကာ အကြီး အကျယ်အငြင်းပွားကြသည်။ထိုအခါ သူတို့အထဲမှ ခေါင်းဆောင်လည်းဖြစ် ဓမ္မအမှုတော်ဆောင်လည်းဖြစ်သူ တစ်ယောက်ထလာပြီး "မိတ်ဆွေတို့ လေးလေး နက်နက်စဉ်းစားကြပါ။ တို့တတွေ ဘာဖြစ်လို့ ဒီနေရာကိုရောက်ရသလဲ၊ တို့တတွေ အိန္ဒိယ နိုင်ငံ ကို ရောက်ရင်လည်း တွေ့ မြင်ရမည့်သူများ ဟာ ဘုရားသခင်ဖန်ဆင်းထားတဲ့လူတွေပဲ ဖြစ်ရမယ်။ အခုဒီနေရာမှာ တွေ့မြင်ရတဲ့လူတွေ ဟာလည်း ဘုရားသခင်ဖန်ဆင်းထားတဲ့ ဝိညာဉ်ရှိတဲ့ လူတွေ ပဲမဟုတ်လား။ ဒီလူတွေဆီမှာ တို့တစ်တွေ ဘာကြောင့်ရောက်ရတယ်၊ ဘယ်လောက်ထိ ဒုက္ခ ပင်လယ်ဝေခဲ့ရတယ် ဆိုတာကို ပြောပြလိုက်ရင် သခင်ယေရှု၏ကယ်တင်ခြင်းတရားကို ဟောကြားခြင်း မဖြစ်ပေဘူးလား" ဟုဆိုခဲ့သည်။

ဤတွင် အားလုံးသဘောတူပြီး သင်္ဘော ထဲသို့ ပြန်ဝင်ကာ ဆုတောင်းလိုက် သီချင်းဆိုလိုက် ဖြင့် ဝတ်ပြုပွဲ တစ်ခုကျင်းပခဲ့ကြသည်။ခေါင်း ဆောင် ဓမ္မဆရာမှ ဆာလံဂုဏ်၆ (In God We Trust) ကိုဖတ်ကြားကာ တစ်ယောက်နှင့် တစ်ယောက် လက်ချင်းယှက်၍ သီချင်းဆိုကာ ကမ်းပေါ်သို့ တက်ခဲ့သည်။

ဤသို့အဖြစ်အပျက်များကို မြင်လာ သောအခါသူတို့ ကိုသတ်ဖြတ်ရန် စောစောက စောင့်ကြိုနေသော လူရိုင်းများ၏ မျက်နှာထားများ ပြောင်းလာကာ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာပြီးချိန်ရွယ် ထားသောလုံသွားများသည် မြေသို့စိုက်လာသည်။ ဆန့်တင်းနေသောလေးကြိုးမြားကြိုးများသည် လျော့ခွေလာသည်။ထို့နောက်တစ်ယောက်နှင့် တစ်ယောက်ဖက်လှဲတကင်းပြုလာကြသည်။ထို နေ့ တွင် ပါလာသောရိက္ခာများကို ချက်ပြုတ်ကာ လူရိုင်းများနှင့် အတူတကွစားသုံးပြီး ဘုရားသခင်၏ ဂုဏ်တော်ကိုချီးမွမ်းခဲ့လေသည်။ထိုအချိန်တွင် သူတို့၏ ရိက္ခာလက်ကျန်များမှာ ပြောင်းဖူးစေ့၊ ဂျုံစေ့၊ ရွှေဖရုံသီး၊ အားလူးနှင့် ကြက်ဆင်များ ဖြစ်ကြသည်။

သူတို့လက်ကျန်ရိက္ခာများကို အားလုံးမစားပစ်ဘဲမျိုးစေ့ အဖြစ်အချို့ကို ပြန်လည်စိုက်ပျိုးခဲ့ရာ ၁၆၂၁ခုနှစ်တွင် ပထမဆုံးသော ကောက်ရိတ်သိမ်း ကျေးဇူးတော်ခံမွမ်းပွဲ (Thanks giving day)ကို ကျင်းပနိုင်ခဲ့သည်။ ဤတစ်နှစ်တာကာလတွင် အိမ်ကောင်းယာကောင်းမရှိသည့်ကြားမှ ရာသီဥတုဖောက်ပြန်ဆိုးရွားမှုကြောင့် ဤနေရာသို့ ရောက်လာသူများ၏ တစ်ဝက်ခန့် သေဆုံးကုန်ကြသည်။ ဤသို့ဖြင့် ၁၆၂၁ မှစ၍ နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလ(၂၄) ရက်နေ့ကို ကောက်ရိတ်သိမ်း ကျေးဇူးကော်ခံမွမ်းပွဲ အဖြစ် ယနေ့ထက်တိုင် အောင်ကျင်းပပြု လုပ်ခဲ့ကြသည်။ ဤပွဲတော်ကို ကျင်းပသောအခါ အမေရိကန်ပြည်ထောင်စု မြေကြီးပေါ်သို့ ပထမဆုံးခြေချသော နွေ၌လူရိုင်းများနှင့် အတူတကွသုံးဆောင်စားသောက်ခဲ့သော ဂျုံပြောင်း၊ရွှေဖရုံသီး၊ အာလူးနှင့်ကြက်ဆင်သားများကိုသာ ပင်တိုင်ပြု၍ ကျင်းပကြသည်။

၁၇၇၆ခုနှစ် ဇူလိုင်လ(၄) ရက်နေ့တွင် အမေရိကန်တို့ လွတ်လပ်ရေးရလာသောအခါ အမြော်အမြင်ကြီးမားလှသော နိုင်ငံခေါင်းဆောင်များသည် သူတို့၏ ဘိုးဘွားဘီဘင်များ အမေရိကန် မြေပေါ်သို့ ပထမဆုံးခြေချသောနေ့၌မမှတရားဟောဆရာ ဖတ်ကြားခဲ့သော ဆာလံ ၃၃း၆(In God We Trust)စာသားကို သူတို့၏ ဒေါ်လာငွေစက္ကူ တိုင်းပေါ်တွင် ခတ်နှိပ်စေခဲ့သည်။ အမေရိကန်တို့သည် ဤသို့အားဖြင့် ဘုရားသခင်၏ အလိုတော်အတိုင်း ဝမ်းသာတတ်ခြင်း၊ ပျော်ရွှင်တတ်ခြင်း၊ ကျေးဇူးတရားကို သိတတ်ခြင်းတို့ကြောင့် ခေတ်အဆက်ဆက်တွင် ဘုရားသခင်၏ကျေးဇူး မင်္ဂလာအပြာဖြာကို သွန်းလောင်းခြင်းကို ခံစားခဲ့ကြသည်။ ကမ္ဘာတိုင်းပြည်အသီးသီးတွင် ငွေကြေးကိုယ်စီရှိခဲ့သော်လည်း ယနေ့ထက်ထိ ဒေါ်လာ ကို ယှဉ်နိုင်သည့်ငွေကြေးမရှိသေးပါ။

၁၈၉၉တွင် ချင်းတောင်သို့ ခရစ်ယာန်သာသနာရောက်ရှိလာပြီး ၁၉၀၄ ခုတွင် ခရစ်ယာန်ယုံကြည်သူများ ပေါ်ထွန်းလာသည့် တစ်ကာလ နှစ်ပေါင်းတစ်ရာအတွင်း ချင်းလူမျိုးများ ဦးဆောင်လမ်းပြခဲ့သော ဘုရားသခင်၏ အလိုတော်သည် အံ့ဘွယ်ရာကောင်းလှပါသည်။ ချင်းလူမျိုးများသည်. . ယခုအခါတိုက်နှင့်ကားနှင့်နေနိုင်သောအဆင့်၊ Ph.D., Th.D ဒီဂရီများဆွတ်ခူး၍ တိုင်းတပါးသို့ပြန်၍ ခရစ်ယာန်သာသနာပြုရသောအဆင့်သို့ ရောက်နိုင်သည်မှာ ဘုရားသခင်၏စောင်မခြင်းကြောင့်သာလျှင်ဖြစ်သည်။

သို့ဖြစ်၍ ချင်းခရစ်ယာန်ရာပြည့်မမှသဘင်ကျင်းပနေကြချိန်တွင် ချင်းလူမျိုးများအနေဖြင့် နှစ်တစ်ရာအတွင်း ကောင်ချီးမင်္ဂလာ ခံစားရခြင်းကို ဘုရားသခင်၏အလိုတော်နှင့် ဆက်နွယ်စေသင့်သည်။ ဘုရားသခင်ကို ယုံကြည်ကိုးစား၍ ဘုရား၏ ကျေးဇူးကိုသိတတ် ရေတွက်တတ်ပြီး ကျေးဇူးတော်ကို ချီးမွမ်းတတ်ခြင်းသည် ကျွန်ုပ်တို့ ချင်းလူမျိုးများ၏ နက်ရှိုင်း လှသောဆင်းရဲတွင်းမှ လွတ်မြောက်နိုင်ရန် လျှို့ဝှက်တံခါးပေါက်ဖြစ်စေကြပါစို့ဟု ဆန္ဒပြုအပ်ပါသည်။

အဦးသီးများထံမှရရှိသောအမွေအနှစ်များ

Revd. D.Kip Thian Pau

ကျွန်တော်သည် ၁၉၉၃ခုနှစ်၌ ဘုရားသခင်၏လမ်းဖွင့်ပေးမှုကြောင့် ချင်းအမျိုးသားအဦးသီးသူများ (တောင်ပေါ်ရှိ)၏အကြောင်းကို လေ့လာခွင့်ရခဲ့ပါသည်။ အဦးသီးသူများဖြစ်သော Sya. Pau Suan, Revd. Thuam Hang နှင့်အတူ Sya. Shia Khaw, Revd. Thang Sin နှင့် Evan Cong Kham တို့နှင့်တကွ သူတို့၏နောက်ပိုင်းမှ အမှု တော်အတွက် စွမ်းစွမ်းတမံဆက်ကပ်သူ အယောက် (၂၀) ခန့်၏အကြောင်းကိုပါ လေ့လာခွင့်ရခဲ့ပါသည်။ ဤကဲ့သို့ လေ့လာရာ၌ ကနဦးယုံကြည်သူများ၏အဓိကပြောင်းလဲခြင်းအကြောင်းများ၊ ယုံကြည်ချက်ခိုင်မြဲပြီး အသက်တစ်သျောင်းကို ပဓါနမထား၊ အမှုတော်အတွက် ဆက်ကပ်ပါဝင်မှုများနှင့်ဂုဏ်တို့၏ယုံကြည်ခြင်းအားဖြင့် ချင်းလူမျိုးများ၏ဝိညာဉ်ရေးသာမက နေထိုင်စားသောက်ရေးပါ မြှင့်တင်ပေးကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်၍ အဦးသီးသူများ၏စွမ်းဆောင်မှုကို ဤအနှစ် (၁၀၀)ပြည့်ချင်းခရစ်ယာန်ရာပြည့်မဂ္ဂဇင်းမှ ဂုဏ်ပြုသောအားဖြင့် တင်ပြအပ်ပါသည်။

အဦးသီးသူများသည် မည်သူများနည်း

ပထမဆုံးအဦးသီးသူများ၏အကြောင်းကို လေ့လာရာ၌ တစ်ရွာတည်းသားများဖြစ်ကြသော ဆရာပေါင်စွမ်းနှင့်သိက္ခာတော်ရဆရာထွမ်းဟန်တို့၏အကြောင်းကို ဖော်ပြရန် ပြစ်ပါသည်။ သူတို့နှစ်ဦးသည် စီးယင်းမျိုးနွယ်များ၏ စီးဆင်းရာ Pu Thuan Tak ၏ မျိုးဆက်များတည်ထောင်သော ခေါ်ဆ (Khuasak) ရွာမှမွေးဖွားလာသူများ ဖြစ်ကြပါသည်။ ဆရာပေါင်စွမ်းသည် Kun Tong မျိုးနွယ်စုမှ ဆင်းသက်လာသူဖြစ်သလို သိက္ခာတော်ရ ဆရာထွမ်းဟန်သည် Tong Seal မျိုးနွယ်စုမှ ဆင်းသက်လာသူများ ဖြစ်ကြပါသည်။

ဆရာပေါင်စွမ်းနှင့်ဇနီးခမ်ကျန်

စီးယင်းမျိုးနွယ်စုများသည် စည်းတမ်းကြီးပြီးရှေးရိုးစဉ်လာကို ထိန်းသိမ်းသူများဖြစ်သည်။ သို့ဖြစ်၍ တစ်ရွာတည်းနေသူများ လင်နှင့်မယား အဖြစ် (Phungkhawm) မယူရသော ရှေးရိုးစဉ်လာတားမြစ်ချက်အား စီးယင်းလူမျိုးနွယ်စုများက

လိုက်နာကြပါသည်။ သို့ဖြစ်ရာ ပေါင်စွမ်းနှင့်ခမ်ကျန်တို့ မေတ္တာမျှကြသော်လည်း စီးယင်းထုံးစံအရ ထိမ်းမြားခွင့်မရှိချေ။ လင်မယားဖြစ်ရန် နတ်ဆရာ (Priest) မှ မန်းမှုတ်ပြီး ဘိသိက်ပေးမှသာ တရားဝင်ရာ ယခုသူတို့နှစ်ဦးအား စည်းကမ်းဘောင်ကိုကျော်၍ တရားဝင်လက်ထပ်ပေးမည့် နတ်ဆရာလည်းမရှိ၊ ချစ်သူနှစ်ဦးလည်း မခွဲနိုင်တော့သည့် အခြေအနေဖြစ်လာသည်။

တစ်နေ့ ပေါင်စွမ်းတောင်၌ ထောင်ထားသော ထောင်ချောက်မှ ခိုတစ်စုံနှင့်ဂျိုးတစ်စုံ ရလာသည်။ ပေါင်စွမ်းမှ ခိုမောင်နှံနှင့်ဂျိုးမောင်နှံ(၂)စုံကိုကြည့်ပြီး မန်းမှုတ်ကာ ပြန်လွှတ်လိုက်စဉ် ရေရွတ်သည်မှာ "Vakhu awng, huhee awng, no zongh unau kiteang a, simthing tung, zothing tung, taakthing tungah tanu toai, tapa toai thei a, ciidam thei, mulnaam thei na hi uh ciang, vakhu awng, huhee awng ko in no nung hong zui tu khu hi. No zongh ciidam mulnaam in simthing tung, zothing tung, taakthing tungah tapa tanu na toai kik tavun, na hin thiam tavun, na toai thim tavun...." ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ" ခိုမောင်နှံ၊ ဂျိုးမောင်နှံ နှစ်စုံရယ်. . . သင်တို့လည်း . . မောင်နှမစုံဖက်ပြီး ပင်ယံမျိုးစုံထက်တွင် ရင်သွေးငယ်များ ပေါက်ဖွားကာ. . ပျော်ရွှင်မြူးတူးနိုင်ကြသကဲ့သို့ ငါတို့လည်း သင်တို့နောက်လိုက်ပါရစေ. . ကျန်းမာပျော်ရွှင်စွာ ရင်သွေးရတနာပွားစီးလျက်ဆက်လက် ပျော်ရွှင်နိုင်ပါစေ. . . . " ဟူ၍ ဖြစ်ပါသည်။ ဤသို့ နတ်ဆရာ၏မင်္ဂလာဘိသိက်အစား ငှက်မောင်နှံနှစ်စုံအား ဆုတောင်းမေတ္တာပို့လျက် မန်းမှုတ်ကာ လွှတ်ပေးခြင်းအားဖြင့် ပေါင်စွမ်းနှင့်ခမ်ကျန်တို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြပါသည်။ သို့ရာတွင် သူတို့နှစ်ဦးအား ဆွေမျိုးများ၊ ရွာသူရွာသားများမှ ဝိုင်းပယ်ကြပါတော့သည်။ အထီးကျန်ဖြစ်လာပါသည်။

ပေါင်စွမ်းတို့လင်မယား ဝိုင်းပယ်ကြခံရသည့် အချိန် (၁၉၀၄)ခုနှစ်၊ ဗြိုလ်ဆန်း၌ သရာရွှေဇံခေါ်ဆရွာသို့ရောက်ရှိလာသည်။ သရာရွှေဇံသည် ခရီးရောက်မဆိုက်ပင် သခင်ယေရှုခရစ်တော်သည် အပြစ်သားများအား ကယ်တင်ဖို့ရန် ရောက်ရှိလာကြောင်း၊ ဝိုင်းပယ်ခံသူ၊ အနှိမ်ခံသူများအတွက် ခရစ်တော်မွေးဖွားခြင်းဖြစ်ကြောင်း ဟောကြားလာရာ ပေါင်စွမ်းနှင့်ခမ်ကျောင်တို့အတွက် ရေတော်တုန်းရေတွင်းထဲကျဆိုသကဲ့သို့ မိမိတို့ခံစားချက်များနှင့် ကိုက်ညီလှသဖြင့် သရာရွှေဇံ ရောက်ရှိပြီး လပိုင်းမျှအကြာတွင် ခရစ်တော်ကိုကယ်တင်ရှင်အဖြစ် လက်ခံလာပါသည်။

သိကွာတော်ရဆရာထွမ်းဟန်နှင့် ဇနီး ဒိမ့်ခေါ်ကျိန်

ဆရာတော်နှင့်ဇနီးတို့သည် သားကြီးဆွောင့်ခေါ်ကမ်း(Suang Khaw Kam) ကျန်းမာရေးချို့တဲ့နေချိန်တွင် ချင်းထုံးစံအရ နတ်ကိုပူဇော်ပသပြီး ကုသသော်လည်း ရောဂါမပျောက်ကင်းနိုင်ချေ။ နတ်ဆရာ (Priest) မှ နွားနောက်တစ်ကောင်နှင့်နတ်ပူဇော်ပါမှ ရောဂါပျောက်ကင်းမည် ဖြစ်ကြောင်း ပရောဖက်ပြုလာပါသည်။ သို့နှင့် သူတို့လင်မယားသည် နွားနှောက်ချည်ရန် ဟန်ပြ အနေဖြင့် သရေကြိုးကိုရေလျှောင်ကန်(သစ်တုံးကို ရေထည့်ရန်အတွက် ထွင်းထားသော သစ်ထွင်းရေကန်ဖြစ်သည်)ထဲ၌ စိမ်ထားကြသည်။

ဤသို့ စိမ်ထားသောကြိုးကို သရာရွှေဇံ မြင်သောအခါ မည်သည့်အတွက် ဤကဲ့သို့ပြုလုပ်

ရသနည်းဟု မေးမြန်းရာ ထွမ်းဟန်မှ အကျိုးကြောင်းကို ရှင်းပြပါသည်။ သရာရွှေဇံက "မစိုးရိမ်ပါနှင့်. . ခင်ဗျား၏သား အနာရောဂါပျောက်ကင်းရန် သရာဆုတောင်းပေးမည်. . ကယ်တင်ပိုင်ရှင်ယေရှုခရစ်၏နာမအားဖြင့် ဆုတောင်းပါက မည်သည့်ရောဂါမဆို ပျောက်ကင်းနိုင်ပါသည်. . " ဟု ပြောပြပြီး၊ ဆုတောင်းပေးရာ ထွမ်ဟန်၏သားမှာ ရောဂါပျောက်ကင်းလာပါသည်။ သားဖြစ်သူ ဆွောင်းခေါ်ကမ်းရောဂါပျောက်ကင်းသောကြောင့် ဘုရားသခင်ကို ယုံကြည်လာကာ သခင်ယေရှုအား ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံလာကြပါသည်။

တမန်တော်များမှ ယေရှုနောက်လိုက်သော အချိန်၌ အခြေအနေအမျိုးမျိုးရှိကြသကဲ့သို့ ပေါင်စွမ်းတို့လင်မယားသည် ဝိုင်းပယ်ခြင်းခံရ၍ လည်းကောင်း၊ ထွမ်းဟန်တို့လင်မယားသည် ယေရှုနာမဖြင့် သားကြီး၏အနာရောဂါပျောက်ကင်းခြင်းကြောင့်လည်းကောင်း၊ ဘုရားသခင်အား လက်ခံလာကြပါသည်။

အဦးသီးသူများထဲတွင် စစ်မှန်သောဘုရားသခင်အားရှာနေသူတစ်ဦးမှာ ဇဝ်ဂေလိဆရာ (Cong Kham) ဖြစ်သည်။ သူသည် Bual Khua ရွာသားဖြစ်၍ နတ်ဆရာမျိုးနွယ်စုထဲမှ ဆင်းသက်လာသူဖြစ်သည်။ နတ်ဆရာအိမ်ထောင်မိသားစု၏သားဦးများ၊ အသက် (၁၂)နှစ်ခန့် ရောက်လျှင် ဖခင်နတ်ဆရာများ သေဆုံးလေ့ရှိသောကြောင့် မှုန်ကန်သောဘုရားရှိမည်ဟု မျှော်လင့်နေချိန်ဖြစ်သည်။ ဤကဲ့သို့ စစ်မှန်သောဘုရားအား စောင့်မျှော်နေသောအချိန်၌ Revd.Dr.East နှင့် Sya. Thang Sin (ဖလမ်းနယ် ပထမဆုံးပြောင်း လဲသူ) တို့ရောက်ရှိလာရာ Dr. East မှ ကမ္ဘာသူ ကမ္ဘာသားများအား အလွန်ချစ်မြတ်နိုးသောကြောင့် ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားများကို ချစ်တော်မူသည် (ယော ၃း၁၆) ကို ဟောကြားရာမှ ၁၉၀၇ ခုနှစ်တွင် ဆရာ Cong Kham ပြောင်းလဲလာပြီး သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံသူဖြစ်လာသည်။

ညဉ်းပန်းနှိပ်စက်ခံရခြင်း

အဦးသီးသော ယုံကြည်သူများအား မယုံကြည်သူများ၏အမြင်၌ မသန့်ရှင်းသူ၊ မကောင်းဆိုးဝါးကိုးကွယ်သူများအဖြစ် မြင်တွေ့သောကြောင့် ခေါ်ဆရွာ၏အထက်ပိုင်း Khua Khuan နေရာသို့ မောင်းထုတ်ခြင်းခံရပါသည်။ အနှုရောဂါသည်များ လူတော်သူတော်ထဲ၌ မနေရဘဲ အခြားတစ်နေရာသို့ မောင်းထုတ်နေထိုင်ခိုင်းသော အဖြစ်နှင့်မခြားနားပေ။ ဤကဲ့သို့ ရွာအပြင်သို့မောင်းထုတ်ရုံမကပါ။ အသေသတ်ရန် ရည်ရွယ်ခြင်း၊ အိမ်မီးရှို့ခြင်းကိုပါ ခံခဲ့ကြရပါသည်။ သို့ရာတွင် သူတို့၏ယုံကြည်ချက်သည် ခိုင်မာပြီး သခင်ယေရှုသာလျှင် ကယ်တင်ရှင်၊ သူတို့ကိုးကွယ်သော ဘုရားသာလျှင် ထာဝရဘုရားဖြစ်ကြောင်း သက်သေခံမြဲခံကြပါသည်။

Pu Pau Suan ၏သီချင်းတစ်ပုဒ်၌

(a) Thianmang tongdam za ii lai pan a sang masa kei hi nge,

(b) Lei bang hong leal hau ka ngualte'n sai bang hong sawm thiam sa nge. ဟူ၍ စပ်ဆိုသည်။

အဓိပ္ပါယ်မှာ

(က) မျိုးနွယ်စုထဲ၌ သခင်ယေရှု၏ကယ်တင်ခြင်းတရားကို ပထမဦးဆုံးလက်ခံသူဖြစ်သည်။

(ခ) ထိုအပြစ်ကြောင့် ဆွေမျိုးဥာတိများမှ အသက်ကိုပါ ခြိမ်းခြောက်လာသည်မှာ အံ့သြမိပါသည်" ဟူ၍ဖြစ်ပါသည်။

ပေါင်စွမ်းနှင့်ထွမ်းဟန်တို့သာမက အဦးယုံကြည်သူတိုင်း ဝိုင်းပယ်ခံရကြပါသည်။

ဖလမ်းမြို့နယ် လွမ်ဘန်းရွာမှ အဦးသီးသူ ဆရာထန်ဆင်း (Thang Sin) အား Sing Sih နှင့် (Zaihti) ခေါ်နွံတောထဲသို့ ခြံမြေလုပ်ကိုင်စေခြင်း၏ရည်ရွယ်ချက်မှာ နွံတောများသည် နတ်ဆိုးများကျက်စားရာနေရာဖြစ်၍ နတ်စားကာ အသေဆိုးနှင့်သေစေလို၍ ဖြစ်သည်။ အလားတူ တွန်းဇံမြို့မှ ပထမအဦးသီးသူ ဆရာတစ်ပါးဖြစ် သော သိက္ခာတောရဆရာတော် Vial Nang (၁၈၉၃-၁၉၆၀) သည်လည်း အုပ်ချုပ်သူစော်ဘွားမှ နွံတောထဲ၌ မောင်းထုတ်ခြင်းခံရပါသည်။

တွန်းဇံမှ Tun On နှင့် Tung Tuang မှ Thang Nok တို့သည်လည်း တွန်းဇံနယ်မှ အဦးသီးသူများစာရင်းတွင် ပါဝင်ကြသူများဖြစ်ပြီး သူတို့နေထိုင်ရာဒေသမှ မောင်းထုတ်ခံရသောကြောင့် Nah Nuai ခေါ်သောဒေသို့ ပြောင်းရွှေ့နေထိုင်ရသောသူများလည်း ရှိပါသည်။ အလားတူ Dolluang နှင့် Suangdaw ရွာတို့မှ အစ အဦးသီးယုံကြည်သူတစ်ချို့လည်း ရွာမှ မောင်းထုတ်ခံခဲ့ကာ (Nah Nuai) သို့ ပြောင်းရွှေ့ခဲ့ဖူးသည်။ Nah Nuai, Tuimui နှင့် Taak Lamm ရွာများသည် ယုံကြည်သူများခိုအောင်းရာကျေးရွာများ ဖြစ်ကြပါသည်။

အလားတူ ဖလမ်းမြို့နယ် Khual S im မျိုးနွယ်ထဲမှ အဦးသီးသူရွှေလှိုင် (ချင်းအမည် Tial Hmung) နှင့် ယုံကြည်သူတစ်ချို့သည်လည်း သူတို့နေထိုင်ရာဒေသမှ မောင်းထုတ်ခံရ၍ Angteng ဆိုသည့်ရွာကိုတည်၍ နေထိုင်ခဲ့ရပါသည်။

သို့ဖြစ်၍ တီးတိန်မြို့နယ်မှ Nah Nuai, Tui Mui, Taak laam နှင့် Angteng ရွာများသည် အနှိပ်စက်ခံသူများ၏ခိုအောင်းရာနေရာအရပ်များဖြစ်ကြပါသည်။ သို့ရာတွင် ဤကျေးရွာများကို ဘုရားသခင်ကောင်းချီးပေးသောကြောင့် ဤရွာမှ မွေးဖွားလာသူများအား ဘုရားသခင်မှအမှုတော်၌ အသုံးပြုခဲ့ကြောင်း တွေ့ရှိရပါသည်။ (ဥပမာ- သိက္ခာတော်ရ Dr.S.Pau Khan En, သိက္ခာတော်ရ ဆရာ Dam Suan Mung နှင့် သိက္ခာတော်ရ ဆရာ Kam Hau)

ခရစ်ယာန်ဖြစ်ခြင်းနှင့်ပညာရေး

"ချင်းစာပေအစ ခရစ်ယာန်မှ" ဟုဆိုရမည်ဖြစ်ပါသည်။ အကြောင်းမှာ ဆရာကြီးကာဆင်တို့လင်မယားချင်းတောင်သို့ရောက်ရှိသည့်အချိန်တွင် သတင်းကောင်းဝေမျှရန်နှင့် ပညာရေး၊ ကျန်းမာရေးများမြှင့်တင်ရန် ရည်ရွယ်၍ကရင်အမျိုးသားဆရာများအား ခေါ်လာခဲ့ကြပါသည်။ တစ်နည်းအားဖြင့် သတင်းကောင်းပို့လာသူ ဆရာကြီးများသည် ဘက်စုံဖွံ့ဖြိုးခရစ်ယာန်သာသနာ (Holistic Ministry) ဖြစ်ဖို့ရန်အစပြုလာခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ အဦးသီးသူဆရာပေါင်စွမ်းနှင့် ဆရာထွမ်းဟန်တို့သည် သခင်ယေရှု၏ကယ်တင်ခြင်းနှင့်အတူ စာပေပညာရေးကိုပါ ဆရာရွှေဇံမှ သင်ကြားပေးခဲ့ပါသည်။ ဆရာရွှေဇံသည် ခေါ်ဆရွာ၌ ပထမဦးဆုံးစာသင်ကျောင်းဖွင့်ပေးသူလည်းဖြစ်ပါသည်။ ဤသို့ဖြင့် ပထမဆုံးအဦးသီးသူများသည် ချင်းအမျိုးသားထဲမှ ပထမဆုံးပညာတတ်သူများဟု ဆိုလျှင် မှားမည် မထင်ပါ။ ချင်းတောင်တန်း၌

ပထမဆုံးဖွင့်လှစ်သော ကျောင်းများအား ဖော်ပြရသော်

၁။ သရာစံဝင်းမှ ၁၉၀၀ခုနှစ်တွင် ဟားခါးမြို့၌လည်းကောင်း၊

၂။ သရာပိုးကိုးမှ ၁၉၀၂ခုနှစ်တွင် တီးတိန်မြို့၌လည်းတောင်း၊ (၁၉၀၄ ခုနှစ်တွင် တွန်းဇံသို့ပြောင်းရွှေ့သည်)

၃။ သရာရွှေဇံမှ ၁၉၀၄ခုနှစ်တွင် ခေါ်ဆရွာ၌လည်းတောင်း၊

၄။ သရာမောင်ကျမှ ၁၉၀၅ခုနှစ်တွင် ဇိုခွား၌လည်းကောင်း၊

၅။ သရာမောဝ်ကွန်းမှ ၁၉၀၆ခုနှစ်တွင် လိုင်ဇိုး၌လည်းကောင်း၊

၆။ သရာပိုအေးမှ ၁၉၀၆ခုနှစ်တွင် လုမ်ဘန်း၌လည်းကောင်း၊

အသီးသီးဖွင့်လှစ်နိုင်ခဲ့ကြပါသည်။ သူတို့နှင့်အတူ သရာမောင်လွန်းနှင့် သရာကြီးခိုင်တို့လည်း ဇိုခွားနှင့်ဟားခါးမြို့သို့ သတင်းကောင်းဟောကြားရင်းနှင့် ကျောင်းဆရာအဖြစ် လာရောက်သူများ ဖြစ်ကြပါသည်။

နောက်ပိုင်း သရာဖေကြီး၊ သရာဘဲနီ၊ သရာအောင်ဒွေး (သရာအောင်ဒွေးသည် ဇာတိသို့ပြန်မသွားဘဲ ချင်းတောင်၌ဆက်လက်နေထိုင်ပြီး သူ၏ဘဝတို့ မြုပ်နှံသူဖြစ်သည်) သရာစံထွန်း၊ သရာစိန်ပို၊ သရာကျော်ခင်နှင့်သရာမောင်မောင်တို့သည်လည်း ဒရှ့ဆင့်နောက်ဆင့် ကျောင်းဆရာနှင့်သတင်းကောင်းပို့သူများအဖြစ် ရောက်ရှိလာကြပါသည်။

ဤကဲ့သို့ ကရင်အမျိုးသားဆရာများ ရောက်ရှိလာခြင်းကို ထောက်ရှုသောအားဖြင့် ချင်းတောင်၏ပညာရေးသည် ဘာသာရေးမှ အစပြုကြောင်းပေါ်လွင်နေပေသည်။

ချင်းအမျိုးသားများ၏ပြက္ခဒိန်အစ

ချင်းအမျိုးသားများ၌ လဆန်း၊ လပြည့်၊ လဆုတ်နှင့်လကွယ်များကိုကြည့်ပြီး ခေါ်ဝေါ်သောလများရှိကြပါသည်။ သို့ရာတွင် တစ်မျိုးနှင့်တစ်မျိုးခေါ်ဝေါ်ပုံမတူကြပါ။ သူတို့သည် နေ့စဉ်နံနက်တောင်ယာသွားပြီး၊ ညနေပြန်လာလေ့ရှိကြပါသည်။ ၇ ရက် တစ်ပါတ်ဟူ၍မရှိ။ တနင်္ဂနွေနေ့နားပြီး ဘုရားရှိခိုးသောအကျင့်မရှိခဲ့ပါ။

သို့နှင့် အဦးသီးထဲမှ တစ်ဦးဖြစ်သူ ဆရာရွှေလိုင်ခေါ် Tial Hmung သည် တနင်္ဂနွေနေ့ရေကွတ်နိုဝ်ရန် နည်းစနစ်တစ်ခုချပေးသည်ဟူ၏။ သူပြသော နည်းမှာ တနင်္ဂနွေနေ့ ညနေ၌ အောင်လောတ် (Nga Tam) (၇)လုံးကို သီးသန့်ထားခိုင်းသည်။ နံနက်မိုးလင်းသောအခါ အောင်လောက်တစ်လုံး ကို သတ်မှတ်ထားသော ပုံးထဲသို့ ပြောင်းထည့်ခိုင်း သည်။ နောက်တစ်နေ့မိုးလင်းသောအခါ ဒုတိယ မြောက်အလုံးထည့်ခိုင်းသည်။ ဤကဲ့သို့ မိုးလင်းတိုင်းပြောင်းထည့်ပေးသော (၇)လုံးပြောက်ထည့်သည့်နံနက်သည် တနင်္ဂနွေနေ့ဖြစ်သည်ဟု မှတ်ခိုင်းသည်။ သို့ဖြစ်၍ ချင်းအမျိုးသားများမှ နေ့ရက်ရေတွက်နည်း (တနည်းအားဖြင့်) ပြက္ခဒိန်အသုံးပြုပုံအသုံးပြုနည်းကိုပါ အဦးသီးသူများထံမှ သင်ယူရခြင်းဖြစ်ပါသည်။

ကျန်းမာရေးတိုးတက်မှု

၁၈၉၉ ခုနှစ်၊ သာသနာပြုဆရာ ဆရာကြီးကာဆင်တို့ ဟားခါးမြို့ရောက်ရှိသော မတ်လ (၁၅) ရက်နေ့၌ မမကာဆင်သည် ခရီးရောက်မဆိုက် ငိုချပါတော့သည်။ အဘယ်ကြောင့်ဆိုသော် ဤအချိန်၌ ချင်းအမျိုးသားများတွင် ရေချိုးသောဓလေ့မရှိသဖြင့် ညစ်ပတ်နံစော်နေ

ကြသောကြောင့်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် တစ်ကိုယ်ရေသန့်ရှင်းခြင်း ပညာမရှိသေးပါ။

သို့ရာတွင် သာသနာပြုဆရာများသည် ဘက်စုံကယ်တင်ခြင်း (Holistic Ministry) ကို ကျင့်သုံးရသည့်အတိုင်း ကယ်တင်ခြင်းတရား ဟောခြင်း၊ စာသင်ပေးခြင်း၊ ပညာသင်ပေးခြင်း များနှင့်တကွ ကျန်းမာရေး၏အခြေခံများကိုပါ သင်ပေးပါသည်။ အထူးသဖြင့် အမေရိကန် သာသနာပြုဆရာများဖြစ်သော Dr.E.H East နှင့် Dr. J.G.Woodin တို့သည် ဆေးဆရာဝန်များ ဖြစ်ကြပါသည်။ သူတို့မှ ဆေးရုံဖွင့်ပေးခြင်း၊ ခရစ်ယာန် သာသနာပြုရင်း ပညာရေး၊ ကျန်းမာရေးကိုပါ နည်းပေးလမ်းပြဦးဆောင်သူ၏ အခန်းကဏ္ဍ၌ ပါဝင်ကြပါသည်။

ဤသို့ဖြင့် စားဝတ်နေရေးမှစကာ အစစအရာရာ၌ အဦးသီးသူများ၏ဦးဆောင်မှုအားဖြင့် တိုးတတ်လျက်ရှိပါသည်။

တနဂ်္ဂနေ့၌ တောင်ယာခုတ်ရာမှ အနားယူကြပြီး၊ ဘုရားရှိခိုးသောအကျင့် တဖြည်းဖြည်းနှင့် ရလာကြသည်။ တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ အခြားသူများ၏ဝတ်စားဆင်ယင်မှုကို မြင်တွေ့ပြီး အတုခိုးခြင်းဖြင့် တဖြည်းဖြည်းနှင့် ကျန်းမာရေး၊ ဝတ်စားဆင်ယင်မှု၌ ခေတ်မီသော ချင်းအမျိုးသားများအဖြစ်သို့ ရောက်ရှိလာကြပါသည်။

နိဂုံး

လွန်ခဲ့သော နှစ်ပေါင်း (၀၀၀) ကျော်ကာလ၊ သာသနာပြုဆရာများမရောက်မီ ချင်းအမျိုးသားများ၏လူနေမှုဘဝသည် နိမ့်ကျလှသည်ကို ဝန်ခံရပါလိမ့်မည်။ အုပ်ချုပ်ရေး၌လည်း အင်အားကြီးသူက အင်အားနည်းသူကို နှိုင်ထက်စီးနင်း အုပ်ချုပ်သောကာလဖြစ်သည်။ ဘုရားမဲ့၊တရားမဲ့ သောအချိန်ဖြစ်ပါသည်။ ကိုးကွယ်သောဘုရားသည် နတ်ဘုရားဖြစ်သည်။ နတ်ကလူများကို ဒုက္ခပေးနိုင်သောကြောင့် ကြောက်၍ ကန်တော့ခြင်း၊ ပူဇော်ခြင်းများပြုလုပ်ကာ ကိုးကွယ်ကြသည်။ သို့ရာတွင် နတ်များသည် လူသားများတလိမ်လည်လှည့်ဖြားရသောနတ်မျိုးဖြစ်ဟန်တူပေသည်။ နွားနှောက်ချည်ရန် ကြိုးခွေကို ရေကန်ထဲစိမ်ခြင်းဖြင့် နတ်ကို လှည့်ဖျားလိုသည်။ ကြားဖူးသည်မှာ ချင်းတောင် အလယ်ပိုင်းတစ်နေရာ၌ သားကျန်းမာလာအောင် ဝက်ကြီးကြီး တစ်ကောင်သတ်ရမည့် အစား ဝက်ပေါက်စ တစ်ကောင်နှင့်ပူဇော်ရာ နတ်ကလက်ခံသည်ဟူ၏။

ဤကဲ့သို့ ဘုရားမဲ့ဘဝမှ အသက်ရှင်တော်မူသော ထာဝရဘုရားကို ကယ်တင်ရှင်အဖြစ် လက်ခံပြီး၊ အဦးသီးသူများ၏ကြိုးစားအားထုတ်မှုကြောင့် ယနေ့ချင်းအမျိုးသားများသည် ထာဝရအသက်နှင့် ဘုရားသခင်ကို တွေ့ရှိကြပြီဖြစ်ပါသည်။ ၄င်းအပြင် ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝများ၌ တမဟုတ်ခြင်း တိုးတက်လာသည်ကို မျက်ဝါးထင်ထင်တွေ့ရှိနိုင်ပေသည်။ တစ်နည်းအားဖြင့် အနှစ် (၁၀၀)အတွင် ချင်းအမျိုးသားများ၏ဘဝတိုးတက်မှုတွင် အဦးသီးသောသူများ၏စွမ်းဆောင်မှုသည် အရေးပါလျက်ရှိကြောင်း ဤစာမူအားဖြင့် အဦးသီးသူများအား ဂုဏ်ပြုဝါရဝပြုရင်း နိဂုံးချုပ်အပ်ပါသည်။

ဓမ္မအမှုတော်ဆောင်များသို့ အိတ်ဖွင့်ပေးစာ

ဦးပုမ်ကော့ (ကလေး)

ချစ်စွာသောဓမ္မအမှုတော်ဆောင်အားလုံး ခင်ဗျား. . အနှစ် (၁၀၀) ဟူသောအချိန်ကာလ ခရီးဟာ တစ်ချို့ကရှည်လျားတယ်လို့ဆိုကြမယ်။ တစ်ချို့ကတော့ တိုတောင်းတဲ့အချိန်ပိုင်းသာဖြစ်တယ်လို့ဆိုကြမယ် ထင်ပါတယ်။ ကျွန်ုပ်တို့ အားလုံးအတွက်တိုတာရှည်တာပဓါနမဟုတ်ဘဲ ဤအနှစ်တစ်ရာခရီးဟာ ကျွန်ုပ်တို့ချင်းလူမျိုးများအတွက် ဘဝတကွေ့အပြောင်းအလဲမှာ မော်ကွန်းတင်ရမယ့်ပထမဆုံးသောသမိုင်းစာမျက်နှာဖြစ်တယ်ဆိုရင် မှားမယ်မထင်ပါဘူး။ အဲဒီသမိုင်းစာမျက်နှာသစ်မတိုင်ခင် ဟိုဘတ်ကမ်းမှာတော့ ကျွန်ုပ်တို့ချင်းလူမျိုးများရဲ့သမိုင်းရာဇဝင်ဟာ စိတ်ပျက်စရာ၊ ဝမ်းနည်းစရာများနှင့် ပြည့်နှက်ခဲ့ပါတယ်။ အစစအရာရာမှာ အမှောင်ထုဖုံးလွှမ်းလို့ မျိုးနွယ်စုတစ်စုနှင့်တစ်စုတိုက်ကြခိုက်ကြ၊ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ကြ ပြန်လည်ကလဲ့စားချေကြပါတယ်။ ငိုသံညည်းသံတွေဟာ တို့လူမျိုးတွေထဲမှာ အသံမစဲနိုင်တော့ပါဘူး။ လူနေမှုပိုင်းမှာလည်း အနိမ့်ဆုံးသောအဆင့်မှာဖြစ်နေတယ်။ စာပေတွေ၊ ယဉ်ကျေးမှုတွေ ဝေလာဝေးတယ်။ အဲဒီခေတ်အချိန်အခါရဲ့အခြေနေအဖြစ်အပျက်တွေကို ယနေ့ခါချိန်ခါတွင် ပြန်လည်စဉ်းစားခဲ့ရင် နှလုံးသားရွှင်ပျစရာဆိုလို့ ဘာတစ်ခုမျှမရှိပါဘူး။

ခရစ်ယာန်သာသနာပြုဆရာကာဆင်တို့ ဇနီးမောင်နှံ ဟားခါးကို ရောက်တဲ့ ၁၈၉၉ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ဟာ တို့တတွေအတွက် ကျွန်ုပ်တို့ ကို ကျော်သွားသောခေတ်ရဲ့ခြေရာကို ပြန်လည် ကောက်မိသောနေ့ရက်ဖြစ်သလို ဘဝဟောင်း အတွေးအခေါ်ဟောင်းတွေကို ဖြိုချမည့်မျိုးစေ့ကို စတင်မြေချတဲ့နေ့ရက်လည်း ဖြစ်ပါတယ်။

ဆရာကာဆင်တို့ ဇနီးမောင်နှံနှင့် တကွ နောက်ပိုင်းထပ်မံရောက်လာတဲ့ ခရစ်ယာန်သာသနာပြုဆရာနှင့်ဆရာကတော်အားလုံးဟာ ကျွန်ုပ်တို့ထက် ထောင်စုနှစ်နှင့်ချီ၍ ပိုပြီးယဉ်ကျေးသူများ ဖြစ်ကြပါတယ်။ ဒါ့ကြောင့်လည်း သူတို့က ကျွန်ုပ်တို့ကို အစစအရာရာမှာ မိဘသဖွယ်ပြုစုနိုင်တယ်။ ဦးဆောင်လမ်းပြနိုင်တယ်။ စာပေမရှိတဲ့တို့ လူမျိုးတွေကို စာပေကို ပါတီထွင်ပေးလိုက်တယ်။ နေရာတကာမှာ ခရစ်ယာန်သာသနာ့ကျောင်းတွေ တည်ဆောက်ပေးပြီး စာသင်ပေးခဲ့ပါတယ်။ ကျန်းမာရေး

မကောင်းသူများကိုလည်း တစ်ရွာဝင်၊ တစ်ရွာထွက် ဆေးလိုက်ကုပေးတယ်။ စိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက်လည်း နိုင်ငံခြားမှမျိုးကောင်းသီးနှံတွေမျိုးစေ့တွေ ယူဆောင်ပေးခဲ့တယ်။ ကျွန်ုပ်တို့ရဲ့အရိုင်းစိတ်တွေကို ယဉ်ပါးစေခဲ့တယ်။ သူတို့တတွေရဲ့အမှုတော်ဆောင်ရွက်ပုံဟာ သခင်ယေရှု၏အမှုတော်ဆောင်ရွက်ပုံတွေနှင့် ထပ်တူထပ်မျှဆိုရင်မှားမယ်မထင်ပါဘူး။ တစ်နည်းအားဖြင့်ပြောရရင်တော့ သူတို့တတွေက ဒီကနေ့အမှုတော်ဆောင်တွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဥသုံခရစ်ယာန်သာသနာအမှုတော်ဆောင်နည်း အမွေကိုပေးလိုက်ခြင်းပဲ၊ သူတို့ရဲ့အကျိုးကျေးဇူးတွေကြောင့် အနှစ်နှစ်ထောင်ထောင်စုနှစ်ရဲ့ နောက်ဆုံးရာစုနှစ်တို့ တို့ချင်းလူမျိုးတွေက ခရစ်ယာန်သက်တမ်းအစ အနှစ်တစ်ရာကာလယန္တရားကို ချောချောမောမောပဲကိုင်မောင်းနှင် ရင်းဖြင့် လှလှပပနှင့် နိဂုံးချုပ်နိုင်တာဟာ အားလုံးအသိပဲပေါ့။

ဒါကြောင့်မို့လို့ ဒီကနေ့ တို့ချင်းလူမျိုးတွေရဲ့တိုးတက်ဖွံ့ဖြိုးမှု (လောကီ- လောကုတ္တရာ) အားလုံးဟာ ကနဦးခရစ်ယာန်သာသနာပြုဆရာတွေနဲ့လုံးဝမကင်းနိုင်ပါဘူး။ သူတို့ရဲ့အကျိုးကျေးဇူးတွေ ဆင့်၍တိုးပွားခြင်းသာဖြစ်ပါတယ်။သူတို့ကတော့အပြစ်ဆိုစရာ တစ်ခုမျှမရှိအောင်ကျွန်ုပ်တို့အတွက် တာဝန်ကျေပွန်လှပါပြီ။သူတို့ရဲ့တာဝန်ဝတ္တရားအားလုံးဟာ ယနေ့အမှုတော်ဆောင်ဆရာ/မများ အားလုံး၏ပခုံးပေါ်သို့ ရောက်ခဲ့ပြီမဟုတ်ပါလား။ အခုချိန်မှာကျွန်ုပ်တို့ ဖြတ်သန်းလျှောက်လှမ်းရမည့်အသစ်ခရီးဟာ နည်းနည်းနောနောမဟုတ်ပါဘူး။ အနှစ်သုံးထောင် -ထောင်စုနှစ်အတွက် ပွဲဦးထွက်ရာစုနှစ်က ကျွန်ုပ်တို့ကို အဘက်ဘက်မှ စိန်ခေါ်နေပါတယ်။ နေရာတကာမှာရာသီဥတုကဖောက်ပြန်လို့ စိုက်ပျိုးသီးနှံတွေအထွက်လျော့နည်းလာတယ်။ အဲဒါကြောင့် ဝမ်းစာမဖူလုံမှုတွေ ခိုးမှု၊ ဝှက်မှုတွေဖြစ်လာတယ်။ စီးပွားရေးလုပ်ငန်းမရှိလို့ ကျောင်းမနေနိုင်တဲ့ကလေးသူငယ်တွေ များလာတယ်။ လူတွေရဲ့စိတ်ဓါတ်ယိုယွင်းလာလို့ ခရစ်ယာန်ထဲမှာခရစ်ယာန်စိတ်ထားက ရှားပါးပစ္စည်းဖြစ်လာတယ်။လူငယ်ယောကျ်ားတွေထဲမှာ မူးယစ်ဆေးဝါးက နေရာယူလာသလို မိန်းကလေး ငယ်တွေထဲမှာလဲ အပေါ့အရွှင်တွေကနေရာယူလာတယ်။ အဲဒါတွေကတော့ ဒီနေ့ဒီအချိန်မှာ တို့လူမျိုးရဲ့အခြေအနေအရပ်အရပ်ပေါ့နော်။

ဒီနေ့အထိ ကျွန်ုပ်တို့ချင်းလူမျိုးတွေအတွက် ခေတ်ကို အပိုင်းသုံးပိုင်း ပိုင်းလိုက်ရင် ခရစ်ယာန်သာသနာပြုဆရာတွေ မရောက်ခင်က အမှောင်နဲ့အရိုင်းခေတ်၊ ထိုမှဒီဖက်ကမ်း တချိန် အထိက အလင်းနဲ့အယဉ်ခေတ်ပေါ့။ လက်ရှိအချိန်ကတော့အပျက်နဲ့အနာခေတ်ပေါ့။ အပျက်မှအပျက်စစ်စစ်၊ အနာမှအနာစစ်စစ်ပါ။ ချင်းလူမျိုးတိုင်း ဂုဏ်ယူဝင့်ကြွားလေ့ရှိတဲ့သစ္စာတရားဟာ ကြက်ပျော်ငှက်ပျော်ဖြစ်သွားပြီ၊ ဘုရားသခင်ဖန်ဆင်းပေးတဲ့ လှပစိမ်းစိုညို့မှိုင်းနေတဲ့ချင်းတောင်တကြောမှာ တောင်ကတုံးတွေ၊ မီးလောင်ဒဏ်ရာတွေ ပြည့်နှက်နေပြီ။ ဘုရားသခင်ဟာသူဖန်ဆင်းတဲ့အရာအားလုံးကို အလွန်တရာချစ်မြတ်နိုးတဲ့ဘုရားသခင်ဖြစ်ပါတယ်။ ဒီလောက်အထိ ပျက်စီးသွားတဲ့တို့ချင်းလူမျိုးတွေ တို့ရဲ့ရေမြေတောတောင်တွေကို ဘုရားသခင်တွေ့မြင်တဲ့အခါ ဖန်ဆင်းထားမှုအတွက် နောင်တများရနေမလားနော်။

ဘယ်လိုပဲဖြစ်ဖြစ် ဤအရာအားလုံး ပြန်လည်ကောင်းမွန်ပြီး ဘုရားသခင် အကြံတော်နှင့် သဟဇာတ ပြန်ဖြစ်ဖို့ကတော့ ဒီကနေ့ခမ္မအမှုတော်ဆောင် ဆရာ/မ အားလုံးရဲ့တာဝန်ပင် ဖြစ်ပါတယ် တစ်စုံတစ်ဦးကို လွှဲအပ်လို့ရတဲ့ အရာလည်း မဟုတ်ပါဘူး။ ကြည်ကြည်ဖြူဖြူ လက်ခံပြီး ရင်ဆိုင်ဖြေရှင်းရမယ့် ထာဝစဉ် ဝတ္တရားတွေသာဖြစ်ပါတယ်။ ဒီတာဝန်ဝတ္တရားတွေကို လက်ခံနိုင်ဖို့ ရင်ဆိုင်ကျော်လွှားအောင်မြင်နိုင်ဖို့အတွက် ခိုင်မာတဲ့ယုံကြည်ခြင်း အပြင် အလွန်တရာကျယ်ပြန့်လေးနက်တဲ့ အတွေးအခေါ်၊ အမြော်အမြင်တွေကို ဒီကနေ့ အမှုတော်ဆောင်ဆရာ/မတွေမှာ မရှိမဖြစ်ရှိကို ရှိမှဖြစ်မယ်။ ကျွန်ုပ်မိတ်ဆွေတစ်ဦးရဲ့သဘောထားသုံးသပ်ချက်ကို အပြုသဘောနဲ့တင်ပြလိုပါတယ်။ အကောင်းမြင်ရှုထောင့်မှသုံးသပ်ဝေဖန်ပေးကြပါလို့ တောင်းပန်ချင်ပါတယ်။

သူ့အဆိုကတော့ ဒီခေတ်အမှုတော်ဆောင်တွေမှာ လူမှုဝန်ထမ်းစိတ်ဓါတ် (Charity Minded) ရှိတဲ့သူဟာ အလွန်နည်းနေသေးတယ်။ အမှုတော်ဆောင်အများစုတာ စာရင်းစစ်စိတ်ဓါတ် (Auditing Minded) (သို့) မုဆိုးစိတ်ဓါတ် (Hunting Minded)သာ ရှိကြတယ်။ အမှုတော်ဆောင်အများစုမှာ ယုံကြည်ခြင်း အပြင် လူမှုဝန်ထမ်းစိတ်ဓါတ်ရှိလာမှ တို့လူမျိုး တိုးတက်ဖွံ့ဖြိုးမယ်၊ သခင်ယေရှုကိုယ်တော်တိုင်လည်း လူပေါင်းလေးထောင်ကို ဝိညာဉ်တရားရေတိုက်ကျွေးပြီးနောက်မှာ ခန္ဓာကိုယ်အတွက် လူမှုဝန်ထမ်းစိတ်ဓါတ်ဖြင့် ပေါင်မုန့်နှင့်ငါးနှင့် ကျွေးမွေးလိုက်သေးတယ်မဟုတ်လား။ နူနာဝဲစွဲသူတွေ၊ မျက်စိကန်းသူတွေ၊ နတ်ဆိုးစွဲသူတွေ၊ နှစ်ရှည်လများ ဖျားနာသူတွေ ရောဂါ အနာငြိမ်းစေတယ်မဟုတ်လား။ အဲဒါတွေဟာ ဒီကနေ့ တို့ခရစ်ယာန်တွေ ပါးစပ်ဖျားမှာ သီးနေတဲ့ ဥသုံခရစ်ယာန်သာသနာဆိုတာပါပဲ မဟုတ်ဘူးလား။ ဒီလူမှုဝန်ထမ်းစိတ်ဓါတ် (သခင်ယေရှု၏ စိတ်ဓါတ်) ဖြစ်တဲ့ ဥသုံသာသနာစိတ်ဓါတ်ဟာ ဒီကနေ့အမှုတော် ဆောင်ဆရာ၊ ဆရာမတို့ဆီမှာ အပင်သာရှိပြီး သိပ်ပြီးတော့ အသီးမသီးချင်သေးဘူးလားလို့ မေးခွန်း ထုတ်စရာတောင် ဖြစ်လာပါတယ်။

သိုးထိန်းကောင်းတို့မည်သည် သိုးများကို ထိန်းရုံ သက်သက်မဟုတ်ဘဲ ရေငတ်ချိန်တွင် ရေကြည်ရှိရာကိုခေါ်သွားတယ်။ အစာလိုအပ်ချိန်မှာ မြက်နုရှိရာကိုခေါ်သွားတယ်။ သားရဲတိရစ္ဆာန်တို့ သောင်းကျန်းချိန်မှာ ကာတွယ်စောင့်ရှောက်တယ်။ မောပန်းနွမ်းနယ်အားနဲ့ချိန်မှာ ပြုစုယုယခဲ့တယ်မဟုတ်လား။ တို့ချင်းလူမျိုးခရစ်ယာန်တွေ တို့ရဲ့တောတောင်သဘာဝတွေ ရေမြေစိမ့်စမ်းတွေ ဒီလောက်အထိပျက်စီးယိုယွင်းခြင်းရဲ့တရားခံဟာ ဒီကနေ့ အမှုတော်ဆောင်တွေဖြစ်တယ်လို့ အပြစ်တင်လိုခြင်း မဟုတ်ပေမယ့် အဲဒါတွေပြန်လည်ကောင်းမွန်ဖို့ဟာ ဒီကနေ့အမှုတော်ဆောင်ဆရာ/မတို့အားလုံးအပေါ်မှာ တာဝန်ဝတ္တရားအများကြီးရှိတယ်လို့ မိကျောင်းမင်းကို ရေခင်းပြတယ်လို့ခေါ်ခေါ် ဘုန်းကြီးကို စာချတယ်ပဲပြောပြော ရင်ဖွင့်စာ ပေးပို့လိုက်ခြင်းပါဗျာ. . . ။

ဝိတိုရိယတောင်ထိပ်ပေါ်က ဆုတောင်းသံ

ဖွန်ကာရ်ထန်း - FBCY

အခြိန်ကား ၁၂း၅၅ နာ၇ီဖြစ်သည်။

နေ့ရက်မှာ ခရစ်နှစ် ၂၀၀၃ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့၊ တနလ်ာ့နေ့ဖြစ်ပါသည်။

နေရာသည် ချင်းပြည်နယ်တွင် အပြင့်ဆုံး သောတောင်ဖြစ်သည့် ဝိတိုရိယတောင်(ခေါ်) နတ်မတောင်(ခေါ်) ခေါနုမ်သုန်းတောင်၏ အမှတ် (၂) တောင်ထိပ်တွင် ဖြစ်ပါသည်။

ဤနေရာ ဤတောင်ထိပ်ကို ရောက်အောင် တက်ဖို့ ကျွန်တော့်အမြဲတမ်းရည်ရွယ်ချက်ထားပါသည်။ ဤနေရာအပြင် ကျန်သောချင်းပြည်နယ်ရှိ နေရာများ (အနည်းဆုံးမြို့အဆင့်) အားလုံးသို့လည်း သွားရောက်လျက် ကိုယ့်လူမျိုး (ဆွေမျိုးညီအစ်ကို)တို့၏ဒေသများသို့ ရောက်ဖူးမြင်ဖူးနေဖူးမိတ်ဖွဲ့ဖူးချင်သော စိတ်ဆန္ဒသည် ကျွန်တော့်စိတ်ထဲတွင် ပြင်းပြလာသည်မှာ ကြာလှပြီဖြစ်၏။

သို့သော် ကျွန်တော်မွေးဖွားကြီးပြင်းရာ ဖလမ်းမြို့နှင့်အနီးဆုံးဟားခါးမြို့သို့ပင် တစ်ခေါက်မျှသာရောက်ဖူးပါသည်။ ဖလမ်းနှစ်ခြင်းအသင်းတော်၏ လူငယ်မိတ်သဟာယ (B.Y.F) အနေဖြင့် ဟားခါးနှစ်ခြင်းအသင်းတော် (B.Y.F) နှင့် မိတ်သဟာယအဖြစ် ဧဝံဂေလိခရီးသွားရောက်စဉ် ၁၉၇၅ခုနှစ်တွင် သွားရောက်လည်ပတ်ခွင့် ရခဲ့ခြင်း သာဖြစ်သည်။ ဤကဲ့သို့ ချင်းပြည်နယ် မြို့များသို့ ဆန္ဒရှိသော်လည်း ရောက်ခွင့်မကြုံရခြင်းမှာ ၁၀တန်းအထိ အ. ထ. ကဖလမ်းမှာ တက်ရောက်ပြီးဝိဇ္ဇာဘွဲ့သင်တန်းကို မန္တလေးတက္ကသိုလ်တွင်လည်းကောင်း၊ မဟာဝိဇ္ဇာဘွဲ့ကို ရန်ကုန်တက္ကသိုလ်တွင်လည်းကောင်းရယူပြီး၊ ၁၉၈၁ ခုနှစ်မှ စ၍ တက္ကသိုလ်ဆရာအဖြစ် ရန်ကုန်တက္ကသိုလ်တွင်ပင် အလုပ်မှ အနားယူသော ၁၉၉၂ ခု အထိ တာဝန်တမ်းဆောင်ခြင်းကြောင့်လည်းကောင်း၊ ဝန်ထမ်းအဖြစ်မှ အနားယူပြီး ရန်ကုန်မြို့တွင်ပင် နေထိုင်သောကြောင့်လည်းကောင်းစသည့် အကြောင်းမျိုးစုံကြောင့်ဖြစ်ပါသည်။

ကျွန်တော်ရောက်ဖူးချင်လှသော တောင်ပိုင်း ချင်းပြည်နယ်မြို့များအထဲမှ မင်းတပ်မြို့နှင့် ဝိတိုရိယတောင်ကို ရောက်ခွင့်ရခြင်းသည်လည်း မင်းတပ်မြို့မနှစ်ခြင်းအသင်းတော်၏သင်းအုပ်ဆရာ သိက္ခာတော်ရဦးထန်းငိုင်အွမ်နှင့်အဖွဲ့၏ဖိတ်ခေါ်စဉ်ပေးမှုကြောင့်သာဖြစ်ပါသည်။ သူတို့အားလုံးအပေါ် အထူးကျေးဇူးတင်ကြောင်းလည်း ဖော်ပြလိုပါသည်။

မင်းတပ်မြို့မှဖေဖော်ဝါရီလ ၃ ရက်နေ့

မနက် ၆း၀၀နာရီတွင် ဂျစ်ကား(စင်းလုံးငှါး)ဖြင့် ဝိတိုရိယတောင်ကိုဦးတည်လျက် စတင်ထွက်ခွာပါသည်။ တောင်ထိပ်ကိုဦးတည်ပြီးသွားသည် ဆိုသော်လည်း မင်းတပ်မြို့မှစထွက်ရာတွင် တောင်အောက်သို့စတင်ဆင်းရပါသည်။ မင်းတပ်မြို့အောက်မှာရှိသော ဇီးချောင်းသို့ (၄)မိုင်ခန့် **ဆင်း** ပြီးမှ တောင်ကိုစတင်တက်ရပါသည်။ ကားလမ်းသည် အသစ်စက်စက်ဖောက်လုပ်ခြင်းဖြစ်သောကြောင့် တစ်ချို့နေရာများတွင် လမ်းဖောက်လုပ်ရေးလုပ်သားများ မြေတူးမြေညှိစက်ကြီးများနှင့် ဖောက်လုပ်နေသည်ကို မြင်တွေ့ရပါသည်။ မင်းကပ်မှ မထွက်ခွာမီ လမ်းအခြေအနေသိလိုပါသဖြင့် ခရိုင် အင်ဂျင်နီယာ (ဆောက်လုပ်ရေး) ဦးငွန်ဆန်းအောင်ကို သွားပြီးမေးသောအခါ " အခုသွားမယ့်လမ်းဟာ ဝိတိုရိယသွားတဲ့လမ်းဖြစ်သလို မင်းတပ်-ကန်ပက်လက် ဆက်တဲ့လမ်းလဲဖြစ်ပါတယ်။ မနှစ် (၂၀၀၁)ခုကမှသာဒီလမ်းကို မော်တော်ကားများ စတင်သွားလို့ရပါတယ်. . " ဟု ရှင်းပြပါသည်။ ဤကဲ့သို့ ကားလမ်းမဖောက် နိုင်ခဲ့မှုများတွင် ခြေလျင်ဖြင့် သာသွားလာ နေကြကြောင်း၊ ဝိတိုရိယတောင် ရောက်ရန်လမ်းမှာ တစ်ညတာအိပ်ရကြောင်းလည်း ပြောပြပါသည်။

ဇီးချောင်းမှစတင်တက်သွားရာ တောင်ထိပ်နှင့်အနီးဆုံးရပ်နားစခန်းရောက်ဖို့ (၁၈)မိုင်ကျော်တက်ရပါသည်။ မင်းတပ်မြို့မှ (၂၂)မိုင်ဝေးသော တောင်ထိပ်နှင့် အနီးဆုံးကားလမ်းရောက်သည့်နေရာ (ရပ်နားစခန်း)သို့ မနက် (၁၀း၃၀)နာရီတွင် ရောက်နိုင်ပါသည်။ ထိုနေရာတွင် ဆရာတော် ထန်ဝိုင်အွမ်မိသားစုပြင်ဆင်ယူလာသောထမင်းကို စားသုံးပါသည်။

မနက် (၁၁း၀၀) တွင် ဂျစ်ကားနှင့်ကား ဆရာကို ထားခဲ့ပြီး ဆရာတော်မိသားစု၀င် (၅)ဦးနှင့်အတူ ခြေလျင်ဖြင့် တောင်တိပ်ဖက်ကိုစတင်တက်ရပါသည်။ခြေလျင်ခရီးလမ်းသည် ကျွန်ကော်ကဲ့သို့ တောင် ပေါ်သားတစ်ယောက် အတွက်ဆိုလျှင် **အ**တက်မကြမ်းလှပါ။ သာမန်တောင်ပေါ်လမ်းမျှ **သာ**ဖြစ်သည်။ လမ်းတလျှောက်သည်သစ်ပင်ကြီးများဖြင့်အုပ်ဆိုင်းသည့် နေရာရှိသကဲ့သို့ သစ်ပင်မပေါက်ဘဲ လွင်ပြင်လည်းဖြတ်ရပါသည်။ တောင်ဇလပ်ပန်းများသည် နေရာတိုင်းတွင် ဝိတိုရိယတောင်ကြောပြင်ကြီးကို အလှဆင်သကဲ့သို့ပွင့်ကြပါသည်။ ထိုလမ်းသည် ကန်ပက်လက်နယ်ရှိတစ်ရွာနှင့် တစ်ရွာသွားလာ ဆက်သွယ်သောလမ်းဖြစ်၍ ဒေသခံများအတွက် တောင်ထိပ်သည် ထူးဆန်းမှုမရှိဘဲ နေ့စဉ်ဖြတ်သန်း ရောက်ရှိပါသည်။

နေ့လည် ၁၂း၅၅ နာရီတိတိအချိန်တွင် ဝိတိုရိယတောင်၏ ၁၀၂၀၀ပေ မြင့်သောတောင်ထိပ်အမှတ်(၂)သို့ ရောက်ရှိနိုင်ပါသည်။ ကျွန်တော့်စိတ်ထဲတွင် ကြည်နူးမှုခံစားရသကဲ့သို့ ဝိတိုရိယတောင်ထိပ်ပေါ်သို့ ကျွန်တော်တကယ် ရောက်နေပြီလား? ဟူ၍ ကိုယ့်ကိုယ်ကို မယုံကြည်ဝံ့သည့်စိတ်ခံစားချက်ပင် ဝင်လာပါသည်။ ဝိတိုရိယတောင်တွင် တောင်ထိပ် အမှတ်(၁)နှင့် အမှတ် (၂)ဟူ၍ရှိရာ အမှတ်(၂) သည် ကားလမ်းနှင့်ပို၍ နီးသောကြောင့် ဦးစွာတက်ခြင်းဖြစ်ပါသည်။ တောင်ထိပ် အမှတ်(၁)သို့ရောက်ရန် နောက်ထပ် (၂) မိုင်ခန့်ဆက်သွားရပါသည်။ သို့သော် လမ်းခရီးသည် အတက်အဆင်းမရှိတော့ပေ။

တောင်ထိပ်အမှတ်(၂)ပေါ်တွင် ကားတိုင်ကို သစ်သားဖြင့်စိုက်ထူခဲ့ဖူးပါသည်။ သို့သော်လည်း တောမီးဒဏ်ကြောင့် ထိုသစ်သားကားတိုင်မှာ လောင်ကျွမ်းသောကြောင့် သစ်သားအပိုင်း

အစနှင့်တိုင်၏အောက်ခြေရင်းအဖြစ်ကျောက်ပြား များ၊ ကျောက်ခဲပုံများသာ ကျန်ရစ်သည်ကို တွေ့ရပါသည်။ တောင်ထိပ်ရောက် ရောက်ခြင်း ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းကာ အားလုံး ဆုတောင်းကြပါသည်။

"အဖထာဝရမြတ်စွာသောဘုရားသခင်၊ ဤကဲ့သို့သာယာလှပတဲ့**ဝိတိုရိယတောင်**ထိပ်ကို ရောက်လျက် ခြေချခွင့်ပေးတဲ့အတွက် ကျေးဇူး တော်ချီးမွမ်းပါတယ်။ . . ဤတောင်တန်းကြီးဟာ ချင်းလူမျိုးများကို ကွယ်ကာလျက်လုံခြုံမှုပေးတဲ့ တောင်ကြီးဖြစ်သလို အမိနိုင်ငံတော်အတွက်လဲ အနောက်ဖက်မှခံစစ်တံတိုင်းကြီးလို များများမတ် မတ်ကာကွယ်ပေးတဲ့တောင်တန်းကြီးဖြစ်ပါ တယ်၊ လူတိုင်းအတွက် မျှော်လင့်ချက်မွေးဖွားရာ တောင်ထိပ်ဖြစ်စေပါ. . ကျေးဇူးတော်ကို ချီးမွမ်းပါတယ်. . အာမင်. . "

အားလုံးဆုတောင်းပြီးမှပါလာသော ရေနွေးငွေ့နှင့်ကော်ဖီမစ်ကို ဖျော်ပြီးသောက်သုံး ကြပါသည်။ ကော်ဖီနွေး၏အရသာသည် ပို၍ ကောင်းသကဲ့သို့ခံစားမိပါသည်။ ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုပါသည်။ အရှေ့ဘက်ကို မျက်စိ တဆုံးဖွင့်ကြည့်ရာ ပုပွါးတောင်ကို မြင်တွေ့ နိုင်ပါသည်။ မြောက်ဖက်သို့ လှည့်ကြည့်ရာ မတူပီ မြို့သည်။ကျွန်တော်တို့၏ ခြေဖဝါးအောက်ရောက် သကဲ့သို့ အောက်စိုက် ကြည့်ရပါသည်။ တောင် ဖက်လှည့်ကြည့်ရာ စိမ်းလန်းစိုပြေသည့် သစ်တော ကြီးများသည် မျက်စိတဆုံးမြင်တွေ့နိုင်ပါသည်။ အနောက်ဖက်လှည့်ကြည့်ရာတွင်လည်း သစ်တောကြီးများဖြင့်ပင် ပြည့်သည်ကို မြင်တွေ့ ပါသည်။ ချင်းပြည်နယ်တွင် ဤမျှလောက် ထူထပ်လျက် ကျယ်ဝန်းသော သစ်တောကြီးများ ရှိနေပါလား. . ဟူ၍ ကြည်နူးမိပါသည်။

တောင်ထိပ်ပေါ်မှ ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာရန် အကောင်းဆုံးအချိန်သည် ဒီဇင်ဘာလဖြစ်ကြောင်း၊ ကျန်သောအချိန်များ တွင် မြူခိုး၊မီးခိုးနှင့်မိုးတိမ်များ ထူထပ်သော ကြောင့်မြင်ကွင်း မကောင်းကြောင်း သိရှိပါသည်။ ဤဒီဇင်ဘာလည်ချမ်းအချိန်တွင် မှန်ပြောင်းဖြင့် ကြည့်သော် ကာလကတ္တားမြို့ကိုပင် မြင်တွေ့နိုင် သည်ဟု ပြောစကားလည်းကြားရပါသည်။ ဝိတိုရိယတောင်ကို ပတ်လည်ဝိုင်းရံသော သစ်တောကြီးကိုအစိုးရမှ "နတ်မတောင် ဘေးမဲ့ သဘာဝဥယျာဉ်" အဖြစ် သတ်မှတ်ပါသည်။

ဤကဲ့သို့ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုလေ့လာချိန်တွင် ကျွန်တော့်စိတ်တဲတွင် ဆုတောင်းချက် အတွေးမြောက်များစွာ ပေါ် လာပါသည်။

ပထမဆုံးအတွေး(ဆုတောင်းချက်)သည် ချင်းတောင်တန်းတွင် နေထိုင်သည့်ချင်းလူမျိုးအ ကြောင်းဖြစ်သည်။ ဘာလုံးကွင်းတစ်ကွင်းစာမျှ မြေပြန့်ပင်မရှိ၊ အဖိုးတန်ကျောက်မြတ် ရတနာ ကင်းမဲ့လျက် စိုက်ပျိုးရန်မြေဩဇာညံ့ဖျင်းသည့် ဤဒေသတောင်ပေါ်တွင် အခြေချလျက် နေထိုင် ကြသောချင်းလူမျိုးများအတွက် တစ်ခုတည်း သောမျှော်လင့်ချက်သည် သုံးပါးတစ်ဆူ ဘုရား သခင်၏ကယ်တင်ခြင်း အလင်းတော်ပင် ဖြစ်ပါ သည်။ ဤအလင်းတော်ကြောင့် လူကဲ့သို့ ဝတ်တတ်စားတတ်လာသည်။ ပညာသင်ပြီး ပညာတတ်၊ အမျိုးကို ချစ်တတ်သောလူဖြစ်လာ သည်။ နေထိုင်သော ဒေသန္တရဖထဝီနယ်မြေ၏ အတားအဆီးကြောင့် အနည်းငယ်စီကွဲပြားသော ချင်းလူမျိုးများ၏ ဘာသာစကားသည်လည်း အလင်းတော်အားဖြင့်ပင် အချင်းချင်း ပိုမို နားလည်သဘောပေါက်လာကြမည်။ ညီအစ်ကို

ဖြစ်ကြောင်း သဘောတရားသက်သက် မဟုတ်ဘဲ **လက်**တွေ့ကျင့်သုံးလာနိုင်စေရန် ဆုတောင်းပါသည်။ ဝိတိုရိယတောင်တန်းကြီး၏အရိပ်အောက်တွင်လုံခြုံပြီး ဝလင်စွာစားသောက်နေထိုင်နိုင်သော အခွင့်ပေးသနားရန် ဆုတောင်းပါသည်။

မတ်တပ်ရပ်လျက် တောင်ထိပ်ပေါ်တွင် ငြိမ်သက်စွာဆုတောင်းပြီးသည့်နောက် ခြေထောက်ညောင်းလာသောကြောင့် ထိုင်ချကာ ဆက် ပြီး ဆုတောင်းပါသည်။ အဖိုးတန်တွင်းထွက်၊ သစ် တောထွက်မရှိသော ဤချင်းတောင်တန်းကြီးကို အဖိုးတန်လာအောင် ဘယ်လိုလုပ်မည်နည်း။ အတွေးထဲတွင် ၁၉၈၅ ခုနှစ်တုန်းက အစိုးရ၏ စေလွှတ်မှုဖြင့် အီတလီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဂျာမနီ၊ ဟော်လန်၊ ဘယ်လဂျီယံနိုင်ငံများသို့ သွားသည့် ခရီးစဉ်၏ အတွေ့အကြုံများကို မြင်ယောင်မိလာပါသည်။ အထူးသဖြင့် တောင်တန်းများဖြင့် ပြည့်နှက်သော ဆွစ်ဇာလန်မြင်ကွင်းကို တွေးမိပါသည်။

ချင်းတောင်တန်းတွင် မြစ်ချောင်းများစွာရှိပါသည်။ မဏိပူရမြစ်၊ လေးမြို့မြစ်နှင့် ချောင်းကြီး ချောင်းငယ်များစွာ စီးဆင်းသောဒေသဖြစ်ပါသည်။ ဤမြစ်များ၊ ချောင်းများပေါ်တွင် ယနေ့အားရစရာကောင်းသော မြန်မာအင်ဂျင်နီယာများ၏ ကျွမ်းကျင်မှု အတတ်ပညာဖြင့် ဆည်များ၊ ရေကာတာကြီးများ တည်ဆောက်ခိုင်းကြည့်ပါသည်။ ဥပမာ- ချင်းပြည်နယ် အနောက် မြောက်ဖက်မှ အရှေ့ ဖက်သို့စီးဆင်းလာသော မဏိပူရမြစ်ကို ကလေးမြို့နယ် နတ်ချောင်းရွာ အထက်နား မှ ပေ၁၀၀၀ကျော် မြင့်သော ရေကာတာကြီး တည်ဆောက်လျှင် မြစ်တလျှောက်မိုင်ပေါင်းများစွာအထိ ရေအိုင်ရေကန်ကြီးဖြစ်လာနိုင်ပါသည်။ မည်မျှအကျိုးဖြစ်ထွန်းမည်နည်း။

ပထမဆုံးအကျိုးသည် ရေကာတာအမြင့်မှစီးထွက်လာသောရေအားသည် လျှပ်စစ် မာတ်အားလည်ပတ်ရန်အတွက် အလွန်ကောင်းပါသည်။ လျှပ်စစ်မါတ်အား ကီလိုဝပ်များစွာထုတ်လုပ်နိုင်မည်။ ချင်းပြည်နယ် အပြင်စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း အထိမါတ်အားဖြန့်ဖြူးနိုင်မည်။ ချင်းတောင်တန်းတစ်ခုလုံးလင်းထိန်လာမည်။ စက်မှုလက်မှုလုပ်ငန်း ပေါ်ပေါက်တိုးတက်လာမည်။ လျှပ်စစ်မါတ်အားပိုလျှံလာပါက တောင်တစ်ခုနှင့်တစ်ခုမါတ်အားသုံးသံကြိုးတပ်ယာဉ်များ တပ်ဆင်ကာ အလွယ်တကူသွားလာနိုင်မည်ဖြစ်ပါ သည်။

မြစ်၊ ချောင်းများ ရေကာတာဖို့ကာရေအိုင်ကြီးများဖြစ်စေခြင်း၏ဒုတိယအကျိုးဆက်သည် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလာမည်ဟု မြင်ယောင်မိသည်။ ရေကန်ကြီး၊ ဆည်ကြီးများ**ပေါ်တွင်** စက်လှေများ၊ အမြန်ရေယာဉ်များ**သုံးစွဲခွင့်ရ** နိုင်မည်ဖြစ်၍ သွားလာရေး၊ **ကူးလူးဆက်ဆံရေး** ချောမွေ့လာမည်ဖြစ်သည်။

တတိယအကျိုးဆက်မှာ ငါးမွေးမြူရေးကို တွင်ကျယ်စွာ လုပ်ကိုင်နိုင်မည်ဖြစ်၏။ ဆည်ရေ၊ ချောင်းရေအိုင်ကြီးထဲတွင် ငါးမျိုးစုံမွေးမြူလာနိုင်မည်ဖြစ်၍ဒေသခံပြည်သူများစားသုံးမှုဖူလုံသည့် အပြင်ပတ်ဝန်းကျင်ဒေသများသို့လည်း ဖြန့်ဖြူးရောင်းချနိုင်မည်။ နောက်အကျိုးဆက်တစ်ခုက ရေကန်ကြီးများ၊ ဆည်ကြီးများကို မှီခိုလျက် ဥယျာဉ်ခြံစိုက်ပျိုးရေးဖြစ်ထွန်းလာနိုင်ပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်မှ အမြဲစိုက်ပျိုးစနစ်သို့ ပြောင်းလဲလာနိုင်ပါသည်။ ဤသို့ဖြင့် ချင်းလူမျိုးများ၏စီးပွားရေးနှင့် အသက်

မွေးဝမ်းကျောင်းပုံစံလည်း ပြောင်းလဲတိုးတက်လာကာ ခေတ်မှီတိုး နိုင်မည်ဖြစ်သည်။

တောင်ထိပ်ပေါ်တွင်ထိုင်လျက် မျက်စိမှိတ်ပြီး ဆက်လတ်စိတ်ကူးယဉ်ပါသည်။ ကုလားတန်မြစ်ကို စက်ယန္တရားကြီးများ အသုံးပြုလျက်ချဲ့ထွင်ပြုပြင်မည်ဆိုလျှင် ပလက်ဝမြို့အထိ ပင်လယ်ကူးသင်္ဘောများဆိုက်ကပ်နိုင်မည်ဟု တွက်မိပါသည်။ ရေအိုင်ကြီးများပေါ်တွင် ကမ္ဘာ့အလှဆုံးတံတားများတည်ဆောက်နိုင်ပါသည်။ ပန်းပင်မျိုးစုံသည် ရေကန်ဘေးတစ်ဖက်စီတွင် လှပစွာပွင့်လန်းလာမည်။ ဤသို့ဖြင့် ချင်းကောင်တန်းတစ်ခုလုံး ရေအိုင်ကြီးများ၊ ကောင်းကင်ဓါတ်ကြိုးယာဉ်များ၊ ကံကားများပြည့်ပြီး နေ့ညမရွေး ထိန်ထိန်လင်းကာ ပန်းခြံများဖြင့် အလှဝေဆာမည်ဖြစ်ပါသည်။ ဝေဟင်မှငုံ့ကြည့်လျှင် ဒစ္စနီလဲင်းဥယျာဉ်အကြီးစား သဖွယ် ကြည့်ချင်စဖွယ်၊ သွားလာလည်ပတ်ချင်စဖွယ်ကောင်းသောဒေသဖြစ်လာမည်ဖြစ်သည်။ တောင်ပေါ်မြို့များသည်လည်း ဟောလိဝုဒ်ရုပ်ရှင် မြို့တော်အလားလေကောင်းလေသန့်ရှင်းရှိုက်နိုင် သောမြို့များအဖြစ် ထင်ရှားလာမည်။

ဤအခြေအနေ၊ အဆင့်မျိုးဖြစ်လာလျှင် ချင်းတောင်တန်းသို့လာရောက်လည်ပတ်လိုသူများ ပြားကာ စက်ရုံကြီးများ၊ မိုးပျံတိုက်များမရှိဘဲ သဘာဝအလှအားဖြင့် ကမ္ဘာလှည့်ခရီးသည်များစွာ တို့၏ဆုံဆည်းနားခိုရာဒေသဖြစ်လာနိုင်ပါသည်။ ကျွန်တော်သည် ထပ်၍စဉ်းစားပါသည်။ ကျွန်တော်ရူးနေပြီလော. . . ဝိတိုရိယစောင့်နတ်များ၏ဖမ်းစားခြင်းခံပြီလား. . မဖြစ်နိုင်သည်များကို တွေးတောစဉ်းစားနေပြီလား. . ဟူ၍ကိုယ့်ကိုယ် ကိုဆန်းစစ်ကြည့်မိပါသည်။

" ထိုအရာများသည် စိတ်ကူးယဉ်ဆုတောင်းချက်များဖြစ်သော်လည်း လက်တွေ့တွင် အမှန်ဖြစ်လာနိုင်သောအရာများသာဖြစ်ပါသည်" ဟု မှတ်ချက်ပြုပါသည်။ ထိုအရာများလက်တွေ့ဖြစ်လာစေရန်အတွက်လည်း ဝိတိုရိယတောင်ကြီးကို တိုင်တည်လျက် ဘုရားရှင်ထံဆက်လက်ဆုတောင်းမိပါသည်။

ဝိတိုရိယတောင်ထိပ်တစ်နေရာတွင် တစ်ယောက်တည်းထိုင်ပြီး ဆုတောင်းချိန်သည် မိနစ် ၂၀ခန့်ကြာလာသောအခါ အဖော်များမှ ဓါတ်ပုံရိုက်ရန်လာခေါ်သောကြောင့် မတ်တပ်ထကာ ဓါတ်ပုံရိုက်ကြပါသည်။ ပါလာသောဗီဒီယိုကင်မရာနှင့်လည်း မှတ်တမ်းတင်ရိုက်ကူးကြပါသည်။ ဆရာတော်အွမ်သည် ကျောက်ပြား တစ်ချပ်ပေါ်တွင် ဓါးဖြင့်ခြစ်ကာ စာရေးနေသည်။ " Phun K. Thang & Thang N. Om 3.2 2003" ဟု ရေးခြစ်ပါသည်။ ဤကျောက်ပြားရှိနေသရွေ့ ထိုနာမည်များလည်း ထောင်ထိပ်ပေါ်တွင် ကျန်ရှိနေမည်သာဖြစ်ပါသည်။

တောင်ထိပ်အမှတ်(၁)ပေါ်တွင် ဗုဒ္ဓဘာသာစေတီတစ်ဆူတည်ထားပါသည်။ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသော မြန်မာနိုင်ငံတွင် စေတီတည်သည်ဖြစ်စေ၊ လက်ဝါးတပ်တိုင်စိုက်ထူသည်ဖြစ်စေ၊ သင့်လျော်သောအမှုဟုမြင်မိကာ ပီတိပင်ဖြစ်မိပါသည်။

ညနေ ၂း၃၀ နာရီလောက်တွင် တောင်ထိပ်မှဆင်းလာကာ အသင့်စောင့်နေသော ဂျစ်ကားပေါ်တက်၍ အပြန်ခရီးစတင်ပါသည်။ မင်းတပ်မြို့ မှ (၁၀)မိုင်ခန့် ဝေးသော "အေးဇာခန်"ရွာ (အေးစခန်း ဟုခေါ်သည်) တွင် ညစာစားရမည်ဟု သိရသည်။ ထိုရွာသားများသည် ချင်းရာစုသာသနာ (C.C.O,C)ကြောင့် နတ်ဘာဆာမှခရစ်ယာန် ဘာသာသို့ ပြောင်းလဲ

လာကြောင်းသိရပါသည်။ ထိုရွာမှ အသင်းတော်၏ စေတနာအပြည့်ဖြင့် တည်ခင်းသော ညစာကို ဝလင်စွာသုံးဆောင်ပြီး ခရီးဆက်ထွက်ရာ မင်းတပ်မြို့သို့ ညဉ့်ဝဝနာရီ တွင် ချောမောစွာပြန်လည်ရောက်ရှိနိုင်ပါသည်။

ဝိတိုရိယတောင်ထိပ်ပေါ်မှ ကျွန်တော်၏ ဆုတောင်းချက်များကို ညအိပ်ရာဝင်ခါနီးဆုတောင်းသောအခါ၌ ပြန်လည်သတိရပါသည်။ ချင်းတောင်တန်းပေါ်တွင် အဖိုးတန်တွင်းထွက်ဆိုတာ ဗလာနတ္ထိဖြစ်ပေမယ့် ချင်းလူမျိုးများရဲ့ဦးနှောက်ဥာဏ်ကို အဖိုးတန်ကျောက်မြတ်ရတနာတွင်းကြီးဖြစ်စေပါ၊ ရေနံဓါတ်ငွေ့သိုက်ကြီးဖြစ်စေပါ၊ စိန်ရွှေရတနာတွင်းဖြစ်စေပါ၊ ကိုယ်တော်ပေးလားတဲ့ချင်းတောင်တန်းကြီးကို အလှဆင်နိုင်တဲ့ ဦးနှောက်၊ နှလုံးသားပိုင်ရှင်များ ဖြစ်စေပါ" ဟူ၍ ဆက်လက်ဆုတောင်းပါတော့သည်။

(ဤဆောင်းပါးဖြင့် ချင်းခရစ်ယာန်ရာပြည့် သဘင်၊ ခေါ်ဆ အား ကြိုဆိုဂုဏ်ပြုပါသည်။- စာရေးသူ)

ချင်းခရစ်ယာန်ရာပြည့်သာသနာအား ဂုဏ်ပြုလျက်

အယ်လ်ဇော်လ သီဆိုထားသည့်

သခင့်အထွက်ဆန္ဒ

အပါအဝင်

ဝိညာဉ်ရေးရာ သမ္မာတရားနှင့်ဘဝအသိပေး

ဓမ္မတေးများ

ရာပြည့်ဓမ္မသဘင်ပွဲတော်ကြီးအမှီ ထွက်ပေါ်လာပါမည်။

စောင့်မျှော်လျက်ဆုတောင်းပေး ရင်းအား မွေးထားကြပါရန်...

မတူလူမျိုးနှင့်ခရစ်တော်၏အလင်း ဧဝံဂေလိသတင်းကောင်း

Revd. Van Peng (မြန်မာနိုင်ငံကျမ်းစာအသင်း)

အထီးကျန်နယ်မြေ

၁၈၈၉ ခုနှစ်၊ မတ်လ ၁၅ရက်နေ့သည် ချင်းလူမျိုးများအတွက် ဧဝံဂေလိသတင်းကောင်း စတင်ရောက်ရှိသည့်သမိုင်းမှတ်တိုင်ကြီးဖြစ်သကဲ့သို့ ၁၉၀၅ခုနှစ်၊ မေလ (၁၁)ရက်နေ့သည်လည်း ပထမဆုံးသောဝိညာဉ်ရိတ်သိမ်းသည့်နေ့ဖြစ်၍ ယနေ့အနှစ် (၁၀၀)ပြည့်သည့်နေ့၌ ကျေးဇူးတော်ကို တစ်မျိုးသားလုံးက ချီးမွမ်းကြရပါသည်။

၁၈၈၅တွင် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်တွင် London Baptist Missionary Society မှ F.W.Savidge နှင့် J.H. Lorraine က မျိုးစေ့ကြဲခဲ့ကြောင်းနှင့် ၁၉၀၇ခုနှစ်၊ ဖေဖော်ဝါရီတွင် R.A. Lorraine ဇနီးမောင်နှံတို့ကလည်း သွေးချင်း Mara (Miram) များထံ သတင်းကောင်းယူဆောင်ခဲ့ကြောင်းသိရှိရသည်။

ပလက်ဝမြို့နယ်တွင်လည်း ၁၉၃၂၌ Church of England မှ Roland ကလည်း ခူမီး (Khumi) များထံ သတင်းကောင်းမျိုးစေ့ကြဲခဲ့လေသည်။

ထိုအချိန်အခါကာလများတွင် မတူ(Matu)များသည် မိရိုးဖလာနတ်ကိုးကွယ်လျက် မိမိတို့ရိုးရာဓလေ့ထုံးတမ်းအသက်တာ၌ ပျော်မွေ့ကြသည်။ တစ်ရွာနှင့်တစ်ရွာအချင်းချင်းသတ်ခြင်း၊ တစ်ဦးအငြိုးရှိလျှင် အမျိုးထဲမှတစ်ဦးဦးအား အကြွေးကဲ့သို့ ပြန်လည်တုန့်ပြန်ကလဲ့စားချေခြင်း၊ ဖျားနာလျှင် ခေတ်မီဆေးဝါးမရှိ၊ အိမ်မွေးတိရစ္ဆာန်အကောင်များဖြင့် နတ်ပူဇော်ခြင်းနှင့် ရိုးရာတိုင်းရင်းဆေးနှင့်ကုထုံးများဖြင့် သာကုသခြင်း၊ စာပေမရှိ၊ စာသင်ကျောင်းမရှိ၊ ခေတ်ပညာသင်ကြားခြင်းမရှိ၊ အခြားသောဒေသများသို့ ပေါက်ရောက်ခြင်းမရှိ၊ ကူးသန်းရောင်းဝယ်ခြင်းမရှိ၊ မိမိတို့၏ရိုးရာတောင်ယာစိုက်ပျိုးခြင်းနှင့် အိမ်မွေးတိရစ္ဆာန်များ တစ်နိုင်မွေးမြူပြီး ရေမြေသဘာဝမြေဩဇာကောင်း၍ ဆန်ရေစပါး၊ သားငါး ပေါကြွယ်ဝသောကြောင့် မိမိတို့လူနေမှုဘဝရောင့်ရဲတင်းတိမ်ကာ သတင်းကောင်းမကြား၊ လာရောက်ဟောပြောသူမရှိ၊ ချင်းညီအစ်ကိုများအလယ်တွင် အထီးကျန်ရစ်ခဲ့လေသည်။

ထိုစဉ်က နယ်မြေအုပ်ချုပ်ရေး

၁၉၂၀ခုနှစ် နောက်ပိုင်း၌သာ မတူ(Matu)တို့နေထိုင်ရာဒေသသို့ ဗြိတိသျှများအုပ်ချုပ်ရေးအရ ရောက်ရှိလာကြသည်။ မတူပီမြို့နယ်ကို ထိုစဉ်က ဟားခါးမြို့နယ်တွင် ပါဝင်စေပြီး ဟားခါးတောင်ပိုင်းဟူ၍ အုပ်ချုပ်ခဲ့သဖြင့် တိုင်းမင်းကြီး Col. Burne သည် ဦးဆုံးရောက်ရှိသူဖြစ်သည်။ ၁၉၂၇ခုနှစ် ရွာခေါင်းဆောင်များက ဗြိတိသျှများအား အတွေ့မခံခြင်း၊ အခွန်မပေး

လိုခြင်းနှင့် တူမီးသေနတ်များ မအပ်နှံခြင်းကြောင့် မတူပီရွာမနှင့် နှော်တဲအများကို မီးရှို့ခဲ့သည်။ Revd. J.H.Cope သည် ၁၉၃၀နှင့် ၁၉၃၈တို့တွင် မတူနယ်ထဲသို့ ရောက်ရှိသော်လည်း အကျိုးဆောင်ပညာအုပ်အနေဖြင့်သာ ရောက်ရှိ၍ သတင်းကောင်းမဟောကြားခဲ့ပေ။

၁၉၅၁တွင် မတူပီနယ်သို့ Revd. Dr. Johnson ရောက်ရှိခဲ့သည်။ သူက မတူပီနှင့် ကန်ပက်လက်ဒေသများအတွင်း နေထိုင်ကြသော ညီအစ်ကိုများထံသို့ American Baptist Mission က ဝိညာဉ်ပျိုးကြရန် သာသနာပြုမစေလွှတ်သည့်အတွက် ဟားခါး၊ ဖလမ်း၊ တီးတိန်ဒေသရှိ သွေးချင်းများကဲ့သို့ မတူပီကန်ပက်လက်ဒေသရှိ သွေးချင်းများသည် ခရစ်တော်၏အလင်းမရရှိသောကြောင့် စိတ်မကောင်းဖြစ်မိပါကြောင်းဖြင့် သူ၏ History of American Baptist Chin Mission စာအုပ်တွင် ရေးသားလေသည်။

မတူများအတွက် ချင်းလူမျိုးထဲမှကြယ်တစ်ပွင့် Revd. That Dun

ထန်တလန်မြို့နယ် Tluangram ရွာမှ Sya That Dun သည် ချင်းလူမျိုးများထဲမှ ဝိညာဉ်မျိုးစေ့ကြဲသူ ခရစ်ယာန်သာသနာပြုအဖြစ် ၁၉၄၄၊ မေလ (၁၂)ရက်နေ့တွင် မတူပီမြို့နယ်၊ ငလိုင်ကျေးရွာ၌ စတင်အခြေချကာ မတူများထဲတစ်ရွာဝင်တစ်ရွာထွက် သတင်းကောင်းဟောကြားခဲ့သည်။

Revd. That Dun သည် မိဘနှစ်ပါးဖြစ်သည့် Pu Do Tun နှင့် Pi Do Par တို့၏ဒုတိယမြောက်သားဖြစ်သည်။ ၁၉၄၀ပြည့်နှစ်တွင် Belhar ရွာ Pu Tial Kung နှင့် Pi Far Hniang တို့၏သမီး ဒေါ် Tial Fam နှင့် အိမ်ထောင်ပြုခဲ့သည်။ ၁၉၀၆ခုနှစ် စက်တင်ဘာလ (၇)ရက်နေ့တွင် မွေးဖွားသည်။ ၁၉၂၅ခုနှစ် အိန္ဒိယနိုင်ငံ Serkawr ရွာ၌ ခရစ်ယာန်သာသနာပြု Lorraine ကျမ်းစာကျောင်းတွင် ဓမ္မပညာကို ၄လ သင်ယူခဲ့သည်။ ၁၉၃၃ခုနှစ်တွင် Revd. Leng Kham က ဆရာအား နှစ်ခြင်းပေးခဲ့သည်။ ၁၉၄၄ မတ်လတွင် Vanzang ရွာ၌ ကျင်းပသော ချင်းနှစ်ခြင်း ခရစ်ယာန်စည်းဝေးကြီးတွင် ဆရာ၏လျှောက် ထားချက်အရ မတူများထံ ဧဝံဂေလိဟောကြား ရန်နှင့်တစ်နှစ် ရှုပိဒွေ ၂၄၀/-ထောက်ပံ့ရန် သဘောတူညီဆုံးဖြတ်ခဲ့ကြသည်။

ဆရာကြီးသည် ၁၉၄၈၊ မတ်လ (၁၂)ရက်နေ့တွင် Satawm ၌ ကျင်းပသော ချင်းနှစ်ခြင်းခရစ်ယာန်စည်းဝေးကြီး၌ သိက္ခာတင်ခြင်းခံရလေသည်။ ဆရာကြီးသည် မတူခရစ်ယာန်အသင်းတော်ကို စတင်တည်ထောင်ပြီး ဦးစီးဆောင်ရွက်သတဲ့သို့ ၁၉၅၇၌ ဖွဲ့စည်းသော Zog-Matu Association ကိုလည်းကောင်း၊ ၁၉၆၃ခုနှစ်တွင် ဖွဲ့စည်းသော Matu Baptist Association ကိုလည်းကောင်း ဦးဆောင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၆၇ခုနှစ်တွင် မတူအားလုံး ၉၉% ယုံကြည်သူဖြစ်ကြသည်။ ဆရာကြီးသည် ၁၉၆၇ခုနှစ်၊ ဒီဇင်ဘာတွင် ခေါ်တော်မူခြင်းခံရသည်။ သားသမီးရှစ်ဦး ကျန်ရစ်ခဲ့သည်။

Sya Pa Hrek နှင့် Sya Than Ceu

ဆရာကြီးထပ်ဒွန်းကဲ့သို့ပင် ဒုတိယအသုတ်အဖြစ် ခရစ်ယာန်သာသနာပြုလာကြသော ဆရာကြီးများမှာ ဆရာ Pa Hrek နှင့် ဆရာ Than Ceu တို့ဖြစ်ကြသည်။ Sya Pa Hrek သည် ထန်တလန်မြို့နယ် Thlualam ရွာမှဖြစ်၍ ဆရာကြီးထပ်ဒွန်းနှင့်မရွေးမနှောင်း ၁၉၄၅ခုနှစ်တွင် မတူနယ်သို့ရောက်ရှိလာပြီး Cangtak ရွာ၌ အခြေပြုနေထိုင်ကာ အမှုတော်မြတ်ကို ထမ်းဆောင်ပြီး ၁၉၅၇ခုနှစ်တွင် ကျန်းမာရေး

အခြေအနေကြောင့် မိမိနေရပ်ဌာနေသို့ ပြန်သွားခဲ့သည်။

Sya Than Ceu သည် ၁၉၅၃ ထန်တလန်မြို့နယ် Belhar ရွာမှ မတူများထံ ဧဝံဂေလိတရားဟောရင်း ဓမ္မတေးသီချင်းသင်ကြားပေးသူဆရာဖြစ်သည်။ နှစ်ပေါင်းများစွာ အမှုတော်ထမ်းဆောင်ပြီး ၁၉၇၀ ခုနှစ်တွင် မိမိနေရပ်ထန်တလန်မြို့သို့ ပြန်သွားလေသည်။

အဦးသီးသောအသီးအပွင့်

ဆရာကြီးမျိုးစေ့ကြဲခဲ့သော ဧဝံဂေလိသတင်းကောင်းအသီးအပွင့်အဖြစ် စံတပ်ရွာမှ An Tawi လာလွိရွာမှ Tlung Lai ငလိုင်ရွာမှ Kap Lai နှင့် Rang Song တို့သည် အဦးပြောင်းလဲသူများဖြစ်ကြသည်။ TlungLai သည် စစ်တပ်ထဲတွင် နှစ်ခြင်းခံရပြီးသူဖြစ်ပြီး An Tawi မှာ ၁၂-၃-၁၉၄၈ Satawm ရွာ Zomi Baptist အစည်းအဝေးကြီး၌ နှစ်ခြင်းခံသည်။ Rang Song နှင့် Kap Lai တို့အား ဆရာကြီးထပ်ဒွန်းကိုယ်တိုင်က ၁၂-၆-၁၉၄၈တွင် နှစ်ခြင်းပေးခဲ့သည်။

၃၁-၂-၁၉၅၁ ခုနှစ်၊ ထန်တလန်မြို့နယ်မှောင်တလန်ရွာတွင် ကျင်းပသော ဇိမီးနှစ်ခြင်းခရစ်ယာန်စည်းဝေးကြီး၌ မတူခရစ်ယာန်အသီးအပွင့်ကို အောက်ပါအတိုင်း ဆရာကြီးက တင်ပြအစီရင်ခံခဲ့သည်။

နှစ်ခြင်းခံပြီးသူ	-	၁၂၆
ခရစ်ယာန်စုစုပေါင်း	-	၄၂၈
အလှူတော်ငွေ	-	၅၀၆ ကျပ်

နယ်အဖွဲ့များဖွဲ့စည်းခြင်း

၁၉၅၇ခုနှစ် ရောက်သောအခါ မတူခရစ်ယာန်နယ်သည်လည်းကောင်း၊ ဇိတုန်ခရစ်ယာန်နယ်သည်လည်းကောင်း၊ နယ်အဖွဲ့အဖြစ် ဖွဲ့စည်းရပ်တည်နိုင်သည့်အင်အားမရှိကြသေးသောကြောင့် နှစ်ဖွဲ့သဘောတူညီချက်ဖြင့် Zo-Matu နှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့ကို ၉-၃-၁၉၅၇ နေ့တွင် ဖွဲ့စည်းခဲ့ကြသည်။

ထို့နောက် ၁၉၆၃ခုနှစ်ရောက်သောအခါ သီးသန့်နယ်အဖွဲ့အဖြစ် ရပ်တည်နိုင်သောအင်အားအသီးသီးရှိလာကြပြီဖြစ်၍ ၁၉၆၃ခုနှစ်၊ ဖေဖော်ဝါရီ(၁၃)ရက်နေ့တွင် Leisin ရွာအစည်းအဝေးကြီး၌ Matu Baptist Association ကို ဖွဲ့စည်းထည်ထောင်ခဲ့လေသည်။

အမှုဆောင်ကော်မတီ-

Revd. That Dun	ဥက္ကဋ္ဌ
Revd. Pan Kuem	ဒု-ဥက္ကဋ္ဌ
Saya Khua Su	အထွေအထွေအတွင်းရေးမှူး
Revd. Rengma	တွဲဘက်အတွင်းရေးမှူး
Revd. Cang Sul	ဘဏ္ဍာထိန်း
Revd. Ngai Tim	တွဲဘက်ဘဏ္ဍာထိန်း
Upa Ca Lu	အဖွဲ့ဝင်
Upa Cang Kik	အဖွဲ့ဝင်
Upa Pa Ngo	အဖွဲ့ဝင်
U A Yong	အဖွဲ့ဝင်
U Yung Nawn	အဖွဲ့ဝင်

အနှစ် ၅၀ ပြည့်ပြီ

ဆရာတော်ထပ်ဒွန်းသတင်းကောင်းယူဆောင်လာသည့် နှစ်၅၀ပြည့်သည့် ၆-၃-၁၉၉၄ နေ့ရက်တွင် မတူနှစ်ခြင်းခရစ်ယာန်အဖွဲ့က ကျေးဇူးတော်ချီးမွမ်းသည့် ယုဘိလဓမ္မသဘင်ပွဲတော်ကို မတူပြိမြို့၊ မြို့မအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

Matu များကို မြင့်တင်ပေးသောဧဝံဂေလိသတင်းကောင်း

၁၉၄၄ခုနှစ်တွင် သန္ဓေတည်ခဲ့သော ဧဝံဂေလိသတင်းကောင်းသည် တဆေးကဲ့သို့

ပြန်.နှံ့.လျက်တစ်နယ်လုံး ယုံကြည်သူများဖြစ်လာကြပြီး ၁၉၇၀ခုနှစ်အထိ နှစ်ခြင်းခရစ်ယာန်အသင်းတော်တစ်ပါးအဖြစ် တစ်လုံးတစ်ဝတည်းရပ်တည်လာခဲ့သည်။

၁၉၆၃ခုနှစ်နောက်ပိုင်းတွင် ပရက်စဘီတေးရီယန်အသင်းတော်၊ အထက်မြန်မာပြည်မက်သဒစ်အသင်းတော်နှင့် ၁၉၇၀ပြည့်နှစ်နောက်ပိုင်းတွင် Evangical Free Of Myanmar, Christian Reformed Church, Seventh Day Adventist, Church of the Lord Jesus Christ (IKK), Salvation Army, Catholic Church အသင်းတော်များ၊ ၁၉၉၀ပြည့်နှစ်နောက်ပိုင်းတွင် Assembly of God, Myanmar Apostolic Church, Dai Christian Church, The Word of Life Church, New Hope Church, Evangelical P resbyterian Church နှင့်အခြား Penticostal အသင်းတော်များပေါ်ပေါက်လာသည်။

၁၉၉၂ခုနှစ်တွင် နှစ်ခြင်းအသင်းတော်၌ Matu Association of Baptist C hurch နယ်အဖွဲ့သစ်တစ်ဖွဲ့ဖွဲ့စည်းပေါ်ပေါက်လာသည်။

အသင်းတော်ဂိုဏ်းဂဏအသီးသီးပေါ်ပေါက်လာခြင်းသည် ယခုခေတ်ကာလတိုးတက်သောကမ္ဘာကြီး၏ရေစီးကြောင်းပင်ဖြစ်၍ မတူလူမျိုးများပိညာဥ်ရေးမှသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအဘတ်ဘက်တိုးတက်လျက်မြင့်တင်ပေးသောခရစ်တော်၏အလင်းပင်ဖြစ်ပေသည်။

ဇိမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ ၁၉၄၈ခုနှစ်တည်ထောင်ပေးခဲ့သော Union Theological School မှသည် ယခုအခါတဆင့်မြင့်၍ Union Theological College အဖြစ်မတူနှစ်ခြင်းအသင်းတော်များက ဆက်လက်ပုံခဲ့ပြောင်း တာဝန်ယူနိုင်ခဲ့သည်။

ဇိမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏အနှစ်တစ်ရာကာလသက်တမ်းခရီးတွင် တာလသက်တမ်းထက်ဝက်ခရီးဖြင့် နောက်ကျန်ရစ်ခဲ့ရသောကြောင့်ဘာသာရေးပညာရေး၊အတတ်ပညာပိုင်းဆိုင်ရာဘက်တွင် အခြားသောချင်းညီအစ်ကိုများနှင့် အလှမ်းကွာခြားခဲ့ရခြင်းဖြစ်သည်။

ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ခေတ်ပညာတတ်လူငယ်များ၊ အမှုတော်ဆောင်ကြီးများတစ်နှစ်ထက်တစ်နှစ်တိုးပွားများပြားလာကြလေသည်။ မတူလူမျိုးအားမြင့်တင်ပေးသောဧဝံဂေလိသတင်းတော်ဖြစ်ပေပြီ။ သို့ဖြစ်ပါ၍ ကျေးဇူးတော်ကို ခီးမွမ်းလျက် ဤဆောင်းပါးအားဖြင့် ဇိမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(ZBC) နှင့် ၁၀၀ ပြည့်ကျေးဇူးတော်ခီးမွမ်းခြင်းကို ဂုဏ်ပြုလိုက်ပါသည်။

ကိုးကားသောစာအုပ်များ

1. Johnson, G.Robert, History of American Baptist Chin Mission, Vol 1 & 2

2 Matupi Headmen's Register, Tour records of early pacification and administration officers in Matupi area, 1926-38

3 Collection of Meeting Minutes, Matu Baptist Association (1954-1961) Matupi, MBA

4 Abrief Political History of Matupi Township (1885-1962), Matupi, Party Unity, 1979

5 Revd That Dun Golden Jubilee magazine, Matupi, MBA, 1994

ချင်းတောင်နှစ်ခြင်းအစပြုရာဒေသ၏သမိုင်းအကျဉ်း

Revd. ဟန်ခန့်နန်

ချင်းတောင်၏နှစ်ခြင်းခရစ်ယာန်သမိုင်းကို ပြန်ကြည့်ရင် ၁၈၉၉တွင် ဟားခါး၌ ခရစ်ယာန်သာသနာပြု ဆရာကာဆင်ဇနီးမောင်နှံရောက်ရှိပြီး အဦးသီးယုံကြည်သူများ ၁၉၀၄ခုတွင် စီးယင်းနယ် ခေါ်ဆရွာမှ ပေါ်ထွန်းလာခဲ့သည်။ အဦးသီးယုံကြည်သူများဖြစ်သော Pu Pau Suan ဇနီးမောင်နှံနှင့် **Pu Thuam** Hang ဇနီးမောင်နှံတို့မှစ၍ **ခရစ်ယာန်ယုံကြည်သူများ** ထပ်မံတိုးပွားကာ ဖေဖော်ဝါရီ (၁၇) ၁၉၀၆တွင် ပထမဆုံးချင်းတောင်၏နှစ်ခြင်းအသင်းတော် (ခေါ်ဆနှစ်ခြင်းအသင်းတော်) ပေါ်ပေါက်လာခဲ့သည်။ ဤအသင်းတော်ကို Revd. East က ဘုရားရှင်ထံ ဆက်ကပ်ပေးခဲ့ပါသည်။

ချင်းတောင်တွင် ခေါ်ဆရွာ၊ စီးယင်းနယ်မှ နှစ်ခြင်းခရစ်ယာန်အစပြုသည်မှစ၍ အနယ်နယ် အရပ်ရပ်တွင် ခရစ်ယာန်ယုံကြည်သူများ တိုးပွားများပြားလာပြီး အသင်းတော်များလည်း တစ်ခုပြီး တစ်ခုပွားများတည်ထောင်လာနိုင်သည်။ **ဤသို့** ယုံကြည်သူနှင့်အသင်းတော်များတိုးတက်လာမှုကြောင့် ချင်းတောင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ Chin Hills Baptist Association ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၈ တွင် Chin Hills Baptist Association ကို Association ၃ခုဖြစ်သော HBA, FBA နှင့် TBA အဖြစ်တိုးပွားလာသည်။ ၁၉၅၃ တွင် ၄ခု Association တို့၏ အချုပ်အဖြစ် Zomi Baptist Convention (ZBC) ပေါ်လာခဲ့သည်။ ဤအချိန်မှစ၍ ချင်းတောင်နှစ်ခြင်းခရစ်ယာန်သာသနာ အစပြုရာ စီးယင်းနယ်ရှိ နှစ်ခြင်းအသင်းတော်များသည် Siyin Baptist Churches Union အဖြစ်ဖြင့် Tedim Baptist Association (TBA) တွင် ပါဝင်ခဲ့သည်။

Siyin Baptist Churches Union အဖြစ် စီးယင်းနှစ်ခြင်းခရစ်ယာန်ယုံကြည်သူများသည် နှစ်(၂၀)ကျော် TBA တွင် ပါဝင်ပြီးနောက် ကိုယ့်နယ်အဖွဲ့နှင့်ကိုယ်ရပ်တည်ရန်အကြောင်းဖန်လာသည်။ ဤသို့ဖြင့် ၁၉၇၆ခုတွင် TBA မှကောင်းချီးပေးခြင်းအားဖြင့် Siyin Region Baptist Association (SRBA) အမည် ZBC တွင်နယ်အဖွဲ့တစ်ဖွဲ့အဖြစ်ရပ်တည်လာခဲ့သည်။ သို့ပါသော်လည်း SRBA သည် ယုံကြည်သူဦးရေအသင်းတော်ဦးရေမှအစ အရာရာတွင် အားနည်းချက်ရှိသောကြောင့် ZBC နယ်တွင် အင်အားကောင်းသောနယ်အဖွဲ့မဖြစ်ခဲ့ချေ။ သို့သော်လည်း နှစ်ခြင်းခရစ်ယာန်၏အစပြုရာဒေသပီပီ ကိုယ့်နယ်အဖွဲ့နှင့်ကိုယ်ရပ်တည်နိုင်ရန် အနယ်နယ်အရပ်ရပ်ရှိ စီးယင်းနှစ်ခြင်းခရစ်ယာန်ယုံကြည်သူများက ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း၊ ပေးလှူခြင်းအားဖြင့်သော်လည်းကောင်း၊ အကြံပေးခြင်းအားဖြင့်သော်လည်းကောင်း မိမိတတ်စွမ်းရာမှ ပံ့ပိုးနေကြဆဲဖြစ်ပါသည်။

ဤသို့ ချင်းတောင်နှစ်ခြင်းခရစ်ယာန် အစပြုခဲ့ရာနယ် SRBA အသက်ရှင်ရပ်တည်နိုင်ရန် စီးယင်းနယ်ခရစ်ယာန်ယုံကြည်သူများ၏ ကိုယ်ကျိုးစွန့်ဓမ္မအမှုတော်ဆောင်များအားလုံးကို မဖော်ပြနိုင်သော်လည်း နယ်အဖွဲ့ကိုဦးဆောင်၍ အမှုတော်ထမ်းခဲ့ဖူးသော SRBA, GS များ၏ အမည်နာမနှင့်ကိုယ်ရေးအကျဉ်းကို ဖော်ပြလိုပါသည်။ ချင်းတောင်နှစ်ခြင်းအစပြုရာနယ်တည်တဲ့နိုင်ရန်အတွက် ဆုတောင်းပေးကြရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

1. Revd. Mang Ko Pau 1976 -1981
Parents - Revd Thuam Hang
Daw Dim Ko Cing
Date of Birth - 18 February 1915
Date of Marriage - 15 July 1935
25 June 1986
Spouse' name - Daw Niang Ko Mang
Daw Man Dim
Qualification - Bible 4 years Course
Date of Service - 1 January 1951
Date of Ordination - 17 February 1953

2. Revd. Max Vai Pum 1981 -1986
Parents - Ex.Capt. Pau Cin
Daw Ciin Mang
Date of Birth - 9 April 1928
Date of Marriage - 18 June 1962
Spouse' name - Daw Ngin Neam
Qualification - B.A., B.D.
Date of Service - 1980
Date of Ordination - **4 May, 1982**

3. Revd. Lam Cin Thang 1986 -1989
Parents - U Son Thawng
Daw Mang Dim
Date of Birth - 30 March 1945
Date of Marriage - 2 July 1983
Spouse' name - Daw Niang Pau
Qualifacation - B A , B D
Date of Service - 1 June 1983
Date of Ordination - 10 February 1985

4. Revd. Thang Za Pau 1989 -1990
Parents - U Thang Ko Lian
Daw Awi Ko Dim
Date of Birth - 1 January 1937
Date of Marriage - 21 January 1961
Spouse' name - Daw Thian Ko Cing
Daw Thian Za Huai
Qualifacation - Dip.Th.
Date of Service - 1 April 1965
Date of Ordination - February 1967

5. Revd. E.Tun Ko Lian 1990 -92, 1995 -98
Parents - U Tuang Thawng
Daw Khaw Cing
Date of Birth - 23 December 1938
Date of Marriage - January 1962
Spouse' name - Daw Ngin Za Vung
Qualifacation - L.Th.
Date of Service - 1 April 1972
Date of Ordination - 4 April 1974

6. Revd. E.Ngin Khai 1992 -1995
Parents - U Lam Zam
Daw Huai Ko Cing
Date of Birth - 7 June 1939
Date of Marriage - 13 April 1972
Spouse' name - Daw Cingh Ko Neam
Qualifacation - L.Th.
Date of Service - March 1969
Date of Ordination - 21 February 1973

7. Revd. P. Cin Za Kaap 1998 -2001
Parents - U On Lian
Daw Cing Ciang
Date of Birth - 25 Octobe 1935
Date of Marriage - 23 July 1960
Spouse' name - Daw Ngin Za Cingh
Qualifacation - G.Th
Date of Service - February 1982
Date of Ordination - 12 March 1995

8. Revd. Hang Khan Nang 2001-
Parents - U On Ko Kam
Daw VumKo Cing
Date of Birth - 17 January 1955
Date of Marriage - 1 October 1996
Spouse' name - Daw Ngin Lamh Cing
Qualifacation - B.Th., B.D
Date of Service - 1 March 1985
Date of Ordination - 4 March 2001

ဘုရားကျောင်းဆောက်လုပ်ခြင်း

ဇိုလ်မှူးကမ်ကျင်လျန်၊ Y.S.B.C

ချင်းပြည်နယ်ရှိ ချင်းအမျိုးသားများ ခရစ်ယာန်ဘာသာကို ယုံကြည်ကိုးကွယ်လာခဲ့သည်မှာ ခရစ်၁၀၀၄ခုနှစ်တွင် နှစ်တစ်ရာပြည့် မြောက်လာပြီဖြစ်သည်။ ချင်းခရစ်ယာန်ရာပြည့်ပွဲတော်ကို ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (ZBC)မှဦးစီး၍ ချင်းပြည်နယ် စီးယင်းဒေသခေါ်ဆတျေးရွာတွင်စည်တားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ ရာပြည့်ပွဲတော် အထိမ်းအမှတ်အဖြစ် ပြက္ခဒိန်၊ ဦးထုပ်၊ သေ့တွဲ၊ ဘောပင်၊ ပို့စကဒ်များ ထုတ်ဝေရောင်းချဖြန့်ဖြူးသည့်အပြင် သီချင်းခွေ(မြန်မာ)ကိုလည်း ထုတ်ဝေခဲ့သည်။ ပြည်တွင်းပြည်ပရှိ ဘုရားကျောင်းအချို့၌ ရာပြည့်ပွဲတော်အကြို လှုပ်ရှားမှုများပြုလုပ်ကြသည်။ ပြည်တွင်း/ပြည်ပ ရှိယုံကြည်သူများသည် တစ်သက်မှာတစ်ခါ ကြုံတောင့်ကြုံခဲရာပြည့်ပွဲတော်ကို ပါဝင်ဆင်နွှဲကြရန် အားယူစိုင်းပြင်းပြင်ဆင်လျက်ရှိကြသည်။ ဤရာပြည့်ပွဲတော်၏ ဂုဏ်သတင်းသည် "ပန်းသတင်း လေညင်းဆောင်၊ လူ့သတင်းလူချင်းဆောင်" ဆိုသကဲ့သို့ မြန်မာပြည်အတွင်း၌ သာမက ကမ္ဘာအနှံ့အပြားသို့တိုင်သတင်းမွှေးကြိုင်ပျံ့လွင့်နေပြီဖြစ်သည်။

ဤရာပြည့်ပွဲတော်၏ထူးခြားချက်မှာ ရာပြည့်ပွဲတော်အထိမ်းအမှတ်အဖြစ် ရာပြည့်ဆုတောင်းတောင်ကို ရွေးချယ်သတ်မှတ်ကာ ရာပြည့်ဆုတောင်းအိမ်ကို ဘူမိနက်သန် ခေါ်ဆမြေပေါ်ရှိ သိုင်ငင်းကျေးရွာတွင် ဆောက်လုပ်ရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။ (ZBC နှင့် YSBC) မှတာဝန်ရှိပုဂ္ဂိုလ်များ၏တာဝန်ပေးအပ်ချက်အရ ရာပြည့်ပွဲတော်အထိမ်းအမှတ်ဆုတောင်းအိမ်ပုံစံထုတ်လုပ်ခြင်းနှင့် ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်းများ၌ ကျွန်တော်ပါဝင်ခွင့်ရခဲ့သည်။ ရာပြည့်ပွဲတော်ဆုတောင်းအိမ်ပုံစံနှင့်ခန့်မှန်းကုန်ကျငွေအသေးစိတ်စာအုပ်ကို (ZBC) အထွေထွေအတွင်းရေးမှူးလက်ထဲသို့ ကျွန်တော်ကိုယ်တိုင် အပ်နှံခဲ့ပြီးဖြစ်သည်။ ဤရာပြည့်ပွဲတော်ဆုတောင်းအိမ်ဆောက်လုပ်ခြင်းအောင်မြင်ရေးသည် ယုံကြည်သူတိုင်း၏ဆုတောင်းသံ၊ ဆုတောင်းချက်ဖြစ်သည်။ ဤချင်းခရစ်ယာန်ရာပြည့်ပွဲတော် အထိမ်းအမှတ်ဆုတောင်းအိမ်ဆောက်လုပ်ခြင်းအောင်မြင်စေရန် ယုံကြည်သူတစ်ဦးစီ၏ ရင်ထဲဝယ် ပြင်းပြသောဆန္ဒရှိကြရန်လိုသကဲ့သို့ အားကြီးသောဆုတောင်းဆက်ကပ်ခြင်းလည်း ရှိကြရန်လိုအပ်သည်။ ဘုရားကျောင်းဆောက်လုပ်ခြင်းအမှုဌ၌ ပြင်းပြသောဆန္ဒနှင့် အားကြီးသောဆုတောင်းဆက်ကပ်ခြင်းရှိရန် အထူးလိုအပ်ကြောင်း ဖော်ပြလိုသည်။

လွန်ခဲ့သော ၁၉၉၄ခုနှစ်နွေဦးကာလ သာယာသောနေ့တစ်နေ့တွင် မြန်မာမေဖလား

ဝါးဘဏ်မှ "ဦးကျော်ဝင်း" နှင့် တာဝန်အရ ကျွန်တော်တွေ့ဆုံခွင့်ရခဲ့သည်။ ယခင်ကသူနှင့် မတွေ့ဖူးမဆိဖူးပါ။ကျွန်တော်မှလာရင်းကိစ္စတို ရှင်းပြပြီးနောက်သူက " နာမည်ကကမ်ကျင်လျှန် ဆိုတော့ ချင်းလူမျိုးလား" ဟုမေးရာ "ဟုတ်ပါတယ်" ဟုဖြေခဲ့သည်။ "ဒါဆိုရင် ခရစ်ယာန်ပေါ့နော်" ဟုဆက်မေးရာ ဟုတ်သည့် အကြောင်းဖြေကြားသည်။ သူက "ကျွန်တော် လည်း ခရစ်ယာန်ဖြစ်ပါတယ်" ဟုပြောပြရာမှ စ၍ ရင်းနှီးသွားကြသည်။ အဲ့ဩဖွယ်ရာနေ့ရက် ဖြစ်ခဲ့ရသည်။ ယုံကြည်သူ (သာမာန်မဟုတ်) အချင်းချင်းတွေ့ကြတော့လည်း ဘာသာရေး အကြောင်းပဲ အဓိကပြောဖြစ်သွားသည်။ သူက "ဘယ်မှာနေသလဲ၊ ဘယ်ဘုရားကျောင်းမှာတက် သလဲ" ဟုမေးရာ "အင်းတကော်မှာနေပြီး နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းမှာတက်တဲ့ အကြောင်းရှင်းပြပါသည်။ နောက်ပိုင်းတွင် ကျွန်တော်မှ "ကျွန်တော်တို့ဘုရားကျောင်း အမိုးကသက်ကယ်ဖြစ်ပြီး ကြယ်မြင်လမြင်၊ တိုင်ကတော့ ဝါးတိုင်၊ အကာမှာဝါးထရံ၊ ဓနအင်အားကတော့ ၂၀၀၀၀/- ရှိသည်၊ ဘုရားကျောင်းဆောက်နိုင်ဖို့အတွက် ဘုရားထံပါး မှာ ဆုတောင်းဆက်ကပ်ထားကြဆဲဖြစ်သည့် အကြောင်းပြောပြသောအခါ "ကျွန်တော် ပါဝင်မယ်. . တွန်တော်လှူပါမယ်. . " ဟု ကတိပေးပါတော့သည်။ ကျွန်တော်မှတောင်းဆို ခြင်းမဟုတ်ဘဲ သူကိုယ်တိုင်စိတ်နှလုံးတွေ့ထိ၍ ရင်ထဲစကားဖြစ်မှန်းထိုစဉ်ကပင် သိရှိခဲ့သည်။ ယခုအခါ မြန်မာမေဖလားဝါးဘဏ်မှဦးကျော်ဝင်း နှင့် အခြားအလှူရှင်များမှ ဆောက်လုပ်ပေးလှူခဲ့ သော အမိုးသွပ်၊ အကာအုတ်၊ အခင်းတမံတလင်း နှင့် ၁ထပ်တိုက်ဘုရားကျောင်း၏အရိပ်အာဝါသ အောက်တွင် ယုံကြည်သူများသည် နွေးထွေး ပျော်ရွှင်စွာ ဝတ်ပြုတိုးကွယ်နိုင်ကြပြီဖြစ်သည်။ အသင်းသူ/သားများ၏ဘုရားကျောင်းအပေါ် ပြင်းပြသောဆန္ဒနှင့် အားကြီးသောဆုတောင်း ဆက်ကပ်ခြင်းတို့ကြောင့် ဘုရားကျောင်းဆောင် အသစ်ဖြစ်ပေါ်လာရသည်ဟု ယုံကြည်မိကာ ဂွမ်းဆီထိပမာပီတိဝေဖြာကြည်နူးခဲ့ရသည်။

လွန်ခဲ့သော ၁၉၉၇ခုနှစ် ခရစ္စမတ်အကြို ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်တစ်ခုတွင် ဦးဝင်းမောင်မိသားစုတို့နှင့်တွေ့ဆုံခွင့်ရခဲ့ပြန်သည်။ ယခင်ကသူနှင့်မတွေ့ဖူး၊ မသိဖူးပါ။ အချင်းချင်း မိတ်ဖွဲ့ကြသည်။ ထမင်းလက်ဆုံစားခဲ့ကြသည်။ ဦးဝင်းမောင်နှင့်တွေ့ဆုံရခြင်းသည် ဦးကျော်ဝင်း နှင့်တွေ့ဆုံရခြင်းထက် ပိုမိုအဲ့ဩစရာတောင်းခဲ့ သည်။ ဦးဝင်းမောင်သည် ယုံကြည်သူ မဟုတ်သောကြောင့်ဖြစ်ပါသည်။ မိမိတို့အဖွဲ့မှ အင်းတကော်ခရစ်ယာန်မိသားစုဘုရားကျောင်း မှာ အိုမင်းရင့်ရော်ဆွေးမြေ့နေပြီဖြစ်၍ အသစ် ဆောက်လုပ်ရန် ဆုတောင်းဆက်ကပ် နေဆဲ ဖြစ်ကြောင်း၊ အလှူငွေမှာ ၂၀၀၀၀၀/- ခန့် ရှိပြီဖြစ်သော်လည်း လုပ်ငန်းမစရဲသေးကြောင်း၊ ရှင်းပြခဲ့ရာ ဦးဝင်းမောင်မှ "လုပ်ငန်းစပါ" ဟုဆိုပြီး ငါးရာတန်တစ်ထုပ်ကို ချက်ချင်း ထုတ်ပေးပါတော့သည်။ ထိုအချိန်မှစ၍ လုပ်ငန်း စတင်ဆောက်လုပ်ခဲ့ရာ (၉-၅-၉၈) ရက်နေ့တွင် ခရစ်ယာန်မိသားစုဘုရားရှိခိုးကျောင်း အင်းတကော်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ အမိုးမှာသွပ်၊ အကာမှာအုတ်၊ အခင်းမှာ တမံတလင်း ၊ နှစ်ထပ်တိုက်၏အလှူရှင်ဦးဝင်းမောင်မိသားစု နှင့် အခြားအလှူရှင်များမှ ဆောက်လုပ်ပေးလှူခဲ့

သောဘုရားကျောင်း၏အရိပ်အာဝါသအောက်တွင် ယုံကြည်သူများသည် နွေးထွေးပျော်ရွှင်စွာ ဝတ်ပြုကိုးကွယ်နိုင်ကြပြီဖြစ်သည်။ ဤသည်မှာလည်း အသင်းသူ/သားများ၏ဘုရားကျောင်းတည်ဆောက်နိုင်ရေးအတွက် ပြင်းပြသောဆန္ဒနှင့် အားကြီးသော ဆုတောင်းချက်များကြောင့်ဖြစ်သည်ဟု ယုံကြည်မိကာ ဂွမ်းဆီထိပမာပီတိဝေဖြာကြည်နူးခဲ့ရပြန်သည်။

ယခုလည်း ချင်းခရစ်ယာန်ရာပြည့်အထိမ်းအမှတ်ရာပြည့်ဆုတောင်းအိမ်ဆောက်လုပ်ခြင်းအောင်မြင်စေရန် ယုံကြည်သူတစ်ဦးစီ၏ ရင်ထဲဝယ်ပြင်းပြသောဆန္ဒရှိကြရန်နှင့် အားကြီးသောဆုတောင်းဆက်ကပ်ခြင်းကို မဖြစ်မနေလုပ်ဆောင်ကြပါက များးမကြာမီရာပြည့်ဆုတောင်းအိမ်ကြီးကို မျက်ဝါးထင်ထင်မြင်တွေ့ရတော့မည်ဖြစ်ပါကြောင်း ဤဆောင်းပါးတို (သက်သေခံ)ဖြင့် ခွန်အားယူနိုင်ကြစေရန် ရေးသားတိုက်တွန်းလိုက်ရသည်။

ကြံတောင့်ကြံခဲ၊ တစ်သက်မှာတစ်ခါဆုံတွေ့ကြသည့် Chin Christian Centenary ရက်မြတ်မင်္ဂလာနွေဧရှက်များသည် ချင်းတောင်စွယ်တောင်တန်းပေါ်မှာ နေမင်းကြီးနှင့်အတူ နှုတ်ဆက်ထွက်ခွာသွားပြီဖြစ်သော်လည်း ရင်ထဲအသဲထဲမှာ ကာလကြာရှည်စွာ တသသ စွဲကျန်ရစ်မည့် Chin Christian Centenary ကိုဂုဏ်ပြု၍ အမှတ်တရအနေဖြင့် ဖွင့်လှစ်သည့် ရာပြည့်စတိုး (Centenary Store) သို့ တစ်ခါတစ်ခေါက်လောက် ကြွလှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါရစေလား .....

ရာပြည့်စတိုး

Centenary Store

Building 2, Room 3 (Ground Floor),
Hlaing Yadana Housing
Insein Road,Ward 9, Hlaing Township,
Yangon, Myanmar

Tel : - (01)500504, (01) 245478, 09-5020203
Email : - centenary04@cybertech.net.mm

လက်စားချေခြင်းဟူသည်

ကိုရှိ

လက်စားချေခြင်းဟု ဆိုလိုက်သည်နှင့် တပြိုင်နက် လူအများစုက ချင်းပြည်နယ် တောင်ပိုင်းရှိ ချင်းလူမျိုးများကို ချက်ချင်းသတိရ မြင်ယောင်တတ်ကြပါသည်။ မိမိတို့၏ကိုယ်တွေ့ မျက်ခြင်ဖြင့် ပြောသူများရှိကြသလို သူတစ်ပါး ပါးစပ်ဖျားမှတဆင့်ပြန်လည်အတင်းချတတ်သော သူများလည်းရှိပါသည်။ မှန်ပါသည်. . မည်သို့ပင် ဖြစ်စေ၊ လက်စားချေခြင်းစနစ်ကို နောက်ဆုံး ကျင့်သုံးသောလူမျိုးများသည် ချင်းပြည်နယ် တောင်ပိုင်းရှိ ချင်းလူမျိုးများဖြစ်နေသောကြောင့် ပင်ဖြစ်ပါသည်။ တနည်းပြောရမည်ဆိုလျှင် ခရစ်တော်၏သတင်းကောင်းကို နောက်ဆုံးပိုင်းမှ ကြားသိရသောလူမျိုးများ ဖြစ်ကြသောကြောင့် ပေတည်း။ လူသားတိုင်းသည် လက်စားချေတတ် သောအမျိုးဖြစ်သည်ကို အားလုံးမေ့နေတတ်ကြ ပါသည်။

မည်သို့သောအရာဝတ္ထုမဆို တန်ပြန် သက်ရောက်မှု (Reflection) ရှိသည်ဟူသော ယူဆချက်သည် လူသားတိုင်း၌ ရှိပါသည်။ ထို့ကြောင့် ဓမ္မဟောင်းကျမ်းနှင့်ဟမ်မူရာဘီကိုဓ ဥပဒေကျမ်းကို ပြန်ကြည့်လျှင် အများဆုံးတွေ့နိုင် ပါသည်။ 'မျက်လုံးတစ်လုံးအတွက် မျက်လုံး တစ်လုံး၊ လက်တစ်ချောင်းအတွက် လက် တစ်ချောင်း၊ ခြေထောက်တစ်ချောင်းအတွက် ခြေထောက်တစ်ချောင်း၊" စသည့် အယူအဆ ကျင့်သုံးမှုများသည် ရှေးကာလကပင် လူအားလုံး ကျင့်သုံးလာခဲ့ကြသည်ကို တွေ့ရှိရပါသည်။

အမှန်ဆိုရလျှင် လက်စားချေခြင်းဟူသည် ဥပဒေတစ်ခုပင်ဖြစ်ပါသည်။ လူ၏စိတ်သည် မိမိ၏စိတ်ထင်ထားသည်အတိုင်း စည်းကမ်းမဲ့စွာ လုပ်ဆောင်တတ်သောအမျိုးဖြစ်ပါသည်။ ထို့ ကြောင့် လူတစ်ဦးနှင့်တစ်ဦးကြား၌ ရှိသေမှုရှိ လာအောင် လေးစားမှုရှိလာအောင် ပတ်ဝန်းကျင် ၌ လူကိုလူလိုမမြင်ခြင်းနှင့် အထင်အမြင်သေး ခြင်းများ ပပျောက်အောင် ထုတ်ပြန်ထားသော ဥပဒေ(သို့မဟုတ်)ကျင့်သုံးကြသောဥပဒေတစ်ခု ဟူ၍ နားလည်နိုင်ပါသည်။ သို့သော် ယခုခေတ် အခြေအနေအရ ပြန်လည်သုံးသပ်လျှင် အင်မတန်မှရှိုင်းစိုင်းသော ရက်စက်ကြမ်းကြုတ် သောစနစ်ဟုပင် လူတိုင်းနားလည်သဘောပေါက် ကြပါသည်။

လူဟူသောအမျိုးသည် အတ္တ၊ မာန်မာနနှင့် ပြည့်နေသောလူမျိုးများပင် ဖြစ်ပါသည်။ မိမိ၏ အတ္တ၊မာန်မာနကြောင့် ငါလုပ်နိုင်သည်။

ငါတတ်စွမ်းနိုင်သည်၊ ငါအားလုံးကိုနိုင်ရမည်ဟူသောစိတ်ခါတ်များ ပေါ်လာသောအခါ လူသားချင်းစာနာထောက်ထားမှုကင်းမဲ့စွာ အနိုင်ကျင့်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း၊ မတရားကျင့်ကြံခြင်းများဖြစ်ပေါ်လာတတ် ပါသည်။ထိုအကြောင်းရင်းများကြောင့် လက်စားချေခြင်းဟူသော အယူဝေလေထုံးစံများလည်း ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။

ခရစ်တော်၏သတင်းကောင်းမရောက်မီ ချင်းပြည်နယ်တောင်ပိုင်းရှိချင်းလူမျိုးများ၏ လက်စားချေမှုအခြေအနေကို တစေ့တစောင်းပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ကောင်းကျိုးထက်ဆိုးတျိုးပို၍များနေကြောင်း တွေ့ရှိရပါသည်။ အဘယ့်ကြောင့်ဆိုသော် လူသတ်မှု(သို့)ပြစ်မှုကို ကျူးလွန်သောသူကို လက်တုန့်ပြန်ခြင်းမလုပ်ဘဲ အမျိုးထဲမှအားကိုးရဆုံးသောသူကို ပြန်လည်သတ်လေ့ရှိသောအကျင့်ကြောင့်ပင် ဖြစ်ပါသည်။ ရှေးခေတ်မိဘများက သားသမီးများအား လိမ္မာရေးခြားရှိလာအောင် ရှေ့ရေးအတွက် စဉ်းစားတတ်လာအောင် ဆိုဆုံးမခြင်းထက်၊ လက်စားချေခြင်း၊ စိတ်ဓါတ်များရှိလာအောင် သွန်သင်ပေးခြင်းများလည်း ရှိခဲ့ပါသည်။ တစ်ချက်ထိုးသောသူကို ပြန်ထိုးနိုင်ရမည်။ တစ်ချက်အကန်ခံရလျှင် ပြန်ကန်နိုင်ရမည်။ တစ်ယောက်အသတ်ခံရလျှင် တစ်ယောက်ပြန်လည် သတ်ရမည်ဟူသော idea များရှိလာအောင် ဦးစားပေးဆုံးမခဲ့ကြသည်ကို တွေ့ရှိရပါသည်။ Phu Daam ဟူသောစကားလုံးသည် အလွန်ခံပြင်းစရာကောင်းသောစကားလုံးဖြစ်ပါသည်။ ဥပမာ ပြောရမည်ဆိုလျှင် လူတစ်ဦးကတစ်ဦးကို လွန်ခဲ့သောနှစ်ပေါင်းများစွာက သတ်ခဲ့မိသောပြစ်မှု၊ လူသတ်မှုအပေါ် အသတ်ခံရသောအမျိုးဘက်မှ ခွင့်လွှတ်၍ လျော်ကြေးကိုလက်ခံခဲ့လျှင် ထိုအမျိုးကို Phu Daam ဟုခေါ်ဆိုကျိန်ဆဲတတ်ကြပါသည်။ Phu Daam ဟုခေါ်ဆိုကျိန်ဆဲခြင်းကိုကြားသည်နှင့် တပြိုင်နက် လျော်ကြေးအားလုံးကိုမြန်မေးပြီး လက်စားချေရန် ပြင်ဆင် လေ့ရှိကြပါသည်။ ထို့ကြောင့် Phu Daam ဟူသောစကားလုံးသည် လက်စားချေချင်စိတ် မွေးဖွားလာအောင် နှိုးဆွပေးသောစကားလုံးဟု၍ နားလည် ရပါသည်။

တောင်ပိုင်းချင်းလူမျိုးများ လက်စားချေရာတွင် အကြောင်းမဲ့ လက်စား ချေလေ့မရှိပါ။ ချင်းထုံးစံအရ သူများသားမယား ကိုလည်း အလွယ်တကူမှားယွင်းခြင်း၊ ပြစ်မှားခြင်းမရှိစည်းကမ်းတကျနေထိုင်ကြပါသည်။ လူကို လူလိုမြင်ကြသည်။ တစ်ဖက်သားကို လည်း အနိုင်ကျင့်လေ့မရှိ၊ ရိုင်းပင်းကူညီတတ် ကြသောလူမျိုးများဖြစ်ကြပါသည်။ တောကောင်များရရှိပါက အတူမျှဝေစားသောက်တတ်ကြပါသည်။ ပျော်ရွှင်စွာနှင့် ရွာကိုတည်ဆောက်လေ့ရှိကြပြီး နွေးထွေးမှုအပြည့်နှင့်ရိုးသားစွာ စားသောက်လုပ်ကိုင်ကြသော လူမျိုးများပင် ဖြစ်ပါသည်။ သို့သော်စိတ်ပေါက်ပိုင်းဆိုင်ရာ ပြန်လည်လေ့လာသောအခါ စိတ်ဆတ်သောလူမျိုးများဖြစ်ကြသည့် အတိုင်း "အထိမခံ ရွေပန်းကန်" ဟူသောစကားအတိုင်း အသက်ရှင်နေထိုင်ကြပါသည်။ လူတစ်ယောက်ကို လွယ်လွယ်နှင့် အနိုင်ကျင့်ခြင်း၊ မထီမဲ့မြင်ပြုခြင်းများမရှိသကဲ့သို့လူတစ်ယောက်အား ပြန်လည်ခွင့်လွှတ်ဖို့ရန်လည်း အလွန်ခဲယဉ်းလှပါသည်။

အဆိုးဆုံးအချက်သည် မတော်တဆဖြစ်ပွားသည့် လူသတ်မှုအပေါ်မှာ လက်စားချေခြင်းဖြစ်ပါသည်။ ဥပမာ. . . တောထဲ၌အမဲလိုက်ရင်းနှင့်

"ng'shä" ကို စေလွှတ်လေ့ရှိပါသည်။ ထို အောင်တမန်နှင့် အားလုံးအဆင်ပြေသွားသည် ဆိုလျှင် လျော်ကြေးများပေးလေ့ရှိပါသည်။ "ng'shä" ဟူသောစကားလုံးသည် "အောင်တမန်" ဟုအဓိပ္ပါယ်ရှိသည်။ ထိုသူကိုကျေးရွာရှိ ရွာသူရွာသားများ အားအကိုးရဆုံး အပြောအဆို အကောင်းဆုံးသူများကို အကူအညီတောင်းလျက် ကျေအေးနိုင်ရန်အတွက် တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းပေးသောသူများကို ခေါ်ပါသည်။ ဤ အချက်ကိုကြည့်ခြင်းအားဖြင့် ချင်းပြည်နယ် တောင်ပိုင်းတွင် (Reconcilation Idea) သည် ခရစ်တော်၏သတင်းကောင်းမရောက်မီကပင်ရှိ နေသောအရာဟု နားလည်ရပါသည်။ ထို့ကြောင့် ခရစ်တော်သည် လူသားများနှင့်ဘုရားသခင်ကြား၌ "ng'shä" အောင်တမန်လုပ်သောသူဟု တောင်ပိုင်းချင်းလူမျိုးများက လက်ခံကြပါသည်။

(၁၉၅၀)မှစ၍ မြောက်ပိုင်းချင်းတောင်ရှိ ညီအစ်ကိုကြီးများ၏ချစ်ခြင်းမေတ္တာကြောင့် ခရစ်ယာန်သာသနာလုပ်ငန်းကို စတင်၍ ခရစ်တော်အကြောင်းကို လက်ခံသောသူများ တစ်စတစ်စရှိလာပါသည်။ ထို့အပြင် အမိ ဇက်ဘီစီကြီး၏ ခရစ်ယာန်သာသနာပြုကွင်းအား ဖြင့် နှစ်ပေါင်းများစွာ ခရီးသွားခဲ့ပြီးသည့်နောက် (၁၉၈၃)ခုနှစ်မှစ၍ C.C.O.C လုပ်ငန်းကြီး စတင်၍ တောင်ပိုင်းရှိ ညီအစ်ကို အားလုံး ခရစ်တော်ကို မိမိတို့၏ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်လာသည်အထိ လူအင်အား၊ ငွေ အင်အားအကုန်အကျခံပြီး ကြိုးစားလုပ်ဆောင် ခဲ့သောကြောင့် ယခုတွင် မိမိတို့၏နယ်အဖွဲ့ အသီးသီးများဖြင့် ရပ်တည်လျက် ဘုရားသခင်၏ နိုင်ငံတော်အတွက် ကြိုးစားလုပ်ဆောင်လျက်ရှိ နေကြကြောင်းတွေ့ရှိပါသည်။ ခရစ်တော်ကို

မတော်တဆထိမိခိုက်မိ၍ သေဆုံးသွားလျှင် ခေါ်ဆောင်သွားသောသူ၏တာဝန်ဖြစ်သောကြောင့် လျော်ကြေးပေးရပါသည်။ လက်စားချေမည်ဟု ဆုံးဖြတ်ချက်ချပါက အမျိုးအားလုံးကို ခေါ်ပြီး အတူတကွနတ်ပွဲဖြင့်ကတော့်၍ တာဝန်ပေးလေ့ရှိပါသည်။ အကြီးဆုံးက ကြိုးစား၍ မသတ်နိုင်သောအဆုံး၌ အဆင့်ဆင့်တာဝန်ယူ လက်စားပြန်ချေရန် အားလုံးသဘောတူ ဆုံးဖြတ်လျက် မိမိစိတ်ထဲ၌သာ ထားတတ်ကြပါသည်။ လျှာအရိုးမရှိတိုင်း ပြန်လက်စားချေမည်ဟု လူတစ်ဖက်သားကို ခြိမ်းခြောက်သောစကားကိုမူ ဆိုလေ့မရှိ။ အဘိုးအဘွားများ ကျူးလွန်ခဲ့သော ပြစ်မှု၊ လူကိုစော်ကားမှုမျှကြောင့် သား၊မြေးများက ပြန်ခံရသောလက်စားချေခြင်းမျိုးလည်း ရှိခဲ့ပါသည်။ ထို့ကြောင့် မိမိတို့ရွာ၌ လူသတ်မှုကို လွန်ကျူးမိလျှင် ရွာထဲမှပုန်းရှောင်ပြီး တစ်ခြားရွာသို့မိသားစုလိုက်ပြောင်းရွှေ့နေထိုင်သောလူမျိုးများလည်း ချင်းပြည်နယ်တောင်ပိုင်းရှိ နေရာအနှံ့အပြားတွင် တွေ့ရှိနိုင်ပါသည်။

စာရေးသူအလွန်လေးစားသောဆရာကြီး တစ်ပါးကချင်းပြည်နယ်တောင်ပိုင်းမှာ" ခွင့်လွှတ်ခြင်း တရား"ဟူသော စကားလုံးမရှိဟုပြောခဲ့ဖူးပါသည်။ စိတ်ထဲ၌ မအီမသာဖြစ်ခဲ့ပါသည်။ "Ngaih pek Nak" ခွင့်လွှတ်ခြင်းတရားဟူသော စကားလုံးသည် ချင်းပြည်နယ်တောင်ပိုင်းရှိလူမျိုးများလည်း အသုံးပြုကြပါသည်။ မိမိတို့၏စိတ်ကို မထိန်းချုပ်နိုင်သောကြောင့်သော်လည်းကောင်း၊ အညှဉ်းခံချင်သောစိတ်ကြောင့်သော်လည်းကောင်း၊ ငါယောက်ျားအမျိုးအတွက် ပြန်လည်လက်စား ချေရမည်ဟူသော အကြောင်းရင်းများကြောင့် လက်စားချေခြင်းသာဖြစ်ပါသည်။ လက်စားပြန်၍မချေမီ တရားခံဘက်က အောင်တမန်

မိမိတို့၏ကယ်တင်ရှင်အဖြစ် လက်ခံလာကြသော တောင်ပိုင်းရှိ ချင်းလူမျိုးများသည် ခရစ်တော်၏ ရွေးနှုတ်တော်မူခြင်းနှင့် ဘုရားသခင်၏ မေတ္တာတော်ကို သိရှိလာကြသောကြောင့်လည်းကောင်း၊ နိုင်ငံတော်၏ချမှတ်ထားသော ဥပဒေများကြောင့်လည်းကောင်း၊ တိုးတက်နေသော လူမှုပတ်ဝန်းကျင်နှင့်လူနေမှု အဆင့်အတန်းများ၏စိန်ခေါ်ချက်များကြောင့်လည်းကောင်း၊ လက်စားချေခြင်းဟူသောစနစ်သည် ချင်းပြည်နယ်တောင်ပိုင်းနှင့် ချင်းလူမျိုးများ၏ လူမှုအသိုင်းအဝိုင်းကြား၌ တဖြည်းဖြည်းတိမ်ကောကွယ်ပျောက်သွားခဲ့သည်။

သို့သော်လည်း နှစ်ရှည်ခရစ်ယာန်များ၏ ယုံကြည်မှုနှင့်အကျင့်စရိုက်များကို ပြန်လည်သုံးသပ်မည်ဆိုပါက အပြောအဆို၊ အပြုအမူ၊ အနေအထိုင်နှင့် အတွေးအခေါ်များတွင် လက်စားချေခြင်း idea များရှိနေကြောင်း တွေ့ရှိရပါသည်။ တောင်ပိုင်းချင်းတောင်ရှိ ချင်းလူမျိုးများ၏ ကိုယ်ထိလက်ရောက်လက်စားချေခြင်းနှင့် ယခုခရစ်ယာန်များ၏အပြောအဆို၊ အတွေးအခေါ်၊ အပြုအမူအနေအထိုင်များနှင့် အကြံအစည်များဖြင့် လက်စားချေခြင်းသည် လူသားများ၏ ရှေ့မှောက်၌ ခြားနားနေသယောင် ထင်ရသော်လည်း ဘုရားသခင်၏ရှေ့တော်၌ အတူတူပင်ဖြစ်ကြောင်း ကျမ်းစာအားဖြင့် သိရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် လူတို့၏စိတ်နှလုံးကို ချိန်တော်မူသောဘုရားသခင်ဖြစ်ပါသည်။

ယနေ့အသင်းတော်များ၏ပလွင်သည် ဘုရားသခင်၏တရားတော်၊ ခရစ်တော်၏သတင်းကောင်းကို ဝေငှသက်သေခံဟောပြောရမည့် နေရာဖြစ်လင့်ကစား မိမိတို့၏အလိုဆန္ဒ၊ မကျေနပ်ချက်၊ အယူအဆများ၊ သူတစ်ပါးကို လက်စားတုန့်ပြန်သောစကား၊ သူတစ်ပါးကို ရောင်းစားသောနေရာ၊ သူတစ်ပါး၏အားနည်းချက်ကို ဖော်ထုတ်သောနေရာအဖြစ် အသုံးပြုနေကြပါသည်။ သမ္မာကျမ်းစာပင်လျှင် ယုံကြည်သူများ လက်စားချေရာ၌ အကောင်းဆုံးသော လက်နက် အဖြစ် အသုံးပြုနေကြကြောင်း တွေ့ရှိနေရပါသည်။ ယေရှုခရစ်တော် သွန်သင်ခဲ့သောစကားမှာ "ရန်သူကိုပင် ချစ်ရမည်" ဟုလာသော်လည်း ရန်သူမပြောနဲ့ အိမ်နီးနားခြင်းပင်လျှင် မချစ်နိုင်သော ခရစ်ယာန်များပြားနေပါပြီ..."သူချစ်မှ ကိုယ်ပြန်ချစ်နိုင်မည်.. သူပြောမှပြန်ပြောမည်.. သူခေါ်မှပြန်ခေါ်မည်ဟူသော.." ကလေးများ၏ အတွေးအခေါ်သည် ပင်လျှင် ယနေ့ခရစ်ယာန်များကို ဒုက္ခပေးနေပါသည်။ ထို့ကြောင့် မိမိတို့၏မာန်မာနနှင့်ငါဆိုသောအတ္တများကို စွန့်ပစ်၍ ခရစ်တော်၌အသစ်ပြုပြင်သောသူများ၊ လူကိုလူလိုမြင်၍ ချစ်ခြင်းမေတ္တာတရားကို ယူတင်ဝတ်ဆင်ကြသော ခရစ်ယာန်ကောင်းများနှင့် သူတစ်ပါးအား ခရစ်တော်အားဖြင့် ခွင့်လွှတ် တတ်သောစိတ်တားများကို မွေးနိုင်သောသူများ ဖြစ်နိုင်ကြပါစေ။

ဇက်ဘီစီ ကျန်းမာသန်စွမ်းပို့

သိက္ခာတော်ရဆရာထန်းသင်္ဘမ်း

၁၉၉၂သည်(ZBC) (ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်)သက်တမ်းပြည့် အစည်းအဝေးကြီးကျင်းပမည့်နှစ်ဖြစ်သည်။ ကျင်းပရမည့်နေရာကား ချင်းတောင်ကျောက်နှင့်ဆောက်ထားသောဘုရားကျောင်းရှိသည့် ဟားခါးမြို့ ယုဒသန်နှစ်ခြင်းခရစ်ယာန် အသင်းတော်တွင် ဖြစ်သည်။ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ (M.C.C) အထွေထွေအတွင်းရေးမှူးသိက္ခာတော်ရဆရာဦးဝင်းတင် မတက်ရောက်နိုင်သည့်အတွက် ကိုယ်စားမိမိအား တက်ရောက်ရန် ပြောလာသည်။ လိုအပ်သလို ပြင်ဆင်ပြီး ကက်ရောက်ခဲ့ပါသည်။

ယခုကျင်းပမည့် ဇိုမီးနှစ်ခြင်းအဖွဲ့ချုပ်အစည်းအဝေးကြီးသည် သက်တမ်းပြည့်အစည်းအဝေးဖြစ်ပြီး အထွေထွေအတွင်းရေးမှူးအသစ်ရွေးချယ်ရန်လည်းဖြစ်သည်။ လောကလူသားတို့ထုံးစံအတိုင်း အမျိုးမျိုးပြောဆိုသံများကြားနေရသည်။ (ZBC) သည် မကျန်းမမာသောလူနာကဲ့သို့ ဖြစ်နေသလော။ တွေ့သင့်သောပုဂ္ဂိုလ်များ၊ ဆရာကြီးများနှင့် တွေ့ဆုံပြီး တိုင်ပင်ညှိနှိုင်းကြသည်။ အတွင်းစကားကိုလည်း ပြောကြသည်။ အစတွင် ခက်ခဲသယောင်ယောင်ရှိသော်လည်း နောက်ဆုံးတွင် အဖြေတစ်ခုထွက်လာပါသည်။ ထွက်ပေါ်လာသောအဖြေသည် ရိုးလွန်းသော်လည်း ချစ်ခြင်းမေတ္တာကို အခြေခံပြီး၊ ထွက်ပေါ်လာသောမွန်မြတ်သောအဖြေဖြစ်သည်။ (ZBC) ကျန်းမာသန်စွမ်းဖို့အတွက် အားလုံးလက်တွဲညီညာလုပ်ကိုင်ဆောင်ရွက်ကြဖို့သာ။

အထွေထွေအတွင်းရေးမှူးရွေးကောက်ရန် အချိန်ကျရောက်သည့်အခါ အငြင်းပွားခြင်းမရှိ။ ယှဉ်ပြိုင်ကြခြင်းမရှိ။ အဆိုတင်သွင်းခြင်းခံရသောသူကို မဲဆန္ဒပေးရန်မလိုဘဲ အားလုံးထောက်ခံကြပါသည်။

တနဂ်္ဂနွေနေ့မနက် ဝတ်ပြုအစည်းအဝေးတွင် ဟောပြောရန်အခွင့်ရသည့် အတွက် အောက်ပါအချက်များကို အဓိကမှာကြားခဲ့ပါသည်။

(၁) မိမိတို့ ချင်းလူမျိုးများသည် စည်းလုံးညီညွတ်မှုကို လိုလားသောလူမျိုးဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ပေါ်လွင်ထင်ရှားလှသည်။ (ZBC) ကို ဦးဆောင်သောပုဂ္ဂိုလ်ကြီးများအပေါ် ပုဂ္ဂိုလ်အရဖြစ်စေ၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ ကိုယ်စားဖြစ်စေ၊ ဝမ်းမြောက်ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။ တစ်ခါ


တစ်ရံ မစည်းလုံး၊ မညီညွတ်မှုကြောင့် စိတ်မချမ်း မသာဖြစ်ရသည့်အချိန်များ ရှိတတ်ပါသည်။ သို့သော်လည်း အင်္ဂလိပ်ရာဇဝင်နှင့် နှိုင်းယှဉ်ကြည့်ပါက ချင်းခရစ်ယာန်သမိုင်းသည် ပိုပြီး လှပတင့်တယ်သည်ဟု မြင်မိပါသည်။ ချင်းခရစ်ယာန်များ မညီညွတ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး၊ တစ်မျိုးနှင့်တစ်မျိုး၊ လုပ်ကြံသတ်ဖြတ်ခြင်း မရှိခဲ့ဖူးပါ။ အင်္ဂလိပ်လူမျိုးများ၏ရာဇဝင်၌ တစ်ဦးနှင့်တစ်ဦး၊ တစ်မျိုးနှင့်တစ်မျိုး သတ်ဖြတ်လုပ်ကြံနေသော သမိုင်းကားချပ်ကို တွေ့ရသည်။ သို့အတွက် ချင်းခရစ်ယာန်များသည် အင်္ဂလိပ်ခရစ်ယာန်များ ထက်သာသည်ဟုပြောဆိုနိုင်သည်။

(၂)သမ္မာကျမ်းစာထဲတွင် အရှိအတိုင်း(ပြည်)အရှေ့တိုင်းက ပညာရှိ(၃)ပါးအကြောင်း တွေ့ရသည်။ သခင်ယေရှု မွေးဖွားမည့်နေရာကို လမ်းညွှန်သည့်ကြယ်ကို ကြည့်တတ်ခန့်မှန်းတတ်သူ၊ နက္ခတ်တာရာပညာရှင်များ ဖြစ်ကြသည်။ သူတို့သည် အနောက်တိုင်းက ပညာရှိများမဟုတ်ပါ။ ဤပညာရှင်များသည် မည်သူတို့ဖြစ်ကြသနည်း။ လွန်ခဲ့သောနှစ် (၂၀၀၀)က အဖြစ် အပျက်ဖြစ်၍ နက်နက်နဲနဲ စဉ်းစားကြပါစို့။ လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀)ခန့်က မိမိတို့ ချင်းလူမျိုးများသည် မည်သည့်နေရာတွင် နေထိုင်ခဲ့ကြသနည်း။ တစ်ချို့သော သုကေသီများက ချင်းလူမျိုးများ ချင်းတောင်တန်းသို့ရောက်သည်မှာ အနှစ် (၅၀၀)ခန့်သာရှိသေးသည်ဟု ဆိုကြသည်။ ထိုသို့ဆိုလျှင် လွန်ခဲ့သောအနှစ် (၁၀၀၀)ခန့်က မြေပြန့်ပြည်မတွင် နေခဲ့ကြမည်ထင်သည်။ မြန်မာပြည်မရောက်ခင်က မည်သည့်နေရာတိုင်းပြည်တွင် နေခဲ့သလဲမသိပါ။ လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀)ခန့်က ကြယ်ကြီးကို မြင်တွေ့သောပညာရှိတို့နှင့်အတူ နေထိုင်သောသူများဖြစ်နိုင်သည်။ သို့မဟုတ်လျှင်လည်း တစ်ဝမ်းကွဲတော်စပ်သူများဖြစ်နိုင်သည်။

ယခု ဇိမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်အစည်းအဝေးကို တက်ရောက်လာသူများသည် အရှေ့ပြည်က ပညာရှိများတဲ့သို့ ကြယ်ကိုမြင်သောသူများဖြစ်ကြသည်။ ယခုတွေ့ရှိသောကြယ်ကို မလွတ်စတမ်းကြည့်ကြပါ။ အမှောင်သည်လင်းလာမည်။ အလင်းဆောင်သူများလည်းဖြစ်ကြမည်။ ယခုကဲ့သို့ ခွန်အားပေးခွင့်ပြုသောဘုရားသခင်ဂုဏ်တော်ကို အထူးချီးမွမ်းမိပါသည်။

ဤသို့ဖြင့် ဇိမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်အစည်းအဝေးကြီးသည် ချောမွေ့လှပစွာ ပြီးဆုံးသွားသည်။

အချုပ်ဆိုရလျှင် (ZBC) ကျန်းမာသန်စွမ်းဖို့နွေးထွေးသောချစ်ခြင်းမေတ္တာနှင့် ညီနှီးငံတိုင်ပင်၍ အဖြေရှာပါက ရရှိသည့်ရလဒ်သည် တန်ဖိုးဖြတ်နိုင်မည်မဟုတ်ပါ။



ပလက်ဝမြို့နယ် (ခူမီးသာသနာနယ်)သို့ ခရစ်ယာန်သာသနာပြုခြင်း သမိုင်းအကျဉ်း

Revd. James Min Dein

နိဒါန်း။

ပလက်ဝခရစ်ယာန်သာသနာနယ်သည် မြန်မာနိုင်ငံအနောက်ဖက်နှင့် အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် တည်ရှိသောဒေသတစ်ခုဖြစ်ပါသည်။ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် (၉)မြို့နယ်တွင် တစ်မြို့အပါအဝင်ပြစ်ပါသည်။ ပလက်ဝ ခရစ်ယာန်သာသနာနယ်အတွင်း နေထိုင်ကြသည့်လူမျိုးစု များမှာ- ခူမီး၊ ရခိုင်၊ မရာ၊ အာနု၊ သတ်၊ ဒိုင်းနက် စသည့်လူမျိုးစုများ နေထိုင်ကြသည်။ အထူးသဖြင့် ခူမီးလူမျိုးစုကို နှစ်ပိုင်းခွဲခြား၍ ခေါ်လေ့ရှိပါသည်။ ကုလားတန်မြစ်အထက်ပိုင်းရှိလူမျိုးတို့ကို Areng Khumi ကုလားတန်မြစ်အောက်ပိုင်းရှိ သူတို့ကို အဝခူမီး ဟုခေါ်ကြပါသည်။

ကိုးကွယ်သည့်ဘာသာများမှာ- ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလန်ဘာသာနှင့် ရိုးရာနတ်ကိုးကွယ်သည့်ဘာသာများ ဖြစ်ပါသည်။

ပလက်ဝနယ်သို့ခရစ်ယာန်သာသနာပြုဆရာများ စတင်ရောက်ရှိခြင်းနှင့် လုပ်ဆောင်ချက်များ

၁၉၂၀ခုနှစ် ပတ်ဝန်းကျင်တွင် အိန္ဒိယနယ်ရှိ Sherker ကျေးရွာမှ Mr. Reginald Lorrain သည် လွတ်လပ်သောဗြိတိသျှခရစ်ယာန်သာသနာပြုအဖွဲ့နှင့် ပူးပေါင်း၍ ပထမဦးစွာ အိန္ဒိယနယ်နှင့်နီးစပ်လျက်ရှိသည့် မရာဒေသ၌ ခရစ်ယာန်သာသနာပြုခြင်း လုပ်ငန်းများကို အာရုံစိုက်ဆောင်ရွက်ရာမှ အောင်မြင်မှုရရှိလာပါသည်။ တဖြည်းဖြည်းနယ်သစ်များ ရှာဖွေလုပ်ဆောင်ရာ ကုလားတန်မြစ်ရိုးပေါ်တည်ရှိသည့် ခူမီးကျေးရွာများသို့ ဖြတ်သန်းသွားလာ၍ ခရစ်ယာန်သာသနာပြုမျိုးစေ့များကို စတင်ပျိုးခဲ့ကြပါသည်။

၁၉၂၄ခုနှစ်အစောပိုင်းတွင် အိန္ဒိယပြည်မှ Mr. Roland သည် လူရှိုင်းဧဝံဂေလိဆရာများနှင့်အတူ ရခိုင်ပြည်နယ်ဒေသသို့ခရစ်ယာန်သာသနာပြုရန် ရောက်ခဲ့ကြသည်။ ထိုမှတဆင့် ပလက်ဝမြို့မှ မိုင်အားဖြင့် (၃၀)ဝေးသော ဒေလောက်(Deu Laun) ရွာသို့ ရောက်ရှိခဲ့ပြီး ဧဝံဂေလိတရားကို ဟောကြားခြင်းဖြင့် ပလက်ဝနယ်သို့ ခရစ်တော်၏သတင်းကောင်းများ တဖြည်းဖြည်း ပျံ့နှံ့စေခဲ့ပါသည်။ သို့သော် အဆိုပါ ခရစ်ယာန်သာသနာပြုဆရာကြီးလက်ထက်တွင် အခက်အခဲ အမျိုးမျိုး ရင်ဆိုင်ခဲ့ရသဖြင့် ခရစ်ယာန်သာသနာလုပ်ငန်းများ မကြာခဏ ပြတ်တောက်ခဲ့ရပါသည်။

၁၉၂၅ခုနှစ်တွင် ဆရာကြီးRoland သည် ပြန်ရောက်ရှိလာပြီး ခရစ်ယာန်သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်ရှိ တောင်ကုန်းပေါ်တွင်

ခရစ်ယာန်သာသနာအဆောက်အဦ တစ်ဆောင်ကို ဆောက်လုပ်စေခဲ့ပါသည်။ ဤအဆောက်အဦးကြီး၌ အခြေပြု၍ ကုလားတန်မြစ်ရိုးတလျှောက် ကျေးရွာများသို့ ခရစ်ယာန် သာသနာပြုခဲ့ကြပါသည်။ ထိုသို့ ခရစ်ယာန်သာသနာပြုလုပ်ငန်းများ ဖောက်ချလုပ်ဆောင်ခြင်းကြောင့် ခူမီးအမျိုးအနွယ်များမှ ယုံကြည်သူများ အနည်းငယ်ရှိလာပါသည်။ ဆရာကြီးသည် ပလက်ဝနယ်သို့ ခရစ်ယာန်သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ပင် ခူမီးလူမျိုးများအတွက် သမ္မာကျမ်းစာဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ခူမီးစာပေဗျည်းအက္ခရာစာလုံးကို တီထွင်ခဲ့ပါသည်။

၁၉၂၉ခုနှစ်တွင် Revd. Hacking ဦးဆောင်သည့် BCMS (Bible Churchman's Missionary Society) အဖွဲ့သည် ပလက်ဝနယ်သို့ ရောက်ရှိလာသည်ကို တွေ့ရပါသည်။ ခရစ်ယာန်သာသနာပြုဆရာကြီးများအနေဖြင့် ရခိုင်ပြည်နယ်ရှိ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မင်းပြားနယ်များသို့ ခရစ်ယာန်သာသနာပြုရန် အာရုံစိုက်ကြပါသည်။ ဤခရစ်ယာန်သာသနာပြုအဖွဲ့သည် အင်္ဂလိကန်အသင်းတော်၏ နောက်ဆုံးရောက်ရှိလာသော ခရစ်ယာန်သာသနာပြုအဖွဲ့အစည်း ဖြစ်သည်။ ဤအဖွဲ့အစည်းသည် ရန်ကုန်ခရစ်ယာန်သာသနာပိုင်နှင့် ညှိနှိုင်းဆောင်ရွက်လာခြင်းကြောင့် Revd.Hacking အား Lay Chaplain အဖြစ်ခန့်အပ်၍ ရခိုင်ဒေသနှင့်ခူမီးနယ်သို့ ခရစ်ယာန်သာသနာပြုရန်တရားဝင်စေလွှတ်ခြင်းခံရပါသည်။

၁၉၃၀ခုနှစ်တွင် ဆရာကြီး Hacking သည် စစ်တွေမြို့တွင် ခရစ်ယာန်သာသနာပြုလုပ်ငန်းဆောင်ရွက်ရန် ပဟိုရုံးတစ်ခုဖွင့်လှစ်ကာ အမှုတော်လုပ်ငန်းများကို ဆောင်ရွက်စေခဲ့သည်။ သို့သော်လည်း မိုးရာသီဖြစ်၍ ရာသီဥတုဆိုးဝါးသောကြောင့် လုပ်ငန်းများမဆောင်ရွက်နိုင်သေးချေ။ ထို့ပြင်ခရစ်ယာန်သာသနာပြုဆရာကြီး Revd.Houghton နှင့်အတူ လက်တွဲ၍ ရခိုင်ပြည်နယ်သို့ ခရစ်ယာန်သာသနာပြုခဲ့ကြသည်။

၁၉၃၁ခုနှစ်နောက်ပိုင်းတွင် ပလက်ဝခရစ်ယာန်သာသနာနယ်သို့ BCMS သာသနာပြုအဖွဲ့ အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လုံးဝသဘောတူညီမှုရရှိခဲ့ကြသည်။

၁၉၃၃ခုနှစ်တွင် ရခိုင်ပြည်နှင့် ပလက်ဝခူမီးသာသနာနယ်ရှိ ခရစ်ယာန်သာသနာပြုဆရာများ အချင်းချင်းနားလည်စည်းလုံးမှုရရှိရန်အတွက် မင်းပြားမြို့တွင် BCMS ခရစ်ယာန်သာသနာပြုညီလာခံတစ်ခုကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ထိုအချိန်တွင် ခရစ်ယာန်သာသနာပြုဆရာဖြစ်သူ Mr. Francis သည် ဘူးသီးတောင်ဒေသသို့ခရစ်ယာန်သာသနာပြုလျက်ရှိပါသည်။

၁၉၃၆ခုနှစ်တွင် Mr. Francis သည် ရန်ကုန်မြို့ ကသီဒြယ်ကျောင်းတော်ကြီးကွင်း သိက္ခာမင်္ဂလာခံယူပြီး ပလက်ဝခူမီးနယ်သို့ ခရစ်ယာန်သာသနာပြုလုပ်ငန်းများကို ဖောက်ချ၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ကျမ်းစာကျောင်းများဖွင့်လှစ်ပြီး ဝိညာဉ်ရေးနှင်္ဂိုးမှုရရှိရေး အတွက် စာအုပ်စာပေများကို ထုတ်ဝေသင်ကြားခဲ့ပါသည်။

ဆရာကြီးသည် ၁၉၃၆မှ ၁၉၆၀အထိ ပလက်ဝခူမီးနယ်သို့အင်္ဂလိကန်သာသနာမျိုးစေ့ကို ပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည့်ပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါသည်။ ယနေ့တိုင်ဆရာကြီး၏ခူမီးခရစ်ယာန်သာသနာနယ်ကို ပြုစုပျိုးထောင်ခြင်း၊ ချစ်မြတ်နိုးခြင်း၊ သံယောဇဉ်အထားဆုံးဖြစ်သည့်အတွက် ခူမီးလူမျိုးစုကလည်း အစဉ်သဖြင့် သတိရနေဆဲ ဖြစ်ပါသည်။

ချင်းခရစ်ယာန်များ ဘယ်ဆီသို့

ဒေါက်တာ ထန်ဘီလွယ်

ခရစ်ယာန်သာသနာပြုဆရာကြီး ကာဆွန် နှင့်ဇနီး ချင်းပြည်နယ်သို့ဆိုက်ရောက်လာသည့် အနှစ်တစ်ရာပြည့်အခမ်းအနားကို ၁၉၉၉ခုနှစ်မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ရှေ့ကိုမျှော်မှန်းပြီးလုပ်ငန်းစဉ်များလည်း ချမှတ်ခဲ့ပါသည်။ ယခုလည်း ချင်းခရစ်ယာန်များကပင် နောက်ထပ် ရာပြည့်ပွဲတစ်မျိုးကို ကျင်းပပြုလုပ်ရန် စီစဉ်လျက်ရှိပေသည်။ တနည်းအားဖြင့်ဆိုသော် ချင်းပြည်နယ်၌ ခရစ်ယာန်သာသနာထွန်းကားခဲ့သည်မှာ နှစ်ပေါင်းတစ်ရာပြည့်သွားပြီဖြစ်သည်။ ချင်းခရစ်ယာန်များသည် မည်သည့်ပန်းတိုင်သို့ ဦးတည်ပြီး ခြေလှမ်းနေကြပါသနည်း။ သို့မဟုတ် ဘယ်ကိုများ ဦးဟည်နေပါသနည်းဆိုသည့်မေးခွန်းကို လက်ရှိချင်းလူမျိုးများ၏လူမှုကဏ္ဍကို အခြေခံပြီး သုံးသပ်လိုပါသည်။

ဘာသာရေး

ခရစ်ယာန်သာသနာပြုများ ရောက်မလာမီ အချိန်တွင် ချင်းလူမျိုးများသည် မိရိုးဖလာရိုးရာဘာသာကို လက်ကိုင်ကျင့်သုံးသူများဖြစ်ကြပြီး နတ်ဆိုးများ၏ရန်မှ ကင်းလွတ်ရန် နတ်ဆိုးများကို ကြောက်၊ ဝတ်များဖြင့် ပူဇော်ပသလေ့ရှိကြပါသည်။ ထိုသို့ ပူဇော်ပသရာ၌ စားပွဲသောက်ပွဲများ ခင်းကျင်းလေ့ရှိပါသည်။ ခရစ်ယာန်ဘာသာရောက်ရှိလာသောအခါ မိမိရိုးရာဘာသာကို စွန့်ပြီး ခရစ်ယာန်ဘာသာသို့ကူးပြောင်းလာကြပါသည်။ ခရစ်ယာန်ဘာသာသည် ချင်းလူမျိုးတို့၏ဘာသာရေးအယူဝါဒကို ပြောင်းလဲစေခဲ့ပါသည်။ ခရစ်ယာန်ဘာသာဝင်များသည် ခေတ်အဆက်ဆက်ပြုလုပ်လေ့ရှိသော အရက်သောက်ခြင်း၊ နတ်ပူဇော်ပသခြင်းနှင့် အခြားပွဲလမ်းသဘင်များကို မပြုလုပ်ကြတော့ပါ။ ရွာသူကြီးများကိုလည်း ခေါင်ရေအိုးများ မဆက်သကြကော့ပါ။ သို့ဖြစ်၍ ရွာသူကြီးများ၏ဆန့်ကျင်အရေးယူမှုဒဏ်ကို အလူးအလဲခံခဲ့ကြရသည်။ လောက်လေးငွဖြင့် ပစ်ခတ်ခြင်း၊ ယာပြေများကို ဝေမပေးခြင်း၊ ရွာမှနှင်ထုတ်ခြင်းများကိုပင် ခံခဲ့ကြသည်။ ကနဦးယုံကြည်သူများသည် ထိုကဲ့သို့သော အရေးယူနှိပ်စက်ခြင်းများကို ကြံ့ကြံ့ခံခဲ့ကြသည်။ သူတို့၏ယုံကြည်ခြင်းခိုင်မြဲခြင်းကြောင့်လည်းကောင်း၊ ခရစ်ယာန်သာသနာပြုများ၏ကြိုစားအားထုတ်မှုကြောင့်လည်းကောင်း၊ချင်းလူမျိုးများ၏မရေရာသောဘာသာရေးအယူအဆကြောင့်လည်းကောင်း၊ ခရစ်ယာန်ဘာသာသည် ချင်းပြည်နယ်တစ်ခုလုံးတွင် ပျံ့နှံ့လာခဲ့ပါသည်။ ယခုအခါ၌ ချင်းလူမျိုးအများစုသည် ခရစ်ယာန်များ ဖြစ်ကြပါသည်။

ဤသို့ဖြင့် ခရစ်ယာန်ဘာသာတရားသည် နှစ်ထောင်ပေါင်းများစွာမှစ၍ ယုံကြည်ကိုးကွယ်လာခဲ့သော ရိုးရာဘာသာတရားအယူအဆများကြားတွင် တဖြည်းဖြည်းနေရာယူပြီး ကြီးထွားလာခဲ့သည်။ နှစ်ပေါင်းတစ်ရာခန့်ကြာလာသည့်အခါ ရိုးရာယုံကြည်မှုများမှ တဖြည်းဖြည်းဝေးသထက်ဝေး၍ လာခဲ့ကြသည်။ နတ်ဆိုးများနှင့် မကောင်းဆိုးဝါးများ၏ရန်ကိုလည်း မကြောက်ကြတော့ပါ။ စုန်းပူးခြင်း၊ ပြုစားခြင်း၊ နတ်ကိုက်ခြင်း၊ နတ်ဆိုးများနှောင့်ယှက်ခြင်းစသော ဒုက္ခဆင်းရဲခံရသူများလည်း တဖြည်းဖြည်းလျော့နည်းလာပေသည်။ သို့ရာတွင် လုံးလုံးလျားလျား ပပျောက်သည်တော့မဟုတ်ပါ။ နတ်ဆိုးများ၊ မကောင်းဆိုးဝါးများ၏အနှောင့်အယှက်ကိုကြောက်ရွံ့ခြင်းမှ ကင်းဝေးလာသည်နှင့်အမျှ လွတ်လွတ်လပ်လပ် ဟောပြောလာကြသည်။ ကျမ်းစာတစ်အုပ်တည်းကို ကိုင်ပြီးအယူအဆအမျိုးမျိုးထွက်ပေါ်လာသည်။ အသင်းသားဦးရေအနည်းအများကိုပဓါနမထားဘဲ မိမိစိတ်ချမ်းသာမှု၊ လွတ်လပ်မှုနှင့် အသင်းတော်တည်ထောင်သူဟူသောဘွဲ့ထူးကို မျှော်မှန်းပြီး အသင်းတော်အသစ်အသစ်များကို တည်ထောင်လာခဲ့ကြပါသည်။ နိုင်ငံခြားမှ အထောက်အပံ့ကို မျှော်မှန်းပြီး အသင်းတော်သစ်များ တည်ထောင်ကြလေသလောဟု မေးခွန်းထုတ်စရာပင် ဖြစ်လာခဲ့ပါသည်။ သို့ဖြစ်၍ ချင်းခရစ်ယာန်ရာပြည့်ပွဲတော်ဆင်နွှဲသည့်အချိန်တွင် အသင်းတော်ဂိုဏ်းဂဏပေါင်း(၈၀)ခန့်ရှိနိုင်သည်ဟု ခန့်မှန်းရပေသည်။

ချင်းခရစ်ယာန်များ၏ဘာသာရေးဆောင်ရွက်ချက်မှာ အားရစရာကောင်းသည့်အပိုင်းများရှိပါသည်။ ဝတ်ပြုကိုးကွယ်ခြင်း၊ ကျမ်းစာလေ့လာခြင်း၊ ခမ္မပညာသင်ကြားခြင်းတို့တွင် အားရစရာကောင်းသည်ဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ ခမ္မပညာကို ဆည်းပူးသောချင်းလူငယ်မြောက်များစွာရှိခြင်း၊ ချင်းခမ္မဆရာကြီးများ ဦးစီးတည်ထောင်သော ခမ္မပညာသင်ကျောင်းများ များစွာပေါ်ပေါက်လာခြင်းကြောင့်ပင် ဖြစ်ပေသည်။

အားရစရာကောင်းသောအပိုင်းလည်းများစွာ ရှိပေသည်။ ကျမ်းစာတည္ဆန်ပြသည့်အတိုင်း အသက်ရှင်ရန် (သို့) ကျမ်းစာကို မိမိ၏အသက်တာလမ်းပြအဖြစ် အသုံးဖြုမှုအားနည်းလွန်းသည်ဟု ယူဆရပေသည်။ ခရစ်ယာန်သာသနာနယ်ပယ်၌မလိုလားအပ်သောအားပြိုင်မှုများရှိနေခြင်း၊ ဂိုဏ်းဂဏတစ်ခုနှင့်တစ်ခု ပူးပေါင်းဆောင်ရွက်မှု အားနည်းနေသည့်အပြင် ဂိုဏ်းဂဏတစ်ခုနှင့်တစ်ခုအကြား ပဋိပက္ခဖြစ်ခြင်း၊ မိမိအသင်းတော်အတွင်း စိတ်ဝမ်းကွဲပြားခြင်းများမှာ အလွန်မလိုလားအပ်သော အားနည်းချက်များ ဖြစ်ပေသည်။

သို့ဖြစ်၍ ချင်းခရစ်ယာန်များ၏ဘာသာရေးယုံကြည်ခြင်းနှင့် လုပ်ဆောင်မှုများသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေခြင်းကို ဦးတည်နေပါသလား။ ချင်းလူမျိုးများ၏စည်းလုံးညီညွတ်ရေးကို ဦးတည်ပါသလား။ မိမိတိုင်းပြည်နှင့်လူမျိုးအတွက် အမှန်တရားဘက်မှ မားမားမတ်မတ်ရပ်နိုင်သောစိတ်ဓါတ်များ ပြုစုပျိုးထောင်ရေးသို့ ဦးတည်ပါသလား။ ချင်းခရစ်ယာန်များ၏ဘာသာရေးယုံကြည်ကိုးကွယ်မှုနှင့် ဆောင်ရွက်မှုသည် အဘယ်သို့ဦးတည်နေပါသနည်း။ ချင်းခရစ်ယာန်ခမ္မဆရာကြီးများ၊ တရားဟောဆရာကြီးများ၊ ဧဝံဂေလိဟောကြားသူများနှင့် ချင်းခရစ်ယာန်တိုင်းက အလေးအနက်စဉ်းစားအဖြေရှာသင့်ပေသည်။ ဦးတည်ချက်များကို ကျမ်းစာတော်နှင့်အညီ ချမှတ်နိုင်သည်

သာမက လိုက်လျောက်နိုင်ရန် အားထုတ်ကြရပေမည်။

ပညာရေး

ဖလမ်းမြို့နယ်၏ပထမဆုံးမူလတန်းကျောင်းကို ၁၉၀၆ခုနှစ်၌ ဖလမ်းမြို့တွင် တည်ထောင်ခဲ့ကြသည်။ ၁၉၃၅ခုနှစ်တွင် ပထမဦးဆုံးအထက်တန်းကျောင်းကို ဖလမ်းမြို့၌ပင် တည်ထောင်ခဲ့ကြသည်။ သို့ရာတွင် ယနေ့ထက်တိုင်အောင် တက္ကသိုလ်နှင့်ကောလိပ် တစ်ခုမှ မရှိသေးပေ။

ချင်းလူမျိုးများထဲမှ ပထမဦးဆုံးသောဘွဲ့ရပုဂ္ဂိုလ်သည် ၁၉၃၈ခုနှစ်တွင် ဘီအေဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့ပေသည်။ ယနေ့တွင် ဒေါက်ထာဘွဲ့ရသူများ အတော်အသင့်ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါသည်။

ချင်းပြည်နယ်၌ တက္ကသိုလ်၊ ကောလိပ်များ မရှိသော်ငြားလည်း တက္ကသိုလ်ပညာရေးကို ဆည်းပူးသောချင်းကျောင်းသူ/သားများ အရေအတွက်မှာ အားရစရာကောင်းသည်ဟု ဆိုရပေမည်။ ဘွဲ့လွန်ကျောင်းသူ/သားများလည်း အထိုက်အလျောက်ပေါ်ထွန်းလာကြပါသည်။

ပညာရပ်တစ်ခုကို သင်ကြားလေ့လာရာ၌ တတ်သင့်တတ်ထိုက်သောပညာကို တတ်ကျွမ်းမှသာလျှင် အရည်အချင်းရှိသောဘွဲ့ရပုဂ္ဂိုလ်ဖြစ်လာပေမည်။ ဘီအေဘွဲ့ရရှိသူသည် ၄င်းဘီအေဘွဲ့နှင့်ထိုက်တန်သောအသိပညာရရှိထားရမည်ဖြစ်ပေသည်။ ထိုတဲ့သို့ဖြစ်လာရန်အတွက် ဘွဲ့ကြို အချိန်တွင် အပတ်တကုတ်လေ့လာဆည်းပူးရမည်ဖြစ်သည်။ နည်းပြဆရာ/ဆရာမများ၏ သင်ကြားမှုကို အခြေခံပြီး မိမိဘာသာ စာကြည့်တိုက်ရှိစာအုပ်များနှင့် အခြားသင့်တော်သော စာအုပ်စာတမ်းများတို့ ဖတ်ရှုလေ့လာရမည် ဖြစ်ပေသည်။ ဤကဲ့သို့ မိမိကိုယ်တိုင် သင်ကြားလေ့လာနိုင်မှသာလျှင် အရည်အချင်းပြည့်ဝသောဘီအေဘွဲ့ပိုင်ရှင်ဖြစ်လာမည်ဖြစ်သည်။

အရည်အချင်းရှိသောဘွဲ့ရဖြစ်လာနိုင်ရေးအတွက် နေ့ချင်းညချင်းလုပ်ယူ၍မရပါ။ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းစသောကျောင်း အသီးသီးကို ဖြတ်သန်းလာခဲ့ရမည်မည်ဖြစ်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများသည် အလွန်အရေးပါသော ကဏ္ဍမှာရှိနေကြပေမည်။ တနည်းအားဖြင့် ဆိုသော်အခြေခံကောင်းမှသာလျှင် အရည်အချင်းရှိသောဘွဲ့ရများ ဖြစ်လာနိုင်မည်ဖြစ်သည်။

ချင်းခရစ်ယာန်ကျောင်းဆရာတစ်ဦး၏ လုပ်ဆောင်ချက်ကို လူတစ်ဦးက ပြောပြဖူးသည်။ ထိုကျောင်းဆရာသည် ကျောင်း၌စာသင်မပေးဘဲ မြို့ထဲတွင် ကျူရှင်ပြစားနေသည်။ သူ့ကျောင်းကွင် စာသင်ပေးရန် ကျောင်းဆရာတစ်ဦးကို ငှါးရမ်းထားပြီး သူ့လစာထဲမှဖဲ့ပေးသည်။ သူသည် နိုင်ငံတော်မှခန့်ထားသောကျောင်းဆရာတစ်ဦး၊ သင်ကြားပို့ချနည်းများကို တတ်မြောက်ကာ တိုင်းပြည်မှ လေ့ကျင့်ပေးထားသော ကျောင်းဆရာတစ်ဦးဖြစ်ပါသည်။ သို့သော် သူသည် တာဝန်မဲ့စွာဖြင့် အခြားသာမန်လူတစ်ဦးကို သူ့အစား၊ ကလေးများကို စာသင်ခိုင်းလေပြီ။

ချင်းခရစ်ယာန်မိဘများသည် လူထဲကလူများဖြစ်သည့်အလျောက် မိမိတို့၏သားသမီးများ နှစ်စဉ်အတန်းမှန်မှန်အောင်မြင်သည်ကို မြင်လိုတွေ့လိုကြသည်။ သို့ရာတွင် မိမိတို့၏သားသမီးများသည် အရည်အချင်းရှိရှိဖြင့် အောင်ခြင်းဟုတ်မဟုတ်ကိုမူ သတိပြုသူ၊ အလေး

ထားသူ နည်းပါးလှပေသည်။ သို့ဖြစ်သောကြောင့် စာမေးပွဲအောင်နိုင်ရေးအတွက် ကျူရှင်ထားကြသည်။ ဆရာများကို ကပ်ကြသည်။ စာခိုးချသည်ကိုပင် မတားမြစ်ကြ။ စာမေးပွဲပြီးပြီးချင်း မိမိတို့ကလေးမဖြေနိုင်ခဲ့လျှင် သက်ဆိုင်ရာဘာသာရပ်ဆရာကို အကူအညီတောင်းရန် ဝန်မလေးကြပေ။ တက္ကသိုလ်စာမေးပွဲများတွင်လည်း အတတ်နိုင်ဆုံးခိုးချနိုင်အောင် ကြိုးစားကြသည်။ စာမေးပွဲအခန်းစောင့် တာဝန်ကျ ဆရာ/မ များကိုလည်း တည့်အောင်ပေါင်းထားကြသည်။ ခိုးချမှုကို အားမပေးသောဆရာ/မများ၊ ခိုးချခွင့်မပြုသော အခန်းစောင့်ဆရာ/မများကို ကျောင်းသားများက အမုန်းကြီးမုန်းကြသည်။ ခိုးချခြင်းဖြင့် အောင်မြင် လာသောစာမေးပွဲ ရရှိလာသော ဘွဲ့ဒီဂရီများ သည် အရည်အချင်းပြည့်သော ဘွဲ့ရကို မွေးထုတ် ပေးနိုင်မည်မဟုတ်ပါ။

ချင်းခရစ်ယာန်မိဘများ၊ ကျောင်းဆရာ/မများ၊ ကျောင်းသူ/သားများအနေဖြင့် မိမိတို့သင်ကြားရယူလာသောဘွဲ့ဒီဂရီသည် ဘယ်ကို ဦးတည်နေပြီလဲဆိုသည်ကို အလေးအနက်စဉ်းစားစရာ ဖြစ်နေပါပြီ။

ကျန်းမာရေး

ရှေးယခင်က ချင်းလူမျိုးများတွင် မိရိုးဖလာကုထုံးများရှိခဲ့သော်လည်း ယနေ့တွင် အနောက်တိုင်းဆေးဝါးများကို အားကိုးအားထား ပြုနေရပါသည်။ ချင်းခရစ်ယာန်များထဲတွင် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ အထိုက်အလျောက်ပေါ်ထွန်းလာကြပါသည်။ ချင်းခရစ်ယာန်များထဲတွင် ကျန်းမာရေးဗဟုသုတမှာလည်း အထိုက်အလျောက် ပျံ့နှံ့လျက်ရှိပါသည်။

ချင်းခရစ်ယာန်ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိမွေးဖွားကြီးပြင်းလာသောဒေသတွင် အမှုထမ်းရန် လိုလိုလားလားမရှိကြသည်ကို တွေ့ရပါသည်။ စီးပွားရေးကောင်းမွန်ပြီး သွားလာမှုလွယ်ကူသောပြေပြစ်တွင်သာ အခြေချနေထိုင်ရန် အားထုတ်လေ့ရှိကြပါသည်။ ဤမျှသာမကသေးပါ။ နိုင်ငံခြားသို့သွားရောက် ပညာသင်ကြားပြီး အခြေချနေထိုင်တတ်ကြပါသည်။ ဤသည်မှာ ဦးနှောက်ယိုဖိတ်ခြင်းသာ မကဘဲ ဒေသအတွင်း ကျန်းမာရေးမြင့်တင်ရေးအတွက် ကြီးမားသောအဟန့်အတားပင် ဖြစ်ပါသည်။

ချင်းလူမျိုးများ၏ကျန်းမာရေးဗဟုသုတမြင့်မားလာသော်လည်း လက်တွေ့အသုံးချမှုတွင် အားနည်းနေသေးသည်ဟု ယူဆနိုင်စရာ များစွာရှိပါသည်။ ဥပမာအားဖြင့် ထိခိုက်ရှနာနှင့် ဆုတ်ပြဒ်ရာများရသည့်အခါ သန့်ရှင်းစွာထားရမည့်အစား ဘရိတ်ဆီလိမ်းခြင်း၊ ဓါတ်ဆီလောင်းခြင်း၊ စိပ်နှံကိုက်ရွက်ကို အရည်ညှစ်၍လိမ်းခြင်း၊ စသည်များပြုလုပ်ခြင်း၊ ဖျားနာသောသူများ (ကလေးနှင့်လူကြီး)ကို အစာမကျွေးဘဲထားခြင်း။

တဖက်တွင်မူ မိမိသိသောဗဟုသုတအနည်းငယ်ကို အလွန်အမင်းအသုံးချခြင်းပင် ဖြစ်ပါသည်။ အထူးသဖြင့် ဆေးဝါးများသည် ရောဂါ ပပျောက်ကင်းစင်စေနိုင်သည်ကို သိကြ၏။ ထိုအသိပညာဗဟုသုတကို စွဲမြဲစွာ ဆုပ်ကိုင်ထားပြီး ဆေးဝါးများကို လက်လွတ်စပယ် အသုံးပြုတက်ကြပါသည်။ ဥပမာ- ကလေးဝမ်းလျှောလျှင် တက်ထရာဆိုင်ကလင်း၊ ကလိုရမ်ဖင်နီကော၊ ရီဖမ်ပီစင်စသည့် ဆေးများကို မလိုအပ်ဘဲ သုံးစွဲခြင်း၊ တီဘီဆေး များကို ဆေးပတ်လည် အောင်မသောက်ခြင်း၊ ငှက်ဖျားပြတ်ဆေးနှင့် အခြားဆေးများကို အချိန်ကိုက်

မသောက်ဘဲ လိုသလို သောက်သုံးခြင်း။

ချင်းလူမျိုးများသည် လူနာများကို ဂရုစိုက်ရာ၌ ပြိုင်ဘက်ကင်းမည်ဟု ထင်ပါသည်။ လူနာအနားတွင် အမြဲတမ်းထိုင်ပြီး ပြုစုတတ်ခြင်း၊ အဆက်မပြတ် ဆုတောင်းပေးတတ်ခြင်း၊ စားသောက်ဖွယ်ရာများကို ရှာဖွေကျွေးမွေးတတ်ခြင်း၊ ခြေလက်များကို အသာအယာကိုင်တွယ်ပြီး အားပေးတတ်ခြင်း၊ လူမမာများ၏အခြေအနေကိုသိရက်နှင့် အားပေးရန်အတွက် လူနာမေးတတ်ခြင်းစသည်များသည် ကောင်းသောအလေ့အထများဖြစ်ပါသည်။ ထိုသို့ပြုစုရာ၌ လူနာအသည်းအသန်ဖြစ်လေ လူနာမေးသူပိုများလေဖြစ်တတ်ပါသည်။ လူနာအသည်းအသန်ဖြစ်လျှင် လူနာအနားယူရန်လည်း အရေးကြီးလှပါသည်။ လူနာအနားမရနိုင်လောက်အောင် လူနာအသက်ရှူကြပ်နိုင်လောက်အောင် ဝိုင်းအုံပြီး လူနာမေးခြင်းမှာ တောင်းကျိုးထက်ဆိုးကျိုးပိုများပေသည်။

ကျမ်းစာအုပ်ကို ဖတ်ရှုလေ့လာသည့်အခါ၌ ကျန်းမာရေးနှင့်ဆိုင်သောကျမ်းပိုဒ်မြောက်များစွာကွေ့ရှိရမည်ဖြစ်ပါသည်။ ထိုကျမ်းချက်တွင် ကုသရေးထက် ကြိုတင်ကာကွယ်ရေးကို အသားပေးထားကြောင်း တွေ့ရပါသည်။ ဥပမာ အားဖြင့် အမျိုးသမီးများဓမ္မတာပေါ်ခါနီတွင် လိင်ဆက်ဆံခြင်းမပြုခြင်း၊ မစားမီလက်ဆေးကြခြင်း၊ ရောဂါဖြစ်နေသောသူများကို တသီးတခြားထားရှိခြင်း။ သို့ဖြစ်၍ ချင်းခရစ်ယာန်များသည်လည်း ကျန်းမာရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှပါဝင်ကြရန် အရေးကြီးပေသည်။

အသင်းတော်အတွင်း ကျန်းမာရေးဗဟုသုတများ ဟောကြားခြင်း၊ အိမ်တွင်းအိမ်ပြင်သန့်ရှင်းရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ခြင်း တကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို စားသောက်ခြင်း၊ ရောဂါဘယဖြစ်ပွားခဲ့လျှင် စောလျင်စွာပြုစုကုသခြင်းများကို ဖော်ပြလေ့ကျင့်ပေးရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ချင်းခရစ်ယာန်များသည် အဖက်ဖက်မှကြိုးစားအားထုတ်သူများ၊ ခေတ်မီဖွံ့ဖြိုးရေး၊ သာယာဝပြောရေး၊ ငြိမ်းချမ်းသာယာရေးကို လိုလားသောသူများဖြစ်ကြသည်ဟု ယူဆရပါသည်။ ဆို့ရာတွင် ခရစ်ယာန်ဘာသာရေးနယ်ပယ်၌လည်းကောင်း၊ ပညာရေးနယ်ပယ်၌လည်းကောင်း၊ စီးပွားရေးနယ်ပယ်၌လည်းကောင်း၊ လူပ်ရှားဆောင်ရွက်ရာ၌ ခရစ်တော်၏သစ္စာတရားကို အခြေခံပြီး ဆောင်ရွက်ရန် လိုအပ်နေသေးသည်ဟု ဆိုရပေမည်။ ချင်းပြည်နယ်အတွက် ဆရာဝန်သင်တန်း၊ ဆရာမသင်တန်းစသည်ဖြင့် ခွဲတမ်းပေးရန် တောင်းဆိုတတ်ကြသော်လည်း သင်တန်းပြီးဆုံးသောအခါ ချင်းပြည်နယ်၌ အမှုထမ်းရန် ပျက်ကွက်ခြင်းများ၊ ဖွံ့ဖြိုးရေးရံပုံငွေများတောင်းတတ်သော်လည်း ငွေရေးကြေးရေး၌ သစ္စာရှိရှိဆောင်ရွက်ရန် ပျက်ကွက်ခြင်းများ ရှိတတ်ပါသည်။ ဤကဲ့သို့ ပြုလုပ်တတ်သူများလည်း ချင်းခရစ်ယာန်များပင် ဖြစ်ကြပါသည်။ သို့ဖြစ်၍ ချင်းခရစ်ယာန်များ ဘယ်ဆီသို့ ဆိုသည့်မေးခွန်းကို လေးလေးနက်နက်စဉ်းစားရန် လိုအပ်လှပါသည်။

ဇော်ဘီစီ လက်တင်ရအမျိုးသမီးဓမ္မအမှုတော်ဆောင်များ၏ အတ္ထုပတ္တိအကျဉ်း

မန်ဟောက်ကျိန်

ဇိမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချို့သည် အခြားအဖွဲ့ချုပ်များကဲ့သို့ မဟုတ်ဘဲ ထူးခြားသော အချက်တစ်ချက်မှာ အမျိုးသမီးလက်တင်ရဆရာမကြီး (၆)ပါးရှိခြင်းပင် ဖြစ်ပါသည်။

(၁) Revd. Ngiak Za Dim (၁၉၈၃)
(၂) Revd. Dar Zing (၁၉၉၀)
(၃) Revd. Hlawn Tial (၁၉၉၂)
(၄) Revd. Marina Thawng Mawi (၁၉၉၅)
(၅) Revd. Bawi Thian Ting (၁၉၉၉)
(၆) Revd. Vah Kho Nei (၂၀၀၂)

၁။ သိက္ခာတော်ရဆရာမကြီးညက်ဇဒိမ်း
Revd. Ngiak Za Dim

သိက္ခာတော်ရဆရာမကြီးညက်ဇဒိမ်းသည် ဖခင်ဦးဆွန်ခေါ်ကျင်နှင့် မိခင်ဒေါ်ထန်ခေါဒိမ်းတို့မှ ၁၉၃၇ခုနှစ်၊ ဩဂုတ်လ (၂) ရက်နေ့တွင် တီးတိန်မြို့နယ် ထုတ်လိုင်ရွာတွင် မွေးဖွားခဲ့ပါသည်။ မွေးချင်းမောင်နှမ (၄) ယောက်ရှိသည့် အနက် တတိယမြောက်သမီးဖြစ်ပါသည်။ စီးယင်းဇမန်လူမျိုးနွယ်စုမှ ဆင်းသက်လာသူ ဖြစ်ပါသည်။

၁၉၃၇ခုနှစ်၊ ဩဂုတ်လအတွင်းမှာပင် ဖခင်ကွယ်လွန်သွားပါသဖြင့် ကျောင်းနေချိန် နောက်ကျသော်လည်း စိတ်အားမလျော့ဘဲ ခိုင်မာသောဇွဲဖြင့် ကျောင်းပြန်တက်ရာ ၁၉၅၉ခုနှစ် မတ်လတွင် ထုတ်လိုင်အစိုးရအထက်တန်းကျောင်းမှ (၈)တန်းအောင်မြင်ခဲ့ပါသည်။

ငယ်စဉ်ကပင် မိခင်၏ယုံကြည်ခြင်းအမွေကို ကောင်းစွာထိန်းသိမ်းသူဖြစ်၍ (၁၉၅၅)ခုနှစ်၊ မေလ(၁၅)ရက်နေ့တွင် နှစ်ခြင်းမင်္ဂလာကို ခံယူပါသည်။ (၁၉၅၉)ခုနှစ်တွင် (၈)တန်းအောင်မြင်ခဲ့သောအခါ ရန်ကုန်မြို့၊ အင်းစိန်မြန်မာနှစ်ခြင်းအမျိုးသမီးကျမ်းစာသင်ကျောင်းတွင် ဓမ္မပညာကို ဆည်းပူးသင်ယူခဲ့ရာ (၁၉၆၂) ခုနှစ်တွင် L.Th ရခဲ့ပါသည်။

၁၉၆၂-၁၉၆၅ ခုနှစ်အတွင်း မိခင်အသင်းတော်ဖြစ်သော ထုတ်လိုင်နှစ်ခြင်းအသင်းတော်တွင် အမျိုးသမီးနှင့်ဥပုသ်စာဖြေကျောင်းများကို ဦးဆောင်၍ အမှုတော်ကို အားကျိုးမာန်တက်လုပ်ဆောင်ခဲ့ပါသည်။ ဆရာမ၏ အနစ်နာခံမှု၊ ဆက်ကပ်မှုများ ကိုယ်ကျိုးစွန့်လျက် အမှုတော်ဆောင်ခြင်းတို့ကြောင့် ဘုရားသခင်ကောင်းကြီးပေးလျက် (၁၉၆၅) ခုနှစ်မှစ၍

ထုတ်လိုင်နှစ်ခြင်းအသင်းတော်၌ သင်းအုပ်အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါသည်။

- ၁၉၆၆-၁၉၇၁ခုနှစ်အတွင်း ထုတ်လိုင်နှင့် ပုမ်ဝါအသင်းတော် (၂)ပါး၏သင်းအုပ်တာဝန်ကို သော်လည်းကောင်း၊ ၁၉၇၁-၁၉၇၄ခုနှစ်အတွင်း အသင်းတော်၏အတွင်းရေးမှူးတာဝန်ကို လည်းကောင်း၊ မနားမနေ ဆက်လက်အမှုတော် ထမ်းဆောင်လျက် ၁၉၈၃ခုနှစ်အထိ သင်းအုပ် တာဝန်ကို အဆက်မပြတ် ထမ်းဆောင်ခဲ့ပါသည်။

၁၉၈၃ခုနှစ်၊ မတ်လ(၆)ရက်နေ့တွင် ဘုရား သခင်၏ကျေးဇူးတော်အားဖြင့် အမှုတော်ဆောင် လုပ်ငန်းတွင် အမွန်မြတ်ဆုံးသောလက်တင် မင်္ဂလာပေးခြင်းကို ခံခဲ့ရပါသည်။ ဘုရားသခင်၏ ကျေးဇူးကော်ကို ခံစားလျက်အမှုတော်ဆောင် သက်တမ်း(၂၁)နှစ်ပြည့်သည့်နှစ်တွင်ပထမဆုံးသော ချင်းအမျိုးသမီးများအမှုတော်ဆောင်ထဲမှ လက်တင်မင်္ဂလာကို ခံစားရသူဖြစ်ပါသည်။

ဤကဲ့သို့ ၁၉၈၃-၁၉၉၂ခုနှစ်အတွင်း မိမိနယ်အဖွဲ့အစည်း၏ဓမ္မပညာတာဝန်ခံနှင့် အမျိုးသမီးအဖွဲ့တာဝန်ခံကို (၉)နှစ်လုံးလုံး ဦးဆောင်တာဝန်ယူခဲ့ပါသည်။ ထိုနည်းတူ ဇက်ဘီစီအမျိုးသမီးအဖွဲ့၏ လှုပ်ရှားမှုနှင့် လုပ်ငန်းများတွင် အချိန်ပိုင်းဥက္ကဋ္ဌ အဖြစ် သော်လည်းကောင်း၊ လှုပ်ရှားမှုများတွင်လည်း ကြိုးစား ပါဝင်လျက် ကယ်တင်ခြင်းကို လက်ခံ၍ ပြောင်းလဲယုံကြည်သူမြောက်မြားစွာကိုလည်း နှစ်ခြင်းမင်္ဂလာပေးခြင်းများဖြင့် အမှုတော်ကို အဆက်မပြတ်ထမ်းဆောင်နေပါသည်။

ထို့အပြင် ၁၉၇၅ခုနှစ်မှစ၍ (၇)နှစ်အတွင်း မိမိစီယင်းဘာသာဖြင့် ကျမ်းစာဘာသာပြန် ကော်မိတီတွင်လည်း ပါဝင်လှုပ်ရှားခဲ့ပါသည်။ အမွန်မြတ်ဆုံးသော အမှုတော်ဆောင်ခြင်းဖြစ် သည်ဟု ယနေ့တိုင် မှတ်တမ်းတင် အပ်ပါသည်။

ကျေးဇူးတော်အားဖြင့် ခံစားရသောမင်္ဂလာများ

၁။ ၁၉၉၀ခုနှစ်၊ ဒီဇင်ဘာလ၌ ပြုလုပ်ကျင်းပခဲ့သော မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အဖွဲ့၏ (၁၇၅)နှစ်ပြည့်ယုဘိလပွဲတော်ကြီးတွင် အမ်ဘီစီ၏ဂုဏ်ပြုမှတ်တမ်းအဖြစ် ရွှေလည်ဆွဲကြိုး တစ်ကုံးနှင့် ရွှေသားလက်ဝါးကပ်တိုင်တစ်ခုကို ချီးမြှင့်ခြင်းခံရပါသည်။

၂။ ၁၉၉၂ခုနှစ်၊ ဒီဇင်ဘာလတွင် အမ်ဘီစီ၏ ပထမအကြိမ်ဓမ္မအမှုတော်ဆောင်ညီလာခံကြီးတွင် လည်း အမှုတော်ဆောင်သက်တမ်း အနှစ် (၂၅)နှစ်ပြည့်သူ အထိမ်းအမှတ်အဖြစ် ငွေတံဆိပ် ဆုချီးမြှင့်ခြင်းကို ခံရပါသည်။

၃။ ၁၉၆၂-၁၉၉၂ခုနှစ်အတွင်း အနှစ် (၃၀)တိတိ အသင်းတော်အတွင်း အချိန်ပြည့်အမှုတော် လမ်းဆောင်ခဲ့ခြင်းကို ဂုဏ်ပြုသောအားဖြင့် မိခင်အသင်းတော်ထုတ်လိုင်နှစ်ခြင်းအသင်း တော်မှ ဂုဏ်ပြုပွဲကျင်းပပေးခြင်းခံခဲ့ရပါသည်။

၁၉၉၇ခုနှစ်တွင် အမှုတော်ဆောင် သက်တမ်း (၃၅)နှစ်ပြည့်ပြီး၊ မိမိ၏အသက် (၆၀)နှစ်ပြည့်၍ အငြိမ်းစားယူပြီး ဖြစ်သော်လည်း ယနေ့ထိ မိဘမဲ့ကလေးများ စောင့်ရှောက်ခြင်း လုပ်ငန်းကို အားတက်သရော လုပ်ဆောင်လျက် ရှိပါသည်။

၂။ သိက္ခာတော်ရဆရာမကြီးဒါးရ်ဇိန်း
Revd. Dar Zing

၁၉၄၂ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ထန်တလန်မြို့နယ်၊ လောန်တလန်ရွာတွင် အဖ ဦးဗအန်းနော်ရ်နှင့် အမိဒေါ်ဒါန်းထွေးတို့မှ မွေးဖွားသော ဒုတိယသမီးဖြစ်ပါသည်။

နတ်ကိုးကွယ်ခြင်း(Lawkih) မှမိဘများ၏သဘော တူညီချက်မပါဘဲ ခရစ်ယာန်ဘာသာသို့ဝင်ရောက်ခဲ့သူဖြစ်ပါသည်။ ၄င်းအချိန်တွင် ခရစ်ယာန်များသည် ဘုရားရှိခိုးကျောင်း၌ စာသင်ခြင်း၊ သီချင်းသင်ခြင်းများပြုလုပ်လေ့ရှိသောကြောင့် သူသည် စာသင်လိုခြင်း၊ သီချင်းသင်/ဆိုလိုခြင်းများကြောင့် ခရစ်ယာန်ဘာသာသို့ဝင်ရောက်ရခြင်းဖြစ်ပါသည်။

ဆရာမကြီးအသက် ဆယ့်တစ်နှစ်တွင် စာသင်ကျောင်းစတက်ကာ ချင်းစာကိုအတော်အတန်ဖတ်နိုင်ပြီဖြစ်သောကြောင့် နှစ်နှစ်အတွင်း လေးတန်းကို အောင်မြင်နိုင်ခဲ့ပါသည်။ ထို့နောက် အလယ်တန်းကျောင်းကို ခွါးဘွန်(Khuabung) ရွာတွင် ပြန်တက်တာ ၁၉၅၉ခုနှစ်တွင် ခုနှစ်တန်းကို အောင်မြင်ခဲ့ပါသည်။

၁၉၅၉ခုနှစ်ဇွန်လတွင် ဖလမ်းတျမ်းစာကျောင်းသို့တက်ရောက်ပြီး ၁၉၆၃ခုနှစ် ဇန်ဇဝါရီလတွင် အောင်မြင်ခဲ့ပါသည်။ ၁၉၆၃-၁၉၆၄ အထိ အာနီးယမ်ဇိုဖိုင်းဧရိယာ၌ လုပ်အားပေးပြီး လာအိုသိုဧရိယာအမျိုးသမီးနှင့်မီရာမ်တောင်ဧရိယာအမျိုးသမီးအဖွဲ့ကို ဖွဲ့စည်းရန် ဟားခါးခရစ်ယာန်သာသနာပြုဆရာမ၏တာဝန်ပေးမှုဖြင့်သွားရောက်ခဲ့ပါသည်။

၁၉၆၅ခုနှစ်တွင် အချိန်ပြည့်အမှုတော်ဆောင်အဖြစ်ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ၁၉၆၇ခုနှစ် ဖေဖော်ဝါရီလတွင် ဟားခါးနှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့အမျိုးသမီးဌာနအတွင်းရေးမှူးကို စတင်တာဝန်ယူကာ (၁၈) နှစ်တိုင်တိုင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ သက်တမ်းကုန်ဆုံးပြီးဖြစ်သောကြောင့် ၁၉၇၅ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆရာမကြီး၏ဇာတိရွာလောန်တလန်သို့ပြန်လာကာ သင်းအုပ်အဖြစ် သုံးနှစ်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် တီအေဘီစီ၊ ထန်တလန်နှစ်ခြင်းအသင်းတော်များအဖွဲ့၌ အမျိုးသမီးဌာနအတွင်းရေးမှူးတာဝန်ကို ၁၉၇၈ခုနှစ်တွင် စတင်ထမ်းဆောင်ကာ ရှစ်နှစ်တိုင်ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ခွါးဘုံခွါ ဧရိယာလောန်တလန်ရွာ၌ ၁၉၈၆တွင် ပြန်သွားပြီး လောန်တလန်နှစ်ခြင်း အသင်းတော်သင်းအုပ်တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၀ခုနှစ် ဖေဖော်ဝါရီလတီအေတီအစည်းအဝေးကြီးကို ဆလဲန်ရွာတွင် ကျင်းပရာ ၄င်းအချိန်တွင် လတ်တင်မဂ်လာတင်ပေးခြင်းခံရသည်။ လက်တင်မဂ်လာရရှိပြီး ဆယ်နှစ်တိုင်တိုင် ဆက်လက်အမှုတော်ဆောင်ပြီး ၂၀၀၀ခုနှစ်၊ မတ်လတွင် အငြိမ်းစားယူခဲ့ပါသည်။ အငြိမ်းစားယူပြီးသည့်တိုင် မိမိဇာတိလောန်တလန်၌ သင်းအုပ်မရှိသေးသောကြောင့် သင်းအုပ်လုပ်ငန်းများကို မိမိတာဝန်ဟုခံယူကာ လိုအပ်သလို တတ်နိုင်သည့်ဘက်မှ လုပ်ဆောင်နေပါသည်။

၃။ သိကွာတော်ရဆရာမကြီးလောန်တီးလ်
Revd. Hlawn Tial

ဆရာမကြီးသည် အဖဦးရမ်လွန်း၊ အမိဒေါ်လအန်းမွေးတို့မှ ၁၉၄၄ခုနှစ်၊ မတ်လ(၇)ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။

၁၉၅၂-၁၉၆၂အတွင်း အစာအိမ်ရောဂါဖြင့် မကျန်းမမာလျက် ရှိခဲ့ပါသည်။ ၁၉၆၀ ဒီဇင်ဘာလ(၂၅)တွင် သိကွာတော်ရဆရာကြီးရောဘတ်ဂျီ၊ ဂျွန်ဆင်မှနှစ်ခြင်းမဂ်လာခံယူခဲ့ပါသည်။ ၁၉၆၃ဇွန်လတွင် ဇိုမီးဓမ္မကောလိပ်၌ ကျမ်းစာသင်ကြားခဲ့ရာ ၁၉၆၇ခုနှစ်၊ ဖေဖော်ဝါရီလတွင် အောင်မြင်ခဲ့ပါသည်။ ၁၉၆၇ခုနှစ်၊

မတ်လ(၁)ရက်နေ့တွင်ဟားခါးနှစ်ခြင်းအသင်းတော်၌ စတင်အလုပ်ဝင်ရောက်ခဲ့ပါသည်။ ခရစ်ယာန်ဓမ္မပညာတာဝန်ခံဖြစ်ခဲ့ပါသည်။ အခြားအမှုတော်ဆောင်များမရှိသေးသဖြင့်အသင်းတော်အတွင်းရေးမှူး၊ လူငယ်၊ အမျိုးသမီးများကိုတွဲ၍လုပ်ကိုင်ခဲ့ပါသည်။ ၁၉၆၇ခုနှစ်၊ မတ်လ(၁)ရက်မှ ၁၉၉၁ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်များတွင် ဟားခါးနှစ်ခြင်းအသင်းတော်၌ လုပ်ဆောင်ခဲ့ပါသည်။

၁၉၉၁ခုနှစ်၊ ဇူလိုင်လ(၁၄)ရက်တွင် ဟားခါးနှစ်ခြင်းအသင်းတော်မှ ဇီအုန်းနှစ်ခြင်းအသင်းတော်ကို ကောင်းချီးပေးခဲ့သောကြောင့် ဆရာမကြီးကိုပါ ကောင်းချီး ပေးခဲ့ပါသည်။ ၁၉၉၁ခုနှစ် ဇူလိုင်လ(၁၄)ရက်မှဇီအုန်းအသင်းတော်၌အလုပ်စတင်ဝင်ရောက်ခဲ့ရာ ခရစ်ယာန်ဓမ္မပညာကို ဦးဆောင်ခဲ့ပါသည်။ ၁၉၉၂ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃)ရက် ဟားခါးနှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့အစည်းအဝေးကြီး၊ ဇိုခွါးတွင် ဆရာမတြီးကို လက်တင်မင်္ဂလာတင်ပေးခဲ့ကြပါသည်။ လက်တင်မင်္ဂလာတောင်းခံပေးသောသူမှာ သိက္ခာတော်ရဆရာကြီးရှောလမုန်ဗန်ရဟဲဖြစ်ပါသည်။ လူများက ဆရာကြီးထံ အဘယ့်ကြောင့် ဆရာမအား လက်တင်မင်္ဂလာတောင်းပေးရသနည်းဟု မေးမြန်းကြရာ ဆရာကြီးမှပြန်ဖြေသည်မှာ " စည်းမျဉ်းစည်းကမ်းဘောင်ဝင်လို့ပါ" ဟု ဖြစ်ပါသည်။

၁၉၉၂ခုနှစ်၊ ဧပြီလနှင့် ၁၉၉၆ခုနှစ် အောက်တိုဘာလတွင် ဟားခါးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်အမျိုးသမီးသင်တန်းပြုလုပ်နေချိန်တွင် "ဆရာမကြီး၏နှစ်ခြင်းမင်္ဂလာပေးတာ ခံချင်တယ်" ဟုဆိုသူများရှိသောကြောင့် အမျိုးသားတစ်ဦးနှင့်အမျိုးသမီး(၁၂)ဦးကို နှစ်ခြင်းပေးခဲ့ပါသည်။ ဆရာမ်ကြီး၏ဆုတောင်းပေးခြင်းကို ခံယူလိုသောမင်္ဂလာမောင်နှံ (၈)တွဲကိုလည်း လက်ထပ်မင်္ဂလာပေးခဲ့ပါသည်။

ဘုရားသခင်၏အမှုတော်လုပ်ငန်းတွင် စိတ်ပါဝင်စားဆုံးသောအလုပ်မှာ ကလေးသူငယ်များကို ဦးဆောင်လမ်းပြသွန်သင်ခြင်းနှင့် အိမ်တက်ဆုတောင်းပေးခြင်းများဖြစ်ပါသည်။ ဆရာမကြီးသည် မိမိအလုပ်ချင်ဆုံးသောဘုရား၏အမှုတော်ကို ထမ်းဆောင်ရသောကြောင့် ဂုဏ်တော်ကိုချီးမွမ်းလျက်ရှိပါသည်။

ဆရာမကြီး၏အသက်တာ၌အနှစ်သက်ဆုံးသော

ကျမ်းပိုဒ် - ၁ကော ၊ ၁၅း၅၈

သီချင်း - ဇက်ဘီစီသီချင်းနံပါတ် ၁၃၂

၄။ သိက္ခာတော်ရဆရာမကြီးမရီနာထောင်းမွယ်
Revd. Marina Thawng Mawi

သိက္ခာတော်ရဆရာမကြီးအမ်ထောင်းမွယ်သည် ဖခင်ဦးတီလ်ဟုလ်၊ မိခင်ဒေါ်ဆန်ပါရ်တို့မှ ၁၉၄၇ခုနှစ်၊ နိုဝင်ဘာလတွင် ဖလမ်းမြို့နယ်၊ ဇာလိုင်ကျေးရွာတွင် မွေးဖွားခဲ့ပါသည်။ ဖခင်ကြီးသည် ဇာလိုင်ရွာတွင် ပထမဆုံးသောခရစ်ယာန်ယုံကြည်သူဖြစ်ပါသည်။ ၁၉၅၆-၁၉၅၉ခုနှစ်အတွင်း လိုင်ဇိုးကျေးရွာတွင် မူလတန်းပညာကို သင်ယူခဲ့ပါသည်။ ၁၉၅၉ခုနှစ်မှ ၁၉၆၄ခုနှစ်အတွင်း အ. ထ. က၊ ဖလမ်းတွင် ပညာသင်ကြားခဲ့သည်။

ဤကဲ့သို့ ဘုရားသခင်ကျေးဇူးတော်အားဖြင့် ၁၉၆၇ခုနှစ်မှစ၍ ဖလမ်းမြို့ရှိ ဓမ္မကျမ်းစာကျောင်း၌ ဓမ္မပညာသင်ကြားသည်။ ၁၉၇၁ခုနှစ်တွင် ကျမ်းစာကျောင်းအောင်လက်မှတ်ရခဲ့ပါသည်။ ၁၉၇၁ခုနှစ်မှစ၍ ၁၉၇၄ခုနှစ်အထိ ဖလမ်း ဧရိယာအတွင်း ဓမ္မဆရာမအဖြစ်

အမျိုးသမီးလုပ်ငန်းနှင့် ဥပုသ်စာဖြေကျောင်းများတွင် ဦးဆောင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၇၅-၁၉၇၉ခုနှစ်၊ မတ်လအတွင်း ကမ္ဘာ့ရှုပါရဲ့ (World Vision) မှ ထောက်ပံ့ဖွင့်လှစ် ထားသောဆင်းရဲသောကလေးများ စောင့်ရှောက်ရေးဘော်ဒါ၊ အမျိုးသမီးဆောင်တွင် တာဝန်ခံအဖြစ် ထမ်းဆောင်ခဲ့ရပါသည်။ ထိုနှစ်မှာပင် အက်ဖ်ဘီအေ၊ အမျိုးသမီးဌာန၏တာဝန်ပေးချက်အရ ဆရာကြီးယုဒသန်နှင့်မမယုဒသန်တို့၏ အကြောင်းကို Botugban(Basil mitler) ရေးသားသော (Heroine of Burma) ဆိုသည့်စာအုပ်ကို (Rolung Buntu) ဟုဖလမ်းစကားဖြင့် ဘာသာဖြန်ရေးသားထုတ်ဝေခဲ့ရပါသည်။

၁၉၈၁-၈၆ခုနှစ်အထိ ဖလမ်းမြို့နှစ်ခြင်းအသင်းတော်၏အမျိုးသမီးတာဝန်ခံအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

၁၉၈၈ခုနှစ်၊ ဇွန်လတွင် FBWF အတွင်းရေးမှူး အဖြစ် ထမ်းဆောင်သည်။ ဆရာမနှစ်ယောက်ငှါးကာ မူကြိုကျောင်းဖွင့်သည်။ နည်းမျိုးစုံဖြင့် ရဲပုံငွေရှာဖွေသည်။

၁၉၈၆-၉၂ခုနှစ်အထိ ဖလမ်းနယ်နှစ်ခြင်းအမျိုးသမီးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၉၂-၁၉၉၅ခုနှစ်အတွင်း ဖလမ်းမြို့နယ်ဆွန်တလာကျေးရွာနှစ်ခြင်းအသင်းတော်တွင် သင်းအုပ်ဆရာမအဖြစ် အမှုတော်ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၄ခုနှစ် ဇက်ဘီဒဗလျူအက်ဖ်နှစ်ပတ်လည်အစည်းအဝေးတွင် Singapore ရှိ Haggai Institute တွင် တက်ရောက် ဆည်းပူးရန် ဆုံးဖြတ်သော် လည်း အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခဲ့ခြင်းမရှိပါ။ ၁၉၉၅ခုနှစ်၊ မတ်လတွင် သုံးနှစ်တစ်ကြိမ် ကျင်းပသောသင်းလုံးကျွတ်အစည်းအဝေးကြီး ရန်တလိုရွာ၌ လက်တင်မဂ်လာပေးအပ်ခြင်းကို ခံခဲ့ရပါသည်။ ၁၉၉၅ခုနှစ်မှစ၍ဖလမ်းမြို့နှစ်ခြင်း အသင်းတော်၏လက်ထောက်သင်းအုပ်ဆရာမအဖြစ် ထမ်းဆောင်ခဲ့ပါသည်။

အမှုတော်ဆောင်ခြင်းသတ်တမ်းအတွင်း ဇက်ဘီစီအမျိုးသမီးအဖွဲ့စတင်ဖွဲ့စည်းခြင်း အစည်းအဝေးတွင် ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ပါဝင်ခဲ့ပြီး ၁၉၈၀-၈၆ခုနှစ်အတွင်း ဇက်ဘီဒဗလျူအက်ဖ်၏ ကော်မီတီဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့ရပါသည်။

၁၉၈၆-၉၅ခုနှစ်အတွင်း ဇက်ဘီဒဗလျူအက်ဖ်၏တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက် ၁၉၉၃ခုနှစ်တွင်လည်း တွဲဖက်အမျိုးသမီးအတွင်းရေးမှူးဖြစ်သည့်အားလျော်စွာ အမျိုးသမီးဌာနအတွင်းရေးမှူးပညာတော်သင်သည့်တစ်နှစ်တာကာလအတွင်း ယာယီအတွင်းရေးမှူးကိုလည်း တတ်အားသရွေ့တာဝန်ယူအမှုတော်ထမ်းဆောင်ခဲ့ရပါသည်။

၁၉၉၄ခုနှစ်၊ ဇက်ဘီဒဗလျူအက်ဖ်၏ (၁၅)နှစ်ပြည့်ဓမ္မသဘင်ကိုလည်း ဦးစီးဦးဆောင်လျက် အမျိုးမျိုးသောဒုတ္ထဆင်းရဲခြင်း၊ ကဲ့ရဲ့ဝေဖန်ခြင်းများ အဟန့်အတားများကြားမှ ကိုးခြဆက်လက် တာဝန်ယူဦးဆောင်ခဲ့ရပါသည်။

ယခုအခါနှစ်တွင် အမှုတော်ဆောင်သက်တမ်း (၃၁)နှစ် ရှိသွားပြီဖြစ်သော်လည်း အက်ဖ်ဘီစီအေ၏အသင်းတော်ဂစ်ပါးဖြစ်သော(ဘီ၊ဘီ၊စီ) တွင် ဆက်လက်၍ ဆက်ကပ်အမှုတော်ထမ်းဆောင်လျက်ရှိပါသည်။

၅။ သိကွာတော်ရဆရာမကြီးဘွိုက်ထျံသိန်
Revd. Bawi Thian Ting

သိကွာတော်ရဆရာမကြီးဘွိုက်ထျံသိန် သည် အဖသိကွာတော်ရဆရာဦးကျဲလျံနှင့်အမိဒေါ်ပြောင်း ဒိမ်တို့မှ ဖလမ်းမြို့နယ် ဗာရမ်းကျေးရွာ၌ ၁၉၅၉ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက် မနက် (၄:၀၀) နာရီအချိန်တွင် မွေးဖွားခဲ့သည်။ မိသားစု၏အပြောင်းအရွှေ့များပြားမှုကြောင့် သူသည်(၈)နှစ်အရွယ်၌သာ သူငယ်တန်းပညာကို သင်ယူခွင့်ရပါသည်။ (၅)တန်းမှ (၈)တန်းအထိကို အ. ထ. က(၂)တာဟန်း၊ ကလေးမြို့တွင် သင်ယူခဲ့ပါသည်။ ၁၉၇၄ခုနှစ် ရှင်ပြန်ထမြောက်ရာနေ့တွင် Revd. Thang Khua Mang မှ နှစ်ခြင်း မင်္ဂလာပေးခဲ့ပါသည်။ ၁၉၈၂-၈၄ခုနှစ်များတွင် တာဟန်းမူလတန်းကျောင်းတွင် လုပ်အားပေး ဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၈၅ခုနှစ်တွင် အမ်အိုင်စီတီ၌ B.Th ပညာကို ဆည်းပူးခဲ့ရာ ၁၉၈၉ခုနှစ်တွင် အောင်မြင်ပြီး အက်ဖ်ဘီအေမှတာဝန်ချပေးသော အယ်လ်ကေဘီဧရိယာ၊ ခွါးဒါလ်နှစ်ခြင်း အသင်းတော်တွင် နှစ်နှစ်အမှုတော်ဆောင်ခဲ့ပါသည်။ ခွါးဒါလ်အသင်းတော်သို့ရောက်သောအခါ သုံးလအတွင်း ဧဝံဂေလိဟောကြားခြင်း၊ တနလ်၊ အင်္ဂါနေ့များတွင် အသင်းတော်လူကြီးများနှင့် အတူဆုတောင်းသွားခြင်း၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့တွင် အမျိုးသမီးများနှင့် ဆုတောင်းခြင်း၊ သောကြာနေ့တွင် အစာရှောင် ဆုတောင်းခြင်း၊ နေ့လည်များတွင် ဂိုဏ်းဂဏ မခွဲခြားဘဲ လူနာအိမ်များသို့သွားရောက် ဆုတောင်းပေးခြင်းများဖြင့် ဦးဆောင်ခဲ့ပါသည်။

၁၉၉၁ခုနှစ် ဇွန်လတွင် အမ်အိုင်တီ၌ B.D ဝညာကို ဆက်လက်ဆည်းပူးခဲ့ရာ ၁၉၉၅ခုနှစ် မတ်လတွင် အောင်မြင်ခဲ့ပြီး ဇောလ်နိုးရွာတွင် တစ်နှစ်အမှုတော်ဆောင်ခဲ့ပါသည်။ ၁၉၉၆ခုနှစ် မတ်လမှ ၂၀၀၁ခုနှစ် မတ်လအချိန်များတွင် ဆရာမကြီး၏ရွာဖြစ်သော ဗါရမ်းနှစ်ခြင်း အသင်းတော်တွင် မိဘနှစ်ပါးကို ကြည့်ရှုပြုစုရင်း အမှုတော်ဆောင်ခဲ့ပါသည်။ ၁၉၉၇ခုနှစ် ဖခင်ကြီး၏ (၇၅)နှစ်မြောက် စိန်ရတုသဘင်ကို ကျင်းပရန် စီစဉ်နေစဉ် ဇန်နဝါရီလ (၂၂)ရက်တွင် ဖခင်ကြီး ခေါ်တော်မူခြင်းခံခဲ့ရပါသည်။ ဖခင်ကြီးမရှိသည့်နောက် အသင်းတော်လူကြီးများမှ ဆရာမကြီးကို သိကွာတင်ပေးရန် ဆွေးနွေး တိုင်ပင်ကြပါသည်။ ဤသို့ဖြင့် ၁၉၉၈ခုနှစ် အက်ဖ်ဘီအေ **ဧရိယာခွါးဘွယ်** နှစ်ခြင်းအသင်းတော်တွင် **တောင်းခံပေးရန်** ဆုံးဖြတ်ကြပါသည်။ အက်ဖ်ဘီအေ အနှစ်(၅၀) ပြည့် ရွှေရတုဓမ္မသဘင် ပွဲနှင့် အစည်းအဝေးကြီးတွင် ဆရာမကြီး၏သိကွာ မင်္ဂလာတင်ရေးကိစ္စကို ဆွေးနွေးကြရာ ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့် အငြင်းအခုံမရှိထောက်ခံပေးခဲ့ကြပါသည်။ ထို့ကြောင့် ၁၉၉၉ခုနှစ်၊ ဧပြီလတွင် ဟားခါးမြို့၌ ဇက်ဘီစီဧဝံဂေလိနှစ်တစ်ရာပြည့်ပွဲကျင်းပချိန်တွင် သိကွာမင်္ဂလာတင်ခြင်းခံခဲ့ရပါသည်။

၂၀၀၀ခုနှစ် မေလ(၂၄)ရက်နေ့တွင် ဆရာမကြီး၏မိခင်ခေါ်တော်မူခြင်းခံခဲ့ရပါသည်။ ၂၀၀၁ခုနှစ်၊ မတ်လ(၁၃)ရက်နေ့မှစ၍ အက်ဖ်ဘီအေ အမျိုးသမီးဌာနအတွင်းရေးမှူးအဖြစ် စတင်အမှုတော်ဆောင်ခဲ့ရာ ယနေ့ထိ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါသည်။

၆။ သိကွာတော်ရဆရာမကြီးဗခိုနိန်
Revd. Vah Kho Nei

သိကွာတော်ရဆရာမကြီးဗခိုနိန်သည် အဘဉီးဂင်းနှင့် အမိဒေါ်ဒေလမ်းတို့မှ ၁၉၅၄ခုနှစ်၊ ဇွန်လတစ်ရက်တွင် တွန်းဇမြို့နယ် ဆောင်ပက်(အိုင်းစီ) ရွာတွင် မွေးဖွားခဲ့သည်။ ၂နှစ်ခွဲသမီးအရွယ်တွင် ဖခင်ခေါ်တော်မူခြင်းခံခဲ့ရသည်။ မွေးချင်းမောင်နှမလေးယောက်တွင် တစ်ဦးတည်းသောသမီးဖြစ်ပါသည်။ အစ်ကိုနှစ်ယောက်နှင့်မောင်တစ်ယောက်ရှိပါသည်။ မိခင်၏ သွန်သင်ဆုံးမမှုအောက်တွင် ကြီးပြင်းခဲ့သည်။ မိခင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် အညီသွန်သင်လမ်းပြခဲ့မှုကြောင့် ငယ်စဉ်ကစ၍ ဘုရားရှင်ကို အားတိုးတတ်သောသမီးဖြစ်လာခဲ့သည်။ ၁၉၆၇ခုနှစ်တွင် လေးကန်းအောင်ပြီး မိခင်မကျန်းမမာသည့်အတွက် မကြာခဏ ကျောင်းထွက်ခဲ့ရပါသည်။ ၁၉၇၆ခုနှစ်တွင် ဆယ်တန်း "ခ" နှင့်အောင်ပြီး ၁၉၇၇ခုနှစ်တွင် တမူးမြို့ပေါ်၌ စာရေးအဖြစ် အစိုးရအမှုထမ်းလုပ်ရင်း ဆယ်တန်းကို "က"စာရင်းဖြင့် ၁၉၈၀ခုနှစ်တွင် အောင်မြင်ခဲ့သည်။ ၁၉၈၁-၈၄အထိ မန္တလေးတက္ကသိုလ်တွင် B.A ဘွဲ့ကို စိတ်ပညာအဓိကနှင့် ရရှိခဲ့သည်။ ၁၉၇၉ခုနှစ်တွင် ခရစ်တော်ကို ကယ်တင်ရှင်သခင်အဖြစ် ယုံကြည်လက်ခံခဲ့သည်။ ၁၉၈၆ခုနှစ်တွင် အစိုးရအလုပ်မှနုတ်ထွက်ခဲ့ပြီး ဓမ္မပညာဆည်းပူးရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၈၆ခုနှစ်တွင် ရန်ကုန်ခဝဲခြံ၊ မျက်မမြင်ကျောင်းမှာ အဆောင်မှူးအဖြစ် တစ်နှစ်အမှုတော်ထမ်းဆောင်ခဲ့သည်။ ငယ်စဉ်ကစ၍ အသင်းတော်လုပ်ငန်းများဖြစ်သည့် လူငယ်အမျိုးသမီး၊ ဥပုသ်စာဖြေကျောင်းများတွင် ပါဝင်၍ အမှုတော်ထမ်း**ဆောင်ခဲ့ရ**သည်။

၁၉၈၇ခုနှစ်၊ **မှစ၍** အင်းစိန် BIT ယခု MIT တွင် ဘီဒီတက်ခဲ့သည်။ ၁၉၈၈ခုနှစ် တိုင်းပြည်အရေးအခင်းကြောင့် ကျောင်းပိတ်သည့်အတွက် ကျောင်းပြန်မဖွင့်ခင် အိန္ဒိယနိုင်ငံ သို့ ဓမ္မပညာဆက်လက် ဆည်းပူးခဲ့သည်။ ၁၉၉၄ခုနှစ်တွင် BRE ဘွဲ့ရပြီး ၁၉၉၄-၉၇ခုနှစ်ထိ ဇာမူနှစ်ခြင်းကျမ်းစာကျောင်းတွင် နယ်စည်းဝေး၏ တာဝန်ပေးအပ်ချက်အတိုင်း ပထမကျောင်းအုပ်နှင့် ကျောင်းစတင်တည်ထောင်သူအဖြစ် အမှုတော်အချိန်ပြည့်စတင်ထမ်းဆောင်ခဲ့ပါသည်။ ၄င်းအမှုတော်ထမ်းဆောင်စဉ်အမှုတော်ဆောင်(၂၀)ဦး မွေးခဲ့သည်။ ၁၉၉၉ခုနှစ်တွင် မိမိကျောင်းဟောင်း၌ MRE နှစ်နှစ်၊ ၁၉၉၉-၂၀၀၀ခုနှစ် မတ်လအထိ သွားရောက် ဆည်းပူးခဲ့သည်။ ၂၀၀၁ခုနှစ်တွင် ကျောင်း၌ စာချသူအဖြစ် တစ်နှစ်အမှုတော်ပြန်လည်ထမ်းဆောင်ပြီး ၂၀၀၂ခုနှစ်တွင် နယ်စည်းဝေး၏ အထွေထွေအတွင်းရေးမှူးအဖြစ် အမှုတော်ထမ်းဆောင်နေဆဲဖြစ်ပါသည်။ ၂၀၀၂ခုနှစ်၊ ဖေဖော်ဝါရီလတွင် နယ်စည်းဝေးမှ လက်တင်မင်္ဂလာပေးခဲ့သည်။

(အချို့သော အတ္ထုပတ္တိများသည် စာမျက်နှာအကန့်အသတ်ကြောင့် အပြည့်အစုံဖော်ပြနိုင်ခြင်းမရှိပါသဖြင့် နားလည်ခွင့်လွှတ်ပေးပါရန်)

သင်၏တဲရာကိုကျယ်စေလော့

Revd. Job Thawngno

သင်၏တဲရာကိုကျယ်စေလော့။ သင်၏နေရာမျက်နှာကြက်ကိုကြက်ဦးလော့။ နှမျောသောစိတ်မရှိနှင့် ကြိုးတို့ကိုရှည်စေဦးလော့။ တိုင်တို့ကိုမြဲစွာစိုက်လော့။ (ဟေရှာ ၅၄း၂)

အထက်ပါကျမ်းပိုဒ်**သည် ဟ**လွန်နှစ်သက်ဖွယ်၊ အားရဖွယ်ဖြစ်သော**ကြောင့်** နှစ်ပတ်လည်စည်းဝေးနှင့်သင်တန်း**များ၊ တ**ရားပွဲများတွင် မကြာခဏအသုံးပြု**လေ့ရှိသော**ကျမ်းပိုဒ်ဖြစ်ပါသည်။ ကယ်တင်**ခြင်း**ဆိုင်ရာ၊ ခရစ်ယာန်သာသနာနယ်သစ်လုပ်ငန်းဆိုင်ရာများနှင့် ပေးလှူခြင်းဆိုင်ရာများအတွက် သွန်သင်ချက်ဖြစ်ပါသည်။ တဲတော်အကြောင်းဖော်ပြချက်ဖြစ်၍ အပေါ်ပိုင်းသို့ခြွင့်တက်ရန်ချည်းမဟုတ်ဘဲ အလျားအနံကျယ်ပြန့်စွာ ချဲ့ထွင်ပြည့်စုံစေရန်ပို၍ ရည်ညွှန်းကြောင်း ယူဆရပါသည်။ ချင်းတိုင်းရင်းသားများ၊ ခရစ်ယာန်ဖြစ်သည်မှာ နှစ်တစ်ရာပြည့်ပြီဖြစ်သည်။ ခရစ်ယာန်သာသနာနယ်သစ်လုပ်ငန်းကို နှစ်ပေါင်းနှစ်ဆယ်ကျော်လုပ်ဆောင်ခဲ့ပြီးဖြစ်ကာ အပြင်စည်းကို ကျော်နိုင်သည်မှာ (၁၀)နှစ် မပြည့်တတ်သေးပါ။ သို့သော်လည်း အတွင်းစည်းအတွင်း၌ လုပ်ဆောင်မှုအမျိုးမျိုးရှိခဲ့ရာ ထိုလုပ်ဆောင်မှုများသည်လည်း တဲရာကို ကျယ်စေခြင်း၊ မျက်နှာကြက်ကို ကြက်ခြင်းပင်ဖြစ်ပါသည်။ ယခင်က မရှိခဲ့ဖူးသေးသည့် မကြာသေးမီကမှ ရှိလာသည့်တဲရာကို ကျယ်စေသောလုပ်ဆောင်ချက်အချို့ကို ဖော်ပြလိုပါသည်။

၁။ သမ္မာကျမ်းစာကျောင်း **(Bible School)**

ချင်းပြည်နယ်တွင် ၁၉၅၀ခုနှစ်ဝန်းကျင်အထိကျမ်းစာသင်ကျောင်းမရှိသေးပါ။ သို့ရာတွင် ၁၉၅၃ခုနှစ်ဝန်းကျင်မှစ၍ ကျမ်းစာသင်ကျောင်းများပေါ်ပေါက်လာပြီး ယနေ့တွင် ဇိမီးနှစ်ခြင်းအသင်းချုပ်တွင် ကျမ်းစာသင်ကျောင်း (၇) ကျောင်းရှိပြီဖြစ်သည်။ အသင်းချုပ်နှင့်သက်ဆိုင်ခြင်းမရှိသော ချင်းတိုင်းရင်းသားများဖွင့်လှစ်ထားသည့်အခြားကျမ်းစာသင်ကျောင်းပေါင်း (၄၀) ကျော်ရှိမည်ဟု ခန့်မှန်းရပါသည်။ မည်သို့ပင်ဖြစ်စေ ဤကျမ်းစာသင်ကျောင်းအားလုံးသည် ဘုရားအကြောင်းကို လေ့လာသင်ကြားပြီး ဘုရားအမှု

တော်ဆောင်ရန် လေ့ကျင့်ကြသည်ဖြစ်ရာ အလွန်အဖိုးတန်လှပေသည်။ မည်သည့်အရာမျှ စတင်သည့်အချိန်တွင် ရင့်ကျက်ပြည့်စုံပြီးသားမရှိကတ်သည်မှာ ဓမ္မတာဖြစ်သည်။ ထို့ကြောင့် ယင်းကျမ်းစာသင်ကျောင်းများသည် အချိန်ကြာ၊ အရှိန်ရလာသည်နှင့် ရင့်ကျက်ပြည့်စုံလာကြမည်ဖြစ်သည်။ စာချုပ်ဂွိုလ်လုံလောက်မှု၊ နေရာထိုင်ခင်းအဆင်ပြေမှု၊ လိုအပ်သည့်စာအုပ်နှင့်စာရေးကရိယာပြည့်စုံမှုနှင့် သင်ကြားချိန်လုံလောက်မှုတို့အလျောက်သင့်လျော်သောဒီဂရီဘွဲ့များအပ်နှင်းနိုင်ရေးအတွက် ကြိုးပမ်းသင့်ပါသည်။ ဤသည်မှာလည်း တဲရာကို ကျယ်စေခြင်းပင်ဖြစ်ပါသည်။

၂။ ဆေးကုခန်းများ **(Clinic)**

ခရစ်တော်တိုယ်တော်တိုင်ဆုံးမသြဝါဒပေးခြင်းအပြင် အနာရောဂါပျောက်ကင်းစေခြင်းကိုပါ လုပ်ဆောင်သကဲ့သို့ လွန်ခဲ့သော (၁၀)နှစ်ဝန်းကျင်မှစ၍ ဆေးဝါးကရိယာများဖြင့် တွင်ကျယ်စွာ စတင်လာခဲ့ကြသည်။ အသင်းတော်အများဖြင့် ဆေးခန်းအမျိုးမျိုးဖွင့်လှစ်သူများရှိသကဲ့သို့ အသင်းတော်အင်အားအလိုက် ဆေးဝါးဖြန့်ဝေကုသခြင်းများစွာပေါ်ပေါက်လာပါသည်။ ဤအရာအားလုံးသည် ဘုရားရှင်၏အမှုတော်ကိုဆောင်ခြင်းဖြစ်ရာ WCC တွင်ပင် ကျန်းမာရေးဌာနများဖွဲ့စည်းလာပါသည်။ ဤလုပ်ဆောင်ချက်များအားဖြင့် ဖျာနာနိုင်မည့်သူများစွာကို ကာကွယ်နိုင်ပြီး သေဆုံးမည့်သူများစွာကို ကယ်တင်နိုင်သည့်အပြင် ပူပင်သောကများစွာကို ငြိမ်းစေနိုင်ခဲ့ပါသည်။ အနာဂတ်ကာလတွင် အသင်းတော်တိုင်းစေကျန်းမာရေးဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရန် သင့်လျော်လှပြီး အထူးသဖြင့် ဧ/သဌာနမှ တာဝန်ယူသွားသင့်ပါသည်။ ဤသည်လည်း တဲရာကို ချဲ့ထွင်ကျယ်ပြန့်စေသော အမှုတော်ဖြစ်ပေသည်။

၃။ မူကြိုကျောင်းများ

ယခင်က ဥပုသ်စာဖြေကျောင်းသာရှိခဲ့သော်လည်း ယခုခေတ်တွင် ကလေးငယ်များကို ပျိုးထောင်လေ့ကျင့်ပေးသည့် မူကြိုကျောင်းများ ဖွင့်လှစ်လာကြပြီဖြစ်သည်။ ကလေးထိန်းဌာနတစ်ခုဖြစ်သည့်အပြင် ကျောင်းတက်သည့်အရွယ်ရောက်လျှင် ကျောင်းသင်ခန်းစာအထောက်အကူဖြစ်စေရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးခြင်းဖြစ်၍ ဖြတ်လက်ကျမ်းကျင်မှုကိုပါရရှိကြပါသည်။ ကိုးကွယ်မှုနှင့်ရိုးရာဓလေ့ယဉ်ကျေးမှုအမျိုးမျိုးကိုပါ သင်ကြားပေးသည့်အပြင် သမ္မာကျမ်းစာနှင့် ဓမ္မသီချင်းတို့ထွေလေးများကို သင်ကြားပေးသည့်အတွက် သိတတ်စအရွယ်တွင်ပင် ဘုရားရှင်ကို သိကျွမ်းပြီးဖြစ်ပါသည်။ အနာဂတ်တွင် သာ၍ကောင်းမွန်ပြည့်စုံသောနည်းလမ်းများဖြင့် ပျိုးထောင်နိုင်ရေးကို အလေးထားဆောင်ရွက်ရန်ဖြစ်သည်။ ဤသည်မှာလည်း တဲရာကိုကျယ်စေခြင်း၊ ချဲ့ထွင်ခြင်းဖြစ်ပါသည်။

၄။ ပညာရေးဝန်ဆောင်မှု (ဘော်ဒါဆောင်များ)

ယခင်က မရှိခဲ့ဖူးသော်လည်း မကြာမီအချိန်အတောအတွင်းမှစ၍ ပညာရေးဝန်ဆောင်မှုဘော်ဒါဆောင်များစွာ ပေါ်ပေါက်လာပါသည်။

ကလေးမြို့နယ်တစ်ခုအတွင်းမှာပင် (၅၃)ခုရှိပြီဖြစ်သည်။ အသင်းတော်အချို့က အသင်းတော်အမည်ဖြင့် ဖွင့်လှစ်ပြီး အချို့မှာမူ မိမိအသင်းတော်ရှိကျောင်းသူ/သားများကို ကုန်ကျစရိတ်ကျခံပေးခြင်းဖြင့် ပညာပါရမီဖြည့်ပေးခြင်းများရှိပါသည်။ ထူးမြတ်သောလုပ်ငန်းဖြစ်သည့်အပြင် ကျောင်းသူ/သားများသည်လည်း ပို၍အားတက်ကြိုးစားမှုရှိကာ မိဘအုပ်ထိန်းသူများ၏စေတနာနှင့်ပုံပိုးကူညီမှုများစွာကို တွေ့ရပါသည်။ ထို့ကြောင့်ပင် နှစ်စဉ်စာမေးပွဲအောင်ချက်တိုးကာ ဂုဏ်ထူးများစွာ ဆွတ်ခူးနိုင်ကြကာ ဆရာဝန်လောင်းနှင့် အင်ဂျင်နီယာလောင်းများစွာ ပေါ်ထွက်လာခဲ့ပါသည်။ ယခင်က ဘာသာရေးကဏ္ဍတွင် ထည့်သွင်းစဉ်းစားခြင်းမရှိခဲ့ဖူးသောအချက်ဖြစ်သည်။ ဤသည်မှာလည်း တဲရာကိုချဲ့ထွင်၍ တွင်ကျယ်စေခြင်းပင်ဖြစ်သည်။

၅။ မိဘမဲ့ဂေဟာ (Orphanage)

ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့ မကြာလှသေးသောကာလမှစ၍ မိဘမဲ့ကလေးငယ်များကို ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများပေါ်ပေါက်လာရာ ချင်းတိုင်းရင်းသားများ ဖွင့်လှစ်သည့် မိဘမဲ့ဂေဟာ (၅၀)ဝန်းကျင်ခန့်ရှိမည်ဟုခန့်မှန်းပါသည်။ ဤကဲ့သို့ မိဘမဲ့များကို ထိန်းသိမ်းပျိုးထောင်ခြင်းဖြင့် ပညာသင်ကြားခွင့်ရသည့်အပြင် ဘဝတူများစွာရှိကြောင်း နားလည်သဘောပေါက်ခြင်းဖြင့် စိတ်မိတ်ဆွေးရာမြင့်တက်ခိုင်မာလာနိုင်ကြပါသည်။ နံနက်နှင့်ညပိုင်းတွင် တရားသဘောဖြင့် ဦးဆောင်မှု၊ နှုတ်ကပတ်တော်ဆင်ယူမှုနှင့် ကိုးကွယ်မှုဆိုင်ရာတေးသီချင်းများသင်ယူမှုများရှိသည့်အတွက် ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းခိုင်မာမှုရကြပါသည်။ အသင်းကော်အလိုက်သော်လည်းကောင်း၊ လူမျိုးအလိုက်၊ မိသားစုအလိုက်သော်လည်းကောင်း နည်းမျိုးစုံဖြင့် ကောင်းမှုကုသိုလ်ပြုခြင်းဖြစ်သဖြင့် ဘုရားကောင်းချီးရကာ အောင်မြင်စွာ လုပ်ဆောင်နိုင်ကြောင်း တွေ့ရသည်။ ဤလုပ်ငန်းသည်လည်း တဲရာကို ကျယ်စေခြင်းဖြစ်ပါသည်။

၆။ သက်ကြီးရွယ်အိုပြုစုခြင်း

ချင်းပြည်နယ်တွင် သက်ကြီးရွယ်အိုပြုစုခြင်းအရေအတွက်မများလှသေးသော်လည်း ဖွဲ့စည်းတည်ထောင်လာကြသည်ကို တွေ့ရသည်။ ပြုစုမည့်သူမရှိသည့်အသက်ကြီးသူများ၊ မိသားစုဆွေမျိုးသားချင်းမရှိသည့် အသက်ကြီးသူများအတွက် ရည်ရွယ်ခြင်းဖြစ်၍ မွန်မြတ်လှသောလုပ်ငန်းဖြစ်ပါသည်။ တစ်နေရာတည်းတွင် အစားအသောက်၊ အဝတ်အစားအမြင် လိုအပ်သည့်ဆေးဝါးအစုံအလင်ဖြင့် ပြုစုခြင်းဖြစ်သည်။ သူနာပြုဆရာမများကို ကြီးကြပ်စေပြီး အားကစား၊ အိမ်တွင်းမှုစသည့် တစ်ဦးစီ၏ဝါသနာအလိုက် ဖေးမ၍လုပ်ဆောင်စေသည်။ အားငယ်မှုကို ပပျောက်စေပြီး စိတ်ချမ်းသာပျော်ရွှင်မှုကို ရစေသည့်အတွက် အနာဂတ်တွင် သက်ကြီးရွယ်အိုပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ချဲ့ထွင်သင့်လှပါသည်။

၇။ မျက်မမြင်ကျောင်း (Blind Centre)

မြန်မာပြည်တွင် မျက်မမြင်ကျောင်းများစွာဖွင့်လှစ်ထားသော်လည်း ချင်းပြည်နယ်တွင်

အနည်းအကျဉ်းသာတွေ့ရသည်။ ကြို့သုံးပင်ရွာ၌ Revd. Thang Ko Khai ၏သား Paul Ngin Thian Mung က "Kalay Disabled Centre" အမည်ဖြင့် ၂၀၀၃ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ မျက်မမြင်ကျောင်းသား(၉)ဦးရှိပါသည်။ သူကိုယ်တိုင် မျက်မမြင်တစ်ဦးဖြစ်ပြီး နယူးယောက်မြို့တွင် ကျင်းပသော မျက်မမြင်မာရသွန်ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။ ယခုသူ၏ ကျောင်းတွင် မနက်ပိုင်းနှင့် ညပိုင်းဝတ်ပြုကိုးကွယ်မှုများအပြင် ကျန်အချိန်တွင် ပညာသင်ကြားပေးသည်။ သင်ကြားမှုအတွက် ရန်ကုန်မှဆရာတစ်ဦး ခေါ်ယူထားသည်။ မိမိနေအိမ်အပြင် အဆောင်တစ်ခုကိုးခဲ့ဆောက်လုပ်ကာ ကျား/မသီးသန့် ခွဲခြား၍ နေစေသည်။ သူတို့အားလုံးကို ပျော်ရွှင်စွာရှိကြောင်းမြင်တွေ့နိုင်ပါသည်။ ဤသည်မှာ တဲရာကို ကျယ်စေခြင်းဖြစ်ပါသည်။ အကြံဉာဏ်အား ငွေအားဖြင့် ပံ့ပိုးကူညီသင့်လှပါသည်။

၈။ မသန်မစွမ်းများလက်မှုပညာသင်ကျောင်း **(Handicap Persons)**

မသန်မစွမ်းများကို အသက်မွေးဝမ်းကျောင်းအတွက် လက်မှုပညာသင်ပေးသည့်ကျောင်းအရေအတွက်မှာ ချင်းပြည်နယ်တွင် နည်းပါးလှပါသည်။ တလေးမြို့နယ် စမ်းမြို့တွင် ဖလမ်းဧဝံဂေလိဆရာတစ်ဦးက " Caring Handicaped Centre" ကို ဖွင့်လှစ်ကာ မသန်မစွမ်း (၁၇)ဦးကို ပညာသင်ကြားပြုစုပေးပါသည်။ နံနက်နှင့်ညပိုင်းတွင် နှုတ်ကပတ်တော်ဆင်ခြင်ခြင်းနှင့်ဘုရားဝတ်ပြုခြင်းများ ပြုလုပ်ပေးသည်။ ချိုင်းထောက်အကူယူရသူများနှင့် ချိုင်းထောက်အကူယူ၍မရဘဲ တွားသွားနေရသူများဖြစ်ကြသဖြင့် မြင်ရသူအတွက် ရင်နှင့်ဖွယ်ရာဖြစ်သည်။ တာဟန်းနှစ်ခြင်းအသင်းတော်၏ Associate Pastor ဖြစ်သူ ကျွန်တော် Revd. Job Thawngno ကလည်း ၁၅၁/၁၆ တာဟန်းနေအိမ်တွင် "Handicap Uplift Ministry (HUM)"ဒုက္ခိတဖေးမခြင်းအမှုတော်"ကို ဖွင့်လှစ်ထားပါသည်။ ၅၄' x ၁၄' ရှိ အိမ်တစ်လုံးကို ကျွန်တော်၏နေအိမ်နှင့်တဆက်တည်းဖြစ်ရန် ဆောက်ထားအသုံးပြုပါသည်။ လုပ်ဆောင်ချက်များကို ဖော်ပြလိုပါသည်။

- ကျွန်တော်ကိုယ်တိုင် ဘီးတပ်ကုလားထိုင်ဖြင့် သွားလာရသူဖြစ်၍ ၁၉၈၈-၁၉၈၉ခုနှစ် ဆေးကုသမှုခံယူခဲ့စဉ်က တွေ့မြင်ကျင်လည်ခဲ့ရသော မသန်မစွမ်းဝေဒနာရှင်များ၏ဘဝကို ခံစားနားလည်ခဲ့ရပါသည်။

- မြည် ၃း၂၁ "....မြော်လင့်စရာအခွင့်ရှိပါ၏" နှင့် "ဤသူကို ကြည့်ရှုပြုစုပါ။ ကုန်သမျှကို ငါပြန်လာသောအခါ ဆပ်ပေးမည်.." (လု ၁၀း၃၅) တို့သည် အမိကဆောင်ပုဒ်ဖြစ်ပါသည်။

- ရည်ရွယ်ချက်နှင့်ပန်းတိုင်မှာ ဝမ်းနည်းစိတ်ပျက်လျက်နေသူအချင်းချင်းမိတ်သဟာယဖွဲ့ခြင်းဖြင့် စိတ်ဓါတ်ကြံ့ခိုင်လာစေပြီး တစ်ဦးချင်း၏ကျွမ်းကျင်မှုအလျောက် စားဝတ်နေရေးအတွက် လိုအပ်သည့်ငွေကြေးကို ရှာနိုင်စေရန် ဖြစ်ပါသည်။

၂၀၀၂ခုနှစ် မတ်လ (၂၁)မှ (၃၀)ရက်အတွင်း MCC ၏စရိတ်ခံဦးဆောင်မှုဖြင့် လက်မှုပညာသင်တန်းပြုလုပ်ပြီး (၃၆)ဦးကို သင်ကြားပေးခဲ့ပါသည်။

-၂၀၀၃ခုနှစ် အောက်တိုဘာ (၆)ရက်မှ

(၁၈)ရက်အတွင်းတွင်လည်း MCC ဦးဆောင်မှုကြောင့် အမျိုးသမီးလက်မှုပညာသင်တန်းပြုလုပ်ပေးခဲ့ရာ (၂၇)ဦး တက်ရောက်ခဲ့သည်။ လက်မှုပညာ (၇)မျိုးသင်ကြားပေးခဲ့သည်။

- မောင်တွန်.ရှန်ခိုင်နှင့်မောင်ပေါင်ထောန်ရှန်တို့.နှစ်ဦးမှာ နာရီပြင်အတတ်ကိုသင်ကြားပြီး အောင်လက်မှတ်ရကာ ယင်းတို့.၏နေရပ်အသီးသီးတွင် နာရီပြင်ဆိုင်ဖွင့်နိုင်တော့မည်ဖြစ်သည်။

- ရန်ကုန်မှ အလှူရှင်များပေးပို့.သော အလူမီနီယံချိုင်းထောက် (၁၆)ချောင်း၊ အလူမီနီယံတုတ်ကောက် (၁၀)ချောင်း၊ လတ်တွန်းလှည်းငယ် (၄)စီး၊ သုံးဘီးတပ်တွန်းလှည်းအကြီး (၃)စီးကို ခွဲဝေပေးခဲ့သဖြင့် ဝမ်းသာကြည်နူးကြရှာပါသည်။ ရရှိသူအားလုံးအသုံးတည့်ကြကြောင်း တွေ့.ရသည်။

-MCC အစီအစဉ်ဖြင့် အမျိုးသားတစ်ဦးကို ခြေတုတပ်ဆင်ပေးပြီး၊ အမျိုးသမီးတစ်ဦးကို စက်ချုပ်သင်တန်းတက်စေခဲ့သည်။

-လာမည့်ကာလများတွင် လက်မှုပညာလုပ်ငန်းများကို မကြာမကြာတက်ရောက်စေမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် အရေအတွက်များစွာအတွက် မတတ်နိုင်သော်လည်း အလှည့်ကျစီစဉ်ပေးမည်ဖြစ်သည်။ ငွေကြေးဥစ္စာပံ့ပိုးခြင်းကို မတက်နိုင်သော်လည်း မိမိဘာသာရပ်တည်နိုင်ရန် လက်မှုအတတ်ပညာများကို သင်ကြားပေးခြင်းကို အဓိကထားပါသည်။ တစ်ဦးကို ငွေကျပ်တစ်သောင်းပေးလျှင် (၁)လ မသုံးလောက်သည့်နည်းတူ ကျပ်တစ်သိန်းပေးလျှင်လည်း (၁)နှစ်သုံးရမည်မဟုတ်ပေ။ သို့.သော်လည်း ထိုငွေကျပ်တစ်သိန်းဖြင့် လတ်မှုအတတ်ပညာများကို သင်ကြားပေးပါက သူ့.အသက်တာတစ်လျှောက်လုံးအတွက် ဖူလုံနိုင်မည်ဖြစ်သည်။ ငါးဟင်းစားလိုသူကို ငါးဝယ်ပေးရန်ထက် ငါးဖမ်းနည်းများနည်းကို သင်ကြားပေးလိုပါသည်။ သို့.မှသာ ငါးဟင်းစားလိုသည့်အချိန်တိုင်း သူကိုယ်တိုင် ရှာကြံရရှိနိုင်မည်ဖြစ်သည်။

အထက်၌ဖော်ပြပြီးသကဲ့သို့ ချင်းတိုင်းရင်းသားခရစ်ယာန်များတွင် အင်နီးအတာမျိုးစုံရှိလာပြီဖြစ်သည်။ ဘုရားရှင်အတွက် အမှုတော်ဆောင်ခြင်းဆိုရာတွင် ဗိမာန်တော်အတွင်းနှင့် ပလ္လင်တော်ပေါ်၌သာမဟုတ်မူဘဲ နေရာတိုင်း၊ အချိန်တိုင်း၊ လုပ်ငန်းဆောင်ရွက်မှုမျိုးစုံဖြင့် အမှုတော်ဆောင်နိုင်ခြင်းဖြစ်၍ အလွန်ကျယ်ပြန့်လှပါသည်။ သို့.ဖြစ်၍ ကိုယ့်ပြည်ကိုယ့်မြေကိုယ့်အသင်းတော်အတွင်းရှိ ပံ့ပိုးကူညီသင့်သူ၊ ပြုစုပျိုးထောင်သင့်သူများတို့ အောက်မေ့သတိရကြစေလိုပါသည်။ ဤလုပ်ဆောင်မှုများသည် "ကောင်းသောရှမာရိလူ" ၏လုပ်ဆောင်ချက်နှင့် သဘောညီပါသည်။ စာရှသူ အယောက်တိုင်း အပေါ်သို့ ဘုရားရှင်ထံပါးမှ အောက်မေ့ကရုဏာထားတတ်သော ကောင်းချီးမင်္ဂလာသွန်းလောင်းပါစေသော်ဝ်။

ချင်းဘာသာနှင့်သမ္မာကျမ်းစာ

မဂ္ဂဇင်းကော်မတီ

ချင်းတောင်သို့ မစ္စတာကာဆင်တို့လင်မယားရောက်ရှိသည်နှင့်တပြိုင်နက်သူတို့၏ အကြီးမားဆုံးသောတာဝန်တစ်ရပ်မှာ ချင်းအမျိုးသားများ၏သမ္မာကျမ်းစာနှုတ်ကပါတ်တော် ဖတ်ရှုနိုင်ရေးဖြစ်ပါသည်။ မစ္စတာကာဆင် ချင်းတောင်ရောက်ရှိသော ၁၈၉၉ခုနှစ်၌ ချင်းစာဟူ၍ (၁၈၉၀ခန့်က အင်္ဂလိပ်စစ်ဗိုလ် Major New Land ဆိုသူမှ ဟားခါးဘာသာကို ရောမအက္ခရာဖြင့် တည်ထွင်ပေးခြင်းမှ လွဲ၍) မည်မည်ရရမရှိသေးပါ။ ဤသို့ဖြင့် မစ္စတာကာဆင်တို့မှ Major Newland ၏တည်ထွင်ပေးသောစာကို အခြေခံ၍ ဝမ်းမြောက်ဖွယ်သတင်းဖြစ်သောရှင်မဿဲ၊ ရှင်မာကု၊ ရှင်လုကာနှင့် ရှင်ယောဟန်တို့ "Zhesu A Nun Chung Bia" ဟူ၍ American Baptist Mission Press, Yangon ၌ ၁၉၁၂ ခုနှစ်တွင် ရိုက်နှိပ်နိုင်ခဲ့ပါသည်။

သို့ရာတွင် ချင်းအမျိုးသားများ ကိုယ်တိုင် ပထမဦးဆုံးဘာသာပြန်ပုံနှိပ်သောချင်းသမ္မာကျမ်းစာမှာ ၁၉၁၆ ခုနှစ်အဦးသီးဖြစ်သူ ဆရာတော်ထွမ်းဟန် (Revd.Thuam Hang) မှ ရိုက်နှိပ်သော ရှင်မဿဲ ခရစ်ဝင်ကျမ်း ဖြစ်ပါသည်။ သို့ဖြစ်၍ အဦးသီးဖြစ်သူဆရာတော် ထွမ်းဟန်သည် ချင်းအမျိုးသားများထဲမှ ရှေ့ပြေးစာပေရေးသားထုတ်ဝေသူအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ဆရာတော်မှ ရေးသားသော စီးယင်းဘာသာ ရှင်မဿဲခရစ်ဝင်ကျမ်းကို ၁၉၁၆ခုနှစ် American Baptist Mission Press, Yangon မှ ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။

ဟားခါးသမ္မာကျမ်းစာ

Mr. A.E.Carson မှ ဝမ်းမြောက်ဖွယ်သတင်း ၄အုပ်ကို 1912ခုနှစ်၌ ဟားခါးချင်းဘာသာနှင့်ဘာသာပြန်ပြီးဖြစ်ကြောင်း အထက်၌ဖော်ပြခဲ့ပြီးဖြစ်သည်။ အလားတူ Dr. Strait မှ ဟားခါးဘာသာဖြင့် ၁၉၄၀ခုနှစ်၌ ဓမ္မသစ်ကျမ်းကို အမေရိကန်စာရင်းပုံနှိပ်တိုက်တွင်ပုံနှိပ်ပြီးစီးခဲ့ပါသည်။ (History of American Baptist Chin Mission, Johnson. Vol.1. p. 625) ဓမ္မဟောင်းသမိုင်းကို Rev. Dr.David Van Bik မှ 1953 ခုနှစ်၌ ရန်ကုန်စာရင်းပုံနှိပ်အဖွဲ့ (Rangon, Baptist Board of Publication) မှပုံနှိပ်

ပြီးစီးသည်။ (History of American Baptist Chin Mission, Johnson. Vol.2. p.1099)

ဟားခါးချင်းဘာသာပြင့် သမ္မာကျမ်းစာတစ်အုပ်လုံးကို ဘာသာပြန်ရာ၌ အောက်ပါအတိုင်းထောက်ပံ့ငွေများပေးပြီး Revd. Dr. Van Bik မှဘာသာပြန်သည်။ ဟားခါးနှစ်ခြင်းအဖွဲ့ (H.B.A) မှ ကုန်ကျငွေ၏လေးပုံတစ်ပုံနှင့် ကျန်ကုန်ကျငွေနှစ်ပုံတစ်ပုံကို Foreign Bible Society မှထောက်ပံ့ရာ 1978 ခုနှစ်တွင် အုပ်ရေ ၁၀၀၀၀ ကို ပုံနှိပ်ပြီးစီးထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။ (History of American Baptist Chin Mission, Johnson. Vol.2. p.1265) သို့ဖြစ်၍ ယင်းသည်ချင်းဘာသာဖြင့် ကျမ်းစာတစ်အုပ်လုံး ပထမဆုံးပုံနှိပ်သောသမ္မာကျမ်းစာဖြစ်သည်။

တီးတိန်သမ္မာကျမ်းစာ

Revd. Dr. Cope ၏ကြိုးစားမှုကြောင့် (Revd. Vial Nang မှကူညီသည်ဟုဆိုသည်။) ၁၉၃၂ခုနှစ်၌ တီးတိန်ချင်းဘာသာဖြင့် ပထမဆုံးသော ဓမ္မသစ်ကျမ်းစာအုပ်ပေါ်ထွက်ခဲ့သည်။ American Baptist Press မှ ရိုက်နှိပ်ခြင်းဖြစ်သည်။ (History of American Baptist Chin Mission, Johnson. Vol.1. p.547)

၁၉၆၁ခုနှစ်မှ စ၍တီးတိန်ချင်းဘာသာဖြင့် ဆရာကမ်းခိုထန်မှ စတင်၍ဘာသာပြန်သည်။ အဆိုပါသမ္မာကျမ်းစာကို ဘာသာပြန်ရာ၌ အဆင့် ၃ ဆင့်ဖြင့် ဆောင်ရွက်ရကြပါသည်။ ပထမအဆင့်အနေဖြင့် ဘာသာပြန်ခြင်းလုပ်ငန်းဖြစ်သည်။ ဘာသာပြန်ပြီးသော စာမူကို ၅ ဦးမှ ၇ဦးအထိပါဝင်သောအဖွဲ့မှ အမှားများမပါရှိအောင် ဒုတိယအဆင့်စစ်ဆေးသည်။ ဒုတိယအဆင့်မှ စစ်ဆေးပြီးသောစာမူကို တတိယအဆင့်အဖြစ်အရေးအသားနှင့် အကြောင်းအရာများညီညွတ်မှု ရှိမရှိ တစ်ယောက်ကဖတ်ပြပြီး ကျန်ပဂ္ဂိုလ်များ နားထောင်ခြင်းဖြင့် ပြုပြင်စရာများပြုပြင်ကာ အဆင့်ဆင့်စစ်ဆေးသည်။ ဤကဲ့သို့အဆင့်ဆင့် စစ်ဆေးပြီးသောစာမူကျမ်းကို Britist and Foreign Bible Society (B F B S) သို့ပေးပို့စီစစ်ရပါသည်။

ဤကဲ့သို့ တီးတိန်ဘာသာဖြင့် သမ္မာကျမ်းစာရရှိနိုင်ရန် တီးတိန်နှစ်ခြင်းနယ်အဖွဲ့ (T.BA) ရှိအချိန်ပြည့်အမှုဆောင် ၂၀, ၃၀ ခန့် ပါဝင်ကြပါသည်။ ဤသို့ဖြင့် (Dr. J. H.Cope)မှ ဘာသာပြန်သောဓမ္မသစ်နှင့် ယခုဘာသာပြန်သော မမ္မဟောင်းကျမ်းစာစုပေါင်းပြီး တစ်အုပ်လုံး၏ ဘာသာပြန်လုပ်ငန်းကို ၁၉၇၇ ခုနှစ်၌ အပြီးသတ်ပါသည်။ ဤကဲ့သို့ တီးတိန်ချင်းသမ္မာကျမ်းစာကို ၁၉၈၂ ခုနှစ်အောက်တိုဘာလ (၁၇)ရက်နေ့တွင် တီးတိန်မြို့၌ ဘုရားသခင်ထံ ဆက်ကပ်နိုင်ခဲ့ပါသည်။

၁၉၇၀ နောက်ပိုင်း ယခင် B F B S ၏ ဦးဆောင်မှုမှ United Bible Society (U B S) ကျမ်းစာဘာသာပြန်လုပ်ငန်း တာဝန်ကို ဆောင်ရွက်ရာ ၁၉၈၂ခုနှစ်၌ဆက်ကပ်သော သမ္မာကျမ်းစာကို ပြုပြင်မွမ်းမံပြင်ဆင်ခြင်းများပြုလုပ်ပြီးစီး ပြီးဖြစ်ရာ ၂၀၀၄ ခုနှစ်၌ ထွက်ရှိမည်ဟု မျှော်လင့်ရပါသည်။ (Revd. Dr. Kam Ko Thang ၏ဖော်ပြချက်အရ တင်ပြပါသည်)

ဖလမ်းချင်းသမ္မာကျမ်းစာအုပ်

လိုင်ဇို (ဖလမ်း) ဘာသာဖြင့်ဓမ္မသစ်ကျမ်းကို ၁၉၅၁ခုနှစ်၌ ဘာသာပြန်ပုံနှိပ်ပြီးစီးခဲ့ပါသည်။ နောက်ပိုင်းသိက္ခာတော်ရ ဆရာဒေါက်တာ Con Bril မှ TB V နှင့် N Vကို ကိုးကားပြီး ဖလမ်း

ဘာသာဖြင့် ဓမ္မသစ်ကျမ်းကို ဘာသာပြန်ခဲ့ပါသေးသည်။

ဖလမ်းနှစ်ခြင်းသင်းအုပ်ဆရာ၊ Revd. Dr. S. Hre Kio သည် ဖလမ်းနယ် နှစ်ခြင်းခရစ်ယာန်အဖွဲ့၏ မေတ္တာရပ်ခံချက် အရ ၁၉၇၄ ခုနှစ်မှစ၍ ဖလမ်းချင်းဘာသာဖြင့် စတင်ဘာသာပြန်ပါသည်။ ဆရာကြီးသည် အမေရိကန်နိုင်ငံသို့ အဆင့်မြင့် ဓမ္မပညာတော် သင်နေစဉ် ကျမ်းစာဘာသာပြန်ခြင်းကို တစ်ဦးဦးမှ ပခုံးပြောင်းပေးရန် တောင်းဆိုခဲ့သော်လည်း ဖလမ်းနှစ်ခြင်းခရစ်ယာန်အဖွဲ့မှ ဆရာတော်မှသာလျှင် ဘာသာပြန်ပေးရန် မေတ္တာရပ်ခံကြသည်။ ဤသို့နှင့် ဆရာတော်မှ ဓမ္မပညာသင်ရင်း ကျမ်းစာဘာသာပြန်ရင်းနှင့် ဓမ္မဟောင်း၊ ဓမ္မသစ် တစ်အုပ်လုံးကို ပြီးစီးနိုင်ခဲ့ရာ ၁၉၉၂ခုနှစ် လုပ်သဲကျေးရွာတွင် ပြုလုပ်သော ဖလမ်းနယ် အစည်းဝေးကြီး၌ ဆက်ကပ်နိုင်ခဲ့ကြပါသည်။ အဆိုပါ ၁၉၉၂ ဖလမ်းချင်းဘာသာဖြင့် ပုံနှိပ်သော စာအုပ် ၁၀၀၀၀ ကို ၃ လ အတွင်း အပြီးရောင်းချနိုင်ခဲ့သည်။

ယခုအချိန်၌ အဆိုပါပထမပုံနှိပ်သော ကျမ်းစာကို မွမ်းမံပြင်ဆင်နေဆဲ ဖြစ်၍ ၂၀၀၅ ခုနှစ်၌ ပြန်လည်ထွက်ရှိလိမ့်မည်ဟု မျှော်လင့်ရပါသည်။

ဖလမ်းကျမ်းစာဘာသာပြန်ရာ၌အဲ့ဩဖွယ်တစ်ခုမှာ ဖလမ်းကျမ်းစာဘာသာပြန်ပြီးသောစာမူများဖလမ်းနယ်နှစ်ခြင်းခရစ်ယာန်အဆောက်အဦး မီးလောင်ထဲ၌ ပါသွားရာ ဘာသာပြန်ပြီးသမျှ သဲထဲရေသွန်သလိုဖြစ်သွားသည်ဟု ခံစားရသည်။ သို့ရာတွင် ဘုရားသခင်၏ ပြင်ဆင်ပေးမှုကြောင့် ဘာသာပြန်စီစစ်အဖွဲ့တွင် ပါဝင်သူ U No Zam မှမိတ္ထုတစ်စောင်အိမ်၌ သိမ်းဆည်းထားသောကြောင့် ပြန်လည်ရရှိခြင်းဖြစ်ရာဘုရားသခင်၏စောင့်ရှောက်ခြင်းအံ့ဩဖွယ်အမှုတစ်ခု ဖြစ်ပေသည်။

စီးယင်းချင်းသမ္မာကျမ်းစာ

စီးယင်းချင်းဘာသာပြင့် ချင်းအမျိုးသားများ၏ယုံကြည်ခြင်းဖခင်ဖြစ်သူက ၁၉၁၆ခုနှစ်၌ ရှင်မသဲကို ဘာသာပြန်ကြောင်း အထက်၌ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင်ဘာသာပြန်လုပ်ငန်းဆက်လက်လုပ်ဆောင်ခြင်း မရှိတော့ဘဲ ၁၉၈၈ခုနှစ်တွင် Revd. Max Vai Pum သည် ZBC တွဲဖက်အထွေထွေအတွင်းရေးတာဝန်မှ နှုတ်ထွက်ပြီး စီးယင်းသမ္မာကျမ်းစာ ဘာသာပြန်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ဖြင့် ၁၉၉၉ခုနှစ်တွင် စီးယင်းချင်းမမွသစ်၊ ဆာလံနှင့်သုတ္တံ ကိုဘုရားသခင်ထံပြန်လည်ဆက်ကပ်အပ်နှံနိုင်ခဲ့ပါသည်။

ဓမ္မဟောင်းကို မူ ၁၉၉၅ ခုနှစ်မှစ၍ Revd.Max Vai Pum, Saya Hang Khan Nang (Revd. Hang Khan Nang) Saya D KipThian Pau (Revd. D Kip Thian Pau) Saya S on Za T hang တို့ ၄ ယောက်မှ ဘာသာပြန်လုပ်ငန်းကို အစပြုရာ ၁၉၉၇ခုနှစ်နှစ်ကုန်၌ ဘာသာပြန်လုပ်ငန်းပြီးစီးသွားပါသည်။ ဘာသာပြန်ပြီးသောမူကြမ်းကို ကော်မတီမှ စီစစ်ခြင်းများပြုလုပ်ပြီး U.B.S မှ Revd. Dr Hre Kio (U.B.S Consultant) မှစီစစ်လက်ခံပြီး၊ ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်ရှိကျမ်းစာအသင်းသို့ ပုံနှိပ်ရန် အပ်နှံခဲ့ပါသည်။ ၂၀၀၄ခုနှစ်ချင်းခရစ်ယာန်ရာပြည့်ဓမ္မသဘင်၌ သမ္မာကျမ်းစာတစ်အုပ်လုံးကို ဘုရားသခင်ထံဆက်ကပ်နိုင်ရန် U.B.S မှဆက်လက် ဆောင်ရွက်နေဆဲဖြစ်ပါသည်။

စီးယင်းသမ္မာကျမ်းစာ ကော်မတီများ၌

၁။ Revd.Lam Cin Thang -(Co.ordinator)
၂။ Revd. Max Vai Pum -(Translator)
၃။ Revd. Hang Khan Nang -(။)
၄။ Revd. D.Kip Thian Pau -(။)
၅။ Pastor Son Za Thang -(။)

ကော်မတီဥက္ကဋ္ဌများအဖြစ်

၁။ U Ngo Ko Pau(1993-1995)
၂။ U P Ngin Za Thang (1995-2001)
၃။ U Ngo Nang (2001 Feb မှ 2001 Dec)
၄။ U NgoKo Pau(2001Decမှ2002July)
၅။ Dr. Mang Cin Pau 2002 July မှယနေ့

ကော်မတီအတွင်းရေးမှူးများအဖြစ်

၁။ U Zo Zam Cin Pau (1993 Oct-1994 March)
၂။ U Ngo Ko Khai (1994April-ယနေ့)

ကော်မတီဝင်များအဖြစ်

၁။ U Ngo Nang
၂။ U Ngaw Cin Pau
၃။ U Kam Za Pau
၄။ U A Zam Cin Pau
၅။ U Zo Zam Cin Pau
၆။ U Ngin Do Pau
၇။ U Suan Khai
၈။ Revd.Vum Khat Pau
၉။ Pastor Thuam Khua Pau

ဤစာမူရေးနေချိန် ၂၀၀၃ခုနှစ် ဒီဇင်ဘာလလယ်၌ ကျမ်းစာကော်မတီ ဥက္ကဋ္ဌ Dr. Mang Cin Pau, အတွင်းရေးမှူး U Ngo Ko Khai နှင့် စီစစ်သူ Revd.Vum Khat Pau တို့မှ အမှားများ ပြင်ဆင်ပြီး Consultant(Singapore) လက်ထဲသို့ရောက်ရှိနိုင်ရေး ဆောင်ရွက်နေဆဲ ဖြစ်သည်။

ရှမီးသမ္မာကျမ်းစာ

ပလက်ဝမြို့နယ်၌ ဝမ်းမြောက်ဖွယ်သတင်းသယ်ဆောင်လာသူမှာ အင်္ဂလိကန် အသင်းတော်ဖြစ်သည့်နှင့် အညီ၁၉၃၅ခုနှစ်၌အင်္ဂလိကန် သာသနာပြုဆရာများမှဦးဆောင်၍မွေသစ်ကျမ်းဘာသာပြန်ပေးနိုင်ခဲ့ပါသည်။ ယခုမမွေဟောင်းကျမ်းကို စတင်ဘာသာပြန်အစပြုနေပြီဖြစ်သည်။

ချိုးချင်းသမ္မာကျမ်းစာ

သိကွာတော်ရဆရာထန်းဝိုက်အွမ် (Revd. Thang Ngai Om) သည် ၁၉၈၉ခုနှစ် မှစ၍ မမွသစ်ကျမ်းကို ဘာသာပြန်ရာ ၂၀၀၁ ခုနှစ်ဇန္နဝါရီလ ၂၁ရက်နေ့၌ ဆက်ကပ်နိုင်ခဲ့ပါသည်။ ဆရာတော်ထန်းဝိုင်အွမ်သည် ဦးမောင်ထန်းဝိုင်း၏ သားဖြစ်၍ မင်းတပ်မြို့နယ် စွန်းတောင်ရွာ၌ မွေးဖွားခဲ့သူဖြစ်သည်။

ဓမ္မဟောင်းကျမ်းကိုမူ ၂၀၀၁ခုနှစ် ဇန္နဝါရီလမှ စ၍ စတင်ဘာသာပြန်ရာ ၂၀၀၃ ခုနှစ်အောက်ကိုဘာလအထိ အုပ်ပေါင်း ၆၆ အနက် ၂၄အုပ်ပြီးစီးသွားပြီးဖြစ်သည်။ သူ၏ ဘာသာပြန်ပြီးသောမူကြမ်းကို စိစစ်ရေးကော်မတီမှစီစစ်နေဆဲဖြစ်ပြီး ဘာသာပြန်အထိုင်ပင်ခံအရာရှိ (Consultant) မှ ၁၈အုပ် အတည်ပြုပြီးဖြစ်သည်။ ဓမ္မဟောင်းတစ်အုပ်လုံး၏ဘာသာပြန်ခြင်းကို ၂၀၀၄ခုနှစ် အတွင်းပြီးစီးနိုင်ရန် ကြိုးစားအားထုတ် ဆပ်ကပ်နေဆဲဖြစ်သည်။

ဓမ္မဟောင်းဘာသာပြန်စိစစ်ရေးကော်မတီဝင်များမှာ/ Revd. Zaw Law, Revd. Ngai Hung Om, Rev Za Hmung, Revd. Zom Hung, Rev Ki Ling, Revd. Ki Thang, Revd. Ling Mana, Revd. Kui Thang, Revd. Rai Tuai, Saya Zaw Ki, Sayama Ngai Tam Pai, U San Aye, Sayama Om Man တို့ဖြစ်ကြသည်။

အထက်ဖော်ပြသော ချင်းဘာသာစကားဖြင့် (၆) မျိုးဖြင့်ဓမ္မသစ် ၊ ဓမ္မဟောင်းများဘာသာပြန်ပြီး ပြန်နေဆဲဖြစ်သလိုအောက်ပါဘာသာစကား(၆) မျိုးဖြင့်ဓမ္မသစ်ကျမ်းကို ဘာသာပြန်ပြီးနှင့် ပြန်နေဆဲများဖြစ်ကြသည်။

(၁)ဒိုင် (Daai) ဘာသာကားဖြင့် Ms Hagar ဆိုသူမှဓမ္မသစ်ကျမ်းကို ၁၉၉၆ခုနှစ်တွင် ဘာသာပြန်ပြီးဖြစ်သည်။

(၂)ဇိုတူ (Zotung) ဘာသာစကားအားဖြင့် Revd.Kaw Kung မှဓမ္မသစ်ကျမ်းကို ဘာသာပြန်ရာ၂၀၀၃ခုနှစ်၌ ပုံနှိပ်ဖြန့်ချိ နိုင်ခဲ့ပြီဖြစ်သည်။

(၃)မတူ (Matu) ဘာသာဖြင့် ဓမ္မသစ်ကျမ်းကို Revd. Lung No မှစတင်ဘာသာပြန်ခဲ့ရာ နောက်ပိုင်း Revd. Lal Nou မှ ဆက်လက် ဘာသာပြန်နေဆဲဖြစ်၍ ၂၀၀၄ခုနှစ်၌ ထွက်ရှိနိုင်ဖွယ်ရာရှိသည်။

(၄)ငွန်း (Ngawn) ဘာသာစကားဖြင့်ဓမ္မသစ်၊သုတ္တံနှင့် ဆာလံကျမ်းကို ၂၀၀၄ ခုနှစ်၌ ထွက်ရှိနိုင်ရန် စိုင်းပြင်းနေဆဲဖြစ်သည်။

(၅)ဇန်ညက် (Zanniat) ဘာသာစကားဖြင့် ဓမ္မသစ်၊သုတ္တံနှင့် ဆာလံကျမ်းကို ၂၀၀၄ ခုနှစ် အတွင်း ထွက်ရှိနိုင်ရန် ကြိုးစားနေဆဲ ဖြစ်သည်။

(၆)ဇို (Zo) ဘာသာစကားဖြင့် ဇိုနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ ဦးဆောင်၍ ၁၉၉၈ မှစ၍ ဓမ္မသစ်ကျမ်းကို စတင်ဘာသာပြန်သည်။

Revd. Mang Khaw Lian မှ အချိန်ပြည့် ဘာသာပြန်ပြီး Saya Thang Do Mung မှ အချိန်ပိုင်းအားဖြင့် ကူညီခဲ့သည်။ Revd.T. Kam Suan Mang, Revd.Ngo Cin Laang နှင့် Revd. Hau Suan Mung တို့မှ စိစစ်လျက်ရှိပါသည်။

ဤစာမူရေးနေချိန် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ၌ ဗျာဒိတ်ကျမ်းမှ လွဲ၍ ဘာသာပြန်ပြီး ဖြစ်ရာ တိမောသေဩဝါဒစာပထမစောင်အထိ စိစစ်ပြီးစီးပြီးဖြစ်သည်။



- When God is going to do something wonderful, He'll often begin with a difficulty.
- Untold millions are perishing....still UNTOLD!
- Talking to sinners about God is important, but talking to God about sinners is more important.
- There is no true happiness apart from holiness and no holiness apart from Christ
- The difficulties of life are intended to make us better, not bitter.
- Love people, not things, Use things, not people

အနာဂတ်ကို ဖန်တီးခြင်း

ဖွန်ဟရုမ်းအွဲယ်

နိဒါန်း

အနာဂတ်ဟုဆိုရာ၌ ယနေ့လူငယ်များနှင့် တိုက်ရိုက်ပတ်သက်မှုရှိသကဲ့သို့ ဦးဆောင်လျက် ရှိသောလူကြီးများနှင့်လည်း မကင်းနိုင်ချေ။ လူကြီးများသည် အနာဂတ်ကို ဖန်တီးရာ၌ လမ်းညွှန်ဦးဆောင်မှုပေးနေသကဲ့သို့ ကောင်းသောအနာဂတ်ကို ဖန်တီးနိုင်ရန်အတွက် ယနေ့လူငယ်ဘဝ၏ကြိုးစားရုန်းကန်၊ မျှော်မြင်တွေးခေါ်မှုသည်လည်း မေ့၍မရပါ။ ဤသို့ "အနာဂတ်ဖန်တီးခြင်း" ဆောင်းပါး၌ ချင်းခရစ်ယာန်များ၏အနာဂတ်ကို ရည်ညွှန်း၍ ခြုံငုံတင်ပြလိုသောဆန္ဒကြောင့် ရာပြည့်ရှုပါရုံဟုလည်း ခေါ်လိုပါသည်။ ထို့ကြောင့် ဤဆောင်းပါးဖြင့် ယုံကြည်သူချင်းခရစ်ယာန်များ၏ရာပြည့်အလွန်တွင် တက်လှမ်းသင့်သည်ဟု စာရေးသူ၏အမြင်ကို အကျဉ်းမျှ တင်ပြခြင်းဖြစ်ကြောင်း ဦးစွာ ဝန်ခံလိုပါသည်။

ခရစ်ယာန်အသင်းတော်သမိုင်းရှုထောင့်မှ ချင်းလူမျိုးများ၏အကြောင်းကို လေ့လာသည့်အခါ ရာပြည့်လူမျိုးများဖြစ်လာကြပြီဖြစ်သည်။ လူ့သမိုင်းဖြင့် ရှုမြင်သော် ချင်းခရစ်ယာန်သမိုင်းသည် မနေ့တနေ့အချိန်သာဖြစ်ပါသည်။ သို့သော်လည်း ယုံကြည်ခြင်းမျက်စိဖြင့်ရှုမြင်ပါမူ ရင့်ကျက်ရန် အခြေအနေတစ်ခုသို့ လှမ်းတက်ရမည့်အချိန်ဖြစ်ပါသည်။ ချင်းလူမျိုးများသည် ရာပြည့်လူမျိုးဖြစ်သည်ဟုဆိုရာ၌ ခရစ်ယာန်သာသနာတော်နှင့်တိုက်ရိုက်စပ်လျဉ်းမှုရှိကြောင်း တင်ပြလိုခြင်းဖြစ်ပါသည်။ ချင်းတောင်တန်းနှင့် ချင်းလူမျိုးထဲ ခရစ်ယာန်သာသနာတော်ဝင်ရောက်သည့်အချိန်နှင့် ချင်းလူမျိုးများ ခရစ်ယာန်ဖြစ်လာသည့်အချိန်တို့သည် နှစ်တစ်ရာတင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ချင်းတောင်ရှိကျေးရွာဇနပုဒ်မှအစ ချင်းလူမျိုးများ ရောက်ရှိနေထိုင်သောတိုင်းပြည်၊ မြို့ရွာများအထိ ချင်းအသင်းတော်များ တဖွားဖွား ပေါ်ပေါက်လာပြီဖြစ်သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် "ချင်းလူမျိုးနှင့်ခရစ်ယာန်၊ ခရစ်ယာန်သည် ချင်းလူမျိုးများ၏ဘာသာ"ဟု ဆိုနိုင်ပါသည်။ အရေအတွက်အားဖြင့် ခရစ်ယာန်တို့၏တိုးတက်မှုနှုန်းသည် မြန်ဆန်လှပါသော်လည်း အရည်အချင်းပိုင်းဆိုင်ရာ တိုးတက်မှုသည် အနာဂတ်ကိုဖန်တီးခြင်းအတွက် အလွန်အရေးကြီးကြောင်း(သို့) ရာပြည့်ရှုပါရုံ၏အဓိကတင်ပြလိုသောအချက်ပင် ဖြစ်ပါသည်။ ထိုသို့ဆိုရာ၌ လူငယ်များကအစ ယနေ့ဦးဆောင်

လျက်ရှိသော လူကြီးသူမများပါမကျန် တာဝန်ရှိကြောင်း တင်ပြသင့်ပါသည်။

ကွသရေလလူမျိုးများ၏သမိုင်းမှသင်ခန်းစာ

ချင်းခရစ်ယာန်များ၏ရာပြည့်အလွန်ခရီး (သို့) အနာဂတ်ကို ဖန်တီးရာတွင် သမ္မာကျမ်းစာတော်မြတ်၌ ဖော်ပြထားသောကွသရေလလူမျိုးများ၏သမိုင်းအတွေ့အကြုံ၊ အဖြစ်အပျက်များကို သင်ခန်းစာယူသင့်ပါသည်။ သမ္မာကျမ်းစာတော်မြတ်၏ဖော်ပြချက်အရ ကွသရေလလူမျိုးများသည် ဘုရားသခင်ရွေးကောက်သောလူမျိုးဖြစ်ကြောင်းတွေ့ရပါသည်။ ဤသို့ရွေးကောက်ရာတွင် ကွသရေလလူမျိုးများသည် ဘုရားသခင်၏လူမျိုးကော်ဖြစ်သည့်နည်းတူ ဘုရားသခင်၏အလိုတော်ကို ဤကမ္ဘာကြီး၌ပြည့်စုံစေဖို့အလိုငှါရွေးကောက်ခြင်းလည်းဖြစ်ပါသည်။ သို့သော်လည်း ညီအစ်ကိုအချင်းချင်းမနာလိုဝန်တိုမှု၊ မလိုမုန်းတီးမှုကြောင့် သူတစ်ပါး၏ကျွန်ဘဝသို့ မကြာခဏရောက်ရှိကြောင်းလည်း တွေ့ရှိရပါသည်။ ယာကုပ်၏သား (၁၂)ယောက်စိတ်ဝမ်းကွဲမှုကြောင့် အီဂျစ်နိုင်ငံ၌ကျွန်ဘဝအဖြစ်သို့သော်လည်းကောင်း၊ ရှောလမုန်၏သား (၂)ယောက်စိတ်မကျေမှုကြောင့် ပါလက်စတိုင်းနိုင်ငံနှစ်ပိုင်း တောင်နှင့်မြောက်အဖြစ်ပိုင်းခြားခြင်း၊ ထိုမှတဆင့် ဘာဘီလုံ၊ ပါးရှားတို့၏စစ်သုံ့ပန်းဘဝသို့ ရောက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့သူတစ်ပါး၏ကျွန်ဘဝမှလွတ်မြောက်လာပြီးနောက် ထို့ထက်ဆိုးဝါးလှသောကျွန်ဘဝအဖြစ်ထပ်မံရောက်ရှိကြောင်းလည်း တွေ့ရှိရပါသည်။

ပါလက်စတိုင်းနိုင်ငံသည် သူတို့၏ဘိုးဘွားခေတ်မှစပြီး သူတို့ပိုင်နက်နယ်မြေဖြစ်သော်ငြားလည်း လူမျိုးချင်း၌စိတ်ဝမ်းကွဲပြားမှု၏ရလဒ်အဆိုးဝါးဆုံးအချိန်သည် ဤပါလက်စတိုင်းနိုင်ငံ၌ နေထိုင်ရင်း ကိုယ့်နိုင်ငံ၊ ကိုယ့်နယ်မြေအတွင်း သူတစ်ပါး၏အုပ်စိုးမှု၊ ကျွန်ပြုမှုများ ရင်ဆိုင်ရခြင်းဖြစ်ပါသည်။ ရောမများသည် ကွသရေလ၏အရှင်သခင်အဖြစ် ပါလက်စတိုင်းနိုင်ငံ၌ အုပ်စိုးခဲ့ပါသည်။ နောက်ဆုံး၌ ကွသရေလလူမျိုးများသည် ကိုယ့်တိုင်းပြည်နှင့်ပိုင်နက်နယ်မြေများ ဆုံးရှုံးရသောဘဝ၊ ကိုယ့်တိုင်းပြည်၌ နေထိုင်ခွင့်မရသောဘဝသို့ ရောက်ခဲ့ပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် လူမျိုးချင်းအတွင်း၌ဖြစ်စေ၊ ညီအစ်ကိုရင်းချာအတွင်း၌ဖြစ်စေ သွေးကွဲမှု၊ မနာလိုဝန်တိုစိတ်၊ မလိုမုန်းတီးခြင်း၏ရလဒ်ဖြစ်ပါသည်။ ချင်းလူမျိုးများ၏အနာဂတ်သည်လည်း ဤကဲ့သို့မဖြစ်စေရန် စည်းလုံးခြင်း၊ နားလည်ခြင်းနှင့် ချစ်ခြင်းမေတ္တာဖြင့် အနာဂတ်၏ခရီးနှင်ဖို့လိုအပ်လှပါသည်။

ကွသရေလလူမျိုးများမှ အခြားသင်ခန်းစာတစ်ခုမှာ သူတစ်ပါးတိုင်းပြည်၏စည်းစိမ်ဥစ္စာများ၊ စားသောက်သုံးဆောင်မှီဝဲခြင်းသည် ကောင်းချီးမင်္ဂလာဟု ခေါ်ဆိုခြင်းဖြစ်သည်။ ကွသရေလလူမျိုးများသည် အီဂျစ်ပြည်သို့ရောက်ရှိခါစအချိန်တွင် အီဂျစ်ပြည်၏လိုလေသေးမရှိနေထိုင်စားသောက်ခြင်းသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာဟု ခံယူခဲ့ကြသည်။ နှစ်ပေါင်းရာချီအသက်ရှင်ပြီးနောက်မှ ဤသည်မှာ ကောင်းချီးမင်္ဂလာမဟုတ်ဘဲ ကျွန်ဘဝလမ်းစဖြစ်ကြောင်းကို အတွေ့အကြုံမှသင်ခန်းစာပေးသောအခါ ထိုဘဝမှလွတ်မြောက်ရန် ကြိုးစားကြသည်။ သူတို့သည် ဘုရားပေးထားသော ခါနန်ပြည်ကို တောင့်တလာကြသည်။ ခါနန်ပြည်သို့ပြန်လည်

ရောက်ရှိလာရန် သွေး၊ ချွေးနှင့်အသက်ပေါင်း မြောက်များစွာပေးဆပ်ရသည့်အပြင် နှစ်ပေါင်း (၄၀)တိုင်တိုင် ခရီးနှင်ရပါသည်။ တိုအချိန်တွင် အမွန်မြတ်ဆုံးသောကောင်းချီးမင်္ဂလာသည် ဘုရားပေးသောတိုင်းနိုင်ငံ၊ နယ်မြေသာလျှင်ဖြစ်ကြောင်း သဘောပေါက်လာကြသည်။ သူတစ်ပါးနိုင်ငံ၌ ဝဝလင်လင်စားသုံးရသောဘဝသည် ကောင်းချီးမင်္ဂလာမဟုတ်ဘဲ ကိုယ့်ပြည်၌ အေးချမ်းစွာနေထိုင်ရခြင်းသည်သာ ကောင်းချီးမင်္ဂလာဖြစ်ကြောင်း သိရှိလာသောအခါ အီဂျစ်ပြည်ကို နောက်မလှည့်စတမ်း ခါနန်ပြည်သို့ ခက်ခဲစွာ ခရီးနှင်လာကြပါတော့သည်။ ချင်းလူမျိုးများအတွက် ချင်းပြည်နယ်သည် ဘုရားသခင်၏ဂတိအတိုင်းပေးထားသော နယ်မြေဖြစ်ပါသည်။ ယနေ့ချင်းလူမျိုးပညာတတ်၊ ဥစ္စာရှင်အချို့တို့သည် ကိုယ့်ပြည်နယ်ကို ထားခဲ့ကြပြီး သူတစ်ပါး၏ချမ်းသာမှုကို ကောင်းချီးမင်္ဂလာအဖြစ် ခံယူသောသူရှိလာပါသည်။ ရာပြည့်ချင်းပြည်နယ်သည် ချင်းလူမျိုးများ၏ခါနန်ပြည်ဖြစ်ကြောင်းကို သဘောပေါက်သောအချိန်အခါသည် အနာဂတ်ကို ဖန်တီးလိုခြင်း၏အစမဟုတ်ပေဘူးလား။ . . ။

ချင်းအသင်းတော်ဖြစ်ပေါ်ရေး

ချင်းလူမျိုးများ၏အသင်းတော်အမြင်သည် ချင်းအသင်းတော်ဖြစ်ပေါ်ရေး၏လမ်းစပင်ဖြစ်ပါသည်။ များသောအားဖြင့် ချင်းလူမျိုးများသည် (Church) အသင်းတော်နှင့်ဂိုဏ်းဂဏ (Denomination) ကို မခွဲခြားတတ်သေးကြောင်း တွေ့ရပါသည်။ ဂိုဏ်းဂဏ(Denomination) သည် အသင်းတော်(Church) နှင့်လုံးဝမတူညီကြောင်း သိရှိရန် လိုအပ်လှပါသည်။ အသင်းတော်သည် ဘုရားသခင်ကိုယ်တော်တိုင်က လူသားများကို လောကကမ္ဘာကို အစေခံတတ်ရန် တည်ထောင်ထားသော ယုံကြည်သူတစ်ဦးတစ်ယောက်စီကို ဆိုလိုသည်။ ထိုသို့အစေခံနိုင်ဖို့ရန် လူသားနှင့် လောကကမ္ဘာထဲမှ ရွေးကောက်တော်မူခြင်းကို ခံယူသောလူသားတစ်ဦးချင်းမှလူ့အဖွဲ့အစည်းအဖြစ် ရပ်တည်လာခြင်းတို့ အသင်းတော်ဟု ခေါ်ပါသည်။ ထိုလူတစ်စုမှအဖွဲ့အစည်း၊ယုံကြည်ခံယူချက်အပေါ်အခြေခံ၍ သီးသန့်ရပ်တည်လာသော အသင်းအဖွဲ့သည် ဂိုဏ်းဂဏဟု ခေါ်ပါသည်။ ချင်းအသင်းတော်များသည် ဂိုဏ်းဂဏကို အသင်းတော်အဖြစ်မြင်နေခြင်းသည် အသင်းတော်၏မူလဦးတည်ချက်နှင့် လမ်းလွဲစေသော အချက်ပင်ဖြစ်ပါသည်။ အသင်းတော်သည် လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် ကမ္ဘာလောကတစ်ခုလုံးကို အလင်းနှင့်ဆားသဖွယ် အစေခံရမည်ဖြစ်သည်။ ယနေ့ချင်းအသင်းတော်များ ရပ်တည်ချက်တွင် အဖွဲ့အစည်းဆိုင်ရာ အသင်းတော်သည် လူတစ်ဦးတစ်ယောက်၏အစေမခံနိုင်သည့်အပြင်ယုံကြည်သူ(အသင်းတော်) များသည်လည်း အဖွဲ့အစည်း (အသင်းတော်) ကို လမ်းမှန်ရောက်အောင် မပို့ဆောင်နိုင်ပါ။ ထို့ပြင် ချင်းပြည်နယ်နှင့် ချင်းလူမျိုးများ၏အသင်းတော်မဖြစ်သေးဘဲ နိုင်ငံခြားမှလာသောအသင်းသာဖြစ်နေပါသေးသည်။ အနောက်တိုင်း၏ကွဲပြားသော မူဝါဒသည် ချင်းလူမျိုးများနှင့်မသက်ဆိုင်သော်လည်း ကွဲပြားခြင်းသည် ချင်းလူမျိုးအတွင်း ရှိက်ခတ်နေပါသည်။ ကွဲပြားစွာ ဝင်ရောက်လာသော အသင်းတော်၏ပုံသဏ္ဌာန်သည် ချင်းတောင်၌ နေရာယူလာပြီး ချင်းလူမျိုးများကို

ဂိုဏ်းဂဏ ဖန်တီးသောလူမျိုးများ ဖြစ်စေပါသည်။ ယနေ့ တွေ့ရသောအသင်းတော်များသည် ချင်းပြည်နယ် နှင့် ချင်းလူမျိုးများအတွင်းရှိ တွေ့ရသော အသင်းတော်များဖြစ်ပြီး ချင်းများ၏ အသင်းတော်မဟုတ်သေးပါ။ ချင်းလူမျိုးများ အတွက် အစေခံသောအသင်းတော်သည် ချင်း အသင်းတော်သာဖြစ်ရပါမည်။ ချင်းယဉ်ကျေးမှု နှင့်ခံယူချက်မှ ထွက်ပေါ်လာသောအသင်းတော် များသာလျှင် ချင်းလူမျိုးများ၏အခြေခံလိုအပ် ချက်ကို အစေခံနိုင်သလို ချင်းလူမျိုးများသည် လည်း လောက၏အလင်း/လောကအတွက် ဆားသဖွယ် ဖြစ်စေပါသည်။ ထိုသို့ဖြစ်လာရန် အတွက် အဓိကလိုအပ်ချက်တစ်ခုသည် ချင်း အသင်းတော်ဖြစ်ပေါ်လာရေးပင် ဖြစ်ပါသည်။ ထို့အပြင် ဂိုဏ်းဂဏနှင့်အသင်းတော်ကို ခွဲခြား သိမြင်တတ်ပြီး ချင်းရေခံမြေခံမှ ထွက်ပေါ်လာ သောအသင်းတော်သည် ချင်းအသင်းတော်ဖြစ် ပါသည်။ ချင်းပြည်နယ်နှင့် ချင်းလူမျိုးများကို အခြေခံတတ်သော ချင်းအသင်းတော်ဖြစ်ပေါ် လာရေးသည် ခရစ်တော်၏"သင်တို့(ချင်း)သည် ငါ့ကို အဘယ်သူအဖြစ် မြင်ပါသလဲ" ဟူသော မေးခွန်းကို ချင်းယဉ်ကျေးမှု/ချင်းမျက်စိ၊ လူမှုရေး အခြေအနေမှ အဖြေပေးခြင်းသာဖြစ်ပါသည်။ စစ်မှန်သော ချင်းအသင်းတော်ပေါ်ပေါက်လာ ရေးသည် ချင်းလူမျိုးများ၏အနာဂတ်ကို ဖန်တီးခြင်းတစ်ရပ်ပင်ဖြစ်ပါသည်။

ခရစ်တော်အတွက် ချင်းလူမျိုး

ခရစ်တော်အတွက် ချင်းလူမျိုးဟူသည် ခရစ်ယာန်သာသနာပြုခြင်းသာမဟုတ်ပါ။ ခရစ်ယာန်သာသနာပြုခြင်းသည် ခရစ်တော် အတွက် ချင်းလူမျိုးဟုဆိုရာတွင် ခရစ်တော် ကိုယ်တိုင်မေးခဲ့သော" သင်တို့. . . ငါ့ကို ဘယ်သူအဖြစ်မြင်ပါသလဲ. . " ဆိုသည့် မေးခွန်း နှင့်ဆက်စပ်နေပါသည်။ ချင်းအတွက် ခရစ်တော် နှင့်ခရစ်တော်အတွက် ချင်းလူမျိုးသည် ကွာခြား လှပါသည်။ ခရစ်တော်အားဖြင့်သာ အရာရာ အောင်နိုင်သည်ဟူသော ယုံကြည်ခံယူခြင်း ကြောင့် မိမိလုပ်အားနှင့် ချွေးနည်းစာသည် ပညာမဲ့များ၊ ကျောင်းပညာမတတ်သောသူများ၏ တာဝန်၊ တိုထက်မက အလုပ်သည် အပြစ်၏အဖိုး အခဆိုသော ခံယူချက်အတိ ဖြစ်ပေါ်နေပါသည်။ "ခရစ်အားဖြင့်" ဆိုခြင်းထက်" ခရစ်တော်နှင့် အတူ" ဟူသောခံယူချက်သည် ခရစ်တော်အတွက် ချင်းလူမျိုးဖြစ်လာနိုင်ရေးလမ်းစဖြစ်ပါသည်။ ခရစ်တော်နှင့်အတူ ဘယ်အရာမဆိုတတ်စွမ်းနိုင် သော ချင်းလူမျိုးများဖြစ်သင့်ပါသည်။

ကျမ်းခေတ်၏မေးခွန်တစ်ခုသည် ဤခေတ် နှင့် မစပ်ဟပ်သလိုအဖြေပေးပုံပေးနည်းလည်း ကွာခြားမည်သာဖြစ်သည်။ မေရှိယကို မျှော်လင့် စောင့်စားသောလူ.အဖွဲ့.အစည်းအတွက် မေရှိယ အစစ်အမှန်ဖြစ်ခြင်းတင်ပြနိုင်ခြင်းသည် အရေးပါသလို မေရှိယအဖြစ်ခံယူသော (၂၁)ရာစု လူ.အဖွဲ့.အစည်းအတွက် အဓိပ္ပါယ် ကင်းမဲ့လှပါသည်။ လောက၏မေရှိယ၊ ချင်း လူမျိုးများ၏အရှင်သခင်ဖြစ်တော်မူ ခဲ့လေပြီ ဖြစ်သော ခရစ်တော်အတွက် ချင်းလူမျိုး များအသက်ရှင်လာနိုင်ခြင်းသည်သာ ပို၍ လို အပ်လာပါသည်။ ခရစ်တော်အတွက် ချင်းလူမျိုးဖြစ်ခြင်းသည် သူတစ်ပါး၏အစေ၊ သူတစ်ပါးအား အရှင်သခင်သဖွယ် ရှုမြင်ခြင်း အန္တာရယ်မှ ရှောင်ထွက်လာနိုင် မည်ဖြစ်သည်။

ချင်းလူမျိုးများ၏အားနည်းချက်တစ်ခုဟု ရှုမြင်ရသော အချက်တစ်ချက်သည် ခရစ်တော်အတွက်ဆိုခြင်းထက်သေးငယ်ကျဉ်း မြောင်းသော ဘာသာစကား၊ လူမျိုးနွယ်စု၊ မြို့နယ်စွဲစိတ် ဖြစ်ပါသည်။ ဤစိတ်ဓါတ်များသည် ခရစ်တော်ကို ဘာသာစကား၊ မျိုးနွယ်စု၊ မြို့နယ်တစ်ခုအတွက် ခံယူယုံကြည်ခြင်းဖြစ်သည်။ ချင်းအတွက် ခရစ်တော်ဟု ခံယူခြင်းဖြင့် ဘာသာစကား၊ မျိုးနွယ်စုအတွက် ခရစ်တော်အထိ ကျဉ်း မြောင်းစေပါသည်။ ခရစ်တော်အတွက် ချင်းလူမျိုး ဟု ခံယူတတ်ခြင်းသည် ပို၍လေးနက်ပြီး ကျယ်ပြန့်သောခံယူချက်ဖြစ်ပါသည်။ ထိုသို့ ခံယူ တတ်ခြင်းသည် လောကလူသားအားလုံး၏ ယဉ်ကျေးမှု ရေခံမြေခံ၌ အရှင်သခင်ဖြစ်သော ခရစ်တော်ဖြစ်ကြောင်းကို ပိုမို၍ သက်သေခံနိုင် မည်ဖြစ်ပါသည်။ ချင်းလူမျိုးများသည် ခရစ်တော် အတွက် အသက်ရှင်တတ်လာခြင်းသည်လည်း အနာဂတ်ကို ဖန်တီးတတ်ခြင်း၏ရာပြည့်ရူပါရုံပင် ဖြစ်ပါသည်။ ခရစ်ယာန်သာသနာပြုခြင်းမှ သက်သေခံခြင်း၊ ခရစ်ယာန်ခရစ်ယာန်သာသနာ အပြုခံခြင်းမှ သက်သေခံခြင်းဖြင့် ခရစ်ယာန် သာသနာ ထွန်းလင်းမြင်းသည် ချင်းအသင်းတော် များ၏အနာဂတ်ဖြစ်ရပါသည်။

ချင်းရေခံမြေခံ သီဩလော်ဂျီ

သီဩလော်ဂျီဟုဆိုရာ၌ လူသားများ၏ နေ့စဉ် ခံစားကြုံတွေ့နေရသောခံစားချက်များ ဖြင့် ဘုရားသခင်ကို တုန့်ပြန်တတ်သောအရာကို ခေါ်ပါသည်။ ထိုသို့ တုန့်ပြန်ရာ၌ လူသားများ သည် ပတ်ဝန်းကျင်၌ဖြစ်ပျက်သောအရာများနှင့် သော်လည်းကောင်း၊ ယဉ်ကျေးမှုအားဖြင့်သော် လည်းကောင်း၊ တုန့်ပြန်လေ့ရှိသည်။ ချင်းရေခံ မြေခံသီဩလော်ဂျီဟုတိုရာ၌ ချင်းယဉ်ကျေးမှု၊ ချင်းဘာသာစကား၊ တွေးတောဆင်ခြင်မှုနှင့် နေထိုင်သောပတ်ဝန်းကျင်မှတွေ့ကြုံခံစားသော အရာအားဖြင့် ဘုရားသခင်ကို တုန့်ပြန်ခြင်းဖြစ် ပါသည်။ အနောက်နိုင်ငံသားများ၏တုန့်ပြန်မှု အတိုင်း တုန့်ပြန်ခြင်းသည် ချင်းပြည်နယ်မှ အနောက်နိုင်ငံသားကို အစေခံခြင်းဖြစ်ပါသည်။ ချင်းလူမျိုးများ၏ဘုရားသခင်ကို တုန့်ပြန်ပြော ဆိုရမည့်နေရာဒေသသည် ဤချင်းပြည်နယ်၊ ချင်းလူမျိုးများနှင့် ချင်းအသင်းတော်များတွင် သာဖြစ်သင့်သည်။

သမ္မာကျမ်းစာတော်မြတ်၌ ဘုရားကို တုန့်ပြန်ပြောဆိုသောလူသားတိုင်း အပြန်အလှန် ဘုရားသခင်က တုန့်ပြန်ကြောင်း တွေ့ရှိရပါ သည်။ (ဥပမာ၊ ယာကုပ်၊ ဟာန္နစသဖြင့်)။ တိတ် ဆိတ်ငြိမ်သက်ခြင်းသည် ဘုရားသခင်ကို အလုပ် မလုပ်နိုင်အောင် ချည်နှောင်ထားရှိခြင်းပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာသည် ဆူညံသံနှင့် ပြည့်စုံပြီး ဘုရားသခင်ကို အမြဲတမ်းစကားပြော တုန့်ပြန်သောစာအုပ်ဖြစ်ပါသည်။ သမ္မာကျမ်းစာ၏ဆူညံသံသည် လူသားများ၏အသက်ဖြစ် ကြောင်းလည်းတွေ့ရှိရပါမည်။ အဘယ့်ကြောင့် ဆိုသော် ဆူညံခြင်းအားဖြင့် တုန့်ပြန်သော လူသားများ၏တုန့်ပြန်သံသည် ဘုရားသခင် လှုပ်ရှားမှုတစ်ရပ်ပင် ဖြစ်ပါသည်။ ဤသည်ကို လေ့လာခြင်းအားဖြင့် ဘုရားသခင်သည် လူသားများ တုန့်မြန်လှုပ်ရှားမှုအပေါ် လှုပ်ရှား သောဘုရား၊ လှုပ်ရှားမှုတိုင်း၌ အစပြုပြီး ဦးဆောင်မှုပေးကာ နိဂုံးအထိ ပို့ဆောင်သော ဘုရားဖြစ်ပါသည်။ ထို့ပြင် ဘုရားသခင်သည်

လူ့သမိုင်းကို ပိုင်သသောအရှင်သခင်လည်း ဖြစ်ပါသည်။

